www.burmeseclassic.com

မဟိဒ္ဓိစာပေ

# ပြစ်မှု

မဂ္ဂဇင်း


လစဉ်ပါဝင်သည့် အခန်းဆက်ဝတ္ထုရှည်

- ကျော်မြသန်း ၏ ပလက်ဖောင်းမင်းသား (စာ - ၁၅၂)
- မောင်ရွှေစွန် ၏ အဖော်ကောင်းရှင်... (စာ - ၁၆၀)
- မင်းဟိန်းထိဒ် ၏ အတိတ်အကြောင်း ပြောင်းသည့်မရှိ (စာ - ၂၀၂)





- စည်ပင်သာယာ အက်ဥပဒေ (စာ - ၄၈)
- ဥပဒေကို မေး၍ ဖြေသည် (စာ -၆၁)
- ဒါရိုက်တာမျိုးဇော်အောင် ၏ မြွေပွေးတွန်းညိုနှင့် ဓားဘာခက် (စာ - ၇၂)
- ခင်မောင်အေး(မန္တလေး)၏ အဖြေမရှိသော မေးခွန်းများ (စာ - ၉၂)
- မြသိန်း ၏ စုံထောက်ကို လှည့်စားသူ (စာ - ၉၈)
- ကျော်မင်းနိုင် ၏ အချစ်တစ္ဆေ (စာ - ၁၁၅)
- ကုန်ပစ္စည်းအတုအပနှင့် ပြစ်မှု (စာ - ၁၉၅)
- ဘုန်းဝေ ၏ သတ်ကွင်း (စာ - ၂၃၈)
- မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၏ ကရွတ်ကင်းလျှောက် သံသရာ (စာ - ၂၅၀)


Design: Soe Win Htun

www.burmeseclassic.com

www.burmeseclassic.com

## ရသ ပြစ်မှု


နယ်လွန်အမှား

**ရွှေပိုးအိမ်** —————————— ၃၆
မှောင်ရိပ်ဝိုးတဝါးည

**မြမြလှိုင်** —————————— ၆၄
မြွေပွေးထွန်းညို နှင့် ဓားဘခက်

**ဒါရိုက်တာမျိုးဇော်အောင်** —————————— ၇၂
အဖြေမရှိသော မေးခွန်းများ

**ခင်မောင်အေး(မန္တလေး)** —————————— ၉၂
စုံထောက်ကို လှည့်စားသူ

**မြသိန်း** —————————— ၉၈
ကိုကျီးညိုသာပါစလေး

**ဝင်းသောင်(ရမည်းသင်း)** —————————— ၁၀၄
ဝိညာဉ်မေတ္တာရှင်

**တာတေကြီး** —————————— ၁၉၈
အလွယ်လမ်းလျှောက်မိသူ

**ဟန်သီဇင်** —————————— ၂၀၈
အဆိုးအမှားအသွင်ကို အကျိုးတရားဖြင့်မြင်သော်

**သိဏ်းသန်းအောင်(မြင်းခြံ)** —————————— ၂၂၆
ရမ္မက်သားကောင်

**ညွန့်မောင်ဦး** —————————— ၂၃၂
သတ်ကွင်း

**ဘုန်းဝေ** —————————— ၂၃၈
ကျေးဇူးတင်တယ် • • •ကြည်စိန်ရယ်

**မုံရွာအောင်စကြာ** —————————— ၂၄၄
ကရွတ်ကင်းလျှောက် သံသရာ

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)** —————————— ၂၅၀
ကံဏ်စေရာ

**ကာတွန်းကြည်ဝင်း** —————————— ၂၆၀


## နိုင်ငံရပ်ခြားသတင်း ပြစ်မှု


မီးရတ်ချိတိုက်လေယာဉ်ခိုးထုတ်မည့်
အကြံအစည် ဖြိုခွင်းလိုက်ခြင်း

**မောင်မောင်စန်းထွေး** —————————— ၈၅
တံတားကျိုးကျ မရှုမလှ အခြေအနေ

**မောင်ကောင်းယဉ်** —————————— ၉၁
ကလေးများကို မတော်မတရားပြုသော
ဒုစရိုက်ကို ဖော်ထုတ်နိုင်

**ဦးဦးသိန်း** —————————— ၉၇
အမျိုးသမီးခြောက်ယောက်ကို မြေအောက်ခန်းထဲ၌ • • •

**ဦးဦးသိန်း** —————————— ၁၀၃
အစွရေးဝန်ကြီးချုပ်ဟောင်း ၈ နှစ်ကြာခန့်
သတိလစ်မေ့မြောခဲ့ရာမှ • • •

**ကေတီအောင်သိန်း** —————————— ၁၉၃
နှစ်သက်တမ်း ၃၀၀ ရှိ တယော၊ ဓားပြလက်မှ ပြန်ရ

**ညိုမင်းလွင်(မော်ကျွန်း)** —————————— ၁၉၇
ငြိမ်းချမ်းရေးရောင်ခြည်သန်းလာသည့် ကိုရီးယားကျွန်းဆွယ်

**ညိုမင်းလွင်(မော်ကျွန်း)** —————————— ၂၂၃
ကိန်းဂဏန်းများဖြင့် အကဲဖြတ်သော် ရုရှားနှင့်
စစ်မက်ဖြစ်ပွားလျှင်

**ဦးဘို(တက္ကသိုလ်)** —————————— ၂၃၁
မူးယစ်ဆေးဝါးဘုရင် ဂျိုအာကွင်ဂူဇ်မန်းအား ဖမ်းမိလိုက်ခြင်း

**ဦးတိုး(တက္ကသိုလ်)** —————————— ၂၄၉
ကျောင်းသူတစ်ဦး သေကြောင်းကြံစည်မှု
ထမြောက်အောင်မြင်

**ကေတီအောင်သိန်း** —————————— ၂၅၉
ဘန်ကောက်မြို့ လက်နက်ခဲယမ်းမီးကျောက် • • •

**ကေတီအောင်သိန်း** —————————— ၂၆၉
ရှားပါးကြံ့နက် အမဲလိုက်ခွင့် • • •

**ဦးတိုး(တက္ကသိုလ်)** —————————— ၂၇၀


www.burmeseclassic.com

www.burmeseclassic.com

## အခန်းဆက် ရသပြစ်မှု

ထောင်မှူးများအလိုရှိသည်(၈၇)
**ပဟိုစော** ---------- ၅၆
အချစ်တစ္ဆေ(၁)
**ကျော်မင်းနိုင်** ---------- ၁၁၄
နယ်မြို့လေးထဲကသားရဲ(၁)
**သစ်ထူးအိမ်** ---------- ၁၂၂
ကြက်ခြေခတ်လမ်းကို စွန့်ပြီးသော်(၁)
**ကျော်ဆွေဝင်း(ရွှေအင်း)** ---------- ၁၄၂
ပလက်ဖောင်းမင်းသား(၆)
**ကျော်မြသန်း** ---------- ၁၅၂
အဖော်ကောင်းရင် ငရဲအထိလိုက်မယ်(၆)
**မောင်ရွှေစွန်** ---------- ၁၆၀
ကျိန်စာ၏သက်ရောက်မှုလော(၁)
**ဆွေမြင့်** ---------- ၁၇၀
အသံကြောင့်ဖားသေ(၁)
**ရန်ကုန်မြင့်ဆွေ** ---------- ၁၈၂
အတိတ်အကြောင်း ပောင်းသည်မရှိ(၁၂)
**မင်းဟိန်းထိပ်** ---------- ၂၀၂

## တစ်မျက်နှာ ပြစ်မှု

**ထက်အောင်ထူး၊ ပိုက်မင်းဝေ၊ ရှစ်ခွင်ကျော်-ဖောင်တော်သီ**

## ဥပဒေ ပြစ်မှု

လူရောတိရစ္ဆာန်ပါသတ်တဲ့ မှုးယစ်ဆေး
**ခင်မောင်ထွန်း(လမ်းမတော်)** ---------- ၄၁
သက်သေခံဥပဒေကပြောသော နှစ်ပေါင်းသုံးဆယ်
**ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)** ---------- ၄၃
မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ
**စလင်း-ဦးအောင်သိန်း** ---------- ၄၅
စည်ပင်သာယာမိတ်ဆက်
**မောင်တိုးမြင့်(ဥပဒေ)** ---------- ၄၈
အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ
**ဦးစောလှိုင်** ---------- ၆၁
ကုန်ပစ္စည်းတံဆိပ်အတုအပ ဆင်တူယိုးမှား
ပြုလုပ်သုံးစွဲခြင်းနှင့် . . .
**ကေတီ-အောင်သိန်း** ---------- ၁၉၅
လေ့လာမှတ်သားဖွယ်ရာ နိုင်ငံတော်ပုန်ကန်မှုနှင့် ပြစ်ဒဏ်
**ကေတီ-အောင်သိန်း** ---------- ၂၂၁

## ဗေဒင် ပြစ်မှု

သီသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
**ဒေါက်တာ စောယုနွယ်** ---------- ၂၇၂

အသယ်ဒီတာအဖွဲ့နှင့် ကြော်ငြာဖြန့်ချိရေး

**လာဘ်မိုးဇွေ စာပေ**

အမှတ် - ၂၁၂၊ (ပထမထပ်)၊
၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၂၅

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

| | |
|---|---|
| မျက်နှာဖုံးဂရပ်ဖစ် | - အောင်မျိုးသန့် |
| အတွင်းဖလင် | - မျိုးဝင်းကျော် |
| ကွန်ပျူတာစာစီ | - တင်မိုးနိုင်။ |
| စာအုပ်ချုပ် | - ရှကီး(၁၁၄) လမ်း၊ |
| အတွင်းပန်းချီ | - ကျော်ဦး၊ KN ၊ စက္ကူ၊ ပညတ်၊ အောင်MW၊ သန့်ဇော်သစ်၊ အောင်နိုင်လတ်၊ လှသစ်အောင်၊ ဖိုးအောင်၊ ညီညီလွင်၊ ကေလတ်၊ စံလွင်မောင်၊ အောင်နိုင်လတ်။ |

www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်ပါပြီကွာ
ကဲဒီတော့ မင်းတို့ကျေနပ်အောင်
ငါ...
ဘာလုပ်ပေးရမလဲပြောပါ”
ရွှေပိုးအိမ်----------၃၆





“သား...
ဟို သေဒဏ်ကျလာတဲ့
ညီကြီးဆိုတာကို
ကြိုးပေးပြီးပြီလားဟင်”
ဗဟိုစော----------၅၇

“ပြောစမ်းပါ
ဒီကိုယ်ကြီးမှာ
ကျပ်မလာခင်
ဘယ်သူ့မျှား နေခဲ့သလဲ”
မြမြလှိုင်----------၆၄



www.burmeseclassic.com

www.burmeseclassic.com



"မင်းကရော ဘာဖြစ်လို့
ဘဝကို
သံကွင်းဆက် ခါးပတ်ကြိုးနဲ့
ရိုက်ဖို့လုပ်တာလဲ"

ဒါရိုက်တာမျိုးဇော်အောင်-----၇၂



"ခင်များ သေချာပါတယ်နော်၊
ကျုပ်တို့
စကာဝင်ကြည့်ဦးမယ်၊
ဟုတ်ပြီလား"

ခင်မောင်အေး(မန္တလေး)------၉၂




"စုံစမ်းပေါ့ ဆပ်၊
သူတို့ဟာ ချစ်သူတွေလို့
အိမ်နီးချင်းတွေက
ပြောတယ်"

မြသိန်း-----------------------၉၈

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ကောင်...

နင်ဟာ ငါ့ညီမကို သေအောင်

စိတ်ဒုက္ခပေးခဲ့တဲ့ကောင်၊

ငါ့အိမ် မလာနဲ့"

ဝင်းသောင်(ရမည်းသင်း)-----၁၀၄





"မောင့်ကို ပြောရဦးမယ်၊

နောက်ဆုံးပေါ်

ကားအသစ်တွေကြားထဲမှာ

မောင့်တက္ကစီကြီးက..."

ကျော်မင်းနိုင်-----------၁၁၅

"ဒါ...တစ်ခုခုအပေါင်ဆောင်ပြီး

ငွေလုမို့လား...

ချည်ထုပ်လုမို့လား...


တစ်ခုခုပဲ"

သစ်ထူးအိမ်-----------၁၂၂



www.burmeseclassic.com

www.burmeseclassic.com



"တကယ့်ကို အထူးအဆန်းပဲ၊
ကားထဲဝင်၊
ခင်များကို
စားသောက်ဆိုင်ဆီ ခေါ်သွားမယ်"

ပန်းမော်ဇော်လှိုင်------၁၃၂



"ဒီငပွေးတွေ
ဘာကြောင့်
ဒီလောက် ရမ်းကားနေကြတာလဲ
ဦးလေး"

ကျော်ဆွေဝင်း(ရွှေအင်း)------၁၄၂



"ထိုစဉ်အချိန်က
ရုပ်ရှင်ရုံများနှင့်
ပွဲကြည့်ပရိသတ်အခြေအနေမှာ
ဤသို့ပင် ရှိခဲ့သည်။

ကျော်မြသန်း------၁၅၂

www.burmeseclassic.com

www.burmeseclassic.com



# မာရသွန်

မြိုဆိုးလှိုင်

- မှေးကာတည်းက
  "ဇာ့ဝဲ"ဆိုတဲ့ အသံလှိုင်းတွေနဲ့
  လောကဓံမုန်တိုင်းကို ခါးစည်းပြီး
  ပျိုးခဲ့တဲ့ ကံ,ဉာဏ်,ဝီရိယကို
  လုပ်မှာတုဆစ်လို့
  လူဖြစ်လာခဲ့တဲ့ ဘဝ။

- ခုတော့ ငါ့ကိုငါ ပြန်ကြည့်မိ
  ငါ့အသိတွေ ပေါ့သွားခဲ့လေသလား
  ငါခွဲခြားလို့ မသိခဲ့
  ငါသိနေတာက ဘဝခရီး
  အလေအလွင့် ရှုပ်ကပ်တွေနဲ့
  ရင်နှီးကာ ပုတ်ခတ်လို့
  အဆုံးသတ်မရတဲ့ ဘဝ။

- အပြုံးမပျက်ခဲ့တဲ့ငါ
  အမုန်းမဖက်ခဲ့တဲ့ငါ
  တစ်ထောင့်ငါးရာဆိုတဲ့ မာရသွန်ခရီး
  ခါးစည်းရှန်းရှန်းပြီး
  နောက်ဆုံးတော့…
  နောက်ဆုံးတော့…။



www.burmeseclassic.com

www.burmeseclassic.com

- တားရစ်ခဲ့ စည်းသုံးတန်
  ရံပေမယ့် အချည်းအနှီး…။
- ပရိယာယ်ရှင် မင်းဧသာကြောင့်
  မယ်သီတာ စောင့်ထိန်းသမျှရယ်
  မျက်နှာမလှဖွယ်အဖြစ် ရောက်ရှိခဲ့လေပေါ့
  မင်းရာမတစ်ယောက်သိရဲ့ကွယ်
  ဖောက်မိတဲ့စည်း…။

# စည်း

မင်းဆွေဦးယ်
<စိုးကျန်း>





www.burmeseclassic.com

www.burmeseclassic.com



## သံသယ

## ပုံကြီးချဲ့ကြည့်

- တောင်ကမ္ဘာ့ဃံထက်
  ပက်လက်ဇိမ်
  ချော်မည် ကျမည်
  စိုးမထိတ်···။
- ကမ္ဘာ့ရေပင်ထက်
  ပက်လက်ဇိမ်
  ရှုမည် စုးမည်
  စိုးမထိတ်···။
- ဓားလှံဖျားထက်
  ပက်လက်ဇိမ်
  ပေါက်မည် ရှမည်
  စိုးမထိတ်···။
- မုသားကွန်ယက်
  ပက်လက်ဇိမ်
  လှည့်ဖြားခြင်း
  ရက်စက်ခြင်း
  ဇာတ်ခင်းခြင်း
  ခြင်းပေါင်းများစွာ
  ဝေဒနာ
  ခံစားရမှာ
  ငါ စိုးထိတ်···။ ။



www.burmeseclassic.com

www.burmeseclassic.com



# တစ်ပြေးညီအလွမ်း

## ကိုကိုလွင်

- ဝယ်ခွင့်မရတဲ့
ငယ်စဉ်က တူ…တူ…တူ
ဝါသနာတူ၊ စာရူးသူ
ဘာသာတူ၊ ညှာတာသူ
သူ…သူ…သူ
တူတဲ့သူငယ်ချင်းတိုင်းကို လွမ်းတယ်။

- နည်းယူမှတ်သား။ ထီးဖြူမိနပ်ပါး
ကြီးအတူ မရပ်မနား
တို့များမှတ်တိုင်၊ စာနယ်ဇင်းမဂ္ဂဇိုင်းမှာ
တတ်နိုင်သရွေ့ စိုက်ထူမွေးလျှော်
ယနေ့ထိပျော်တယ်
ကြည့်…စိတ်ချမ်းသာရင်တော်ပြီ။

- ချော်…လဲယူမရတဲ့
အသည်းဖြူမရဲ့ သူမျက်နှာတစ်ခြမ်းက
ဥပေက္ခာလမ်းခွကို၊ ခုတစ်သက်တာတမ်းတဆို
ဘယ်လိုလွမ်းနေမှန်း သိဘူးကွယ်။

- လမ်းခွမှာ တမ်းတစွာ
လွမ်းရတာလည်း
ကြင်နာသလိုလို ရင်နာသလိုလို
(အို…အို)
လက်တံလိုလိုပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com

❑ ဘုတာစဉ်တစ်လျှောက်
လူတကာမြင်လောက်ရဲ့
အထက်မှအောက်မှကြားမှာ
အသက်ရှူပေါက်များစေရာ
ခုထွက်ခွာမယ့် တွဲပြတင်းဘေးမှာ
လှယက်ကာပဲ အတင်းပြေးသွားပြီး
နွေအလှရယ် မပြယ်စေဖို့
"ရေရမယ် ရေချို"
အသရေညှိုးမောင်းစရာအသွင်နဲ့
ရေအိုးခေါင်းမှာတင်လို့
ကံစီမံရာဝဋ်ကြွေး
အသံမညီမညာ ဟစ်ကြွေးရာကြ
ကြားရ နားဝမသက်သာ
အရွယ်လေးနဲ့မမျှ နေလိုဘေးသပ
ရေသည်လေးရဲ့ဘဝ ရေလိုမအေးမြပါလား
ဓာသီတွေက အလှမ်းမဝေးပေမဲ့
ပရိယေသနဝမ်းရေးအတွက်ဖို့
အထက်မှ
အောက်မှ
ဘယ်လောက်မှမှ
သွေးရင်ထဲကလောက် ပူနိုင်ပါဦးမလား နွေရယ်…။

# ထို့ကြောင့် နွေဟုခေါ်သည်



www.burmeseclassic.com

# ယောက္ခမလောင်းရဲ့ မောတ

ကိုမိုး <ချမ်းမြသာ>

- ဖက်နဲ့ဆူး
  အကျွမ်းဝရတာက
  ဖက်လို့ဆိုပေမယ့်
  သားမွေးထားတဲ့သူတွေတောင်
  ဖက်အမာစားတွေကို ကြောက်ရ။
- ဗွီစီဒီသရုပ်ဆောင်ခန်းမှာ
  အမျိုးသမီး၊ အမျိုးမကာ အရက်မူးပြ
  ဘီကီနီဝတ်စုံတွေနဲ့
  သရုပ်ဆောင်ကြ
  ပရိသတ်နွေးတားဆေး
  ဝယ်ယူသုံးစွဲမှုက စံပြ။
- တစ်လတည်း မှတ်မိမှု ၉၇ မှ
  သက်ငယ်မှတ်မိမှု ၆၉ တရင်းရ
  ကိုယ့်သားနဲ့ယှဉ်မယ့်ချွေးမ
  ဘုရားသာ…တား





www.burmeseclassic.com

www.burmeseclassic.com

# လက်တွဲဖော်

ဆောင်းနိုင်တွေး
‹သချင်း›

□ လဆိုတာ
ရက်သုံးဆယ်မှာ တစ်ခါတော့
အပြည့်အဝ သာတတ်တယ်…။

□ လေညင်းဆိုတာ
မှန်တိုင်းရှင်းတဲ့အခါ
ပျံ့သင်းစွာနဲ့ လာတတ်တယ်…။

□ အိပ်မက်လှလှဆိုတာ
သောကကင်းတဲ့ည
စိတ်ထားဖွေးလက်မှသာ
မက်တတ်ပါသတဲ့…။

□ ဒီမှာတော့…
အိပ်မက်ဆိုးတွေနဲ့ဝန်းရဲ
မှန်တိုင်းကထန်ပြင်း
လမင်းက မိုးမှောင်ကျနေလည်း…။

□ ရှင်းသန့်ကြည်အေး
လရောင်ဖွေးလက်
တွေးမက်ညင်းလေ
အလှဆုံး အိပ်မက်ရှည်ကို
ကဗျာတွေရက်ရင်း စောင့်နေမယ်…။





www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်ကိုင်တဲ့ဓား

ခလောက်လေးရယ်တဲ့ နိုးနိုးဖေါင်
ပျိုတို့မောင် ယာမလုပ်တယ်
ဝါးခုတ်တဲ့တောင်
တောက်···ဘယ်ကောင်လဲကွ
မင်း···တွေက
တောင်တွေကို ဖြိုဖြိုချနေတာ
ဘယ်တောင်မှာ ဘာဝါးခုတ်မှာလဲ
ခုတ်ချင်ရင်
ဗိုလ်ချုပ်ကိုင်တဲ့ ကင်မိုဓားရှာပြီး
မင်း··········
············။



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




ကာတွန်း ရှန်ကြီးအောင်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

## ဟိတေသီနာဂသိန်၏
## အိမ်တွင်သက်စောင့် ဆေးမြီးတိုကျမ်း

ခေတ်အဆက်ဆက် ဆေးပညာရှင်တို့ လက်တွေ့ကုသ ပျောက်ကင်းခဲ့ကြသည့် ဆေးမြီးတိုများကို ဖတ်ရှုလေ့လာလျက် ကောင်းနိုးရာရာအဆီအနှစ်တို့ကို ထုတ်နုတ်ရေးသားထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပေသည်။

ဤစာအုပ်၌ ဆေးဖက်ဝင် နွယ်မြက်သစ်ပင် ရွက်ခြောက်မြစ်သီးတို့ဖြင့် ကုသနိုင်သည့် ဆေးမြီးတိုနည်းများကိုသာ ဦးစားပေးဖော်ပြထားပါသည်။ အက္ခရာစဉ်လိုက် ပြုစုထားသည့် ဆေးနည်းများကို အလွယ်တကူကြည့်ရှုနိုင်ပြီး ထိရောက်စွာ ကုသနိုင်သည့်အတွက် နေအိမ်တိုင်း၌ ရှိသင့်ရှိထိုက်သော စာအုပ်ကောင်းတစ်အုပ်ဟု ဆိုရပေမည်။ ထိုစာအုပ်ကို ကောင်းထွဋ်စာပေမှ ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

## မောင်ခေတ်ထွန်း၏ ရှေးကထင်ရှားကျော်ကြားခဲ့သော ဟံသာဝတီ၊ သူရိယနှင့် မြန်မာ့အလင်းသတင်းစာ

စာနယ်ဇင်းတိုင်း ခေတ်သမိုင်းဟု ဆိုကြသည်။ ဤ၌ ဟံသာဝတီ၊ သူရိယနှင့် မြန်မာ့အလင်းသတင်းစာတို့သည် ရှေးကပင် ထင်ရှားကျော်ကြားခဲ့သော သတင်းစာများ ဖြစ်ကြသည်။ ထိုသတင်းစာမှ ထူးခြားချက်သမိုင်းဝင် ဖြစ်ရပ်များကို ဆရာမောင်ခေတ်ထွန်းသည် ခြေရာကောက်ကာ ပြုစုရေးသားလိုက်ခြင်းကား ချီးမွမ်းဖွယ်ကောင်းလှသည်။

ဤစာအုပ်တွင် အခန်းလေးခန်းကန့်ထားသည်။ ဟံသာဝတီသတင်းစာ၊ သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ မြန်မာ့အလင်းအယ်ဒီတာ ဂျာနယ်ကျော်ဦးချစ်မောင်တို့ ဖြစ်ကြသည်။ အဆိုပါ စာစုများသည် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလထုတ် "အမှတ်တရ ကျောက်တံတား"စာအုပ်တွင် ရေးသားခဲ့သည့် ဆောင်းပါးများကို စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်ရာ မြန်မာစာနယ်ဇင်းလောကအတွက် အကျိုးများလှသည်။ ဤစာအုပ်ကို တန်ဖိုး ၁၀၀၀ိ/- ကျပ်ဖြင့် စိတ်ကြိုက်စာပေမှ ဖြန့်ချိထားပါသည်။

## သူရိန်စိုး(ဓမ္မဒူတ)၏
## အမျိုးကိုချစ်မှာလား၊ အမြစ်ကိုချိုးမှာလား

ဘဝလမ်းခွဲဆရာတော်၊ ဟိတဓရဆရာတော်၊ မြနန်းဆရာတော်၊ သစ်တိုကျွန်းစာချဘုန်းတော်ကြီးတို့၏ ဩဝါဒစာစုများနှင့်အတူ ပေါ်ထွက်လာသော ဆရာသူရိန်စိုး(ဓမ္မဒူတ)၏ ဘာသာရေးသန့်စင်မှုစာစုများဟု ဆိုချင်သည်။

စာရေးသူက "သက္ကျသာကီဆိုတာ (အသမ္ဘိန္န) အမျိုးမတူရင် မရောယှက်တဲ့မှု ရှိခဲ့ပြီးသားပါ။ ဒါကြောင့် သဗ္ဗညုတဘုရား အစဉ်အဆက်၊ ရှေးဆရာတော်ထေရ် အစဉ်အဆက် သာကီမျိုး မြန်မာအစဉ်အဆက် လက်ခံကျင့်သုံးပေးပြောလာတဲ့ စောင့်လေမျိုးနွယ်ဆိုတဲ့မှုကို ထိန်းသိမ်းလိုတဲ့အတွက် သည်စာအုပ်ကို စီစဉ်ပူဇော်ရခြင်းဖြစ်ကြောင်း" အမှာပြုထားပေသည်။ ဤစာအုပ်တွင် "ခြေထောက်ကပြောသောစကား"မှသည် "ရောဝတီသစ္စာ"အထိ ဆောင်းပါး ၁၅ ပုဒ်တိတိ ဖော်ပြထားရာ ဘာသာတရားကို မွေ့လျော်သူ၊ အမျိုးကိုချစ်မြတ်နိုးသူတိုင်း လက်စွဲပြုသင့်သော စာအုပ်ဖြစ်ပြီး ဓမ္မရောင်ခြည်ဒါနလုပ်ငန်းမှ တန်ဖိုး ၁၅၀၀ိ/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်၏။

## ရွှေမြိတ်သောင်းတင်၏
## ဘဝရဲ့အားမာန်နှင့် အခြားဝတ္ထုတိုများ

စာရေးသက် အနှစ် ၆၀ နား နီးပြီဖြစ်သော လုံးချင်းဝတ္ထုရှည်ပေါင်း အုပ် ၇၀ ကျော်ရေးထုတ်ပြီးသော ဝါရင့်စာရေးဆရာကြီး ရွှေမြိတ်သောင်းတင်၏ ဖြန့်ကြဲသော မဂ္ဂဇင်းဝတ္ထုတိုအချို့ကို စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်သည်။ ဤစာအုပ်နှင့်ပတ်သက်၍ ထပ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသားစာပေဆုရှင်နှစ်ဦးဖြစ်သော ဆရာမင်းရွှေမင်း (အင်းစိန်)နှင့် ဆရာရေနံ့မြေမောင်မောင်ကြည်တို့က အမှာစကား ဆိုထားပေသည်။

ဤစာအုပ်တွင် ဘဝရဲ့အားမာန်၊ အကြင်နာတရား၊ နလုံးသားထဲမှာ၊ ရင်ထဲမှာနွေ၊ ထိုနေ့က လက်မှတ်ပါပါသည်၊ နွေညသြလေးတွေ တေးဖွဲ့သီ၊ သမုဒယသံယောဇဉ်၊ လောကကြီးမှာဗျာ၊ မေတ္တာသည်သာ၊ ထိုစဉ်က၊ နွေရင်ခွင်ထဲကနွေ၊ အချစ်ဆိုတဲ့မီး·· စသည့် ဝတ္ထုတို ၁၂ ပုဒ်ဖြင့် ဖွဲ့စည်းထားရာ ဝါရင့်စာရေးဆရာကြီး ရွှေမြိတ်သောင်းတင်၏ ဝတ္ထုတိုလက်ရာများအား အားပါးတရ ဖတ်ရှုရမည်ဖြစ်သည်။ ပန်းချီမောင်နေကြည်၏ ပန်းချီလက်ရာဖြင့် တန်ဆာဆင်ထားပြီး ကောင်းထွဋ် တန်ဖိုး ၁၅၀၀/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## စကြဝဠာတောမှာ ပန်းဟုန်းဟုန်းပွင့်စေတဲ့အမေ ရသစာစုများ

ကလောင်စုံ၊ လက်ရာစုံ စာအုပ်တစ်အုပ်ဖြစ်ပြီး "အမေ"အကြောင်းရပ်ကို ဦးတည်ထားသော ဝတ္ထုတိုများ ဖြစ်ကြပေသည်။ ဤစာအုပ်၌ ကဗျာတိုတစ်ပုဒ်နှင့် ကဗျာရှည်တစ်ပုဒ်ကိုပါ ထည့်သွင်းဖော်ပြထားသည်။ ပါဝင်ရေးသားထားသူတို့ကား ဆင်ဖြူကျွန်းအောင်သိန်း၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ ဘသက်ဆွေ၊ ပြည်ပန်းမိုး၊ ဆောင်းဝင်းလတ်၊ နန္ဒာမိုးကြယ်၊ မမိုးမြေ၊ မိချမ်းဝေ၊ မောင်လုမျိုး(ချင်းချောင်းခြံ)၊ နောင်ဝင်းထွန်း၊ မောင်ညို အေး(ပန်းတော)၊ ကိုကိုလု(ကမာမြေ)၊ မင်းဆက်ပိုင်၊ ကြည်မွေ့အိမ်၊ တင်မြတ်မွန်နှင့် ညီမေတ္တာတို့၏ လက်ရာများကို တွေ့မြင်ရပေသည်။

Classic Icon စာပေတိုက်မှ စီစဉ်ထုတ်ဝေခြင်းဖြစ်ပြီး တန်ဖိုးမှာ ၂၀၀၀/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်ရာ မိခင်မေတ္တာအား တရှိုက်မက်မက် ခံစားလိုသူများ ဝယ်ယူဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဟု ညွှန်းလိုသည်။

## မင်းဆက်ပိုင်၏ ပန်းသခင်ရဲ့ ကြယ်တွေခူးတဲ့လက်

၁၅၀၀ မေတ္တာ၊ ၅၂၈ မေတ္တာတို့အား သိမ်မွေ့စွာ ရက်ဖောက်လျက် ရသမြောက်အောင် ရေးဖွဲ့ထားသော စာအုပ်တစ်အုပ် ဖြစ်ပေသည်။ ဇာတ်ဆောင်တွေမများ။ မိသားစုအဝန်းအဝိုင်းကလေးတစ်ခုကို အခြေပြုလျက် မိန်းမကောင်းပန်းပန် တစ်ပွင့်တန်သော သာကေ၊ မိခင်တစ်ယောက်၏ ချစ်ခြင်း။ ခေတ်ကာလပြယုဂ်တို့အား ကနုတ်ခက်ကလေးများ ခြယ်ရေးသည့်သဖွယ် သိမ်မွေ့စွာ ဖော်ကျူးနိုင်သော ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်သည်။

ဆရာမင်းဆက်ပိုင်သည် ဤစာအုပ်၌ အခန်းကူး၊ အခန်းဆက်များကို ဇာတ်ညွှန်းကောင်းတစ်ပုဒ်သဖွယ် ကိုင်တွယ်သွားနိုင်ခဲ့သည်။ မြန်မာစာဖြင့် ဘွဲ့ရခဲ့သော၊ မြန်မာစာကို မြတ်နိုးတတ်၊ တန်ဖိုးထားတတ်သူဖြစ်သည့်အလျောက် အရေးအသားတို့မှာ ညက်ညောနေပေသည်။ တစ်ခါတစ်ရံ ကဗျာကလေးများ ညှပ်ထည့်လိုက်သည်က အံဝင်ခွင်ကျလွန်းလှသည်။ ဤလုံးချင်းဝတ္ထုသည် ဆရာမင်းဆက်ပိုင်အတွက် အစအဦးဖြစ်သော်ငြား ဝါရင့်ကလောင်လက်နှင့်မခြားဟု ဆိုချင်သည်။ Classic Icon စာပေတိုက်မှ တန်ဖိုး ၁၅၀၀/-ကျပ်ဖြင့် ဖြန့်ချိလိုက်ရာ သိမ်မွေ့ညက်ညောသော ရသကောင်းဝတ္ထုဖတ်လိုသူတိုင်း အာသာပြေစေမည့် စာအုပ်တစ်အုပ်ဟု ညွှန်းလိုသည်။

**ကာသစ်နီ**





www.burmeseclassic.com

www.burmeseclassic.com



## Classic Icon စာပေတိုက် စာအုပ်မိတ်ဆက်ပွဲကျင်းပ

၁-၃-၂၀၁၄ ရက်နေ့ နေ့လယ် ၁း၀၀ နာရီက ရန်ကုန်မြို့ City Star Hotel မှာ Classic Icon စာအုပ်တိုက်က စာအုပ်နှစ်အုပ် မိတ်ဆက်ပွဲကျင်းပခဲ့ပါတယ်။ မိတ်ဆက်တဲ့ စာအုပ်နှစ်အုပ်ကတော့ "စကြဝဠာတောမှာ ပန်းဟုန်းဟုန်းပွင့်စေတဲ့ အမေ" ရသစာစုံ(ကလောင်စုံ)နဲ့ ဆရာမင်းဆက်ပိုင်ရဲ့ "ပန်းသခင်ရဲ့ ကြယ်တွေခူးတဲ့လက်" တို့ ဖြစ်ကြပါတယ်။

အခမ်းအနားမှူးအဖြစ် ကလျာငြိမ်းစံက စီစဉ်ဆောင်ရွက်ပြီး ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း၊ ဆရာမကြီး မမိုးမြေ၊ ဆရာ ဘသက်ဆွေ၊ ဆရာ မော်ဝန်းကြည်မြတ်၊ ဆရာ နန္ဒာမိုးကြယ်နဲ့ Classic Icon စာပေတိုက်မှ ထုတ်ဝေသူ ဒေါ်တင်မြတ်မွန်တို့က အမှတ်တရစကားများ ပြောကြားခဲ့ပါတယ်။ ပြီးတဲ့အခါ ဆရာမင်းဆက်ပိုင်က ပန်းသခင်ရဲ့ ကြယ်တွေခူးတဲ့လက် ဝတ္ထုဖန်တီးမှုအပေါ် အတွေ့အကြုံတွေ တင်ပြပြောဆိုခဲ့ပြီး ဒေါ်တင်မြတ်မွန် မိသားစုက ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်း၊ ဆရာမကြီး မမိုးမြေနဲ့ ဆရာဘသက်ဆွေတို့ကို လက်ဆောင်ပစ္စည်းများ ပေးအပ်ကန်တော့ခဲ့ကြောင်း သိရှိရပါတယ်။

## ဒုတိယအကြိမ်မြောက် မြတ်ပန်းရဂုံ ရသစာပေဆု(ဝတ္ထုတိုပေါင်းချုပ်) ဆုချီးမြှင့်ပွဲကျင်းပ

ဒုတိယအကြိမ်မြောက် မြတ်ပန်းရဂုံ ရသစာပေဆု (ဝတ္ထုတိုပေါင်းချုပ်) ချီးမြှင့်ပွဲအခမ်းအနားကို ၉-၃-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၀၀ နာရီက ၃း၀၀ နာရီအတွင်း ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း(အလယ်)ရှိ မြန်မာနိုင်ငံစာရေးဆရာအသင်း ခန်းမမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အခမ်းအနားမှူးအဖြစ် မမာမင်းက ဆောင်ရွက်ပြီး ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်း၊ ဆရာကြီး စည်သူ(ဦး)ဌေးမောင်တို့က မှတ်တမ်းစကားများ ပြောဆိုခဲ့ကြပါတယ်။ သည့်နောက် မြတ်ပန်းရဂုံ ရသစာပေဆု(ဝတ္ထုတိုပေါင်းချုပ်) ရွေးချယ်ရေးဥက္ကဋ္ဌ ဦးအောင်ကျော်ထူးက မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)သို့ ငွေကျပ်တစ်သိန်း လှူဒါန်းခဲ့ပြီး ဆုရွေးချယ်ရေးနဲ့ ပတ်သက်လို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။ အဲသည်နောက် "အရုပ်ကမ္ဘာနှင့် ရသဝတ္ထုတိုများ" စာအုပ်ရေးသားသူ တောင်တွင်းကိုရင်ဩ၊ "နေရောင်နှင့်ကဗျာ ဝတ္ထုတိုများ" ရေးသားသူ ဆရာစိုးအိမ်မှူးနဲ့ "ဘူးထဲကရေ ရသစာစုများ" ရေးသားသူ ဆရာမ သျှီ-အင်ကြင်းတို့ကို ဆုများအသီးသီး ချီးမြှင့်ခဲ့ပါတယ်။ ဆုရရှိသူများကိုယ်စား စာရေးဆရာ တောင်တွင်းကိုရင်ဩက ကျေးဇူးတင်စကား ပြောဆိုပြီးတဲ့နောက် အကျွေးအမွေးနဲ့ ဧည့်ခံလို့ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရှိရပါတယ်။

## လောကကြီးကို ခါးစောင်းတင်မယ့် ဝင်းလှဲ့ချယ်ရီ

တေးသံရှင် ဝင်းလှဲ့ချယ်ရီရဲ့ လောကကြီးကို ခါးစောင်းတင်မယ့်လူစား DVD Karoake ကို ၅-၃-၂၀၁၄ ရက်နေ့ (ဗုဒ္ဓဟူး)နေ့လယ်က ရန်ကုန်မြို့ရှိ စင်ထရယ်ဟိုတယ်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုတော် ဝင်းလှဲ့ချယ်ရီရဲ့ တေးစုအယ်လ်ဘမ်မှာ ဗိုလ်ကလေးတင့်အောင်၊ စန္ဒရားလှထွဋ်၊ စန္ဒရားချစ်မောင်၊ ဂီတစာဆို ကိုသက်ဦး၊ ဂီတစာဆို ကိုမြတ်လင်း၊ တေးရေး ဒီနေ့ပုဏ္ဏက၊ ဟသ်ာတမြင့်ဌေး၊ တက္ကသိုလ်မောင်တင့်နွယ်၊ ၂၀ ရာစု ကိုကျော်ညွန့်၊ မျိုးမြင့်လေးတို့ ရေးစပ်ပေးတဲ့ တေးသီချင်းတွေပါဝင်ပြီး ဒါရိုက်တာသုံးပေါင်က ရိုက်ကူးပေးထားကြောင်း သိရပြီး Natural Music Band က တီးခတ်လို့ ချိုကြည်သာတေးသံသွင်းက ဖြန့်ချိပေးမယ့်အကြောင်း သိရှိရပါတယ်။



www.burmeseclassic.com

www.burmeseclassic.om



## ယဉ်ကျေးမှုအောင်ကျော်ဆန်းရဲ့ 'လူဆိုသည်မှာ' တေးစီးရီးမိတ်ဆက်ပွဲ

မန္တလေးမြို့ ၈၄ လမ်း၊ ၃၂ × ၃၃ လမ်းကြားရှိ D & G Food Center မှာ ၆.၃.၂၀၁၄ ရက်နေ့ နံနက်ပိုင်းက ယဉ်ကျေးမှုအောင်ကျော်ဆန်းရဲ့ "လူဆိုသည်မှာ" တေးစီးရီးမိတ်ဆက်ပွဲကို ကျင်းပပြုလုပ်ခဲ့ပါတယ်။

အစီအစဉ်တင်ဆက်သူအဖြစ် သက်သက်(မန္တလေးFM)က ဆောင်ရွက်ပြီးပြီး၊ ဆရာသင့်နော်၊ တေးရေးရဲခေါင်(ရွှေ)၊ တေးရေး ချမ်းငြိမ်း(မန္တလေး)တို့က မုဒိတာစကားများ ပြောကြားခဲ့ပါတယ်။ တေးသံရှင်အောင်ကျော်ဆန်းက တေးစီးရီးနဲ့ ပတ်သက်ပြီး ရှင်းလင်းပြောကြားရာမှာ သည်စီးရီးဟာ သူ့ရဲ့ ပထမဦးဆုံး တေးစီးရီးဖြစ်ကြောင်း၊ တေးစီးရီးမှာ အနိုင်းမဲ့ အဖေ၊ လူဆိုသည်မှာ၊ မျက်ဝန်းမိုး၊ အမေ့မျက်ရည်လေး သုတ်ပေးပါ အပါအဝင် တေးသီချင်း ၁၀ ပုဒ် ပါဝင်ကြောင်း သိရှိရပါတယ်။

---

## ထက်ဇေယျာရဲ့ 'နှင်ရယ် ငါရယ် ရင်ခုန်သံရယ်' တေးစီးရီး လက်မှတ်ရေးထိုးပွဲ

တေးသံရှင် ထက်ဇေယျာရဲ့ "နှင်ရယ် ငါရယ် ရင်ခုန်သံရယ်" တေးစီးရီးအမှတ်တရ လက်မှတ်ရေးထိုးပွဲကို (၂.၃.၂၀၁၄)ရက်နေ့က မန္တလေးမြို့ လမ်း ၃၀၊ ၆၄ × ၆၅ လမ်းကြားရှိ Happy City ကစားကွင်းမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဲသည် အမှတ်တရ လက်မှတ်ရေးထိုးပွဲမှာ တေးသံရှင် ထက်ဇေယျာ၊ လင်းမိထက်၊ သားပု၊ စုစန္ဒီ၊ နန်းယမုံဖူး၊ မေနိုင်းတို့က အမှတ်တရ လက်မှတ်ရေးထိုးပေးခဲ့ကြပါတယ်။ အဲသည်နောက် တေးသီချင်းမိတ်ဆက်ပွဲ ကြွရောက်လာကြသူအပေါင်းကို တေးသီချင်းတွေနဲ့ သီဆိုဖျော်ဖြေခဲ့ကြတယ်လို့ သိရှိရပါတယ်။

---

## နားဆင်ရတော့မည့် စိုင်းဆိုင်မောဝ်ရဲ့ တေးစီးရီးသစ်

ပရိသတ် အခိုင်အမာရထားတဲ့ ရှမ်းတိုင်းရင်းသားအဆိုတော် စိုင်းဆိုင်မောဝ်ဟာ ဂီတသက်တမ်းအားဖြင့် နှစ် ၃၀ ကျော်ခဲ့ပါပြီ။ ကိုယ်ပိုင်သံစဉ်နဲ့ သီဆိုထားတဲ့ သူ့သီချင်းများစွာဟာ ပရိသတ်ကို ယခုတိုင် ဖမ်းစားနေဆဲပါပဲ။ ခုတစ်ခါမှာတော့ စိုင်းဆိုင်မောဝ်ဟာ သူ့ရဲ့ တေးစီးရီးသစ်အဖြစ် "ကမ္ဘာ့ရင်သွေးငယ်များဆီသို့"လို့ အမည်ပေးထားပြီး ထင်းရှူးရိပ်တေးသံသွင်းကနေ မကြာမီ ထွက်ရှိလာတော့မှာ ဖြစ်ပါတယ်။

အဲသည်တေးစီးရီးမှာ တေးသီချင်းပေါင်း ၁၄ ပုဒ်တိတိ ပါဝင်ပြီး တိုင်းရင်းသားအဆိုရှင် ခေးလာမိုးက ပါဝင်အားဖြည့် သီဆိုပေးထားပါတယ်။ တိုင်းရင်းသားရိုးရာ တေးဂီတသံတွေကို မက်မောခုံမင်မြတ်နိုးတဲ့ တောင်ပေါ်မြေပြန့် တေးချစ်ပရိသတ်ကြီးအနေနဲ့ အဆိုတော် စိုင်းဆိုင်မောဝ်ရဲ့ ရင်သွေးငယ်များဆီသို့ တေးအယ်လ်ဘမ်ဟာ အလွမ်းပြေမယ့် တေးသီချင်းကောင်းတွေ ပါဝင်မယ်လို့ သိရှိရပါတယ်။

---

## အမ်ကေ

(စုစည်းတင်ပြသည်)



www.burmeseclassic.com

www.burmeseclassic.com




### လေညာက နေသာသပ

ရေကျော်သား လူပျိုကြီးကိုစိုးအောင်တစ်ယောက် မစွံမစွံနှင့်။

အဲ· · ·စွံမည့်စွံတော့လည်း သူလပေးထမင်းစားနေသော ထမင်းဆိုင်ရှင် အမြှာညီအစ်မနှစ်ယောက်အနက် အစ်မဖြစ်သူနှင့် စွံသွားကာ လက်ထပ်မည့်ရက်ပင် ရွေးပြီးခဲ့လေ၏။ သည့်အတွက် မိတ်ဆွေသင်္ဂဟများကို ဝိုင်းဖွဲ့ညှိခံပေးလေ၏။

“ဗျို့· · ·ကိုစိုးအောင်၊ အဲသည်အမြှာညီအစ်မဟာ ရုပ်ချင်း၊ ကိုယ်လုံးကိုယ်ပေါက်ချင်း၊ အရွယ်ချင်း ခွဲမရအောင် တူတာဗျ။ ခင်ဗျားတော့ သူတို့မမှားအောင် ခွဲနေရတာနဲ့ ပြဿနာတက်တော့မှာ မြင်ယောင်သေးတော့ဗျာ။ ခင်ဗျား အဲသည်အတွက် စိတ်မပူဘူးလား”

“ဟာ· · ·ဘာလို့ ပူရမှာလဲဗျာ။ သတိထားရမှာက ကျွန်တော်မဟုတ်ဘူးဗျ။ သူတို့· · ·သူတို့”

“ဟောဗျာ· · ·”

● ● ●

### နောက်ဆုံးပေါ်ကုထုံး

ဆေးခန်းတစ်ခုအတွင်းသို့ လူတစ်ယောက် ဝင်လာကာ ဆရာဝန်နှင့်တွေ့သည်။

“ဆရာရေ· · ·ကျွန်တော့်မိန်းမတော့ ဒုက္ခပါပဲဗျာ။ အိပ်ရာထဲ ပက်လက်လဲနေတာ တစ်လလောက်ရှိရော့မယ်။ လုံးဝ ထထိုင်လို့မရဘူး။ ကူညီပါဦး ဆရာရယ်”

“ဘာမှမပူနဲ့။ ကျုပ်တောင်ကုစရာမလိုဘူး။ သူ့ဘာသာသူ ငေါက်ခနဲ ထထိုင်လိမ့်မယ်။ ကျုပ်ပြောသလိုသာ လုပ်”

“ပြော· · ·ပြောပါဆရာ။ ဘယ်လိုများ လုပ်ရမလဲဆိုတာ”

“ဘယ်လိုလုပ်ရမလဲဆိုတော့ အိမ်ကို ပြန်ရောက်ရောက်ချင်း ‘မိန်းမရေ· · ·ငါထိုးထားတဲ့ အောင်ဘာလေထီ သိန်း ၁၅၀၀ ပေါက်တယ်ဟေ့’လို့ ခပ်ကျယ်ကျယ်လေး ပြောပြလိုက်။ ငေါက်ခနဲထမထိုင်ရင် ပြောချင်သလိုပြော”

“ဟောဗျာ· · ·”

● ● ●



www.burmeseclassic.com

www.burmeseclassic.com

### ကျား၊မ သဘာဝ

အိမ်ထောင်သည် အမျိုးသမီး သူငယ်ချင်းနှစ်ယောက် စကားလက်ဆုံကျနေကြ၏။ သူတို့ပြောဆိုသော စကား၌ "ယောက်ျားတို့၏ သဘောသဘာဝ"သည် အဓိကနေရာ၌ ကျ၏။

"မမွန်…မင်း စဉ်းစားကြည့်စမ်း။ ယောက်ျားတွေရဲ့ အချစ်ဆိုတာ ဘာလဲ။ ကိုယ်ထင်မြင်ယူဆထားတာကတော့ 'ယောက်ျားတွေရဲ့ အချစ်ဆိုတာဟာ မိန်းမတစ်ဦးကို အခမဲ့ လိုသလို အသုံးချနိုင်အောင် ဆောင်ရွက်ခြင်း'ပဲကွ။ မင်းကော ဘယ်လိုယူဆသလဲ"

"သည်မယ်…နိုင်၊ ကိုယ့်အမြင်၊ ကိုယ့်အယူအဆကို ပြောရရင်ဖြင့် တို့များ မိန်းမတွေဟာလည်း ယောက်ျားတစ်ယောက်ကို လက်ခံတော့မယ်ဆိုရင် တို့လိုချင်တဲ့ အခွင့်အရေးမှန်သမျှကို မရရအောင် ယူပေးဖို့ရာ ခိုင်းစေနိုင်ခြင်းပဲ မဟုတ်လားကွယ်"

● ● ●

### ပူစရာမရှိရလေအောင်

စိန်ဘရားသား ကုမ္ပဏီပိုင်ရှင် ဦးစိန်လင်း၏ဇနီးသည် ချမ်းချမ်းတစ်ယောက် အိမ်ကားမောင်းသော ဒရိုင်ဘာ အက်စ်ကဲဆိုသူနှင့် လိုက်ပြေးသွားသည့်သတင်းကို ကြားရသည့်အတွက် မိတ်ဆွေသင်္ဂဟများမှာ စိတ်မကောင်းစွာဖြင့် အကျိုးအကြောင်း လာမေးကြသည်။ ပြီးတော့ အကြံဉာဏ်များလည်း ပေးကြသည်

"ကျုပ် သည်ကိစ္စနဲ့ပတ်သက်လို့ တကယ့်ကို မကျေလည်ဘူးဗျာ"

"အိုး…ဘယ်ကျေလည်စရာရှိပါ့မလဲဗျာ။ ဘာလဲ အခု ခင်ဗျား ဒရိုင်ဘာအက်စ်ကဲကို မယားခိုးမှုအတွက် အမှုဖွင့်ဖို့ ရဲစခန်းသွားမှာ မဟုတ်လား။ ကျုပ်တို့လည်း လိုက်ခဲ့ပါ့မယ်"

"မလိုက်နဲ့ မလိုက်နဲ့၊ ကျုပ်တစ်ယောက်တည်းလည်း ဖြစ်ပါတယ်"

"ခင်ဗျား အခု ရဲစခန်းသွားမှာ မဟုတ်ဘူးလား"

"ဟင့်အင်း"

"ဒါဖြင့်…"

"အခု ကျုပ်သွားမယ့်နေရာက ကားမောင်းသင်တန်းကိုဗျ။ ကျုပ်ကားမောင်းတတ်ပြီဆိုရင် ဘာပူစရာရှိတော့မှာတဲ့လဲ"

● ● ●

### ဆိုးလိုက်ပါတဲ့ ကုသိုလ်ကံ

ငယ်သူငယ်ချင်းနှစ်ယောက် ဘီယာဆိုင်၌ တစ်ခွက်တစ်ဂျားမကာ အပြိုင်မော့ကြရင်း စကားတွေ ဖောင်ဖွဲ့နေကြ၏။

"သူငယ်ချင်းရေ၊ မင်းတော့မသိဘူး။ ငါတော့ အိမ်ထောင်ရေးကုသိုလ်ကံ တော်တော်လေးကို ဆိုးသကွာ"

"ဟ…ဘယ်လိုများဆိုးတာတဲ့တုံး"

"ဆိုးဆို ပထမ ငါနဲ့ရတဲ့ မိခင်စိန်ဟာ ပွဲစားတစ်ယောက်နဲ့ လိုက်ပြေးသွားတယ်ကွာ။ ငါ့မှာတစ်ယောက်တည်း အထီးကျန်ခဲ့ရတယ်"

"အင်း…ဒါဆို ဆိုးတာပေါ့"

"ဒါကြောင့် အိမ်ထောင်ရေးကုသိုလ်ကံ ကောင်းလာမလားဆိုပြီး ရပ်ကွက်ထဲက တစ်ခုလပ်မလေးတစ်ယောက်နဲ့ ထပ်ပြီး အိမ်ထောင်ပြုလိုက်ပြန်တယ်"

"ဒါဆို အခု မိန်းမက ဘယ်လိုများဖြစ်ပြန်လို့လဲ"

"ဘာဖြစ်ရမလဲကွာ။ ခုထက်ထိ ဘယ်သူနဲ့မှ လိုက်မပြေးဘဲ ကုပ်ကပ်နေသေးလို့ကွ"

"ဟာကွာ…"

● ● ●

### သိမှ မသိဘဲဟာ

မိသားစုဆရာဝန် ဒေါက်တာဝေါင်မင်းထံသို့ ညဉ့်နက်ချိန်တွင် ဖုန်းဝင်လာ၏။

"ဒေါက်တာ…ကျွန်တော် ညွန့်တင်ပါ။ အိမ်ကို လာနိုင်ရင် လာခဲ့ပါဦး။ ကျွန်တော့်မိန်းမ နားထင်၊ နားရင်းတွေကျပြီး အော့နေအန်နေလို့"

သည်စကားကြားရတော့ ဒေါက်တာဝေါင်မင်း ပြုံးယောင်သန်းသွားပြီး ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com

"ဟလို . . .အိုင်ဆေး ကိုညွန့်တင်၊ ခင်ဗျားမိန်းမ မခင်နှင်းက သွေးဆုံးနေပြီဗျ။ ဘယ်လိုမှ ကိုယ်ဝန်ရှိတဲ့ လက္ခဏာမပြနိုင်ဘူး။ အစားတစ်ခုခုမှားလို့ အော့အန်တာ နေမှာပါ"

"မဟုတ်သေးပါဘူး ဒေါက်တာရယ်။ ခုဟာက ခင်နှင်း မဟုတ်ဘူးဗျ။ သူခရီးထွက်နေတုန်း အိမ်ကိုခေါ်လာတဲ့ ကျွန်တော်ရဲ့ ကစ်ပင်ကလေး ဖြစ်နေတာပါ"

"အိုး . . .မိုင်ဂေါ့ဒ်"

● ● ●

## သူ့အကြောင်းနဲ့သူ ကိုယ့်အကြောင်းနဲ့ကိုယ်

မှဆိုးဖို ဦးရင်ညြိနှင့် ဦးကြည်ဝင်းတို့ ပင်စင်လစာ လာထုတ်ကြရင်းမှ ကိစ္စဝိစ္စများ ပြီးစီးသည့်အခါ ယမင်းဘီယာ ဆိုင်၌ ဆုံမိကြသည်။

"ဗျို့ . . .ကိုရင်ညြိ၊ ကြုံတုန်းဆုံခိုက် မပြောဘူး ဖြစ် နေမှာစိုးလို့ ပြောလိုက်ရဦးမယ်"



"ဘာများတုံး ကိုကြည်ဝင်းရယ်"

"ဘာများတုံးဆို ကျုပ်ရေ့လကုန်လောက်ကျရင် အိမ် ထောင်သစ် ထူမလို့ဗျ။ အဲဒါ မိတ်ဆွေရင်းချာဖြစ်တဲ့ ခင်ဗျား ကို အသိပေးတာ"

"အင်းလေ . . .တစ်ပင်လဲမှ တစ်ပင်ထူတာ လောက နိယာမပဲဥစ္စာ။ အပြစ်မဆိုသာပါဘူး။ ဒါနဲ့ ခင်ဗျားယူမယ့် မိန်းကလေးက ဘယ်အသက်အရွယ်ရှိပြီလဲ"

"အဟဲ . . .မသကာရှိလှ ၂၀ ဝန်းကျင်ပေါ့ဗျာ။ ကောတီဗွီသွားဟဲရင်းက ကန်စွန်းခင်းငြိလာခဲ့ကြတာ"

"ဟာ . . .ဗျာ၊ ခင်ဗျားနှယ်။ ကိုယ့်ထက် သုံးပုံနှစ်ပုံ လောက် အသက်ငယ်တဲ့ ကလေးသာသာ ကိုယ့်မြေးအရွယ် လောက်များ ယူဖို့ဆုံးဖြတ်တယ်။ မသကာ အသက် ၄၀- ၅၀ လောက် ရင့်ကျက်တဲ့ မိန်းမကို ရွေးယူရင် မနိပ်ဘူးလား။ ခုဟာ ကိုယ့်ဒုက္ခကိုယ်ရှာသလိုမျိုး၊ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်သလိုမျိုး ဖြစ်နေမယ်နော်။ ခင်ဗျားတို့၊ ကျုပ်တို့ အရွယ်တွေက အားအင်ကုန်ခန်းစပြုတဲ့ ကျလူတွေဗျ"

"ဒီမှာ ကိုရင်ညြိ၊ ကျုပ်ကတော့ တုံးဆိုတိုက်၊ ကျား ဆိုကိုက်ပဲ။ သေရေးမှာချင်းအတူတူ တိုက်ဒိုတိုက်ဟောင်းထဲ ဝင်ပြီး တိုက်ပိအသေခံရတာထက် ကန်ထရိုက်တိုက်အသစ် ကလေးထဲ ဝင်ငြိမ့်ပြီး တိုက်ပိအသေခံရတာက ပိုပြီးနိပ်သဗျ ဟဲ . . .ဟဲ . . .ဟဲ"

● ● ●

## သိနေပြီပဲဟာ

အမှုသည်တစ်ဦးအား အမှုကိစ္စနှင့် ပတ်သက်၍ သူ၏ ရှေ့နေက ဘာမျှပူပင်သောက မရောက်ရန် အားပေးနှစ်သိမ့် နေလေ၏။

"ကျွန်တော်ပြောတဲ့စကားကို ယုံလိုက်စမ်းပါ ဒေါ်ဂျမ်း ဘုံ။ ခင်ဗျားရဲ့အမှုဟာ ပါးပါးလေးမှ တကယ့်ကို ပါးပါးလေး ပါ။ ကျွန်တော့်အတွက်တော့ မိုင်နာကေ့စ်ပါပဲ။ ခင်ဗျားလိုမျိုး ကျုပ်မိတ်ဆွေတစ်ယောက်လည်း သည်လိုအမှုမျိုး ဖြစ်ဖူးတာ ပဲ။ လုံးဝ စိုးရိမ်စရာမရှိဘူး။ ကျိန်းသေ တကယ့်ကိုနိုင်မှာပါ"

ဤတွင် အမှုသည် ဒေါ်ဂျမ်းဘုံလည်း တွေးတွေးဆဆ ဖြင့် ပြောချလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့မိတ်ဆွေအနေနဲ့ ဘယ်ပူစရာရှိမှာတဲ့လဲ။ သူ့အမှုကိုလိုက်ပေးတဲ့ ရှေ့နေဟာ ဆရာမဟုတ်မှန်း ကျုပ်မသိနေတယ်လေ"

"အယ်..."

● ● ●

## ကောင်းကင်ဘုံက ယမကာပွဲ

မိုက်ကလေးနှင့် ဖက်တီးတို့ သူငယ်ချင်းနှစ်ယောက် စွဲလမ်းစားတော်ဆက်၍ ယမကာပွဲကို စိတ်တိုင်းကျ နွှဲနေရင်းမှ မိုက်ကလေးက စကားစလိုက်၏။

"ဟေ့ကောင် ဖက်တီး။ ငါတစ်ခု စဉ်းစားမိတယ်ကွ"

"ဘာများတုံး မိုက်ကလေး"

"တကယ်လို့များ ငါတို့ မာလကီးယားလို့ ကြွသွားတဲ့အခါ ကောင်းကင်ဘုံများရောက်ခဲ့ရင် အဲသည်မှာ ယမကာရများရမလားလို့ပါ"

"ဟ...ဒါတော့ ဘယ်သိနိုင်မှာတဲ့လဲကွာ"

သို့ဖြင့် တစ်လခန့်အကြာ ဖက်တီးတစ်ယောက် အဆီပိတ်ဝေဒနာဖြင့် ကြွသွားခဲ့ရာ ကံအားလျော်စွာ ကောင်းကင်ဘုံသို့ ရောက်သွားခဲ့သည်။ ဤတွင် လူ့ပြည်၌ ကျန်ရစ်ခဲ့သော ချစ်သူငယ်ချင်း မိုက်ကလေးထံ အိပ်မက်ဖြင့် ဆက်သွယ်၍ စကားပြောလေ၏။

"ဟေ့...မိုက်ကလေး။ ငါတော့ ကောင်းကင်ဘုံကို ရောက်နေပကွ။ အဲသည်မှာကွာ ဝမ်းသာစရာလည်း တွေ့တယ်၊ ဝမ်းနည်းစရာလည်း တွေ့ရတယ်"

"ဟေ...ဟုတ်လား။ ဒါဆို ဝမ်းသာစရာကို အရင်စပြောကွာ"

"အေး...ပြောမှာပေါ့ကွာ။ သည်အကြောင်းက မင်းသိပ်သိချင်နေတဲ့အကြောင်းပဲ။ ခု ငါရောက်နေတဲ့ ကောင်းကင်ဘုံမှာ ယမကာတွေက အကောင်းစားတွေ။ ဖောချင်းသောချင်းပဲ။ အခကြေးငွေ ပေးစရာမလိုဘူး။ စတုဒိသာ တိုက်ကျွေးနေတာကွ"

"ဟာ...တကယ့်ကို ဝမ်းသာစရာပါပဲလား။ အဲ.. ဝမ်းနည်းစရာကိစ္စလည်း ပြောစမ်းပါဦး"

"အဲဒါက တခြားမဟုတ်ပါဘူး။ သည်လကုန်မှာ ယမကာတိုက်ကျွေးရေးတာဝန်ခံအဖြစ် လူ့ပြည်ကတစ်ယောက် ရောက်လာမယ်တဲ့ကွ။ အဲဒါ မင်း...တဲ့"

"တောက်..."

● ● ●

## ဘာများလို့လဲ

"ကူညီပါရစေ" အဆောက်အအုံဝင်းအတွင်းသို့ မအူမလည် လူရွယ်တစ်ယောက် ဝင်သွားပြီး တာဝန်မှူးနှင့် ဝင်တွေ့သည်။ တာဝန်မှူးက အမှုဖွင့်တိုင်ကြားရန်အတွက် အမှုစစ် ဒုရဲအုပ်အခန်းကို ညွှန်ပြသဖြင့် အခန်းတွင်းသို့ ဝင်လိုက်သည်။

"ဘာကိစ္စရှိလို့လဲ"

"အမှုဖွင့်ချင်လို့"

"ထိုင်ပါ။ ကိုင်း...မင်းနာမည်ပြော"

"ကျွဲသိုး"

"ဟေ့ကောင်...မင်း ငါနဲ့စကားပြောရင် 'ဗိုလ်လေး' ဆိုပြီး ထည့်ပြောရတယ်ကွ"

"ဟုတ်ကဲ့...သဘောပေါက်ပါပြီ။ ကျွန်တော့်နာမည် 'ဗိုလ်လေးကျွဲသိုး'ပါခင်ဗျာ"

"အယ်..."

*မြို့မေတ္တာခံယူမယ့်*

■ **ကိုရွှေတောသား**



www.burmeseclassic.com

www.burmeseclassic.com

# ဖျက်အစဉ်...အစဉ်

● ထက်အောင်ထူး

ကျွန်တော်၏ ဘေးအိမ်မှ လှမြင့် ဟုခေါ်သော အသက် ၂၀ ကျော်ခန့် ချာတိတ်ကလေးအကြောင်းကို တင်ပြလိုပါသည်။

လှမြင့်မှာ ကျွန်တော့်အား ခင်မင်သူဖြစ်သည်မို့ ကျွန်တော့်အိမ်သို့ မကြာခဏ လာလည်လေ့ရှိသည်။ ရည်ရည်မွန်မွန်နှင့် စကားပြောလည်း ချိုသာ၏။ သို့သော်ငြား သူ့ထံတွင် ဆိုးဝါးသော ဉာဉ်ဆိုးတစ်ခု ရှိလေသည်။ ထိုအရာကား လစ်လျှင်လစ်သလို ခိုးတတ်ခြင်းပင်။ ထင်းချောင်းတစ်ချောင်းပင် အလွတ်မပေး။ ဒါကို တစ်ရွာလုံးက သိ၏။ သူလာလျှင် မည်သူမျှ အလစ်မပေး စောင့်ကြည့်နေကြရသည်။

"စီးပွားဖြစ်ခိုးတာတော့ မဟုတ်ပါဘူး ကိုကြီးအောင်ရယ်။ ကျွန်တော်ကိုယ်တိုင်က မနေနိုင်လို့ပါ"

ဟု ကျွန်တော်ဆုံးမတိုင်း ဒါပဲ ပြောသည်။ ကျွန်တော်လည်း –

"မင်း . . သူခိုးလေးကနေ သူခိုးကြီးဖြစ်သွားနိုင်တယ်။ ထောင်တန်းတွေလည်း မင်းရောက်နိုင်တယ်နော် ကောင်လေး"

ဟု အမြဲအာပေါက်မတတ် ဆုံးမရသည်။ သို့သော် နောက်မျှားမကြာမီ သူများကြက်ခြံက ကြက်တွေခိုးပြီး ကြက်ဒိုင်မှာ သွားရောင်းတာ မိသွားလို့ ထောင်ကျသွားခဲ့သည်။

ထောင်ကလွတ်လာတော့ လှမြင့်တစ်ယောက် ငြိမ်နေသည်။ အပြင်လည်း မထွက်။ ကျွန်တော့်အိမ်ဆီသို့ပင် လာမလည်။ ကျွန်တော် သူ့အိမ်ဘက် လှမ်းကြည့်လိုက်တိုင်း ဂျာနယ်တွေ ထိုင်ဖတ်နေသည်ကိုတော့ ခဏခဏ တွေ့နေရသည်။ ကျွန်တော့်စိတ်ထဲ –

"သည်ကောင်လေး ထောင်ကထွက်လာမှ နောင်တရလို့လား။ ဒါမှမဟုတ် ရှက်နေလို့လား"

ဟု စိတ်က ထင်မိသည်။ ကျွန်တော်လည်း လှမြင့်နှင့် စကားလေးဘာလေး ပြောချင်သည်နှင့် သူ့အိမ်သို့ ရောက်သွားခဲ့သည်။ လှမြင့်မှာ ပက်လက်ကုလားထိုင်တွင် ထိုင်ရင်း ဂျာနယ်တစ်စောင်ကို ဖတ်နေလေသည်။ ၎င်း၏ဘေးတွင်လည်း ဂျာနယ်တွေ တစ်ပုံတစ်ပင်။ လှမြင့်မှာ ကျွန်တော်လာသည်ကို တွေ့သဖြင့် ဖတ်လက်စ ဂျာနယ်ကို ဘေးသို့ချပြီး –

"ဟာ . . . ကိုကြီးအောင်၊ လာလေဗျာ . . ထိုင်"

"အေးကွာ . . . မင်းတော်တော်ကြီး ပြောင်းလဲသွားပြီပဲ။ စာတွေဘာတွေ ဖတ်လို့၊ ဘာဂျာနယ်တွေလဲ"

"မှုခင်းနဲ့ ပတ်သက်တဲ့ဂျာနယ်တွေပါ ကိုကြီးရာ"

"ဪ . . . ဒါကြောင့် မင်း နောင်တတွေရပြီး ငြိမ်နေတာပေါ့။ ကောင်းပါ့ကွာ"

"ဟုတ်ပါဘူးဗျာ။ အမှုအခင်းများ မိတဲ့သူမိ၊ မမိတဲ့သူတွေလည်း တစ်ပုံတစ်ပင်။ အဲဒါတွေကို လေ့လာနေတာ။ ကျွန်တော်လည်း နောက်တစ်ခါမမိအောင် ဘယ်လိုလုပ်ရမလဲ ဆိုတာ စဉ်းစားဝေခွဲနေတာဗျ"

"တောက် . . . ခွေးမသား"

ထက်အောင်ထူး



www.burmeseclassic.com

www.burmeseclassic.com



# နတ်

○ ပိုက်မင်းဝေ

မန်ကျည်းပင်ရွာကလေးမှ ရွာသူရွာသားများသည် စုန်း၊ နတ်၊ ကဝေ၊ မှင်စာ၊ သရဲတို့ကို ယုံကြည်ကာ အလွန်ပင် အယူကြီးကြသည်။ ထိုရွာရှိ ကိုသာဂွတို့ လင်မယားမှာ အလွန်ဆင်းရဲရှာသဖြင့် ကန်စွန်းရွက်၊ ငါးပိရည်၊ တို့စရာနှင့်သာ နေ့စဉ်နှစ်ပါးသွားနေရရှာ၏။

ကိုသာဂွ ထင်းခွေပြီး အိမ်အပြန် အိမ်ရှေ့တွင် ထင်းစည်းပစ်ချလျက် ကွပ်ပျစ်ပေါ် ပက်လက်လှန်နေစဉ် ဇနီးဖြစ်သူမှာ အနားသို့ လာထိုင်ရင်း –

"ကိုသာဂွရယ် ... ပင်ပန်းလိုက်တာ။ ရွာလယ်က မိဝိုင်းတို့အကြောင်းလို့ ရွာထိပ်က ညောင်ပင်ကြီးမှာ သွားဆုတောင်းလိုက်တာ သုံးလုံးထီတစ်ကွက်တည်း ပေးလိုက်တာ တစ်ခါတည်းကို တန်းနေတာပဲ။ ကိုဂွလည်း သည်ညသွားတောင်းကြည့်ပါလားဟင်။ ပေါက်ရင် ကြက်နဲ့ အရက် ပူဇော်ပသပါ့မယ်လို့"

"ဟဲ ... ငါတို့တောင် ကန်စွန်းရွက်နဲ့ နှစ်ပါးသွားနေရတာ။ ဘယ်မလဲ ကြက်နဲ့ အရက်"

"ဩော် ... အိမ်ကုန်းလေးပေါင်ပြီး ပူဇော်လိုက်မှာပေါ့"

"အေးပေါ့လေ။ ပေါက်ခဲ့ရင်တော့ အကောင်းသား"

ညောင်ပင်ကြီးဆီ သုတ်ခြေတင်သွား၏။

"အို ... သည်အပင်ကြီး ကျွန်တော်မျိုး မောင်သာဂွအား ကူညီမစသောအားဖြင့် နှစ်လုံးထီ၊ သုံးလုံးထီလေးများ ပေးသနားတော်မူပါ"

ဤတွင် အပင်ကြီးဆီမှ အသံသြသြနှင့် ပြန်ပြောသံကို ကြားလိုက်ရသလိုရှိ၏။

"မင်းတို့ လောဘသားတွေ ကိုယ့်ဘာသာကိုယ် မကြိုးစားဘူး။ သည်ဂဏန်းတွေ ထွက်ထွက်နေတဲ့ နိုင်ငံမပြောနဲ့။ ငါ လူ့ဘဝတုန်းက ရန်ကုန်မြို့ကိုတောင် မရောက်ဖူးဘူးကွ" ... တဲ့။

အခုနေဆို သာဂွမိန်းမ မိဝိုင်း၊ အိမ်နှင့်ခြံကို ပေါင်ပြီးလောက်ရောပေါ့။ ခံလိုက်ကွ မိန်းမရေ ...။

ပိုက်မင်းဝေ

www.burmeseclassic.com

www.burmeseclassic.com




# လွဲချက်ကာယ်နာ

**ရှစ်ခွင်ကျော်-ဖောင်တော်သီ**

"ဘုတ်"

"ဟာ…ပေ့ာလူ ကိုမိုး။ ဘယ်လို လုပ်လိုက်တာလဲ"

"အလကားဝတ္ထု။ အသုံးကို မကျ ဘူး"

ကျုပ်အိမ်နားက ကိုမိုးဆိုတဲ့လူ ကျုပ်ပေးတဲ့ဝတ္ထုတိုပေါင်းချုပ်စာအုပ် ဖတ်ပြီး ကျုပ်ရှေ့တင် ဒေါ်ဖောင်းရင်း လွှင့်ပစ်လိုက်တယ်လေ။ စိတ်တိုင်းမကျ စရာ အပြစ်တစ်ခုခုတွေ့လို့နေမှာပေ့ါ။ ဘာပဲဖြစ်ဖြစ် ဒါဟာ စာရေးဆရာကို စော်ကားလိုက်တာပဲ။ လက်သည်းဆိတ် တော့ လက်ထိပ်နာတဲ့။ ဝတ္ထုရေးတဲ့ စာရေးဆရာကို စော်ကားတာဟာ ကျုပ် ကိုစော်ကားတာပဲ။ ကျုပ်ကိုယ်တိုင် စာရေးဆရာကို။

အသုံးမကျပါဘူးလို့ဆိုတဲ့ သူ့ ဝတ္ထုတိုလေးရွေးပြီး ကျုပ်ဖတ်ကြည့် တယ်။ အရေးအသား၊ အဖွဲ့အနွဲ့ တော် တော် ရသမြောက်တဲ့ ဝတ္ထုတိုလေးပါ။ ကျုပ်ဖတ်ရင်း ဖတ်ရင်း အဆုံးသတ်ခါ နီးလောက်မှာ…

ရန်ကုန်မြို့က မိသားတစ်စု ဒေး စွန်ပါဘုရား သွားဖူးကြပါတယ်။ အချိန် ကာလကတော့ ဒီဇင်ဘာလ၊ ခရစ္စမတ် ရက်။ ဘုရားရောက်တော့ ဆယ်နှစ် သားအရွယ် သားငယ်လေး ပျောက်ခုံး လို့ လိုက်ရှာတယ်။ အဲဒီသားငယ်လေး က ဟိုဒီလိုက်စပ်စုရင်း ရွှေအတိပြီးတဲ့ ဒေးစွန်ပါစေတီအစစ်ကို ကံထူးစွာ ဖူး ခွင့်ရပြီး အပြန်လမ်းမှာ ပြွတ်သိပ်ပြီး ဝင်းမှည့်နေတဲ့ အသီးတွေ ဆွတ်ပြီး အားပါးတရ စားသုံးပါတယ်။

ကျုပ်အပြစ်တွေ့ပြီ။

ဖတ်ဖူးပါတယ်။ စတော်ဘယ်ရီ ပင်အောက် ချစ်သူရည်းစားနဲ့ ချစ်စကား လှလှလေးတွေ ပြောတာ၊ သွားရော။ စတော်ဘယ်ရီပင်ဆိုတာ အမြင့်ဆုံး ပေါင်လယ်လောက်ရှိတာ၊ မိကျောင်းမ ကြီးဟာ သားငယ်လေးတွေကို နို့ချို တိုက်ကျွေးတယ်တဲ့။ သွားရော…။ မိကျောင်းဆိုတာ ဥကာပေါက်တဲ့အကောင် မျိုး။ နောက်ဆုံးတစ်ပုဒ်က မြင်းတစ် ကောင်ဟာ တောင်ယာခင်းထဲမှာ အစာ စားရင်း ဥတွေ ဥနေတာ အဝေးက လှမ်းမြင်ရတယ်တဲ့။ သေပြီဆရာပဲ။ မြင်းဝန်တင်ဖို့ စုပုံထားတဲ့ ကျောက်ဖရုံ သီးတွေ နေမှာပေ့ါ။ အဲလိုအဆီအငေါ် မတည့်တဲ့ ဝတ္ထုမျိုးများ ကိုမိုးဖတ်ရရင် ကျုပ်လည်ပင်းထညှစ်မလားပဲ။

ကျုပ်အမိကပြောချင်တာက‥ ဘုရားဖူးတဲ့အချိန်ကာလက ဒီဇင်ဘာ ခရစ္စမတ်ရက်။ အဲဒီအပင် အသီးသီးဖို့ မပြောနဲ့၊ အဖူးအပွင့်တောင် မထိုးသေး ဘူး။ သရက်၊ ပိန္နဲ၊ မင်းကွတ်၊ ကြက် မောက်နဲ့ အချိန်ကိုက်ဖူးပွင့်၊ သီးမှည့် တာမျိုးခင်ဗျ။ ဘာသီးလဲဆိုတော့…

ကနစိုးသီး။

**ရှစ်ခွင်ကျော်-ဖောင်တော်သီ**




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# နယ်လှန်အမှား

■ ရွှေပိုးအိမ်

"ဆရာ ... ဒါကျွန်တော့်အမျိုး သမီးလေ"

"ဪ ... တော်တော်ငယ်သေး တာပဲ။ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

"ဟုတ်ကဲ့ ... ညီမလည်း တွေ့ရ တာဝမ်းသာပါတယ် ကိုကြီး"

ဦးမြင့်အောင်စိတ်ထဲတွင် သူထက် အသက်နှစ်ဆယ်လောက်ငယ်သော အမျိုး သမီးတစ်ယောက်က ကိုကြီးခေါ်လိုက် သဖြင့် တော်တော်လေးတော့ ကျေနပ် သွားသည်။

ကျော်ဝင်း မိန်းကလေးက ဘယ် ဆိုးလို့လဲ၊ ပေါင်းသင်းဆက်ဆံရေး ပြေ ပြစ်သားပဲဟု စိတ်ထဲမှတ်ချက်ချလိုက် သည်။ ကောင်မလေးက အသက်နှစ် ဆယ်ကျော်ကျော် အရွယ်လေး။ ဒီကောင် ကျော်ဝင်းနဲ့တောင် မလိုက်ဘူး။ လှလည်း လှ၊ ငယ်လည်းငယ်တယ်ဟု ထင်မိသည်။ ကျော်ဝင်းက သူ့လက်အောက်က ဝန် ထမ်း။ သူ့အပေါ်လည်း ရိုသေလေးစား သည်။ အသက်ကတော့ သုံးဆယ်ဝန်း ကျင်လောက်ရှိရောပေါ့။ အသားက မည်းပေမဲ့ စကားပြောကောင်းပြီး ကျိုး ကျိုးနွံနွံရှိသည်။ အလုပ်ဝင်တာတော့ မကြာသေး။ အခု သူတို့အိမ်ကို လိုက် လည်ဖို့ အတင်းဖိတ်ခေါ်ခဲ့တဲ့အတွက် အားနာတာနဲ့ သူလိုက်သွားဖြစ်သည်။

အိမ်က လုံးချင်းပျဉ်ထောင်အိမ် ခပ် သေးသေးလေး။ ငှားနေတာတဲ့လည်း ပြောသည်။ ဦးမြင့်အောင်ကတော့ တစ် ကိုယ်တည်း လူပျိုကြီး။ ဒါပေမဲ့ လူပျို ကြီးစစ်စစ်တော့မဟုတ်။ မိန်းမနဲ့ပတ်သက် ပြီး အတွေ့အကြုံလည်း ရှိသည်။ မိန်းမ မယူချင်လို့သာ တစ်ကိုယ်တည်း လူပျို ကြီးလုပ်နေတာ။ ယူမယ်ဆိုရင် သူ့အနေ အထားနဲ့ မိန်းကလေးတစ်ယောက်တော့ အချိန်မရွေးရသည်။ မိန်းမယူရင် တစ် ယောက်တည်းရမယ်၊ မယူရင် အများကြီး ရမယ်လို့ ဦးအောင်မြင့်က ခံယူထား သည်။

အပြောကောင်းပြီး သူ့အပေါ်လည်း ရိုရိုသေသေဆက်ဆံတတ်သော၊ နိုင်းရင် လည်းပေါ့ပေါ့ပါးပါးရှိသော ကျော်ဝင်းကို သူတဖြည်းဖြည်း အခြားသူတွေထက် ခင်မင်လာသည်။ ကျော်ဝင်းတို့အိမ်ကို လည်း အလုပ်အားရက်တွေမှာ အရောက် အပေါက်များလာသည်။ ကျော်ဝင်းတို့ အိမ်ရောက်လျှင် ကျော်ဝင်းနှင့် ကျော်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

မိန်းမ ငယ်ငယ်စိုးက သူကြိုက်သောဟင်းတွေ၊ သူကြိုက်တတ်သော အစားအစာလေးတွေ လုပ်ကျွေးတက်သည်။ သူကလည်း ကျော်ဝင်းတို့အိမ်သွားရင် တစ်ခုခုတော့ဝယ်သွားတတ်သည်။ တစ်ခါတစ်ရံ ငယ်ငယ်စိုးအတွက် အင်္ကျီအဝတ်အစားလေးတွေပါ ပါသည်။

ငယ်ငယ်စိုးက သူဝယ်ပေးသော အဝတ်အစားလေးတွေကို ဝမ်းသာအားရလက်ခံတတ်သည်။ ကျေးဇူးတင်ကြောင်းလည်း မရိုးနိုင်အောင် ပြောတတ်သည်။ ငယ်ငယ်စိုး၏ ချိုနွဲ့သော စကားသံလေးများ၊ ကလေးဆန်သော အပြုအမူလေးတွေက သူ့မျက်လုံးထဲ ညီမငယ်တစ်ဦးထက်ပို၍ တစ်နေ့တခြား ချစ်စရာကောင်းနေသည်ဟု ထင်လာသည်။

× × × × ×

"ဟယ် ... ကိုကြီးလာတယ်။ လာလေ ကိုကြီး။ ငယ်က ထင်တော့ထင်သားပဲ။ ကိုကြီး ဒီနေ့ ငယ်တို့အိမ်လာမလားမသိဘူးလို့"

သူကား ကျော်ဝင်းအိမ်ရှေ့ ငြိမ့်ခနဲ အရောက် ငယ်ငယ်စိုးက , အိမ်ထဲမှ အပြေးထွက်ကြိုသဖြင့် သူ့စိတ်ထဲ ပီတိလေးတစ်ခု ဖြတ်ပြေးသွားသည်။ သူအိမ်ပေါ်တက်လိုက်တော့ အိမ်ထဲမှာ ဘယ်သူမှမရှိ။

"ကိုကျော်ဝင်းက သူ့အမေအိမ် ခဏသွားတယ် ကိုကြီးရဲ့။ နောက်တစ်နာရီလောက်နေရင် ပြန်လာတော့မှာ။ ငယ်က နောက်ဖေးမှာ ချက်ပြုတ်နေတာလေ။ ကိုကြီးကြိုက်တဲ့ ငါးရေကြိုရယ်၊ ငါးပိရည်ကောင်းကောင်းနဲ့ သီးစုံချဉ်ဟင်းလေးလည်း ချက်ထားတယ်။ ထမင်းစားသွားနော် ကိုကြီး"

"အေးပါ ... အေးပါငယ်လေးရယ်။ ကဲ ... ရော့"

"ဘာတွေလဲ ကိုကြီးရဲ့။ ကိုကြီးကလည်း ငယ်တို့အိမ်လာရင် တစ်ခုမဟုတ်တော့တစ်ခုတော့ ယူလာတာပဲ။ အားနာစရာကြီး ကိုကြီးရယ်"

"ဆတ်သားခြောက် အစစ်တွေပါ ငယ်လေးရဲ့။ ဟိုတစ်ခါ ကိုကြီး ယူလာတုန်းက ငယ်လေးက အရမ်းကြိုက်တယ်ဆို။ အဲဒါကြောင့် ကိုကြီးက မိတ်ဆွေတစ်ယောက် နယ်သွားတုန်း ဆတ်သားခြောက်အစစ် လိုချင်တယ်လို့ပြောလို့ အခုယူလာပေးတာ"

ငယ်ငယ်စိုး မျက်နှာလေးက ဝင်းပချို့ရွှင်နေသည်မှာ ချစ်စရာကောင်းလှသည်။ ခါးလယ်လောက် ဆံနွယ်ခွေခွေလေးတွေကို ဒီအတိုင်းဖ ားလျားချထားပြီး ပန်းနုရောင်ဝမ်းဆက်ကလေးက သူ့မကိုယ်လုံးလှလှလေးကို ပိုပြီး ပေါ်လွင်စေသည်။ ဝင်းဖန့်ဖန့်အသားအရေနှင့်လိုက်ဖက်စွာ ဘာဝတ်ဝတ် ပေါ်လွင်လှသော ဒီကောင်မလေးကို ကြည့်ပြီး ဦးမြင့်အောင်စိတ်ထဲ မရိုးမသားစိတ်တွေ ခဏခဏ ဒေါ်ဖူးသည်။ သို့သော် မဖြစ်သင့်ဟူသော ဦးနှောက်၏ သတိပေးတားမြစ်ချက်တွေကို သူမနည်းစောင့်စည်းနေရခြင်းဖြစ်သည်။

ငယ်ငယ်စိုးက သူ့ဘေးနားတွင် ထိုင်လိုက်ရင်း သူပေးသော ဆတ်သားခြောက်တွေကို ခပ်ပြုံးပြုံး မျက်နှာလေးဖြင့် ထုတ်ကြည့်နေသည်။ အိမ်တစ်အိမ်ထဲတွင် နှစ်ယောက်တည်းနီးနီးကပ်ကပ်နေရခြင်းက သူ့စိတ်တွေကို တစ်မျိုးတစ်ဖုံ ခြောက်လန့်နေသည်။ ပြီးတော့ ငယ်ငယ်စိုးထံမှ သနားနံ့သင်းသင်းလေးက အသက်လေးဆယ်ကျော် သူ့ရင်ခုန်သံတွေကို လှုပ်မြန်စေသော အစွမ်းသတ္တိအပြည့်ရှိသည်။

"ငယ်လေးက ကိုကြီးပေးတဲ့ လက်ဆောင်တွေကို ကြိုက်ရဲ့လား"

သူ ခပ်တိုးတိုးမေးတော့ ငယ်ငယ်စိုးက သူ့ကို ညို့ဓာတ်အပြည့်မျက်ဝန်းလေးဖြင့် မော့ကြည့်ရင်း ခေါင်းညိတ်ပြသည်။

"ကိုကြီးက ငယ့်အကြိုက်တွေကို အကုန်သိတယ်နော်။ ကိုကျော်ဝင်းနဲ့များ ကွာပါ့။ သူကလေ ငယ့်ကိုဆို ကိုကြီးလောက်တောင် ဂရုမစိုက်ဘူး သိလား ကိုကြီး"

ငယ်ငယ်စိုး၏ ချွဲနွဲ့အပြောလေးတွင် သူ့နှလုံးသားတွေ အရည်ပျော်ကျမတတ်ဖြစ်ကုန်ပြီ။

"ကိုကြီးက ငယ့်ကို နောက်ဆို ဒီ့ထက်တောင် ဂရုစိုက်ဦးမှာ။ ငယ်ကြိုက်တာ၊ ငယ်လိုချင်တာတွေလည်း ကိုကြီးကဝယ်ပေးမယ်။ ဖြည့်ဆည်းပေးမယ်နော်"

"ဟင် ... ကိုကြီးက အရမ်းသဘောကောင်းတာပဲနော်။ ဒါနဲ့ ကိုကြီးက ဘာလို့ ငယ့်ကို ဒီလောက်တောင် ဂရုစိုက်ရတာလဲဟင်"

မသိလို့မေးတာလား။ တမင်သက်သက်ရေလာမြောင်းပေးလုပ်တာလား။ မိန်းမကျွမ်းကျေသော ဦးအောင်မြင့်ပင် သဲသဲကွဲကွဲ မသိနိုင်တော့။ ဘာပဲဖြစ်ဖြစ် သူ့ပစ်ကွင်းထဲတော့ ငှက်မလှလှလေး တစ်ကောင် တိုးလာလေပြီ။

"အမှန်အတိုင်းပြောရမယ်ဆိုရင် ငယ်လေးက အရမ်းလှလို့ ကိုကြီးက စိတ်ဝင်စားရင်းက ခုတော့ ..."

"ဟင် ... ကိုကြီးကလည်း ဘာတွေပြောနေတာလဲ။ ခုတော့ ဘာဖြစ်လဲ"

သူ ငယ်ငယ်စိုးလက်ကလေးကို ရင်ခုန်လှိုက်မောစွာ ဆုပ်ကိုင်လိုက်တော့ သူမက ရှန်းသလိုလိုနှင့် ငြိမ်ခံနေသည်။ ဒါ ဘာအဓိပ္ပာယ်လဲ။ ဒီလောက်တော့ သူလည်းသဘောပေါက်ပါသည်။ သူလို အသက်ကြီးပေမဲ့ ရုပ်ရည်သန့်ပြန့်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ရာထူး၊ ပိုင်ဆိုင်မှုတွေနှင့် ပြည့်စုံသော လူတစ်ယောက်ကို ဒီမိန်းကလေးလည်း သဘောကျမှာပါပဲ။ သူက ယယ်ယယ်စိုး ယောက်ျား ကျော်ဝင်းထက် ရုပ်ရည်ရော၊ အခြားအရည်ချင်းတွေပါ အများကြီးသာ တယ်လေ။ အဲဒီအတွက် သူက ဆက်ရန် ပဲပေါ့ ...။

"အခုတော့ ယယ်လေးကို အရမ်း ချစ်မိနေပြီ"

"သွား ... ဘာမှန်းလဲမသိဘူး၊ လက်ကိုလွှတ်ပါ။ ကိုကျော်ဝင်းလာခါနီးပြီ၊ တွေ့သွားရင် ပြဿနာအကြီးအကျယ် တက်မယ်နော်။ သူက ယောက်ျားတွေနဲ့ ပတ်သက်ရင် ယယ့်ကို အရမ်းသဝန်တို တာ။ ဒီကိစ္စနဲ့ပတ်သက်ရင် ကိုကျော်ဝင်း လည်း သဘောမကောင်းဘူးသိလား"

ယယ်ယယ်စိုးက ပြောပြောဆိုဆို သူ့ ဘေးနားမှ လှစ်ခနဲထွက်ပြေးပြီး နောက် ဖေးအိပ်ခန်းထဲသို့ ပြေးဝင်သွားသည်။

သူဘာလုပ်ရမည်ကို သဘော ပေါက်စွာ ယယ်ယယ်စိုးနောက်မှ အသာ လိုက်သွားသည်။ သူ့ခြေလှမ်းတိုင်းတွင် ရင်ခုန်သံတို့က ဝုန်းဒိုင်းကျဲနေသည်။

"ဟင် ... ကိုကြီး လိုက်လာ တယ်။ ကိုကြီး အပြင်ထွက်ပါ။ အဲဒီလို မလုပ်ပါနဲ့ ကိုကြီး။ ကိုကျော်ဝင်းတွေ့သွား ရင် မကောင်းဘူးနော်"

ယယ်ယယ်စိုး မျက်လုံးလေး ဝိုင်းစက် လျက် ကြောက်လန့်တကြားပြောသည်။ သူ့စိတ်ထဲ ဘာမှမမြင်တော့။ သူ့လက် တွေက ယယ်ယယ်စိုး ကိုယ်လုံးလေးဆီ ရောက်နှင့်လေပြီ။ ယယ်ယယ်စိုးကလည်း အတင်းအကျပ်မရုန်း ...။

"ဒါ ဘာလုပ်နေတာလဲ ... ဟင်၊ ပြောကြစမ်း"

ရုတ်တရက် ဟိန်းထွက်လာသော အသံနက်ကြီးကြောင့် သူရော ယယ်ယယ် စိုးပါ အခန်းဝဆီသို့ ကြောက်လန့်တကြား ကြည့်လိုက်ကြသည်။

အခန်းဝတွင်ကြောက်စရာကောင်း လှစွာ ဒေါသဖြင့် ပြည့်ဖောင်းနေသော ကျော်ဝင်း၏ မျက်နှာကြီး။ သူ့နောက်တွင် ဦးမြင့်အောင် မမြင်ဖူးသော လူကြီးနှစ် ယောက်။

သွားပြီ ...။သူတော့ ပြဿနာ အကြီးအကျယ်တက်ပြီ။ သူ့ရဲ့စိတ်ရိုင်း တွေကို အတောသတ်ခွင့်မပေးခဲ့သော သူ့ကိုယ်သူပင် အပြစ်တင်ရမလိုဖြစ်နေပြီ၊ ဘာပဲဖြစ်ဖြစ် သူလို လူကြီးတစ်ယောက် ကိုတော့ ကျော်ဝင်းဆိုးဆိုးဝါးဝါးတွေ မလုပ်လောက်ပါဘူး။

"ကျော်ဝင်း ... ငါ ... ငါစိတ် မထိန်းဘဲ ဖြစ်သွားတယ်ကွာ၊ ငါတောင်း ပန်ပါတယ် ကျော်ဝင်းရာ"

သူ တုန်တုန်လှုပ်လှုပ်ဖြင့် ကျော် ဝင်းကို တောင်းပန်လိုက်သည်။ ယယ်ယယ် စိုးကလည်း မျက်ရည်လေးတစမ်းစမ်းဖြင့် သူ့ယောက်ျားနောက်တွင် ရပ်နေသည်။

"ကိုကို ... ယယ့်ကိုလေ ဒီလူကြီး၊ ဒီလူကြီး မတရားကြံစည်တယ်သိလား ကိုကို၊ ဟင့် ... ဟင့် ... ယယ့်အခန်းထဲ ဝင်လာတုန်း သူနောက်က လိုက်ဝင်လာ တာ။ ကိုကိုမရှိဘူးဆိုပြီး အကြပ်ကိုင်စက် တာ သိလားကိုကို။ ယယ်အရမ်းရှက် တယ်။ သူ့အရွယ်ကြီးမှ အားမနာ"

ယယ်ယယ်စိုး စကားတွေကြောင့် ဦးမြင့်အောင် အံ့သြမှင်တက်သွားသည်။ ဒီမိန်းမ အခုနကဖြင့် သူ့ပဲ အလိုတူအလိုပါ။

"ဒီမှာ ဦးမြင့်အောင် ... ကျုပ်က ခင်ဗျားကို ကျုပ်ရဲ့ အထက်လူကြီးဆိုပြီး ရိုရိုသေသေဆက်ဆံပြီး အိမ်အထိ ဖိတ် ခေါ် ထမင်းကျွေးတာကို ခင်ဗျားက အဟုတ်ကြီးထင်နေတာလား။ ကျုပ်ရဲ့ ခင်ဗျားအပေါ်ထားတဲ့ အထင်ကြီးလေး စားမှုတွေက အလကားပဲ။ ခင်ဗျား ကြောင်သူတော်ကြွက်သူခိုး၊ လူယုတ်မာ တစ်ဦးပဲ။ ကျုပ် ခင်ဗျားကို တရားစွဲ မယ်။ ကျုပ်မိန်းမကို အလိုမတူဘဲ သားမယားပြု ကျင့်ဖို့ ကြိုးစားတယ်လို့ ခင်ဗျားကို မုဒိမ်း မှုနဲ့ ထောင်ထဲသွင်းမယ်"

ဦးမြင့်အောင်ငယ်ထိပ် မိုးကြိုးပစ် သလို ခံစားသွားရသည်။ လုံးဝမဖြစ် ...။ သူ့ဂုဏ်သိက္ခာ၊ သူ့ကိုယ်ကျင့်တရား၊ သူ့ ပတ်ဝန်းကျင်၊ အိုး ... အားလုံးမှာ သူ့ ဘဝ ရေစုန်မျောပစ်ရမည့်အဖြစ်ဆိုး။ အဲဒီ အတွက် သူဘယ်လိုပဲ ကာကွယ်ရ ကာ ကွယ်ရ လုံးဝအဖြစ်မခံနိုင်ပေ။

"မလုပ်ပါနဲ့ ... မောင်ကျော်ဝင်း ရယ်။ ငါတောင်းပန်ပါတယ်။ အဲဒီအတွက် မင်းတောင်းဆိုသမျှ ငါလိုက်လျောပေးပါ့ မယ်"

"ခင်ဗျား ဘာမှ လာမပြောမနေနဲ့။ ခင်ဗျားကားကိုတွေ့တယ်၊ ခင်ဗျားအိမ်ရှေ့ ခန်းမှာမရှိတာကို မြင်ကတည်းက ကျုပ် ကရိပ်မိပြီး ရပ်ကွက်လူကြီးတွေကိုပါ သက်သေခေါ်လာခဲ့တာ။ ခင်ဗျားငြင်းဖို့ လည်း မကြိုးစားနဲ့"

ဦးအောင်မြင့် နဖူးတွင် ချွေးစေး များ စီးကျလာသည်။ ယယ်ယယ်စိုးကို အား ကိုးတကြီးကြည့်လိုက်တော့ သူ့ယောက်ျား ဘေးတွင် သူ့ကို ခပ်တည်တည်ကြည့်နေ သည်။ သူ့မျက်နှာပေါ် ကြောက်ရွံ့ခြင်း ဆိုတာကို သူရှာမတွေ့တော့။ တစ်ခုခု တော့ မှားနေပြီ။

"ဟုတ်ပါပြီကွာ၊ အဲဒီတော့ မင်းတို့ ကျေနပ်အောင် ငါဘာလုပ်ပေးရမလဲ သာပြောပါ"

"ဟင်း ... ဟင်း ... ကောင်းပြီ လေ။ ခင်ဗျားမုဒိမ်းကောင်ဘဝနဲ့ ထောင် ထဲမဝင်ချင်ဘူးဆိုရင်တော့ ကျုပ်က တခြားနည်းလမ်းတစ်ခုကို စဉ်းစားပြီး ခင်ဗျားအပြစ်တွေကို ကျေအေးပေးရမှာ ပေါ့။ ကဲ ... ရပ်ကွက်လူကြီးတွေ အမြင် ပဲနော်"



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဝင်းက နောက်တွင်ရပ်နေသော လူကြီးနှစ်ယောက်ကို လှည့်ပြောလိုက်သေးသည်။

"အေးလေ ... အဲဒါတော့ မင်းတို့ဘာသာ ညှိကြပေါ့။ မင်းတို့အဆင်ပြေရင်ပြီးတာပဲ၊ ငါတို့ ရုံးသွားနှင့်မယ်။ မင်းတို့ညှိပြီးရင် အနောက်ကလိုက်ခဲ့ကြ"

ပြောပြောဆိုဆို ထိုလူကြီးနှစ်ယောက်က အိမ်ပေါ်မှဆင်းသွားကြသည်။

"ကဲ ... ဦးမြင့်အောင်၊ ခင်ဗျားကို ကျုပ်ပြောမယ်နော်။ ဒီကိစ္စကို ဘယ်သူမှ မပေါက်ကြားစေချင်ဘူးဆိုရင်၊ မှုဒိမ်းမှုနဲ့ ထောင်ထဲမဝင်ချင်ရင် ကျုပ်တောင်းတဲ့ ပိုက်ဆံကို ခင်ဗျားပေးဖို့ ပြင်ထားပေတော့"

"ကောင်းပြီလေ။ မင်းကို ငါ ဘယ်လောက်ပေးရမလဲ"

"၁၀၀ ... သိန်း၁၀၀၊ ကြားတယ်နော်"

"ဘာ ... သိန်း ၁၀၀ ဟုတ်လား။ မင်း ... မင်း"

"ခင်ဗျား ဒီထက်မက ချမ်းသာတယ်ဆိုတာ ကျုပ်တို့သိတယ်။ ခင်ဗျားအတွက် ဒီငွေက ဘာမှမဖြစ်လောက်ပါဘူး။ ဒီတော့ ခင်ဗျားပေးဖို့သာ စဉ်းစားထား။ ကျုပ်တို့တောင်းဆိုတာကို မပေးရင်တော့ ... ဟင်း ... ဟင်း ... ပတ်ဝန်းကျင်မှာ ဦးမြင့်အောင်ဆိုတာ ကြာကူလီ၊ လူယုတ်မာ၊ မုဒိမ်းကောင်"

ဦးမြင့်အောင် ဒေါသတွေ၊ မခံချင်စိတ်တွေဖြင့် အသားတွေ တဆတ်ဆတ်တုန်လာသည်။ ဒါဟာ လှည့်ကွက်တစ်ခုဆိုတာကိုလည်း ကောင်းကောင်းသဘောပေါက်လိုက်သည်။ ဘာဖြစ်လို့လဲဆိုတော့ ကျော်ဝင်းအပြောတွေ၊ အပြုအမူတွေ၊ ကျော်ဝင်းဘေးနားရပ်နေသော ငယ်ငယ်စိုး၏ မျက်နှာပေးတွေက မင်းသားချပ်ကိုခွာချလိုက်သော စစ်မှန်သော လူလိမ်ရုပ်အဖြစ် ပီပီပြင်ပြင် ပေါ်လာနေကြပြီ။

"တော်စမ်း ... ကျော်ဝင်း။ ဒါမင်းတို့ရဲ့ လိမ်ဆင်ကြီးဆိုတာ ငါသိသွားပြီ။ မင်းတို့ တော်တော်ယုတ်မာတဲ့လင်မယား။ လူလိမ်လင်မယား"

ကျော်ဝင်း၏စပ်ဖြဲဖြဲမျက်နှာက ချက်ချင်းတည်  ့ သည်။

"ခင်ဗျား ကျုပ်တို့ကို ဘာမှပြောစရာမလိုဘူး။ ခင်ဗျားဆုံးဖြတ်ရမှာက နှစ်နည်းပဲရှိတယ်။ ကျုပ်တို့နဲ့ ရပ်ကွက်ရုံးကိုလိုက်ပြီး မုဒိန်းအကောင်အဖြစ်ထောင်ထဲဝင်မလား။ ပိုက်ဆံ သိန်း ၁၀၀ ပေးပြီး အေးအေးဆေးဆေးအိမ်ပြန်မလား။ ဒါပဲ"

ဦးမြင့်အောင် ခေါင်းငိုက်စိုက်ကျလေပြီ။ သူတစ်ပါးမယားအပေါ် ပြစ်မှားမိခဲ့သော အမှု၊ သာယာမှုနောက်ကို ကောက်ကောက်ပါခဲ့သောအမှု၊ သူတစ်ပါးကို အယုံလွယ်လွန်းသော၊ ကိုယ့်ကိုယ်ကို အထင်ကြီးမိသော အမှုတို့က သူ့ကို အကျဉ်းအကျပ်ထဲသို့ တွန်းပို့ခဲ့လေပြီ။ အခုမှတော့ ဘာမှမတတ်နိုင်တော့။ သူတို့ ပြောသလိုသာ သူလုပ်ရတော့မည်။ ဦးမြင့်အောင် နောင်တကြီးအကျယ်ရလျက် သူ့အိတ်ထဲမှ ဘဏ်ချက်လက်မှတ်တစ်ခုကိုထုတ်ပြီး သိန်း ၁၀၀ ကို လက်မှတ်ထိုးပေးလိုက်ရသည်။

ကျော်ဝင်းတို့ လင်မယားနှစ်ယောက်မျက်နှာပေါ်တွင် ဝမ်းမြောက်ဝမ်းသာခြင်းတွေက မဖုံးနိုင် မဖိနိုင် လျှံကျလာသည်ကို နာကြည်းစွာ သူတွေ့မြင်လိုက်ရသေးသည်။ ဦးမြင့်အောင်၏ အပြန်လမ်းသည် မျက်ရည်များပင် ကျမိသည်အထိ ရှက်ခြင်း၊ မခံချိမခံသာဖြစ်ခြင်းတို့ဖြင့် ပူလောင်လွန်းလှသည်။

× × × × ×

ဦးမြင့်အောင် ဒီနေ့ထုတ် သတင်းစာမှ မှုခင်းသတင်းတစ်ပုဒ်ကို ဖတ်ရင်းလွန်ခဲ့သောသုံးနှစ်မှ အဖြစ်အပျက်များကိုတစ်ကွက်ချင်း ပြန်မြင်ယောင်လာသည်။ ရာဇဝတ်ဘေး ပြေးမလွတ်ဆိုတဲ့ စကားသည် သိပ်မှန်ကြောင်း အခုသူလက်တွေ့သိလိုက်ရပြီ။

သူ့လက်ထဲမှ သတင်းစာထဲတွင် ပါသော လူလိမ်လင်မယားက သူ့ကိုပိပိရိရိ လိမ်ညာလှည့်ဖျားပြီး သိန်း ၁၀၀ ယူသွားသော ကျော်ဝင်းတို့လင်မယားပုံ။ မြို့တကာ နယ်တကာပတ်၍ လိမ်လည်လှည့်ဖြားပြီး သူတစ်ပါးပိုက်ဆံတွေကို ညာယူနေသော လူလိမ်လင်မယား ဖမ်းမိပြီဆိုသော မှုခင်းသတင်းလေးက ဦးမြင့်အောင်ကို သင်ခန်းစာတွေ အများကြီးပေးနေပါသည်။

သူတစ်ပါးမယားကို အချောင်လိုချင်သောစိတ်၊ သူတစ်ပါးကိုအယုံလွယ်ကိုယ့်ကိုယ်ကိုအထင်ကြီးနေသော စိတ်တွေက သူ့ကို နောင်တတွေ တစ်ပုံကြီး ရစေသည်။ အခုတော့ ဦးမြင့်အောင်ဘေးတွင် သူနှင့် အသက်မတိမ်းမယိမ်းရှိသော ဣန္ဒြေသိက္ခာရှိသည့် မျိုးကောင်း၊ မှိုးကောင်း အမျိုးသမီးလေးတစ်ယောက် အတည်တကျရှိနေခဲ့ပြီ။ သူမက သူ့ရဲ့ တရားဝင်လက်ထပ်ယူထားသော ချစ်ဇနီးချောလေးပေါ့။ သူမကို ဒီအဖြစ်အပျက်တွေ ပြန်လည်ပြောပြဖို့ အခုချိန်မှာ အင်အားမရှိသေးပါ။ သို့ပေမဲ့ တစ်ချိန်ချိန်၊ သူ့ကို အမှန်တကယ် နားလည်ပေးနိုင်သည့်နေ့တစ်နေ့မှာတော့ သူဒီအကြောင်းတွေကို ဖွင့်ပြောပြဖို့ ဆုံးဖြတ်ထားပါသည်။

ရွှေပိုးအိမ်



www.burmeseclassic.com

www.burmeseclassic.com

# လူရော တိရစ္ဆာန်ပါသတ်တဲ့ မူးယစ်ဆေး

ခင်မောင်ထွန်း(လမ်းမတော်)

နံပါတ်ဖိုး(ခ)ဘိန်းဖြူ စတင်ပေါ်ပေါက်ကာစအချိန်က ဖြစ်ပါတယ်။ နယ်စပ်တစ်နေရာက ဘိန်းဖြူကို ရန်ကုန်သို့ လျှို့ဝှက်သယ်ဆောင်လာသူက ရန်ကုန်ရှိ ဖြန့်ဖြူးပေးနေသူထံ ချက်ချင်းအပ်ပါတယ်။ ဖြန့်ဖြူးသူက သုံးစွဲနေသူတွေထဲမှ စိတ်အချရဆုံးသူများကို ဆက်သွယ်မှာကြားထားပြီး ချက်ချင်း ဆိုသလို ဖြန့်၍ရောင်းချပါတယ်။ အဲဒီဂိုဏ်းတစ်ဂိုဏ်းကို ရဲတပ်ဖွဲ့မှ သတင်းအတိအကျ ရရှိထားခဲ့ပါတယ်။

နယ်စပ်တစ်နေရာမှ ရန်ကုန်သို့ လျှို့ဝှက်သယ်ဆောင်လာသူကို ပစ်မှတ်(၁)လို့ပဲ သုံးပါရစေ။ သူ့ထံ ချက်ချင်း ယူ၍ သုံးစွဲသူများထံ ထပ်ဆင့်ရောင်းချ ဖြန့်ဖြူးသူကို ပစ်မှတ်(၂)ပေါ့။ သုံးစွဲနေသူများကို ပစ်မှတ်(၃) စသည်ဖြင့် ခေါ်ကြပါစို့။ ရရှိထားတဲ့ သတင်းအတိုင်း ရဲတပ်ဖွဲ့များကို ရပ်ကွက်လူကြီးများ အကူအညီနဲ့ လျှို့ဝှက်ပြီး ပစ်မှတ်အလိုက် တာဝန်ချထား စောင့်ကြည့်စေခဲ့ပါတယ်။

သတင်းရထားတဲ့အတိုင်း ပစ်မှတ်(၁)ဟာ ရန်ကုန်ရှိ ၎င်းနေအိမ်သို့ ရောက်လာခဲ့ပါတယ်။ ပစ်မှတ်(၂)က အသင့်စောင့်ဆိုင်းနေရာမှ ချက်ချင်း ငွေချေပြီး ပစ္စည်းယူကာ ၎င်းအိမ်သို့ ယူသွားခဲ့ပါတယ်။ ပစ်မှတ်(၃)ရဲ့ တပည့်တစ်ဦးက ပစ်မှတ်(၂)အလာကို စောင့်နေပါတယ်။ ရောက်လာတာနဲ့ ငွေချေပြီး ပစ်မှတ်(၃)၏ နေအိမ်ကို တန်းယူသွားသည်။ ပစ်မှတ်(၃)က နေအိမ်မှာပဲ ပြုပြင်ထားသော စီးကရက်နှင့် အသင့်စောင့်နေပါတယ်။

ပစ်မှတ်(၃)က ငွေကြေးတတ်နိုင်သူ၊ ဘိန်းဖြူ မသုံးဘဲ မနေနိုင်အောင် စွဲနေသူ ဖြစ်ပါတယ်။ တပည့်ဖြစ်သူ ရောက်လာသည်နှင့် စီးကရက်ကိုရှူပြီး ဘိန်းဖြူအရသာကို ခံပါတယ်။ သူတို့လုပ်ရပ်တွေက အချိန်ကိုက်လုပ်ရပ်တွေပါ။ ဆက်သွယ်မှု မြန်ဆန်ပါတယ်။ တိကျပါတယ်။ အသင့်ရှိနေတဲ့ ရဲတပ်ဖွဲ့ဝင်များက ရပ်ကွက်လူကြီးများ အကူအညီနဲ့ ပစ်မှတ်(၁)၊ ပစ်မှတ်(၂)၊ ပစ်မှတ်(၃)တို့ကို အချိန်နဲ့ တစ်ပြေးညီ ဝင်ရောက်ရှာဖွေ ဖမ်းဆီးနိုင်ခဲ့ပါတယ်။

ပစ်မှတ်များကို ဘိန်းဖြူများနဲ့ လက်ပူးလက်ကြပ်ဆိုသလို ဖမ်းဆီးရမိခဲ့ပါတယ်။ ပစ်မှတ်(၁)နဲ့ ပစ်မှတ်(၃) တို့ဟာ ကိုယ်တိုင်လည်းသုံး၊ ရောင်းတဲ့အလုပ်တွေကိုလည်း လုပ်နေကြသူများ ဖြစ်ကြပါတယ်။ ပစ်မှတ်(၃)ကတော့ ကိုယ်တိုင်သုံးသူပါ။ သူတို့အိမ်တွေကလည်း သိပ်ပြီးဝေးကွာတဲ့ အနေအထား မရှိတော့ အချိန်နဲ့တစ်ပြေးညီ ဖမ်းဆီးရမိခဲ့ပါတယ်။

စာရေးသူတင်ပြချင်တာ ဘိန်းဖြူဟာ လူသားကို စွဲလမ်းစေသည်မဟုတ်၊ သက်ရှိသတ္တဝါအားလုံးကိုပါ စွဲလမ်းစေတယ်ဆိုတာကို အဲဒီအဖြစ်အပျက်က တွေ့ရှိချက်



www.burmeseclassic.com

www.burmeseclassic.com

သာဓကတစ်ခုကို တင်ပြလိုတာပါ။ ပစ်မှတ်တွေလည်း ထောင်ကျပြီး သူတို့ဂုဏ်သိက္ခာ ထောက်ထားပြီး အမည်နဲ့ လိပ်စာကိုတော့ ချန်လှပ်ခဲ့ပါတယ်။

ပစ်မှတ်(၃)နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့တဲ့ ရဲအရာရှိရဲ့ တင်ပြချက်အရ ပစ်မှတ်(၃)ဟာ တပည့်ယူလာတဲ့ ဘိန်းဖြူကို အသင့်စောင့်နေရာက တပည့်လည်း ရောက်လာရော စီးကရက်ကို မီးညှိပြီး အားပါးတရ ဖွာရှိုက်လိုက်ပါတယ်။ အဲဒီအချိန်မှာ မျက်နှာကျက်ပေါ်က အိမ်မြှောင် ၇ ကောင်ဟာ တက်လာတဲ့ မီးခိုးတွေကို လည်ပင်းကော့ပြီး ရှူရှိုက်တာကို တွေ့မြင်ခဲ့ရတယ်လို့ ဆိုပါတယ်။ ပစ်မှတ်(၃)ဟာ အလုပ်သွားလုပ်ရင်း နေ့လယ်(၁)နာရီနဲ့ (၂)နာရီကြားမှာ အိမ်ကို ပြန်လာလေ့ရှိပါတယ်။ အိမ်ရောက်ရင် ဘိန်းဖြူ ရောထားတဲ့ ဆေးလိပ်သုံးလိပ် နေ့စဉ်သောက်တယ်လို့ ဆိုပါတယ်။ အဲဒီအချိန်ရောက်ရင် မျက်နှာကျက်ပေါ်က အိမ်မြှောင်တွေ စုပြီး တက်လာမယ့် မီးခိုးတွေရဲ့ အနံ့ကို နေ့စဉ် ရှူမိရာက သူတို့လည်း စွဲသွားပါတယ်။ အချိန်ကျရင် သူတို့လည်း မျက်နှာကျက်ပေါ်က စောင့်မျှော်နေကြတယ်ဆိုတာ တွေ့ခဲ့ရပါတယ်။ အချိန်မှန် မီးခိုးမတွေ့ရရင် သူတို့က အော်ပြီးတောင်း နေကြတယ်လို့ ဆိုပါတယ်။ ပစ်မှတ်(၃)ရဲ့ ဇနီးကလည်း ရိုးသားစွာ အဲဒီအဖြစ်အပျက်ကို ဝန်ခံပြောကြားခဲ့တယ်လို့ သိရပါတယ်။ ရဲအရာရှိတွေလည်း ကိုယ်တွေ့ မြင်ခဲ့ကြရပါတယ်။

တစ်ခါတစ်ရံ ဆေးဝယ်မရလို့ ပြတ်တဲ့အခါ အချိန်ရောက်တဲ့အခါ အိမ်မြှောင်တွေ မျက်နှာကျက်ပေါ် တစာစာ အော်ပြီး တောင်းနေကြတယ် ဆိုတာလည်း ကိုယ်တွေ့ပါပဲလို့ ပစ်မှတ်(၃)ရဲ့ ဇနီးက ပြောပြခဲ့ပါတယ်။

ပစ်မှတ်(၃)ကို ဖမ်းဆီးအရေးယူလိုက်တဲ့အခါ ၇ ရက်လောက်ကြာတော့ အိမ်မြှောင်တွေ မျက်နှာကျက်ပေါ်က တဖြုတ်ဖြုတ် ကြမ်းပေါ်ကျပြီးတော့ သေကုန်ကြတယ်လို့ သိရပါတယ်။

အဲဒီအချိန်မှာ မူးယစ်မှာ ဘိန်းဖြူက အဓိက ကျခဲ့ပါတယ်။ ယခုအချိန်မှာတော့ မူးယစ်အကျိုးဝင်တဲ့ပစ္စည်းတွေ ဆေးဝါးတွေ စုံနေအောင် တရားမဝင်ထုတ်လုပ်လို့ နိုင်ငံတော်က စိစစ်ပြီး မူးယစ်ပါဝင်တဲ့ ပစ္စည်းတွေကို ကြေညာချက် ထုတ်ပြီး အရေးယူလျက် ရှိနေပါတယ်။

ဘိန်းဖြူ ပေါ်ပေါက်ကာစအချိန်က ဘိန်းဖြူစစ်၊ မစစ်ကို စာရေးသူတို့ ချက်ချင်းသိချင်တော့ အမဲသား၊ ဆိတ်သားအစိမ်းပေါ် ဘိန်းဖြူအမှုန့် အနည်းငယ် ဖြူးကြည့်လိုက်ရင် အသားစမှာ မီးလောင်သလို ညှိုမည်းသွားပါတယ်။ အဲဒီအချိန်က အခုလို အလွယ်တကူ စမ်းသပ်နိုင်တဲ့ ပစ္စည်းတွေ မပေါ်သေးပါဘူး။ ဘိန်းဖြူရဲ့ အာနိသင်က အသားကို ချက်ချင်းမီးလောင်သလို ဖြစ်သွားစေပါတယ်။

အဲဒီလိုပြင်းထန်လှတဲ့ ဘိန်းဖြူအပါအဝင် မူးယစ်ဆေးဝါး ပါဝင်တဲ့ ပစ္စည်းတွေဟာ လူကို စွဲလမ်းဒုက္ခပေးပြီး အသက်ပါ ယူငင်သွားနိုင်သလို ဆက်စပ်နေတဲ့ သက်ရှိသတ္တဝါဖြစ်တဲ့ တိရစ္ဆာန်တွေကိုပါ အထက်က တင်ပြတဲ့အတိုင်း စွဲလမ်းပြီး အသက်ပါ ဆုံးရှုံးစေတယ်ဆိုတာ စာရေးသူတို့ လက်တွေ့သိမြင်ခဲ့ရသလို စာဖတ်သူများလည်း သိရှိဗဟုသုတ ဖြစ်စေပါတယ်။

ဒါကြောင့် နိုင်ငံတော်အစိုးရက ဥပဒေကြေညာချက်တွေထုတ်ပြီး တားဆီးကာကွယ်ခဲ့သလို ဘိန်းစွဲနေသူတွေကိုလည်း မှတ်ပုံတင်စေပြီး ပြန်လည်ထူထောင်ရေးစခန်းတွေ နေရာအနှံ့ဖွင့်၍ ကုသပေးလျက်ရှိတယ်။ ဘိန်းစိုက်သူတွေကိုလည်း အခြားသီးနှံတွေ စိုက်ပျိုးစေကာ စီမံချက်များ ချမှတ်ကာ ဆောင်ရွက်ပေးလျက် ရှိနေပါတယ်။ မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါး လုံးဝကင်းစင်တဲ့ နိုင်ငံအဖြစ် နိုင်ငံတော်က စီမံကိန်းကြီးများ ချမှတ်ကာ ကြိုးစားဆောင်ရွက်နေတာကိုလည်း ကုလသမဂ္ဂအဖွဲ့အစည်းများနဲ့ အမှန်ကို နားလည်တဲ့ နိုင်ငံအချို့က ထောက်ခံအားပေးကြပါတယ်။ စာဖတ်သူများနဲ့ ပြည်သူတစ်ရပ်လုံးကလည်း မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးအမြင်ဖြင့် ပါဝင်တိုက်တွန်းဖို့ တိုက်တွန်းတင်ပြအပ်ပါတယ်။

ခင်မောင်ထွန်း(လမ်းမတော်)



www.burmeseclassic.com

www.burmeseclassic.com

# သက်သေခံဥပဒေကပြောသော နှစ်ပေါင်းသုံးဆယ်

✷ ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)

ကျွန်တော်က အပေါင်းအသင်းများအကြားတွင် ရယ်မောဖွယ်ရာ ပြောသည့်အခါ ကျွန်တော်တို့ အလုပ်က ဆုတောင်းစရာ မလိုပါဘူး။ လူတွေက ဒေါသ၊ လောဘ၊ မောဟ၊ မာနတွေ ထုပြောနေသမျှ မှုခင်းတွေ ရှိနေကြမှာ ပါလို့ ဆိုလေ့ရှိသည်။ ကျွန်တော်၏ အဆိုကို မည်သူမျှ မငြင်းနိုင်ကြပေ။ ရယ်မောကြရင်းသာ ဝန်ခံကြပေသည်။ စာရှုသူကော ငြင်းနိုင်ပါမည်လား။ ကျွန်တော် စိန်ခေါ်လိုက်ပါ၏။ ကျွန်တော့်လက်ရှိ လိုက်ပါဆောင်ရွက်နေသော မှုခင်း တစ်ခုတည်းဖြင့် သက်သေပြနိုင်ပါသည်။ ထိုမှုခင်းကား နေအိမ်ရှေ့ ခြံစည်းရိုးကာရံထားသော ဝါးလုံးဆွေးကို ဖျက်ဆီးခံရသည့်အတွက် စွဲဆိုမှု ဖြစ်ပေသည်။

လူကြီးမင်း နှစ်ပေါင်း ၃၀ ကျော်က အရပ်စာချုပ်ဖြင့် ရောင်းချခဲ့ပြီးသည့် မြေကို ယနေ့ကာလတွင် လူကြီးမင်း ဝယ်ယူစဉ်က ချုပ်ဆိုခဲ့သော မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အား မီးခံသေတ္တာတွင်းမှ တွေ့ရှိသည်ဆိုပါစို့။ လူကြီးမင်း ဘာလုပ်မည်နည်း။ လူကြီးမင်း ပိုင်ဆိုင်ကြောင်း အထောက်အထားအခိုင်အခံ့ လက်ဝယ်ရှိနေသည်။ ထိုမြေပေါ်တွင်လည်း နေထိုင်ကြသူများသည် နှစ်ပေါင်း ၃၀ ကျော် ရှိနေချေပြီ။

မြေလက်ရှိဖြစ်သူထံမှ မြေကို ရလိုသူသည် လက်ရှိဖြစ်သူထက်သာသော ပိုင်ဆိုင်မှုရှိကြောင်း သက်သေပြရမည် ဖြစ်သည်။ ထိုအချက်အတွက် အရောင်းအဝယ်စာချုပ်ကြီး လက်ဝယ်ရှိနေသည်။ မြေပေါ်နေသူတို့၏ လက်ဝယ်တွင် ထိုမြေနှင့်ပတ်သက်၍ အထောက်အထား လက်နက်များ ရှိမရှိ သိရှိရန်လိုအပ်ပေသည်။

မောင်ကျော်ဖုံနှင့် မမင်းဖြူပါ-၂ (၁၉၇၂-၉၆၊ 2. UBR. 366) စီရင်ထုံးတွင် မြေကို လက်ရှိဖြစ်သူထက်သာသော ပိုင်ဆိုင်မှုရှိကြောင်း သက်သေထင်ရှားပြရမည်။ ထိုသူသည် အဆိုပါ ပိုင်ဆိုင်ခွင့်ကို သက်သေထင်ရှား ပြသနိုင်သည်။ မဟုတ်လျှင် လက်ရှိဖြစ်သူသည် ဆက်လက်၍ လက်ရှိထားမြဲ ထားပိုင်ခွင့်ရှိသည်ဟု ထုံးဖွဲ့ထားသည်ကို တွေ့ရသည်။

ကျွန်တော်တို့ တရားခွင်များတွင် လက်လွှတ်၍မရသော ဥပဒေကို ပြပါဆိုလျှင် ''သက်သေခံဥပဒေ''ကိုသာ ညွှန်ပြကြပေမည်။ ပြစ်မှုဖြစ်စေ၊ တရားမမှုဖြစ်စေ ကျွန်တော်တို့အတွက် သက်သေခံဥပဒေကား အရေးပါလှ၏။ နှစ်ပေါင်း ၃၀ ကျော် မြေလက်ဝယ်ရှိသူအား ထိုမြေကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်သူက တရားစွဲဆိုလာသောအခါ ကျွန်တော်သက်သေခံဥပဒေကို အရေးတကြီး ပြန်လှန်ရသည်။ ပုဒ်မ-၉၀ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရ၏။

''နှစ်ပေါင်းသုံးဆယ် ကြာမြင့်ပြီဟု အဆိုရှိသော၊ သို့မဟုတ် ထိုမျှကြာမြင့်ကြောင်း သက်သေထင်ရှားသော စာတမ်းအမှတ်အသားကို သက်ဆိုင်ရာ အမှုကိစ္စအတွက် သင့်လျော်သည်ဟု တရားရုံးက ထင်မြင်ယူဆသည့်အတိုင်း ထိန်းသိမ်းထားရာမှ တင်ပြလျှင် တစ်ဦးတစ်ယောက်၏ လက်ရေးနှင့်ဖြစ်သည်ဟု အဆိုရှိသော ထိုးမြဲလက်မှတ်နှင့် အဆိုပါ စာတမ်းအမှတ်အသား၏ အခြားအစိတ်အပိုင်း အသီးသီးမှာ ထိုသူ၏ လက်ရေးဖြစ်သည်ဟု တရားရုံးက မှတ်ယူနိုင်သည်။ ထို့ပြင် ချုပ်ဆိုထားသော၊ သို့မဟုတ် အသိသက်သေ လက်မှတ်ရေးထိုးထားသော စာတမ်း အမှတ်အသားဖြစ်လျှင် ထိုစာတမ်းအမှတ်အသားကို ချုပ်ဆို၍ အသိ



www.burmeseclassic.com

www.burmeseclassic.com

သက်သေအဖြစ် လက်မှတ်ရေးထိုးသည်ဟု အဆိုရှိသောသူများက နည်းလမ်းတကျချုပ်ဆိုသည်၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးသည်ဟု တရားရုံးကမှတ်ယူနိုင်သည်။"

ပြဋ္ဌာန်းချက် အတိအကျကို စာရှုသူအား စေတနာ ပိုမိခြင်းဖြစ်သည်။ ပြဋ္ဌာန်းဥပဒေ၏ ဥပမာဖြင့် ပိုမိုရှင်းလင်း၏။ သက်သေခံဥပဒေသည် ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းသို့ ၁၈၇၂ ခုနှစ်၊ အိန္ဒိယအက်ဥပဒေအမှတ်-၁ မှ ဆင်းသက်ရှင်သန်စေခြင်းဖြစ်၍ မူရင်း အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားခြင်း ဖြစ်ပေသည်။ ထိုအချိန်က ကျွန်တော်တို့ မြန်မာနိုင်ငံသည်လည်း အိန္ဒိယနိုင်ငံနှင့်အတူ အင်္ဂလိပ်ကိုလိုနီ ကျွန်ဘဝ ကျရောက်လျက်ရှိသည်ကို မမေ့သင့်ပေ။ ထိုပြဋ္ဌာန်းချက်မှ ဥပမာများကဏ္ဍတွင် A has been in possession of landed property for a long time. He produces from his custody deeds relating to the land. Showing his titles to it. The custody in proper. ဟု ဖော်ပြထားသည်။

ဥပမာပေးချက်၏ ဆိုလိုရင်းမှာ "အေသည် ကာလရှည်လျားစွာ မြေကို လက်ရှိဖြစ်သည်။ ထိုမြေနှင့်စပ်လျဉ်း၍ ၎င်းပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်းများကို ၎င်းထိန်းသိမ်းထားရာမှ တင်ပြသည်။ ဤကဲ့သို့ ထိန်းသိမ်းထားခြင်းမှာ သင့်လျော်သော ထိန်းသိမ်းထားခြင်းဖြစ်သည်"ဟုဆိုပေသည်။

နှစ်ပေါင်းသုံးဆယ် ကြာမြင့်ပြီးသော စာချုပ်စာတမ်းများကို ရှေးကျသော စာတမ်းအမှတ်အသားများ (Ancient documents) ဟု ခေါ်လေ့ရှိကြသည်။ ဤသို့ နှစ်ပေါင်းကြာမြင့်သော စာချုပ်စာတမ်းများကို သက်သေခံတင်ပြရာတွင် စာချုပ်ချုပ်ဆိုသူ၊ အသိသက်သေ၊ လက်မှတ်များအား သက်သေထူရန် လွယ်ကူလှသည်မဟုတ်ပေ။ သို့ဖြစ်၍လည်း သက်သေခံဥပဒေ ရေးသားသူတို့က အမြော်အမြင်ကြီးစွာဖြင့် ပုဒ်မ-၉၀ ကို ပြဋ္ဌာန်းပေးထားခြင်းဟု ယူဆမိပေသည်။

ကျွန်တော်သည် သက်သေခံဥပဒေပုဒ်မ-၉၀ ဖတ်ရှုပြီးနောက် ပုဒ်မ-၁၁၀ ကို ကျော်ဖတ်၏။ ပုဒ်မ-၁၁၀ တွင် ပိုင်ရှင်နှင့် ပတ်သက်၍ သက်သေခံတင်ပြရန် တာဝန်ကို ပြဋ္ဌာန်းထားသည်။ "ပစ္စည်းတစ်စုံတစ်ရာသည် လူတစ်ဦးတစ်ယောက်၏ လက်ရှိတွင်ဖြစ်ကြောင်း ထင်ရှားလျှင် ထိုသူသည် ပစ္စည်းပိုင်ရှင် ဟုတ်/မဟုတ်ဆိုသော ပြဿနာဖြစ်သည့်အခါ ထိုသူသည် ပိုင်ရှင်မဟုတ်ကြောင်း သက်သေခံတင်ပြရန် တာဝန်မှာ ပိုင်ရှင်မဟုတ်ဟု ပြောဆိုသူအပေါ်တွင် ရှိသည်"ဟု တွေ့ရှိရသည်။

ဆိုလိုသည်မှာ ပစ္စည်းလက်ရှိဖြစ်သူသည် ပိုင်ရှင်ဖြစ်သည်ဟု ယူဆခြင်းဖြစ်ပေသည်။ လက်မဲ့ဖြစ်သူက သက်သေထင်ရှားပြရန်ရှိကြောင်း ပြဋ္ဌာန်းထားခြင်းဖြစ်ပေသည်။

မောင်မင်းဒင်နှင့် မောင်အုံးရိုင် (၁၈၉၇-၀၁၊ အတွဲ-၂၊ အထက်မြန်မာပြည်စီရင်ထုံး-၄၂၁)တွင် သက်သေခံဥပဒေပုဒ်မ-၁၁၀ အရ မြေကို လက်ရောက်ရလိုမှု စွဲဆိုသောအမှုတွင် ပိုင်ရှင်ဖြစ်ကြောင်း သက်သေခံတင်ပြရန် တာဝန်မှာ လက်မဲ့ဖြစ်သူအပေါ်တွင် ကျရောက်သဖြင့် လက်မဲ့ဖြစ်သူက ပိုင်ရှင်ဖြစ်ကြောင်း သက်သေခံတင်ပြခြင်းမပြုနိုင်လျှင် လက်ရှိဖြစ်သူက ပိုင်ဆိုင်ခွင့်ကို သက်သေခံတင်ပြခြင်း ပြုစေကာမူ အမှုတွင် အနိုင်မရနိုင်ဟု ဆုံးဖြတ်ခဲ့ပေသည်။

အလားတူ ဦးအောင်သိန်းနှင့် ဒေါ်အမ (၁၉၇၁၊ မတစ-၁၃၇) စီရင်ထုံးတွင် မြေကို လက်မဲ့ဖြစ်သူက လက်ရှိဖြစ်သူအား ဖယ်ရှားပေးရန် တရားစွဲဆိုသည်။ လက်မဲ့ဖြစ်သူသည် မြေကို ပိုင်ဆိုင်ကြောင်း ထင်ရှားအောင် သက်သေထူရန် တာဝန်ရှိပေသည်။ မြေကို လက်ရှိဖြစ်သူက ၎င်း၏ပိုင်ဆိုင်ခွင့်ကို ထင်ရှားအောင် မပြနိုင်ကာမျှဖြင့် လက်မဲ့ဖြစ်သူသည် ထိုမြေကို ပြန်မရနိုင်။ လက်ရှိဖြစ်သူတွင် ပိုင်ဆိုင်ခွင့်ရှိကြောင်း တင်ပြရန် တာဝန်မရှိချေဟု ဝေဖန်သုံးသပ်ဆုံးဖြတ်ထားသည်ကိုလည်း တွေ့ရှိရပေသည်။

တရားလိုသည် မည်မျှတာဝန်ကြီးလေးသည့်အကြောင်းကို စာရှုသူတို့ ရိပ်မိနိုင်ပေပြီ။ ကျွန်တော်သည် ဖတ်ရှုမိသမျှသော ဥပဒေပြဋ္ဌာန်းချက်စီရင်ထုံးများဖြင့် လက်ရှိဖြစ်သူနှင့် လက်မဲ့ဖြစ်သူတို့၏ တာဝန်ကို တင်ပြခဲ့၏။ အချို့သောသူတို့သည် အချိန်ကို မလေးစားကြ။ ဂရုမပြုကြ။ အချိန်၏တန်ဖိုး တစ်စိတ်တစ်ပိုင်းကိုလည်း နှစ်ပေါင်းသုံးဆယ်ဖြင့် သတိပြုမိကြအံ့ဟု ထင်သည်။

ကျွန်တော်သည် သက်သေခံဥပဒေမှ ပြောသော နှစ်ပေါင်း ၃၀ ဖြင့် စာရှုသူတို့အား ဥပဒေသုတ ဝေငှခဲ့ပါသည်။ တရားတစ်ထုံး စွဲဆိုလိုပါကလည်း သတိပြုနိုင်ဖွယ်များကို ဆင်ခြင်နိုင်ကြလိမ့်မည်ဟု ယူဆမိပါသတည်း။

**ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)**



www.burmeseclassic.com

www.burmeseclassic.com

# မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ

စလင်း-ဦးအောင်သိန်း

ပြဋ္ဌာန်းဥပဒေများ၊ စီရင်ထုံးများ၊ ဆုံးဖြတ်ချက်များ၊ တရားခွင်တွင် တွေ့ရှိရမှုများကို ရှုထောင့်အသီးသီးမှ ဥပဒေပညာရှင်များ၊ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရှေ့နေရှေ့ရပ်များ ရေးသားတင်ပြနေကြသည်ကို ဖတ်ရှုရပါသည်။ စာရေးသူအတွက် ပညာရပါသည်။ မသိသေးသည်များ သိလာရသည့်အတွက် ကျေးဇူးများပါသည်။ စာရေးသူအား သာမန်စာဖတ်ပရိသတ်အတွက် ဥပဒေဗဟုသုတ ပညာပေးဆောင်းပါးများ "များများရေးပါဆရာ"ဆိုပြီး တိုက်တွန်းသူများ ရှိပါသည်။ အချို့ရေးဖော်များကလည်း ဂျာနယ်တိုက်၊ စာပေတိုက်များသို့ ဆက်သွယ်ပို့ပေးမည်ဟု ဆိုလာပါသည်။ "ဟုတ်ကဲ့" ဟုသာ ခေါင်းညိတ်ခဲ့ပြီး လက်တွေ့တွင် မပေးနိုင်ခဲ့ပါ။ စာရေးသူအား လူငယ်ရှေ့နေ မောင်မယ်လေးများက "ပြစ်မှုနဲ့ ပတ်သက်ပြီး စာအုပ်ထုတ်ပါ"ဟု တောင်းဆိုမှုများ ရှိပါသည်။ "လက်တွေ့ တရားမမှုလိုက်ပါနည်း" စာအုပ်ထုတ်ဝေခဲ့ပြီးနောက် ထိုသို့ တောင်းဆိုလာခြင်း ဖြစ်ပါသည်။ လုပ်ငန်းခွင်ဝင်စ လူငယ်မောင်မယ်လေးများမှာ ထုံးစံအတိုင်း ရာဇဝတ်မှုလေးများသာ အများအားဖြင့် လိုက်ပါကြရပါသည်။ သူတို့၏ တောင်းဆိုချက်ကိုလည်း မဆောင်ရွက်နိုင်သေးပါ။ ဆောင်ရွက်ရန် အစီအစဉ်တော့ ရှိပါသည်။

ပြီးခဲ့သောနှစ်က "သိမှတ်ဖွယ်ရာ တရားမမှုခင်းများ" စာအုပ်ကို ထုတ်ဝေခဲ့ရာ ဝယ်ယူအားပေးသူများသဖြင့် ဖြည့်စွက်ပြီး ဒုတိယအကြိမ် ထုတ်ဝေခဲ့ရပါသည်။ လူငယ်ရှေ့နေလေးများသာမက ရှေ့နေကြီးများပင် ဝယ်ယူအားပေးကြသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်မိပါသည်။

ပြစ်မှုပုဒ်မ-၃၉၂၊ ၁၀၂(၁)(ခ)ဖြင့် စွဲချက်တင်ခံရပြီး ပြစ်မှုပုဒ်မ-၃၉၂ အရသာ ပြစ်ဒဏ်ချမှတ်ခံခဲ့ရသော မောင်နေလင်းအမှုနှင့် ပတ်သက်၍ ယခင်ထုတ်ပြန်ခဲ့ပြီးဖြစ်သော စီရင်ထုံးဟောင်းများ‌ကို လိုက်နာ၍ ဆုံးဖြတ်ခဲ့ကြောင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းမပြုသည့် စွဲချက်အတွက် အပြီးအပြတ် လွှတ်ခြင်းဖြစ်ကြောင်း တင်ပြခဲ့ပါသည်။ မောင်နေလင်းအမှုတွင် လိုက်နာခဲ့သော စီရင်ထုံးဟောင်းများကို ဆွေးနွေးတင်ပြပါမည်။

မောင်ထွန်းလွင်၊ မောင်တင်ဌွေ၊ မောင်တင်အေး၊ မောင်ချစ်သိန်းတို့သည် ဦးဘခင်ခြံမြေထဲ ဝင်ရောက်၍ တဲများဆောက်ခြင်း၊ ရိုက်နှက်ခြင်းတို့ပြုသဖြင့် တောင်စွန်းမြို့ ရာဘက်မြို့နယ် ရာဇဝတ်တရားသူကြီးရုံးက ပုဒ်မ-၄၄၇/၃၂၅ အရ မောင်ထွန်းလွင်တို့အား စွဲချက်တင်စစ်ဆေးခဲ့ပြီး အပြီးသတ်အမိန့်ချမှတ်ရာတွင် ပုဒ်မ-၃၂၅ အရ ပြစ်မှုကျူးလွန်ကြောင်း မထင်ရှားသဖြင့် ပုဒ်မ-၄၄၇ အရသာ ပြစ်ဒဏ်စီရင်ခဲ့သည်။

ဦးဘခင်က ပြစ်မှုပုဒ်မ-၃၂၅ အရ ပြစ်ဒဏ်မချမှတ်၍ ဘီးလင်းမြို့ရုံးထိုင် မွန်ပြည်နယ်တရားရုံးသို့ ပြင်ဆင်မှုတင်သွင်းရာ မအောင်မြင်၍ တရားရုံးချုပ်သို့ ပြင်ဆင်မှုတက်ရောက်ခဲ့သည်။ တရားရုံးချုပ်မှ မွန်ပြည်နယ်တရားရုံး၏ အမိန့်မှာ မှန်ကန်နေ၍ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

မွန်ပြည်နယ်တရားရုံးက မည်သို့ဆုံးဖြတ်၍ မှန်သည်ဟု စီရင်ချက်တွင် ဖော်ပြမထားသောကြောင့် အသေးစိတ်မသိရပေ။ စွဲချက်နှစ်ရပ် (ပုဒ်မ-၄၄၇၊ ၃၂၅) ရှိနေရာ စွဲချက်တစ်ရပ်အတွက် ပြစ်ဒဏ်စီရင်ပြီး ကျန်စွဲချက်အတွက် အပြီးအသတ် လွှတ်သည့်အတွက် မကျေနပ်လျှင် ရှေ့နေချုပ်ရုံးမှတစ်ဆင့် တရားရုံးချုပ်သို့ အယူခံဝင်ရောက်ရမည် ဖြစ်ပါသည်။

မွန်ပြည်နယ်တရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခြင်းသည် မှားယွင်းနေပါသည်။ မွန်ပြည်နယ်တရားရုံးက ပြင်ဆင်မှုကို ပလပ်ခြင်းမှာ မှားယွင်းတင်သွင်းသည့်အတွက် ပလပ်ခြင်းလော၊ အမှုတွင် ပေါ်ပေါက်သည့် အကြောင်းခြင်းရာများအပေါ် သုံးသပ်လျက် ပြစ်မှုကျူးလွန်ကြောင်း မပေါ်ပေါက်၍ ပလပ်ခြင်းလော ဆိုသည်ကို မသိရပေ။ စီရင်ထုံးကို ပြည့်ပြည့်စုံစုံ



www.burmeseclassic.com

www.burmeseclassic.com

ထည့်သွင်းသုံးသပ်ခဲ့ပါက ပိုမိုဆီလျော်ကောင်းမွန်ပေလိမ့်မည်။ ၁၉၇၅ ခုနှစ်၊ တရားစီရင်ထုံးများ၊ စာမျက်နှာ ၆၈ တွင် ဖော်ပြပါရှိသည့် အမှုဖြစ်ပါသည်။

စာရေးသူ အတွေ့အကြုံအရ တရားခွင်အတွေ့အကြုံ မရှိသော ဥပဒေဘွဲ့ရသူများ၊ တရားရုံးအသိုင်းအဝိုင်းနှင့် မစိမ်းသူများသည် စွဲချက်ဆိုသည်ကို သိပ်နားမလည်ကြပါ။ ရဲက တရားစွဲတင်ရာတွင် တရားခံအပေါ် အရေးယူထားသည့် ပုဒ်မများကို စွဲချက်ဟု နားလည်မှုလွဲမှားနေပါသည်။ အချို့ တရားရုံးနှင့် အတော်အတန် နီးစပ်သူများက မသိနားမလည်သူများကို ရှင်းပြရာ "ရဲစွဲချက်"ဟု ခေါ်ဝေါ်ရှင်းပြသည်ကို တွေ့ကြုံရပါသည်။ သူတို့အခေါ်လည်း မဆိုးပါ။ အလွယ်နားလည်နိုင်ပါသည်။ တရားလိုနှင့် တရားလိုပြသက်သေများ စစ်ဆေးပြီး ရုံးတော်မှ တရားခံအား မည်သည့်ပုဒ်မကို ကျူးလွန်ကြောင်း စွဲချက်တင်၍ စစ်ဆေးစီရင်ရန် ချမှတ်သည့်အမိန့်ကို ရုံးစွဲချက်ဟု သူတို့က ရှင်းပြကြသည်။ သူတို့အချင်းချင်း ရှင်းပြချက်ကို နားလည်သဘောပေါက်ကြသည်။ ဒါကြောင့်လည်း အရပ်ထဲမှာ လူတွင်ကျယ်လုပ်နိုင်နေခြင်း ဖြစ်သည်။ သူတို့သိသလို ရှင်းပြတော့ အားလုံးနားလည်ကြသည်။ ဥပဒေစကားရပ်တွေနဲ့ ရှင်းပြတော့ နားမလည်ကြ။ သူ့အရပ်နဲ့ သူ့ဇာတ်ဆိုသကဲ့သို့ ဟုတ်တော့ဟုတ်နေသည်။

မဟုတ်လို့ ဘယ်ဖြစ်မလဲ၊ ကိုယ်တွေ့ပဲဟု ဆိုရမည်။ စာရေးသူတို့ ရှေ့နေပေါက်စဘဝ တရားခံအကြံပေးသည်ကို လိုက်နာဆောင်ရွက်ခဲ့ရသည်များကို မှတ်မိနေသေးသည်။ သူတို့က ပြစ်မှုအကြိမ်ကြိမ် ကျူးလွန်ဖူးတော့ အတွေ့အကြုံရင့်နေသည်။ လုပ်ငန်းသဘောအရ ဆရာအခေါ်ခံပြီး လက်တွေ့တွင် တပည့်လုပ်နေရသည်။ ရှေ့နေက ခုခံရေးလမ်းကြောင်း (Line of defence) ရှာမတွေ့။ တရားခံက လမ်းကြောင်းပြပေးတော့မှ တွေ့ပြီး ဆရာကြီးလုပ်ရသည်။ ပဲခူးတိုင်း-ဝေါမြို့နယ်ကုန်းမြို့လေးက ဦးငြိမ်းမောင်၊ ဓား-ဦးသိန်းတို့ဆိုတာ သူတို့က တရားခံမဟုတ်ပေမယ့် အတွေ့အကြုံရင့်သူတွေဆိုတော့ ရှေ့နေရဲ့ နည်းပြတွေပါပဲ။ သူတို့ရဲ့ အကြံဉာဏ်တွေနဲ့ ရှေ့နေပေါက်စဘဝမှာ အတော်လေး လိုက်နာလုပ်ခဲ့ရတာ မှတ်မိနေပါသည်။

ပခုက္ကူမြို့နယ်က အမှုလေး လေ့လာကြည့်ကြဦးစို့။ ၁၉၉၀ ပြည့်နှစ်၊ တရားစီရင်ထုံး၊ စာမျက်နှာ-၄၃ ပါ အမှုဖြစ်သည်။ အမှုဖြစ်စဉ်မှာ ပခုက္ကူမြို့နယ်၊ ကိုင်းကျေးရွာ ဦးဘိုအေး၏အိမ်သို့ အရေးအခင်းကာလက ဘိုးထွားပါ ရှစ်ဦး အပါအဝင် သပိတ်အဖွဲ့ ၁၀၀ ခန့် ဝင်ရောက်လာပြီး ပရိဘောဂများ ရိုက်ချိုးဖျက်ဆီးခြင်း၊ ဝင်ရောက်ရာတွင် တုတ်၊ ဓား၊ လက်နက်များ ကိုင်ဆောင်လာခြင်းတို့ ကျူးလွန်သဖြင့် ဦးဘိုအေးမှ ရဲစခန်းသို့ တိုင်ချက်ဖွင့်ခဲ့သည်။ ပခုက္ကူမြို့နယ် တရားရုံး၊ ပြစ်မှုကြီး အမှုအမှတ်-၁၉၃/၈၉ အဖြစ် လက်ခံစစ်ဆေးခဲ့သည်။ တရားခံ ဘိုးထွားပါ-၈ ဦးအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၂၇၊ ၄၅၂ အရ စွဲချက်တင်ခဲ့ပြီး အပြီးသတ်စီရင်ချက် ချမှတ်ရာတွင် တရားခံ ပိုက်အေးအား အပြီးအပြတ်လွှတ်ကာ ဘိုးထွားပါ-၇ ဦးအား ပုဒ်မ-၄၂၇ အရ ထောင်ဒဏ်(တစ်)လ ကျခံစေရန်နှင့် ပြစ်မှုကြီးအမှုအမှတ်-၁၉၂/၈၉၊ ၁၉၄/၈၉ ပါ ပြစ်ဒဏ်များနှင့် တစ်ပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ဦးဘိုအေးက မကျေနပ်၍ ပြစ်ဒဏ်တိုးမြှင့်ပေးရန် မကွေးတိုင်း(ပခုက္ကူမြို့နယ်စု) (ထိုစဉ်က ခရိုင်ဟုမခေါ်ပါ။) တရားရုံးသို့ ပြင်ဆင်မှုလျှောက်ထားခဲ့သည်။

လျှောက်ထားချက်ကို ခွင့်ပြု၍ ပုဒ်မ-၄၂၇ အရ ပြစ်ဒဏ်ကို အတည်ပြုပြီး ပုဒ်မ-၄၅၂ အရ ထောင်ဒဏ်(တစ်)လ၊ ဒဏ်ငွေ ၇၀ိ/စီ ဒဏ်ရိုက်ခဲ့သည်။ ဒဏ်ငွေမဆောင်လျှင် ထောင်ဒဏ်ခြောက်လ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ပြစ်ဒဏ်များကို မူလရုံးအတိုင်း (၃)မှုကို တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ဤဆောင်းပါးအား ဖတ်ရှုနေသော စာဖတ်သူသည် မကွေးတိုင်း(ပခုက္ကူမြို့နယ်စု) တရားရုံး၏အမိန့် မှားယွင်းနေကြောင်း သဘောပေါက်နားလည်လိမ့်မည်ဟု ယူဆပါသည်။ စွဲချက်နှစ်ရပ်တွင် တစ်ရပ်အတွက် ပြစ်ဒဏ်စီရင်လျှင် ကျန်စွဲချက်သည် အပြီးအပြတ်လွှတ်ရာ ရောက်ပါသည်။ အပြီးအပြတ်လွှတ်လျှင် တရားရုံးချုပ်သို့ ရှေ့နေချုပ်ရုံးမှ တစ်ဆင့် အယူခံဝင်ရောက်ရန်သာ ရှိပါသည်။

စိတ်ဝင်စားစရာလည်းကောင်း၊ ဥပဒေဗဟုသုတအလို့ငှာ လေ့လာစရာလည်း ကောင်းသော အမှုတစ်မှုကို တင်ပြပါမည်။ မြင်းခြံမြို့တွင် ဝက်ပျောက်ရာမှ စခဲ့သော ဇာတ်လမ်းဖြစ်သည်။ ၁၉၉၆ ခုနှစ်၊ တရားစီရင်ထုံးများ၊ စာမျက်နှာ-၁၄၇ တွင် ပါရှိသော နိုင်ငံတော်နှင့် အေးလွင်အမှု



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။

မအမာတင်(ခ)စန်းတင်သည် အိမ်ရှေ့တွင် ဆေးလိပ်လိပ်နေရာ မောင်အေးလွင်ရောက်လာပြီး "ဝက်နီးတယ် ထင်သလား"မေးရာ "မထင်ပါဘူး"ဟု ပြောဆိုကာ ပြန်ထွက်သွားသည်။ ခဏအကြာ မားကိုင်လျက်ရောက်လာပြီး အိမ်ထဲသို့ ဝင်ခုတ်ရာ ချိုစောင်း နားထင်ရိုး ပြတ်ရှသော ပြင်းထန်ဒဏ်ရာ ရရှိခဲ့သည်။

မြင်းခြံမြို့နယ်တရားရုံးက ပုဒ်မ-၃၃၆ အရ အလုပ်နှင့် ထောင်ဒဏ် (၅)လ၊ ပုဒ်မ-၄၅၁ အရ အလုပ်နှင့် ထောင်ဒဏ် (၁)လ၊ ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ထိုအမိန့်ကို ခရိုင်ဥပဒေရုံးက ပြစ်ဒဏ်တိုးမြှင့်ပေးရန် မန္တလေးတိုင်းတရားရုံး(မြင်းခြံခရိုင်)သို့ ပြင်ဆင်မှုတင်သွင်းသည်။ ပြင်ဆင်မှုတွင် မူလရုံးက ပြစ်ဒဏ်စီရင်ချက်ကို ပယ်ဖျက်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၅၂ အရ အလုပ်နှင့်ထောင်ဒဏ် (၅)လ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

သာမန်စာဖတ်သူများသို့ ရှင်းပြရန်ရှိပါသည်။ ဘယ်အမိန့်မျိုးကို ပြင်ဆင်မှု၊ ဘယ်အမိန့်ဆိုလျှင် မယူခံမှု တင်ရမည်ဟု သတ်မှတ်ပြဌာန်းထားသည့် ကျင့်ထုံးကို မတင်ပြလိုပါ။ တင်ပြနေလျှင်လည်း ဆောင်းပါး မဖြစ်နိုင်တော့ပါ။ စာတမ်းရှည် ဖြစ်သွားပါလိမ့်မည်။ အကျဉ်းအားဖြင့် သိစေလိုသည်မှာ ပြင်ဆင်မှုသည် ဥပဒေမျက်လုံးဖြင့်ကြည့်ပြီး ပြစ်ဒဏ်တိုးခြင်း၊ လျှော့ခြင်း ပြုလုပ်နိုင်ပါသည်။ အယူခံမှုမှာ ဥပဒေအပြင် အကြောင်းအရာအပေါ် အဓိကထားဆုံးဖြတ်ရပြီး ပြစ်ဒဏ်တိုးခွင့်မရှိပါ။

မန္တလေးတိုင်းတရားရုံး(မြင်းခြံခရိုင်)၏ အမိန့်ကို ရှေ့နေချုပ်ရုံးက တရားရုံးချုပ်သို့ အယူခံတင်သွင်းသည်။ ပြစ်ဒဏ်တိုးရန်အတွက် ဖြစ်သည်။

မန္တလေးတိုင်းတရားရုံး(မြင်းခြံခရိုင်)မှ သုံးသပ်သည်မှာ ဆရာဝန်၏ ထွက်ဆိုချက်အရ ကျိုးပြတ်သွားသော နားထင်ရိုးသည် နဂိုအတိုင်း ပြန်ကောင်းနိုင်ပြီး ချုပ်ရိုးနေရာသည် အမာရွတ်အဖြစ် ကျန်နိုင်ကြောင်း ထွက်ဆိုချက်အရ အပြင်းအထန်နာကျင်စေမှုမဟုတ်။ ပုဒ်မ-၄၅၁ ကို ကျူးလွန်ရာမှ ပုဒ်မ-၄၅၂ သို့ ရောက်ရှိသွားခြင်းဖြစ်သည်ဟု သုံးသပ်သည်။

တရားရုံးချုပ်က အထက်ပါ သုံးသပ်ချက်ကို လက်မခံပေ။ ဒဏ်ရာနှင့် ပတ်သက်၍ ဆရာဝန်၏ ထွက်ဆိုချက်နောက် တရားရုံးက လိုက်ရန်မဟုတ်။ တရားရုံးများ လက်စွဲတွင်လည်း ပါရှိထားပြီး ရုံးလက်စွဲအတိုင်း လိုက်နာရန် ဖြစ်ကြောင်း၊ ပြစ်မှုပုဒ်မ-၃၂၀ တွင် ပြင်းထန်ဒဏ်ရာအဖြစ် သတ်မှတ်ရန် အချက်ရှစ်ချက် သတ်မှတ်ထားသည်။ အရိုးကျိုးခြင်း၊ တိမ်းလွဲခြင်း၊ အင်အားကို ယုတ်လျော့စေခြင်းသည် ပြင်းထန်သော ဒဏ်ရာအဖြစ် သတ်မှတ်သည့်အထဲတွင် အကျုံးဝင်သည်။ နားထင်ရိုး နဂိုအတိုင်း ဖြစ်နိုင်သည်ဆိုခြင်းမှာလည်း ထင်မြင်ချက်သာဖြစ်ကြောင်း သုံးသပ်သည်။

အယူခံမှုဖြစ်၍ ပြစ်ဒဏ်မတိုးနိုင်ပေ။ မန္တလေးတိုင်း (မြင်းခြံခရိုင်)၏အမိန့်ကို ပယ်ဖျက်ရန် မြို့နယ်ရုံး၏ ပြစ်ဒဏ်တွေ့ရှိချက်ကို ပြန်လည်အတည်ပြုခဲ့သည်။

မောင်အေးလွင်အမှု လေ့လာဖတ်ရှုရင်း ငယ်စဉ်က ဖတ်ဖူးခဲ့သော ဘာသာပြန်ဝတ္ထုထဲက ထောင်ဖောက်ပြေးသည့် အခန်းလေး သတိရမိသည်။

လေတိုက်သည့်လမ်းကြောင်းအတိုင်း အပြေးအလွှား ခရီးနှင်လာရာ မပြေးနိုင်တော့သည့်အဆုံး ခေတ္တနားရင်း အိပ်ပျော်သွားသည်။ အိပ်ရာမှနိုးတော့ လေလမ်းကြောင်းအတိုင်း ပြေးလွှားနေရာ မိုးစင်စင်လင်းသည့်အချိန်တွင် ထောင်ကြီးနား ပြန်ရောက်နေသည်ကို တွေ့လိုက်ရတော့ မောဟိုက်သွားလိုက်တာ ဘယ်ပြောကောင်းမလဲပေါ့။ အိပ်နေတုန်း လေတိုက်သည့်လမ်းကြောင်း ပြောင်းသွားသည်ကို သူမသိလိုက်ပေ။

မောင်အေးလွင်အမှုမှာလည်း ခရိုင်ဥပဒေက ပြစ်ဒဏ်တိုးဖို့တက်လိုက်၊ ရှေ့နေချုပ်ရုံးက တက်လိုက်နဲ့ နောက်ဆုံးတော့ မြို့နယ်ရုံးအမိန့်က အတည်ဖြစ်တာပါပဲ။

မောင်နေလင်းအမှု ပြောရတာက နည်းနည်း၊ နမူနာပြတာက များများနဲ့ စာဖတ်သူများ ဥပဒေဗဟုသုတ တိုးပွားစေလို၍သာ ဖြစ်ပါကြောင်း ဤတစ်ပတ် ဤမျှနှင့် အဆုံးသတ်လိုက်ရပေသတည်း။

ဖြစ်ချင်တာနဲ့ ဖြစ်နေတာ ထပ်တူကျပါစေ။

စလင်း-ဦးအောင်သိန်း



www.burmeseclassic.com

www.burmeseclassic.com

# စည်ပင်သာယာ မိတ်ဆက်

မောင်တိုးမြင့်(ဥပဒေ)

စည်ပင်သာယာလုပ်ငန်းဆိုသည်မှာ မြို့ပြသာယာလှပစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ မိမိတို့ မြို့တော်၏ အရေးကိစ္စများကို မိမိတို့ကိုယ်တိုင် စီမံခန့်ခွဲခြင်းလည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် စည်ပင်သာယာလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်မှာ ရာစုနှစ်တစ်ခုပင် ကျော်လွန်ခဲ့ပြီဖြစ်သည်။ စည်ပင်သာယာလာခဲ့ခြင်းဖြစ်သည်။ စည်ပင်သာယာကို ယခင်က မြူနီစီပယ်ဟု တိုက်ရိုက်အသံလှယ်၍ ခေါ်ဆိုခဲ့ပါသည်။

## အောက်မြန်မာပြည် မြူနီစီပယ် ဥပဒေ

ဗြိတိသျှအစိုးရသည် မြူနီစီပယ်အုပ်ချုပ်ရေးကို စမ်းသပ်အကောင်အထည်ဖော်ရန်အတွက် ၁၈၄၇ ခုနှစ်တွင် မြူနီစီပယ်ဥပဒေ British Burma Municipal Act of 1847 ကို ပြဋ္ဌာန်းခဲ့သည်။ ၁၈၄၇ ခုနှစ်၊ မြူနီစီပယ် အက်ဥပဒေအရ အောက်မြန်မာနိုင်ငံမြို့ကြီး ခုနစ်မြို့၌ မြူနီစီပယ်အဖွဲ့များကို ဖွဲ့စည်းပေးခဲ့ပြီး မြို့ပေါင်း ၂၀ တွင် မြူနီစီပယ်အဖွဲ့များနှင့် အလားတူ မြို့မကော်မတီများကို ဖွဲ့စည်းပေးခဲ့သည်။ ၁၈၈၃ ခုနှစ်တွင် မြို့မကော်မတီကို မြို့ပေါင်း ၂၄ မြို့ထိ တိုးချဲ့ ဖွဲ့စည်းခဲ့သည်။ မြို့မကော်မတီများသည် မြူနီစီပယ် အက်ဥပဒေတွင် ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးခွင့်ရကြသည်။ သို့သော် By-Law ခေါ် စည်းကမ်းဥပဒေများ ထုတ်ပြန်နိုင်ခွင့် မရှိချေ။ ၁၈၈၄ ခုနှစ်တွင် မြူနီစီပယ်အက်ဥပဒေကို ပြင်ဆင်သည့် အက်ဥပဒေ ပြဋ္ဌာန်းခဲ့ပြီး မြူနီစီပယ်အဖွဲ့များကိုလည်း မြို့ကြီး ၁၀ မြို့ထိ တိုးချဲ့ ဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် ၁၈၈၅ ခုနှစ်ဦးပိုင်းတွင် ရန်ကုန်၊ မော်လမြိုင်၊ စစ်တွေ၊ ပြည်၊ ပုသိမ်၊ တောင်ငူ၊ ဟင်္သာတ၊ ပဲခူး ပေါင်းတည်နှင့် ညောင်တုန်းမြို့တို့၌ မြူနီစီပယ်အဖွဲ့များ ဖွဲ့ပြီးကြောင်း သိရသည်။ ၁၈၈၅ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့၌ သံတွဲမြူနီစီပယ်အဖွဲ့ကိုလည်းကောင်း၊ ဩဂုတ်လ ၃၁ ရက်နေ့ ကျောက်ဖြူမြူနီစီပယ်အဖွဲ့ကိုလည်းကောင်း၊ အောက်တိုဘာ ၁ ရက်နေ့ ဇလွန် မြူနီစီပယ်အဖွဲ့ကိုလည်းကောင်း ထပ်မံဖွဲ့စည်းခဲ့ရာ ၁၈၈၅ ခုနှစ်ကုန်ဆုံးချိန်ဝယ် အောက်မြန်မာပြည်၌ မြူနီစီပယ်မြို့ကြီးပေါင်း ၁၃ မြို့ထိ တိုးတက်ခဲ့သည်။ မြောင်းမြ မြန်အောင်နှင့် ကြံခင်းမြို့တို့လည်း ၁၈၈၆ ခုနှစ်၌ မြူနီစီပယ်အဖွဲ့များ ဖွဲ့စည်းခဲ့သည်။ ထိုစဉ်က မြူနီစီပယ်အဖွဲ့ဝင်တို့သည် များသောအားဖြင့် အရေးပိုင်က ရွေးချယ်ခန့်ထားသူများ ဖြစ်သည်။

မြူနီစီပယ်အဖွဲ့များသည် မိမိတို့ နယ်မြေအတွင်း၌ ကျန်းမာရေး၊ သန့်ရှင်းရေး၊ မြို့ပြလုပ်ငန်း၊ မိလ္လာသိမ်းလုပ်ငန်းနှင့် ဆေးရုံများ၊ စာသင်ခန်းများ ဖွင့်လှစ်ခဲ့သည်။ အစောပိုင်းတွင် ရဲတပ်ဖွဲ့အတွက် လိုအပ်သော ကုန်ကျငွေများကို မြူနီစီပယ်ရန်ပုံငွေမှ ကျခံခဲ့သော်လည်း ၁၈၈၂-၈၃ ဘဏ္ဍာရေးနှစ်မှစ၍ ကျခံခြင်းမပြုတော့ကြောင်း တွေ့ရသည်။

ဗြိတိသျှအစိုးရသည် ထိုအချိန်က အောက်မြန်မာပြည်တွင် စာသင်ကျောင်းများ တည်ထောင်ဖွင့်လှစ်ပေးခဲ့ခြင်း မရှိချေ။ ထို့ကြောင့် မြူနီစီပယ်အဖွဲ့များက စာသင်ကျောင်းများ တည်ထောင်ခဲ့ကြသည်။ ထိုစဉ်က အောက်မြန်မာပြည်တွင်ရှိသော စာသင်ကျောင်းများမှာ မြူနီစီပယ်အဖွဲ့များနှင့် သာသနာပြုအဖွဲ့များ တည်ထောင်သော ကျောင်းများသာ ဖြစ်သည်။

မြူနီစီပယ်နှင့် မြို့မကော်မတီ ဖွဲ့စည်းပြီးသော မြို့များတွင် မြူနီစီပယ်ခွန်နှင့် ဒေသန္တရရန်ပုံငွေဆိုင်ရာ အခွန်တို့ကို မြို့နေလူတို့က ထမ်းဆောင်ရသည်။ မြို့၏ စည်ပင်သာယာရေး ကျန်းမာရေး ပညာရေး စသည်တို့အတွက် အိမ်ခွန်၊ ရေခွန်၊ မီးခွန်နှင့် ဈေးကောက် စသည်ဖြင့် မြို့သူမြို့သားတို့အပေါ် မြူနီစီပယ်အဖွဲ့နှင့် မြို့ကော်မတီတို့က ခန့်ခွဲကောက်ခံသည်။ ၁၈၈၀-၈၁ ခုနှစ်မှစ၍ ၁၈၈၅-၈၆ ခုနှစ်အထိ အခွန်ရငွေမှာ အောက်ပါအတိုင်း ဖြစ်သည် -

၁၈၈၀-၈၁ - ၁၃၄၉၆၀၄ ကျပ်

၁၈၈၁-၈၂ - ၁၉၆၄၃၇၈ ကျပ်



www.burmeseclassic.com

www.burmeseclassic.com

၁၈၈၂-၈၃ - ၁၇၅၄၉၇၆ ကျပ်
၁၈၈၃-၈၄ - ၂၄၉၉၅၀၃ ကျပ်
၁၈၈၄-၈၅ - ၂၀၉၂၅၅၃ ကျပ်
၁၈၈၅-၈၆ - ၁၉၄၄၀၀၁ ကျပ်

### အစောဆုံး မြူနီစီပယ်အက်ဥပဒေ

ဒေါ်မြစိန် ရေးသားသော "မြန်မာနိုင်ငံအုပ်ချုပ်ရေး" (Administration of Burma) စာအုပ် စာမျက်နှာ (၁၅၀-၁၅၁)တွင် ၁၈၈၇ ခုနှစ်၌ အထက်မြန်မာပြည်အတွက် မြူနီစီပယ်စည်းမျဉ်းဥပဒေတစ်ခုကို သီးသန့်ပြဋ္ဌာန်းခဲ့ပြီး မန္တလေးနှင့် အခြားမြို့ ၁၆ မြို့တွင် မြူနီစီပယ်အဖွဲ့များ ဖွဲ့စည်းပေးခဲ့သည်ဟု ဆိုသည်။ သို့သော် ဒေါ်မြစိန် ရည်ညွှန်းသော စည်းမျဉ်းဥပဒေမှာ ယခုအခါအတွင် ရှာမတွေ့နိုင်တော့ပါ။ ဥပဒေများ စိစစ်သုတ်သင်၍ ပြန်လည်ရိုက်နှိပ်ရာတွင် ပယ်ဖျက်ပြီးသော ဥပဒေများအား ချန်လှပ်ထားခဲ့လေ့ရှိရာ ဤနည်းအားဖြင့် အတည်မဖြစ်တော့သော ဥပဒေများသည် ပျောက်ကွယ်ခဲ့ကြရလေသည်။ သုတေသနပြုလိုသောသူများအတွက် အခက်အခဲတစ်ရပ်ပင် ဖြစ်၏။

မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ဆုံးကျင့်သုံးခဲ့သည့် မြူနီစီပယ်အက်ဥပဒေမှာ ဗြိတိသျှအစိုးရက ၁၈၉၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော မြူနီစီပယ်အက်ဥပဒေ(The Municipal Act) ပင် ဖြစ်သည်။ ယင်းအက်ဥပဒေသည် ၁၉၉၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့အထိ အတည်ဖြစ်ခဲ့၏။ မြူနီစီပယ်လုပ်ငန်းများ၊ မြို့သာယာလှပစေရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းထားသည်။ အခန်း(၁) အဓိပ္ပာယ်သတ်မှတ်ချက်များ၊ အခန်း(၂) မြူနီစီပယ် ဖွဲ့စည်းခြင်း၊ အခန်း(၃) ကော်မတီများ ဖွဲ့စည်းခြင်း၊ အခန်း(၄) အခွန်ကောက်ခံခြင်း၊ အခန်း(၅) ငွေကြေးနှင့် ပစ္စည်းများ၊ အခန်း(၆) မြူနီစီပယ်ဆိုင်ရာ လုပ်ပိုင်ခွင့်များ၊ အခန်း(၇) ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ အခန်း(၈) ကြီးကြပ်ခြင်း၊ အခန်း(၉) နောက်ဆက်တွဲများ၊ အခန်း(၁၀) မြို့ငယ်များဟူ၍ ခွဲခြမ်းပြဋ္ဌာန်းထားသည်။

ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံကို သိမ်းယူပြီးနောက် ကုန်ကျစရိတ် အသက်သာဆုံးသောနည်းဖြင့် အုပ်ချုပ်ရန် ရည်ရွယ်ခဲ့ည်ဆိုရာ မြူနီစီပယ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များက ဗြိတိသျှတို့၏ ရည်ရွယ်ချက်ကို ပိုမိုထင်ရှားစေသည်။ မြူနီစီပယ်အက်ဥပဒေတွင် ဆေးရုံရန်ပုံငွေ ထားရှိရန်နှင့် ဆေးရုံ၊ ဆေးခန်း ကုန်ကျစရိတ်များကို အဆိုပါရန်ပုံငွေမှ ကျခံရန် ပြဋ္ဌာန်းထားရှိသည်။ သို့ဖြစ်၍ ဗြိတိသျှအစိုးရသည် ပြည်သူပြည်သားတို့၏ ပညာရေးနှင့် ကျန်းမာရေးတို့ကို တာဝန်ယူဆောင်ရွက်ပေးခြင်းမရှိဘဲ မြူနီစီပယ်အဖွဲ့များကသာ ဆောင်ရွက်စေခဲ့ကြောင်း တွေ့ရှိရသည်။

ဝန်ထမ်းများနှင့် ပတ်သက်၍ မြူနီစီပယ်ကော်မတီများ၊ ဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းများဟု မှတ်ယူရမည်ဖြစ်ကြောင်းနှင့် ပင်စင်ခံစားခွင့်၊ လုပ်သက်ဆု ခံစားခွင့်များပါ ထည့်သွင်းပြဋ္ဌာန်းထားသည်။ ထို့အပြင် ကော်မတီကိုဖြစ်စေ၊ ကော်မတီဝင်ကိုဖြစ်စေ၊ မြူနီစီပယ်အရာရှိဖြစ်စေ၊ တရားမမှု စွဲရန်ရှိက တစ်လကြိုတင် နို့တစ်ပေးပြီး တစ်လကုန်ဆုံးမှ စွဲဆိုရမည်ဟုလည်းကောင်း၊ ဥပဒေနှင့်အညီ သဘောရိုးနှင့် ဆောင်ရွက်သော မြူနီစီပယ်အာဏာပိုင်နှင့် ဝန်ထမ်းများအား တရားစွဲဆိုခွင့် မရှိစေရဟုလည်းကောင်း တားမြစ်ထားသည်။

### စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ

ဗြိတိသျှတို့ ပြဋ္ဌာန်းခဲ့သော မြူနီစီပယ်အက်ဥပဒေမှာ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ပြောင်းလဲလာသော အခြေအနေနှင့် ဆီလျော်မှုမရှိသောကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၁၉၉၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့၌ **စည်ပင်သာယာရေးအဖွဲ့များ အက်ဥပဒေကို** ပြဋ္ဌာန်းခဲ့ပြီး မြူနီစီပယ်အက်ဥပဒေကို ရုပ်သိမ်းခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ပြည်သူ့လွှတ်တော်မှ စည်ပင်သာယာရေးဥပဒေကို ပြဋ္ဌာန်းခဲ့သော်လည်း ဖွဲ့စည်းပုံသက်သက်သာဖြစ်ကြောင်း တွေ့ရသည်။ စည်ပင်သာယာလုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ဖော်ပြထားခြင်း မရှိချေ။

စည်ပင်သာယာဥပဒေနှင့် မြူနီစီပယ် အက်ဥပဒေတို့ကို နှိုင်းယှဉ်ကြည့်လျှင် တူညီသော အချက်များလည်းရှိသည်။ စည်ပင်သာယာအဖွဲ့များဥပဒေတွင် မြူနီစီပယ်အက်ဥပဒေ၌ ပါရှိသော ဝန်ထမ်းရေးရာ ကိစ္စများ၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ ကူးစက်ရောဂါကာကွယ်ရေး ကိစ္စများကို ထည့်သွင်းထားခြင်းမရှိ။ သို့သော် အနေးယာဉ်လုပ်ငန်း၊ ကူးတို့လုပ်ငန်းများနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်



www.burmeseclassic.com

www.burmeseclassic.com

ပြဋ္ဌာန်းထားကြောင်း တွေ့ရသည်။ ကော်မတီသည် ကူးတို့လုပ်ငန်းကို ကြီးကြပ်ရာတွင် တာဝန်နှင့် သွားလာသော ပြည်သူ့ဝန်ထမ်းများအား အခမဲ့စီးခွင့်ပြုနိုင်သည်။

မြူနီစီပယ် အက်ဥပဒေပုဒ်မ-၂၃၁ တွင် ဤအက်ဥပဒေအရ ဖြစ်စေ၊ ဤအက်ဥပဒေအရပြုလုပ်သော နည်းဥပဒေများအရဖြစ်စေ စွဲဆိုသော အမှုများကို ကော်မတီ၊ သို့မဟုတ် ကော်မတီက တာဝန်လွှဲအပ်သော ပုဂ္ဂိုလ်ကသာ တရားစွဲဆိုရမည်ဟု ပြဋ္ဌာန်းထားသည်။ စည်ပင်သာယာအဖွဲ့များဥပဒေ ၈၁(ခ)တွင်လည်း ထိုကဲ့သို့ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ ဤသည်မှာ စည်ပင်သာယာဥပဒေနှင့် ပတ်သက်၍ အလွယ်တကူ တရားစွဲဆိုခြင်းမပြုရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံသားများ ပေါ့ပေါ့လွယ်လွယ်နှင့် တရားစွဲဆိုခြင်း မခံရစေရန် ကာကွယ်ပေးထားခြင်း ဖြစ်သည်။

စည်ပင်သာယာပြစ်မှုများအား အရေးယူရာတွင်လည်း ကော်မတီသည် ပထမအကြိမ် ကျူးလွန်သူအား စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်နိုင်သည်။ တစ်ကြိမ်တစ်ခါ မှားယွင်းသူများအပေါ်တွင် တရားစွဲဆို အပြစ်ပေးခြင်းမပြုသေးဘဲ စီမံခန့်ခွဲရေးနည်းဖြင့် ပညာပေးပြုပြင်နိုင်စေရန် ရည်ရွယ်ချက်ဖြစ်သည်။

## ရန်ကုန်၊ မန္တလေး မြို့တော်ဥပဒေများ

၁၉၂၂ ခုနှစ်တွင် ဗြိတိသျှအစိုးရက ရန်ကုန်မြို့တော်မြူနီစီပယ်အက်ဥပဒေ (The City of Rangoon Municipal Act) ကို ရန်ကုန်မြို့အတွက် သီးခြားပြဋ္ဌာန်းပေးခဲ့သည်။ ၎င်းအက်ဥပဒေသည် ရန်ကုန်မြို့တော်တွင် ယနေ့တိုင် အတည်ဖြစ်လျက်ရှိသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ၁၉၉၀ ပြည့်နှစ်၊ မေလ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြဋ္ဌာန်းခဲ့သော်လည်း ရန်ကုန်မြို့တော် မြူနီစီပယ်အက်ဥပဒေကို ဆက်လက်ထားရှိခဲ့သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ-၅ အရ ကော်မတီ၏ ဥက္ကဋ္ဌသည် မြို့တော်ဝန်ဖြစ်သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာကော်မတီသည် မိမိ၏ရန်ပုံငွေဖြင့် ရပ်တည်၍ ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်နိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့် ရှိပါသည်။

၁၉၉၂ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် မန္တလေးမြို့ စည်ပင်သာယာရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ကော်မတီကို နိုင်ငံတော်ဝန်ကြီးချုပ်မှ ဖွဲ့စည်းပေးခဲ့သည်။ ယင်းဥပဒေပုဒ်မ-၄ အရ ကော်မတီ၏ ဥက္ကဋ္ဌသည် မန္တလေးမြို့တော်ဝန်ဖြစ်သည်။ မန္တလေးစည်ပင်သာယာကော်မတီသည်လည်း ရန်ကုန်ကဲ့သို့ပင် မိမိရန်ပုံငွေဖြင့် ရပ်တည်၍ ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့် ရှိသည်။ ထူးခြားမှုမှာ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပါပြဋ္ဌာန်းချက်များကို မန္တလေးစည်ပင်သာယာကော်မတီမှ ကျင့်သုံးနိုင်ကြောင်း အတိအလင်းပြဋ္ဌာန်းထားသော်လည်း ရန်ကုန်စည်ပင်သာယာကော်မတီနှင့် ပတ်သက်၍ ထိုကဲ့သို့ ပြဋ္ဌာန်းချက် မရှိချေ။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၊ ပုဒ်မ-၁၈၈ အရ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော်များသည်လည်းကောင်း၊ ပုဒ်မ-၁၉၆ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးအဖွဲ့များသည်လည်းကောင်း၊ စည်ပင်သာယာဥပဒေများကို ပြဋ္ဌာန်းခွင့်ရှိသည်။ သို့ဖြစ်၍ မိမိဒေသလိုအပ်ချက်နှင့် လျော်ညီသော စည်ပင်သာယာဥပဒေများကို ပြဋ္ဌာန်း၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပြီဖြစ်သည်။ စည်ပင်သာယာရေးဝန်ကြီးများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခန့်အပ်တာဝန်ပေးထားပြီး ဖြစ်ပေသည်။ ပြည်ထောင်စုအဆင့်တွင် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ဟူ၍ ခန့်အပ်ထားခြင်း မရှိတော့ပေ။

မောင်တိုးမြင့်(ဥပဒေ)

**ကျမ်းကိုး**


၁။ မြန်မာနိုင်ငံ အခြေအနေ ၁၀၀၅-၀၅၊ ဒေါ်ကြန်
၂။ The Burma Code vloume VI
၃။ Administration of Burma by Daw Mya Sein
၄။ စည်ပင်သာယာရေးအဖွဲ့များဥပဒေ
၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)
၆။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးစီရင်ထုံးများ ၂၀၁၂ ခုနှစ်။



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ




ကျွန်တော်သည် လွန်ခဲ့သော တစ်ဆယ့်ငါးနှစ်ခန့်က ပင် "ပြစ်မှု"မဂ္ဂဇင်းကြီးတွင် အထက်ဖော်ပြပါ ခေါင်းစဉ်ဖြစ်သော "အတိတ်မှဖြစ်ရပ်မှန် မှုခင်းများ"အမည်ဖြင့် ဖြစ်ရပ်မှန်မှုခင်းဆောင်းပါးများကို ရေးသားဖော်ပြခဲ့ပါသည်။ အမှန်အားဖြင့် ဤဆောင်းပါး၏အမည်မှာ ကျွန်တော်၏ ကိုယ်ပိုင်အမည် မဟုတ်ပါ။ ရောင်ပြန်မဂ္ဂဇင်း အယ်ဒီတာချုပ်၊ ပြစ်မှုမဂ္ဂဇင်း အယ်ဒီတာချုပ်ဖြစ်သူ ဆရာဦးမောင်မောင်မြင့်အား ပေးသည့် အမည် ဖြစ်ပါသည်။

■ လှမိုး(ပညာရေး)

ဤဆောင်းပါးများကို ကမ္ဘာကျော်စုံထောက်အဖွဲ့ကြီးဖြစ်သော အင်္ဂလန်နိုင်ငံမှ စကော့တလန်ယာဒ်စုံထောက်အဖွဲ့၊ ပြင်သစ်နိုင်ငံမှ အမျိုးသား ဆူရီတေးစုံထောက်အဖွဲ့၊ အမေရိကန်ပြည်ထောင်စု အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့နှင့် အင်တာပိုလ် (ခေါ်) နိုင်ငံတကာရဲအဖွဲ့ကြီးများ၏ မှတ်တမ်းအမှုတွဲများမှ စာဖတ်သူများ စိတ်ဝင်စားမည်ဟု ထင်မိသော အမှုတွဲများကို မြန်မာဘာသာ ပြန်ဆိုရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ပြစ်မှုမဂ္ဂဇင်းအယ်ဒီတာအဖွဲ့ကလည်း ကျွန်တော့်ဆောင်းပါးများကို စိတ်ရှည်ရှည်ထား၍ ထည့်သွင်းဖော်ပြပေးခဲ့ပါသည်။

ဤဆောင်းပါးများကို ဖတ်ရှုခဲ့သော ကျွန်တော့်ကျောင်းသားဟောင်း၊ သင်္ဘောအရာရှိ ကိုနိုင်ဝင်းသည် နိုင်ငံခြားခရီးမှ အပြန်တွင် "Inside Terrorism" အကြမ်းဖက်ဝါဒ၏ အတွင်းရေးဟူသော စာအုပ်ကြီးတစ်အုပ်ကို ဝယ်ယူလာခဲ့ပြီး ထိုစာအုပ်မှ အမှုတွဲအချို့ကို ရေးသားဖော်ပြသင့်ပါသည်ဟု ဆိုကာ ထိုစာအုပ်အား လက်ဆောင်အဖြစ် ပေးခဲ့ပါသည်။

မှန်ပါသည်။ ယနေ့ နေ့စဉ်ထုတ်ဝေနေသော သတင်းစာများ၊ ဂျာနယ်များ၊ အင်တာနက်သတင်းများ၊ ရုပ်သံလွှင့်အစီအစဉ်များတွင် အကြမ်းဖက်အဖွဲ့အစည်းများ၏ ဗုံးခွဲတိုက်ခိုက်မှု၊ စာသင်ကျောင်းများ၊ သံရုံးများ၊ ဘုတာရုံများ၊ လူစည်ကားရာနေရာများ၊ ဆေးရုံများ၊ ဟိုတယ်ကြီးများအား ဝင်ရောက်စီးနင်းတိုက်ခိုက်မှု၊ အပြစ်မဲ့ခရီးသည်များ စီးနင်းလိုက်ပါလာသည့် လေယာဉ်ပျံကြီးများအား ပြန်ပေးဆွဲမှု၊ ဘာသာရေးအဆောက်အအုံများအား ဗုံးခွဲတိုက်ခိုက်မှု၊ မိမိတို့



www.burmeseclassic.com

www.burmeseclassic.com

ဘာသာအရ ဝတ်ပြုဆုတောင်းနေသူများအား အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု သတင်းများအား နေ့စဉ်ဖော်ပြ လျက်ရှိသည်။

ထိုသတင်းများ၊ ဖြစ်ရပ်များသည် ပြည်သူအများအဖို့ သောကဝေဒနာ အဖြာဖြာကြုံရသည့် သတင်းများ၊ ဖြစ်စဉ် များ ဖြစ်ကြပါသည်။ သက်ဆိုင်ရာ နိုင်ငံများမှ တာဝန်ရှိသူ များကလည်း ယင်းအကြမ်းဖက်ဝါဒီများကို တတ်နိုင် သလောက် ဖမ်းဆီးအရေးယူမှု ရှိခဲ့ကြသော်လည်း ထိုအကြမ်း ဖက်မှုများသည် ဒီရေအလား တစ်နေ့တခြား တိုးတက်လာ နေသည်ကို တွေ့ကြရ၏။ သို့သော် အကြမ်းဖက်တိုက်ခိုက် မှုများအား ထိထိရောက်ရောက် ဟန့်တားနိုင်ခြင်းမရှိသည် သာမက အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့တော်ရှိ ကုန်သွယ်ရေးမိုးမျှော်အဆောက်အဦကြီးနှစ်ခုကို လေယာဉ် ဖြင့် အသေခံပုံးခွဲတိုက်ခိုက်သဖြင့် အပြစ်မဲ့ပြည်သူအများ ရာထောင်ချီ၍ သေဆုံးခဲ့ရသည်များကို ကျွန်တော်တို့ စာဖတ် ပရိသတ်အဖို့ သိရှိပြီးဖြစ်မည် ဖြစ်သည်။

အကြမ်းဖက်တိုက်ခိုက်မှုများသည် ဒုတိယကမ္ဘာစစ် ကြီး ပြီးဆုံးသွားပြီးသည့်နောက် နိုင်ငံတကာတွင် ဖြစ်ပွားလာ ခဲ့သည်ဟု ဆိုရမည်ဖြစ်၏။ အကြမ်းဖက်ဝါဒ Terrorism ဟူသော ဝေါဟာရကို ၁၉၆၀ ပြည့်နှစ်ခန့်ကပင် အနောက် တိုင်း သတင်းမီဒီယာများက သတင်းစာများ၊ ဂျာနယ်များတွင် စတင်အသုံးပြုခဲ့ကြသည်ဟု ဆိုသည်။ ယင်းဝေါဟာရ Terrorism ကို ဆရာကြီးဒေါက်တာဘဟန် ပြုစုသော တက္ကသိုလ်အဘိဓာန်ကြီးတွင် အောက်ပါအတိုင်း ဖော်ပြခဲ့ ပါသည်။

Terrorism = စိုးရွံ့ကြောက်ထိတ်၍ လိုရာရအောင် ကြမ်းတမ်းရက်စက်စွာ အုပ်စိုးနည်း။ နှိမ်နင်းခြင်း။ အနိုင် အထက်ပြုလုပ်ခြင်း။ ဟု အဓိပ္ပာယ်ဖော်ပြခဲ့ပါသည်။

Terrorist = ဟူသော ဝေါဟာရကိုမူ စိုးရွံ့ကြောက် ထိတ်၍ လိုရာရအောင် အုပ်စိုးသူ၊ အုပ်စိုးမှုကို လိုလားသူ ဟု ဖော်ပြထားခဲ့ပါသည်။ ယနေ့နိုင်ငံအချို့တွင် ရက်ရက်စက် စက် လူသားချင်းမစာမနာ အစုလိုက်၊ အပြုံလိုက် သတ်ဖြတ် ခဲ့ကြသည့် မှုခင်းများအကြောင်းကို ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း သတင်းမီဒီယာများက ဖော်ပြခဲ့ကြ သည်။ ဤမှုခင်းများကို ကျူးလွန်သူ အဖွဲ့အစည်းများကမူ သူတို့အဖွဲ့အစည်းများအား "အကြမ်းဖက်သူများ" ဟု ကင်ပွန်း တပ်ခေါ်ဝေါ်ခြင်းကို လက်ခံခြင်းမပြုကြ။ သူတို့အဖွဲ့အစည်းများ သည် ဘာသာရေးအရ လိုအပ်သဖြင့် ဆောင်ရွက်ခြင်းဖြစ်ရာ သူတို့အဖွဲ့အစည်းများအား အကြမ်းဖက်အဖွဲ့အစည်းများဟု ရေးသားခဲ့ကြသော သတင်းစာကြီးများမှ သတင်းထောက်များ၊ သတင်းအယ်ဒီတာများ၊ စာရေးဆရာများအား ပြန်ပေးဆွဲခြင်း၊ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းများ ပြုလုပ်ခဲ့ကြသည်။ သာဓကအား ဖြင့် အမေရိကန်ပြည်ထောင်စုမှ နာမည်ကျော် စာနယ်ဇင်း သမားတစ်ဦးဖြစ်သူ မစ္စတာတယ်ရီအင်ဒါဆင် ဆိုသူအား "ဟစ်ဘိုလာ" အဖွဲ့ဝင်များက သူတို့အဖွဲ့အစည်းအား "အကြမ်း ဖက်အဖွဲ့အစည်း" ဟု ခေါ်ဝေါ်ရေးသားခဲ့သည်ဟုဆိုကာ လစ်ဘနွန်နိုင်ငံတွင် သုံးနှစ်တိုင်တိုင် ဖမ်းဆီးထားခဲ့သည်ဟု သိရသည်။ သို့သော် ကလောင်သွားသည် ဓားသွားထက် ထက်သည်ဟူသော အဆိုအတိုင်း နိုင်ငံတကာမှ သတင်း မီဒီယာများသည် အထက်ဖော်ပြပါ အဖွဲ့အစည်းများအား အကြမ်းဖက်အဖွဲ့အစည်းများဟူ၍လည်းကောင်း၊ အဖွဲ့ဝင်များ အား အကြမ်းဖက်သူများဟု ရဲရဲဝံ့ဝံ့ ရေးသားခဲ့ကြ၏။

မှတ်တမ်းများအရ လူသိများ၍ ဟိုးဟိုးကျော်သော အကြမ်းဖက်အဖွဲ့အစည်းများမှာ အီတလီနိုင်ငံမှ "Red Birgade" အနီရောင်တပ်ဖွဲ့ဂိုဏ်း၊ အနောက်ဂျာမနီနိုင်ငံ (ထိုစဉ်က အနောက်ဂျာမနီ၊ အရှေ့ဂျာမနီ ခွဲခြားဆဲဖြစ်သည်) မှ ဘာဒါမိန်းဟော့ဂိုဏ်း၊ ဂျပန်နိုင်ငံမှ Red Army အနီရောင် တပ်မတော်ဂိုဏ်း၊ အိုင်ယာလန်နိုင်ငံမှ အိုင်အာ(ရ်)အေဂိုဏ်း နှင့် အာရပ်အမျိုးသား ပီအယ်(လ်)အို အကြမ်းဖက်ဂိုဏ်းများ ဖြစ်ကြသည်။ (နောင်အခါ အလယ်အရှေ့အာရှ နိုင်ငံများတွင် တာလီဘန်အကြမ်းဖက်ဂိုဏ်း၊ မူဂျာဟီဒင် အကြမ်းဖက်ဂိုဏ်း၊ ဟစ်စဘိုလာအကြမ်းဖက်ဂိုဏ်းများ ပေါ်ပေါက်လာခဲ့သည်။)

အထက်ဖော်ပြပါဂိုဏ်းများသည် ကမ္ဘာနှင့်အနှံ့ နိုင်ငံ အများတွင် အကြမ်းဖက်စနစ်များကို ကျင့်သုံးခဲ့ကြသည်။ နိုင်ငံအသီးသီးရှိ ရဲနှင့် စုံထောက်အဖွဲ့များကလည်း တတ်နိုင် သလောက် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူခဲ့ သည်။ အင်တာပို(လ်)ရဲအဖွဲ့သည် နိုင်ငံရေးသစ္စာဖောက်မှု၊ သူလျှိုလုပ်မှု၊ နိုင်ငံ၏ခေါင်းဆောင်များအား လုပ်ကြံမှု စသည့်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံရေးလုပ်ကြံမှုများအား စုံစမ်းထောက်လှမ်းခြင်း မပြုရချေ။ အကြမ်းဖက်သမားများသည် ယခင်ကမူ နိုင်ငံရေးအခြေခံ ရာဇဝတ်မှုများကိုသာ ကျူးလွန်ခဲ့ကြသော်လည်း တစ်ခါတစ်ရံ ဝါဒသဘောထားကို သွေဖည်၍ နိုင်ငံတကာမှ ချမ်းသာကြွယ်ဝသော လုပ်ငန်းရှင်ကြီးများကို ပစ်မှတ်ထား၍ ပြန်ပေးဆွဲငွေတောင်းမှုများ ပြုလုပ်လာကြသည်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုသား လုပ်ငန်းရှင်ကြီးများအား ပြန်ပေးဆွဲငွေတောင်းမှုများပြုလုပ်ခဲ့ကြသည်။ အကြမ်းဖက်သမားတို့၏ လုပ်ရပ်များသည် တစ်နေ့တခြား တိုးပွားလာခဲ့သည်သာမက စစ်ကြီးတစ်ခုဖြစ်ပွားလာသလို အပြစ်မဲ့ပြည်သူများ အသက်အိုးအိမ် ဆုံးရှုံးခဲ့ကြရသည်။ အမေရိကန်ပြည်ထောင်စုမှ စီအိုင်အေအဖွဲ့ကြီးအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ထောက်လှမ်းရေးအဖွဲ့ဝင်များသည် ထိုအကြမ်းဖက်အဖွဲ့အစည်းများအတွင်း ဝင်ရောက်တိုးဖောက် စုံစမ်းထောက်လှမ်းမှုများကို ပြုနိုင်ခဲ့ကြသည်သာမက အကြမ်းဖက်အဖွဲ့ဝင် ရာဇဝတ်သားအများကို ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

သို့သော် ယနေ့ထိ အကြမ်းဖက်အဖွဲ့အစည်းများသည် ဥပဒေဘက်တော်သားများအား စိန်ခေါ်လျက်ရှိနေဆဲ ဖြစ်သည်။ ဥပဒေဘက်တော်သားများကလည်း တစ်နေ့တွင် အကြမ်းဖက်အဖွဲ့အစည်းများသည် ဤကမ္ဘာမြေပေါ်မှ ပျောက်ကွယ်သွားရမည်ဟု ယုံကြည်ထားကြ၏။

အကြမ်းဖက်သမားများသည် ယခင်ကမူ နိုင်ငံရေးအခြေခံ ရာဇဝတ်မှုများကိုသာ ကျူးလွန်ခဲ့ကြသော်လည်း တစ်ခါတစ်ရံ ဝါဒသဘောထားကို သွေဖည်၍ နိုင်ငံတကာမှ ချမ်းသာကြွယ်ဝသော လုပ်ငန်းရှင်ကြီးများကို ပစ်မှတ်ထား၍ ပြန်ပေးဆွဲ ငွေတောင်းမှုများ ပြုလုပ်လာကြသည်။

ယခုရေးသားဖော်ပြမည့် မှုခင်းမှာ ၁၉၉၃ ခုနှစ်အတွင်းက အမေရိကန်ပြည်ထောင်စု စီအိုင်အေဌာနချုပ် ဝင်ပေါက်ကြီးတွင် ဝန်ထမ်းသုံးဦးအား သေနတ်ဖြင့် ပစ်သတ်သွားခဲ့သော အကြမ်းဖက်သမား မီယာအေမယ်ကာစီအား ခြေရာခံ၍ ဖမ်းဆီးနိုင်ခဲ့သည့် ဖြစ်ရပ်ဖြစ်ပါသည်။ အမှန်အားဖြင့် စီအိုင်အေခေါ် ဗဟိုထောက်လှမ်းရေးအဖွဲ့ကြီးကို ၁၉၄၇ ခုနှစ်က အမေရိကန်ပြည်ထောင်စု သမ္မတကြီး ထရူးမင်းကိုယ်တိုင် လက်မှတ်ရေးထိုးခဲ့သော အမျိုးသားလုံခြုံရေးဥပဒေ၏ ပုဒ်မ ၁၀၈ အရ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။

ယင်းစီအိုင်အေအဖွဲ့ကြီး၏ တာဝန်သည် ကမ္ဘာ့ရေးရာနှင့် မျက်မှောက်အရေးအခင်းများကို ထောက်လှမ်း၍ အစီရင်ခံစာရေးကာ နေ့စဉ် သမ္မတထံ တင်ပြရသည်။ ထိုအဖွဲ့ကြီး၏ ဘတ်ဂျက်သည် ထိုစဉ်က ဒေါ်လာသန်း ၄၀၀၀ ကျော်ရှိပါသည်။ ယင်းအဖွဲ့ရုံးကြီးတွင် လုပ်ကိုင်နေသော အမှုထမ်းပေါင်း ၂၀၀၀ နီးပါးရှိသည်ဟု သိရ၏။

၁၉၉၃ ခု၊ အောက်တိုဘာလတွင် အကြမ်းဖက်သမား မီယာအေမယ်ကာစီသည် အထက်ဖော်ပြပါ စီအိုင်အေဌာနချုပ် ဝင်ပေါက်အနီးတွင် အပြစ်မဲ့ဝန်ထမ်းသုံးဦးအား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ဤတွင် စီအိုင်အေအဖွဲ့မှ အဖွဲ့ဝင်များ၊ အမေရိကန်ပြည်ထောင်စု အက်(ဖ်)ဘီအိုင်အဖွဲ့မှ စုံထောက်များသည် ကာစီ နောက်သို့ ခြေရာခံလိုက်ခဲ့သည်။ ပထမတွင် ကာစီသည် အမေရိကန်ပြည်ထောင်စုအတွင်း တစ်နေရာမှတစ်နေရာ ပုန်းအောင်းနေခဲ့သည်။ စီအိုင်အေထောက်လှမ်းရေးအဖွဲ့ဝင်များနှင့် အက်(ဖ်)ဘီအိုင် စုံထောက်အဖွဲ့ဝင်များသည် ကာစီနောက်သို့ ပိုက်စိပ်တိုက်လိုက်ခဲ့သည်။

ဤတွင် မီယာအေမယ်ကာစီသည် အမေရိကန်ပြည်ထောင်စုမှ ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး အာဖဂန်နစ္စတန်၊ ပါကစ္စတန်နှင့် အီရန်နယ်ခြား ဒေသများတွင် တစ်နေရာမှ တစ်နေရာ လှည့်ပတ်ပြေး၍ ပုန်းအောင်းနေခဲ့သည်။ ဒေသခံ အကြမ်းဖက်အဖွဲ့အစည်းများကလည်း ကာစီအား စီအိုင်အေအဖွဲ့ဝင်များကို သတ်ဖြတ်ပစ်ခဲ့သူ သူရဲကောင်းဟု ယူဆထားကြသည်။ ပါကစ္စတန်နိုင်ငံ၊ အစ္စလာမာဘတ်ရှိ စီအိုင်အေဌာနခွဲကလည်း ကာစီဆိုသော သားကောင်နောက်သို့ ခြေရာ



www.burmeseclassic.com

www.burmeseclassic.com

ကောက်၍ လိုက်ရန်စီစဉ်ခဲ့သည်။ အေသခံလူများအား ကာစီ၏သတင်းကို ပေးနိုင်သူအား ဒေါ်လာငွေ သောင်းချီပေးမည်ဟု စည်းရုံးထားသည်။ ကာစီကလည်း အာဖဂန်နစ္စတန်၊ ပါကစ္စတန်နှင့် အီရန် နယ်ခြေများပေါ်တွင် အမေရိကန်ပြည်ထောင်စု စီအိုင်အေအဖွဲ့မှ ထောက်လှမ်းရေးသမားများသည် သူ့အား မြင်မြင်ထင်ထင် ဖမ်းဆီးနိုင်လိမ့်မည်မဟုတ်ဟု မှတ်ယူထားသည်။

သို့သော် အမေရိကန်ပြည်ထောင်စုမှ ဥပဒေအရ ဆိုရလျှင် တိုင်းတစ်ပါးတွင် ပုန်းရှောင်နေသော လူသတ်သမားအား ဖမ်းဆီး၍ အမေရိကန်ပြည်ထောင်စုသို့ ခေါ်သွားနိုင်ခွင့်ရှိ၏။ ကာစီသည် အမေရိကန်ပြည်ထောင်စုတွင် လူသတ်မှုကို ကျူးလွန်ထားသူ ဖြစ်၏။

သို့ဖြစ်၍ အစ္စလာဟာဘက်ရှိ စီအိုင်အေတာဝန်ခံ အရာရှိသည် အာဖဂန်နိုင်ငံသား မနေ့သသမှုဆိုးများအား စို့စို့ပို့ ဒေါ်လာပေး၍ စည်းရုံးခဲ့သည်။ ဒေါ်လာစား သတင်းပေးများ၏ သတင်းပေးပို့ချက်အရ ကာစီသည် အာဖဂန်နစ္စတန်တောင်ပိုင်း ကျေးလက်ဒေသတွင် ခြေရာဖျောက်၍ ပုန်းအောင်းနေခဲ့သည်။ အစ္စလာမာဘက်ရှိ စီအိုင်အေတာဝန်ခံနှင့် ထောက်လှမ်းရေးအဖွဲ့ဝင်များကမူ ကာစီအား ပုန်းအောင်းနေသည့်နေရာမှ ဖမ်းဆီးခဲ့ပြီး လေယာဉ်၊ သို့မဟုတ် ရဟတ်ယာဉ်ဖြင့် အမေရိကန်ပြည်ထောင်စုသို့ သယ်ယူမည်ဖြစ်သည်။

သို့သော် ကာစီ ပုန်းအောင်းနေသောနေရာ အတိအကျ ညွှန်နိုင်သူမရှိခဲ့။ အဘယ်ကြောင့်ဆိုသော် သတင်းပေးသူအဖို့ သူ့အသက်သာမက မိသားစုအသက်ပါ စတေးခံရဖွယ်ရှိသောကြောင့် ဖြစ်၏။ စီအိုင်အေအေးဂျင့်များသည် ကာစီသည် အာဖဂန်နစ္စတန်နယ်စပ်ရှိ ခံတပ်မြို့တစ်မြို့တွင် ပုန်းအောင်းနေသည်ဟု သတင်းရသဖြင့် ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့အား အကူအညီတောင်းခံသည်။ ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့က ငြင်းဆန်ခဲ့၏။ သို့ဖြင့် စီအိုင်အေအဖွဲ့သည် နည်းလမ်းအမျိုးမျိုး ရှာခဲ့ရ၏။ နောက်ဆုံးတွင် ကာစီပုန်းအောင်းနေသော ခြံဝန်းကြီးအား ရုပ်သံလွှင့်စက်တစ်လုံးလှူခဲ့သည်။ ထိုရုပ်သံလွှင့်စက်တွင် လျှို့ဝှက်ကင်မရာနှင့် ရုပ်ပုံပို့ထုတ်လွှင့်သည့်စက် ထည့်ထားသည်။ ထိုစမ်းသပ်မှုမှာလည်း အောင်မြင်ခြင်းမရှိ။ စီအိုင်အေအဖို့ ကာစီခြေရာကောက်သည့်ကိစ္စအား လက်လျှော့ရတော့မည့်ကိန်း ဆိုက်ခဲ့သည်။

၁၉၉၇ ခုနှစ်၊ မေလတွင် ဘလူချီစတန်ပြည်နယ်သားတစ်ဦးသည် အမေရိကန်ပြည်ထောင်စု ကောင်စစ်ဝန်နှင့် လျှို့ဝှက်စွာ တွေ့ဆုံပြီး ကာစီ၏ လျှပ်ရှားမှုသတင်းအချက်အလက် အတိအကျပေးသည်။ ထိုစဉ်က ကာစီသည် ဘလူချီစတန်ပြည်နယ်မှ ခေါင်းဆောင်တစ်ဦး၏ အစောင့်အရှောက်ခံအဖြစ် နေထိုင်ပြီး ထိုသူနှင့်အတူ ခရီးထွက်လေ့ရှိသည်ဟု သိရသည်။ ဤတွင် စီအိုင်အေအေးဂျင့်များနှင့် အက်(ဖ်)ဘီအိုင် စုံထောက်အဖွဲ့ဝင်များက ကာစီတည်းခိုနေသည့် ဟိုတယ်အား စီးနင်းဝင်ရောက်၍ ဖမ်းဆီးရန် စီစဉ်ခဲ့ကြသည်။

ထိုအချိန်တွင် ကာစီသည် ပါကစ္စတန်နိုင်ငံ "ဒီရာဂါဇီခန်"မြို့ ရှာမီလာဟိုတယ်တွင် တည်းခိုလျက်ရှိကြောင်း စီအိုင်အေက သတင်းအတိအကျရထားပြီးဖြစ်၏။ ၁၉၉၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့ည အရုဏ်ဦးအချိန်တွင် ကာစီအခန်းအား စီးနင်းဝင်ရောက်ရန် အသေးစိတ်အစီအစဉ်ရေးဆွဲပြီး သတ်မှတ်သည့်အချိန်တွင် အရုဏ်ဝတ်ပြုပွဲသို့သွားရောက်ရန်အတွက် ကာစီအခန်းအား ခေါက်၍ တံခါးအားခြေဖြင့်ကန်ဖွင့်ကာ စီအိုင်အေ အေးဂျင့်များက ကာစီအားကြမ်းပေါ်တွင် ချုပ်ကိုင်ထားလိုက်သည်။ ထို့နောက် ကာစီ၏ လက်ဗွေရာကို ယူကြသည်။ ထိုအဖွဲ့နှင့် အသင့်ပါလာသော လက်ဗွေပါရဂူက မှန်ဘီလူးဖြင့် စနစ်တကျ စစ်ဆေး၍ ထိုသူမှာ ဝရမ်းပြေးအကြမ်းဖက်သမား မီယာအေမယ်ကာစီဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံ၊ မူလ်တန်မြို့လေဆိပ်မှ အစ္စလာမာဘတ်သို့ပို့၍ ထိုမှတစ်ဆင့် အမေရိကန်ပြည်ထောင်စုသို့ ကာစီအား ဖမ်းဆီးခေါ်ဆောင်နိုင်ခဲ့ပါကြောင်း . . .။

■ လှမိုး(ပညာရေး)

ကျမ်းကိုး

Inside Terrorism

www.burmeseclassic.com


# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒိဋ္ဌပျောက်ကင်းရမည်။

- သရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှုသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် တားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မှူးလေးမြို့ အတိမ္ဗာတောင်သာသရာကြီးဦးလှမောင်၊ သရာမကြီးဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုပိဋကာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၄၃၀၅၂၁၀၂

၁၃-၁၄လမ်းကြား။ ၈၀-၈၁ လမ်းကြား။ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅



ထောက်ခံချက် - ၈၁/ ၀၉၃၄၈/ထလ

®

vital

ဗိုက်တယ် သောက်ရေသန့်

Purified drinking water


20 Litre

Product of Myanmar

အမှတ် (၁၉)၊ အင်း၀ (၇)လမ်း၊ (စ)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉ ၈၀၃၂၅၅၂


www.burmeseclassic.com

www.burmeseclassic.om





www.burmeseclassic.com

www.burmeseclassic.com

# ထောင်မှူးများ အလိုရှိသည်

## အပိုင်း(၁၇)

### သမ္မာရင့် ထောင်ပိုင်ကြီးများရဲ့ မမေ့နိုင်တဲ့ မှတ်သားဖွယ်ဩဝါဒများ(၁)

တူးတူးတို့ရေ…

အင်းစိန်ရုံးချုပ်မှာ ရုံးလုပ်ငန်းတွေ တစ်ဖက်၊ ဥပဒေအကြံပေးအလုပ် တစ်ဖက်နဲ့ တာဝန်ထမ်းဆောင်နေရင်း မကြာခဏဆိုသလို သတိရနေမိတာ တစ်ခု ရှိသဗျာ။ အဲဒါက တခြားတော့ မဟုတ်ဘူး။ အကျဉ်းထောင်လုပ်သက် တစ်လျှောက် ကြားခဲ့ဖူးသမျှ ကိုယ့်ဆရာထောင်ပိုင်ကြီးတွေရဲ့ မှတ်သားဖွယ်ရာ ဩဝါဒဆန်ဆန် မိန့်မြွက်ခဲ့တဲ့ စကားတွေပဲ ဖြစ်ပါတယ်။

မိန့်မြွက်ခဲ့တယ်ဆိုပေမယ့် ကိုယ့်ကို တသီးတသန့်ခေါ်ပြီး ပြောဆိုခဲ့တာမျိုးတော့ မဟုတ်ဘူး။ သူတို့ဘာသာ တာဝန်ထမ်းဆောင်ရင်း၊ သောက်စားရင်း သူတို့နှုတ်က လွှတ်ခနဲထွက်လာတတ်တဲ့ စကားအချို့ကို ကိုယ့်စိတ်ထဲမှာ မမေ့မလျော့ မှတ်တမ်းတင်ထားခဲ့မိတာမျိုးဖြစ်သဗျ။

အဲဒီမှာ ကိုယ်ထောင်မှူးဖြစ်ပြီးတဲ့နောက် ပထမဆုံး မှတ်သားမိတာက တစ်ခေတ်တစ်ခါက "မော်စကိုကာင်း"လို့ တင်စားခေါ်ဝေါ်ခဲ့ရတဲ့ အင်းစိန်ဗဟိုအကျဉ်းထောင်ပိုင် ဦးဘီမဂ္ဂနန်းပဲ ဖြစ်ပါတယ်။

ကိုယ်တို့ တူးတူးတွေ ၁၉၇၆ ခုနှစ်၊ မတ်လမှ ထောင်မှူးသင်တန်းဆင်းပြီးတဲ့နောက် ကိုယ်ပထမဆုံး တာဝန်ထမ်းဆောင်ရတာက အင်းစိန်ဗဟိုအကျဉ်းထောင်ကြီး ဖြစ်ပါတယ်။ အဲဒီအချိန်က ဆရာဦးဘီမဂ္ဂနန်းက ထောင်ပိုင်ကြီး ဆရာဦးကြည်က ထောင်ပိုင်လေး။ ဆရာဦးကျော်လှိုင်နဲ့ ဆရာဦးတင်ရွှေတို့က ထောင်မှူးကြီးတွေ ဖြစ်ပါတယ်။ ဆရာဦးအုန်းမောင်၊ ဆရာဦးဘိုကြည်၊ ဆရာဦးညီစိန်၊ ဆရာဦးမြသွင် စသာတွေက ကိုယ်တို့ရဲ့ စီနီယာထောင်မှူးတွေပေါ့လေ။

အဲဒီတုန်းက တစ်ရက်ခြားဆိုသလို မနက် ၅ နာရီခွဲ ထောင်ဖွင့်ဝင်ရပြီး ကျန်ရက်တွေမှာ မနက် ၇ နာရီမှာ စတင်တာဝန်ထမ်းဆောင်ရတာ ဖြစ်ပါတယ်။ အဲလို မနက် ၅ နာရီခွဲဝင်ဝင်၊ ၇ နာရီဝင်ဝင် ထောင်ဗူးဝတံခါးကြီးထဲရောက်လို့ ထောင်ပိုင်ကြီးရုံးခန်းထဲငုံ့စောင်းကြည့်လိုက်မိရင် ဆရာဦးဘီမဂ္ဂနန်းကို ရုံးခန်းထဲ ထိုင်လျက်တွေ့လိုက်ရပါတယ်။

ဒီလိုပဲ ညနေဘက် ထောင်ပိတ်ပြီးလို့ ည ၇ နာရီ ၈ နာရီ တစ်ခါတစ်ရံ ထောင်ပိတ်နောက်ကျလို့ ည ၁၀ နာရီ ၁၁ နာရီ ထောင်ထဲက ပြန်ထွက်ရတဲ့အခါတွေမှာလည်း ဆရာဦးဘီမဂ္ဂနန်းကို ရုံးခန်းထဲ ထိုင်လျက်တွေ့နေရတာပါပဲ။ ဒါတင်မကသေးဘူး။ ကိုယ်တို့တာဝန်မှူးကျတဲ့ ညတွေမှာ သန်းခေါင်သန်းလွဲအခါမဲ့အချိန်တွေမှာ ထောင်ထဲကို

ဗဟိုစော

www.burmeseclassic.com

ရှောင်တခင် လာရောက်စစ်ဆေးသူကလည်း ဆရာဦးဘီမဂ္ဂနန်းကိုယ်တိုင်ပဲ ဖြစ်နေပြန်တယ်။

ကြည့်စမ်းဗျာ. . .။ နေ့နေ့ညည တစ်ချိန်လုံးလိုလို ထောင်ထဲမှာချည်းရှိနေတော့ သူဘယ်အချိန်မှာ သွားအိပ်မလဲ။ သာရေးနာရေး စတဲ့ လူမှုရေးကိစ္စတွေကို သွားကောသွားနိုင်ပါရဲ့လား။ ဘယ်လိုပဲဖြစ်ဖြစ် ဆရာ့အနေအထားအရ ပြင်ပလူ့အဖွဲ့အစည်းတွေနဲ့ အတော်လေး ကင်းကွာနေမှာတော့ အသေအချာပါပဲ။

ဒါ့ကြောင့် ဆရာမဂ္ဂနန်းကို မြင်တိုင်း ကိုယ်တွေးမိတာတစ်ခု ရှိလာတယ်။ ဒါဟာ ဘာလဲဆိုတော့ ကိုယ့်ဘဝသက်တမ်းတစ်ခုလုံးကို ဆရာမဂ္ဂနန်းလို ထောင်ထဲမှာချည်း မဖြုန်းတီးပစ်နိုင်ဘူးဆိုတာပါပဲ။

၁၉၇၆ ခုနှစ်၊ ဇွန်လဆန်းပိုင်းမှာထင်ပါရဲ့။ သရက်အကျဉ်းထောင်မှာ အကျဉ်းသား "သောကြာ"ဦးဆောင်တဲ့ အာဏာဖီဆန်ရေးသပိတ်ကြီး ပေါ်လာတယ်။ အမှန်တော့ ဒါဟာ ထောင်အုပ်ချုပ်သူအရာရှိတွေရဲ့ ထောင်စည်းကမ်းကိုင်တွယ်မှု ပေါ့ဆလျော့ရဲတာတွေကြောင့် အမိကပေါ်ပေါက်လာရတာပါ။ ဒီသပိတ်ကြောင့် ထောင်ဆူပူမှုဖြစ်ပြီး အုပ်ချုပ်သူတွေ မထိန်းနိုင်မသိမ်းနိုင်အောင် ဖြစ်ခဲ့ရပါတယ်။

ဒါကြောင့်မို့ ထောင်အတွေ့အကြုံသမ္ဘာရင့်ပြီး မော်စကိုကင်းဖြစ်တဲ့ ကိုယ်တို့ရဲ့ အင်းစိန်ထောင်ပိုင်ကြီး ဆရာဦးဘီမဂ္ဂနန်းနဲ့ အင်းစိန်သင်တန်းကျောင်းကတပ်ကြပ်ကြီး ဆရာတင်မြတို့ ဦးဆောင်တဲ့အဖွဲ့ကို သရက်ထောင်ဆီ အရေးပေါ်တာဝန်ပေးစေလွှတ်ခဲ့ရတယ်။

အကျဉ်းသားအကြောကို နှောကျေနေတဲ့ ဆရာမဂ္ဂနန်းက အကျဉ်းထောင်လက်စွဲဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ စနစ်တကျဆောင်ရွက်လိုက်တာကြောင့် တစ်ချိန်လုံး ရေနွေးအိုးကြီးလို ပွက်ပွက်ဆူနေတဲ့ သရက်အကျဉ်းထောင်ကြီးဟာ တစ်ပတ်အတွင်း မီးကိုရေနဲ့ဖျန်းလိုက်သလို သုသာန်တစပြင်အလား တိတ်ဆိတ်ငြိမ်သက်သွားပါတော့တယ်။

"ခင်ဗျားနဲ့ ဦးစိတ်ကောင်း ဆရာမဂ္ဂနန်းနဲ့အဖွဲ့အတွက် ဇွန်လ လစာတွေကို သရက်ထောင်မှာ သွားပေးရလိမ့်မယ်"

စီနီယာထောင်မှူးလည်းဖြစ်၊ သင်တန်းကျောင်းတာဝန်ခံလည်းဖြစ်တဲ့ ဆရာထောင်မှူးဦးယဉ်မောင်က ဇူလိုင်လ ၃ ရက်နေ့ မနက်မှာ ကိုယ့်ကိုခေါ်ပြောတယ်။ ဦးစိတ်ကောင်းဆိုတာက ငွေစာရင်းဌာနက လုပ်သက်ရင့်တပ်သားကြီး ဆိုပါတော့။ သွားရမှာက နောက်တစ်နေ့မနက် ၅ နာရီထွက်မယ့် ရန်ကုန်-အောင်လံ အဝေးပြေးကားနဲ့။ ကိုယ်က ဇူလိုင် ၃ ရက်နေ့ ညနေပိုင်း ဆရာမဂ္ဂနန်းအိမ်သွားပြီး ထောင်ပိုင်ကြီးကတော်နဲ့ သွားတွေ့တယ်။ ဆရာကြီးဆီ ဘာမှာဦးမလဲပေါ့လေ။ ဆရာကတော်က မင်းဆရာကြီးအတွက်ဆိုပြီး မန္တလေးရမ်အကြီးနှစ်လုံး ထည့်ပေးလိုက်တယ်ဗျ။

ကိုယ်နဲ့ ဦးစိတ်ကောင်း နောက်တစ်နေ့မနက် အရုဏ်တက်လောက်ထွက်သွားကြတာ အောင်လံမြို့ကို နေ့ခင်း ၂ နာရီလောက် ရောက်တယ်။ အဲဒီကတစ်ဆင့် သရက်မြို့ကို မော်တော်နဲ့ ဆက်ကူးကြတာ ညနေ ၄ နာရီခွဲလောက် သရက်ထောင်ရောက်ကြတယ်။ ရောက်တာနဲ့ ဆရာမဂ္ဂနန်းကို သတင်းပို့ပြီး ပါလာတဲ့ ရမ်နှစ်လုံးအပ်လိုက်တယ်။

ပြီးတာနဲ့ ဦးစိတ်ကောင်းနဲ့အတူ အင်းစိန်ဝန်ထမ်းအဖွဲ့ကို လစာပေးလိုက်ကြတာ မိုးချုပ်ပါလေရော။ ကိစ္စပြီးလို့ ရေချိုးနေတုန်း ထောင်ပိုင်ကြီးခေါ်တယ်ဆိုလို့ ထောင်ဘူးဝပေါ်က ထောင်ပိုင်အိမ်ဆီ တက်သွားရတယ်။

အဲဒီမှာ ဆရာမဂ္ဂနန်းရယ်၊ (ဘောင်မှူးကြီး လက်ကောက်ဦးစိုးညွှန့်ရယ်၊ ထောင်မှူးဘော်စတယ် တင်ဝင်းရယ်၊ ကိုယ်တို့ တူးတူးအဖွဲ့က ထောင်မှူးကိုတင်ထွဋ်ရယ် စားပွဲတစ်လုံးမှာ ဝိုင်းထိုင်နေကြတာ တွေ့လိုက်ရတယ်။ စားပွဲပေါ်မှာတော့ ကိုယ်အင်းစိန်က ယူလာတဲ့ မန္တလေးရမ်နှစ်လုံးနဲ့ စားစရာအမြည်းစုံစုံလင်လင်နဲ့ ဝိုင်းတောင်စနေကြပါပြီ။

ကိုတင်ထွဋ်က ကိုယ့်အတွက် ဖန်ခွက်တစ်လုံးမှာ ရမ်လက်နှစ်လုံးလောက်နဲ့ ဆိုဒါစပ်ပေးပါတယ်။ စကားတပြောပြောနဲ့ သောက်လိုက်၊ စားလိုက်ကြတာ မကြာခင် ရမ်တစ်လုံး တက်တက်ပြောင်ပါလေရော။ ရမ်ဒုတိယအလုံး ထက်ဝက်ကျိုးတဲ့အချိန်မှာတော့ အားလုံးလိုလို အတော်လေး ရေချိန်ကိုက်နေကြပြီ။

အဲဒီအထဲမှာ ဆရာမဂ္ဂနန်းတစ်

www.burmeseclassic.com

ယောက် အပျော်ဆုံး၊ အမြူးကြွဆုံး ထင်ပါရဲ့။ ဆရာကတော် အင်းစိန်ကနေ တကူးတကန့် ပို့လိုက်တဲ့ (မသောက်ရတာကြာနေပြီဖြစ်တဲ့) မန္တလေးရမ်ကို သောက်လိုက်ရလို့လားမသိဘူး။ တဟဲဟဲ တဟားဟားနဲ့ အတော့်ကို စိတ်ကျေနပ်နေပုံပါပဲ။

ဒီလိုနဲ့ ထောင်အတွေ့အကြုံတွေ အပြန်အလှန် ဖလှယ်ပြောဆိုနေလိုက်ကြတာ တစ်နေရာအရောက်မှာ ဆရာမဂ္ဂနန်း ပြောလိုက်တဲ့ စကားတစ်ခွန်းဟာ ကိုယ့်ရင်ထဲမှာ တစ်သက်စာ မေ့မရနိုင်အောင် သံမှိုနက်ထားသလို စွဲလမ်းသွားခဲ့စေတာပါပဲ။

အဲဒီစကားကတော့ ဆရာမဂ္ဂနန်း ဆက်ရက်မင်းစည်းစိမ်အပြည့်နဲ့ တဟဲဟဲရယ်မောရင်း "ကျုပ်က မရိုးအင်ဂျင်နီယာဗျ။ တောက်...သောက်ထောင်မှူးလာဖြစ်ရတယ်လို့ဗျာ...ဟား...ဟား...ဟား...ဟား"လို့ ရင်ခေါင်းသံကြီးနဲ့ အော်ဟစ်ပြောလိုက်တာပါပဲ။

ဒီစကားက ဘွဲ့ရပြီး ထောင်မှူးတစ်ယောက်ဖြစ်အောင် အတော်ကြိုးစားခဲ့ရပြီး ဒီလိုထောင်မှူးဖြစ်ရတာကို ဂုဏ်ယူနေတဲ့ ကိုယ့်ရင်ထဲမှာ အလွန်ယမ်းအားပြင်းတဲ့ ဗုံးတစ်လုံး ရုတ်တရက်ပေါက်ကွဲသွားသလို အလန့်လန့်အဖျပ်ဖျပ် ဖြစ်သွားခဲ့ပါတော့တယ်။

ဘယ့်နှယ်ဗျာ။ အဲဒီအချိန်တုန်းက ဘွဲ့ရသုံးထောင်ကျော်ကို အရည်အချင်းစစ်စာမေးပွဲနဲ့ လူတွေ့အင်တာဗျူးအဆင့်ဆင့် စစ်ဆေးခံပြီးမှ ဆန်ခါတင်အရွေးခံရတဲ့ ၆၆ ယောက်ထဲမှာပါလို့ ထောင်မှူးဖြစ်လာခဲ့ရတဲ့ဟာကို။ အဲဒါကို များဗျာ၊ ထောင်သမ္ဗာရင့်နေတဲ့ ထောင်ပိုင်ကြီးတစ်ယောက်က အလွန်နာနာကြည်းကြည်းနဲ့ လှောင်ခနဲ့ပြောချလိုက်တော့ ကိုယ်မျက်လုံးတွေ ပြူးကျယ်သွားပြီး အတော်ကြီး "ရှော့ခ်"ဖြစ်သွားမိတာပေါ့ဗျာ။

ကြည့်စမ်း။ "သောက်ထောင်မှူး"တဲ့။ ငါဒီအလုပ်လုပ်ခဲ့တာများ မှားနေပြီလားဆိုပြီး နောင်တပဲ ရရတော့မလိုလို၊ သံဝေဂပဲ ယူရတော့မလိုလို စိတ်စနိုးစနောင့် ဖြစ်မိတာတော့ အမှန်ပဲဗျ။

နောက်ဆရာကြီးတစ်ယောက်ကတော့ အားလုံးသိပြီးဖြစ်ကြတဲ့ အမျိုးသားစာပေဆုရ ကိုယ်တို့ရဲ့ နိုင်ငံကျော်စာရေးဆရာ ထောင်ပိုင်ကြီး ဆရာဦးရန်အောင်မောင်မောင်ပဲ ဖြစ်ပါတယ်။ ဆရာဦးရန်အောင်က သူ့ဩဝါဒဆန်ဆန် စကားကို ဆရာမဂ္ဂနန်းလို အရက်ဝိုင်းမှာ တဟားဟားနဲ့ ပြောခဲ့တာမျိုးမဟုတ်သလို၊ လူချင်းတွေ့တုန်းမှာ မှတ်မှတ်ရရ ပြောခဲ့တာမျိုးလည်း မဟုတ်ခဲ့ဘူးဗျ။

ဆရာ့စကားကို ကိုယ်ထောင်မှူးမဖြစ်ခင် ကျောင်းသားဘဝကတည်းက ဖတ်ဖူးတဲ့ မြဝတီမဂ္ဂဇင်းပါ ဆရာ့ဝတ္ထုတိုတစ်ပုဒ်ကတစ်ဆင့် ရင်ထဲစွဲနေအောင် မှတ်သားမိခဲ့တာပါ။ အဲဒီဝတ္ထုတိုရဲ့ နာမည်က "ဘဝဆက်ခါ ဖြစ်လေရာဝယ်"တဲ့ဗျ။

ဆရာ့ဝတ္ထု ဇာတ်လမ်းသဘောက ထောင်မှူးမောင်မောင် တာဝန်ကျနေတဲ့ မန္တလေးတိုင်းမှာရှိတဲ့ နယ်အကျဉ်းထောင်တစ်ခုဆီ လူသတ်မှုနဲ့ ကြိုးမိန့်ကျလာတဲ့ အကျဉ်းသားတစ်ယောက် ရောက်လာတယ်။ နယ်ထောင်က (ဂ) အဆင့်ရှိတဲ့ ထောင်ဖြစ်လို့ ဖွဲ့စည်းပုံအရ ထောင်မှူးကြီးရှိပေမယ့်လည်း တိုက်တိုက်ဆိုင်ဆိုင် ထောင်မှူးကြီး ခွင့်ရက်ရှည်သွားနေတဲ့ အချိန်မှာမှ ရောက်လာတာဖြစ်တယ်။

အဲဒါကြောင့် ထောင်ပိုင်ကြီးက ထောင်ကျရုံးတာဝန်ခံဖြစ်တဲ့ ထောင်မှူးမောင်မောင်ကိုပဲ ကြိုးသမားကိစ္စကို အစစအရာရာ ဆောင်ရွက်ဖို့ ထောင်မှူးကြီးကိုယ်စား တာဝန်ပေးညွှန်ကြားသတဲ့။ အရင်ကလည်း ကြိုးပေးတဲ့ အတွေ့အကြုံရှိခဲ့ဖူးတဲ့ ထောင်မှူးမောင်မောင်ဟာ ကြိုးသမား ကြိုးစင်တင်မယ့်ကိစ္စကို ထောင်ပိုင်ကြီးရဲ့ ညွှန်ကြားချက်နဲ့အညီ တတ်သလောက်၊ မှတ်သလောက် ကြိုးစားပြင်ဆင်ပေးသတဲ့ဗျ။

ဒုက္ခဆိုးတာက ကြိုးသမားကို ကြိုးစင်ပေါ်မှာ ဒေါက်ဖြုတ်သတ်ရမယ့်ကိစ္စကိုပါ ထောင်မှူးကြီးကိုယ်စား ထောင်မှူးမောင်မောင်ကိုပဲ တာဝန်ပေးသတဲ့လေ။ ထောင်မှူးမောင်မောင်အနေနဲ့ အရင်က တစ်ကြိမ်တစ်ခါမှ ဒေါက်မဖြုတ်ဖူးပေမယ့် ထောင်မှူးကြီး ဒေါက်ဖြုတ်တာကို အနီးကပ်မြင်ဖူးပြီးသားဆိုပဲ။

ထောင်မှူးမောင်မောင်အနေနဲ့ ပိုးဟပ်တစ်ကောင်တောင် သတ်ဖူးတာမဟုတ်တော့ ကိုယ်နဲ့ ဘာရန်ငြိုးမှမရှိတဲ့ လူတစ်ယောက်ကို သွေးအေးအေးနဲ့ ဇီဝိန်ခြွေရမှာမို့လို့ အတော်လေးတုန်လှုပ်နေမိတယ်တဲ့။ ဒါပေမယ့် သူ့ဆန်စားရဲ့ရှုမှာဖြစ်သလို၊ "အထက်မှ ပေးအပ်သော တာဝန်နဲ့ ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ပါမည်"လို့ ကတိသစ္စာ



www.burmeseclassic.com

www.burmeseclassic.com

ပြုထားလေတော့လည်း ဘယ်လိုမှ မငြင်းသာခဲ့ဘူးတဲ့။ နောက်ဆုံးတော့ လူသတ်မှု၊ ဓားပြမှု၊ လုယက်မှုတွေနဲ့ ရာဇဝင်လူဆိုးဖြစ်တဲ့ ကြိုးသမားညိုကြီးကို ထုံးစံအတိုင်း မနက်အရုဏ်တက်ချိန်မှာ အောင်မြင်စွာ ခေါက်ဖြတ်သတ်ပေးနိုင်ခဲ့သတဲ့။

အဲလို ထောင်လုပ်ငန်းကို အထစ်အငေါ့မရှိ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပေမယ့် ပြဿနာက အိမ်ပြန်ရောက်မှ အလုံးအရင်းနဲ့ တက်တော့တာပဲတဲ့။

ပြောရရင် ထောင်မှူးမောင်မောင်အဖြစ်က အခုကိုယ်စာရေးနေတဲ့အချိန်မှာတောင် ပြန်မပြောပြရဲလောက်အောင်ကို ယုံကြည်နိုင်စရာမကောင်းတဲ့ ရေစက်ဆိုးမျိုးပါ။

အဲဒီနေ့မနက်မှာပဲ ညီမဖြစ်သူ နေမကောင်းလို့ မန္တလေးကို ခဏပြန်သွားတဲ့ သူ့အမေ ဘာမပြော၊ ညာမပြော ဖြန်းစားကြီးရောက်ချလာပြီး ဒရီးရောက်မဆိုက် မောကြီးပန်းကြီးနဲ့ မေးသတဲ့။

“သား...ဟို သေဒဏ်ကျလာတဲ့ ညိုကြီးဆိုတာကို ကြိုးပေးပြီးပြီလားဟင်”

“ဪ...ညိုကြီးဆိုတဲ့ ရာဇဝင်လူဆိုးကြီးလား အမေ”

“အေးလေ၊ ဟုတ်တယ်ကွယ့်”

“အဲဒါ ဒီမနက်ပဲ သားကိုယ်တိုင်ကြိုးပေးသတ်ပစ်လိုက်ပြီလေ။ ဘာဖြစ်လို့ မေးတာလဲ အမေ”

အဲဒီတော့မှ အမေဖြစ်သူ ရင်ဘတ်စည်တီး ကြမ်းပြင်ပေါ် လူးလိမ့်ပြီး ငိုကြီးချက်မနဲ့...

“အမလေး...ကံကြီးလိုက်ပါရောလား သားရယ်။ အဲဒါ သားငယ်ငယ်ကတည်းက အိမ်ကထွက်သွားတဲ့ သားအဖေအရင်းပဲကွယ့်...အီး...ဟီး...ဟီး...ဟီး”

“ဗျာ...အမေ၊ ဘယ်လိုပြောလိုက်တယ်”

ကြားရတဲ့စကားက ထောင်မှူးမောင်မောင်ကို ငယ်ထိပ်မြွေပေါက်ခံလိုက်ရသလို အရုပ်ကြီးပြုတ် လဲကျသွားစေသတဲ့။ သူ့အမေလည်း တက်ပြီးသတိမေ့သွားလို့ အိမ်နီးချင်းတွေ ဝိုင်းပြီးနာနပ်ပေးလိုက်ရသတဲ့။

ထောင်မှူးမောင်မောင်မှာ ကြားရတဲ့ စကားကို မယုံကြည်နိုင်လောက်အောင်ကို မျက်လုံးကြီးတွေ အဆမတန်ပြူးပြီး အံ့ဩလွန်းလို့ အသက်ထွက်တော့မလို ခံစားနေရတယ်တဲ့။ အဲဒီအချိန်ကျမှ ကြိုးသမား ညိုကြီး ခေါက်ဖြတ်ခါနီး ပြောသွားတဲ့စကားတစ်ခွန်း ပြန်သတိရလာမိသတဲ့ဗျ။

ကြိုးသမားညိုကြီးက...

“ကျွန်တော့်သားလည်း ခုလောက်ဆို ဆရာ့လိုအရွယ်မျိုး ဆရာ့လို ရုပ်ရည်မျိုး ရှိနေလောက်ပြီဆရာ”

ထောင်မှူးမောင်မောင်၏ ရင်ထဲ မခံမရပ်နိုင်အောင် နာကျင်လာကာ ပါးပြင်တစ်လျှောက် မျက်ရည်ပူများ တသွင်သွင်စီးကျလာပါတော့တယ်။ သူ ထောင်မှူးတစ်ယောက်ဖြစ်ရတာကို တစ်ချိန်လုံး ဝမ်းသာဂုဏ်ယူနေခဲ့မိသမျှ အခုမှ ဒီအလုပ်လုပ်မိတာကို နောင်တရ နာကြည်းကြေကွဲမိပြီး ယူကျုံးမရနိုင်အောင် ဖြစ်နေမိပါတော့တယ်တဲ့။

ကြည့်လေ။ ဒီထောင်မှူးအလုပ်က သူ့ကို ပဋ္ဌာနန္တိယကံကြီး ထိုက်စေခဲ့ပြီ မဟုတ်ပါလား။

ထောင်မှူးမောင်မောင်က ကြမ်းပြင်ပေါ် ပြိုလဲကျနေရာမှ အနိုင်နိုင် လက်ထောက်ထကာ ဘုရားစင်ရှေ့ရောက်သည်နှင့် တင်ပျဉ်ခွေပြင်ထိုင်လိုက်ကာ ထိခြင်းငါးပါးဖြင့် ဦးသုံးကြိမ်ချလိုက်သည်။

ပြီးမှ အသံတုန်တုန်ဖြင့်...

“အရှင်ဘုရား...ဘုရားတပည့်တော်သည် ဘဝဆက်ကာ ဖြစ်လေရာဝယ် ဤထောင်မှူးဆိုတဲ့ဘဝမျိုး ဘယ်သောအခါမှ မဖြစ်ရပါလို၏ ဘုရား”

တူးတူးတို့ရေ...

ကိုယ်ထောင်မှူးဖြစ်ပြီးမှ အဲဒီဆရာရန်အောင်ရဲ့ ဝတ္ထုကို မကြာခဏတွေးနေမိတာရယ်၊ ဆရာဘီမဂ္ဂနန်းရဲ့ ထောင်မှူးဖြစ်ရတဲ့ဘဝကို နာနာကြည်းကြည်း တောက်ခေါက်ပြီး သောက်ထောင်မှူးလို့ ရေရွတ်လိုက်သံတွေရယ်ကြောင့် တစ်ခါတစ်ခါ ဪ...ငါဒီ ထောင်မှူးဝင်လုပ်ခဲ့မိတာ မှားများမှားနေပြီလားလို့ တွေးတောနေမိပါတော့တယ်ဗျာ...။

*(ဆက်လက်ဖော်ပြပါမည်။)*

✦ **ဗဟိုဇော** ✦



www.burmeseclassic.com

www.burmeseclassic.com



## အမှုတွေပြေအေးစေမယ့်
# ဥပဒေအမေးအဖြေ

ဦးစောလှိုင် [ B.A (HIST:) H.G.P., R.L ]

**လင်ထောင်ကျနေစဉ်**
**မယားနောက်အိမ်ထောင်ပြုချင်တယ် ဆိုလျှင်**

ဆရာရှင့်...

ကျွန်မအိမ်ထောင်ကျတာ တစ်နှစ်တောင် မပြည့်သေးပါဘူး။ သားသမီးလည်း မထွန်းကားသေးပါဘူးရှင့်။ အဲဒါ ပြီးခဲ့တဲ့ လေးလလောက်က ကျွန်မယောကျ်ား စားသောက်ဆိုင်တစ်ခုမှာ အချင်းချင်း စကားများရန်ဖြစ်ရာ ဓားထိုးမှု ဖြစ်ခဲ့ပါတယ်။ ကျွန်မယောကျ်ားထိုးလိုက်တဲ့လူ နေရာမှာတင် ပွဲချင်းပြီး သေသွားလို့ လူသတ်မှုနဲ့ အဖမ်းခံခဲ့ရပါတယ်။ ပြီးခဲ့တဲ့နှစ်လက တရားရုံးတော်က ပြစ်မှုထင်ရှားလို့ဆိုပြီး ကျွန်မယောကျ်ားကို ထောင်တစ်သက်တစ်ကျွန်း(အနှစ်နှစ်ဆယ်) ချလိုက်ပါတယ် ဆရာ။

ကျွန်မက အခုမှ အသက် ၂၁ နှစ်ပဲ ရှိပါသေးတယ်။ ကျွန်မယောကျ်ားက ကျွန်မအသက် ၄၀ လောက်ကျမှ ထောင်က ပြန်လွတ်လာမှာ ဖြစ်လို့ဆိုပြီး ဆွေမျိုးမိတ်ဆွေတွေက နောက်အိမ်ထောင်ပြုခိုင်းကြပါတယ်။

ကျွန်မကတော့ ယောကျ်ားကို မခွဲနိုင်ပါဘူး။ သူ့အချုပ်ဘဝကတည်းက တစ်လနှစ်ကြိမ် ထောင်ဝင်စာ မှန်မှန် သွားတွေ့နေခဲ့ပါတယ်။ သူ့အချုပ်ဘဝက ဘာမှမပြောပေမယ့် ခုထောင်ကျသွားတော့ ကျွန်မကို ခဏခဏလာမတွေ့နဲ့လို့ ပြောလာပါတယ်။

ကျွန်မ နောက်ဆုံးသွားတွေ့တဲ့ အခေါက်မှာတော့ ထူးထူးဆန်းဆန်း စကားတစ်ခု ပြောလိုက်ပါတယ်။ ငါက ထောင်ထဲမှာ အနှစ်နှစ်ဆယ်တောင် နေရဦးမှာ။ ကံကောင်းလို့ အယူခံနိုင်ရင်တောင်မှ အောက်ထစ် ၁၅ နှစ်လောက်တော့နေရဦးမယ်။ ဒါကြောင့် နင် ငါ့ကိုစောင့်မနေဘဲ အရွယ်ရှိတုန်းလေး နောက်အိမ်ထောင်ပြုချင်ပြုလို့ ပြောလိုက်ပါတယ်။

မိဘဆွေမျိုးတွေ ပြောကြတာတော့ ကျွန်မ ခုနေခါ ယောကျ်ားကို စိတ်မကုန်နိုင်သေးပေမယ့် နှစ်ကြာလာတာနဲ့ အမျှ တဖြည်းဖြည်းမေ့သွားလိမ့်မယ်တဲ့။ အဲဒီအခါကျမှ နောက်အိမ်ထောင်ပြုမယ်ဆိုရင် အရမ်းနောက်ကျသွားလိမ့်မယ်တဲ့။ ညည်းယောကျ်ားကိုယ်တိုင်ကတောင် ခွင့်ပြုနေမှတော့ စောစောစီးစီး အိမ်ထောင်ပြုလိုက်တဲ့ ဆရာ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကတော့ သူတို့ပြောသလို ယောက်ျားကို ကြာရင်မေ့မေ့ မခန့်မှန်းနိုင်ပေမယ့် နောက်အိမ်ထောင်ပြုဖို့တော့ ခုထိ စိတ်ကူးလို့မရသေးပါဘူး။ ပြီးတော့ ကျွန်မစိတ်ထဲ နောက်အိမ်ထောင်ပြုတာဟာ ယောက်ျားအပေါ် သစ္စာဖောက်သလို ထင်နေမိတယ်ရှင်။

အဲဒါကြောင့် ယောက်ျားထောင်ကျနေတုန်း ကျန်ရစ်ခဲ့တဲ့ဇနီး နောက်အိမ်ထောင်ပြုမယ်ဆိုရင် ဥပဒေအရ ဘယ်လိုဖြစ်နိုင်ပါသလဲ။ ခွင့်ပြုတာမျိုးကော ရှိခဲ့ဖူးပါသလားဆိုတာလေး သိချင်နေပါတယ် ဆရာ။

ကျေးဇူးအထူးဖြင့်
**မသီတာ**
သင်္ဃဟလမ်း။ ကျောက်မြောင်း။ ရန်ကုန်မြို့။

မသီတာခင်ဗျား...

လင်ဖြစ်သူ ထောင်ကျနေစဉ် မယားဖြစ်သူ နောက်အိမ်ထောင်ပြုခြင်းဟာ ဖောက်ပြန်ခြင်းဖြစ်တယ်လို့ မောင်မြှုနဲ့ သက်နင်းတို့အမှုမှာ စီရင်ထုံးဖွဲ့ခဲ့ဖူးပါတယ်။

အမှန်တော့လည်း လင်ဖြစ်သူ ထောင်ကျသွားရင် လင်မယားအလိုအလျောက် တရားဝင်ကွာရှင်းပြတ်စဲသွားတာ မဟုတ်ပါဘူး။ တကယ်လို့ ကျန်ခဲ့တဲ့မိန်းမ သဘောနဲ့ နောက်အိမ်ထောင်ပြုရင် သူ့ယောက်ျား မကျေနပ်ရင် နောက်ယောက်ျားကို မယားခိုးမှုနဲ့ တရားစွဲနိုင်ပါတယ်။

မယားခိုးမှုဆိုတာ ပေါ့သေးသေးတော့ မဟုတ်ဘူးနော်။ အမှုဖွင့်တာနဲ့ ဖမ်းချုပ်ပြီး ပြစ်မှုထင်ရှားရင် ထောင်တန်းချပစ်တာလေ။ ပြစ်ဒဏ်က ငါးနှစ်အထိ ချနိုင်ပေမယ့် များသောအားဖြင့် နှစ်နှစ်လောက်ပဲ ချတတ်ကြပါတယ်။

ဒါပေမယ့်နော်။ အဲဒီယောက်ျားက သူ့မယားခိုးမှု ပြစ်ဒဏ်ခံပြီးပြီဆိုပြီး ထောင်ကလွတ်လာတဲ့အခါ အဲဒီမိန်းမနဲ့ ပြန်ပေါင်းဖို့တော့ စိတ်မကူးလေနဲ့။ ဥပဒေအရ မယားခိုးမှုထပ်ဖြစ်ပြီး နောက်တစ်ခါ ထောင်နန်းစံရဦးမှာမို့လို့ပဲ။

အခု မသီတာကိစ္စမှာတော့ သိပ်ပြဿနာမရှိနိုင်လောက်ပါဘူး။ ထောင်ကျနေတဲ့ယောက်ျားကတောင် အမြော်အမြင်ကြီးကြီးနဲ့ ခွင့်ပြုနေမင့်ဟာ။ မသီတာပြုချင်တဲ့အချိန် ပြုလို့ရတဲ့ အနေအထားပါပဲ။

ဒါပေမယ့် လူ့စိတ်ဆိုတာ ပြောင်းလဲတတ်တာမျိုး မဟုတ်လား။ ယောက်ျားက ခုနေခါ ခွင့်ပြုလိုက်ပေမယ့် တကယ်လက်တွေ့ နောက်အိမ်ထောင်ပြုတဲ့အခါ စိတ်ပြောင်းပြီး ကန့်ကွက်ချင် ကန့်ကွက်လာနိုင်တယ်လေ။

အဲဒါကြောင့် ရက်စက်တယ်လို့တော့ မထင်လိုက်ပါနဲ့။ နှုတ်တစ်ရာ စာတစ်လုံးတဲ့။ ခုရှုပ်မှ နောင်ရှင်းတဲ့။ ဒီတော့ ဥပဒေအရ ဆရာအကြံပြုချင်တာက မသီတာအနေနဲ့ နောက်အိမ်ထောင်တကယ်ပြုဖို့ ဆုံးဖြတ်ပြီးပြီဆိုရင်တော့ အဲဒီအခါ မသီတာယောက်ျားဆီသွားပြီး ထောင်အာဏာပိုင်တွေရှေ့မှောက်မှာ တရားဝင်ကွာရှင်းပြတ်စဲကြောင်း လက်မှတ်ရေးထိုးထားဖို့ပါပဲ။

ဒါမှလည်း နောင်ရေး စိတ်အေးရလိမ့်မယ် မသီတာရေ...။

××× ××× ×××

**တာဝန်ထမ်းဆောင်စဉ် ခင်ပွန်းမတော်တဆသေဆုံးရင် ဘာပင်စင်ခံစားရမလဲ**

ဆရာရှင်

ကျွန်မအမျိုးသားက ဦးစီးဌာနတစ်ခုက အရာရှိငယ်တစ်ယောက်ဖြစ်ပါတယ်။ သူတို့ဌာနမှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ဖွင့်လှစ်ထားတဲ့ လမ်းဖောက်စခန်းတွေမှာ အလှည့်ကျသွားပြီး တာဝန်ထမ်းဆောင်ရင်း တောင်ကမ်းပါးယံတစ်ခုက မတော်တဆ လိမ့်ကျပြီး ကွယ်လွန်သွားတာ ခုဆို ခြောက်လလောက်ရှိနေပါပြီ။

သူ့အလောင်းကို ခက်ခက်ခဲခဲ ရှာဖွေယူခဲ့ပြီး မြန်မာ့ဓလေ့ထုံးစံနဲ့အညီ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆိုတဲ့ ကြေးနန်းစာကို ကျွန်မလက်ခံရရှိခဲ့ပါတယ်။ အဲဒီဒေသဆီ ခရီးဝေးလွန်းလို့ ကိုယ်တိုင်မသွားနိုင်တာကြောင့် အိမ်မှာပဲ သံဃာငါးပါးပင့်ပြီး ရက်လည်ဆွမ်းသွတ်ခဲ့ရပါတယ်။

ရက်လည်နေ့ရောက်လာတဲ့ ဆွေမျိုးမိတ်ဆွေတွေက ကျွန်မအမျိုးသားအတွက် ရပိုင်ခွင့်တောင်းဆိုဖို့ တိုက်တွန်းကြပါတယ်။ တချို့က နစ်နာကြေးတောင်းဖို့၊ တချို့က လျော်ကြေးပင်စင်တင်ဖို့ တချို့ကျတော့ မိသားစုပင်စင်တင်ဖို့


www.burmeseclassic.com

www.burmeseclassic.com

အမျိုးမျိုးအကြံပြုကြပါတယ်။

ကျွန်မအနေနဲ့ ဘယ်လိုဆက်လုပ်ရမှန်း မသိလို့ နီးစပ်ရာ အစိုးရဝန်ထမ်းတချို့ကို မေးကြည့်တော့ သူတို့က အကောင်းဆုံးက ရန်ကုန်ရုံးချုပ်မှာ သွားစုံစမ်းဖို့ လမ်းညွှန်ကြပါတယ်။

ကျွန်မ ကျန်းမာရေးလည်းမကောင်းလို့ ရန်ကုန်ရုံးချုပ် အထိလည်း မသွားနိုင်သေးပါဘူးရှင့်။ အဲဒါကြောင့် ဒီကိစ္စကို ကျွန်မဘယ်လိုဆောင်ရွက်ရမယ်၊ ဥပဒေရ ဘယ်လိုပင်စင် မျိုးကို ဘယ်လိုလျှောက်ထားဆောင်ရွက်ရမယ်ဆိုတာကို အမြန်ဆုံး ဖြေကြားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ် ဆရာ။

ရိုသေလေးစားစွာဖြင့်

**မလှသီ**

လောင်းလုံမြို့ ထားဝယ်ခရိုင်။

မလှသီခင်ဗျား...

ဆွေမျိုးမိတ်ဆွေတွေပြောတဲ့ လျော်ကြေးပင်စင်ဆိုတာ ရုံးတစ်ရုံးဖြစ်စေ၊ ရာထူးတစ်ခုခုဖြစ်စေ ဖျက်သိမ်းခံရတဲ့အခါ ရုံးဝန်ထမ်းတွေကို အစိုးရက ပြန်နေရာချထားပေးပေမယ့် ဝန်ထမ်းက ဆက်လက်တာဝန်မထမ်းဆောင်လိုတော့ရင် အဲဒီ ဝန်ထမ်း ထမ်းဆောင်ခဲ့တဲ့ လုပ်သက်အတွက် အကျိုးခံစား ခွင့်ပေးရတဲ့ ပင်စင်အမျိုးအစားကို ခေါ်တာပါ။

သူတို့ပြောတဲ့ မိသားစုပင်စင်ဆိုတာကလည်း ဝန်ထမ်း ဟာ တာဝန်ထမ်းဆောင်နေတုန်း ကွယ်လွန်သွားရင်ဖြစ်စေ၊ ပင်စင်ယူပြီးမှ ကွယ်လွန်သွားရင်ဖြစ်စေ ကျန်ရစ်သူ မိသားစု ခံစားပိုင်ခွင့်ရှိတဲ့ ပင်စင်အမျိုးအစားကို ဆိုလိုတာပါ။

အခု မလှသီရသင့်တာက အဲဒီပင်စင်အမျိုးအစားနဲ့ မသက်ဆိုင်ပါဘူး။ မလှသီရဲ့အမျိုးသားဟာ အလုပ်စခန်းမှာ ညဘက်အရေးပေါ် တာဝန်ထမ်းဆောင်ရင်း တောင်ကမ်းပါးယံ တစ်ခုက မတော်တဆ လိမ့်ကျပြီး သေဆုံးသွားခဲ့ရတာ ဖြစ်တာကြောင့် ၁၉၄၁ ခုနှစ်၊ မြန်မာနိုင်ငံ အထူးပင်စင် နည်းဥပဒေအရ ခံစားခွင့်ပေးထားတဲ့ အထူးမိသားစု မုဆိုးမ ပင်စင်ခံစားခွင့် ရရှိမှာ ဖြစ်ပါတယ်။

အထူးမိသားစု မုဆိုးမပင်စင်ကို ခင်ပွန်းသည် သေဆုံး တဲ့နေ့ရဲ့ နောက်တစ်နေ့က စတင်ခံစားရမှာပါ။ မလှသီရဲ့ ကိုယ်တစ်ပိုင်းဓာတ်ပုံ သုံးပုံ၊ ရေးထိုးမြဲလက်မှတ် နှစ်စုံနဲ့ လက်ဝဲလက်မွေ နှစ်စုံ ပူးတွဲပြီး အောက်ပါလျှောက်လွှာပုံစံ နဲ့ သက်ဆိုင်ရာဦးစီးဌာနကို ပေးပို့ရမှာ ဖြစ်ပါတယ်။

(က) လျှောက်ထားသူ၏ အကြောင်းအရာ

၁။ အမည်နှင့် နေရပ်
၂။ အသက်
၃။ အရပ်အမြင့်
၄။ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
၅။ ကိုယ်တွင် ထင်ရှားသည့် အမှတ်အသား
၆။ လက်ရှိအလုပ်အကိုင်နှင့် ဘဏ္ဍာရေးအခြေအနေ
၇။ သေဆုံးသူနှင့် မည်သို့တော်စပ်သည်

(ခ) သေဆုံးသူ၏ အကြောင်းအရာ

၈။ အမည်
၉။ အလုပ်အကိုင်
၁၀။ အမှုထမ်းသက်
၁၁။ မသေဆုံးမီ ရရှိခဲ့သည့် လစာ
၁၂။ ထောက်ပံ့သော ပင်စင်နှင့် ကရုဏာကြေး
၁၃။ သေဆုံးရသည့် ဒဏ်ရာ
၁၄။ လျှောက်လွှာနေ့စွဲ
၁၅။ ငွေပေးရန် နေရာနှင့် ငွေတိုက်
၁၆။ ပင်စင်စတင်ပေးရန် နေ့စွဲ
၁၇။ မှတ်ချက်

ဌာနအကြီးအကဲ

တချို့အချက်အလက်တွေကို မလှသီကိုယ်တိုင် ရုံးချုပ် က ဖြည့်စွက်ပေးရမှာပါ။ အဲဒီလျှောက်လွှာပုံစံကို ဖြည့်စွက် ပြီး ဆွေမျိုးသားချင်းတစ်ယောက်နဲ့ဖြစ်စေ၊ စာတိုက်က မှတ်ပုံတင်ပြီးဖြစ်စေ သက်ဆိုင်ရာဦးစီးဌာနရုံးချုပ် ပေးပို့ဖို့ အကြံပြုလိုက်ပါရစေ။

အောင်မြင်ပါစေ...

**ဦးစောလှိုင် [B.A(Hist:) H.G.P.,R.L]**



www.burmeseclassic.com

www.burmeseclassic.om





www.burmeseclassic.com

www.burmeseclassic.com



■ မြမြလှိုင်

# မှောင်ရိဝိုးတဝါးည

တကယ်ပဲဗျာ . . . တကယ်ပါပဲ။ စိတ်ကူးယဉ်ဇာတ်လမ်းတွေ ဆန်းတယ်ဆိုတာ၊ တကယ့်အဖြစ်အပျက်ကို တစ်ခါတလေ မမီဘူး။ တကယ်ကြုံတွေ့ရတဲ့ အဖြစ်အပျက်က ဆန်းပြားတယ်လေ။ ကျုပ်က စာရေးဆရာဖြစ်နေလို့ စိတ်ကူးယဉ်ဇာတ်လမ်းထွင်ပြီး ပြောနေတယ်များ ထင်နေကြသလား။ အခုပြောပြနေတာက ဇာတ်လမ်းအဖြစ် လုပ်ကြံဖန်တီးပြီး ပြောနေတာ မဟုတ်ဘူးဗျ။ တကယ့်အဖြစ်အပျက်မှ တကယ့်အဖြစ်အပျက်။

ကျုပ်က စာရေးဖို့ပဲဖြစ်ဖြစ်၊ စာရေးပြီးလို့ပဲဖြစ်ဖြစ် ခရီးထွက်ရတာကို ဝါသနာပါတယ်။ မွန်းမွန်းကျပ်ကျပ် အပြေးအလွှား လူတွေ စုရုံးစုရုံးနဲ့ သွားရတဲ့ ခရီးမျိုးတော့ မဟုတ်ဘူး။ သက်သောင့်သက်သာနဲ့ သွားရတဲ့ ခရီးမျိုးပေါ့။ အခုလည်း ပဲရစ်ကနေ ရောမကို ကျုပ် ရထားနဲ့ ခရီးထွက်လာတာ။ ခရီးရှည်ဆိုတော့ သက်သောင့်သက်သာနဲ့သွားရတဲ့ ရထားတွဲတစ်ခုကို နေရာယူလိုက်တယ်။ ရတဲ့အခန်းက နှစ်ယောက်အိပ်ခန်း။ တခြား ခရီးဖော် မပါလည်း ကျုပ်အတွက် စာအုပ်ရယ်၊ အတွေးရယ်က အဖော်အဖြစ် ပါလာတာဖြစ်လို့ တစ်ယောက်တည်း အေးအေးဆေးဆေးတောင် စီးချင်လာတယ်။ ဒါပေမယ့် ဆန္ဒက မပြည့်ပါဘူး။ ကျုပ်ရထားပေါ်ရောက်တာနဲ့ အခန်းဖော်ကပါ တက်လာတယ်။ တစ်ယောက်ကိုတစ်ယောက် မသိမသာလေ့လာပြီး ကိုယ့်နေရာမှာပဲ ပစ္စည်းတွေချလိုက်တယ်။ မကြာခင်မှာပဲ ရထားလည်း ဘီးလှိမ့်စပြုပြီး ထွက်တော့တယ်။

ညရထား စီးလာရတာဆိုတော့ ပတ်ဝန်းကျင်မှာ အမှောင်နဲ့အတူ မီးပွင့်တွေကိုသာ ရထားသွားရင်း မြင်နေရတယ်။ ရထားက ဝန်ထမ်းက အိပ်စင်အတွက် အိပ်ရာပစ္စည်းတွေ ပြင်ဆင်ပေးဖို့ လာတယ်။ ကျုပ်ကလည်း မအိပ်ချင်သေး။ ဘေးကအဖော်ကိုတော့ အားနာတာနဲ့ သူ့ဆန္ဒကိုပါ မေးလိုက်ရတယ်။

www.burmeseclassic.com

“ရပါတယ် မိတ်ဆွေ”

“ကျုပ်ကိုတော့ အားမနာနဲ့ နော်။ ကျုပ်က စောစောမအိပ်တတ်ဘူး။ ခရီးသွားရင် စာဖတ်နေရတာကို ပိုပြီး သဘောကျလို့ပါ”

ကျုပ်ကို သူက ခေါင်းညိတ်ပြတယ်။ မီးရထားဝန်ထမ်းလေးလည်း နောက်မှပဲလာတော့မယ်ဆိုပြီး တခြားတွဲဘက်ကို ထွက်သွားတယ်။ စီးကရက်ဘူးထုတ်ပြီး အနားက မိတ်ဆွေကိုပါ တစ်လိပ်မီးညှိပြီး သောက်စေသလို ကျုပ်လည်း တစ်လိပ် မီးညှိသောက်လိုက်တယ်။ ဘာစကားမှ ဆက်မပြောတော့ဘဲ ဝိတိုရိယဆိုင်က ဝယ်လာတဲ့ “အမှန်တကယ်ရှိသော နာနာဘာဝများ”အကြောင်းကို ရေးထားတဲ့ စာအုပ်ကို ထုတ်ဖတ်နေလိုက်တယ်။ သတင်းစာတို့၊ သတင်းတို့မှာ တိုင်းပြည်ရေးရာအကြောင်းတွေ ရေးထားတာက ဖတ်ပြီးသိပြီးဖြစ်လို့ ဆက်ဖတ်ရမှာ စိတ်မဝင်စားတော့တာနဲ့ အခု စာအုပ်ကို ထုတ်ဖတ်လိုက်ဖြစ်တယ်။

“မိတ်ဆွေကြီး”

“ပြောပါဗျာ . . . ပြော”

စာအုပ်ကိုပိတ်ပြီး တစ်ဖက်လူရဲ့ စကားဆက်ပြောမှာကို နားစွင့်လိုက်တယ်။ ခရီးသွားရင်း စကားပြောဖော်တော့ ရပြီပေါ့။

“မိတ်ဆွေကြီးက ဒီသရဲတို့ နာနာဘာဝတို့အကြောင်းကို စိတ်ဝင်စားတယ်နဲ့ တူတယ်”

“ဟုတ်တယ်။ အစကတော့ မဖတ်ဖူးပါဘူး။ အခုမှ စိတ်ဝင်စားတယ်နဲ့ တူတယ်”

“ရပါတယ်မိတ်ဆွေ။ ကျွန်တော့်အတွက် မလိုအပ်ပါဘူး”

“ဒီစာအုပ်မျိုးက ဖတ်ရတာ စိတ်ဝင်စားဖို့တော့ ကောင်းတယ်။ တကယ်ပဲ ရှိသလား၊ မရှိသလား တော့ မသိဘူး။ ကျုပ်ကိုယ်တိုင်က လည်း သရဲခြောက်တာမျိုးကို တစ်ခါမှ မကြုံဖူး၊ မကြားဖူးဘူး”

“မိတ်ဆွေက ကြုံတွေ့ချင်တယ် ပေါ့”

“အေးဗျာ။ အခုခရီးထွက်ခဲ့တာ လည်း အတွေ့အကြုံ အသစ်အဆန်း များ တွေ့ရမလားလို့”

“ကြားချင်ရင်တော့ ကျွန်တော့် အနေနဲ့ မိတ်ဆွေကြီးကို တကယ့် အဖြစ်အပျက် ကျွန်တော့်ကိုယ်တွေ့ ပေါ့လေ။ ပြောပြချင်တယ်။ အချိန်ရ မယ် ဆိုရင်ပေါ့လေ။ ဇာတ်လမ်းက နည်းနည်းရှည်တယ်”

“ရတယ်၊ ရတယ်။ ကျုပ်က စာရေးဆရာပဲ။ ဖြစ်နိုင်မယ်၊ ခွင့်ပြုမယ်ဆိုရင် ခင်ဗျားပြောတဲ့ အကြောင်းကို စာအုပ်ထဲတောင် ရေးချင်တယ်။ ပြောပါ၊ ကျုပ် အချိန်ရပါတယ်။ နားထောင်ချင်တယ်”

အခန်းဖော်က အင်္ဂလိပ်လူမျိုး။ ရုရှားမှာ အနေကြာပြီး အခုသူက ရုရှားကိုမပြန်ခင် ရောမဘက်ကို ခဏ လာခဲ့တာလို့ ပြောတယ်။ လူက အသက်လေးဆယ်ကျော်လောက်ပဲ ရှိဦးမယ်။ အရပ်မြင့်မြင့်ပဲ။

“စာအုပ်ထဲ ထည့်ရေးမယ်ဆိုလည်း ခွင့်ပြုပါတယ် မိတ်ဆွေ။ အခု အဖြစ်အပျက်က ရောမမှာပဲဖြစ်ခဲ့တာ”

“ဟာ . . . ဒါဆို ပိုကောင်းတာ ပေါ့”

သူက တစ်ချက်ပြုံးလိုက်ပြီး စကားမပြောသေးဘဲ စီးကရက်ကို ဆက်ပြီးသောက်နေလိုက်တယ်။

“ကျွန်တော်လည်း ဒီလောက် သတ္တိမကြောင်ပါဘူး။ ဒါပေမယ့်ဗျာ ကြုံရတဲ့ အဖြစ်အပျက်တွေက သည်း ထိတ်ရင်ဖိုလို့ပဲ ပြောရတော့မယ်။ တစ်ခါတလေ တစ်ယောက်တည်းနေပြီး အဲဒီအကြောင်းတွေကို ပြန်တွေးရင် ကြက်သီးမွေးညှင်းတောင် ထတယ်။ အင်း . . . ဒီလိုဗျာ၊ ဒီလို။ ဩော် . . ကျွန်တော့်နာမည်က မော်ဂန်လို့ခေါ်ပါတယ်”

xxxxx

မော်ဂန်တစ်ယောက် လွန်ခဲ့သော သုံးနှစ်လောက်က ရောမသို့ ရောက်ခဲ့သည်။ ဆောင်းဦးပေါက်တွင် ရောက်လာ၍ ဆောင်းတွင်းကာလတွင် ရောမတွင်ပင် နေထိုင်ရန် ဆုံးဖြတ်လိုက်သည်။ မိမိ၏ အရာရှိထံတွင် ခွင့်ပန်ပြီး သူခရီးထွက်လာခြင်း ဖြစ်သည်။ ဈေးသက်သက်သာသာနှင့် အေးအေးဆေးဆေး နေရမည့် အခန်းကို သူရှာလိုက်သည့်အခါတွင် ပွဲစားမှတစ်ဆင့် အိမ်တစ်အိမ်ကို ရလေသည်။ အလုပ်သမားလေးတစ်ယောက်လိုက်ပို့၍ ထိုအိမ်ကို မော်ဂန် ရောက်ခဲ့သည်။ အဆောက်အဦ ဟောင်းကြီး ဖြစ်သည်။

“ဒီအိမ်ကြီးဟာ ဆရာအတွက် အေးအေးဆေးဆေးနေဖို့ အသင့်တော်ဆုံးပဲ။ မျက်နှာစာဖက်မှာ တခြားအိမ်တွေ မရှိလို့ မျက်စိရှင်းတယ်။ ပိုင်ရှင်က သဘောလည်းကောင်းတယ်။ ဈေးထဲမှာ ဆေးရွက်ကြီးဆိုင် ဖွင့်ထားတယ်။ အီတာလျံလူမျိုးပဲ”

အလုပ်သမားလေး၏ ညွှန်းဆို



www.burmeseclassic.com

www.burmeseclassic.com

ချက်ကြောင့် မော်ဂန် သည်မှာပင်နေဖို့ ဆုံးဖြတ်ပြီး အထဲဝင်လာခဲ့သည်။ အဆောက်အဦမှာ အခန်းများစွာ ဖွဲ့ထားသည်။ ညှော်ခန်းပမာရှိသော ခန်းမကြီးထဲတွင် ကုလားထိုင် ဆက်တီစုံအဟောင်းနှင့် ဝက်သစ်ချပင်ပေါက်ကို ပန်းအိုးနှင့် အခန်းထောင့်နားတွင် တွေ့ရသည်။ ညှော်ခန်းမ၏ ညာဘက်တွင် အခန်းသုံးခန်းရှိသည်။ အိပ်ခန်း၊ အလှပြင်ခန်းနှင့် ထမင်းစားခန်းတို့ ဖြစ်သည်။ ထမင်းစားခန်းနှင့် ဆန့်ကျင်ဘက်ခန်းများ၏ အခြားတစ်ဖက်တွင် ပုံဆွဲခန်းရှိသည်။ အလင်းရောင်မရှိမှောင်မည်းနေသည်။ ပြတင်းပေါက်မှတစ်ဆင့် ဖွင့်ကြည့်လျှင် အိမ်၏အနောက်ဘက်ကို တွေ့ရမည်။ ပုံဆွဲခန်းနှင့် တစ်ဆက်တည်းက မီးဖိုချောင်ဖြစ်သည်။ မီးဖိုချောင်အခန်း၏ အဆုံးတွင် အလုပ်သမားများနေသည့် အခန်းရှိသည်။ မော်ဂန်နေထိုင်မည့် သုံးထပ်အခန်းကနေ အားလုံးကို တွေ့မြင်နိုင်သည်။

"ဆရာ နောက်ထပ် ဘာများ အလိုရှိပါသေးလဲ"

အလုပ်သမားလေးအား မော်ဂန်က ထမင်းချက်၊ အဝတ်လျှော်ရန်အတွက် အသက်အရွယ် အသင့်အတင့်ရှိသော အမျိုးသမီးကြီးတစ်ဦးကို ရနိုင်လျှင် ကောင်းမည်ဟုပြောသည်။ လူမရခင်စပ်ကြား မောဂန်တစ်ယောက်တည်း နေရသည်။ ထိုအိမ်တွင်ရှိသော အလုပ်သမားတစ်ဦးက မော်ဂန်အတွက် လိုလိုမည်မည် ဆောင်ထားရန် ဖယောင်းတိုင်နှင့် မီးခြစ်တို့ကို လာပေးထားသည်။ မကြာခင် အမျိုးသမီးတစ်ဦး ရောက်လာသည်။ နီပေါလူမျိုး ခပ်ထွားထွားကျိုင်းကျိုင်းပင်။ စပ်စပ်စုစုရှိသော်လည်း ပွင့်လင်းသည်။ နေ့ဘက်သာ အလုပ်လုပ်ပြီး ညတွင် မနေ။ သူ့အိမ်သို့သူပြန်သည်။ ထိုအမျိုးသမီးမရှိသည့်အခါတွင် မော်ဂန်သည် အလွယ်တကူ မီးမလာလျှင် မီးထွန်းနိုင်ရန် အပြင်က ပြန်လာလျှင် အဆင်သင့် အလွယ်တကူ ရနိုင်ရန်ဟု ရည်ရွယ်ပြီး အလုပ်သမားများအခန်းက တံခါးဝနှင့်နီး၍ ထိုအခန်းမှာပင် မီးခြစ်နှင့် ဖယောင်းတိုင်ကို အဆင်သင့်ထားခဲ့သည်။

ညပိုင်း ရောက်လာသည်။ ညစာကို အပြင်ဆိုင်မှာပင် မော်ဂန်ဝယ်စားပြီး စိတ်အေးလက်အေး ရုပ်ရှင်ကိုပင် ဝင်ကြည့်လိုက်သည်။

မော်ဂန်ပြန်လာချိန်တွင် ညဉ့်အတော်နက်နေပြီ။ အိမ်ရှေ့တံခါးသော့နှင့် သူ၏အခန်းသော့ နှစ်ချောင်းမှာ ကိုယ်ပိုင်သော့နှင့် ခတ်ထားခြင်းဖြစ်သည်။ မှောင်မှောင်မည်းမည်းဖြစ်၍ အိမ်ထဲဝင်လာစဉ် ခလုတ်ပင် တိုက်မိသည်။ အိမ်တစ်ခုလုံး အလင်းရောင်က လုံးဝမရှိပေ။ မော်ဂန်၏ အခန်းရှိသည့် သုံးထပ်အထိ မီးကို ထွန်းညှိပြီး ယူသွားရတော့မည်။ သော့ဖွင့်ပြီး စမ်းတဝါးဝါးနှင့် အလုပ်သမားအခန်းရှိ မီးခြစ်နှင့် ဖယောင်းတိုင်ကိုပါယူကာ မီးထွန်းပြီး ပထမအထပ်သို့ သူတက်လာစဉ် မီးက လေမတိုက်ပါဘဲလျက် ရုတ်တရက် ငြိမ်းသွားတော့သည်။ လှေကားထစ်များကို စမ်းပြီးတက်ရင်းက နောက်ထပ် မီးညှိလိုက်ပြန်သည်။ ဒုတိယထပ်သို့ ရောက်သည့်အခါတွင် လေငြိမ်နေပါလျက်နှင့် မော်ဂန်လက်ထဲမှ မီးက ငြိမ်းသွားပြန်သည်။

"ဒုက္ခပါပဲ။ ဘယ်မကောင်းဆိုးဝါးက လုပ်လိုက်ပြန်ပြီလဲ မသိဘူး"

မော်ဂန်က တွေးလိုက်သည်။ ရုတ်တရက် သူ၏ကျောနောက်ဘက်က တစ်စုံတစ်ယောက်က ခပ်ဖိဖိလေး တိုးဝင်ပြီး လျှောက်သွားသလို ခံစားလိုက်ရသည်။ အလိုအလျောက် မော်ဂန် ကြက်သီးထသွားလေသည်။ ယူလာခဲ့သည့် မီးခြစ်ဆံတို့မှာလည်း မီးငြိမ်းတိုင်း ခြစ်ပြီး ပြန်ထွန်းရ၍ ကုန်သွားပြီ။

"အလုပ်သမား အခန်းထဲမှာ ထားခဲ့တဲ့ မီးခြစ်နဲ့ ဖယောင်းတိုင်တွေ အကုန်ယူထားမှပဲ"

တွေးလည်းတွေး စမ်းတဝါးဝါးနှင့်ပြန်ပြီး ဒုတိယထပ်မှ ဆင်းလာကာ အလုပ်သမားအခန်းဘက်သို့ လျှောက်လာခဲ့သည်။

"ဟာ ... ဘယ်လိုလဲ"

မော်ဂန် အံ့အားသင့်ကာ အနည်းငယ် ကြောက်စိတ်ဝင်သွားသည်။ ထူးဆန်းသည်က အလုပ်သမားအခန်းထဲတွင် မီးအလင်းရောင်ကို စောစောက မတွေ့ရဘဲ ယခု တွေ့လိုက်ရ၍ပင်။ ရုတ်တရက် ဝင်မသွားသေးဘဲ ရပ်ကြည့်ပြီး စဉ်းစားလိုက်သည်။ မည်သူတစ်ဦးတစ်ယောက်ကများ လာပြီး ထွန်းသလဲဟု တွေးကြည့်သည်။ တိတ်တိတ်လေးနေကာ စောင့်ကြည့်နေသည်။ မော်ဂန်၏ နားထဲတွင် တီးတိုးစကားသံကိုကြားရသလိုပင်။ တဖြည်းဖြည်း အခန်းထဲသို့ရောက်သည့်အခါ အခန်းပြင်သို့ တစ်ယောက်ယောက် ထွက်သွားသလို ခံစားရသည်။ မီးခြစ်နှင့် ဖယောင်းတိုင်ကို အလျင်အမြန်ယူပြီး မီးထွန်းကာ အိမ်ရှေ့တံခါးကိုဖွင့်



www.burmeseclassic.com

www.burmeseclassic.om

ပြီး ထွက်ကြည့်လိုက်သည်။ ခြေကို ဖော့လျှောက်ပြီး လှည့်ပတ်ကြည့်သော်လည်း ဘာကိုမျှ မမြင်ရပေ။ စားပွဲပေါ် ထွန်းထားသည့် ဖယောင်းတိုင်မီးကလည်း ငြိမ်းသွားပြီ။ မော်ဂန်သည် လက်တွင်ထွန်းညှိကိုင်ထားသည့် မီးတိုင်နှင့်သာ တစ်ခန်းဝင် တစ်ခန်းထွက် လိုက်ကြည့်သည်။ ဘာကိုမျှမတွေ့ရတော့ပေ။

ဘာမျှမတွေ့ရသည့်အခါ လက်လျှော့ပြီး အိမ်ရှေ့တံခါးကို ပြန်ပိတ်၊ အားလုံး တံခါးရှိသမျှကို စစ်ဆေးပြီးမှ မော်ဂန် အိပ်ရာထဲသို့ ဝင်လာခဲ့သည်။ စိတ်ထဲတွင်တော့ မတင်မကျဖြစ်၍ ကိုယ့်ကိုကိုယ်နှစ်သိမ့်ကာ ကြိုးစားပြီး ပျော်အောင်အိပ်လိုက်သည်။

"သူ့နာမည်က လူစီယာနာပါ"

အခန်းပိုင်ရှင်နှင့် ဆွေမျိုးတော်သူ အမျိုးသမီးကို စောစောက အလုပ်သမားအမျိုးသမီးအစား လာပို့သည်။ အိမ်ရှင်အား မော်ဂန်က အိမ်၏သော့များကို တခြားသူတွေမှာပါ ရှိမရှိ မေးကြည့်သည်။ မော်ဂန်မှလွဲ၍ မည်သူ့ထံမှမရှိကြောင်း ပြောပြသည်။

ထူးတော့ ထူးဆန်းသည်။ မော်ဂန် မည်သို့မျှ သူတို့ကို မပြောပြတော့ဘဲ နေလိုက်သည်။ ဒီညနေစာကို အပြင်ထွက်မစားတော့ဘဲ အိမ်မှာသာ စားဖို့ စီစဉ်ထားနိုင်းလိုက်သည်။ အလုပ်သမားအခန်းတွင် လုံးဝ ဖယောင်းတိုင်နှင့် မီးခြစ်ကို မထားတော့ဘဲ မော်ဂန်၏ အခန်းတွင်သာ အားလုံး ယူထားလိုက်သည်။ ညစာ မစားခင် အခန်းစေ့လိုက်ကြည့်ပြီး ပြတင်းပေါက်များကို သေသေချာချာ ပိတ်ပြီးမှ ညနေစာ စားလိုက်သည်။ စားပြီးနောက် မြို့ထဲသို့ထွက်ကာ အချိန်ဖြုန်းလိုက်သည်။

မော်ဂန် အိမ်ပြန်ရောက်သည့် အချိန်တွင် ည ၁၂ နာရီထိုးရန် ဆယ်မိနစ်သာ လိုတော့သည်။ မော်ဂန်တွင် ဖယောင်းတိုင်နှင့် မီးခြစ်က အသင့်ပါလာသည်။ မီးထွန်းပြီး တံခါးကိုအလျင်အမြန်ဖွင့်ပြီး သူ့အခန်းသို့ သူအမြန်လာကာ အိပ်ရာထဲ ဝင်လိုက်သည်။ အိပ်ရာဝင်ရသော်လည်း တစ်စုံတစ်ရာ အကြောင်းက မော်ဂန်ကို စိတ်အနှောင့်အယှက်ပေးနေသလိုပင်။ တစ်ခုခု လုပ်စရာ ကျန်နေသေးသည့်ပမာ။

"ဟာ ... လက်စသတ်တော့ ညဝတ်အင်္ကျီက အပြင်မှာ ကျန်ခဲ့ပါလား။ ငါ့နှယ် ... မေ့တတ်လိုက်တာ"

မော်ဂန် အခန်းတံခါးဖွင့်ပြီး ပတ်ဝန်းကျင်ကို လေ့လာလိုက်သည်။ အလင်းရောင် မှုန်ပျပျကို မြင်လိုက်ရသလိုပင်။ မော်ဂန် စူးစမ်းဖို့ ဆုံးဖြတ်ပြီး ဖယောင်းတိုင်ကို မိမိအခန်းမှာ ထားခဲ့ကာ အပြင်သို့ ခြေသံမကြားရအောင် စမ်းပြီးလျှောက်လာခဲ့သည်။ မနေ့က အခန်းမှာပင် ဖယောင်းတိုင် ထွန်းထားသည်ကို တွေ့ရသည်။

"ဒီအခန်းမှာ ဖယောင်းတိုင်နဲ့ မီးခြစ်ကို ငါ လုံးဝမထားခဲ့ဘဲနဲ့ ဘယ်လိုများ ..."

မော်ဂန်လိုက်ရှာရာ တစ်ဦးတစ်ယောက်၏ အရိပ်အယောင်ကိုမျှ သူမတွေ့ရပေ။

မော်ဂန် အခြေအနေအားလုံးကို ပြန်စဉ်းစားစဉ် သူလုံးဝ မီးထွန်းညှိဖို့ မထားခဲ့ပါဘဲနှင့် အလိုအလျောက် မီးလင်းနေသည်ကို စဉ်းစားရင်းက မော်ဂန် တစ်ညလုံး အိပ်မပျော်တော့ပေ။ မနက်ပိုင်းလောက်မှာပင် မှေးခနဲ အိပ်ပျော်သွားသည်။ နောက်တစ်နေ့တွင် လူစီယာကိုခေါ်ပြီး မော်ဂန်က အခြေအနေကို ပြောပြပြီး မေးလိုက်ရာ ထိုအမျိုးသမီးကြီး မသိမသာ မျက်နှာပျက်သွားသည်။

"ပြောစမ်းပါ။ ဒီအိမ်ကြီးမှာ ကျုပ်မလာခင် ဘယ်သူများ နေခဲ့သလဲ။ ခင်ဗျား အားလုံးသိမှာပဲ"

"မင်းသမီးတစ်ပါး နေခဲ့ပါတယ် ဆရာကြီး။ သူ့နာမည်က အင်ဒရာကော့(ဗ်)လို့ ခေါ်ပါတယ်။ နောက်တော့ သူဒီမြို့က ပျောက်ကွယ်သွားတာပါပဲ"

"ဘယ်လိုကြောင့်လဲ"

"ပြောရမယ်ဆိုရင် သေဆုံးသွားတာပါ ဆရာကြီး"

မော်ဂန်နှင့် လူစီယာတို့မှာ ဈေးဆိုင်ထဲတွင် စကားပြောနေကြခြင်းဖြစ်၍ ဈေးဝယ်လာသဖြင့် စကားပြတ်သွားသည်။ မော်ဂန်လည်း ဆက်မမေးတော့ဘဲ ထွက်လာခဲ့သည်။ ခေါင်းထဲတွင်မူ မင်းသမီး၏ နာမည်ကို ထပ်တလဲလဲ ရွတ်ဆိုရင်း စဉ်းစားနေမိသည်။ မင်းသမီးလေး၏ ရုပ်သွင်ကို မှန်းဆကြည့်သည်။

နေ့ထူးနေ့မြတ် တစ်နေ့တွင် မော်ဂန်တစ်ယောက် ဘုရားကျောင်းသို့ ဝတ်ပြုရန်သွားခဲ့သည်။ ပတ်ဝန်းကျင်ကိုလည်း လေ့လာသည်။ တောင်ကုန်းမြင့်ပေါ်မှနေ၍ ကြည့်ရသည့်ရှုခင်းမှာ သာယာလှပနေသည်။ ထိုအချိန်တွင် မော်ဂန်၏အနားသို့ အသက်နှစ်ဆယ့်ငါးနှစ်အရွယ်လောက်ရှိသည့် လူတစ်ယောက် ရောက်လာသည်။ ဝတ်စားဆင်ယင်မှုမှာ သူ၏အရပ် မြင့်မားမားနှင့် လိုက်ဖက်သည်။ ရှုရှားကျောင်းသားလူငယ်တစ်ယောက် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်ဗျာ။ မိတ်ဆွေကြီးအရင် ဒီမှာလာတည်းတဲ့ လူနှစ်ယောက်စလုံး ဖယောင်းတိုင်မီး နှစ်ညဆက်လင်းပြီး နောက်နေ့ဆို အသက်မရှိတော့ဘူး။ တစ်ခုခုကို ကြောက်ရွံ့ထိတ်လန့်ပြီး သေနေကြတာ"

နိုင်သည်။ ကိုယ့်အတွေးနှင့်ကိုယ် ငေးကာနေရင်းက တစ်ဦးနှင့်တစ်ဦး စကားပြောမိကြသည်။

စကားပြောရင်းက ပိုပြီး ရင်းနှီးကျွမ်းဝင်လာခဲ့ကြသည်။ ထိုသူမှာ မော်ဂန် မျှော်လင့်တောင့်တနေသည့် အနုပညာသမား တစ်ဦးဖြစ်သည်။ ဦးတည်ချက်မရှိ ပြောကြပြီးနောက် ထိုသူက မော်ဂန်အား သူ၏လိပ်စာကတ်ပြားကို ပေးသည်။ မော်ဂန်က သူယခုနေသည့် အိမ်၏လိပ်စာကို ပြန်ပြီး ရေးပေးလိုက်သည့်အခါ ဖတ်ရင်းဖတ်ရင်း ထိုသူ၏ မျက်နှာမှာ အံ့အားသင့်မှုတွေ မဖုံးနိုင် မဖိနိုင် ဖြစ်လာသည်။

"ကျုပ်အိမ်လိပ်စာကို ကြည့်ပြီး မိတ်ဆွေက ဘယ်လိုဖြစ်သွားတာလဲ"

"ဒီလိပ်စာကို ကျွန်တော် သိနေသလိုပဲ။ အဲဒီမှာ ကျွန်တော် တစ်ခါလောက်နေဖူးတယ်။ မှတ်မိနေတယ်"

"ခင်ဗျား သိနေသလား မစ္စတာမော်ဂန်"

"အကြောင်းစုံတော့ သိပ်မသိဘူး။ ဒါပေမယ့် ကျုပ်မနေခင် သူနေသွားတယ်ဆိုတောလောက်တော့ သိပါတယ်"

လူငယ်က မော်ဂန်ကို စူးစူးစိုက်စိုက် ကြည့်နေတယ်။ သူ့အသွင်က တုန်လှုပ်နေသလိုပင်။

"သူ သေသွားပြီဆိုတာ ကျုပ်သိပါတယ်။ ရောမမှာပဲ သေတာမဟုတ်လား"

"ဟုတ်ပါတယ် မစ္စတာမော်ဂန်"

"အခု ကျုပ်နေတဲ့အခန်းမှာပဲ သေတာပေါ့နော်"

"ဟုတ် ... ဟုတ်ပါတယ်ဗျာ"

"အင်း ... ထင်သားပဲ။ ထူးဆန်းတယ်။ ဒါကြောင့် အခုလို ဖယောင်းတိုင်မီးလင်းနေတဲ့ ပြဿနာဖြစ်နေတာ"

စိတ်ကို မထိန်းနိုင်တော့ဘဲ သိလိုသမျှကို မော်ဂန် မေးနေမိတော့သည်။

"တွေးတော့ တွေးမိသား။ ကျုပ်နေတဲ့နေရာမှာပဲ သူရှိနေမှာ။ ဒါကြောင့် ညတိုင်းညတိုင်း ဖယောင်းတိုင်မီးက လင်းနေတာကိုး။ ကျုပ်ကတောင် တွေးမိသေးတယ်။ သူ ဒီအခန်းသော့ကို အပိုတစ်ချောင်းလုပ်ပြီး သူ့အိမ်ဖော်တစ်ယောက်ကိုများ ပေးမိသလားလို့"

"အဲဒီမင်းသမီးမှာ အိမ်ဖော်မရှိပါဘူး"

"ဘာ ... အိမ်ဖော်မရှိဘူးဟုတ်လား"

"ဟုတ်တယ်၊ သူကတစ်မျိုးပဲ။ သူတစ်ယောက်တည်းပဲ နေတတ်တယ်"

"မယုံနိုင်စရာဘဲ"

"တကယ်ပါပဲ သဘာဝမကျသလိုပဲလေ။ သူက ရောမကလူတွေကို အိမ်ဖော်အဖြစ် ခေါ်ရမှာကို စိုးရိမ်နေတာ"

"ဘာဖြစ်လို့ပါလိမ့်"

"ကျွန်တော် ဒီအကြောင်းကို ရုရှားမှာထဲက ကြားလာရတာ။ သူ့ခင်ပွန်းက တကယ့်ကို အရေးပါအရာရောက်တဲ့ ပုဂ္ဂိုလ်တစ်ဦးပဲ။ တောင်ပိုင်း ရုရှားပြည်နယ်ရဲ့ အုပ်ချုပ်ရေးပိုင်းမှာ လူကြီးတစ်ဦးပေါ့။ တောင်သူလယ်သမား တော်လှန်ရေးမှာ အုပ်ချုပ်ရေးက လူကြီးတွေနဲ့ ပြဿနာ အကြီးအကျယ်ဖြစ်ခဲ့တယ်။ သူက အေးအေးချမ်းချမ်းနဲ့ ကိစ္စမှန်သမျှကို ပြီးစေချင်တာ။ မင်းသမီးက ပိုပြီး ငြိမ်းချမ်းမှုကို ကြိုက်သေးတယ်။ သူက မျိုးရိုးမြင့်သလို မာနလည်းကြီးတယ်။ ခမ်းခမ်းနားနား ထည်ထည်ဝါဝါလည်း နေတတ်တယ်။ သူ့ရဲ့ယောကျ်ားအပေါ်မှာလည်း သိပ်ပြီး သြဇာညောင်းတယ်။ မာနခက်ထန်တဲ့သူတို့အတွက် နောက်ဆုံးနေ့က ရောက်လာတာပဲလေ။ တစ်နေ့မှာပေါ့ မီးရထားဘူတာရုံမှာ သူတို့ရှိနေတုန်း သူ့ယောကျ်ားကို မိန်းကလေးတစ်ယောက်က သေသေချာချာ ကြိုစည်ပြီးကို သတ်လိုက်တယ်။ သတ်ပြီးတာနဲ့ အဲဒီမိန်း



www.burmeseclassic.com

www.burmeseclassic.com

ကလေးလည်း ဆိုက်ဗေးရီးယားထဲကို ပြေးတော့တာပဲ။ မင်းသမီးလည်း သူ့ယောကျ်ားသေရော သူလည်း ရောမကိုပြေးတော့တာပဲ''

''ဖြစ်မှဖြစ်ရလေ။ တော်တော်ကြောက်သွားမှာပဲ''

မော်ဂန်၏ အမေးကို ရုရှားကျောင်းသားက ခေါင်းညိတ်ပြသည်။

''အဲဒီမင်းသမီးက သူ့ယောကျ်ားထက် အသက်ကြီးပြီး ကျန်းမာရေးက ခြူချာတော့ အရိုးပေါ်အရေတင် ဖြစ်နေပါပြီ။ ရုရှားမှာ မနေရဲတော့ဘဲ ရောမကိုလာပြီး အခုမိတ်ဆွေနေတဲ့ အိမ်အထပ်မှာ သူလာနေတယ်။ ဘယ်သူနဲ့မှ သူအဆက်အသွယ်မလုပ်ဘဲ သူက ဇာတ်မြှုပ်နေလိုက်တာ။ သူ့အတွက် အသုံးအဆောင်ပစ္စည်း၊ စားစရာတို့လိုရင် အဲဒီအိမ်က အလုပ်သမားရဲ့မိန်းမကိုပဲ ခိုင်းတယ်။ တစ်ခါတလေသာ ပြတင်းပေါက်ကနေ အပြင်ကို ကြည့်တတ်တယ်။ အမြဲတမ်း သူ့အခန်းထဲမှာ ဖယောင်းတိုင်ထွန်းပြီး တံခါးပိတ်နေတတ်တာ''

''ဒါဆို သူက ကျုပ်အခန်းမှာပဲ သေတော့ ဖယောင်းတိုင်က ထွန်းလက်စပေါ့''

''ဟုတ်တယ်မိတ်ဆွေ။ မှောင်နေတဲ့အခန်းထဲမှာ ဖယောင်းတိုင်ထွန်းလျက် နေနေတာပေါ့''

''နေပါဦး ဒီအကြောင်းတွေ မင်းသိလှချည်လား''

မော်ဂန်က အံ့အားသင့်စွာမေးပြီး သေချာစွာ လေ့လာနေသည်။

''သိတာပေါ့ မိတ်ဆွေရယ်။ သူက ကျွန်တော်တို့မိသားစုအပေါ်မှာ ကြင်နာတယ်။ ကျွန်တော့်အမေက သူ့အနားမှာနေပြီး စာဖတ်ဖတ်ပြရတယ်။ သူက သိပ်ပြီး ထက်ထက်မြက်မြက်ရှိတဲ့ အမျိုးသမီးဗျ။ ဒါပေမယ့်ဗျာ သူ့ကျေးဇူးတွေရှိပေမယ့် သူ့ကို မေတ္တာထားလို့မရခဲ့ဘူး။ သူ့အခန်းကို နှစ်ကြိမ်သုံးကြိမ်လောက် ရောက်ဖူးတဲ့ ကျွန်တော့်ကိုလည်း သူက အယုံအကြည် မရှိသလိုပဲ။ သူသေတော့ တစ်ခုခုကို သိပ်ပြီး ထိတ်လန့်တုန်လှုပ်စွာ မြင်ရသလိုပဲတဲ့။ သေနေတာ သူ့အခန်းတံခါး ဖွင့်လို့မရလို့ ထမင်းလာပို့တဲ့ အလုပ်သမားရဲ့ မိန်းမက အကူအညီတောင်းပြီး ချိုးဖျက်ဖွင့်တော့ သူ့အလောင်းကို တွေ့ရတယ်။ ဖယောင်းတိုင်က လင်းနေတယ်။ သေသေချာချင်း အလုပ်သမားမိန်းမက မြင်ရတာ''

ရုရှားကျောင်းသားဆီက အကျိုးအကြောင်းသိရတဲ့နောက် မော်ဂန်တစ်ယောက် အိမ်ကိုသာပြန်လာသော်လည်း အတွေးတို့က မင်းသမီးကြီးနှင့် ပတ်သက်ပြီး ပါလာသည်။ အရိုးပေါ်အရေတင် အမျိုးသမီးကြီး၏ မှောင်ထဲတွင် ဖယောင်းတိုင် အလင်းရောင်နှင့်သာရှိပြီး တုန်လှုပ်ချောက်ချားစွာ သေရပုံ။ သူ့စာတိုက်ပုံးထဲမှ စာတစ်စောင်ကြောင့် စိတ်လှုပ်ရှားသွားရသည်ဟု ထင်ကြသည်။ ဘယ်လိုစာမျိုး ဖြစ်သလဲ။ တစ်နေ့လုံး မော်ဂန်အဖို့ ရုရှားကျောင်းသားလူငယ်၏ ပါးစပ်ဇာတ်လမ်းတွင် မျောပါနေသည်။ သေသွားသည့်အလောင်းကို ဘယ်လိုများသယ်ထုတ်ပြီး ဘယ်သူတွေ ယူသွားကြသလဲ။ ဘာကြောင့်များ ရုရှားတို့က သူ့ကိုသေဖို့ ကြံစည်အားထုတ်သလဲ။

အတွေးများပြီး ညဥ့်နက်သွားသည်။ အိမ်မှာပင် ညစာကို မော်ဂန်ဖြစ်သလို စားလိုက်ရတော့သည်။

ထမင်းစားပြီး၍ လူစီယာလည်း ပြန်သွားပြီ။ မော်ဂန်တစ်ယောက်ထဲ ပုံဆွဲခန်းထဲတွင် စာအုပ်ဖတ်လျက် အချိန်ဖြုန်းလိုက်သည်။ မော်ဂန် စာဖတ်နေရင်းက မသိစိတ်ခံစားမှုနှင့် သူရှိနေသည့်အခန်း၏ ညာဘက်အခန်းသို့ လှမ်းကြည့်လိုက်သည့်အခါ မီးခိုးတန်းတစ်ခုကို မြင်လိုက်ရသည်။ စာဖတ်ချင်သည့်စိတ် ပျောက်သွားပြီး ကြောက်စိတ်ဝင်လာသလိုပင်။ အခန်းတံခါးသော့ဖွင့်သံလိုလိုတော့ ကြားလိုက်ရသည်။ စိတ်ထဲမှာ တွေးကြည့်သည်။ မော်ဂန်အပြင်သွားတုန်း တစ်ဦးတစ်ယောက်ယောက်က တစ်ဖက်ခန်းသို့ ရောက်နေပြီး ယခုလို မီးထွန်းခြင်းလည်း ဖြစ်နိုင်သည်။ ယခု သူရှိနေစဉ်အတွင်းတော့ မည်သူမျှ မလာပေ။ မော်ဂန် အပြင်ထွက်ပြီးကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

အပြင်ရောက်တော့ မည်သူ့ကိုမျှ မတွေ့ရပေ။ မော်ဂန် စိတ်မလျှော့ဘဲ အမှောင်ခန်းထဲက ဘယ်သူများ ထွက်လာမလဲလို့ စောင့်ကြည့်နေလိုက်သည်။

ခပ်လှမ်းလှမ်းကမှ ရောမစကားသံလိုလိုနှင့် ညည်းသံသဲ့သဲ့ကို ကြားရသည်။ သည်အိမ်တွင် အခန်းပေါင်းများစွာရှိ၍ မော်ဂန်မသိဘဲ တခြားတစ်ယောက်ယောက်က ရောက်နေခြင်းလည်း ဖြစ်နိုင်သည်။ ပြန်ဝင်လာခဲ့ပြီး စာကိုဆက်ဖတ်နေသော်လည်း မော်ဂန်၏နားထဲတွင် အသံသဲ့သဲ့ကို ကြားရသလိုပင်။ စိတ်ချောက်ချားနေ၍ မော်ဂန်အိပ်လို့ရမည် မဟုတ်ပေ။ ညဥ့်



www.burmeseclassic.com

www.burmeseclassic.com

နက်လာပြီး တစ်နာရီပင် ထိုးပြီ။ မော်ဂန် အကြံတစ်ခု ရသွားသည်။ အပြင်ထွက်ပြီး တခြားအခန်းမှ တံခါးတွေကိုပါ သေသေချာချာ ပိတ်လိုက်သည်။ စိတ်ထဲတော့ လှုပ်ရှားနေသည်။ သော့ပေါက်ကလေးထဲက မီးရောင်မှိန်မှိန်က ထွက်နေသည်။ ဘယ်သူကများလာပြီး ဖယောင်းတိုင်ကို ထွန်းထားလဲမသိပေ။

ကြောက်စိတ်ကြောင့် အသက်ရှူရပ်သွားမတတ် ခံစားရသည်။ ထိုအခန်းကို သွားဖွင့်လိုက်လျှင် အရိုးပိန်ပိန်နှင့် မင်းသမီးကိုများ မြင်ရလေမလား။ တွေးရင်းက မော်ဂန်၏ခေါင်းက ဆံပင်တွေ ထောင်လာသလိုပင်။ အိမ်အပြင်ဘက်ထွက်ပြီး လက်ဖက်ရည်ဆိုင်ထိုင်ကာ လူစုစုနှင့် နေရကောင်းမလားဟု မော်ဂန်စဉ်းစားလိုက်သည်။ သို့သော်လည်း မော်ဂန် ဘယ်ကိုမှ မသွားတော့ဘဲ သူ့အိပ်ခန်းသို့ ပြန်လာခဲ့သည်။ ပတ်ဝန်းကျင်က လုံးဝ တိတ်ဆိတ်ငြိမ်သက်နေသည်။ အံ့သြစရာ ကောင်းနေပြန်သည်။ မော်ဂန် အခန်းထဲတွင် မီးငြိမ်းထားခဲ့သော ဖယောင်းတိုင်မှာ မီးလင်းလျက် ရှိနေသည်။

မော်ဂန်အနေဖြင့် ယခုလို ဝိညာဉ်လောကများကို ယုံကြည်ခဲ့သူ မဟုတ်ပေ။ ယခုတော့ ယုံရမလိုလို ဖြစ်နေသည်။ နောက်တစ်နေ့ ရုရှားကျောင်းသားနှင့် မော်ဂန်တွေ့သည့်အခါတွင် တစ်ညလုံး ဖြစ်ပျက်မှုကို ပြောပြလေရာ ထိုသူက သေသေချာချာ နားထောင်လျက်ရှိသည်။

"အင်း ... ထူးတော့ ထူးဆန်းတာပဲ။ ဒီဖယောင်းတိုင်လင်းတာ သုံးလေးညဆက်တိုင် ဖြစ်တာတောင် မိတ်ဆွေကြီး ဘာမှမဖြစ်သေးဘူး"

"ဗျာ"

မော်ဂန် အံ့အားသင့်သွား၍ ရုရှားလူငယ်က ခေါင်းတညိတ်ညိတ်နှင့် စကားကို ဆက်ပြောသည်။

"ဟုတ်တယ်ဗျာ။ မိတ်ဆွေကြီး အရင် ဒီမှာလာတည်းတဲ့ လူနှစ်ယောက်စလုံး ဖယောင်းတိုင်မီး နှစ်ညဆက်လင်းပြီး နောက်နေ့ဆို အသက်မရှိတော့ဘူး။ တစ်ခုခုကို ကြောက်ရွံ့ထိတ်လန့်ပြီး သေနေကြတာ"

သူပြောမှ မော်ဂန်၏ရင်ထဲ ပိုပြီး ကြောက်စိတ်တို့က ဝင်လာသည်။

"ဒါဆိုရင် သူမနေနိုင်တော့လို့ ထွက်သွားပြီနဲ့တူတယ်"

"ဘာကို ဆိုလိုတာလဲ"

"ဒီလိုလေ မိတ်ဆွေကြီးရဲ့ ...။ ဒီမှာ မင်းသမီးကြီးက ဆက်ပြီးမရှိတော့လို့ မိတ်ဆွေကြီးကို ဘာမှလုပ်မသွားတာပေါ့"

"ဖြစ်နိုင်သလား"

"ဖြစ်နိုင်တယ် မဖြစ်နိုင်ဘူးဆိုတာ ကျွန်တော်လည်း စမ်းသပ်ကြည့်ချင်တယ်။ သူ့ကို သေစေအောင် ဖန်တီးတဲ့စာကိုပေးတာ ကျွန်တော်ပဲ။ ဒါတောင် သူ့မှာ ဒီအခန်းက မသွားနိုင်သေးဘူး။ ဒီညတော့ မိတ်ဆွေကြီးနဲ့အတူ ကျွန်တော် အဲဒီအိမ်မှာ လိုက်အိပ်မယ်"

xxxxx

မော်ဂန်က ပြောလက်စ စကားတွေကို ရပ်ပစ်လိုက်တယ်။ ရထားကလည်း ခုတ်မောင်းမြဲ မောင်းနေပြီး ပတ်ဝန်းကျင်အမှောင်ထုက စိုးမိုးနေဆဲပေါ့။ စာရေးဆရာဖြစ်တဲ့ ကျုပ်က သူ့ဇာတ်လမ်းထဲမှာ ဈာန်ကဝင်နေတော့ ရုရှားလူငယ်ရဲ့ အကြောင်းကိုလည်း သိချင်သေးသည်။

"ဩော် ... အဲဒီလူငယ်လေးလား။ ကျွန်တော်နဲ့ လိုက်အိပ်သွားတယ်လေ။ အေးဗျာ .. မနက်ကျတော့ စိတ်မကောင်းစရာပဲ။ သူအိပ်နေတုန်းက မီးမထွန်းဘဲ ကျွန်တော့်အခန်းရဲ့ နောက်ဘက်က ထမင်းစားခန်းထဲမှာအိပ်တာ မနက်မိုးလင်းတော့ ပုံဆွဲခန်းထဲမှာ ဆန့်ဆန့်ကြီး သေနေတယ်။ သူ့အလောင်းဘေးမှာလည်း ဖယောင်းတိုင်သုံးတိုင် မီးလင်းနေတယ်။ ကဲ ... ကျုပ်ပြောတာ စကားလည်းရှည်သွားပြီ။ မိတ်ဆွေကြီးလည်း နားချင်နားရောပေါ့။ ဒီအကြောင်းတွေကို စာရေးချင် ရေးနိုင်ပါတယ်။ ကျွန်တော်လည်း ဟိုဘက်နား ခဏသွားလိုက်ဦးမယ်"

သူက စကားရပ်ပြီး ကျုပ်ရှေ့က တစ်ဖက်ကို ထွက်သွားတယ်။ ရုတ်တရက်တော့ ကျုပ်လည်း ခေါင်းညိတ်လိုက်တယ်။ နောက်မှ သတိရလို့ ကြည့်လိုက်တော့ မော်ဂန်ဆိုတဲ့သူ ထွက်သွားတဲ့နေရာဟာ တံခါးလည်းမရှိ၊ အပေါက်လည်းမရှိ။ ဘယ်ကိုများ ရောက်သွားပြီလည်း မသိပေ။ ဟိုဟိုဒီဒီ လှည့်ပြီး လျှောက်ကြည့်လိုက်သည်။ မတွေ့။ သူ့ကို ဘယ်လိုမှ မတွေ့ပေ။

**မြမြလှိုင်**

'Tales of Adventure and Imagination မှ Robert Hichens (1884)၏ "The Lighted Candles" ကို ဆီလျော်စွာ ရေးဖွဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မြွေပွေးထွန်းညို (နှင့်) စားသခက်

ဒါရိုက်တာမျိုးဇော်အောင်

ကျွန်တော်တို့ ရုပ်ရှင်အဖွဲ့တော်သားများ ပြင်ဦးလွင်သို့ရောက်တော့ ရန်ကုန်အပူဒဏ်နှင့် မန္တလေးအပူဒဏ်များ မခံစားရတော့။ ပြင်ဦးလွင်၏ အေးမြသော ထိတွေ့မှုများကို တဝကြီး ခံစားလိုက်ရသောကြောင့် ပျော်ရွှင်တက်ကြွသွားကြလေ၏။

ရုပ်ရှင်အဖွဲ့သားများ ပျော်ကြသလို သူတို့ကိုကြည့်ပြီး ကျွန်တော်လည်း ပျော်ပါသည်။ ကျွန်တော်သည် ဒါရိုက်တာတစ်ယောက် ဖြစ်သောကြောင့် အားလုံးအတွက် တာဝန်အကြီးဆုံးလည်း ဖြစ်လေ၏။

ကျွန်တော့်အဖွဲ့တွင် သူငယ်ချင်းလည်းဖြစ်၊ စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာလည်းဖြစ်သော ရှင်မိုးထွေး တစ်ယောက် ပါလာသည်။

"ကိုမျိုးရေ ...ခင်ဗျားတော့ ဘယ်လိုရှိတယ်မသိဘူး။ ကျွန်တော်တော့ ရင်ဘတ်ထဲကို သံလွင်မြစ်ကြီး စီးဝင်လာသလို အေးတုံချမ်းနေပြီဗျာ"

ဟု ကိုရှင်မိုးထွေးက ပြောလာသည်။ သူဘာရည်ရွယ်ချက်နှင့် ပြောသည်မှန်း ကျွန်တော် သိသည်။

"မပူနဲ့။ 'မာန်'မှာတည်းပြီးရင် ခင်ဗျားသွားလိုရာသွား လက်ဝဲထောင့် ခပ်လှမ်းလှမ်းမှာ ဂေါ်လချို အရက်ဆိုင်ရှိတယ်"

ဤသို့ ကျွန်တော်က လမ်းညွှန်လိုက်သော်လည်း စကားအရသာ ညွှန်းလိုက်ခြင်းဖြစ်သည်။ တကယ်တော့ သူက အရင်တစ်ခေါက်တုန်းကတည်းက ဂေါ်လခါး နွတ်ခမ်းမွေးကြီးနှင့် သိပြီးသား။ ရင်းနှီးပြီးသားဖြစ်၏။

ကိုရှင်မိုးထွေးမှာ ကျွန်တော့် ဂမ္ဘီရသိပ္ပမဂ္ဂဇင်း၌ တာဝန်ခံအယ်ဒီတာဝင်လုပ်စဉ်ကလည်း ကျွန်တော်၏ တွဲဖက်အယ်ဒီတာဖြစ်သည်။ ရုပ်ရှင်လောကသို့ ဇာတ်ညွှန်းရေးဆရာ တစ်ယောက်ဖြစ်အောင် အရောက်တွန်းပို့ခဲ့သူမှာလည်း ကျွန်တော်ပင် ဖြစ်၏။

ထို့ကြောင့် သူနှင့် ကျွန်တော်တို့က ဝါသနာတူ၊ အလုပ်တူများ ဖြစ်ကြသော်လည်း ကျွန်တော်က ဒါရိုက်တာအလုပ်ကို ပို၍ဝါသနာထုံသည်။ အဲဒီအကြောင်းကလည်း ဖေဖေကလည်း ဒါရိုက်တာ(ဒါရိုက်တာ ဦးသန်းကျော်ငွေး)၊ မေမေကလည်း ထုတ်လုပ်သူ (ဒေါ်ခင်ယုန်၊ ပန်တော်ဝင်ရုပ်ရှင်ပိုင်ရှင်)၊ ဘိုးဘိုးကလည်း ဒါရိုက်တာ (ဒါရိုက်တာကြီး ဦးရွှေဘော်) တို့ကြောင့်နှင့် ငယ်စဉ်ကပင် ရုပ်ရှင်ခြံထဲတွင်ကြီးပြင်းလာခဲ့၍လည်း ဒီဒါရိုက်တာဆိုတဲ့ အလုပ်ကို မစွန့်လွှတ်နိုင်ဖြစ်ရသည်။ သူကတော့ ဒါရိုက်တာအလုပ်ထက် ဇာတ်ညွှန်းရေးခြင်းကို ပို၍ ဝါသနာထုံလေသည်။

ည ...ရုပ်ရှင်ပိုင်းတော်သားများ စားသောက်နေစဉ်တွင် ရှမ်းဝတ်စုံ(ရိုးရာဝတ်စုံ)အပြည့်နှင့် ပုဂ္ဂိုလ်တစ်ယောက် ရောက်လာပြီး ကိုချွဲလေးဆိုသူနှင့် စကားပြောဆိုနေကြသည်ကို လှမ်း၍ မြင်လိုက်၏။ ထိုရှမ်းဝတ်စုံနှင့် ကိုချွဲလေးတို့ ဘာပြောနေကြသည်ကိုတော့ ကျွန်တော်မသိ။ ကျွန်တော့်ဆီ အကြည့်များ ရောက်လာသောကြောင့် ကျွန်တော့်အကြောင်း မေးနေ ပြောနေကြသည်ဟု ထင်၏။ ကိုချွဲလေးဆိုသူမှာ ကျွန်တော့်တပည့် မန္တလေး ပန်းချီကျောင်းဆင်း ရုပ်ရှင်ရိုက်ကူးရာတွင်သုံးသော ပန်းချီဆရာ၊ ပစ္စည်းတုမိတ်ကပ်ဖန်တီးရှင် ပညာသည်တစ်ယောက် ဖြစ်လေသည်။

ခဏကြာတော့ ကိုချွဲလေးနှင့် ထို ရှမ်းအမျိုးသားတို့ ကျွန်တော့်ဆီ ရောက်လာကြသည်။

"ဆရာမိုးကို စကားပြောစရာ ရှိလို့ပါတဲ့"ဟုဆိုကာ ကိုချွဲလေးကဆို၍ ထိုရှမ်းအမျိုးသားကိုထားခဲ့ပြီး လွှက်သွား၏။

www.burmeseclassic.com

"ကျွန်တော့်နာမည် စိုင်းဝဏ္ဏလို့ ခေါ်ပါတယ်။ ဆရာနဲ့ တွေ့ချင်တာက ဇာတ်လမ်းတစ်ခု ပေးချင်လို့ပါ။ ဆရာဦးမျိုးဇော်အောင်က အက်ရှင် ဒရမ်မာတွေ အရိုက်များလို့ အဲဒါ ဆရာနဲ့ အံဝင်ခွင်ကျဖြစ်မယ့် ဇာတ်လမ်းပါ။ ဇာတ်လမ်းက တကယ့်အဖြစ်မှန် ဇာတ်လမ်းတစ်ခုပါ။ ကျွန်တော်တို့ရွာမှာ အခုထိနေထိုင်ပြီး အဘိုးကြီးဖြစ်နေတဲ့ အဘထွန်းညိုပါ"

ကျွန်တော် ရှမ်းဝတ်စုံအပြည့်နဲ့ စိုင်းဝဏ္ဏဆိုသူကို သေသေချာချာ ကြည့်မိပြီး –

"ကိုစိုင်းဝဏ္ဏပြောတဲ့ အဘထွန်းညိုအကြောင်းက ရုပ်ရှင်ရိုက်လို့ ရပါ့မလား"

"ဟာ ... ဆရာမျိုးဇော်အောင် ရုပ်ရှင်ကြီးရိုက်ခဲ့တဲ့ တသိမ့်သိမ့်ရင်တို့၊ တမ်းတတတတို့လို ဇာတ်အိမ်က တော်တော်ခိုင်တယ်။ ဆရာနဲ့လိုက်မယ်ထင်လို့ ကျွန်တော်တို့ ဆင်ရှောင်ရွာကနေ ဒီကို တကူးတက လာခဲ့တာပါ"

"ကဲ ... ကိုစိုင်းဝဏ္ဏ သည်ဟာဖြင့် ခင်ဗျား ကျွန်တော့်ကို ပြောပြဗျာ"

ကိုစိုင်းဝဏ္ဏက စိတ်ဝင်စားစရာကောင်းတဲ့ အဘထွန်းညိုခေါ် မြွေပွေးထွန်းညို စနေသားကြီး လူမိုက်ကြီးအကြောင်းကို အောက်ဖော်ပြပါအတိုင်း ဖြစ်စဉ်ဖြစ်ရပ်များကို စိတ်ပါလက်ပါ ဆက်ပြောလေတော့၏။

× × ×

ရေစီးမသန်သောကြောင့် ဒေါင်းသတ္တဝါတို့ ပျော်စရာ ချောင်းတစ်ချောင်း ဖြစ်သည်ဟု ရှေးက အဆိုရှိခဲ့ဖူးသည်။ ထိုချောင်းကို ဒေါင်းမင်းချောင်းဟု တွင်၏၊ ခေါ်၏။ ယခုလည်း ဒေါင်းမင်းချောင်းဟုပင် ဆက်လက် တွင်လျက်၊ ခေါ်ဆိုလျက် ရှိလေ၏။ ထိုချောင်းကား ရေနက်၏။

ထိုချောင်း၏ သည်ဘက်ခြမ်းတွင် 'ဆင်ရှောင်'ရွာဟူသော အမည်ဆန်းဆန်းနှင့် ရွာကလေးတစ်ရွာရှိသည်။ ရှေးက ဆင်ရှောင်ရွာသည် တောကြီးတစ်တောဖြစ်၏။ ကျားများ သောင်းကျန်းသောကြောင့် ဆင်သတ္တဝါများမလာရဲကြ၊ ကျားကိုကြောက်၍ရှောင်ကြသည်ဟု ရှေးဟောင်းလူများက အဆိုရှိခဲ့ဖူးလေသည်။

ယခု ရွာတစ်ရွာ ဖြစ်သောကြောင့် ဆင်ပါမကာ၊ ကျားပင်မရှိကြတော့။ တကယ်တမ်း အမည်တွင်ကောင်းသည်က ဆင်ရှောင်ရွာ၊ ကျားရှောင်ရွာဟုပင် တွင်သင့်၊ ခေါ်သင့်ပေ၏။ ကျားဆိုးများကို ဖယ်ရှားသုတ်သင်နိုင်ခဲ့သော လူတို့၏ အစွမ်းသတ္တိကား အံ့မခန်းဖွယ်တည်း။

၎င်းတို့ရွာတွင် ဆင်ဆိုး၊ ကျားဆိုးထက် ဆိုး၍ ကြောက်စရာကောင်းသော လူဆိုးတစ်ယောက်ရှိလေသည်။

ထိုလူဆိုးကား ...

မြွေပွေးထွန်းညို ဖြစ်လေသည်။

ဆင်ရှောင်ရွာသူရွာသားများသည် မြွေပွေးထွန်းညိုဆိုလျှင် ချစ်လည်းချစ်၏၊ ကြောက်လည်းကြောက်၏၊ ရွံ့လည်းရွံ့၏။

× × ×

ဆင်ရှောင်ရွာ၏ ဟိုဘက်ခြမ်းတွင် ဆင်ပုန်းရွာရှိသည်။ ဆင်ရှောင်ရွာနှင့် ဆင်ပုန်းရွာကို ချောင်းခြားထား၏။ ဒေါင်းမင်းချောင်းနှင့် ဒေါင်းမင်းတံတားဖြစ်သည်။ ဆင်ပုန်းရွာ တွင်ပုံမှာလည်း သိပ်တော့မဆန်းပေ။ ကျားဆိုးများကိုကြောက်၍ ရှောင်လာကြသော ဆင်များသည် ဆင်ပုန်းရွာဟုတွင်မည့်နေရာတွင် လျှိုမြောင်များရှိ၍ ပုန်းခိုနေခဲ့ကြသောကြောင့် ဆင်ပုန်းရွာဟု တွင်ခဲ့ခြင်း ဖြစ်လေ၏။

ထိုဆင်ပုန်းရွာတွင်ကား 'မားဘခက်'ကြီးစိုးသည်။ ဆင်ပုန်းရွာ၏ ထိပ်သီးလူမိုက် တစ်ယောက်ပင်။

အချိန်ကား ...

ဗြိတိသျှအစိုးရမင်းတို့ ကြီးစိုး၍ မိုးကောင်းနေချိန် ဖြစ်လေသည်။

× × ×

"ကိုထွန်းညို ... ခင်ဗျားကို မစ္စတာဘိုင်ဆတ်က အခေါ်လွှတ်လိုက်တယ်။ သူ့အိမ် လာခဲ့ပါဦးတဲ့"

ဆင်ရှောင်ရွာသား ဘဒွန်းသည် ပြောသာပြောလိုက်ရသည်။ ထွန်းညို၏ မျက်နှာရိပ်မျက်နှာကဲကိုကြည့်၍ လန့်နေပုံရ၏။ အမှန်တကယ်လည်း မစ္စတာဘိုင်ဆတ်ဟူသော အမည်ကို ကြားလိုက်ရ၍ ထွန်းညိုမျက်နှာ ပျက်သွားသည်ကို သာဒွန်းကောင်းစွာ ရိပ်မိလေ၏။

မစ္စတာဘိုင်ဆတ်ဆိုသူမှာ အင်္ဂလိပ်အလိုတော်ရိ ကုလားကပြားအရာရှိကလေးတစ်ယောက်ဖြစ်သည်။ ၎င်းသည် သူကြီးဦးဖိုးမှတ်၏ အိမ်သို့ အဝင်အထွက်ရှိ၍ ဦးဖိုးမှတ်ကို သူကြီးရာထူးရအောင် ကူညီပေးခဲ့သူလည်းဖြစ်၏။ အင်္ဂလိပ်မင်းအစိုးရနှင့် ပန်းတင့်၍ နေရာကောင်းရထားသော မစ္စတာဘိုင်ဆတ်သည် ဆင်ရှောင်ရွာတွင် ဘုရင်ခံတစ်ယောက်ကဲ့သို့ စိုးမိုးအုပ်ချုပ် ဗိုလ်ကျနေသူလည်း ဖြစ်၏။

သူကြီးဦးဖိုးမှတ်ကား ရွာသူကြီးသာဆိုသည် သူ့မှာ အာဏာမရှိ။ ပါဝါ



www.burmeseclassic.com

www.burmeseclassic.com

မရှိ။ မစ္စတာဘိုင်ဆတ်၏ ကြီးဆွဲရာက နေရသည့် ရုပ်သေးရုပ်မျှသာဖြစ်သည်။

"ဟော့ကောင် ... သာဒွန်း၊ ဘာကိစ္စနဲ့ ငါ့ကိုခေါ်တာလဲ။ ငါ မအားဘူး။ မင်းတို့သခင်ကိုပြောလိုက်။ တွေ့ချင်ရင် ငါ့အိမ်ကိုလာခဲ့လို့။ ငါပြောတဲ့အတိုင်း ပြောလိုက်။ မင်းပြန်တော့"

သာဒွန်း ထွန်းညို၏စကားကြောင့် ဘာဆက်ပြောရမှန်း မသိတော့။ "ဟုတ်ကဲ့"ဟုဆိုကာထွက်သွားလေ၏။

"ကိစ္စရှိလို့ ခေါ်တယ်နဲ့တူတယ်။ အစ်ကို လိုက်သွားဖို့ကောင်းတယ်"

မြသွေးက စိုးရိမ်စိတ်ဖြင့် ဆိုသည်။ မြသွေးမှာ ထွန်းညို၏ ညီမရင်းဖြစ်သည်။ ထွန်းညိုတို့ အခြေအနေက အစ်ကိုတစ်ခု၊ နှမတစ်ခု။ မိဘဆွေမျိုး မရှိကြတော့။

"ကုလားဖြူနဲ့ပေါင်းပြီး ကုလားမည်းတွေ ကောင်းစားနေတာ ငါကြည့်လို့ မရဘူး။ ငါက သူတို့ဝန်ထမ်းလည်း မဟုတ်ဘူး။ သူတို့ကျွန်လည်း မဟုတ်ဘူး။ သူခေါ်တိုင်း မသွားနိုင်ဘူး။ တွေ့ချင် ငါ့ဆီလာပေါ့။ သူက တွေ့ချင်တဲ့လူပဲ"

ထွန်းညိုက လူမိုက်ဆိုပေမယ့် ပရမ်းပတာ လူမိုက်မျိုးကား မဟုတ်ပေ။ အကြောင်းအကျိုးကို ကောင်းစွာသိပြီး မိုက်နေသူသာဖြစ်သည်။ အရပ်ကို ဘယ်တော့မှ ဗိုလ်မကျ။ ဗိုလ်ကျသူ လူမိုက်ဆန်ချင်သူများကိုသာ ဗိုလ်မထားတတ်သူဖြစ်၏။ အထူးသဖြင့် ဗမာတွေအပေါ် ဗိုလ်ကျနေကြသော ကုလားဖြူ၊ ကုလားမည်းများကိုသာ အညှာမခံဘဲ လစ်လျှင်လစ်သလို တိတ်တဆိတ် သုတ်သင်နေသူဖြစ်၏။ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာကို အထိမခံ။ ထွန်းညို၏ လျှို့ဝှက်လှုပ်ရှားမှုများကို အရပ်ကို မဆိုထားနှင့် သူ့ညီမအရင်းခေါက်ခေါက် မြသွေးပင် မသိ။ ဤမျှအထိ လျှို့ဝှက်ပိရိသော၊ ငြိမ်ဝပ်သော၊ မြေပွေးကဲ့သို့သော ထွန်းညိုဖြစ်လေသည်။

"တွေ့ချင်ရင် ငါ့ဆီလာ"ဆိုသော စကားကြောင့် အစ်ကို့အတွက် စိုးရိမ်မကင်းဖြစ်သွားရသူက ညီမ မြသွေး။

"သူခေါ်လို့ အစ်ကိုမသွားရင် အစ်ကို့ကို ရန်လုပ်မှာပေါ့။ ဘိုင်ဆတ်က အရာလည်းရောက်တယ်၊ အာဏာပါဝါလည်းရှိတယ်။ သူ့ကြီးတောင် လက်အုပ်ချီပြီးဝပ်နေတာ၊ ကန်တော့နေတာ။ အစ်ကိုသွားလိုက်ဖို့ကောင်းတယ်"

မြသွေး ကြောက်ရွံ့နေမှန်းသိ၍ ညီမလေး စိတ်ချမ်းသာအောင် –

"အေး ... အေး ... အစ်ကိုသွားလိုက်မယ်"ဟု ဆိုကာ အိမ်ပေါ်မှ ထွန်းညို ဆင်းသွားလေ၏။

× × ×

ထွန်းညိုသည် မစ္စတာဘိုင်ဆတ်ဆီမသွားဘဲ ဒေါင်းမင်းချောင်း၏ တံတားပေါ်သို့ရောက်လာ၏။ တံတားပေါ်ရောက်တော့ ဘယ်သွားရမှန်း မသိဘဲ တံတားပေါ်၌ရပ်လျက် စဉ်းစားသည်။ တံတား၏ ဟိုဘက်ခြမ်းမှာက ဆင်ပုန်းရွာလေးကိုမြင်နေရသည်။

"ငါ ဆင်ပုန်းကိုသွားရင် ဘခက်နဲ့ တန်းတိုးမှာ သေချာတယ်။ ငါ ဘယ်သွားနေရ ကောင်းမလဲ"

ထိုသို့ ထွန်းညိုစဉ်းစားရင်း တံတားပေါ်ထိုင်ချလိုက်၏။ အတွေးတစ်ခု ခေါင်းထဲဝင်လာသည်။ မကြာသေးသော အတိတ်ကာလက အဖြစ်အပျက်လေးတစ်ခု ဖြစ်သည်။

× × ×

အုံ့ဩစရာ ကောင်းသည်က မတည့်သူနှစ်ယောက်ဖြစ်သည့် ထွန်းညိုနှင့် ဘခက်။ တည့်သူနှစ်ယောက်ဖြစ်သည့် သင်းသင်းနှင့် မြသွေး။

မြသွေးက ထွန်းညို့ညီမ။

သင်းသင်းက ဘခက်၏ အစ်မ။

မြသွေးနှင့် သင်းသင်းတို့ ထွန်းညိုနဲ့ ဘခက်တို့ ကျောင်းတော်ကရန်စ မစခင် မဖြစ်ခင်ကတည်းက ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ရှိပြီးသား။ တစ်ယောက်နှင့်တစ်ယောက် တကယ့်ညီမရင်းပမာ။ အခုတော့ ထွန်းညိုနှင့် ဘခက်တို့ မတည့်ကြသောအခါ မြသွေးနှင့် သင်းသင်းတို့လည်း အနေဝေး၍ အမြင်ကျဲသွားကြလေ၏။ သို့သော် မည်သို့ပင်ဆိုစေ သူတို့ချင်းကတော့ ရန်အတုံ့ ရန်အငြိုးမရှိကြ။ လမ်းတွေ့လျှင် ခင်ခင်မင်မင် ခေါ်ခေါ်ပြောပြော တရင်းတနှီးပင်။

ထွန်းညိုနှင့် ဘခက်တို့ အခုလို သူရဲကောင်းဆန်ဆန် အချိန်းအချက်လုပ်၍ ဒေါင်းမင်းချောင်း၏ တံတားပေါ် လူသတ်ပွဲကြီး ကျင်းပတော့မည်ဟူသော ထိတ်လန့်တုန်လှုပ်ဖွယ် သတင်းဆိုးကြီးသည် ဘယ်အရပ်ဘယ်ဒေသကိုမျှ ပေါက်ကြားခြင်း မရှိခဲ့သော်လည်း မြသွေးနှင့် သင်းသင်းတို့ကတော့ ထိုသတင်းဆိုးကြီးကို ကြားသိလိုက်ရသောကြောင့် လွန်စွာ ထိတ်လန့်ကြောက်ရွံ့၍သွားကြလေ၏။

အမှန်တော့ ထိုသတင်းသည် သံသယမှ စတင်ခဲ့ခြင်း ဖြစ်လေသည်။ တစ်နည်းပြောရလျှင် ထိုချိန်းပွဲ ရန်ပွဲတို့မှ စတင်ခဲ့သော သံသယချိန်းပွဲ သံ



www.burmeseclassic.com

www.burmeseclassic.com

သယရန်ပွဲကြီးဟုလည်း ဆို၍ရပေ၏။

ထိုသံသယ၏ အခြေခံဇာစ်မြစ်ကို ပြန်၍သုံးသပ်ကြည့်လျှင် ဤသို့ဖြစ်လေ၏။ ထွန်းညိုနှင့် သင်းသင်းတို့အပေါ်ဖြစ်ရသည့် ဘခက်၏ သံသယမှာ ထွန်းညို ငါ့အစ်မကိုချစ်တာ မမှန်ကန်ဘူး။ ငါ့ကိုချိုးချင်လို့၊ ငါ့ကိုလှည့်စားချင်လို့ ငါ့ကို အရှက်တကွဲ အကျိုးနည်းအောင်လုပ်ချင်လို့ ဟူသော အတွေးသံသယ။

တစ်ဖန် ထွန်းညိုဘက်ကကြည့်လျှင်လည်း သည်ကောင်ဘခက် ငါ့ကိုလက်စားချေချင်လို့၊ ငါ့နှမမြသွေးကိုဖျက်ဆီးချင်လို့ ကြံတာဟု သံသယအတွေး ဝင်၏။

ဤသည်သော သံသယ ...
သံသယ ကိုယ်စီတို့သည်ပင်လျှင် ယင်းတို့နှစ်ဦးအား ချိန်းပွဲသတ်ပွဲ ယှဉ်ပြိုင်ပွဲကြီးအဖြစ်ကို ဖန်တီးပေးလိုက်ခြင်း ဖြစ်တော့၏။

x x x

ဒေါင်းမင်းချောင်း၏ တံတားပေါ်သို့ ထွန်းညိုနှင့် ဘခက်တို့ ရောက်ရှိလာကြပေပြီ။ နှစ်ယောက်စလုံး ငှက်ကြီးတောင် ဓားရှည်တွေ တစ်ယောက်တစ်ချောင်း ကိုယ်စီကိုင်ဆောင်ထားကြ၏။ တံတား၏ အစွန်းနှစ်ဖက်တွင် ဟိုဘက်စွန်းက ဘခက်။ သည်ဘက်စွန်းက ထွန်းညို။ နှစ်ယောက်စလုံး ဓားကို ကျစ်ကျစ်ဆုပ်လျက် ရွေ့လျားလာနေကြပေပြီ။ တံတား၏ အလယ်ဗဟိုသို့ ရောက်သောအခါ နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် အသေသတ်ကြမည့် မျက်နှာများဖြင့် ကျားသံပေး၍ ဓားချင်းယှဉ်၍ ခုတ်လိုက်ကြသည်။ ဓားချင်းခတ်သံမှာ 'ချွင်'ခနဲ မြည်၍သွားပြီးလျှင် ဓားချင်းခတ်သံနှင့်အတူ မီးပွားများ လင်းလက်ဖွာထွက်လာ၏။

နှစ်ယောက်သား သဲကြီးမဲကြီး ဓားချင်းယှဉ်ခုတ်နေကြရာ ကြောက်ခမန်းလိလိဖြစ်သည်။ လက်ရည်တူများဖြစ်၍ နှစ်ယောက်စလုံး ဓားချက်များ ထိထားကြ၏။ သို့သော် သေကွက်သေကွင်းကို မထိကြသဖြင့် တစ်ယောက်မှ ပြိုလဲကျဆုံးခြင်း မရှိကြသေးပေ။ သို့သော် သွေးတို့က နှစ်ဦးစလုံး၏ကိုယ်၌ မြင်မကောင်း၊ ရှုမကောင်းအောင် လွှမ်းထားကြ၏။ သူတို့နှစ်ဦး၏ သံသယအမုန်းအငြိုးကား ကြီးမားလှ စွာ တကား။

"ချွင် ..."

"ချွမ်း ..."

"ကျား ... ယား"

ဒေါင်းမင်းတံတား ပေါ်တွင်ကား ဓားသံတချွင်ချွင်ဖြင့် ဓားမိုးသွေးမိုးများ လွှမ်းနေဆဲပင်။ ဒေါင်းမင်းချောင်း ရေစီးသံတို့ကလည်း တဝေါဝေါဖြင့် မြည်ဟီးလျက် ရှိနေသည်။

"ဟေ့ကောင် ဘခက်၊ မင်းနဲ့ငါ တစ်ယောက်ယောက် မရှိမှ ဒီရန်က အေးမှာ။ ဒီမယ် ... ဒေါင်းမင်းတံတားပေါ်မှာ မင်းကိုသတ်ပြီး မင်းအလောင်းကို ဒီအတိုင်းထားခဲ့ရမလား၊ ချောင်းထဲပစ်ချခဲ့ရမလား။ ဟေ့ကောင်ဘခက် မင်းဆန္ဒဘယ်လိုရှိတယ်ဆိုတာ ငါသိချင်တယ် ... ပြောလေ"

"ဒီမယ်ထွန်းညို၊ ငါကလည်း မင်းကိုသတ်ပြီး ချောင်းထဲပစ်ချဖို့ စီစဉ်ပြီးသား။ ပွဲက မပြီးသေးပါဘူး ထွန်းညို။ အချိန်က အဆုံးအဖြတ်ပေးပါလိမ့်မယ်"

ထွန်းညိုနှင့် ဘခက်တို့ တစ်ယောက်နဲ့တစ်ယောက် ဒေါမနောတို့ဖြင့် အကြိတ်အနယ် ဓားချင်းယှဉ်ခုတ်နေဆဲမှာပင် ...။

ထိုအချိန်၌ သင်းသင်းသည် မြသွေးဆီ ရေးကြီးသုတ်ပျာ ရောက်လာပြီး ထွန်းညိုနှင့် ဘခက်တို့ ဒေါင်းမင်းချောင်းတံတားပေါ်တွင် သူသေကိုယ်သေ ဓားချင်းယှဉ်ခုတ်နေသည့် အကြောင်း ပြောပြနေချိန်ဖြစ်သည်။

"ဒါဆိုရင် မမသင်း၊ ကိုကိုထွန်းညိုရော ကိုဘခက်ရော သေကုန်ကြလိမ့်မယ်။ မြသွေးတို့ အမြန်လိုက်သွားကြမှ ဖြစ်မယ်"

ဟုပြောဆို၍ မြသွေးနှင့် သင်းသင်းတို့ ဒေါင်းမင်းချောင်း တံတားဆီသို့ သုတ်ခြေတင် ထွက်သွားကြလေ၏။

ဒေါင်းမင်းချောင်း တံတားပေါ်၌ကား ထွန်းညိုနှင့် ဘခက်တို့ ချွေးအလုံးလုံး၊ သွေးအလုံးလုံးဖြင့် နှစ်ယောက်သား ဖွဲမလျှော့ဘဲ ရေကုန်ရေခန်း ဓားချင်းယှဉ်ခုတ်ဆဲ ရှိနေကြ၏။

"ကိုကို ... ထွန်းညို"

"မောင်လေး .. ဘခက်"

ခပ်လှမ်းလှမ်းမှ ပြေးလာကြရင်း မြသွေးရော သင်းသင်းရောပါ လှမ်းအော်လိုက်ကြသည်။ ထွန်းညိုနှင့် ဘခက်တို့ ဟန်ချက်ပျက်သွားကြပြီး တန့်သွားကြသည်။

"ကိုကိုထွန်းညို ဓားကိုချလိုက်"

"မောင်လေးဘခက် ဓားကိုရုပ်လိုက်"

ထွန်းညိုနှင့်ဘခက် နှစ်ယောက်စလုံး မြသွေး၊ သင်းသင်းတို့ဆီ အကြည့်အာရုံတွေ ပြောင်းသွားကြ၏။ ထိုသို့ အာရုံပြောင်းသွားသော ခဏအချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com

ပင် ဘခက်သည် ဓားနှင့် ထွန်းညိုကို လှမ်းပက်လိုက်၏။ ထွန်းညို ဓားတစ်ချက် မိသွားပြန်၏။ ထွန်းညိုကလည်း လျင်လိုက်သည့်ဖြစ်ခြင်း။ နောက်ကို တစ်လှမ်းဆုတ်လိုက်ပြီး နှစ်လှမ်းခုန်တက်ကာ ဘခက်ကို ဓားနှင့်ဝိုက်ပိုင်းလိုက်သည်။ ဘခက်လည်း ဓားတစ်ချက် ထိသွားပြန်၏။

သင်းသင်းသည် သူတို့နှစ်ယောက်နှင့် မနီးမဝေးတွင်ရပ်လိုက်ပြီး

"ကိုထွန်းညို ရှင်တို့အာဃာတတွေ ရပ်တန်းက ရပ်လိုက်ပါ။ ရှင်တို့နှစ်ယောက်စလုံး ခုလိုပဲ ဓားချင်းယှဉ်ခုတ်နေကြမယ်ဆိုရင် ဟောဒီမှာကြည့် မြသွေးကို ကျွန်မဖက်ထားတယ်။ နှစ်ယောက်စလုံး ဟောဒီရေနက်ထဲ ဒေါင်းမင်းချောင်းထဲ ခုန်ဆင်းပြီး ကိုယ့်ကိုယ်ကို သတ်သေလိုက်မယ်"

ဟု အော်ပြောလိုက်သော်လည်း ထွန်းညိုနှင့် ဘခက်တို့မှာ အငြိုးမပြေသော ရန်ကြွေးဖြင့် ဆက်လက်တိုက်ခိုက်နေဆဲ ရှိလေ၏။

"ဂုန်း ..."

"ဟာ ..."

"ဟင် .."

ထွန်းညိုနှင့် ဘခက်တို့ တိုက်ပွဲရပ်တန့်သွားလေ၏။ အဘယ်ကြောင့်ဆိုသော် မြသွေးနှင့် သင်းသင်းတို့ ဖက်လျက်သား ဒေါင်းမင်းချောင်း ရေနက်ဘက်ထဲ ခုန်ချလိုက်သောကြောင့်တည်း။ ထွန်းညိုနှင့်ဘခက်တို့ နှစ်ယောက်စလုံး ဓားများကိုလွှတ်ချလျက် ချောင်းထဲ နှစ်ယောက်သား ခုန်ဆင်းလိုက်ကြလေ၏။ ရေထဲ မြုပ်ချည် ပေါ်ချည်ဖြစ်နေကြသော သင်းသင်းနှင့် မြသွေးတို့ကို ထွန်းညိုနှင့် ဘခက်တို့ အချိန်မီ ကယ်တင်နိုင်ခဲ့ကြသော်လည်း၊ ထွန်းညိုက သင်းသင်းကို ညီမ မြသွေးအမှတ်နှင့် ကယ်၍ မြသွေးကိုမူ အစ်မသင်းသင်းအမှတ်နှင့် ဘခက်ကကယ်သည်။ စိုးရိမ်သော ဇောစိတ်တို့ကြောင့် သူတို့လူများ ကယ်ခဲ့ကြသည်ကို ထွန်းညိုရော၊ ဘခက်ရော မသိခဲ့ကြပေ။ ချောင်းစပ်သို့ ရောက်မှ လူမှားပြီး ကယ်ခဲ့ကြမှန်း သိကြ၏။

"ဟင် .. မြသွေး"

"ဟင် ... ကိုဘခက်။ မမသင်းကော မမသင်းကော"

ဟု မြသွေး မျက်ကလဲ ဆန်ပျာဖြင့် မေးသည်။

"ဟိုမှာ မမသင်း"ဟု ဘခက်ညွှန်ရာဆီသို့ မြသွေးလှမ်းကြည့်လိုက်သည်။ ချောင်းစပ်နားဘေး ကုန်းပေါ်တွင် ကိုထွန်းညိုနှင့် မမသင်းတို့ကို မြင်တွေ့လိုက်ရသဖြင့် မြသွေး ရင်အေးသွား၏။ ဟင်းခနဲ သက်ပြင်းချလိုက်၏။

"ဟေ့ကောင်ဘခက် .. ငါ့ညီမ မြသွေးကို ငါ့ဆီလွှတ်လိုက်။ မင်းအစ်မ သင်းသင်းကို မင်းဆီပို့လိုက်မယ်"

ဟု ထွန်းညိုလှမ်းအော်၍ ပြောလိုက်၏။

သည်တွင် ဘခက်က မြသွေးကို လွှတ်ပေးလိုက်သည်။ ထွန်းညိုကလည်း သင်းသင်းကိုလွှတ်ပေးလိုက်၏။

ထွန်းညိုနှင့် ဘခက်တို့ သေကံမရောက် သက်မပျောက်ခဲ့ခြင်းမှာ မြသွေးနှင့် သင်းသင်းတို့၏ စွန့်စားမှုတစ်ရပ်ဟု ဆိုနိုင်ပေတော့သတည်း။

x x x

တစ်ချိန်က ဖြစ်ပျက်ခဲ့သည်များကိုထွန်းညိုတစ်ယောက် ပြန်လည်မြင်ယောင်နေမိသည်။ တစ်ဖက်ရန်သူ ဓားဘခက်ရဲ့ အစ်မကိုမှ ရင်ထဲမှ ချစ်မိနေပြီလား။ စွဲလမ်းမိနေသည်လား မပြောတတ်။ ထွန်းညို နေမထိ ထိုင်မထိ ဖြစ်နေမိတော့သည်။

ထိုအချိန်မှာပင် ရုတ်တရက် တံတားက လှုပ်ယမ်းသွားသဖြင့် ထွန်းညို အတွေးပြတ်သွားလေ၏။ တံတားပေါ်ဝယ် မိန်းကလေးတစ်ယောက် ခြင်းတောင်းကို တံတောင်ကွေးနှင့် ချိတ်ကာ လျှောက်လာနေတာကိုမြင်၍ ထွန်းညိုနှုတ်မှ ရေရွတ်လိုက်၏။

"ဟင် ... သင်းသင်းပါလား"

လျှောက်လှမ်းလာနေသော သင်းသင်းမှာလည်း သူ့အတွေးနှင့်သူမို့ ထွန်းညိုကို သတိမထားမိချေ။ သင်းသင်းမှာ အလွန်နူးညံ့သိမ်မွေ့သော မိန်းမချော၊ မိန်းမလှတစ်ယောက် ဖြစ်လေသည်။ ဆင်ပုန်းရွာလူမိုက် ဓားဘခက်၏ အစ်မမှန်း သိသော်လည်း ဘာကြောင့်မှန်းမသိ သင်းသင်းကိုကျတော့ အချစ်မေတ္တာစိတ် သက်ဝင်မိနေ၍ ဘခက်ကိုကား မုန်းစိတ်ဝင်မိသည်မှာ ဘာကြောင့်မှန်းမသိ။ ထွန်းညိုကိုယ်တိုင်လည်း နားမလည်ချေ။

သင်းသင်း သူ့အတွေးနှင့်သူ လျှောက်လာရင်း ရုတ်တရက် ထွန်းညိုကို မြင်တွေ့လိုက်ရသောအခါ ခြေအစုံ တုံ့ခနဲရပ်၍ လန့်သွားလေ၏။

"သင်းသင်း ... ဈေးသွားမလို့နဲ့တူတယ်"

"ဟုတ် ... ဟုတ်ပါတယ်"

ထွန်းညိုကို လူမိုက်မှန်းသိ၊ မောင်လေးဘခက် ရန်သူမှန်းသိနေ၍ သင်းသင်းလန့်ကြောက်ကာ စကားထစ်သွား၏။

www.burmeseclassic.com

"ဩော် ...အေး ...အေး၊ သွားသွား"

သင်းသင်း ဆက်လျှောက်သွားသော်လည်း နောက်ကြောင်းမအေးသလို ထွန်းညိုကို နောက်ပြန်လှည့်ကြည့်လိုက်သည်။

ထွန်းညိုသည် ထိုင်ရာမှ ထလိုက်ပြီး ခြေလှမ်းအစုံတို့ လှမ်းလိုက်သည်။ သင်းသင်းသည် နောက်က ထွန်းညိုလိုက်လာတာမြင်၍ –

"ကိုထွန်းညို ဘာလုပ်မလို့ လိုက်လာနေတာလဲ"

"မလိုက်ပါဘူး သင်းသင်း။ ငါ အိမ်ပြန်မလို့ပါ"

"ဒါဆို ကိုထွန်းညို ရှေ့ကသွားနှင့်။ တော်ကြာ မောင်လေးမြင်တွေ့သွားရင် ပြဿနာတက်နေဦးမယ်"

"ဘာဆိုင်လို့လဲ သင်းသင်း။ ကိုယ့်လမ်းကိုယ်သွားနေတာပဲ"

ထွန်းညိုအကြောင်းကို သိထားသော သင်းသင်းမှာ ဘာဆက်ပြောရမှန်း၊ ဘာဆက်လုပ်ရမှန်း မသိဘဲ စကားကို ခဏဆိုင်း၍ သွားလေ၏။ သင်းသင်းရပ်နေသောအခါ ထွန်းညိုလည်း ရပ်၍နေလေ၏။

"ကိုယ့်လမ်းကိုယ်သွားတာ မှန်နေပေမယ့် အခုလို ကိုထွန်းညိုနဲ့ ရှေ့ဆင့်နောက်ဆင့် သွားနေတာကို တစ်ယောက်ယောက်က မြင်တွေ့သွားရင် မောင်လေးနား ပေါက်သွားမှာပေါ့ရှင်။ ကိုထွန်းညို ရှေ့က သွားနှင့်ပါနော်"

လေသံလေးနိမ့်၍ သင်းသင်းခမျာ ပြောနေရှာသည်။

"ဒီမယ် သင်းသင်း။ နင့်မောင်လူမိုက် ဓားဘခက်ကို ပြောလိုက်စမ်းပါ။ မြွေပွေးထွန်းညိုဆိုတဲ့ကောင်က ကြောက်ရမယ့်လူ ဒီလောကထဲမှာ မပေါ်သေးဖူးလို့။ အေး ...တစ်ခုတော့ရှိတယ်။ ဟောဒီက သူ့အစ်မကို ချစ်နေတဲ့ ထွန်းညိုက ယောက်ဖလောင်း ဘခက်ကို မချစ်သော်လည်း အောင့်ကာနမ်းပါ့မယ်လို့"

"ကိုထွန်းညို .. ရှင့်စကား ဒီမှာ တင်ရပ်တော့။ ရှင့်ကို ချစ်တယ်လို့ ကျွန်မ ဘယ်တုန်းက ပြောဖူးလို့လဲ"

"ဟုတ်တယ် သင်းသင်း မပြောဖူးပါဘူး။ ဒါပေမယ့် ငါကတော့ ဟောဒီက သင်းသင်းကိုချစ်တယ်။ တကယ့်မေတ္တာစစ်နဲ့ တကယ်ချစ်တာပါ။ အေး ... ငါ့နမမြသွေးကို ဘခက် လိုက်နေမှန်းသိလို့ မခံချင်စိတ်နဲ့ ဘခက်ကိုချိုးချင်လို့ ဆိုပြီး နင့်ကိုငါ ဟန်ဆောင်ချစ်တာမျိုး မဟုတ်ပါဘူး သင်းသင်း။ ငါ့ရင်ထဲ၊ ငါ့စိတ်၊ ငါ့ဝိညာဉ်ကို သက်သေထူပြီး ငါပြောရဲတယ်။ သင်းသင်း အဲဒါ ထွန်းညိုရဲ့ အမှန်သစ္စာစကားပဲ။ သင်းသင်း နင့်နောက်က မလိုက်စေချင်ရင် နင့်ဆန္ဒအတိုင်း ငါရှေ့ကသွားပါ့မယ်။ အဲဒါ နင့်ကိုချစ်လို့ လိုက်လျောတာ"

ဟု ပြောပြီး ထွန်းညိုတစ်ယောက် သင်းသင်းရှေ့က သုတ်သုတ်ထွက်၍ သွားလေ၏။ သည်တွင် ထွန်းညိုကို ကြည့်၍ သင်းသင်း သက်ပြင်းချလိုက်သည်။ တကယ်တော့ သင်းသင်းကိုယ်တိုင်လည်း ထွန်းညိုကို မသိစိတ်ထဲ ချစ်စိတ်ဝင်နေမိသည်ထင့်။ ဒေါင်းမင်းချောင်းထဲ ခုန်ချတုန်းက ထွန်းညို သင်းသင်းကို ကယ်တင်ခဲ့တာကိုလည်း သင်းသင်းအတွေးထဲမှာ အမြဲမြင်ယောင်နေမိသည်။ ထိုသည်ပင် အချစ်လားမသိ။ ထိုအချစ်သည် မလိုလားအပ်သော နောက်ဆက်တွဲ ရန်ပွဲကြောင့် သင်းသင်းနှုတ်ဆိတ်နေခြင်း ဖြစ်လေသည်။ တွေ့တိုင်း ချစ်ရေးဆိုနေခဲ့သော မြွေပွေးထွန်းညိုကို သင်းသင်း ဘယ်တုန်းကမှ ချစ်ပါသည်ဟု မပြောခဲ့ပေ။ ထိုသို့မပြောခဲ့သောကြောင့်လည်း မိမိ၏ရင်တွင်းက တိတ်တခိုးအချစ်ကို ထွန်းညို မသိရှာခဲ့ပေ။

× × ×

"တောက် ..."

ဘခက်၏ တောက်ခတ်သံကြောင့် ကျားကြီးအောင်ဘ ရှုံ့လန့်သွားလေ၏။

"သေချာလို့လား ကျားကြီး"

"သေချာပါတယ် ... အာစိရိ။ ထွန်းညိုက ရှေ့က၊ မမသင်းက နောက်က ဒေါင်းမင်းချောင်းတံတားပေါ်မှာ စကားတပြောပြောနဲ့ ကျွန်တော်ကိုယ်တိုင် ဟောဒီမျက်စိနဲ့ တပ်အပ်မြင်ခဲ့တာပါ။ သူတို့ကတော့ ကျွန်တော့်ကို မြင်မှာ မဟုတ်ဘူး"

အတိအကျ အမှန်အကန် ပြောနေသော ကျားကြီးအောင်ဘ၏စကားကြောင့် ဘခက် အံကြိတ်၍ ပေါက်ကွဲနေပုံမှာ ကျွဲရိုင်းတစ်ကောင် ခြံခုန်၍ ပြေးထွက်လာသကဲ့သို့ အရှိန်အဟုန်ပြင်းထန်လှပေ၏။

"တွေ့ကြသေးတာပေါ့ ထွန်းညိုရာ။ ငါက မင်းနှမ မြသွေးကို တကယ့်မေတ္တာစစ်၊ မေတ္တာမှန်နဲ့ နှစ်နှစ်ကာကာ ချစ်တာ။ မင်းက ယုတ်ယုတ်မာမာ ငါ့ကို ချိုးချင်တဲ့စိတ်နဲ့ ငါ့အစ်မကို ကြံတာ။ နောက်ပြီး ငါ့အစ်မကို ဖျက်ဆီးမယ်ပေါ့ ဟုတ်စ"

တစ်ယောက်တည်း မခံမရပ်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေသော ဘခက်ကိုကြည့်၍ ကျားကြီးအောင်ဘက အနေခက်နေပေ၏။ ဘခက်သည် ထိုင်ရာမှ ဖြုတ်ခနဲ ထလိုက်သောကြောင့် "အာစရိ ဘယ်လဲ" ဟု အောင်ဘမေးသည်။

"မိန်းမသွားခိုးမလို့"

"ဘယ်သူ့ကိုလဲ အာစရိ"

"ဘယ်သူဖြစ်ရမလဲကွ။ ထွန်းညိုညီမ မြသွေးကို"

× × ×

ညသည် လကွယ်ညမို့ ပို၍မှောင်နက်နေသည်။ ကြယ်ရောင်ပင်မတွေ့။ စွန့်စားသော ဘခက်သည် ထွန်းညိုတို့ခြံထဲ ကြောင်တစ်ကောင်လို 'လွှား'ခနဲ ခုန်ဝင်လိုက်၏။

"ဒေါက် ... ဒေါက်"

မြသွေး အိပ်ခန်းဆောင်ကို သိထားသော ဘခက်သည် အလွယ်တကူပင် ချဉ်းကပ်၍ ပြတင်းပေါက်တံခါးကို ခေါက်လိုက်သည်။ ယခင်ကလည်း ဘခက်သည် မြသွေးကို တွေ့လိုလျှင် ဤသို့ပင် စွန့်စားဖူးလေ၏။ မြသွေးသည် တိုးညင်းသော တံခါးခေါက်သံကို ကြားသည်နှင့် အပြင်မှာ ဘခက်ရောက်နေမှန်း တန်းသိပြီးဖြစ်လေသည်။

ပြတင်းတံခါးကို အသာလှပ်လိုက်သည်။ အမှောင်ရိပ်အောက်တွင် လတစ်စင်း ထွက်လာသကဲ့သို့ မြသွေးမျက်နှာလေး လင်းခနဲ ပေါ်လာသည်။ ဘခက် အောက်က လက်ယပ်ခေါ်သည်။ မြသွေးတစ်ယောက် လန့်နေသည်။ အစ်ကိုထွန်းညိုမှာ တခေါခေါဖြင့် အိပ်မောကျနေသည်။

မြသွေးက ချက်ချင်း ထွက်မလာဘဲ ဘာအကြောင်းရှိလို့လဲဟူသော သဘောမျိုးဖြင့် မေးဆတ်ပြသည်။ ဘခက်က အောက်ကိုဆင်းလာခဲ့ပါဟူသော အဓိပ္ပာယ်ဖြင့် မြေကြီးကို လက်ညှိုးထိုးပြသည်။ မြသွေး ပြတင်းပေါက်မှ မျက်နှာခွာသည်။ ထို့နောက် ပြတင်းပေါက်တံခါး ပြန်၍ပိတ်သွားတော့၏။

သိပ်တော့ မကြာလိုက်။

ဘခက် ခေါ်ထုတ်ရကျိုးနပ်သွား၏။ ခဏမျှအကြာတွင် မြသွေး ဘခက်ရင်ခွင်ထဲ ရောက်သွားလေသည်။

"ဘာလို့ ဒီလောက်တောင်အတင့်ရဲရတာလဲ။ ကိုကိုသိသွားရင် နှစ်ယောက်လုံးကို သတ်မှာ။ ဒုက္ခပါပဲ ကိုဘခက်ရယ်"

"မြွေမြွေချင်း ခြေမြင်ပါတယ် မြသွေး။ ဒီလောက်အန္တရာယ်က မပြောပလောက်ပါဘူး အကင်းပါ"

"ကဲ ... ကိုဘခက် ဘာပြောမှာလဲ။ ပြောပြီးပြန်တော့။ ကိုကိုနိုးလာရင် ခက်ကုန်တော့မှာပဲ။ ပြန်ပါ ကိုဘခက်ရယ်။ မြသွေးကြောက်တယ်"

"မကြောက်ပါနဲ့ မြသွေး။ ကိုဘခက်တစ်ယောက်လုံး ရှိတယ်။ ကျုပ်ပြန်မှာပါ။ ဒါပေမယ့် တစ်ယောက်တည်းတော့ မပြန်ဘူး။ ဟောဒီက မြသွေးနဲ့ အတူပြန်မှာ"

"ဟင် ..."

မြသွေး တုန်လှုပ်သွားပုံဖြင့် ဟင်ဟု အာမေဍိတ်ပြုသည်။ ထိုစဉ် အိမ်အတွင်းမှ ထွန်းညို၏ဟောက်သံနှင့်အတူ ချောင်းဟန့်သံကို ကြားလိုက်ရသောကြောင့် ...

"ဟော ကိုကိုနိုးပြီနဲ့တူတယ်"

ဟု မြသွေး အထိတ်တလန့်ဖြင့် ဆို၍ ဘခက်ရင်ခွင်တွင်းမှ ရုန်းသည်။ ဘခက်ကတော့ မြသွေးကို အတင်းဖက်ထားသဖြင့် မရုန်းသာ။ ထို့နောက် ဘခက်သည် မြသွေးကို အဖျားရည်ဖျက်၍ ထိုညမှာပင် ခိုးပြေးသွားလေတော့သည်။

× × ×

ဆင်ပုန်းရွာတစ်ရွာလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားတော့၏။

မြွေပွေးထွန်းညို၏ညီမ မြသွေးအတွက် ဒေါသမာန်ဟုန်သည် ယမ်းပုံမီးကျသကဲ့သို့ ဟုန်းဟုန်းတောက်၍နေတော့၏။

ဆင်ပုန်းရွာ၌ ဘခက်နှင့် မြသွေးတို့ မရှိတော့သောအခါ မြွေပွေးထွန်းညိုသည် ဓားဘခက်တပည့်ဖြစ်သူ ကျားကြီးအောင်ဘဆီသို့ မျက်စေ့အာရုံ ပြောင်းသွား၏။

"ဟေ့ကောင် ကျားကြီး။ မင်းက ဘခက်ရဲ့ လက်ရင်းတပည့်ပဲ။ အဲဒီကိစ္စ မင်းမသိဘူးဆိုတာ မဖြစ်နိုင်ဘူး။ မင်းသိကို သိရမယ်"

ဟု ပြောပြောဆိုဆို ကျားကြီးရဲ့ အင်္ကျီစကို ဆွဲကိုင်၍ မျက်နှာကို နှစ်ချက်ဆင့်၍ ထိုးလိုက်ပြီး မေးသည်။

"ငါ့ကို လိမ်ဖို့မကြံနဲ့နော် ... ကျားကြီး"

"ကျွန်တော်မလိမ်ပါဘူး။ တကယ်မသိလို့ပါ ကိုထွန်းညိုရာ။ ခင်ဗျားတကယ်သိချင်တယ်ဆိုရင်တော့ ဘခက်အစ်မ မမသင်းကို မေးကြည့်ပါလား။ သူတို့က မောင်နှမရင်းတွေဆိုတော့ ကိုဘခက်တို့နေရာကို ပြောပြနိုင်လိမ့်မယ်ထင်ပါတယ် ကိုထွန်းညို"

သည်တစ်ခါ မြွေပွေးထွန်းညို အာရုံပြောင်းသွားသည်က မိမိတစ်ဖက်သတ်ချစ်နေရသော သင်းသင်းဆီ

www.burmeseclassic.com

သို့ ဖြစ်လေတော့သည်။

× × ×

ဘခက်အစ်မ သင်းသင်းနှင့် တွေ့တော့ သင်းသင်း၏တုံ့ပြန်ချက်က ရှင်းသည်။

"သူတို့ချင်း မေတ္တာမျှလို့ နှစ်ကိုယ်တူလက်တွဲသွားကြတာ ကိုထွန်းညိုအနေနဲ့ ခိုးတယ်လို့ မစွပ်စွဲသင့်ပါဘူး။ ကျွန်မဆီ မလာတာကလည်း ရှင့်ရန်ကို ကြောက်လို့နေမှာပေါ့ရှင့်။ သဘောထားကြီးကြီးနဲ့သာ နားလည်ပေးလိုက်ပါရှင်"

မြွေပွေးထွန်းညိုတစ်ယောက် သင်းသင်းပြောစကားကြောင့် တင်းသွားသလို သင်းသင်းကတော့ မျက်နှာတစ်ဖက်လှည့်၍ ကျိတ်ပြီးပြုံးနေသည်။

"ငါ့ကို ရန်ငြိုးထားပြီး ငါ့နှမ မြသွေးကို ဖျက်ဆီးချင်တဲ့ သဘောနဲ့ ခိုးသွားမှန်း ငါသိတယ်။ သင်းသင်း နင့်မောင်ဘက်ကကာကွယ်ပြီး ပြောမနေနဲ့။ ဘခက်နဲ့ငါက ကျောင်းတော်က ရန်စ။ ပြီးခဲ့တာတွေ ပြီးခဲ့ပြီ။ မိငယ်လည်း လင်ရလို့ ကလေးတွေတောင် ရနေပြီ။ ခုချိန်မှာ မိငယ်နဲ့ပတ်သက်ပြီး ဇာတ်လမ်းက ပြီးဆုံးခဲ့ပြီပဲ။ ဒါ ဘခက် ငါ့ကို သက်သက်ချိုးလိုက်တာပဲ"

ထွန်းညို ပေါက်ကွဲနေမှန်းသိ၍ သင်းသင်းက တစ်ခွန်းမှ ပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

ဘခက်နှင့် ထွန်းညိုတို့၏ ရန်ငြိုးက မိငယ်နှင့် ပတ်သက်ခဲ့၏။ မိငယ်သည် ရုပ်ချော၊ ဥစ္စာပေါ ဆန်စက်ပိုင်ရှင် သူဌေးသမီး။ မိငယ်ကို ဘခက်လည်း လိုက်သည်။ ထွန်းညိုလည်း လိုက်၏။ နှစ်ယောက်စလုံး မိငယ်ကို သဲကြီးမဲကြီး လိုက်ကြ၏။ နှစ်ယောက်စလုံးက သဲကြီးမဲကြီး ချစ်ကြ၏။ မိငယ်က ဟိုလူလိုလို၊ ဒီလူလိုလို ဘခက်လိုလို၊ ထွန်းညိုလိုလိုနှင့် နှစ်ယောက်စလုံးနှင့် ချိတ်ထားသည်။ ထိုသို့ မသဲမကွဲချစ်ယောင်ပြမှုကြောင့် ထိုအချစ်ကြောင့်ပင် ထွန်းညိုနှင့် ဘခက်တို့သည် သဲကြီးမဲကြီးပဲ ရန်ပွဲကြီး ဖြစ်ခဲ့ကြ၏။ မိငယ်နှင့် ပတ်သက်တိုင်း ထွန်းညိုနှင့်ဘခက်တို့ ခဏခဏ ရန်ဖြစ်ကြ၍ ခဏခဏပင် ကွဲပြဲကြလေသည်။ နောက်ဆုံး မိငယ်၏မိဘများ သိရှိသွားကြပြီး မိငယ်အားမြို့မှ အခြားတစ်ပါးသော အမျိုးကောင်းသားတစ်ယောက်နှင့် အိမ်ထောင်ပြုပေးလိုက်လေတော့၏။ သို့သော် ထွန်းညိုနှင့် ဘခက်တို့၏ ကျောင်းတော်က ရန်စကား အကင်းမသေသေးပဲ ယနေ့တိုင်ထိ အနာရင်းလျက်ရှိနေပေတော့၏။

ယခု သင်းသင်းက သူ့မောင် ဘခက်နှင့် ပတ်သက်ပြီး သူဘယ်ကို ရောက်နေသည်၊ ဘခက်ဘယ်မှာရှိနေသည်ကို ထွန်းညိုအား မပြောဘဲ ဝေ့လည်ကြောင်ပတ်လုပ်နေသောကြောင့် ထွန်းညိုမှာ ဒေါသများပေါက်ကွဲ၍ –

"ဒီမယ်သင်းသင်း၊ ဘခက် ငါ့ကို ချိုးသလို ငါလည်း ဘခက်ကို ချိုး လို့ရတယ်။ အခု ငါနင့်ကို ခိုးသွားလို့ရတယ်နော် သင်းသင်း"

ဟု ပြောလိုက်ရာ သင်းသင်းက ထွန်းညိုကိုကြည့်ပြီး –

"ယောကျ်ားကောင်း မပီသဘူးလို့ ကိုယ့်ကိုယ်ကိုထင်ရင် ခိုးလိုက်လေ ကိုထွန်းညို။ ဒီမယ် ခိုးလို့သာပါချင်ပါမယ်။ သင်းသင်းရဲ့ အချစ်ကိုတော့ ရမှာမဟုတ်ဘူး ကိုထွန်းညို။ ယုံလားတော့မသိဘူး ကျွန်မအချစ်ကကိုထွန်းညိုအတွက် မပါဘူး"

"ငါနားလည်ပါတယ် သင်းသင်း။ အချစ်မပါတဲ့ အိမ်ထောင်ရေးကိုလည်း ငါ့တစ်သက် စိတ်မကူးဘူး သင်းသင်း။ နင့်မောင်လိုလည်း ငါက မယုတ်မာတတ်ဘူး။ ထွန်းညိုဆိုတဲ့ကောင်က မိုက်ရင် မိုက်မယ်၊ ဘယ်တော့မှ မယုတ်မာဘူး။ သွားမယ်"

ဟု ပြောပြောဆိုဆို အနီးရှိတိုင်ကို 'ဒိုင်း'ခနဲ လက်သီးနှင့်ထိုး၍ ထွန်းညို ထွက်သွားလေတော့၏။ သင်းသင်းတစ်ယောက် စိတ်မကောင်းသောမျက်နှာနှင့် ထွန်းညိုပြန်သွားသည်ကိုကြည့်ပြီး ကျန်ရစ်ခဲ့လေတော့၏။

× × ×

ဘခက်သည် မြသွေးကို အမှန်တကယ်ချစ်သော်လည်း ထွန်းညိုကို အငြိုးထား မုန်းတီးသောစိတ်ကြောင့် မြသွေးကို စိတ်ဆင်းရဲအောင် စိတ်ဖြင့်လည်းကောင်း၊ ကိုယ်အားဖြင့်လည်းကောင်း မကြာခဏ ဆိုသလို စိတ်အနှောင့်အယှက် ပေးလျက်ရှိလေ၏။

သည်ကြားထဲ ပုလိပ်အရာရှိလေး မစ္စတာဘိုင်ဆတ်နှင့် ပေါင်းမိသွားသောအခါ ဘခက်မှာ အင်္ဂလိပ်အလိုတော်ရိတစ်ယောက် ဖြစ်လာလေ၏။ မစ္စတာဘိုင်ဆတ်မှာလည်း ထွန်းညိုကို မုန်းတီးနေသူဖြစ်၏။ မိမိဩဇာကိုမခံဘဲ မိမိကို ဆန့်ကျင်နေသူဟုထင်၍ ထွန်းညိုကို မုန်းတီးနေခြင်းဖြစ်လေသည်။

အပြစ်ရှာမတွေ့၍ ထွန်းညိုကို လွှတ်ပေးထားခြင်း ဖြစ်သည်။ ယခုလို လူမိုက်မားဘခက်နှင့် ပေါင်းမိသွားသောအခါ မစ္စတာဘိုင်ဆတ်သည် မြွေပွေးထွန်းညိုကို အကွက်ရှာ၍ ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com

လှလှကြီးပေးဖို့ နီးစပ်လာသကဲ့သို့ သူ့စိတ်ထဲမှာ ကြိတ်၍ထင်နေလေ၏။

မြွေပွေးထွန်းညိုသည် ဖွဲကြီးသကဲ့သို့ စိတ်လည်းကြီးပေ၏။ ဓားဘခက် သတင်းအစအနကို နီးစပ်ရာလူများကိုမေး၍ နေရာအနှံ့ လိုက်ရှာသော်လည်း ဘာမျှမကြားရပေ။ မတွေ့ရပေ။

ထိုနေ့ တစ်နေ့လုံး ဘခက်တို့ကို လိုက်ရှာရင်း ခြေကုန်လက်ပန်းကျကာ အိမ်သို့ ပြန်ရောက်လာ၏။ အိမ်သို့ ရောက်၍ ကွပ်ပျစ်ပေါ် ထိုင်စပင်ရှိသေး ထွန်းညို၏အိမ်တွင်းမှ ဘခက်အစ်မ သင်းသင်းထွက်လာသည်ကို မြင်၍ ထွန်းညို ထိတ်လန့်အံ့ဩစွာ ကွပ်ပျစ်ပေါ်မှ ထလိုက်၏။

"သင်းသင်း ဘယ်လိုလုပ်ပြီး အိမ်ထဲရောက်နေတာလဲဟင်"

"ရှင် ကျွန်မမောင် ဘခက်တို့ကို လိုက်ရှာနေတာ ပင်ပန်းပါတယ် ကိုထွန်းညိုရယ်။ ရှင် မောင်လေးဘခက်ကို သတ်မယ့်အစား ကျွန်မကိုသာ သတ်လိုက်ပါ။ မောင်လေးဘခက်က မြသွေးကို တကယ်ချစ်တာပါ။ ဖျက်ဆီးဖို့ရည်ရွယ်တာ မဟုတ်ပါဘူး။ မြသွေးကို ဖျက်ဆီးတယ်လို့ ရှင်ထင်နေရင် ဘခက်အစ်မ ကျွန်မကို ရှင်ဖျက်ဆီးလို့ ရပါတယ်ရှင်"

မထင်မှတ်သော သင်းသင်း၏စကားကြောင့် ထွန်းညို ထိတ်လန့်အံ့ဩသွား၏။ သင်းသင်းကိုကြည့်လိုက်တော့ မျက်နှာမှာ မျက်ရည်စတွေနှင့် တွေ့လိုက်ရသည်။

"သင်းသင်း ဘယ်လိုပြောလိုက်တာလဲ။ ထွန်းညိုဆိုတဲ့ကောင်က လူယုတ်မာ မဟုတ်ဘူး။ အခွင့်အရေးသမားမဟုတ်ဘူး။ အချောင်သမားလည်း မဟုတ်ဘူး။ သင်းသင်းအခု ပြောလိုက်တဲ့စကားက ငါ့သိက္ခာကို လုံးဝဖျက်ဆီးပစ်လိုက်တာပဲ။ ရှင်းရှင်းပြောမယ် သင်းသင်း။ ငါ နှင့်ကိုချစ်တာဟာ နှင့်မောင်ဘခက်လို မဟုတ်ဘူး။ ငါ့နှမကို ဘခက်ဖျက်ဆီးတာဟာ ဖျက်ဆီးတာပဲ။ သူဖျက်ဆီးတာနဲ့ပဲ နှင့်ကို ဖျက်ဆီးရမယ်ဆိုတာကတော့ သဘာဝလည်း မကျဘူး၊ လူလည်းမဆန်ဘူးလို့ ငါထင်တယ်။ သင်းသင်း နပ်ပြန်တော့ဟာ"

"မမသင်း မပြန်နဲ့ဦး"

ရုတ်တရက် ထွန်းညို၏စကားအဆုံး၌ အမိန့်သံကဲ့သို့သော အသံတစ်သံ ဟိန်း၍ထွက်လာ၏။ ထိုအသံရှင်မှာ ဘခက်ဖြစ်လေသည်။ ဘခက်နှင့်အတူ ပုလိပ်အရာရှိလေး မစ္စတာဘိုင်ဆတ်တို့အဖွဲ့ကို ထွန်းညို တွေ့လိုက်ရ၏။

ထွန်းညို ဒေါသဖြင့် ခါး၌ပတ်ထားသော မြွေပွေးသဏ္ဌာန် သံကွင်းဆက်ကြိုးကို ချွင်းခနဲမြည်အောင် ဆွဲဖြုတ်လိုက်သည်။ မစ္စတာဘိုင်ဆတ်က ထွန်းညိုကို သေနတ်နှင့်လှမ်းချိန်သည်။

"ဟေ့ကောင် မင်းက ငါ့ကို ဘာဖြစ်လို့ သေနတ်နဲ့ချိန်တာလဲ"

ဟု ဘိုင်ဆတ်ကို ထွန်းညိုမေးလိုက်သည်။

"မင်းကရော ဘာဖြစ်လို့ ဘခက်ကို သံကွင်းဆက် ခါးပတ်ကြိုးနဲ့ ရိုက်ဖို့လုပ်တာလဲ"

ဟု ဘိုင်ဆတ်က ပြန်မေးသည်။

"မင်းကိစ္စမဟုတ်ဘူး ဘိုင်ဆတ်။ မင်းကသာ တို့ဗမာပြည်မှာ လူဖြစ်ပြီး ဗမာထမင်းကိုစား၊ ဗမာကိုလည်း ဒုက္ခပေးနေတဲ့ အင်္ဂလိပ်ကျွန်မှန်း ငါသိတယ် ဘိုင်ဆတ်။ မင်းကိစ္စ မဟုတ်ရင် အသာနေ ဘိုင်ဆတ်"

"အသာနေလို့ မရဘူးကွ။ မင်းကို တော်လှန်ရေးသမားတွေနဲ့ ဆက်သွယ်နေတယ်လို့ အထက်က မြင်ထားတယ်။ သတင်းလည်း ရထားတယ်။ အဲဒါကြောင့် အသာနေလို့ မဖြစ်ဘူး။ မင်းကိုဖမ်းဖို့ လာခဲ့တာ"

"ဟေ့ကောင် ဘိုင်ဆတ် မင်းက ဆင်ပုန်းရှာသား မဟုတ်ဘူး။ ငါဘာလုပ်တယ်ဆိုတာ မင်းကသိနေတယ်ဟား ...ဟား။ ဒီမယ် ဘိုင်ဆတ်၊ မင်းက ကုလားဖြူပေးထားတဲ့ ရာထူးက သူတို့စားလို့ကျန်တဲ့ အရိုးတစ်ချောင်းလောက် ပိုမကြီးကျယ်ပါဘူးကွ။ ကဲ ...မင်းက ငါ့ကို ဘာအထောက်အထားနဲ့ ဖမ်းမှာလဲ။ မင်းသတ္တိရှိရင် ဖမ်းကြည့်လိုက်လေ"

ရဲရဲတောက် မြွေပွေးထွန်းညို၏စကားကြောင့် ဘိုင်ဆတ်ခံပြင်းစိတ်ဝင်ကာ ပစ်မိန့်ပေးလိုက်လေ၏။ ထွန်းညိုသည် ရုတ်တရက် သေနတ်ပစ်ဖို့ရွယ်နေသော ပုလိပ်သားတစ်ယောက်ကို သံကွင်းဆက်ခါးပတ်ကြိုးဖြင့် ဖြောင်းခနဲရိုက်ကာ သေနတ်ကို ဆွဲလုပြီး ထွက်ပြေးလေ၏။ မစ္စတာဘိုင်ဆတ်တို့ လှမ်းပစ်သော်လည်း နောက်ကျသွားခဲ့ပြီဖြစ်၏။ ထွန်းညိုကား မြင်ကွင်းထဲ မရှိတော့။ ပျောက်သွားချေပြီတကား။ သင်းသင်းတစ်ယောက် ဘခက်နှင့် ဘိုင်ဆတ်ရဲဘော်များ ထွန်းညိုနောက်လိုက်သွားသည်ကိုကြည့်ပြီး ထွန်းညိုအတွက် လွတ်ပါစေလို့သာ ကျိတ်၍ဆုတောင်းနေမိလေ၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com

ဘခက်နှင့် မြသွေးတို့ ဆင်ရှောင်ရွာသို့ ပြန်ရောက်နေကြပြီဖြစ်၏။ ယခုအချိန်၌ မြေပွေးထွန်းညိုရန်လည်း မရှိတော့။ နောက်ပိုင်း မြေပွေးထွန်းညို တစ်ယောက် တောခိုတော်လှန်ရေး သမားအုပ်စုထဲ ရောက်သွားသလိုလို သတင်းကြားနေရလေ၏။

ထိုနေ့က ဘခက်သည် ပုလိပ်အရာရှိလေး မစ္စတာဘိုင်ဆတ်နှင့် ပုလိပ်အဖွဲ့ကို ဖိတ်၍ အိမ်မှာ စားကောင်းသောက်ဖွယ်တို့ဖြင့် ကောင်းစွာညှော်ခံပြုစုလျက် ရှိလေ၏။

''ထွန်းညိုသတင်းကို ကျုပ်ကြားထားတယ်။ ဒီကောင်တွေအဖွဲ့မှာ အင်အားမရှိဘူး။ လေးငါးခြောက်ယောက်လောက်ပဲ ရှိတယ်လို့ အတိအကျ သိထားတယ်။ သူတို့စခန်းကိုလည်း ကျုပ်သိထားတယ်။ အချိန်မရွေး တိုက်ခိုက်ဖမ်းဆီးလိုက်လို့ ရတယ်။ ကိုဘခက် ခင်ဗျား ဘယ်လိုသဘောရလဲ''

မစ္စတာဘိုင်ဆတ် စကားကြောင့် ဘခက် စဉ်းစားနေသည်။ ထိုစဉ် အစ်မဖြစ်သူ သင်းသင်းက ရုတ်တရက် စကားဝိုင်းထဲ ဝင်လာကာ –

''ကိုထွန်းညိုမှာ ဘာအပြစ်ရှိလို့ ရှင်တို့ဖမ်းချင်တာလဲ။ ခုလည်း ရှင်တို့ကြောင့် အိမ်နဲ့ယာနဲ့ မနေရဘဲ တောထဲ ရောက်နေရပြီ။ သူ့နှမလည်း ဆုံးရှုံးလိုက်ရပြီ။ ဒါ ရှင်တို့ဘက်က တရားတယ်ထင်လို့လား။ မောင်လေးကိုလည်း မမမေးရဦးမယ်။ ဒီမယ်မောင်လေး ...မင်း မြသွေးကို ကြောရအောင်ကြံတာလား။ တကယ်မေတ္တာရှိလို့ ကြံတာလား မမသိချင်တယ်။ အမှန်အတိုင်းပြော မောင်လေး။ မမ မှန်တဲ့စကားပဲ ကြားချင်တယ်။ ညာတော့ မပြောနဲ့နော်''

ဘခက် ဖြုန်သွားသည်။ မထင်မှတ်သော မမသင်းစကားကို ကြားလိုက်ရသောကြောင့်ဖြစ်သည်။ မြသွေးကမူ ဆေးမိထားသလို ဘာတစ်ခွန်းမှ ဝင်မပြော။ နှုတ်နည်းသလို မျက်ရည်လည်း ဝဲနေသည်။ မစ္စတာဘိုင်ဆတ်ကမူ သင်းသင်းကို စားတော့ ဝါးတော့ မတတ်ကြည့်နေ၏။ ထိုအကြည့်သည် အငယ်အနှောင်းတစ်ယောက် ဖြစ်နိုင်၊ မဖြစ်နိုင် စာရင်းဇယားသဘောအရ ကြည့်နေခြင်းမျိုး ဖြစ်လေသည်။

ခဏလောက်ကြာမှ ဘခက်ဆီက စကားသံထွက်လာသည်။

''ကျွန်တော် မြသွေးကို တကယ်ချစ်တာပါ မမ''

''အေး ...ကိုထွန်းညိုက အဲဒီလိုမထင်ဘူး။ ရန်ငြိုးဖွဲ့ပြီး သူ့နှမကို ဖျက်ဆီးတာလို့ သူ့စိတ်ထဲမှာ ထင်နေတာ။ အဲဒါ နင်သိလား''

''သိသားပဲ။ မမကို ဖျက်ဆီးဖို့ ထွန်းညိုကြိုးစားနေတာသိလို့ သူ့အရင် ကျွန်တော်က လက်ဦးမှုယူလိုက်တာ''

''အဲဒါ နင်လုံးဝမှားတယ်''

''ဘာဖြစ်လို့ မမက မှားတယ်လို့ ပြောနိုင်တာလဲ''

''ကိုထွန်းညိုက နင်ထင်သလို မဟုတ်ဘူး။ သူသာ မမကို ဖျက်ဆီးချင်ရင် အချိန်မရွေး ဖျက်ဆီးလို့ရတာပဲ။ မမကိုယ်တိုင် သူ့အိမ်သွားပြီး မောင်လေးကို မသတ်ဖို့ မောင်လေးကို လက်တုံ့ပြန်ချင်ရင် ကျွန်မကို ကိုထွန်းညို လက်တုံ့ပြန်ပါဆိုပြီး မမကိုယ်ကို သူ့ကို ပုံအပ်ခဲ့တယ်။ ဒါပေမယ့် သူဟာ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တစ်ယောက် ဖြစ်နေမှန်း အဲဒီအခါကျမှ မမ သူ့အကြောင်းကို သိခဲ့တာ။ နင်ထင်သလို ကိုထွန်းညိုဟာ လူမိုက်တစ်ယောက် ဖြစ်ပေမယ့် လူယုတ်မာမဟုတ်ဘူးဆိုတာ မမ လုံးဝယုံကြည်ခဲ့တယ်၊ လေးစားခဲ့တယ် မောင်လေး''

သင်းသင်း၏ ပွင့်လင်းသော စကားကြောင့် ဘခက်တစ်ယောက် တွေ၍ စဉ်းစားသွားလေ၏။ မစ္စတာဘိုင်ဆတ်မှာ ဘခက်ကို အကဲခတ်ကြည့်နေသည်။ ဘခက် စိတ်ပြောင်း၊ မပြောင်းကို လေ့လာသုံးသပ်နေခြင်း ဖြစ်လေသည်။

''ကိုဘခက် ...မသင်းစကားကြောင့် ခင်ဗျားစိတ်ပြောင်းသွားပြီထင်တယ်။ ခင်ဗျားစိတ်ပြောင်းသွားရင် ခင်ဗျားကို ခန့်အပ်ပေးထားတဲ့ 'ရာဇဝတ်အုပ်'ရာထူး အင်္ဂလိပ်မင်းက ပြန်သိမ်းသွားလိမ့်မယ်နော်''

''ကျုပ်သိတယ် မစ္စတာဘိုင်ဆတ်''

''ကျုပ်ရဲဘော် ပုလိပ်တွေ ရောက်လာတော့မယ်။ ပုလိပ်တွေနဲ့ အတူ ထွန်းညိုလည်း ပါလာလိမ့်မယ်။ အဲဒီအခါကျရင် ကိုဘခက် ရာထူးတက်အောင် ကျုပ်အထက်ကို စာတင်ပေးမယ်''

မစ္စတာဘိုင်ဆတ်က တက်ကြွစွာဆိုရင်း သင်းသင်းကိုအကဲခတ်သည်။

''ခင်ဗျားပြောတာ ကျုပ်မရှင်းဘူး မစ္စတာဘိုင်ဆတ်။ ထွန်းညိုက ဘာကိစ္စနဲ့ ခင်ဗျားပုလိပ်တွေနဲ့အတူ ပါလာရတာလဲ။ ကျုပ်ကရော ဘာအကြောင်းကြောင့် ရာထူးတက်ရတာ

www.burmeseclassic.com

လဲ။ ရှင်းအောင်ပြောစမ်းပါ''

ဘခက်က မေးရင်း မစ္စတာဘိုင်ဆတ်ကို အကဲခတ်သည်။ ဘိုင်ဆတ်က ဟတ်ခနဲ မာန်ဝင့်စွာ တစ်ချက်မျှ ရယ်လိုက်ရင်း

''ဒီလိုလေ ကိုဘခက်ရဲ့။ ထွန်းညို့ရဲ့ စခန်းကို ကျုပ်က သိထားတော့ ကျုပ်ပုလိပ်တွေကို စေလွှတ်ပြီး အဖမ်းခိုင်းလိုက်ပြီ။ ခင်ဗျားရာထူးတက်တာက ကျွန်တော့်ရှေ့မှာ ထွန်းညို့ကို သေနတ်နဲ့ ပစ်သတ်လိုက်တဲ့ အစွမ်းသတ္တိကြောင့် ရာထူးတက်တာ။ အဲဒါက လည်း ကျုပ်လုပ်ပေးမယ့်ကိစ္စ။ ကျုပ်လုပ်ပေးမှ ရမှာ''

ဘခက် ခဏတွေသွားသည်။ မြသွေးကိုကြည့်လိုက်တော့ မြသွေးခမျာ ဘာမှမဖြစ်သလို၊ ဘာမှမသိသလို ငူငူငိုင်ငိုင်ကြီး ငြိမ်နေ၏။

''မောင်လေး .. မြသွေးဟာ နင့်မိန်းမနော်။ ကိုထွန်းညို့က နင့်ယောက်ဖ။ ရာထူးကြောင့်တော့ မစ္စတာဘိုင်ဆတ်ပြောသလို နင်မလုပ်သင့်ဘူးနော်။ ပြီးတော့ မြသွေးဟာ သူ့အစ်ကိုနဲ့ ပတ်သက်ပြီး ဘယ်လောက်ခံစားနေရတယ်ဆိုတာ နင်အသိဆုံး။ စိတ္တဇဆန်ဆန် ဝေဒနာရှင်တစ်ယောက် ဖြစ်နေရှာပြီ။ အဲဒါဘာဖြစ်လို့လဲ နင်သိလား''

သင်းသင်း၏ အမေးကို ဘခက် မဖြေဘဲ မြသွေးကိုသာ စိုက်၍ကြည့်နေလေ၏။

''မြသွေးရဲ့ ရင်ထဲမှာ သူ့အစ်ကိုကို ချစ်တဲ့စိတ်နဲ့ နင့်ကိုမုန်းတီးတဲ့စိတ်တွေ နှစ်ခုစလုံးရောပြီး သူခံစားနေရတယ်။ ကိုထွန်းညို့ကို မုန်းတဲ့စိတ်နဲ့ မြသွေးဘဝကို ဖျက်ဆီးတာလို့ မြသွေး မြင်နေတယ်၊ သိနေတယ်။ အဲဒီစိတ်ဝေဒနာတွေဟာ မြသွေးရဲ့ အသိစိတ်တွေကို အမှောင်ချပစ်လိုက်တာပဲ။ အခု မြသွေးရဲ့စိတ်ဟာ ပကတိစိတ် မဟုတ်တော့ဘူး။ အဲဒီစိတ်ဝေဒနာတွေက ပြင်းပြင်းထန်ထန် ခံစားနေရတဲ့အခါ အဲဒီလိုပဲ ဖြစ်တတ်တယ်။ မမ မြသွေးအဖြစ်ကို သိတယ်။ မမ ဖတ်ဖူးတဲ့ ဆေးဆောင်းပါးတစ်ခုမှာ ပါလာတဲ့ အကြောင်းအရာတစ်ခုဟာ အခု မြသွေးအဖြစ်နဲ့ တစ်ထပ်တည်းပဲ။ ငါ့မောင် မင်းစဉ်းစားပါ။ မစ္စတာဘိုင်ဆတ်က တို့နိုင်ငံသားဆိုပေမယ့် တစ်ပါးကျွန်ခံပြီး နင့်ကိုပါ ကျွန်ဇာတ်သွင်းနေတာ။ ဘိုင်ဆတ်စကားကို နင်လက်ခံမယ်ဆိုရင် ငါနဲ့မြသွေးကို အရင်သတ်ပြီးမှ သူ့စကားကို လက်ခံပါလို့ မမသင်း နောက်ဆုံးအနေနဲ့ ပြောခဲ့ပါရစေ မောင်လေး''

မမသင်း စကားအဆုံးမှာ ဘခက်ငိုင်ကျသွားလေသည်။ ဘိုင်ဆတ်မှာမူ ဘခက်ငိုင်ကျသွားသည်ကို စိုးရိမ်သွားသလို သင်းသင်းကိုလည်း ဒေါသအကြည့်ဖြင့်ကြည့်၍ –

''မသင်း .. နင့်စကားတွေက အနှောင့်အသွား မလွတ်ဘူး။ တို့နိုင်ငံကို အုပ်ချုပ်နေတာ ဗမာဘုရင်လည်း မဟုတ်ဘူး၊ ဗမာအစိုးရလည်း မဟုတ်ဘူး။ အင်္ဂလိပ်မင်း၊ အင်္ဂလိပ်အစိုးရ အုပ်ချုပ်နေတာ စကားကို ဆင်ခြင်ပြီး ပြော။ အင်္ဂလိပ်အစိုးရမင်းကို ထိခိုက်ပြောလာရင် ဝန်ထမ်းဖြစ်တဲ့ ငါ့အနေနဲ့လည်း နင့်ကိုခွင့်လွှတ်မှာ မဟုတ်ဘူး''

ဟု ပြောနေစဉ်မှာပင် –

''အိုင်ဗီဘကြိုင် ထွန်းညို့ကို ဖမ်းလာကြပြီ''

ဟု ပုလိပ်သားတစ်ဦးက အပြေးအလွှားရောက်လာပြီး သတင်းပို့လေ၏။ ဤတွင် သင်းသင်းနှင့် ဘခက် အချေအတင် စကားများဖြစ်၍ ထွန်းညို့ဆီသို့ အကြည့်ရောက်သွားကြလေ၏။ မြသွေးမှာလည်း ငေးကြောင်စွာဖြင့် သူများကြည့်ရာသို့ လိုက်ကြည့်သည်။ ဘိုင်ဆတ်ကတော့ ဘခက်ကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ကြည့်လိုက်သည်။

ပုလိပ်သားများက ထွန်းညို့ကို လက်ပြန်ကြိုး တုပ်ထားပြီး သေနတ်များဖြင့် ချိန်ရွယ်၍ မစ္စတာဘိုင်ဆတ်ရှေ့သို့ အိုင်ဗီဘကြိုင် ခေါင်းဆောင်၍ ခေါ်ဆောင်လာကြလေ၏။ သည်တွင် ထွန်းညို့မှာလည်း ညီမဖြစ်သူ မြသွေး၊ သင်းသင်းတို့ကို မြင်လိုက်ရ၍ ငေးကြောင်ရပ်လိုက်စဉ် ပုလိပ်သားတစ်ဦးက ထွန်းညို့ကို နောက်မှ စစ်ဘိနပ်ဖြင့် ဆောင့်ကန်လိုက်သောကြောင့် လက်ပြန်ကြိုး တုပ်ခံထားရသော ထွန်းညို့မှာ ဘိုင်ဆတ်ရှေ့မှောက်သို့ ဟတ်ထိုးလဲကျသွားလေ၏။

သင်းသင်းသည် ရုတ်တရက် ထွန်းညို့ရှေ့မှာ ပြေးရပ်လိုက်ပြီး ကာထားလိုက်၏။ မြသွေးသည် အစ်ကိုဖြစ်သူ ထွန်းညို့ကို ရုတ်တရက် မြင်လိုက်ရသဖြင့် ''ကိုကို ကိုကို''ဟုအော်ပြီး သတိပြန်လည်လာသလိုပြေး၍ ထွန်းညို့ကို ဖက်ထားလိုက်လေ၏။

''ဟဲ့ ... ဘခက် ... လူယုတ်မာ၊ ငါ့ကိုလည်း နင်သိမ်းတယ်။ ငါ့ကိုကိုလည်း နင်သတ်မယ်ပေါ့လေ ဟုတ်လား။ သတ်လိုက်ပါ။ ငါတို့မောင်နှမ ရှင်ကွဲကွဲတာထက်စာရင် သေကွဲကွဲတာက ကောင်းတယ်။ ငါတို့မောင်နှမကို သတ်လိုက်ပါ''



www.burmeseclassic.com

www.burmeseclassic.com

မြသွေးသည် ဘခက်ကို လက်ညှိုးငေါက်ငေါက်ထိုး၍ အသံကုန်အော်ပြောလိုက်လေ၏။ မျက်နှာမှာလည်း မျက်ရည်အပြည့်ဖြင့်။

ဘခက် ရင်တွင်း၌လည်း နမဖြစ်သူ မမသင်းစကား၊ ဇနီးမြသွေးစကားတို့ကြောင့် ဘခက်ရင်တွင်း၌ မျက်ရည်တို့ဖြင့် ကျွန်းတစ်ကျွန်းဖြစ်သွားသည်ကို မိမိမှတစ်ပါး ဘယ်သူမျှ သိကြလိမ့် မည်မထင်။ တကယ်တော့ ဘခက်သည် မြသွေးကို အသည်းပေါက်မတတ် ချစ်သကဲ့သို့ ထွန်းညိုကိုတော့ အသည်းပေါက်မတတ် မုန်းနေခြင်းသာ ဖြစ်သည်။ ဒါကိုလည်း မိမိမှတစ်ပါး ဘယ်သူမှ သိကြလိမ့်မည် မထင်။ ဘခက် ငြိမ်နေသည်။ မစ္စတာဘိုင်ဆတ်က အိုင်ဗီဘကြိုင်ထံမှ ၃၈ မီတာ ခြောက်လုံးပြူးကို တောင်းပြီး ကျည်ဆန်များကို တစ်လိုက်ပြီး ဘခက်ဆီ လှမ်းပေး၍ –

"ကိုဘခက် ထွန်းညိုကို ခင်ဗျား ကိုင်တိုင် သတ်မလား၊ ကျူပ်သတ်ရမလား ပြောပါ"

ဘခက် ငြိမ်နေဆဲ တွေးနေဆဲ။

"ဟေ့ကောင် ... ဘခက်၊ မင်းလက်နဲ့ ငါတို့မောင်နှမကို သတ်လိုက်စမ်းပါ။ ထွန်းညိုဆိုတဲ့ကောင်က သေရင်နဂါး ဖြစ်မယ့်ကောင်ကွ။ ဘယ်တော့မှ တီကောင်မဖြစ်ဘူး။ ဗမာကွ။ ထွန်းညိုဆိုတဲ့ကောင်က ဗမာကွ"

ရဲရဲတောက် ရင်ကော့ပြီး ပြောလိုက်သော ထွန်းညို၏စကားအဆုံး၌ သင်းသင်းကလည်း ဘခက်ကို လက်ညှိုးငေါက်ငေါက်ထိုး၍ –

"နင် ငါ့မောင် မဟုတ်ဘူး။ ငါ့သွေးလည်း မဟုတ်ဘူး။ ကိုထွန်းညိုက နင့်လိုမိုက်ရိုင်းတဲ့ကောင်လည်း မဟုတ်ဘူး။ လက်ဖျားနဲ့တောင် ငါ့ကို မတို့ခဲ့တဲ့ ကိုထွန်းညိုကို ငါချစ်တယ်။ ငါချစ်တယ်။ ကိုထွန်းညိုသေရင် ငါလည်းလိုက်သေမယ်။ ပစ်စမ်း၊ ပစ်လိုက်စမ်းပါ"

သင်းသင်းကလည်း ရဲရဲတောက်ပင် ကိုထွန်းညိုကို ဖက်ထားလိုက်၏။ ဘခက်ရင်ထဲ၊ အသည်းထဲ တစ်ချက် လှုပ်ခါသွားသည်။ မျက်ရည်များမကျအောင် ထိန်းထားလိုက်ပြီး ဘိုင်ဆတ်လက်ထဲက သေနတ်ကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး ထွန်းညိုကို လှမ်းချိန်လိုက်သည်။ ထို့နောက်တော့ ကမ္ဘာပျက်သလို သေနတ်သံများ ဆူညံစွာ ထွက်ပေါ်သွားတော့သတည်း။။

× × ×

"ဇာတ်လမ်းကတော့ တော်တော် စိတ်ဝင်စားစရာ ကောင်းတာပဲ။ ဆက်ပါဦး။ နောက်ဘာတွေ ဆက်ဖြစ်ကြသေးလဲ" ဟု ကျွန်တော်က ရှမ်းကြီးစိုင်းဝဏ္ဏကို စကားထောက်၍ မေးလိုက်ရာ ရှမ်းကြီးစိုင်းဝဏ္ဏက ဇာတ်နိဂုံးကို သူ့နှုတ်စကားဖြင့် အဆုံးသတ်ပေးလိုက်၏။

"နောက်ဆုံး ဇာတ်သိမ်းကတော့ ဆရာတို့ ရုပ်ရှင်ဇာတ်လမ်းတွေမှာ ဇာတ်သိမ်းသလိုပါပဲဗျာ"

ကိုဘခက်ဟာ မစ္စတာဘိုင်ဆတ်ဆီက သေနတ်ကိုဆွဲယူပြီး ထွန်းညိုကို ချိန်သလိုနှင့် ဘေးလှည့်ပြီး မစ္စတာဘိုင်ဆတ်ဆိုတဲ့ကောင်ကို ပစ်ထည့်လိုက်တယ်။ နောက် အိုင်ဗီဘကြိုင်နဲ့ ပုလိပ်သားတွေကို ဆက်ပစ်တယ်။ နောက် ... ဘိုင်ဆတ်ဆီက သေနတ်ကိုယူပြီး ထွန်းညိုဘက်ကို ပစ်ပေးလိုက်တယ်။ ထွန်းညိုလက်ပြန်ကြိုးကို သင်းသင်းနဲ့ မြသွေးတို့က ဖြေပေးလိုက်တယ်။ ထွန်းညို ဘခက်ပေးတဲ့ သေနတ်နဲ့ ကျန်ပုလိပ်တွေကိုပစ်တယ်။ အဲဒီနောက် ဘခက်က ထွန်းညိုကို ...

'ယောက်ဖကြီး ငါ့ကို ခွင့်လွှတ်ပါကွာ။ မင်းတို့အားလုံး ပြေးနှင့်ကြ။ တော်ကြာ သူတို့စစ်ကူတွေ လာလိမ့်မယ်။ မြသွေးကိုပါ ခေါ်သွား'

ပြောပြီး အလှည့်မှာ ပုလိပ်သားတစ်ယောက်က ဘခက်ကိုလှမ်းပစ်လို့ ဘခက် သေနတ်ထိမှန်ပြီးသေဆုံးသွားတယ်။ ထွန်းညိုလည်း လက်မောင်းကို သေနတ်မှန်တယ်။ ကျန်ပုလိပ်တွေကိုတော့ ထွန်းညိုတစ်ယောက်တည်း ဒိုင်ခံပြီး ရှင်းပစ်လိုက်တယ် ဆိုပါတော့ဗျာ။ ဟော ... ပြောရင်းဆိုရင်း ဘဘဦးထွန်းညို လာနေပြီဗျာ"

ဟု စိုင်းဝဏ္ဏကပြောရင်း တစ်နေရာကို လက်ညှိုးထိုးပြလိုက်သဖြင့် ကျွန်တော်လှမ်းကြည့်လိုက်လေသည်။

ကျွန်တော်တို့ဆီသို့ အဘိုးအိုတစ်ယောက် တုတ်ကောက်နှင့် လျှောက်လာနေတာကို လှမ်းမြင်နေရသည်။ ပို၍ အံ့ဩစရာကောင်းသည်က နောက်ဆုံး စိုင်းဝဏ္ဏ၏ စကားဖြစ်သည်။

"ဒေါ်သင်းသင်းနဲ့ ဒေါ်မြသွေးတို့ကတော့ ရှေ့ဆင့်နောက်ဆင့် ဆိုသလို လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ဆုံးရှာခဲ့ပါပြီ။ အခု အဘဦးထွန်းညိုရဲ့ အသက် ၁၀၀ ထဲမှာတဲ့ခင်ဗျာ"

ဟူ၍ ဖြစ်လေတော့သတည်း။။

**ဒါရိုက်တာမျိုးဇော်အောင်**



www.burmeseclassic.com

www.burmeseclassic.com

# မီးရတ်ချ်တိုက်လေယာဉ် ခိုးထုတ်မည့်အကြံအစည် ပြိုခွင်းလိုက်ခြင်း

မောင်မောင်စန်းထွေး

ပြင်သစ်လုပ် မီးရတ်ချ်တိုက်လေယာဉ်(Mirage)သည် စစ်ဘက်သုံး လေယာဉ်များအနက် ခေတ်အမီဆုံးဖြစ်သည်။ ရုရှားတို့က ၎င်းတို့ပိုင် အမ်အိုင်ဂျီ(MiG) နှင့် ယှဉ်၍ စမ်းသပ်ရန် အလိုရှိသည်။ ရုရှားတို့က မီးရတ်ချ်တိုက်လေယာဉ် ခိုးထုတ်မည့်အကြံအစည်(Plot) မှာ အောက်ပါအတိုင်း ဖြစ်သည်။

လက်ဘနွန်နိုင်ငံ၊ ဘေရွတ်(Beirut) မြို့ တိုက်ခန်းတစ်ခုတွင် ထိုင်နေသူ ဟာဆန်ဘာဒါဝီ(Hassan Badawi) တည်ငြိမ်အေးဆေးစွာ မေးခွန်းထုတ်လိုက်သည်။

"ဒီလောက်များပြားတဲ့ ငွေတွေကို ရဖို့ ဘယ်လိုသဘောရသလဲ"ဟု ဖြစ်သည်။

လက်ဘနွန်လေတပ်မှ ဂျက်တိုက်လေယာဉ်မှူးဖြစ်သူ ဗိုလ်မာမွတ်မက်တာ(Lt. Mahmoud Matter) သည် သူ့ပခုံးကို တွန့်လိုက်ပြီး :-

"ဘယ်သူမလိုချင်ဘဲ ရှိပါ့မလဲ။ ပြဿနာက ဘယ်လိုလဲ"ဟု ပြန်ပြော၏။ မက်တာက သူ့ကို မေးခွန်းထုတ်သူ၏အကြောင်း သဘောပေါက်သည်။ တစ်ချိန်က စွန့်စားပြီး ရုပ်ရည်သန့်ပြန့်သူ လက်ဘနွန်လေတပ်မှ သူ၏ လေယာဉ်မောင်း နည်းပြဆရာ ဘာဒါဝီပင် ဖြစ်သည်။ သို့ရာတွင် တစ်ချိန်က အောင်မြင်မှုရခဲ့သူ ဘာဒါဝီသည် မှောင်ခိုလုပ်ခြင်း၊ မူးယစ်ဆေးဝါးသယ်ဆောင်ပေးခြင်းနှင့် အခြားကိုယ်ကျင့်ဟရား ဖောက်ပြားမှုတို့ကြောင့် အလုပ်မှ ထုတ်ပယ်ခြင်းခံခဲ့ရ၏။ သို့ပေမယ့်လည်း ထူးဆန်းအံ့ဖွယ်ကောင်းသည်က ဘာဒါဝီသည် ချမ်းသာကြွယ်ဝနေဆဲ။ အရှေ့အလယ်ပိုင်းလေကြောင်းလိုင်းတစ်ခုတွင် လေယာဉ်မှူးအလုပ်ရပြီး မြေထဲပင်လယ်ဘက်သို့ မျက်နှာမူထားသည့် တိုက်ခန်းတစ်ခုတွင် ခမ်းခမ်းနားနား နေနိုင်သူဖြစ်သည်။ မကြာခဏ အိန္ဒိယနိုင်ငံဘက်မှ ပြန်လာတိုင်း ငွေကြေးအမြောက်အမြား ရရှိလာသည်။

"ငါ့မိတ်ဆွေတွေက မင်းဆီမှာ လိုချင်တာတစ်ခုရှိတယ်။ အဲဒါ မင်းပေးနိုင်ရင်..."ဟု ဘာဒါဝီက ပြောလိုက်ခြင်းဖြစ်သည်။

"သူတို့ပေးမှာက အမေရိကန်ဒေါ်လာသုံးသန်း"

ပူအိုက်သည့် ၁၉၆၉ ခုနှစ်၊ ဩဂုတ်လ ညတစ်ညတွင် အထက်ပါအတိုင်း မက်တာကို ပြောလိုက်ခြင်းဖြစ်သည်။

ယင်းအဆိုပြုချက်တွင် မက်တာက ဆိုဗီယက်တို့အတွက် ပထမဆုံးအကြိမ် ပြင်သစ်လုပ် မီးရတ်ချ် III အီး (Mirage III E) လေယာဉ်ခိုးထုတ်ရန် ဖြစ်သည်။ ၎င်း မီးရတ်ချ်တိုက်လေယာဉ်ကို ကြားဖြတ်လေယာဉ် (Interceptor) အဖြစ် အသုံးပြုနိုင်ခြင်းဖြစ်သည်။ ဆိုဗီယက်ယူနီယံအနေနှင့် မီးရတ်ချ်တိုက်လေယာဉ် ရရှိရေးအတွက် တစိုက်မတ်မတ် ကြံစည်ခဲ့သော်လည်း တစ်နှစ်ခွဲကြာသည့်တိုင် အောင် အောင်မြင်မှုမရရှိသေး။ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် အရှေ့အလယ်ပိုင်းတွင် ထိုလေယာဉ်မျိုး ရရှိနိုင်မည့် အခြေအနေမျိုး ရှိနေကြောင်း သိရှိလေသည်။

မီးရတ်ချ်တိုက်လေယာဉ်ကို ဩစတြေးလျ၊ ဘယ်ဂျီယံ၊ ပြင်သစ်၊ ဘရာဇီး၊ ဆွစ်ဇာလန်၊ တောင်အာဖရိက၊ စပိန်၊ လက်ဘနွန်နှင့် အစ္စရေးတို့အပါအဝင် နိုင်ငံများများက အသုံးပြုနေပြီဖြစ်သည်။ မီးရတ်ချ်တိုက်လေယာဉ် အစင်း



www.burmeseclassic.com

www.burmeseclassic.com

၂၅၀ ခန့်ဖြင့် အနောက်ဥရောပလေကြောင်းပိုင်နက်ကို အကာအကွယ်ပေးလျက် ရှိနေသည်။ အစွရေးနှင့် အာရပ်တို့ သဲကန္တာရတိုက်ပွဲတွင် မီးရတ်ချ်တိုက်လေယာဉ်များက ဆိုဗီယက်လုပ် အမ်အိုင်ဂျီတိုက်လေယာဉ်များထက် သာ၍ကောင်းမွန်ကြောင်း ပြသနိုင်ခဲ့သည်။ ထို့ပြင် မီးရတ်ချ်တိုက်လေယာဉ်များတွင် အီလက်ထရွန်းနစ်ကိရိယာပစ္စည်းကို အထူးတပ်ဆင်ထားရှိပြီး ဆိုဗီယက်လေကြောင်းပိုင်နက်အတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်သည့်အပြင် နျူကလီးယားလက်နက်များဖြင့်လည်း တိုက်နိုင်သည်။ မီးရတ်ချ်တိုက်လေယာဉ်နှင့် ပတ်သက်သော လေကြောင်းနည်းဗျူဟာများကို သိရှိနိုင်ရန်အတွက် ရုရှားတို့က တကယ့် မီးရတ်ချ်တိုက်လေယာဉ်အစစ်ကို ရရှိပြီး တိုက်ပွဲကို ထိန်းချုပ်နိုင်ရန် ဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် အသုံးပြုနေသည့် မီးရတ်ချ်တိုက်လေယာဉ် ခိုးထုတ်ရေးအတွက် ဆိုဗီယက်ထောက်လှမ်းရေးသည် မီးရတ်ချ်တိုက်လေယာဉ်ပိုင်ဆိုင်သော တစ်ခုတည်းဖြစ်သည့် အာရပ်နိုင်ငံ၊ လက်ဘနွန်ကို မြင်လာကြသည်။ ဆိုဗီယက်တို့က အာရပ်နိုင်ငံတစ်ခုဖြစ်သော လက်ဘနွန်သည် ထူးချွန်ထက်မြက်သော ဆိုဗီယက်ထောက်လှမ်းရေးကို နှိမ်နင်းနိုင်လိမ့်မည်မဟုတ်ဟု တွက်ဆခဲ့ကြသည်။

"ဇိမ်ရှိရှိနေစမ်းပါ" ကနဦးစကားပြောဆိုပြီးနောက် ရှစ်ရက်အကြာတွင် ဘာဒါဝီက မက်တာကို တယ်လီဖုန်းဆက်ပြီး -

"ငါ့မိတ်ဆွေက မင်းဆုံးဖြတ်ပြီးပြီလားလို့ မေးနေတယ်"ဟု မေးရာ -

"ဟုတ်ကဲ့ပါဆရာ"ဟု မက်တာက ပြန်ပြောလိုက်သည်။

"ဆရာပြောထားတဲ့ ကတိအတိုင်း ကျွန်တော်သဘောတူပါတယ်"ဟု ပြော၏။

ထိုမှ နှစ်ညကြာပြီးနောက်ပိုင်းတွင် ဘာဒါဝီက ဆိုဗီယက်ကုန်သွယ်ရေးကိုယ်စားလှယ် အမည်ခံထားသူ ဗလာဒီမာ ဗာဆီလီယက် (Valdimir Vasiliev) ဆိုသူ ဆိုဗီယက်လျှို့ဝှက်ထောက်လှမ်းရေးနှင့် မိတ်ဆက်ပေးသည်။ ထိုရုရှားလူမျိုးက မက်တာကို ယဉ်ကျေးဖော်ရွေစွာ စကားပြောပြီးနောက် အလုပ်သဘောအရ မက်တာ၏ နောက်ကြောင်းရာဇဝင်၊ စစ်မှုထမ်းမှတ်တမ်းနှင့် လေယာဉ်ပျံသန်းမှု အတွေ့အကြုံများကို မေးမြန်းလေ၏။ ထို့နောက် ရုရှားလူမျိုးများက ကျေနပ်ကြောင်းပြောပြီး -

"အစီအစဉ်ကတော့ ရိုးရိုးရှင်းရှင်းလေးပါ။ ခင်ဗျားအနေနဲ့ ပျံသန်းနေကျအတိုင်း လေယာဉ်မောင်းနှင်ပျံသန်းပြီး ပင်လယ်အပြင်ဘက်ကို ပျံသန်းရမယ်။ ပြီးတော့ စက်ချွတ်ယွင်းနေတဲ့အကြောင်း ရေဒီယိုနဲ့ အကြောင်းကြားရမယ်။ တစ်မိနစ်၊ ဒါမှမဟုတ် အဲဒီအချိန်မှာပဲ ခင်ဗျားက "မေဒေး" ကို အကြောင်းကြားရမယ်။ (မေဒေးမှာ အန္တရာယ်ရောက်နေကြောင်း အပြည်ပြည်ဆိုင်ရာ အချက်ပြသင်္ကေတ ဖြစ်သည်) သည့်နောက် ခင်ဗျားက လေယာဉ်ကို ရေဒါမှ လွတ်အောင် အနိမ့်ပျံသန်းပြီး လမ်းကြောင်းကို ဆိုဗီယက်ယူနီယံထဲက ဘာကူ(Baku) ဘက်ကို ပြောင်းရမယ်။ ဒါမှ ခင်ဗျားလေယာဉ် ပင်လယ်ထဲပျက်ကျသွားတယ်လို့ ထင်ကြမှာ"ဟု ရှင်းပြလေသည်။ ထို့နောက် မက်တာက -

---

**လုံခြုံရေးတပ်ဖွဲ့ဝင်များ**
**အခန်းထဲသို့**
**တစ်ဟုန်တိုးဝင်လာရာ**
**ဗာစီလီယက်က သူ၏ခါးမှ**
**ပိုလန်လုပ်**
**ခြောက်လုံးပြူးသေနတ်ကို**
**ဆွဲထုတ်၍ ပစ်လိုက်ရာ**
**လက်ဘနွန်စစ်ဗိုလ်၏**
**ခြေထောက်ကို သုံးချက်ထိမှန်ပြီး**
**ဝမ်းဗိုက်ကိုပါ ထိမှန်သည်။**



www.burmeseclassic.com

www.burmeseclassic.com

“ငွေဘယ်လောက်ကို ဘယ်တော့ပေးမှာလဲ”ဟု မေးလေ၏။ ထို့ပြင် “ဒေါ်လာသုံးသန်းပေးမယ်မဟုတ်လား” ဟုပြောရာ -

“ဒေါ်လာသုံးသန်း ဟုတ်လား”ဟု ဗာစီလီယက် အော်ပြောလိုက်သည်။

“မဟုတ်ဘူး၊ မဟုတ်ဘူး။ ဒေါ်လာတစ်သန်းပဲ”ဟု ဗာစီလီယက်က ပြော၏။

အမှန်မှာ အပေးအယူတည့်အောင် ဘာဒါဝီက မက်တာကို မက်လုံးပေးခဲ့ခြင်းသာ ဖြစ်သည်။ ရရှားတွေ ပေးလိုသည်ထက် ပိုပြောခဲ့ခြင်းဖြစ်သည်။ မက်တာ အချိန် ကြာကြာစဉ်းစားပြီးမှ ဒေါ်လာနှစ်သန်းနှင့် လက်ခံလိုက်သည်။ သို့သော် ကြိုတင်ငွေအဖြစ် ဒေါ်လာ ၆၀၀,၀၀၀ ပေးရန် ပြောလိုက်သည်။ ထိုအခါ ဗာစီလီယက်သည် တွန့်ဆုတ်နေပြီးမှ -

“ကျွန်တော် တခြားလူတွေနဲ့ တိုင်ပင်ရဦးမယ်”ဟု ပြောသည်။ ထို့နောက် စက်တင်ဘာလ ၉ ရက်နေ့တွင် ဗာစီလီယက်နှင့်အတူ နာမည်ဆိုးနှင့် ကျော်ကြားသူ ဆိုဗီယက်ထောက်လှမ်းရေးမှ အလက်ဇန်းဒါး ကိုမီယာကော့ (Alexander Komiakov) (၎င်းသည် လက်ဘနွန်ရှိ ဆိုဗီယက်သံရုံးတွင် သံတမန်တစ်ဦးအဖြစ် အသွင်ယူထားသူ ဖြစ်သည်)တို့ မော်စကိုသို့ ပြန်သွားကြ၏။ မော်စကိုရောက်သည်နှင့် အဆင့်မြင့်အစိုးရအရာရှိများထံမှ အကြံအစည်ကို အမြန်ဆုံးအကောင်အထည်ဖော်ရန် အမိန့်ရရှိကြလေ၏။

ဗာစီလီယက် ဘေရွတ်သို့ပြန်လာပြီး မက်တာကို သူနေထိုင်ရာ ခုနစ်လွှာတိုက်ခန်းသို့ ခေါ်ယူတွေ့ဆုံသည်။ ၎င်း၏တိုက်ခန်းသည် ဆိုဗီယက်သံရုံးမှ သုံးဘလောက် (Block) သာ ဝေးသည်။ ဗာစီလီယက်က ကိုမီယာကော့ကို ဆိုဗီယက်ဗိုလ်ချုပ်ဟု မှားယွင်းစွာ မိတ်ဆက်ပေးခဲ့၏။

“ကျုပ်တို့ကတော့ ခင်ဗျားတောင်းတဲ့ ဒေါ်လာနှစ်သန်းကို အဆင်သင့်လုပ်ထားတယ်။ ကြိုတင်ငွေ ၂၀၀,၀၀၀ သာ ဖြစ်တယ်။ ဒါဟာ ၁၀ ရာခိုင်နှုန်းထက်များနေပြီ”ဟု ပြောရာ မက်တာ မျက်နှာပျက်သွားလေ၏။ စိတ်မပါတပါနှင့် လက်ခံကြောင်း ခေါင်းညိတ်လိုက်သည်။ ထို့နောက် အောက်တိုဘာလ ၃ ရက်နေ့ကို မီးရတ်ချ်တိုက်လေယာဉ်ခိုးထုတ်မည့်ရက်အဖြစ် သတ်မှတ်လိုက်သည်။ ထိုနေ့သည် မက်တာ မီးရတ်ချ်တိုက်လေယာဉ်နှင့် လေ့ကျင့်ပျံသန်းရမည့်နေ့ ဖြစ်သည်။ မီကိုယာကော့က မက်တာ၏ ဇနီးနှင့် သားသမီးများကို ဆိုဗီယက်ယူနီယံသို့ ပို့ပေးမည့်အစီအစဉ်ကို ဖွင့်ပြောလိုက်သည်။

“ခင်ဗျားတို့မိသားစုအားလုံး ကျန်နေသေးတဲ့ ဘဝ တစ်ခုလုံး ဆိုဗီယက်ယူနီယံမှာ ဇိမ်ကျကျနေနိုင်တယ်”ဟု မာလီယက်က အာမခံချက်ပေးသည်။

“ကျွန်တော်နဲ့ ဇနီးနဲ့ တိုင်ပင်ပြီးပါပြီ။ ကျွန်တော်တို့ ကတော့ ဆွစ်ဇာလန်မှာ နေဖို့ ပိုကြိုက်ပါတယ်”ဟု မက်တာ ပြန်ပြောသည်။

“ခင်ဗျားနေချင်တဲ့ ဘယ်နေရာမဆို နေလို့ရပါတယ်” ဟု မီကိုယာကော့က ဆိုသည်။

“ခင်ဗျား ကျွန်တော်တို့အတွက် အလုပ်လုပ်ပေးပြီးရင် ခင်ဗျားရဲ့ဘဝအတွက် စောင့်ရှောက်ပေးမှာပါ။ အဲ・ ခင်ဗျား ကျွန်တော်တို့ကိုလှည့်စားရင်တော့ ကျွန်တော်တို့က လည်း ခင်ဗျားရဲ့ ဘဝတစ်ခုလုံးကို တစ်သက်လုံး စောင့်ရှောက်ပေးရလိမ့်မယ်”

“ကျွန်တော် ခင်ဗျားတို့အတွက် အလုပ်လုပ်ပေးပါ့မယ်”ဟု မက်တာပြောသည်။

“ဒါပေမယ့် ကျွန်တော် လေယာဉ်နဲ့ ထွက်ခွာမသွားခင် ဒေါ်လာနှစ်သိန်းလိုချင်တယ်။ ဒါကိုလည်း ငွေသားထုတ်လို့ရတဲ့ ချက်လက်မှတ်နဲ့ဖြစ်ပြီး ကျွန်တော့်အဖေထုတ်လို့ရတဲ့ ချက်လက်မှတ်လိုချင်ပါတယ်”

“ချက်လက်မှတ် ဟုတ်လား”ဟု ကိုမီယာကော့က အံ့ဩသလိုနှင့် မေးလိုက်သည်။

“ငွေသားမဟုတ်ဘူးလား”ဟုလည်း ပြန်မေးလိုက်သေးသည်။

“ကျွန်တော် ဒေါ်လာအတုနဲ့အစစ်ကို မခွဲခြားတတ်လို့ပါ”ဟု မက်တာက ပြော၏။

ကိုမီယာကော့က မက်တာအား လက်ဘနွန်ပေါင် ၂၀၀၀ ပေးလိုက်သည်။ ၎င်းငွေသည် အမေရိကန်ဒေါ်လာ ၆၁၁ ခန့်နှင့် ညီမျှသည်။ ၎င်းငွေသည် မက်တာ၏မိသားစု ခရီးသွားစဉ်သုံးစွဲရန် အကူအညီပေးသည်ဆို၏။ မီးရတ်ချ်



www.burmeseclassic.com

www.burmeseclassic.com

တိုက်လေယာဉ် ခိုးထုတ်မည့်အကြံအစည်နှင့်ပတ်သက်၍ နောက်ဆုံးအကြိမ်အဖြစ် ပြန်လည်သုံးသပ်ရန် စက်တင်ဘာ ၃၀ ရက်နေ့ ချိန်းဆိုလေ၏။

## ကျည်ဆန်များ ဝဲပျံခြင်း

ဆိုဗီယက်သံအမတ်ကြီး ဆာဗာအဇီမော့ (Sarvar Azimov) သည် အမေရိကန်သံအမတ်ကြီးနှင့် တွေ့ရန် အောက်တိုဘာလ ၁ ရက်နေ့ ချိန်းထားသည်။ စက်တင်ဘာ ၃၀ ရက်နေ့ ညနေ အစောပိုင်းအချိန်တွင် ဆိုဗီယက်သံရုံးမှ ဒုတိယအတွင်းဝန်က အမေရိကန်သံအမတ်ကြီးထံ ဖုန်းဆက်၍ ဆိုဗီယက်သံအမတ်ကြီး အရေးကြီးကိစ္စတစ်ခုကြောင့် ဆိုဗီယက်ယူနီယံသို့ ထွက်ခွာသွားသဖြင့် တွေ့ဆုံရန် ချိန်းဆိုချက်ကို ဖျက်သိမ်းလိုက်ကြောင်း အကြောင်းကြားခဲ့သည်။ အမေရိကန်သံအမတ်ကြီးက ဆိုဗီယက်သံအမတ်ကြီးသည် သံတမန်နည်းလမ်းကို ချိုးဖောက်သည့်အတွက် အလွန်အံ့အားသင့်ခဲ့သည်။ ထို့နောက် အမေရိကန်သံအမတ်ကြီးက -

"ဘယ်တော့ပြန်တွေ့မှာလဲ"ဟု မေးရာ ဆိုဗီယက်သံရုံး ဒုတိယအတွင်းဝန်က အောက်တိုဘာ ၃ ရက်နေ့နောက်ပိုင်း သံအမတ်ကြီး ပြန်ရောက်လာလျှင်တွေ့မည်ဟု ပြန်ကြားလိုက်သည်။

အချိန်အနည်းငယ်ကြာပြီးမှ ဗိုလ်မက်တာသည် ဗာစီလီယက်အခန်းသို့ ဝင်သွား၏။ တကယ်ဆိုလျှင် မက်တာသည် တင်းမာမှုအလွန်အမင်း ဖြစ်နေကြောင်း ထင်သာမြင်သာရှိနေ၏။ သူစိတ်သက်သာရာ သက်သာကြောင်း ရစေရန်နှင့် ကတိထားသည့်အတိုင်း ဒေါ်လာ ၂၀၀,၀၀၀ တန် ချက်လက်မှတ် ရယူလိုက်၏။ ၎င်းချက်လက်မှတ်ကို မော်စကိုနှင့် နာရှုတ်ဒနီဘဏ်လီမိတက် (Moscow Narodny Bank Ltd.) တွင် ထုတ်ယူရမည်။ ချက်လက်မှတ်တွင် စက်တင်ဘာ ၂၉ ရက်နေ့စွဲ တပ်ထားသည်။ ထို့ပြင် ဒေါ်လာငွေသား ၂၅၀၀ ကို သူ့ဇနီးအတွက် ပေးလိုက်သည်။

"မင်း မြင်တဲ့အတိုင်းပဲ။ ငါတို့ဘက်မှ ကတိတည်ပါတယ်"ဟု ဗာစီလီယက်က ပြောသည်။

ဗာစီလီယက်သည် မော်စကိုတွင် ပြင်သစ်၊ ရုရှားနှစ်ဘာသာဖြင့် ရေးသားခဲ့သည့် ပျံသန်းမှုအစီအစဉ် အသေးစိတ်မှုကြမ်းကို တဖြည်းဖြည်းချင်း ဖတ်နေလေ၏။ ၎င်းအစီအစဉ်တွင် ပျံသန်းရမည့် လမ်းကြောင်းနှင့် အမြင့်ပေတို့ ပါဝင်ပြီး မက်တာသည် သတ်မှတ်ချိန်အတွင်း ပျံသန်းရမည်။

"အမြင့်ပေ ၃၀၀၀ ရောက်တဲ့အခါ ဘေရှတ်တာဝါကို ရေဒီယိုအဆက်အသွယ်လုပ်၊ စက်ချွတ်ယွင်းနေလို့ ထိန်းမရတော့ကြောင်းပြော၊ ပြီးလျှင် အရေးပေါ်အခြေအနေ ကြေညာရမယ်။ ပြီးတာနဲ့ ရေဒီယိုအဆက်အသွယ် လုံးဝ မလုပ်နဲ့တော့။ လေးမိနစ်ခန့်ကြာပြီးရင် ဆိုဗီယက်နယ်စပ်ကို ဖြတ်ကျော်၊ အဲဒီမှာ လေယာဉ်သုံးစင်းလာရောက်ပြီး အဇာဘိုင်ဂျန်က ဘာကူကို ရောက်တဲ့အထိ အကူအညီပေးလိမ့်မယ်"ဟု ပြောသည်။

အခန်းထဲတွင် သုံးယောက်သား ဆွေးနွေးနေကြစဉ် အပြင်ဘက်မှ အဆက်မပြတ် တံခါးခေါက်သံကြားရသဖြင့် ဗာစီလီယက်က တံခါးကို အနည်းငယ်ဖွင့်ကြည့်လိုက်တော့ လက်ဘနွန်စစ်ယူနီဖောင်းဝတ် စစ်သားတစ်ဒါဇင်ခန့်သည် ခြောက်လုံးပြူးသေနတ်များကို ဆွဲထုတ်နေသည်ကို တွေ့မြင်ရလေ၏။ ထိုအခါ သူက -

"စစ်သားတွေ"ဟု ရုရှားဘာသာဖြင့် အော်ပြောလိုက်သည်။ တံခါးကို ပိတ်ရန်လုပ်သော်လည်း လက်ဘနွန်စစ်သားတစ်ယောက်က ခြေထောက်ကို တံခါးကြားထဲထည့်၍ တွန်းဖွင့်လိုက်သည်။ ထိုအချိန် ရုရှားတစ်ယောက်သည် ကျန်းမာရေးလေ့ကျင့်ခန်းလုပ်ရာတွင် အသုံးပြုသော သံသားတုတ်ချောင်း (dumb-bell)ကို ကိုင်လျက် လက်ဘနွန်စစ်သားများ၏ ခြေထောက်ကို လွှဲရိုက်သည်။ ကိုဗိယာကော့က ရပ်ကြည့်နေစဉ် သူနှင့် ပူးပေါင်းကြံစည်သူ မက်တာသည် အခန်းကို ဖြတ်ပြေး၍ ဗာစီလီယက်ကို ဖမ်းကိုင်လိုက်သည်။ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များ အခန်းထဲသို့ တစ်ဟုန်ထိုးဝင်လာရာ ဗာစီလီယက်က သူ၏ခါးမှ ပိုလန်လုပ် ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်၍ ပစ်လိုက်ရာ လက်ဘနွန်စစ်ဗိုလ်၏ ခြေထောက်ကို သုံးချက်ထိမှန်ပြီး ဝမ်းဗိုက်ကိုပါ ထိမှန်သည်။ တစ်ဖန် ဗာစီလီယက်ဝပ်နေရာမှ ထလိုက်ပြီး လက်ဘနွန်တပ်ကြပ်ကြီး၏ အဆုတ်ထဲသို့ ပစ်သွင်းလိုက်သည်။

www.burmeseclassic.com

## မီးရထားလမ်းများဖြတ် မီးရထားလမ်းဖြတ်... 

မီးရတ်ချ်တိုက်လေယာဉ် ခိုးထုတ်မှုအကြောင်း ကမ္ဘာသို့မပျံ့နှံ့မီ ဆိုဗီယက်တို့က အခင်းဖြစ်ရပ်တစ်ခုလုံး ပျောက်ကွယ်သွားသည်အထိ လုပ်နိုင်ခဲ့သည်။ ထို့ပြင် ဆိုဗီယက် ထောက်လှမ်းရေး ကေဂျီဘီတို့က ၎င်းကိစ္စ ထပ်မံမပေါ်လာနိုင်ရေး အတွက် သန္နိဋ္ဌာန်ချထားသည်ဆို၏။

---

လက်ဘန္နန်တပ်ဖွဲ့ဝင်များက ပြန်လည်ခုခံတိုက်ခိုက်ရာ ဗာစီလီယက် ကျည်တစ်တောင့်ထိပြီး လဲကျသွားသလို မီယာကော့ လေးချက်ထိမှန်သည်။ လက်ဘန္နန်တို့က ကျည်ထပ်ထိုးပြီး ပစ်ခတ်ရာ နောက်ဆုံး ငါးချက်ပစ်ရာ ကိုမာယာကော့၏ လက်မောင်းကို ထိမှန်၍ သွေးများအဆက်မပြတ်ထွက်နေ၏။ သူသေချင်နေသည်။ ယခုအခါ မက်တာသည် လက်ဘန္နန်၏ အေးဂျင့်ဖြစ်နေသည်ကို မျက်ဝါးထင်ထင် တွေ့ရလေသည်။ သူက ဆိုဗီယက်အေးဂျင့်တို့၏ အကြံအစည်ကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။ သို့ရာတွင် ကိုမီယာကော့သည် ပြတင်းပေါက်မှ ခုန်ချရန် ရန်းကန်နေသည်ကို လက်ဘန္နန်စစ်သားတစ်ယောက်က ဖမ်းချုပ်ထားလေ၏။ ထိုစဉ် အခြားလက်ဘန္နန်တပ်ဖွဲ့ဝင်များက ဘဏ်မှ ချက်လက်မှတ်နှင့် လေယာဉ်ပျံသန်းမှုအစီအစဉ်များကို ရှာဖွေသိမ်းဆည်းကြလေသည်။

### သတိလက်လွတ်မှုကြောင့် ပျက်စီးခြင်း

အခင်းဖြစ်ပွားပြီး ငါးနာရီကြာပြီးနောက် နံနက် ၁ နာရီအချိန် လက်ဘန္နန်အစိုးရက ကိုမီယာကော့ ဗာစီလီယက် [illegible]ကို အသိပေးလေ၏။ ထိုသတင်းကို သတင်းတို (Bulletin) အဖြစ် ကြေညာပေးပြီး ဒုတိယအကြိမ် ပို၍ အသေးစိတ်ကျသော ထုတ်ပြန်ချက်ကြေညာမည်ဖြစ်၍ အဖြစ်အပျက်အပြည့်အစုံကို မကြာမီအချိန်အတွင်း သိရမည်ဟု ကြေညာထားသည်။ ဗိုလ်မက်တာသည် ဘာဒါဝီနှင့် ပထမဆုံးအကြိမ်တွေ့ပြီးနောက် ၎င်း၏အထက်အရာရှိများထံ တိုက်ရိုက်သွားပြီး သူ့ကို လက်ဘန္နန်ထောက်လှမ်းရေးဌာနမှ တွေ့ဆုံခြင်းဖြစ်သည်။ မက်တာကို အလိုလောဘကြီးသူ၊ ငွေကြေးမက်မောသူ အာရပ်တစ်ဦးအဖြစ် ငွေလက်ခံရန် ထောက်လှမ်းရေးဌာနမှ ညွှန်ကြားချက်ပေးခဲ့၏။ ထို့ပြင် မက်တာ၏ ဝတ်စုံထဲတွင် အလွန်သေးငယ်သော ရေဒီယိုထရန်စမစ်တာကို လျှို့ဝှက်စွာ တပ်ဆင်ပေးပြီး သူနှင့် ဆိုဗီယက်အေးဂျင့်တို့ ပြောဆိုသမျှကို ပြန်လည်ထုတ်လွှင့်သည်ကို တိတ်ခွေဖြင့် ဖမ်းယူနိုင်အောင် မက်တာက အထစ်အငေါ့မရှိ ထမ်းဆောင်နိုင်ခဲ့သည်။

ရုရှားတို့ အသိတရားကင်းမဲ့စွာ မက်တာရှာဖွေခြင်းမပြုဘဲ လက်ခံခြင်းသည် ၎င်းတို့ကို ပျက်စီးခြင်းကို ဖြစ်စေသည်။ လက်ဘန္နန်စစ်ဘက်လုံခြုံရေးကို အထင်အမြင်သေးပြီး မကြံစည်အပ်သော အလုပ်ကို လျှို့ဝှက်စွာလုပ်ဆောင်ခဲ့ခြင်းသည်လည်း အခြေခံစည်းမျဉ်းကို ချိုးဖောက်ခဲ့ကြခြင်းဖြစ်သည်။ ထို့ပြင် လျှို့ဝှက်ဆွေးနွေးမှုများကို ၎င်းတို့ပိုင်တိုက်ခန်းထဲတွင် လုပ်ကိုင်ခြင်း၊ မက်တာကို အီလက်ထရွန်နစ်ကိရိယာဖြင့် စစ်ဆေးမှု မပြုခြင်းတို့အပြင် ငွေကြေးကိစ္စကို ဆိုဗီယက်ဘဏ်တွင် ချက်လက်မှတ်ဖြင့် ထုတ်ယူနိုင်ရန် လုပ်ဆောင်ခြင်းတို့ကြောင့် ဆိုဗီယက်တို့၏ မီးရတ်ချ်တိုက်လေယာဉ် ခိုးထုတ်မည့်အကြံအစည် ပျက်ပြားသွားခြင်းဖြစ်လေသည်။

### အနောင်အဖွဲ့မှ ရုန်းထွက်ခြင်း

အနောက်နိုင်ငံတစ်ခုမှ ထောက်လှမ်းရေးနှစ်ဦးက လက်ဘန္နန်မှ မီးရတ်ချ်တိုက်လေယာဉ် ခိုးထုတ်ရန် လာဘ်ပေးလာဘ်ယူမှုဖြင့် ဖမ်းဆီးခြင်းအပေါ် ကြားနေနိုင်ငံတစ်ခုအား အနောက်နယ်ချဲ့နိုင်ငံများက မသိချင်၊ မကြားချင်ယောင်ဆောင်နေသည်ဟု အယ်ဒီတာအာဘော်တွင် ရေးသားဖော်

www.burmeseclassic.com

ပြခဲ့ကြ၏။ အရှေ့နှင့်အနောက် နိုင်ငံများက ၎င်းအပြုအမူသည် "ငြိမ်းချမ်းရေး၏ အန္တရာယ်"ဟု ရှုတ်ချခဲ့ကြသည်။ သို့ရာတွင် ဆိုဗီယက်တို့က ထိုရှုတ်ချမှုများကို မဟုတ်မမှန်ကြောင်း အဖြစ်မှန်ကို ဖုံးကွယ်လျက် အဆောတလျင် တုံ့ပြန်ခဲ့သည်။ အောက်တိုဘာ ၁ ရက်နေ့ နံနက်ခင်းတွင် ကေဂျီဘီ (KGB) ခေါ် ဆိုဗီယက်ထောက်လှမ်းရေးအေးဂျင့်တို့က ဆိုဗီယက်လိုလားသော လက်ဘနွန်၊ အီဂျစ်၊ ဆီးရီးယားနှင့် အီရတ်နိုင်ငံများအပေါ် အရှိန်အဝါကို အသုံးပြုလျက် မီးရတ်ချ် အရေးအခင်းကို အစမှ အဆုံးတိုင် အမေရိကန်တို့၏ ရန်လိုအပြုအမူဟု စွပ်စွဲချက်များသာဖြစ်ကြောင်း၊ ဆိုဗီယက်နှင့်လက်ဘနွန် ဆက်ဆံရေးပျက်ပြားစေရန် အဖျက်လုပ်ငန်းလုပ်ကိုင်ခြင်းသာဖြစ်ကြောင်း တုံ့ပြန်ခဲ့ကြသည်။

လက်ဘနွန်အစိုးရသည် ဆိုဗီယက်တို့ တောင်းဆိုချက်အားလုံးကို ပယ်ချခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ ဆိုဗီယက်တို့က ၎င်းတို့ ထိခိုက်နစ်နာမှုများအပေါ် ဖိအားပေးလျက်ရှိနေသည်။ ဆီးရီးယားနိုင်ငံ ဒမတ်စကပ်ရေဒီယိုမှ အမျက်ဒေါသထွက်စေသော လုပ်ကြံဖန်တီးမှုဟု ကြေညာခဲ့သည်။ အီဂျစ်အစိုးရ၏ အာဘော်တစ်ပိုင်းဖြစ်သော အယ်အာရမ်(AL Ahram) သတင်းစာကလည်း နိုင်ငံခြားထောက်လှမ်းရေးမှ ကြံစည်မှုများဟု ဖော်ပြခဲ့သည်။ လက်ဘနွန်ပါလီမန်မှ လက်ဝဲအမတ်များကလည်း ၎င်းတို့နိုင်ငံနှင့် ဆိုဗီယက်တို့ ဆက်ဆံရေးပျက်ပြားအောင် အမေရိကန်တို့က ကြံစည်ခြင်းသာ ဖြစ်သည်ဟု စွပ်စွဲခဲ့သည်။ အာရပ်နိုင်ငံများမှ အထူးသဖြင့် အီဂျစ်နှင့် ဆီးရီးယားတို့မှ ကိုယ်စားလှယ်များ လက်ဘနွန်နိုင်ငံ၊ ဘေရွတ်သို့ လာရောက်၍ မီးရတ်ချ်ကိစ္စနှင့် ပတ်သက်ပြီး ပြင်းပြင်းထန်ထန်ပြောကြားပေးခဲ့သည့်အတွက် ရုရှားတို့ အနှောင်အဖွဲ့ သို့မဟုတ် ငါးမျှားချိတ်မှ လွတ်သွားခဲ့သည်ဆို၏။

ဖိအားပေးမှုများသည် အောက်တိုဘာ ၂ ရက်နေ့တွင် ပိုမိုများပြားလာခဲ့သည်။ လက်ဘနွန်အစိုးရကမူ မီးရတ်ချ်ကိစ္စကို မသိသလို ထားလိုက်သည်။ ထိုသို့ထားရှိပြီး နှစ်ရက်အကြာတွင် ရုရှားမှ အဲရိုဖလွတ်(Aeroflot)လေယာဉ်တစ်စင်း ဘေရွတ်လေဆိပ်သို့ ဆင်းသက်လာခဲ့သည်။ ထို့နောက် ရုရှားလူမျိုးနှစ်ယောက်ကို လေယာဉ်ပေါ်တင်လိုက်သည်။ ကိုမီယာကော့ကိုမူ ထမ်းစင်နှင့် လေယာဉ်ပေါ်တင်သွားသည်ကို တွေ့မြင်ရလေသည်။

မီးရတ်ချ်တိုက်လေယာဉ်ခိုးထုတ်မှုအကြောင်း ကမ္ဘာသို့ မပျံ့နှံ့မီ ဆိုဗီယက်တို့က အခင်းဖြစ်ရပ်တစ်ခုလုံး ပျောက်ကွယ်သွားသည်အထိ လုပ်နိုင်ခဲ့သည်။ ထို့ပြင် ဆိုဗီယက်ထောက်လှမ်းရေး ကေဂျီဘီတို့က ၎င်းကိစ္စ ထပ်မံမပေါ်လာနိုင်ရေးအတွက် သန္နိဋ္ဌာန်ချထားသည် ဆို၏။ ဆိုဗီယက်သံအမတ်ကြီး အာဇီမော့သည် မကြာမီက လက်ဘနွန်ကြည်းတပ်စစ်ဌာနချုပ်သို့ မီးရတ်ချ်အရေးအခင်းနှင့်ပတ်သက်သော မှတ်တမ်းမှတ်ရာမှန်သမျှ ဖျက်ဆီးပစ်ရန် တောင်းဆိုခဲ့သည်။ လက်ဘနွန်တို့က ၎င်းတောင်းဆိုချက်ကို ငြင်းဆန်ခဲ့သည်။ ကေဂျီဘီသည် ယနေ့တိုင် လက်ဘနွန်အစိုးရအရာရှိများထံ မီးရတ်ချ်အရေးအခင်းကိစ္စ မှတ်တမ်းမှတ်ရာများဖျက်ဆီးရေးကို ဆက်လက်အားထုတ်နေဆဲဟု ဆိုသည်။

မက်တာကို ဒေါ်လာနှစ်သန်းထက်ပို၍ တန်ဖိုးကြီးမားသော ဂုဏ်ပြုထိုက်သူဖြစ်သည်။ သူ့အား ဗိုလ်ကြီးအဆင့်ရာထူးတိုးမြှင့်ပေးခြင်းကိုလည်း ပြင်ပသို့ မပေါက်ကြားအောင်ဆောင်ရွက်ပေးခဲ့သည်။ ကေဂျီဘီတို့ကို လိုလားထောက်ခံသူများ၏ ခြိမ်းခြောက်မှု ခံနေရသဖြင့် ၎င်း၏အသက်ဘေးအန္တရာယ် လုံခြုံရေးအတွက် လက်ဘနွန်စစ်တပ်မှ ဘေးကင်းလုံခြုံသောနေရာတွင် ထားရှိစောင့်ရှောက်ပေးသည်။

ယနေ့အချိန်တွင် မက်တာကို လုပ်ဖော်ကိုင်ဖက်အရာရှိများက တလေးတစားရှိကြသည်။ သို့ရာတွင် သူ့အမြဲသတိရှိရမှာက မနက်ဖြန် ကေဂျီဘီထောက်လှမ်းရေးတို့ကိုမီယာကော့၏ ကတိပေးသည့် "မင်းဘဝတစ်ခုလုံးကို တစ်သက်လုံး စောင့်ရှောက်ပေးမယ်"ဆိုသည့် ကတိကို ဖြည့်ဆည်းပေးမည်လားဆိုသည်ကို အမြဲသတိရှိဖို့ လိုပေသည်။

မောင်မောင်စန်းထွေး

**Reader's Digest** မှ **The Plot to Steal a Fighter Plane by John Barron** ကို မြန်မာဘာသာ ပြန်ဆိုထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# တံတားကျိုးကျ မရှုမလှ အခြေအနေ



အင်ဒိုနီးရှားနိုင်ငံ၊ ဂျာဗားကျွန်းအရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွာနှစ်ရွာကိုဆက်ထားသည့် တံတားကျိုးကျခဲ့မှုကို ရွာသားများ ကြည့်ရှုစဉ် ဖြစ်သည်။ အဆိုပါဒေသတွင် ကီလက်မီးတောင်ပေါက်ကွဲမှုက မကြာသေးဘဲရှိရာ လူလေးဦးသေဆုံးပြီး လူငါးသောင်း ခြောက်သောင်းကျော်ကို ဘေးကင်းရာ ပို့ခဲ့ရသည်။

ထူးခြားသည်မှာ ချောင်းရေသည် မီးတောင်မှလွင့်စဉ်သော ပြာများကြောင့် ညစ်ညမ်းသော ပတ်ဝန်းကျင်အန္တရာယ်ရှိနေပေသည်။

မောင်ကောင်းယဉ်

*The Star, 20.2.2014*

---

# ပီနန်က မူးယစ်ဆေးဝါး အလုံးအရင်း ဖမ်းဆီးရမိမှု



မလေးရှားနိုင်ငံ၊ ပီနန်ပြည်နယ် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့က မူးယစ်ဆေးဝါးအများအပြား ဖမ်းဆီးရခဲ့သည်။ ကွန်ဒိုမီနီယံအတွင်းဖြစ်ပြီး နှစ်ရက်ကြာ စီနင်းရမိခဲ့သည်။ တရားခံလေးဦးကို ဖမ်းဆီးရမိရာ တရုတ်လူမျိုးတစ်ဦးပါဝင်ပေသည်။ အသက် ၂၈ မှ ၄၂ နှစ်အကြား အရွယ်များဖြစ်ပြီး မူးယစ်ဆေးဝါး ၂၈၀ ကီလိုဂရမ် သိမ်းဆည်းနိုင်ခဲ့သည်။

ဟီးရိုးအင်း ဘိန်းဖြူ၊ အဖက်တမ်း၊ ဆီဘူးစသည့် မူးယစ်ဆေးဝါး ရင်းဂစ်ခြောက်သန်းဖိုး ဖမ်းဆီးမိသည်။ ထို့ပြင် မော်တော်ကား လေးစီး၊ နာရီ၊ ရွှေငွေရတနာ ငွေကြေးများပါ ရရှိခဲ့သည်။ ယခုနှစ်တွင် ပီနန်အတွင်း အကြီးမားဆုံး ဖမ်းဆီးနိုင်ခဲ့မှုဖြစ်သည်။


မောင်ကောင်းယဉ်

*The Star, 28.2.2014*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အဖြေမရှိသော မေးခွန်းများ

■ ခင်မောင်အေး(မန္တလေး)

"မခိုင်ခိုင်ဝင်း…တဲ့၊ တယ်လီဖုန်း"

မခိုင်ခိုင်ဝင်းက လမ်းတစ်ဖက်ကို ဖြတ်ကူးလျက် ပင်ပျိုရွက်န လက်ဖက်ခြောက်ပွဲရုံအတွင်းသို့ ဝင်သွားလေသည်။ ပွဲရုံပိုင်ရှင် ကိုသိန်းဟန်တို့နှင့် မခိုင်ခိုင်ဝင်းတို့ မိသားစုက အင်မတိ အင်မတန် ရင်းနှီးကျွမ်းဝင် ခင်မင်ကြသည်။ တယ်လီဖုန်းကို စားပွဲပေါ်မှာ ချထားသည်။ မခိုင်ခိုင်ဝင်းက တယ်လီဖုန်းကို ကောက်ယူကာ နားဝတွင်ကပ်လိုက်သည်။

"ဟုတ်ကဲ့၊ ပြောပါရှင်"

"ခင်ဖျားအစ်ကို အိမ်မှာရှိသလား ဟင်"

"မရှိပါဘူးရှင်"

"ဘယ်အချိန်လောက် ပြန်ရောက်မလဲခင်ဗျ။ ခင်ဖျားသိသလား။ ဘယ်သွားမယ်လို့ ပြောသွားသေးလဲ"

"မသိပါဘူးရှင်။ ဘာမှလည်း မှာမသွားဘူးရှင်"

"အေးဗျာ။ ဒီလူကလည်း သေသေချာချာ ချိန်းထားရက်နဲ့"

"ဒါထက် အစ်ကို့ကို မေးတာ ဘယ်သူများလဲရှင့်"

"သူ့မိတ်ဆွေပါ။ ဘယ်တော့လောက်က ထွက်သွားတာလဲ။ ခင်ဖျားပြောပြနိုင်သလား"

"ဟင့်အင်း။ ကျွန်မ မပြောနိုင်ပါဘူး။ သိလည်းမသိဘူး"

သည့်နောက် မခိုင်ခိုင်ဝင်းက တယ်လီဖုန်းကို ဖုန်းပုခက်ပေါ်သို့ ပြန်ချထားလိုက်၏။

သည့်နောက် မခိုင်ခိုင်ဝင်းက တယ်လီဖုန်းကို ဖုန်းပုခက်ပေါ်သို့ ပြန်ချထားလိုက်၏။ ပြီးနောက် မိမိအိမ်ဘက်သို့ ပြန်ကူးလာလေသည်။ နောက်မှနေ၍ ကိုသိန်းဟန်က လှမ်းခေါ်နေသံကြားရပြန်သည်။ မခိုင်ခိုင်ဝင်းက နောက်ဘက်သို့လှည့်ပြီး ကိုသိန်းဟန်အား လက်ခါပြလိုက်တော့ ကိုသိန်းဟန်က သဘောပေါက်သွားပုံရသည်။ ဆက်လက်ခေါ်သံမကြားရတော့။

သူမစိတ်အတွင်း ဘဝင်မကျ။ ယခုတလော အစ်ကို့ကိုမေးသူတွေ တော်တော်များနေသည်ကို သူမ သတိထားမိ၏။ ထူးတော့ ထူးဆန်းသား။ အစ်ကို့လို လူအေးတစ်ယောက်က ဘာကြောင့် ဒီလို သူစိမ်းတွေနှင့် ပတ်သက်နေသည်လဲ။ သူမအတွေးတွေ ရှုပ်ယှက်ခတ်ကုန်ပြီ။

"မမလေး…ဘယ်ကဖုန်းလဲဟင်၊ ဘယ်သူဆက်တာလဲ"

"မသိဘူး မေမေရယ်။ မေးတော့လည်း မပြောဘူး။ ဒါနဲ့ သမီးဖုန်းကို ဆက်မကိုင်တော့ဘဲ ချပစ်ခဲ့တယ်"

အိပ်ခန်းကလေး ကျဉ်းကျဉ်းအတွင်း မွှန်းကျပ်ပိတ်လှောင်ကာ ပူလှသည်။ တပေါင်းနွေက အညာအတာကင်းလှ၏။ လေးပေမီးချောင်းတစ်ချောင်းမျှသာ ထွန်းထားနိုင်သည်မို့ အိမ်ခန်းအတွင်း၌ အလင်းရောင်မှိန်မှိန်ကလေးသာ လင်းလေသည်။ အိမ်ခန်း၏ သွင်ပြင်အနေအထားက တော်တော်ကြီးစုတ်ချာဟောင်းနွမ်းနေချေပြီ။ အိမ်ရှင်များ စီးပွားရေးမှေးမှိန်နေသည်ကို မပြောဘဲနှင့် သိသာပါသည်။ အိမ်နောက်ဘက်တွင် ဝါးလုံးတန်းများနှင့် အဝတ်ရေစိုတွေကို လှန်းထား၏။

မေမေက သူမ၏ သမီးငယ်အား တစ်ချက်လှမ်းကြည့်လိုက်ပြီး နောက်ဖေး



www.burmeseclassic.com

www.burmeseclassic.com

ခန်းသို့ ဝင်သွားသည်။ စိတ်ပျက်လက်ပျက် ဖြစ်သွားသည့်ပုံပင်။

"မောင်မောင် ဘယ်တော့များမှ ပြန်လာပါလိမ့်မလဲကွယ်"

မနိုင်နိုင်ဝင်းက သူမ၏အမေကို စိတ်မကောင်းစွာဖြင့် လှမ်းကြည့်လိုက်မိ၏။ သနားလည်း သနားသွား၏။ အဖေက နေပြည်တော်သို့ သွားရောက်လျက် တာဝန်ထမ်းဆောင်နေရပါသည်။ ဒုဦးစီးမှူးတစ်ယောက် ဖြစ်စေကာမူ လစာက မိသားစုအတွက် စားဖို့ပင် လောက်လောက်ငငမရှိလှပါ။ အမေက ခြစ်ခြစ်ခြုတ်ခြုတ် ချွေချွေတာတာ လုပ်နိုင်လွန်း၍ ဣန္ဒြေမပျက် နေနိုင်ကြ၏။ ဝင်စစ် မနိုင်နိုင်ဝင်း၏ အသက်က နှစ်ဆယ့်လေးနှစ်မျှသာ ရှိပါသေးသည်။ မိမိပညာအရည်အချင်းနှင့် သည်ထက် လစာကောင်းသော အလုပ်ကိုရနိုင်ကောင်းသော်လည်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေရနိုင်စေရန်အလို့ငှာ ရရာအလုပ်ကို ဝင်ရောက်လုပ်လိုက်ရသည်။ အစ်ကိုကလည်း ယခုကဲ့သို့ ယောင်မနေသေးဆိုပါမူ မိသားစုလေးယောက် သည်မျှအခက်အခဲ မရှိနိုင်ပါ။ မနိုင်နိုင်ဝင်းအောက် ညီမလေးကလည်း ဌာနတစ်ခုတွင် စာရေးဝန်ထမ်းလုပ်တစ်ခု ဝင်ရောက်လုပ်ကိုင်နေရသည်။ မိသားစုအတွင်း အမေကလွဲ၍ အားလုံးအလုပ်ကိုယ်စီရှိနေကြသည်။ ရုံးသွားခါနီးဆဲဆဲ ဖုန်းကို ပြေးပြီးဖြေနေရသည့်အတွက် အချိန်တော်တော်နောက်ကျသွားနိုင်သည်။ လက်ကိုင်အိတ်ကို တစ်ဖက်ကကိုင်၊ ထမင်းဘူးကို တစ်ဖက်ကဆွဲ ကမန်းကတန်း အိမ်မှထွက်သည်။

"သမီးသွားတော့မယ် မေမေ။ ရုံးနောက်မကျရအောင် ပြေးရမှာ။ ဖယ်ရီက မစောင့်တတ်ဘူး"

မနိုင်နိုင်ဝင်း တံခါးဝမှအထွက် အိမ်ရှေ့လက်ဖောင်းပေါ်တွင် လူစိမ်းနှစ်ယောက်ကို မြင်လိုက်ရလေသည်။ သည်လူတွေကို တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးခဲ့။ တစ်ယောက်က အရပ်ရှည်ရှည်၊ တစ်ယောက်က ပုပု။

"ဒီအိမ်က ဦးအောင်မြင့်တို့အိမ် မဟုတ်လားခင်ဗျာ။ ကျွန်တော်တို့ ခဏလောက်တွေ့ပါရစေ"

"ဟုတ်ကဲ့၊ ဦးအောင်မြင့်တော့ မရှိပါဘူး။ နေပြည်တော်ကိုသွားပြီး တာဝန်ထမ်းဆောင်နေပါတယ်။ ဘာကိစ္စများရှိ…"

"ကျုပ်တို့ စကားနည်းနည်းပြောရအောင်"

"ကျွန်မနဲ့ပြောစရာ ဘာများ…"

"စကားတစ်လုံးနှစ်လုံးလောက်ပါ။ မကြာပါဘူး"

"ဒါဆိုရင်လည်း ကျွန်မ ရုံးသွားစရာရှိနေတယ်။ ပြောစရာရှိတာ မြန်မြန်ပြောပါရှင့်"

"ဘယ်သူများရှိနေသေးလဲဟင်။ ညီ့သည်များလား"

"မဟုတ်ပါဘူးရှင်။ ကျွန်မအမေပါ"

"ဟဲ့…သမီးလေး။ ဘယ်သူတွေများလဲကွယ်။ အိမ်ထဲဝင်ထိုင်ခိုင်းလိုက်လေ။ သမီးလည်း ရုံးသွားရဦးမှာမဟုတ်လား"

"ဟုတ်ကဲ့ အမေ။ မေးစရာရှိလို့တဲ့။ ဧည့်ခန်းထဲ ခေါ်ခဲ့ပါပြီ အမေ"

လူစိမ်းနှစ်ယောက်က ဧည့်ခန်းအတွင်း ဝင်ရောက်ထိုင်လိုက်သည်။ သည်နောက် ထောင်ထောင်မောင်းမောင်း တစ်ဦးက စကားစသည်။

"ကျွန်တော်တို့ ခင်ဗျားအစ်ကိုကို ရှာနေတာ။ သူဘယ်ကိုသွားသလဲ၊ ခင်ဗျားတို့ သိသလား"

"ဟင့်အင်း။ ကျွန်မမသိပါဘူးလို့ ပြောပြီးပြီပဲရှင်"

"သူနဲ့ ကျွန်တော်တို့ တွေ့မှဖြစ်မယ်။ ဘယ်တော့လောက် ပြန်လာမယ်ထင်သလဲ"

တစ်ယောက်က မေးသည်။ တစ်ယောက်က သူမအား ရည်ရည်မွန်မွန် ပြုံးပြသည်။ အားနာပါးနာသော အပြုံးမျိုး။ သို့ရာတွင် သူ၏အပြုံးက လှောင်ပြုံးနှင့် တူနေသည်။

"ကိုင်း…ရှင်တို့သိချင်တာ ဒါပဲလား။ ရှင်တို့နာမည်တွေ ပြောပြထားခဲ့လေ။ အစ်ကိုပြန်လာရင် ကျွန်မပြောပြလိုက်ပါ့မယ်"

"ဟင့်အင်း။ ဘာပြဿနာမှ မရှိတော့ပါဘူး။ ဒါပေမယ့် ခင်ဗျားအစ်ကိုကို တွေ့မှဖြစ်မယ့်ကိစ္စမို့…"

"ကျွန်မရုံးသွားရဦးမှာရှင့်။ ဖယ်ရီက ခဏနေရောက်တော့မှာ"

"ခဏပါပဲဗျာ။ မကြာစေရပါဘူး။ ငါးမိနစ်လောက်ပါပဲ၊ ဟုတ်ပြီလား"

မနိုင်နိုင်ဝင်းက ကိုယ်ကိုယ်ယို့လျက် လူစိမ်းများဝင်လာနိုင်အောင် တံခါးကို ဟပေးလိုက်၏။ လူစိမ်းတွေက တံခါးဝမှ ဝင်လာကြသည်။

"ဘယ်သူတွေများ ရှိနေသေးလဲဟင်"

"ကျွန်မအမေ တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com

ပဲ ရှိပါတယ်။ ဘာများဖြစ်လို့ပါလဲဟင်"

"မမလေးရေ··ဘယ်သူတွေများလဲကွယ်"

အမေ့အသံကို ကြားလိုက်ရ၏။

"ဧည့်သည်တွေပါ အမေ။ အစ်ကို့ကိုလာမေးတာပါ။ ဘာကိစ္စလဲတော့ မသိသေးပါဘူး"

လူစိမ်းနှစ်ဦးက ဧည့်ခန်းအတွင်းသို့ ဝင်လာကြပြီး ဝင်ထိုင်လိုက်ကြ၏။ သည့်နောက် ဟိုဟိုသည်သည် ကြည့်လိုက်၏။

"ကျုပ်တို့က ခင်ဗျားအစ်ကိုကို ရှာနေကြတာ။ အရေးတကြီးကိစ္စရှိနေလို့။ အဲဒါ မတွေ့လို့မဖြစ်ဘူးခင်ဗျ"

"ဘာကြောင့်များပါလိမ့်ရှင်။ ဘာပြဿနာတွေ ရှိနေလို့ပါလဲရှင်"

"ပြဿနာတော့ မရှိပါဘူး။ သူနဲ့တွေ့တော့မှ ပြောလို့ရမှာ ခင်ဗျ"

"ဒါဖြင့်ရင်လည်း ရှင်တို့က ဘယ်သူတွေလဲဆိုတာတော့ ပြောထားခဲ့လေ"

"သူ ဘယ်အချိန်ပြန်လာတတ်သလဲဆိုတာကော ပြောပြနိုင်မလားဟင်"

"လောလောဆယ်တော့ ကျွန်မဘာမှပြောလို့မရဘူးရှင့်။ ကျွန်မရုံးနောက်ကျတော့မှာ၊ ခွင့်ပြုပါဦး။ ဖယ်ရီက ခုဆိုရောက်နေလောက်ပြီ။ ရုံးချိန်နောက်ကျရင် ဖြေရှင်းချက်ရေးတင်ရပါတယ်"

မခိုင်ခိုင်ဝင်း၏စကားကြောင့် လူစိမ်းနှစ်ဦး အခိုက်အတန့်မျှ တွေဝေသွားကြ၏။ သည့်နောက် ခေတ္တခဏတော့ ငြိမ်သွားကြသည်။ အမှန်တော့လည်း သူမကိုယ်တိုင်ကလည်း အစ်ကိုနှင့် စပ်လျဉ်း၍ ဘာတစ်ခုမျှ မသိသည်က အမှန်ပင်။ အစ်ကိုက ယခုတလော မှုပြောင်းနေတာတော့ အမှတ်မထင် သတိထားမိ၏။ အိမ်သို့ တစ်ခါတစ်ရံ ပြန်မလာဘဲ ညဥ့်အိပ်ညဉ့်နေ သွားတာများသည်။ ထွက်နေတတ်သည်။ အိမ်ကပ်သည်ဟူ၍မရှိ။ အစ်ကိုကိုယ်တိုင်ကလည်း ဘာတစ်ခွန်းမျှ မပြော။ ရေငုံနှုတ်ပိတ်လုပ်နေ၏။ သို့ဖြစ်၍ သူမက ဘာတစ်ခုမျှ မပြောနိုင်ခြင်းဖြစ်သည်။ အစ်ကိုကြီး ယခုတလော အပေါင်းအသင်းများနေသည်ကိုတော့ သတိထားမိ၏။ နောက်တစ်ခုက စီးကရက်တွေ တော်တော်သောက်နေခြင်းပင်။ ချောင်းဆိုးသံကို ညစဉ်ကြားနေရသည်။ ကျန်းမာရေးလည်းတော်တော်ညံ့နေသည်။ ထူးခြားနေတာတော့ အမှန်ပင်။ ဒါပေမင့် သူမကလည်း ကိုယ့်အလုပ်နှင့်ကိုယ်မို့ အမှုမဲ့ အမှတ်မဲ့နေလိုက်မိပါသည်။

"သူဘယ်သွားတယ်ဆိုတာ ခင်ဗျားတကယ်မသိတာလားဟင်"

"မသိပါဘူးလို့ ကျွန်မပြောပြီးပြီပဲရှင်။ ရှင်တို့က ဘယ်လိုလူတွေလဲ"

"စိတ်မရှိပါနဲ့ခင်ဗျာ။ ကျွန်တော်တို့ ခင်ဗျားအစ်ကိုနဲ့ တွေ့မှဖြစ်မှာမို့လို့ပါ။ သူက နည်းနည်း စိတ်မရှည်နိုင်ဘူးဖြစ်သွားလို့ခင်ဗျ"

"ဒီမှာရှင့်။ ကျွန်မရုံးမမီတော့ဘူးရှင်။ ရှင်တို့မေးတာတွေ ကျွန်မဖြေပြီးပြီ။ ကျွန်မသွားတော့မယ်။ ဒါပဲမဟုတ်လား"

မခိုင်ခိုင်ဝင်း စိတ်မရှည်နိုင်တော့။ အသံခပ်မာမာဖြင့် ပြောလိုက်မိ၏။ သူမစိတ်အတွင်း ဖယ်ရီကိုမမီမှာ စိုးရွံ့နေသည်။ သည်လူတွေ၏ ဆက်ဆံရေးကို စိတ်အတွင်းက နှစ်ခြိုက်ခြင်းမရှိတာလည်း ပါသည်။

သူမ၏ ဧည့်ခန်းအတွင်း ပင့်ပကွတစ်ခု ကြီးထွားလာနေသည့်အလားဖြစ်၏။ သို့ပင်ဖြစ်စေကာမူ အခိုက်အတန့်မျှ ငြိမ်သက်နေသည်။ သူမ သွားရန်ပြင်ဆင်လိုက်သည့်အခိုက်···

"ခဏဗျာ၊ ခဏနေပါဦး။ ခင်ဗျားအစ်ကိုက ကျွန်တော်တို့နဲ့ စာရင်းရှင်းစရာက ရှိနေတယ်ခင်ဗျ။ အဲဒီ စာရင်းမရှင်းဘူးဆိုရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်လိမ့်မယ်ဆိုတာတော့ ခင်ဗျားသိထားသင့်တယ်လေ"

မခိုင်ခိုင်ဝင်း ရုတ်တရက် ရပ်တန့်တွေဝေသွားရသည်။ စိတ်အတွင်းကလည်း အန္တရာယ်အငွေ့အသက်တစ်ခုခုကို သိရှိခံစားမိ၏။ ဖယ်ရီမမီမှာကိုလည်း သတိမရတော့။ ရုံးနောက်ကျမှာကိုလည်း မစိုးရိမ်တော့။ မဖြစ်သင့်တာတွေ ဖြစ်လာလိမ့်မယ်ဆိုသော လူစိမ်း၏စကားလုံးများကို ဖျတ်ခနဲ သတိရလိုက်မိပြီး အပြင်းအထန် ထိတ်လန့်သွားမိသည်။ စင်စစ် အစ်ကို့အတွက် စိုးရိမ်သွားတာကြောင့်ပင်။ နောက်ဖေးမီးချောင်ဘက်မှ အမေ ပန်းကန်တွေဆေးနေသံများ ကြားလိုက်ရ၏။

"အိမ်ထဲမှာ ဘယ်သူတွေ ရှိနေသေးလဲဟင်။ သူစိမ်းတွေ ရှိနေတာလား"

"ဘယ်သူမှမရှိပါဘူး။ ကျွန်မအမေ ပန်းကန်ဆေးနေတာ။ ဘာဖြစ်လို့လဲရှင့်"

"ခင်ဗျား သေချာပါတယ်နော။ ကျုပ်တို့ ခဏဝင်ကြည့်ဦးမယ်။ ဟုတ်ပြီလား"

ပြောပြောဆိုဆို လူစိမ်းနှစ်ဦးက အိမ်နောက်ဖေး မီးဖိုဘက်သို့ ဝင်သွားသည်။ ရုတ်တရက် မီးဖိုခန်းဘက်မှ အလန့်တကြား အော်သံတစ်ချက် ကြား



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရ၏။ အမေက ပန်းကန်တွေ ထိုင်ဆေးနေရာက ထိတ်လန့်တုန်လှုပ်နေသည်။

မခိုင်ခိုင်ဝင်းက သူမ၏ အမေ အပါးသို့ သွားရောက်ထိုင်လျက် အမေ့ပခုံးကိုဖက်ကာ နှစ်သိမ့်လိုက်၏။ ပြီးနောက် သူမ၏အမေအား လေသံတိုးတိုးဖြင့် အားပေးစကားပြောလိုက်ရပေသည်။

"ဘာမှမဖြစ်ပါဘူး အမေ။ ဧည့်သည်တွေက အစ်ကိုကို တွေ့ချင်လို့ လာရုကြတာပါ။ အရေးတကြီးတွေ့စရာကိစ္စရှိနေလို့တဲ့"

မခိုင်ခိုင်ဝင်းက သူမ၏အမေအနီးမှ ထရပ်လိုက်ပြီး လူစိမ်းများအား လှမ်းကြည့်လျက် မေးခွန်းထုတ်လိုက်၏။

"ကိုင်း…ဒါလောက်ဆို ရှင်တို့ကိစ္စပြီးပြီမဟုတ်လား။ ကျွန်မရုံးသွားပါရစေတော့"

"ကျွန်တော်တို့က ခင်ဗျားအစ်ကိုကို ကူညီဖို့လာခဲ့တာပါ။ ကျွန်တော်တို့ကို တစ်ခုလောက်တော့ ကူညီပါဦး။ ခင်ဗျားအစ်ကိုရဲ့ သူငယ်ချင်းတစ်ယောက်၊ ဒါမှမဟုတ် မိတ်ဆွေတစ်ယောက်ယောက်ရဲ့ နာမည်တွေများ သိတယ်ဆိုရင် တစ်ခုခုလောက် ပြောပြပေးစေချင်ပါတယ်ခင်ဗျ"

"ကျွန်မ မသိပါဘူးရှင်။ အစ်ကိုက သူ့ကိစ္စဆို ကျွန်မတို့ကို ဘာမှပြောပြတာ မဟုတ်ဘူးရှင့်"

"ဒါဖြင့်ရင်…သူ့ဓာတ်ပုံတစ်ပုံလောက်ကော ရနိုင်မလားဗျာ"

"ဟင့်အင်း။ ကျွန်မတို့မိသားစုက ဓာတ်ပုံရိုက်တာ ဝါသနာမပါကြဘူး။ အိမ်မှာ အဖေနဲ့ အမေ့ဓာတ်ပုံပဲ ရှိတယ်။ ဧည့်ခန်းနံရံမှာ ချိတ်ထားတာလေ"

"ဒီဓာတ်ပုံက ဘယ်သူတွေတုံး"

လူစိမ်းတစ်ယောက်က ဧည့်ခန်းစားပွဲပေါ်မှ အလှထောင်ထားသည့် မှန်ပေါင်နှင့် ဓာတ်ပုံတစ်ပုံကို ကောက်ယူလျက် ကြည့်ရှုလိုက်၏။ ဓာတ်ပုံမှာ အစ်ကိုနှင့် သူမ။ လွန်ခဲ့သော အနှစ်နှစ်ဆယ်လောက်က အဖေ့ညီ ဦးလေး ဦးအောင်တင် ရိုက်ပေးခဲ့သည့် ဓာတ်ပုံဖြစ်သည်။ ထိုစဉ်က သူမ အလွန်ငယ်ပါသေးသည်။ ဂါဝန်ကလေးနှင့် ဖြစ်၏။ အစ်ကိုကလည်း ဘောင်းဘီတိုလေးနှင့်။ ယခုအရွယ်နှင့် လားလားမျှ မဆိုင်။ ခြားနားလှပါသည်။ စားပွဲပေါ်မှာ စီးကရက်တိုများ၊ ပြာများ ကျဲပြန့်နေသည်။ ကြေးပြာခွက်တွင်း ပြာတွေမရှိ။ သည်လူစိမ်းနှစ်ဦး၏ စရိုက်တွေကို မခိုင်ခိုင်ဝင်း ခန့်မှန်းမိ၏။ သတိတော့ ထားနေမှဟု စိတ်တွင်းက မိမိကိုယ်ကိုမိမိ သတိပေးနေရသည်။ မိမိကပေးမည့် အဖြေကို သူတို့ ငံ့လင့်နေကြောင်း သူတို့၏ အမူအရာအရ သိရှိနေသည်။

"ကျွန်မနဲ့ မောင်တစ်ဝမ်းကွဲလေးပါ။ ဦးလေးက အိမ်ကိုလာလည်တုန်း ရိုက်ပေးသွားတာရှင့်"

"ခင်ဗျားနဲ့ တော်တော်တူတယ်နော။ အင်းလေ…ကျွန်တော်တို့ မေးစရာတွေ တော်တော်လေးမေးပြီးသွားပြီ။ ခင်ဗျားအစ်ကို ပြန်လာခဲ့ရင်သာ အာဋ္ဌဝီတံတားက လက်မရှဲ့မောင်မောင်တို့ စောင့်နေတယ်လို့ ခင်ဗျားသေသေချာချာသာ ပြောပြလိုက်ပေတော့။ မှတ်မိပါတယ်နော်။ အာဋ္ဌဝီတံတားက လက်မရှဲ့မောင်မောင်…တဲ့"

လူစိမ်းနှစ်ဦးက နေရာမှ နောက်သို့ လှည့်လိုက်ကြ၏။ တစ်ယောက်က လက်အယမ်းလိုက်မှာ ဓာတ်ပုံကို လက်နှင့် တိုက်မိကာ လွတ်ကျသွား၏။ မှန်ကွဲစများ ကျဲပြန့်သွားသည်။ အားနာပါးနာနှင့် မှန်ကွဲများကို လိုက်လံကောက်ယူလျက် စားပွဲပေါ်တွင် စုပုံထားလိုက်၏။ မှန်ကွဲများ စားပွဲပေါ်တွင် ပုံနေသည်။ ဓာတ်ပုံကို လူစိမ်းတစ်ဦးက ဖျတ်ခနဲကောက်ယူပြီး အိတ်ထဲသို့ထည့်လိုက်၏။ မခိုင်ခိုင်ဝင်းက မသိချင်ယောင်ဆောင်နေလိုက်သည်။ စကားနည်းရန်စဲပဲလေဟု စိတ်ထဲတွင် ထားလိုက်၏။ လူစိမ်းတစ်ဦးက ပျစ်ခနဲ တံတွေးထွေးလိုက်သည်။ တစ်ယောက်ကတော့ ပြုံးရုံသာ ပြုံးနေသည်။ တောင်းပန်စကားပင် တစ်ခွန်းမျှ ပြောမသွား။ သည့်နောက် သူတို့ထွက်သွားကြပြီး ခဏအကြာမှာ ကားတစ်စီးမောင်းထွက်သွားသံကို ကြားလိုက်ရပြီး မခိုင်ခိုင်ဝင်း လှမ်းကြည့်လိုက်သောအခါ မော်တော်ကားနောက်မီးလေးတစ်စုံကိုသာ မြင်လိုက်ရ၏။

သည့်နောက်မှ အစ်ကို၏သတင်းလုံးဝမကြားရတော့။ ဘယ်သောအခါမှ ပြန်လာတော့မည်ဆိုသည်ကို ဘယ်သူကမှလည်း ပြောနိုင်ခြင်းမရှိတော့ပါ။ လူတစ်ယောက် ကြက်ပျောက်၊ ငှက်ပျောက် ပျောက်သွားခဲ့ပါပြီ။ သက်ဆိုင်ရာမြို့နယ်ပြည်သူ့ရဲစခန်းသို့ လူပျောက်တိုင်တန်းခဲ့သော်လည်း နှစ်ပေါင်းအလီလီကြာညောင်းသည့်တိုင် သတင်းအစအနပင် မရ။ စုံစမ်းမရ၊ အမှုပင်ပိတ်သွား၏။ သေသောသူ ကြာရင်မေ့၊ ပျောက်သောသူ ရှာမတွေ့။

ခင်မောင်အေး(မန္တလေး)



www.burmeseclassic.com

www.burmeseclassic.com

# ကလေးများကို မတော်မတရားပြုသော ဒုစရိုက်ဂိုဏ်းကို ဖော်ထုတ်နိုင်

■ ဦးဦးသိန်း

ကမ္ဘာတစ်ခွင်တွင် ချိတ်ဆက်ရှိနေကြသော ဒုစရိုက်ဂိုဏ်းတစ်ဂိုဏ်းကို ကမ္ဘာ့ရဲတို့ ပူးပေါင်း၍ ဖော်ထုတ်ကာ အရေးယူလိုက်ပြီဟု ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့ အေအက်ဖ်ပီသတင်းတစ်ပုဒ်တွင် ဖော်ပြထား၏။

၎င်းဂိုဏ်းသည် အင်တာနက်မှ တစ်ဆင့် ငယ်ရွယ်သောကလေးများအပေါ် မတရားပြုမူနေသော ဂိုဏ်းဖြစ်ပြီး ဆင်းရဲနွမ်းပါးလွန်းသော မိဘများပင်လျှင် ၎င်းဂိုဏ်းသားများနှင့် ဆက်သွယ်မှုရှိသည်ဟု သိရ၏။

"အင်ဒယ်ဗော"စစ်ဆင်ရေးဖြင့် အဆိုပါ ဒုစရိုက်ဂိုဏ်းနှိပ်ကွပ်ရာ၌ အသက် ၁၅ နှစ်ဝန်းကျင်ရှိ ကလေး ၁၅ ယောက်ကို ကယ်တင်နိုင်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသား ၁၁ ယောက်အပါအဝင် လူပေါင်း ၂၉ ယောက်ကို ဖမ်းဆီးနိုင်ခဲ့သည်ဟု ဗြိတိသျှအမျိုးသားရာဇဝတ်မှုအေဂျင်စီမှ တာဝန်ရှိသူက သတင်းဌာနသို့ ပြောပြခဲ့၏။

ထိုဗြိတိသျှအေဂျင်စီ သတင်းတွင် အာရှတိုက်အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အဆိုပါ ကလေးများအပေါ် မတော်မတရားပြုမူသည် အင်တာနက်ကို အသုံးပြု၍ ကြီးထွားလာနေကြောင်း သံသယဖြစ်ဖွယ်ရာ အမှု ၇၃၃ အထိ ရှိလာခဲ့သည်ဟု ဆက်လက်ဖော်ပြထား၏။

ဗြိတိသျှရဲတို့သည် ဖိလစ်ပိုင်ရဲနှင့် ဩစတြေးလျမှ ရဲတို့နှင့် ပူးပေါင်း၍ စစ်ဆင်ရေး "အင်ဒယ်ဗော"ဖြင့် ၎င်းဂိုဏ်းကို ခြေရာခံဖြိုခွင်းလိုက်ခြင်းဖြစ်၏။

ဖိလစ်ပိုင်ရဲတပ်ဖွဲ့မှ အကြီးတန်းရဲအရာရှိတစ်ဦးက ဖိလစ်ပိုင်နိုင်ငံ၊ စီဘူးကျွန်းတွင် ယာယီအခြေစိုက်ထားသော ၎င်းဒုစရိုက်သမားများသည် အင်တာနက်ဖြင့် ကလေးများကို မြူဆွယ်ကာ မတော်မတရားပြုလုပ်နေသည်ကို တွေ့ရသည်ဟု ပြောဆိုလိုက်သည်။

ဗြိတိသျှရဲတို့သည် ၂၀၁၂ တွင် ဗြိတိန်နိုင်ငံတစ်နေရာ၌ ဗီဒီယိုအခွေတစ်ခွေကို ဖမ်းဆီးရမိရာမှ အခြေခံပြီး ကမ္ဘာတစ်ခွင်တွင် ကလေးများအပေါ်မတော်မတရားပြုလုပ်နေသော ၎င်းဂိုဏ်းကို စတင်ခြေရာခံခဲ့ကြ၏။

ထိုဒုစရိုက်လုပ်ရပ်တွင် ဗြိတိန်နိုင်ငံသားနှစ်ယောက်ကို ဖမ်းဆီးနိုင်ခဲ့ပြီး တစ်ယောက်ကို ထောင်ဒဏ်ရှစ်နှစ်ခွဲ အပြစ်ပေးခဲ့ပြီး၊ ကျန်တစ်ယောက်ကိုမူ ဆက်လက်စစ်ဆေးနေ၏။

ထိုသူနှစ်ယောက်သည် အင်တာနက်ဖြင့် ကလေးများကို မြူဆွယ်ပြီးမှ ဖိလစ်ပိုင်သို့ သွား၍ ကလေးများကို မတော်မတရားပြုလုပ်ခဲ့ကြ၏။

၎င်းဒုစရိုက်ဂိုဏ်းသည် ကမ္ဘာ့နိုင်ငံပေါင်း ၂၉ နိုင်ငံသို့ အင်တာနက်ကွန်ယက်ဖြင့် ချိတ်ဆက်ထား၏။

"အင်တာနက်ဖြင့် လျင်မြန်စွာ ဆက်သွယ်နိုင်ခြင်း၊ ဆင်းရဲတွင်းနက်သူများကို ငွေကြေးဖြင့် မြူဆွယ်ခြင်းတို့ကို ရဲတို့က ယခုလို ပူးပေါင်းဖော်ထုတ်ခြင်းဖြစ်သည်"ဟု ဗြိတိသျှရဲအေဂျင်စီမှ အရာရှိတစ်ဦးက ပြောလိုက်၏။

ဩစတြေးလျရဲတပ်ဖွဲ့ကလည်း အဆိုပါ ဒုစရိုက်ဂိုဏ်းနှင့် ချိတ်ဆက်မှုရှိသော ဩစတြေးလျနိုင်ငံသား သုံးယောက်ကို ဖမ်းဆီးနိုင်ခဲ့၏။ ထိုသုံးယောက်အနက် နှစ်ယောက်ကို ဩစတြေးလျနိုင်ငံ၌ပင် ဖမ်းဆီးခဲ့ပြီး၊ တစ်ယောက်ကိုမူ ထိုင်းနိုင်ငံ၌ ထိုင်းရဲတို့က ဖမ်းဆီးကာ ဩစတြေးလျသို့ လွှဲပြောင်းပေးခဲ့သည်။

ဆင်းရဲတွင်းနက်သော အချို့မိဘများသည်ပင် သူတို့၏ သမီးများကို ဒေါ်လာ ၁၀၀ ဖြင့်ပင် ဒုစရိုက်သမားများထံ အခကြေးငွေယူ၍ ဆက်သွယ်လာသည်ဟု အေအက်ဖ်ပီက သတင်းရေးသား၏။

ဒုစရိုက်သမားများလက်ထဲမှ ကယ်တင်ခဲ့သော ကလေးငယ်များကို ဖိလစ်ပိုင်အစိုးရ လူမှုဝန်ထမ်းဌာနမှ ကယ်ဆယ်စောင့်ရှောက်ထား၏။


ဦးဦးသိန်း

*T.S.T, 17.1.2014*




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဝှံထောက်ကို လှည့်စားသူ

မြသိန်း

၁၉၅၀ ပြည့်နှစ်၌ ကျွန်ုပ်စုံထောက်မောင်စံရှော် တာမွေရဲဌာန၌ တာဝန်ထမ်းဆောင်နေစဉ်...

တစ်နေ့ နံနက် ၉ နာရီခန့်၌ အသက်ငါးဆယ်နှစ်အရွယ်ရှိသူတစ်ယောက်သည် သုတ်သီးသုတ်ပြာနှင့် တာမွေရဲဌာနသို့ ရောက်လာသည်။

သူ၏ မောရစ်ကားငယ်လေးထဲတွင် ထည့်ထားသော ကျပ်ငွေသိန်း ၂၀ ဖိုးခန့်ရှိ ရတနာမျိုးစုံပါသော သားရေလက်ဆွဲအိတ်သည် ကျောက်မြောင်းဈေးအနီးရှိ ကာကာလက်ဖက်ရည်ဆိုင်ထဲ သူဝင်၍ လက်ဖက်ရည်သောက်ပြီး ပြန်ထွက်အလာ၌ ကားတံခါးသော့မှာ ပွင့်နေကာ ကားနောက်ခန်းထဲ၌ ထားခဲ့သောအိတ် ပျောက်ဆုံးသွားကြောင်း တိုင်ချက်လာဖွင့်သည်။

"လက်ဖက်ရည်ဆိုင်ထဲဝင်ပြီး လက်ဖက်ရည်သောက်တာ ဘယ်လောက်ကြာသလဲ"

ကျွန်ုပ်က မေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"သိပ်မကြာပါဘူး။ ဆယ်မိနစ်ကျော်လောက်ပါ"

သူက ဖြေသည်။

"ကားရပ်ထားတဲ့နေရာနဲ့ ခင်ဗျားလက်ဖက်ရည်သောက်တဲ့နေရာ ဘယ်လောက်ဝေးသလဲ"

"ပေငါးဆယ်ကျော်လောက်ပါ"

"ခင်ဗျားနဲ့အတူ ဘယ်သူပါသေးသလဲ"

"ဘယ်သူမှ မပါပါဘူး။ ကျွန်တော်တစ်ယောက်တည်းပါ"

"အဲဒီအချိန်မှာ ကာကာလက်ဖက်ရည်ဆိုင်ရှေ့မှာ တခြားကားတွေ ရှိသလား"

"မရှိဘူး။ ကျွန်တော့်ကားတစ်စီးပဲ ရှိတယ်။ ဆိုင်ထဲမှာ လူတွေများတယ်။ နောက်ပြီး ဈေးနားမှာဆိုတော့ ဆိုင်ရှေ့မှာ လူတွေ အသွားအလာများတယ်"

"ခင်ဗျားရဲ့ပစ္စည်းတွေ ပျောက်သွားတာကို လက်ဖက်ရည်ဆိုင်ပိုင်ရှင်ကို အသိပေးသေးလား"

"မပေးဘူး။ အိတ်မရှိတာကို သိသိချင်း ဒီကို အမြန်လာပြီးတိုင်တာပါ"

ကျွန်ုပ်သည် ရဲတပ်ကြပ်ကြီး အေးမောင်ကို ခေါ်၍ ထိုသူ၏ ကားဖြင့် လက်ဖက်ရည်ဆိုင်သို့သွားသည်။ ထိုသူမှာ ဂွတ္တလစ်လမ်း၌နေသော ရွှေကုန်သည် ဦးခင်စိုး ဆိုသူဖြစ်သည်။ သူ၏ ရွှေဆိုင်မှာ မဂိုလမ်း၌ရှိ၏။

"ခင်ဗျား အရင်က ဒီကာကာဆိုင်မှာ လက်ဖက်ရည်သောက်ဖူးသလား"

ကျွန်ုပ်က မေးသည်။

"တစ်ခါတလေ ဝင်သောက်ပါတယ်"

သူ၏ အဖြေ။

ကာကာဆိုင်သို့ ရောက်သောအခါ သူလက်ဖက်ရည်ထိုင်သောက်သည့်နေရာ၊ ကားရပ်ထားသည့်နေရာ စသည်တို့ကို အေးမောင်အား မြေပုံကြမ်း ဆွဲခိုင်းလိုက်သည်။ (သူသည် ကားကို ကျောပေးပြီး ထိုင်သည်ဟု ပြောသည်။)

ဆိုင်ရှင်ဒါဝတ်ကိုမေးရာ ဒါဝတ်က

"မနက်ပိုင်းဆိုတော့ လူပြည့်တယ်ဆရာ။ ဒီဆရာ ခပ်စောစောက လက်ဖက်ရည်လာသောက်တာ ကျွန်တော်သတိပြုမိတယ်။ ကားနဲ့လာတော့ ကျွန်တော် ပိုသတိပြုမိတယ်"

ဟု ပြောသည်။

လက်ဖက်ရည်ဆိုင်ထဲမှ လူများထဲ၌ ဤမြို့နယ်၏ လူဆိုးစာရင်းဝင်များကို မတွေ့ရဟု အေးမောင်က ကျွန်ုပ်ကို နှစ်ကိုယ်ကြားပြောသည်။

၎င်းနောက် ကျွန်ုပ်တို့သည် ဦးခင်စိုးကားဖြင့်ပင် ဂါတ်တဲသို့ ပြန်လာသည်။ ဦးခင်စိုး၏ ရွှေဆိုင်လိပ်စာကိုလည်း မေးပြီးမှတ်သားလိုက်သည်။

တာမွေဂါတ်တဲသို့ ပြန်ရောက်၍ ဦးခင်စိုးထွက်ခွာသွားသည်နှင့် ကျွန်ုပ်သည် တပ်ကြပ်ကြီးအေးမောင်အား -

"အေးမောင်...မင်းအရပ်ဝတ်နဲ့ ဦးခင်စိုးနောက်ကို တစ်နေကုန်ခြေရာခံပေတော့။ ပန်းဘဲတန်းဂါတ်ရဲ့ အကူအညီကိုလည်း ရယူပါ။ ငါ ဖုန်းဆက်ထားလိုက်မယ်"

ဟု တာဝန်ပေးလိုက်ပြီး နယ်ထိန်းဖိုးအောင်အား ဤတာမွေမြို့နယ်မှ သော့ဖွင့်ဝိဇ္ဇာဘတ္တကို သွားရောက်ထောက်လှမ်းခိုင်းသည်။

နေ့လယ်တွင် ဖိုးအောင် ပြန်ရောက်လာသည်။

"ဆရာ...ဘတ္တနဲ့ တွေ့ခဲ့တယ်။ ဒီအမှုမှာ သူရော၊ သူ့လူတွေရော မပါပါဘူးတဲ့။ နောက်ပြီး နယ်ကျော်လူဆိုးတွေလည်း မဖြစ်နိုင်ဘူးတဲ့။ နယ်ကျော်ရင် သူချက်ချင်းသိနိုင်တယ်တဲ့။ ဒီကောင့်အကြောင်း ကျွန်တော်သိတယ်။ ဒီကောင်ဟာ မညာတတ်ဘူး"

ညနေ ၄ နာရီခန့်၌ အေးမောင် ပြန်ရောက်လာသည်။ သူ့အမူအရာမှာ ရွှင်နေသည်။

"ဆရာ . . .ဦးခင်စိုးအကြောင်း ကျွန်တော် စုံစုံလင်လင်စုံစမ်းလို့ရတယ်"

"အေးပါ။ မင်းမျက်နှာကို ကြည့်ပြီး ငါသိပါတယ်"

"ဒီလိုဆရာ။ သူဟာ အရင်က အခုသူ့ဆိုင်မှာ စာရေးလုပ်တယ်။ အရင်ရွှေဆိုင်ပိုင်ရှင်က ဦးလှဘော်။ ဦးလှဘော်ဇနီးက ဒေါ်မိမိကြီး။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်လောက်မှာ ဦးလှဘော်သေသွားတော့ ဒေါ်မိမိကြီးက ရိုးသားတယ်ဆိုပြီး ဦးခင်စိုးကို ဆိုင်မန်နေဂျာခန့်လိုက်တယ်။ ဦးခင်စိုးနဲ့ မုဆိုးမ ဒေါ်မိမိကြီးတို့ ကြိုးချင်းထိပြီး လွန်ခဲ့တဲ့ ငါးနှစ်လောက်က ယူလိုက်ကြတယ်"

"ဒေါ်မိမိကြီးမှာ အရင်အိမ်ထောင်နဲ့ သားသမီးတွေ မရှိဘူးလား"

"မရှိဘူးတဲ့ ဆရာ"

"အင်း...ဆက်ပြော"

"ဒေါ်မိမိကြီးဟာ ဦးခင်စိုးထက် အသက်ဆယ်နှစ်လောက် ပိုကြီးတယ်

www.burmeseclassic.com

တဲ့။ လွန်ခဲ့တဲ့ ဆယ်လကျော်ကျော်လောက် ဒေါ်မိမိကြီးလေဖြတ်ပြီး အိပ်ရာထဲလဲနေတဲ့ဘဝ ရောက်သွားတယ်တဲ့"

"ဩော်···ဩော်၊ အင်းပေါ့လေ"

"ဒါနဲ့ ဦးခင်စိုးဟာ ရွှေဆိုင်အလုပ်ကတစ်ဖက်၊ မိန်းမကိုပြုစုရတာက တစ်ဖက်ဆိုတော့ ရွှေလုပ်ငန်းနည်းနည်းပါးပါးနားလည်တဲ့ သူ့ရဲ့တူမ နှစ်ဝမ်းကွဲတော်တဲ့ မရွှေရီဆိုသူကို ဆိုင်မှာအလုပ်ခန့်လိုက်တယ်။ အသက်က နှစ်ဆယ့်ငါးနှစ်ကျော်ကျော်၊ ရုပ်ရည်ကအသင့်အတင့်ပဲ ကျွန်တော်တွေ့ခဲ့ရတယ်"

"မရွှေရီက ဘယ်မှာနေသလဲ"

"မအူကုန်းမှာ နေတယ်လို့ သိရတယ်"

အေးမောင်သည် မရွှေရီ၏ အိမ်လိပ်စာကို ပြောပြသည်။ ကျွန်ုပ်သည် ထိုလိပ်စာကို မှတ်သားထားလိုက်သည်။ ထို့နောက် အေးမောင်အား -

"ကဲ···မင်းနားပေတော့"

ဟု ပြောလိုက်သည်။

ညနေ ၄ နာရီခွဲခန့်တွင် ဦးခင်စိုး ရောက်လာသည်။

"ဆို···ဦးခင်စိုး"

"ကျွန်တော် တစ်ခုစဉ်းစားမိလို့ ဝင်လာတာပါ"

"ပြောပါ"

"ကျွန်တော့်ဇနီးဟာ လေဖြတ်ခံထားရပြီး ကိုယ်တစ်ခြမ်းသေနေတော့ အခု ရတနာတွေပျောက်မှုကို သူ့ကို အသိမပေးဘဲထားရင် ကောင်းမလားလို့ပါ"

"အေးလေ၊ ခင်ဗျားရဲ့ဇနီး ကျန်းမာရေးကြောင့် အသိမပေးချင်ဘူးဆိုရင် ကျွန်တော်တို့ ခင်ဗျားဇနီးကို အသိမပေးပါဘူး"

ထို့နောက် ဦးခင်စိုးပြန်သွားသည်။

ဦးခင်စိုးပြန်သွားသည်နှင့် ကျွန်ုပ်သည် တပည့်တစ်ယောက်အား မအူကုန်းအမှိုက်ပုံအနီး၌နေသည့် ကျွန်ုပ်ခိုင်းနေကျ ကုလားကလေး စွပ်ပရားကို အခေါ်လွှတ်လိုက်သည်။ အသက် ၁၆ နှစ်ကျော်ကျော်သာ ရှိသေးသော စွပ်ပရားသည် ကျွန်ုပ်စုံစမ်းခိုင်းသည်များကို စုံစမ်းပေးနိုင်သူ ဖြစ်သည်။ စွပ်ပရားကို မရွှေရီလိပ်စာပေးပြီး စုံစမ်းခိုင်းလိုက်သည်။

ည ၈ နာရီခွဲခန့်၌ ဖိုးအောင်ပြန်ရောက်လာသည်။

"ဆရာ···ဒီမြို့နယ်က လူဆိုးစာရင်းဝင်သူတွေကို ကျွန်တော်လိုက်စုံစမ်းပါတယ်။ သူတို့နဲ့ မပတ်သက်ပါဘူးတဲ့။ တခြားနယ်က လာလုပ်တာလဲ မဖြစ်နိုင်ဘူးတဲ့။ လာလုပ်ရင် သူတို့သိမှာပါတဲ့ဆရာ"

"အေး···အေး ကောင်းပြီ။ မင်းလည်းနားပေတော့"

ဦးခင်စိုး၏ ရတနာထုပ်ပျောက်ဆုံးပြီး နှစ်ရက်အကြာ နံနက်စောစောတွင် ကုလားလေး စွပ်ပရားရောက်လာသည်။

"ဆပ်···မအူကုန်းမှာနေတဲ့ မရွှေရီအိမ်ကို မနက် ၉ နာရီလောက်မှာ မောရစ်ကားအနက်၊ ကားအမှတ် ----နဲ့ အသက်ငါးဆယ်အရွယ် လူတစ်ယောက်ရောက်လာတယ်။ မရွှေရီကို ကားပေါ်တင်ခေါ်သွားတယ်။ ညနေ ၄ နာရီလောက်မှာ သူတို့ပြန်လာကြတယ်။ မရွှေရီအိမ်မှာ သူ့အမေ အသက်ခြောက်ဆယ်လောက်ရယ်၊ မရွှေရီရဲ့မောင်လေး အသက်ကတော့ ကျွန်တော့်လောက်ပဲ၊ ဒါပဲရှိကြတယ်။ အဲ···တစ်ခုထူးတာကတော့ ညနေ ၆ နာရီလောက်ရောက်ရင် မရွှေရီအိမ်ကို အသက် ၃၀ လောက်ရှိတဲ့ လူတစ်ယောက်လာတယ်ဆပ်။ သူဟာ မရွှေရီနဲ့အတူ ဧည့်ခန်းမှာ အကြာကြီးစကားပြောရင် တစ်ယောက်နဲ့တစ်ယောက် လက်ပုတ်၊ ပေါင်ပုတ်လုပ်ကြတယ်ဆပ်။ ည ၉ နာရီလောက်မှ ပြန်သွားတယ်"

စွပ်ပရားက ပြောသည်။

"နေဦး။ အဲဒီအချိန်မှာ မရွှေရီအမေနဲ့ သူ့မောင် မရှိဘူးလား"

"သူ့မောင်ကတော့ အဲဒီလူလာရင် အပြင်ကိုထွက်သွားတယ်။ သူ့အမေကတော့ ဧည့်ခန်းမှာ ခဏထိုင်ပြီး အိမ်ထဲဝင်သွားတယ်"

"အဲဒီလူနဲ့ မရွှေရီအကြောင်း မင်းမစုံစမ်းဘူးလား"

"စုံစမ်းတာပေါ့ ဆပ်။ သူတို့ဟာ ချစ်သူတွေလို့ အိမ်နီးချင်းတွေက ပြောတယ်"

၎င်းနောက် ကျွန်ုပ်သည် စွပ်ပရားအား မုန့်ဖိုးပေးပြီး -

"ထပ်စုံစမ်းဦးကွာ။ အကြောင်းထူးရင် ချက်ချင်း ငါ့ကိုလာပြော"

ဟု မှာလိုက်သည်။

နောက်တစ်နေ့ နံနက်၌ ကျွန်ုပ်သည် အေးမောင်အား ဦးခင်စိုးကို ခြေရာခံလိုက်ရန်နှင့် ဖိုးအောင်ကို မရွှေရီအား ခြေရာခံလိုက်ရန် တာဝန်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ညနေပိုင်း၌ နှစ်ယောက်စလုံးထံမှ သတင်းများရသည်။ ဦးခင်စိုးနှင့် ရွှေရီတို့မှာ အနေအထိုင်၌ တူဝရီးအဆင့်ထက် ကျော်လွန်နေကြောင်း ပြောကြပါသည်။ ဦးခင်စိုးမှာ ပစ္စည်းများပျောက်သည်ဟု ဆိုသော်လည်း အပူအပင်ရှိပုံမရဟု ပြောကြသည်။

နောက်တစ်နေ့ နံနက်စောစောတွင် စွပ်ပရားရောက်လာသည်။

"ဆပ်···မရွှေရီခရီးထွက်တော့မယ်"

"ဘယ်သူနဲ့လဲ"

"သူ့အိမ်ကို ညဘက်လာတဲ့သူနဲ့"

"ဘယ်တော့ထွက်မှာလဲ"

"မနက်ဖြန်မနက်"

ကျွန်ုပ်သည် ပြက္ခဒိန်ကို လှမ်းကြည့်လိုက်သည်။ မနက်ဖြန် တနင်္ဂနွေနေ့။

"ဘယ်ကို ခရီးထွက်မှာလဲ"

"မနက် ၆ နာရီမှာ မီးရထားနဲ့ ပြည်မြို့ဘက်ကိုလို့ သိရတယ်"

ကျွန်ုပ်စဉ်းစားလိုက်သည်။

လေဖြတ်ထားသော အမျိုးသမီးတစ်ယောက်၏ ယောက်ျား။ တူမနှင့် တူဝရီးထက် ကျော်လွန်၊ ပစ္စည်းပျောက်သော်လည်း အပူအပင်မရှိသူ။ တာမွေမှ လူဆိုးတွေကလည်း ပစ္စည်းထုပ်ကို မခိုးပါဟု အနိုင်အမာပြောနေကြ။ ဒီကြားထဲ မရွှေရီက ချစ်သူနဲ့ ခရီးထွက်မည်။ တနင်္ဂနွေနေ့တွင်။ မရွှေရီတွင် ချစ်သူရှိသည်ကို ဦးခင်စိုး သိပုံမရ။

ကျွန်ုပ်သည် အထပ်ထပ်စဉ်းစားပြီးနောက် နောက်တစ်နေ့နံနက် ၄ နာရီတွင် အရပ်ဝတ်များဝတ်၍ အေးမောင်နှင့် ဖိုးအောင်တို့နှင့်အတူ မရွှေရီအိမ်ရှေ့တွင် လူခွဲ၍ စောင့်ကြည့်နေစဉ် နံနက် ၅ နာရီ၌ အိမ်တံခါးပွင့်လာကာ မရွှေရီနှင့် လူတစ်ယောက် အထုပ်အပိုးကိုယ်စီနှင့် ထွက်လာကြသည်။ သူတို့ လမ်းပေါ်အရောက်တွင် ကျွန်ုပ်တို့က သူတို့ကိုဝိုင်းထားကာ -

"ငါတို့ တာမွေရဲစခန်းက ရဲတွေ။ သတင်းတစ်ခုရထားလို့ မင်းတို့ရဲ့အိတ်တွေကို ရှာမယ်။ ရှာဖွေအမိန့်လည်းရှိတယ်"

ဟု ပြောပြီး ရှာရာ ရွှေရီ၏ အိတ်ထဲမှ ရတနာထုပ်ကို တွေ့ရသည်။ ရွှေရီ ငိုပါတော့သည်။

ကျွန်ုပ်သည် သူတို့ကို ဂါတ်တဲသို့ ခေါ်လာပြီး စစ်သည်။ ရွှေရီက ငင်းရွှေထုပ်ကို ဦးခင်စိုးကပေးထားကြောင်း ဝန်ခံသည်။

ကျွန်ုပ်သည် ဦးခင်စိုးအပေါ် ဒေါသထွက်သွားသည်။ ကျွန်ုပ်တို့ကို လှည့်စားသူကို ပြင်းပြင်းထန်ထန်အရေးယူရန်၊ အပြစ်ပေးရန် ဆုံးဖြတ်ပြီး အေးမောင်အား ဦးခင်စိုးကို အခေါ်လွှတ်လိုက်သည်။

ရွှေရီနှင့် သူ့ချစ်သူကို ဦးခင်စိုး မမြင်နိုင်သည့်နေရာ၌ ထားလိုက်သည်။ နံနက် ၈ နာရီခန့်တွင် ဦးခင်စိုးရောက်လာသည်။

ကျွန်ုပ်သည် ရွှေထုပ်ကို ထုတ်ပြလိုက်သည်။

"ဆရာ···ဆရာတို့ ဘယ်လိုရသလဲ"

သူ၏မျက်နှာ ပျက်နေသည်။

"ဘယ်လိုရသလဲဆိုတော့··· အေးမောင်ရေ မရွှေရီကို ခေါ်ခဲ့ပါ"

ဟု ကျွန်ုပ်က ပြောလိုက်သည်။

မရွှေရီ ကျွန်ုပ်အနီးသို့ရောက်လာသောအခါ ဦးခင်စိုး၏ မျက်လုံးအိမ်များထဲမှ မျက်ရည်များကျလာပါတော့သည်။

"ကျွန်တော်မှားသွားပါပြီ။ ကျွန်တော့်ဇနီးအပေါ် လိမ်ညာပြီး ဒီရွှေထုပ်နဲ့ ရွှေရီနဲ့အတူတူနေဖို့ အစီအစဉ်လုပ်ထားခဲ့တာပါ။ အခုတော့ ကျွန်တော်ဒုက္ခရောက်ပါပြီ။ မိန်းမတစ်ယောက်ကို ယုံမိတဲ့အမှားပါ"

"ကျုပ်တို့ကို ဘယ်တော့မှမလှည့်စားနဲ့။ ကျုပ်တို့က ဒီဘက်မှာ အတွေ့အကြုံရှိပြီးသား။ ဒီကိစ္စကို ကျုပ်တို့မင်းကြီးထံ တင်ရမယ်။ မင်းကြီးအမိန့်အတိုင်း ဆောင်ရွက်ရမယ်"

ကျွန်ုပ်သည် ဦးခင်စိုးအမှုကို ရဲမင်းကြီးထံသွား၍ အသေးစိတ်တင်ပြလိုက်ပါသည်။

ရဲမင်းကြီးသည် အချိန်အတန်ကြာ စဉ်းစားပြီးနောက် -

"ဦးခင်စိုး နောင်တရသွားပါပြီ။ သူ့ကို ဆုံးမပြီး ပြန်လွှတ်လိုက်။ ရွှေရီနဲ့ သူ့ချစ်သူမှာ အပြစ်မရှိဘူး"

ဟု အမိန့်ချလိုက်ပါသည်။

ကျွန်ုပ်သည် ရဲမင်းကြီးအမိန့်အတိုင်း ဆောင်ရွက်ရပါသည်။

ဦးခင်စိုးသည် ရွှေရီကို သူ့ဆိုင်မှ ထုတ်ပစ်လိုက်ကြောင်း မောင်အေးမောင်က ပြော၍ သိရ၏။

ရွှေရီကို ဦးခင်စိုးသည် ငွေများ ပေးလိုက်ရမည်ကတော့ သေချာ၏။

**မြသိန်း**



www.burmeseclassic.com

www.burmeseclassic.com



# အမျိုးသမီးခြောက်ယောက်ကို မြေအောက်ခန်းထဲ၌ လှောင်ထားသူ သေဒဏ်ကျခံသွားရ

■ ဦးဦးသိန်း

တရုတ်ပြည်၏ မြို့တော်ပေကျင်းရှိ အေအက်ဖ်ပီ သတင်းတစ်ပုဒ်တွင် တရုတ်ပြည်မှ နိုင်ငံ့ဝန်ထမ်းဟောင်း တစ်ယောက်အား အမျိုးသမီးခြောက်ယောက်ကို မြေအောက်ခန်းထဲ၌ လိင်ကျေးကျွန်အဖြစ် ပိတ်လှောင်ထားခဲ့ပြီး ထိုခြောက်ယောက်ထဲမှ နှစ်ယောက်ကိုသတ်ဖြတ်ခဲ့မှုဖြင့် ထိုပြစ်မှုများကို ကျူးလွန်ခဲ့သူကို သေဒဏ်အပြစ်ချမှတ်ပြီး သေဒဏ်စီရင်လိုက်ကြောင်း တရားဝင်သတင်းထွက်ပေါ်လာသောအခါ တရုတ်တစ်နိုင်ငံလုံး အံ့သြတုန်လှုပ်သွားသည်ဟု ဖော်ပြထား၏။

အသက် ၃၆ နှစ်အရွယ် လီဟာအိုသည် လူသတ်မှု၊ မုဒိမ်းကျင့်မှုနှင့် ပိတ်လှောင်ထားမှု စွဲချက်များဖြင့် လူအိုရန်မြို့တွင် အဆုံးစီရင်လိုက်ပြီဟု သတင်းထုတ်ပြန်လိုက်သောအခါ လူအများက သူသည် ထိုအပြစ်ဒဏ်ကို ကျခံထိုက်သည်ဟု ပြောကြ၏။

လီဟာအို(ပ်)သည် ၂၀၀၉ တွင် သူ၏နေအိမ်အောက်ထပ် ခြံကြီးကိုတူး၍ မြေအခန်းများကိုဖွဲ့ကာ နှစ်လမှ ၂၁ လအတွင်း၌ အမျိုးသမီးခြောက်ယောက်ကို ဖမ်းဆီးပြီး မြေအောက်ခန်းထဲထည့်ကာ မုဒိမ်းကျင့်ခဲ့သည်ဟု နိုင်ငံပိုင်သတင်းဌာန ဆင်ဟွာမှ သတင်းဖော်ပြလိုက်၏။

သူဖမ်းထားသော အမျိုးသမီးများအနက် ငါးယောက်မှာ ပြည့်တန်ဆာများဖြစ်ကြပြီး တစ်ယောက်မှာ ပင်္ဂသန္တေ ဘားဆေးများရောင်းသူဖြစ်သည်ဟု တရုတ်ပြည်သူ့နေ့စဉ်သတင်းစာ၌ ဖော်ပြထား၏။

လီသည် အမျိုးသမီးများ ထွက်မပြေးနိုင်ရန် တံခါးများကို အခိုင်အခံ့ပြုလုပ်ထားသည်ကို တွေ့ရ၏။

သူဖမ်းဆီးထားသော အမျိုးသမီးများ၏ အသက်များမှာ ၁၆ နှစ်မှ ၂၃ နှစ်အကြား၌ ရှိကြ၏။ သူတို့မှာ ကာရာအိုကေ အရက်ဆိုင်များ၊ ဆံပင်အလှပြင်ဆိုင်များနှင့် အနှိပ်ခန်းများ၌ အလုပ်လုပ်နေသော ပြည့်တန်ဆာများ ဖြစ်ကြ၏။

လီကို ၂၀၁၁၊ စက်တင်ဘာလ၌ ရဲတို့က ဖမ်းဆီးရမိခဲ့၏။ လီမှာ အိမ်ထောင်ရှိ၏။ လီသည် သူ့ဇနီးကို အခြားတစ်နေရာ၌ထားပြီး ဇနီးအား သူသည် ညစောင့်အလုပ်လုပ်သည်ဟု လိမ်ညာထား၏။

၂၀၁၁ တွင် လီသည် သူဖမ်းထားသော အမျိုးသမီးများကို အွန်လိုင်းပေါ်တင်၍ လိင်ပျော်ပါးလိုသူများထံမှ အခကြေးငွေယူ၍ ဝင်ငွေရှာခဲ့၏။

သူဖမ်းထားသော အမျိုးသမီးများအနက် နှစ်ယောက်မှာ သူ့စနက်ကြောင့် သေဆုံးသွား၏။

၂၀၁၁၊ စက်တင်ဘာလတွင် သူဖမ်းထားသော အမျိုးသမီးများထဲမှ တစ်ယောက်သည် သူမရှိတုန်း ထွက်ပြေးလွတ်မြောက်သွားကာ ရဲစခန်းတွင် တိုင်ကြားသောကြောင့် လီ၏ ဒုစရိုက်လုပ်ငန်းကို ထိုသောအခါ ရဲတို့သိသွားကြ၏။

ဒေသရဲတပ်ဖွဲ့အကြီးအကဲသည် သူ၏ လက်အောက်မှ ရဲအရာရှိလေးယောက်ကို ရာထူးမှ ခေတ္တချထားလိုက်ပြီး ဒေသခံလူထုကို တောင်းပန်စကားပြောကြားလိုက်ရ၏။

တရုတ်ပြည်၌ဖြစ်ခဲ့သော အလားတူဖြစ်ရပ်မျိုးသည် ဩစတြီးယား၊ အမေရိကန်၌လည်း ဖြစ်ပွားခဲ့မှုရှိသည်ဟု အေအက်ဖ်ပီက သတင်းရေးသားထား၏။

ဦးဦးသိန်း

*T.S.T, 22.2.2014*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကိုကျီးညို သာပါစေလေး

ဝင်းသောင်(ရမည်းသင်း)

"သူ့အမည်က ကျီးညို...တဲ့"

ဒီအမည်ကို သူ့အမေနဲ့အဖေက လှူရယ်လို့ဖြစ်လာရင် ထုံးတမ်းစဉ်လာအတိုင်း နာမည်တော့ရှိမှဆိုပြီး ပြီးစလွယ် ပေးလိုက်တာမဟုတ်ဘူး" လို လားချက်တွေ၊ ဆန္ဒတွေ၊ မျှော်လင့်ချက်တွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ ပေးခဲ့ကြတာ။

သက်ကြီးစကား သက်ငယ်ကြားဆိုတာလို ကြားသိမှတ်သားရခဲ့ဖူးတာကတော့ ဒီနေ့က စတင်ရေတွက်ရမယ်ဆို ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ ကျော်က မြန်မာပြည်ထက်အောက် တစ်နံ့တစ်လျားနဲ့ မြေလပ်မကျန် အလွန်ကျော်ကြား လူကြိုက်များလှတဲ့ ဓာတ်ပြားတက္ကသိုလ် ရွှေကျီးညိုရယ်လို့ အမည်ရတဲ့ ဇာတ်မင်းသားကြီးတစ်ဦး ရှိခဲ့ဖူးတာ မြန်မာပြည်သားတော်တော်များများ သိခဲ့ကြပါတယ်။

ဘာကြောင့် မင်းသားကြီးဟာ ဓာတ်ပြားတက္ကသိုလ် ရွှေကျီးညိုလို့ နာမည်ရသလဲဆိုတော့ မင်းသားကြီးဟာ အသံအလွန်ကောင်းတယ်။ ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင် စတဲ့ ဇာတ်ထုပ်တွေကို ဇာတ်ခုံပေါ်မှာ ကပြဖြေဖျော်ရုံမဟုတ်ဘူး။ ဓာတ်ပြားသွင်းပြီး ပြည်သူတွေကို ဖြေဖျော်ခဲ့တာကြောင့် ဓာတ်ပြားတက္ကသိုလ်ရွှေကျီးညိုရယ်လို့ ထင်ပေါ်ကျော်ကြားခဲ့တာ။

ထိုစဉ်က မင်းသားကြီးနဲ့ အတွဲညီခဲ့တဲ့ ဇာတ်မင်းသမီးကြီးကတော့ ပဲခူးမြလို့ အမည်ရခဲ့တဲ့ မင်းသမီးကြီးပဲ။ ဓာတ်ပြားကုမ္ပဏီများအနေနဲ့ မင်းသားကြီး ရွှေကျီးညို၊ မင်းသမီးကြီး ပဲခူးမြတို့အတွဲကို ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင် ဇာတ်ကြောင်းတွေကို ဇာတ်အိမ်ဖွဲ့ သီဆိုစေပြီး မြန်မာပြည်တစ်နံ့တစ်လျား ဖြန့်ချိကြတာ ဓာတ်ပြားကုမ္ပဏီများ အမြတ်အမြတ်အစွန်းတွေ ရကြတယ်။ မင်းသားနဲ့ မင်းသမီးတို့ရဲ့ ဆိုဟန်ဆိုပေါက်တွေကလည်းကောင်း။ ဇာတ်စာဆရာကြီးရဲ့ အရေးအသား အကွန့်အညွှန့်တွေကလည်း ကောင်းတော့ ခေတ်စကားနဲ့ပြောရရင် သူတို့ဓာတ်ပြားတွေ ပေါက်တယ်ဆိုပါတော့။

မင်းသားကြီးရဲ့ အရှိန်ကြောင့်လားတော့ မသိဘူး။ သူ့ရဲ့သားတွေဖြစ်တဲ့ စိန်ကျီးညို၊ မြကျီးညိုဆိုတဲ့ မင်းသားလေးများနဲ့ တွဲပွဲထွက်လာရင် ပွဲကြည့်ပရိသတ် ဝက်ဝက်ကွဲအောင် အားပေးကြတယ်။ ပွဲစဉ်တစ်လျှောက် ရုံပြည့်ရုံလျှံပဲ။ မင်းသားလေးများအနေနဲ့ အဲဒီအချိန်က ခုနစ်နှစ်၊ ရှစ်နှစ်သားအရွယ်တွေမို့ သမ္မာတော့ သိပ်မရင့်ကြသေးဘူး။ ဒါပေမယ့် ဘမျိုးဘိုးတူဆိုသလိုပဲ ဆိုဟန်၊ ကဟန်တွေကတော့ ချစ်စရာကောင်းပါတယ်။ (ခုအချိန်ဆို မင်းသားလေးတွေတောင် ဇရာပိုင်းရောက်နေလောက်ပြီ။)

××× ××× ×××

ပဲခူးရွှေမော်ဓောဘုရားဆိုတာ မြန်မာနိုင်ငံ တစ်နံ့တစ်လျားမှာ သမိုင်းဝင် အထင်ကရ ဘုရားကြီးတစ်ဆူပါပဲ။ နှစ်စဉ်နှစ်တိုင်း ဘုရားပွဲတော် ရက်ရှည်ကျင်းပလေ့ရှိတယ်။ ဘုရားပွဲဝင်တဲ့နေ့ကစပြီး ဘုရားပွဲကျင်းပတဲ့ ကွင်းထဲမှာ ရေမဇာတ်ရုံကြီး လေးရုံကို ဆောက်တယ်။ အဲဒီဇာတ်ရုံကြီးတွေမှာ ကန့်လန့်ရိုက်စနစ်နဲ့ဝင်လာတဲ့ ဇာတ်ကြီးတွေကဟာပြီး ဂိတ်ရှိုးလို့ခေါ်တဲ့ ကြော်ငြာပိုစတာကြီးတွေ၊ ရွှေမင်းသားရဲ့ အလှအကရုပ်ပုံတွေ သူ့ထက်ငါ အပြိုင်အဆိုင်ထောင်၊ မီးရောင်စုံတွေ တလက်လက် ထွန်းထားတာဟာ အံ့မခန်းစရာပါပဲ။ (ခုခေတ် LED နီယွန်မီးကြောင့် ပိုပြီးခမ်းနားလာပါတယ်။)

ပွဲတော်ကွင်းရဲ့ အနောက်ဘက်ခပ်ယွန်းယွန်းလောက်မှာတော့ ဗလာဇာတ်ကမယ့် ဇာတ်ရုံ၊ ဆပ်ကပ်နဲ့ မျက်လှည့်ပွဲပြမယ့် ဇာတ်ရုံတွေ ရှိကြတယ်။

www.burmeseclassic.com

ပဲခူးမြို့ပတ်ဝန်းကျင် ကျေးရွာများက မိသားစုအလိုက် လှည်းတွေနဲ့လာကြပြီး ဗလာပွဲကမယ့် ဇာတ်ရုံပတ်ဝန်းကျင်မှာ လှည်းဝိုင်းချလို့ ဇာတ်ပွဲ၊ ဆပ်ကပ်၊ မျက်လှည့်ပွဲ၊ မိုးအလင်း ကြိုက်သလိုကြည့်ရင်း ဘုရားပွဲဈေးမှာ ဝယ်စရာရှိတာဝယ်၊ ရောင်းစရာရှိတာ ရောင်းကြပါတယ်။ ဒါက နှစ်စဉ်ဘုရားပွဲချိန်တိုင်း သူတို့ဆောင်ရွက်နေကျပါ။ တချို့များဆို ဇာတ်ဝင်တဲ့နေ့စလို့ ပတ်စာခွာ၊ ဖျာလိပ်မှပဲ ရှာပြန်ကြပါတယ်။

ဘုရားပွဲကြီးမှာ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်က အရောင်းအဝယ်သမားတွေ ရောက်လာပြီးပစ္စည်းမျိုးစုံ ရောင်းဝယ်ဖောက်ကားကြတော့ ဘယ်ဒေသက ထွက်ကုန်ပဲဖြစ်ဖြစ် အလွယ်တကူ ဈေးနှုန်းချိုချိုသာသာနဲ့ ဝယ်လို့ရနိုင်ပါတယ်။ ပဲခူးနယ်တစ်ဝိုက်က လူအများစုဟာ သူတို့လိုအပ်တဲ့ ပစ္စည်းကို ဘုရားပွဲရောက်မှ ဝယ်ကြတယ်။ ပစ္စည်းမှန် ဈေးမှန် ရတယ်။ ပဲခူးသူ၊ ပဲခူးသားတွေအတွက်ကတော့ ပဲခူးဘုရားပွဲတော်ကြီးဟာ တခုတ်တရနွှဲကြတဲ့ ပွဲကြီးပါပဲ။

ရုံပွဲသွင်းတဲ့ ဇာတ်ကြီးတွေကတော့ ခုနစ်ရက်ခုနစ်လီ အနည်းဆုံး ငါးည ငါးချီ၊ ချီကောက် ကလေ့ရှိကြပါတယ်။ ဒါမှ ဇာတ်စုံဝင်နိုင်မှာလေ။ ဇာတ်သမားလာတော့ မုတ်သားစရာပါ။ ဇာတ်သမားပြန်တော့ မုတ်သားစရာကျန်တဲ့။ ဇာတ်ကြီးတွေဟာ သူ့ခေတ်နဲ့သူ ကောင်းကြပါတယ်။ ဇာတ်ကြီးဆိုရင် ပဲခူးရွှေမော်ဓောဘုရားပွဲ မဝင်ဖူး။ မကဖူးတဲ့ ဇာတ်မရှိပါဘူး။ ပဲခူးသူ၊ ပဲခူးသားအများစုကလည်း ကြိုက်ကြပါတယ်။ အားပေးကြပါတယ်။ အဲဒီ ဇာတ်ကြီးတွေအနက်က ရွှေကျီးညို၊ စိန်ကျီးညို၊ မြကျီးညိုတို့ ဇာတ်သဘင်ကို ဆရာကိုအေးမောင်နဲ့ မခင်ယုန်တို့လင်မယားက သိပ်ကြိုက်ကြတယ်။ အဲဒီဇာတ်မှာက ပဲခူးမြဆိုတဲ့ မင်းသမီးကြီးလည်း ပါတော့ ရွာစွဲ၊ မြို့စွဲ၊ ဒေသစွဲပဲပြောပြော ပဲခူးသူနဲ့ ပဲခူးသား စစ်စစ်တွေဖြစ်တဲ့ သူတို့လင်မယား ကြိုက်မိတာပေ့ါ။

ဆရာကိုအေးမောင်နဲ့ မခင်ယုန်တို့လို ညားခါစ ဇနီးမောင်နှံတွေအတွက် ဘုရားသွားလည်းအတူတူ၊ ပွဲသွားလည်းအတူ၊ စိတ်သဘောချင်းလည်း တိုက်ဆိုင်တော့ ရွှေကျီးညို၊ စိန်ကျီးညို၊ မြကျီးညိုတို့ ငါးချီ ငါးည ကတဲ့ပွဲကို သုံးညဆက်ကြည့်ဖြစ်ကြတယ်။ ဒါတောင် ဆရာကိုအေးမောင်က ကျောင်းဖွင့်တဲ့ရက် တာဝန်ရှိနေတာကတစ်ကြောင်း၊ မခင်ယုန်ကလည်း အရောင်းအဝယ် မပျက်ခင်တာကြောင့် ကျန်နှစ်ရက်ကို မကြည့်ဖြစ်တာ။ ပဲခူးသူ၊ ပဲခူးသား ကျန်ပွဲကြည့်ပရိသတ်များဆို ပွဲစဉ်အတိုင်း ငါးချီ၊ ငါးည ကမလား။ ပွဲစဉ် (၁)ကနေ (၅)အထိ ဖျာနံပါတ်တူဖျာတွေဝယ်ပြီး တစ်လျှောက်လုံးကြည့်တာ။ အင်းလေ၊ ပွဲကြိုက်တာကိုး။

စိန်ကျီးညိုနဲ့ မြကျီးညိုဆိုတဲ့ သားလေးနှစ်ယောက်ကို မင်းသားကြီးက ဇာတ်ခွင်အလိုက် သင့်တဲ့နေရာမှာ ထည့်သုံးထားတာကလည်း အံဝင်ခွင်ကျတယ်။ မင်းသားလေးတွေကလည်း ကနိုင်၊ ဆိုနိုင်တယ်။ အဲဒီမှာ ပရိသတ်က မင်းသားလေးတွေကို အသည်းစွဲသွားတာ။

"အစ်ကို··ကျွန်မတော့ မင်းသားလေးတွေကို ကျွန်မသားလေးတွေသာ ဖြစ်လိုက်စမ်းပါလို့ စိတ်ကူးယဉ်မိတယ်။ အစ်ကိုကောဟင်···"

"အစ်ကိုလည်း ခင်ယုန်နဲ့ ဘစ်ထပ်တည်းပဲ"

"ဒါဆို ခင်ယုန်တို့သားလေးမွေးရင် ကျီးညိုလို့ အမည်ပေးမယ်။ သမီးလေးမွေးရင် မကျီးညိုပေ့ါ"

××× ××× ×××

ဆရာကိုအေးမောင်က မူလတန်းပြဆရာ။ မြို့ပေါ်မှာတော့မဟုတ်ဘူး၊ ပဲခူးမြို့နဲ့ မနီးမဝေး မြို့ပြောက်ဘက်နားဆီက ရွာလေးတစ်ရွာမှာပါ။ မခင်ယုန်တစ်ယောက်ကတော့ ပဲခူးဈေးထဲမှာ သနပ်ဖက်ရောင်းပါတယ်။ လင်မယားနှစ်ယောက်လုံးက စနစ်သမားတွေမို့ စီးပွားရေးအကောင်းကြီးမဟုတ်တောင် စားဝတ်နေရေး အဆင်ပြေပါတယ်။

ကိုအေးမောင် မိဘများလက်ထက်ကတည်းက ပဲခူး(--)လမ်းမှာ ပျဉ်ထောင်၊ သွပ်မိုးတစ်ထပ်အိမ်လေး အမွေရထားတာမို့ နေထိုင်ရေးအတွက် မပူပင်ရပါဘူး။ လင်မယားနှစ်ယောက်ရဲ့ဝင်ငွေကို စားသင့်တာစား၊ လှူသင့်တာလှူ၊ စုဆောင်းသင့်တာ စုဆောင်းကြလို့လည်း စီးပွားရေးအခြေအနေ တစ်စတစ်စ တိုးတက်ချောင်လည်လာကြပါတယ်။

တစ်ခုထူးခြားတာက ကိုအေးမောင်နဲ့ မခင်ယုန်တို့အတွက် လိုလားတောင့်တနေတဲ့ သားသမီးရတနာရမယ့်



www.burmeseclassic.com

www.burmeseclassic.com

အခြေအနေ ဖြစ်လာတာပါပဲ။ မခင်ယုန် တစ်ယောက် ကိုယ်ဝန်ဆောင်ခဲ့ပြီလေ။

"အစ်ကို. . ."

"ဘာလဲ. . .ခင်ယုန်"

"အစ်ကိုနဲ့ ခင်ယုန်တို့ သားသမီး ရတဲ့အခါ အမည်ပေးဖို့ကိစ္စ မမေ့ကြေးနော်"

"ဘယ်မေ့မှာလဲကွာ။ အစ်ကို သတိပါတယ်"

မကြာလိုက်ဘူး။ မခင်ယုန် သားယောက်ျားလေးမွေးတယ်။ မွေးမွေးချင်း မိခင်ဝမ်းက ကျွတ်ကျွတ်ချင်း ကိုအေးမောင်နဲ့ မခင်ယုန်တို့က သူတို့သားလေးကို ကျီးညိုလို့ အမည်ပေးလိုက်တယ်။

"ဟယ် . . .မောင်အေးမောင် ကလေးနာမည်က နေ့နံလည်းမကိုက်ဘူး"

"ကိုက်ကိုက်၊ မကိုက်ကိုက် ကျွန်တော်တို့ကြိုက်လို့ မှည့်တာ"

မခင်ယုန်ရဲ့ အစ်မအကြီးဆုံး မခင်သုန်က ကလေးအမည် နေ့နံမကိုက်တဲ့အကြောင်းပြောရာ ဆရာကိုအေးမောင်နဲ့ မခင်ယုန်တို့နှစ်ယောက်စလုံးက လက်မခံ၍ "ကျီးညို"ဆိုတဲ့ အမည် ယနေ့ထိအတည်ဖြစ်သွားတယ်။

ကျီးညိုရဲ့အသက် ယခု ၄၅ နှစ်ရှိပြီမို့ ကြာတော့ ကြာခဲ့ပြီ။ ကျီးညိုကို ကျီးညိုလို့ အမည်ပေးခဲ့တဲ့ မိဘများဖြစ်တဲ့ ကိုအေးမောင်၊ မခင်ယုန်တို့မှာ လိုလားချက်တွေ၊ ဆန္ဒတွေ၊ မျှော်လင့်ချက်တွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ဆိုတာ ပြောပြီးသားနော်။ "ကျီး"ဆိုတာ အိမ်မှာလာပြီ တအအနဲ့ အော်နေရင်တောင် လူတွေက "ကျီး"သာတယ်ဟေ့၊ ဧည့်ကောင်းစောင်ကောင်း လာလိမ့်မယ်။ ကူမယ့်သူ၊ မစမယ့်သူ လာလိမ့်မယ်လို့ ပြောကြဆိုကြတာ ကြားဖူးမှာပါ။

ကိုအေးမောင်နဲ့ မခင်ယုန်တို့ နှစ်ယောက်စလုံးက သူတို့မိသားစုဟာ တစ်နေ့နေ့တစ်ချိန်ချိန်တွင် မင်းသားကြီးရွှေကျီးညိုတို့ သားအဖတွေ အောင်မြင်ကျော်ကြား လူချစ်လူခင်ပေါများကြသလို သူတို့မိသားစုလည်း ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ယုံကြည်ထားကြတယ်။

မိဘတိုင်းဟာ သားသမီးတွေအပေါ် သိပ်ဖြစ်စေချင်ကြတာ။ ဒါကြောင့် သားသမီးတွေကို နာမည်ပေးတော့မယ်ဆိုရင် ကောင်းပေ့၊ ညွှန့်ပေ့ဆိုတဲ့ အမည်များသာ ရွေးပေးကြလေ့ရှိပါတယ်။ ဥပမာ သိသာမြင်သာအောင်ပြရမယ်ဆိုရင် သုခ၊ ချမ်းသာ၊ ပြည့်စုံ၊ ကြွယ်ဝ၊ ပြည့်လျှံဆိုတဲ့ အမည်မျိုးကို အများအားဖြင့် ပေးလေ့ရှိကြတာ သတိထားမိကြမယ် ထင်ပါတယ်။ အဲဒါ ဘာ သဘောလဲဆိုတော့ သူတို့ရဲ့ သားသမီးတွေကို ဓာတ်တူနံတူ အောင်မြင်သူတွေဖြစ်စေချင်တဲ့ ဆန္ဒကြောင့် အတိတ်ကောင်း၊ နိမိတ်ကောင်းယူ မှည့်ခေါ်ကြတယ်ဆိုတာ အများသိမှာပါ။ တချို့မိဘတွေဆို ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန်၊ အချိန်ကိုက်မွေးယူကြပြီး မွေးလာတဲ့ကလေးကို အမည်ပါ တန်းမှည့်ခေါ်ကြတာ။ သိပ်လှတဲ့ အမည်ကိုလည်း ဗေဒင်ဆရာနဲ့မေး၊ တွက်ချက်စီစဉ်ကြတယ်။ မွေးတယ်ဖွားတယ်ဆိုတာ မွေ့တာအရ မဟုတ်ဘူးလား။ ဒီလိုလုပ်လို့ရသလား မေးရင် ရတယ်လို့ပဲ ဖြေပါ့မယ်။ ဒီနေ့ အသိပညာရှင်၊ အတတ်ပညာရှင် ဆေးလောကကြီးက တိုးတက်နေပြီလေ။ ဘယ်လိုပဲ မျှော်လင့်ချက်တွေရှိရှိ ဆန္ဒတွေရှိရှိ ကိုအေးမောင်နဲ့ မခင်ယုန်တို့ကတော့ မှန်းချက်နဲ့ နှမ်းထွက် မကိုက်ရှာဘူး။

xxx xxx xxx

ကျီးညိုကို ကနဦး (ဘက မူလတန်းကျောင်း) ဘုန်းတော်ကြီးသင် မူလတန်းကျောင်းမှာ ထားပါတယ်။ ကိုအေးမောင်ကိုယ်တိုင်က ကျောင်းဆရာ၊ မခင်ယုန်ကလည်း သနပ်ဖက်အရောင်းအဝယ်လုပ်ငန်း လုပ်တာမို့ ကျီးညိုကို လောကဓာတ်ပညာသင်တဲ့ ကျောင်းမှာ ထားမယ်ဆို ထားနိုင်ကြပါတယ်။ ကိုအေးမောင်တို့လင်မယားကလည်း သူတို့ရဲ့ တစ်ဦးတည်းသောသားကို လောကဓာတ်ပညာသင်ကျောင်းမှာပဲ နေစေချင်ပါတယ်။ ဒါပေမယ့် သားဖြစ်သူ ကျီးညိုက သူငယ်ချင်းအများစုတက်တဲ့ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းမှာပဲ နေချင်တယ်ဆိုလို့ သူစိတ်ကြိုက်လိုက်ပြီး ဘုန်းတော်ကြီးသင် မူလတန်းကျောင်းမှာပဲ အပ်နှံပြီး ကျောင်းတက်စေခဲ့တာပါ။ ဖခင်ဖြစ်တဲ့ ကိုအေးမောင်ကိုယ်တိုင်လည်း ဘုန်းတော်ကြီးသင် မူလတန်းကျောင်းတက်၊ မြန်မာလို ခုနစ်တန်းအောင်ပြီး ဆရာဖြစ်သင်တန်းတက်၊ ဆရာဖြစ်လာတဲ့သူဆိုတော့ ဘယ်ကျောင်းတက်တက် အတူတူပဲ။ ကြိုးစားရင်ပြီးတာပဲလို့ တွက်ခဲ့ကြတာပါ။

ကျီးညိုရဲ့ ထူးခြားချက်က အခြားကျောင်းသားတွေ တစ်နှစ်တစ်တန်း မှန်မှန်တက်ပြီး မူလတန်းအောင်လို့ လောကဓာတ်ပညာတွေပါ သင်တဲ့ အတန်းကျောင်းကို ပြောင်းပြီး ဆက်တက်ချိန်အထိ သူမူလတန်းမအောင်ဘူး။ သေစာရှင်စာ မဖြစ်စလောက်လေး

www.burmeseclassic.com

ရေးတတ်၊ ဖတ်တတ်ရုံလောက်သာ တတ်ပြီး ကျောင်းကထွက်လိုက်တယ်။ စာမှမတတ်ဘဲ အလုပ်လုပ်ဖို့တော့ ဝေးရော။ မိဘဆီမှာကပ်စားပြီး ဟိုယောင်ယောင်၊ ဒီယောင်ယောင်နဲ့နေခဲ့တာ လူပျိုဖြစ်တဲ့အထိပဲ။

ငယ်ငယ်က ကျောင်းကောင်းကောင်းမနေရပေမယ့် ထိန်းလို့လွယ်သေးတယ်။ လူပျိုပေါက်ဖြစ်လာတော့ ထိန်းဖို့မလွယ်တော့ဘူး။ ဖအေကိုတောင် တစ်ခါတစ်ရံ ခြေရာတိုင်းတာမျိုး ဖြစ်လာတယ်။ တစ်နေ့ သူ့ကို စက်ဘီးဝယ်ပေးဖို့ ပူဆာတော့ ကိုအေးမောင်က သူလူပျိုကတည်းက စီးခဲ့တဲ့ စက်ဘီးလေးကို ပေးရာတယ်။ ဒါကို ကျီးညိုက ဘာပြောတယ်မှတ်လဲ။ ကျုပ် အဟောင်းမစီးဘူး၊ အသစ်စက်စက် ပက်ကင်ပိတ်မှ စီးမယ်တဲ့။ (ထိုအချိန်က ရန်ကုန်တွင် ရိုးကုမ္ပဏီဆိုတာ ရှိသည်။ ထိုရိုးကုမ္ပဏီတိုက်တွင် "ရလေး"အမှတ်တံဆိပ်နှင့် "ဟမ်းဘား"အမျိုးအစား စက်ဘီးများကို တစ်စစီဖြုတ်၍ ကတ်ထူပုံးကြီးအတွင်းထည့်ကာ ပက်ကင်ပိတ်ပြီး ရောင်းသည်။ ထိုပုံးအတွင်း တာယာကျွတ် အပိုတစ်စုံနှင့် ရှေ့မီး၊ နောက်မီး၊ လေထိုးပိုက်များပါ တစ်ပါတည်းပါသည်)

ဒါနဲ့ပဲ . . . ကျီးညိုဆန္ဒအတိုင်း ကိုအေးမောင်နဲ့ မခင်ယုန်တို့က "ရလေး" စက်ဘီးအသစ်တစ်စီး ဝယ်ပေးလိုက်တော့ ကျီးညို အိမ်မကပ်တော့ဘူး။ ခင်မင်ရင်းနှီးတဲ့ ဆွေမျိုးမိတ်ဆွေတွေက ကိုအေးမောင်တို့လင်မယားကို ကရုဏာနဲ့ ပြောကြတာကတော့ "မြင်းချိုတပ်ပေးလိုက်တာ" . . . တဲ့။ ဘာပဲပြောကြပါစေ သူတို့ရဲ့ တစ်ဦးတည်းသောသား အတွက် သူတို့ကတော့ တဟဲဟဲနဲ့ ရယ်ကျဲကျဲပါပဲ။

ဒီလိုနဲ့ နေ့လရက်တွေသာ ကုန်လာတယ်၊ ကျီးညိုဟာ အလုပ်မရှိ၊ မိဘမကူ၊ အိမ်မှာဘုရင်တစ်ဆူလို မင်းမူနေလာလိုက်တာ သူ့အသက်တောင် ၂၀ ကျော်ခဲ့ပြီ။

ကိုအေးမောင်၊ မခင်ယုန်တို့က ကျီးညို အိမ်ထောင်ရက်သားကျခဲ့ရင် အကျင့်ပျက်သောက်စား၊ လောင်းကစားတွေ မလုပ်တော့ဘဲ ခြေငြိမ်၊ လက်ငြိမ် ဖြစ်သွားမယ်။ ပြီးတော့ အိမ်ထောင့်တာဝန်အတွက် အလုပ်အကိုင်လုပ်ဖို့ စိတ်ပြောင်းလာမယ်လို့ တွက်ကြတယ်။ ဒါကြောင့် မိဘတွေက စီစဉ်ကြတာ။

ဘာမှ မတွေးတော့ဘူး။ မိဘဝတ္တရားကို ထန်ကုန်အောင် လုပ်ကြည့်ရမယ့်တာဝန်က မိဘများရဲ့ တာဝန်ပဲဟာ။ ကိုအေးမောင်နဲ့ မခင်ယုန်တို့ လင်မယား ရှေးက ကျေးဇူးခံကျေးဇူးစား မကောင်းခဲ့ဖူးတဲ့ ကြွယ်ကြွယ်ဆိုတဲ့ မိန်းကလေးနဲ့ စပ်ဟပ်ပေးစားလိုက်တယ်။

ကြွယ်ကြွယ်ဟာ မိခင်မုဆိုးမကြီးနဲ့ နေရပြီး မခင်ယုန်ရဲ့ သနပ်ဖက်ဆိုင်မှာ သနပ်ဖက်ရွေးရတဲ့အလုပ် လုပ်ရတော့ ကြွယ်ကြွယ်ရဲ့ စိတ်ဓာတ်နဲ့ မိန်းမကောင်းလေးတစ်ယောက်ဆိုတာ မခင်ယုန်သိတယ်။ ဒါကြောင့် သူ့သား ပညာမဲ့ လူပေလူတေကို ထိုးအပ်လိုက်တဲ့ သဘောပဲ။

ချွေးမလေးကြွယ်ကြွယ်နဲ့ သားတော်မောင် ကျီးညိုတို့ အလုပ်အကိုင်နဲ့ ဝင်ငွေလေး အတည်တကျဖြစ်စေဖို့ ကိုအေးမောင်နဲ့ မခင်ယုန်တို့က ပဲခူးဈေးကြီးအပြင်ဘက်တန်းမှာ ဆန့်ဆိုင်တစ်ဆိုင် တည်ထောင်ပေးလိုက်တယ်။ ကျီးညိုဟာ ဆိုင်ဖွင့်ချိန် ဝိုင်းကူဖွင့်ပေးတယ်၊ ဆိုင်ပိတ်ချိန် ဝိုင်းကူပိတ်ပေးတယ်။ နေ့လယ်နေ့ခင်း ပွဲရုံက ဆန်ကားဝင်လာပြန်တော့ လက်ခံပြီး ဆန်အတန်းအစားခွဲ၊ အိတ်သွတ် စသဖြင့် ကြွယ်ကြွယ်နဲ့ နိုးတူပေါင်ဖက် သောင်ရွက်ရတာ ကျီးညိုတစ်ယောက် မမောနိုင် မပန်းနိုင်ပါပဲ။ ကိုအေးမောင်နဲ့ မခင်ယုန်တို့ကတော့ ဒီတစ်ခါ ငါတို့ မှန်းချက်ကိုက်ပြီလို့ တွက်မိတယ်။ ကျိတ်ပြီးတော့လည်း ဝမ်းသာမိတာပေါ့လေ။

ကိုအေးမောင်နဲ့ မခင်ယုန်တို့တွက်သလို မတွက်တဲ့သူကတော့ ကျီးညိုပဲ။ သူဘာယ်လိုတွက်သလဲဆိုတော့ "တစ်ချိန်က ငါ့အတွက် အမေ့ငွေတွင်း တစ်တွင်းသာရှိတယ်။ ဟော . . . ခုတော့ ကြွယ်ကြွယ့်ငွေတွင်း ထပ်တိုးလာပြီဆိုတော့ သောက်မယ်၊ စားမယ်၊ ပျော်မယ်၊ ပါးမယ် ငါလိုလူ ဇမ္ဗူမှာရှိသေးလား"လို့ တွက်တာပေါ့။

ကျီးညိုဟာ စာသာမတတ်တာ၊ မကောင်းတာမှန်သမျှ မသင်ရဘဲ တတ်တဲ့လူစားမျိုး။ အရက်သောက်တာ၊ မိန်းမလိုက်စားတာ၊ လောင်းကစားတာတွေဟာ လူမှုနယ်ပယ်မှာ ရက်စရာ အကျင့်စရိုက်တွေဆိုတာ သူမသိဘူး။ ငွေကြေးရှိမှ၊ ငွေသုံးနိုင်စွဲနိုင်သူတွေမှသာ ဒီအပျော်မျိုးတွေ ပျော်နိုင်ကြတာလို့ တလွဲတွေးပြီး ဂုဏ်တောင်ယူနေသေးတယ်။

ကြွယ်ကြွယ်ဆိုတဲ့ မိန်းကလေးလည်း ကျီးညိုအကြောင်း မသိတာမဟုတ်ဘူး။ အားလုံးသိပါတယ်။ ကျီးညို

www.burmeseclassic.com

မိဘတွေတွက်သလိုပဲ အိမ်ထောင်နဲ့ဖြစ်လာရင် လူပျိုဘဝတုန်းကလို မကဲလောက်တော့ဘဲ ဣန္ဒြေရ ခြေငြိမ်သွားမယ်ထင်တာလည်း တစ်ကြောင်း၊ ကျီးညိုမိဘတွေ အားနာတာလည်း တစ်ကြောင်းကြောင့် ကျီးညိုကို လက်ထပ်ခဲ့တာတဲ့။ ဒါပေမယ့် ကျွဲပါးစောင်းတီးဆိုတဲ့ စကားလိုပဲ ဘာမှ အကျိုးလည်းမရှိ ဘာမှလည်း ဖြစ်မလာပါဘူး။ မှန်းချက်နဲ့ နှမ်းထွက်မကိုက်ဘူးရှင့်တဲ့။ အဲဒါ ကြွယ်ကြွယ်ရဲ့ မှန်ကန်သော စကားပါ။

××× ××× ×××

ကျီးညိုဟာ မူလတန်းတောင် မအောင်ခဲ့တာမို့ စာတတ်ပေတတ် ကျောင်းနေဘက် သူငယ်ချင်းကောင်း မရှိဘူး။ သူ့မှာ အရက်သောက်ဖော်သောက်ဘက်တွေ၊ ဖဲသမား၊ ကြက်သမားတွေလောက်ပဲ အပေါင်းအသင်းရှိတယ်။ ဒါတောင် ကျီးညိုက သူ့အပေါင်းအသင်းတွေဟာ လူကောင်းသူကောင်းတွေ မဟုတ်ဘူး။ မပေါင်းသင်းထိုက်တဲ့သူတွေလို့ ဖခင် ကိုအေးမောင်က ဆုံးမတဲ့အခါ သူ့သူငယ်ချင်းတွေကို နှိမ့်ချပြောရမလားဆိုပြီး မကျေမနပ်ဖြစ်ပေါက်ကွဲသေးတာ။ သူကသာ အစွမ်းမစမရှိတာ၊ ဟိတ်ဟန်က အများသား။ မိမှန်းဖမှန်းမသိ။ ဘယ်တော့မှ ကောင်းစားမယ့်ကောင်လည်း မဟုတ်ပါဘူးလေ။

တစ်နေ့ထက်တစ်နေ့ ကျီးညို စရိုက်ဆိုးလာတယ်။ ဖဲဝိုင်း၊ ကြက်ဝိုင်းမှာ ရန်ဖြစ်လိုက်၊ အရက်ဝိုင်းမှာ ရန်ဖြစ်လိုက်နဲ့ ကိုအေးမောင်နဲ့ မခင်ယုန်တို့လင်မယား ကျိတ်ပြီး လိုက်ရှင်းရတာ များပြီ။ လိုက်ရှင်းလို့မရတဲ့ ကိစ္စကတော့ ဇိုင်းကနိုင်းက မိန်းကလေးတစ်ယောက်ကို လမ်းပေါ်မှာ လက်ဆွဲပြီး ရည်းစားစကားပြောတဲ့ ကိစ္စပဲ။ မိန်းကလေးက မကျေနပ်လို့ ရဲတိုင်တော့ ကာယိန္ဒြေဖျက်မှုနဲ့ ထောင်သုံးလ ကျတယ်။ မိန်းကလေးရဲ့ မောင်တွေ၊ အစ်ကိုတွေက မကျေနပ်ဘူး။ ကျီးညိုလည်း ထောင်ကလွတ်လာရော သတ်မယ်တကဲကဲ ဖြစ်နေတာနဲ့ ကျီးညိုတစ်ယောက် တောမှာ အတော်လေးရှောင်နေရသေးတယ်။

စဉ်းစားကြည့်ပေါ့။ ဇနီးမယားရှိလျက်နဲ့ မိန်းမပျိုလေးတစ်ယောက်ကို နမချင်းမစာ လိုက်နှောင့်ယှက်တာ ဘယ်မိဘမောင်ဖွားက ကျေနပ်မှာလဲ။ ကိုအေးမောင်နဲ့ မခင်ယုန်တို့ဆိုတာလည်း သားတစ်ယောက်ဆို ဆိုသလောက် ကျီးညိုရဲ့ အရှုပ်ထုပ်ကို လိုက်ရှင်းနေရတာ ကြာတော့ လူတောတိုးရမှာတောင် ရှက်လာတယ်၊ ကြောက်လာတယ်။

အဆိုးဆုံးကတော့ ထွေးကြည်ဆိုတဲ့ သူများမယား၊ ကလေးတစ်ယောက်အမေကို ယူပြီး အိမ်ပေါ်ခေါ်လာတဲ့ ကိစ္စပဲ။ ကြယ်ကြွယ်က အစစအရာရာ ကျီးညိုအပေါ် ခွင့်လွှတ်တယ်ဆိုပေမယ့် နောက်မယားနဲ့ ဝေပါသားတစ်ယောက်ကို အိမ်ပေါ်ခေါ်တင်လာတဲ့အထိ ပြောင်ကျလွန်းတာကိုတော့ ဘယ်သည်းခံနိုင်မလဲ။ ပြဿနာတက်တော့တာပဲ။ တိုတိုပြောရရင် ကျီးညိုနဲ့ ကြွယ်ကြွယ်တို့လင်မယား ကွဲသွားကြတယ်။ ကိုအေးမောင်နဲ့ မခင်ယုန်တို့ကတော့ ကြွယ်ကြွယ့်ကို ချစ်ခင်ရင်းစွဲရှိတယ်။ ဒါကြောင့် ရင်းနှီးစားဖို့ ငွေကြေး လုံလုံလောက်လောက် ပေးလိုက်တယ်။ ကြွယ်ကြွယ်ကံကောင်းတယ်။ ဘာကြောင့်လဲဆို လင်ဆိုးမယား တဖားဖား ဆိုတဲ့ဘဝက လွတ်သွားလို့ပဲ။

ထွေးကြည်ဆိုတဲ့ မိန်းမကလည်း ကနဦးပြောတုန်းကတော့ လင်ကြီးဆိုသူနဲ့ တရားဝင်ကွာရှင်းပြီးသားတဲ့။ ညာတာ ဘာကြာလိုက်လဲ၊ လင်ကြီးလိုက်လာတော့မှ ကျီးညို မယားခိုးမှုတရားခံဖြစ်ကရောပဲ။ ထွေးကြည်ရဲ့ အရင်လင်ယောက်ျားလုပ်ရပ်က တော်တော်ပိုင်တယ်။ ပဲခူးရဲဌာနက ပုလိပ်သားနှစ်ယောက်နဲ့ သက်သေနှစ်ယောက်ပါခေါ်ပြီး ကိုအေးမောင်တို့အိမ် ရောက်လာတာ။ ရှောင်ဖို့တိမ်းဖို့ အချိန်မရလိုက်ဘဲ ကျီးညိုနဲ့ ထွေးကြည်တို့ အခန်းအောင်းနပ်နေချိန် ပက်ပင်းမိသွားတယ်။ (စစ်ပြီးခေတ်အထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းမှု မရှိသေးပါ။ ထို့ကြောင့် ရေးက ခေါ်ဝေါ်သုံးနှုန်းခဲ့တဲ့ အခေါ်အဝေါ်အတိုင်း ရေးသားတင်ပြခြင်း ဖြစ်ပါသည်။ ယခု မြန်မာနိုင်ငံရဲတပ်ဖွဲ့ကြီးကို စနစ်တကျ ပြင်ဆင်ဖွဲ့စည်းထားပြီးဖြစ်ရာ လျင်မြန်၊ သွက်လက်၊ ထက်မြက်၊ ခေတ်မီသော ရဲတပ်ဖွဲ့ကြီး ပေါ်ထွန်းနေပြီ ဖြစ်ပါသည်။)

ကျီးညို ဒီတစ်ကြိမ် မယားခိုးမှုနဲ့ ထောင်တစ်နှစ်ကျသွားတယ်။ ကိုအေးမောင်တစ်ယောက် ဒီအရွယ်အထိ ကျောင်းဆရာဘဝနဲ့ နေထိုင်လာခဲ့တာ တရားရုံး၊ ရဲဌာန၊ အချုပ်ခန်း၊ ထောင်



www.burmeseclassic.com

www.burmeseclassic.com

စသည်များ ကြားသာကြားဖူးတယ်၊ မရောက်ဖူး၊ မမြင်ဖူး၊ မပတ်သက်ဖူးခဲ့ပါ။ သားဖြစ်သူ ကျီးညိုလက်ထက် ရောက်မှ သွားလိုက်ရတဲ့ ရဲဌာန၊ သွားလိုက်ရတဲ့ တရားရုံး၊ သွားလိုက်ရတဲ့ ထောင်၊ အခေါက်ပေါင်း မရေတွက်နိုင်လောက်အောင်ပါလားကွာ။ "ကျီးသာရင် ညှော်ကောင်းစောင်ကောင်းတွေ လာတယ်ဆို၊ ခုတော့ အပြောနဲ့အပော မညီပါလား ကျီးညိုတို့ အမေရယ်··။

ကျီးညို ထောင်ကလွတ်လာတော့ အတတ်ပေါင်းစုံ တတ်လာတယ်။ ထောင်ထဲမှာ သူလိုပဲ မကောင်းတာမှန်သမျှ တစ်ဖက်ကမ်းခပ်အောင် အတတ်မျိုးစုံတတ်ကြတဲ့သူတွေနဲ့ ဆုံခဲ့ကြတယ်မဟုတ်လား။ အဲဒီအထဲက ဘိန်းစား ကျော်လှဆိုတဲ့ လူကတော့ ရေလျှောက်ကျီးညိုနဲ့ လက်တွဲမိုက်မယ့်သူတစ်ယောက်ပါပဲ။

××× ××× ×××

ကျီးညိုထောင်ကလွတ်မယ့်နေ့မှာ ဘိန်းစားကျော်လှက ရန်ကုန်တစ်ဖက်ကမ်း ဒလမှာနေတဲ့ သူ့မိန်းမ စန်းရီအတွက် အမှာစကားလေး ပြောပေးဖို့ မှာလိုက်သတဲ့။ သိပ်ထူးထူးထွေထွေတော့ မဟုတ်ပါဘူး။ သူလည်း နောက်တစ်နှစ် ပြစ်ဒဏ်ခံရပြီးရင် လွတ်မယ်။ ကျန်းမာရေးကောင်းတယ်။ စိတ်မပူနဲ့ဆိုတာလောက်ပဲ။ ကျီးညိုကလည်း ဘိန်းစားကျော်လှကို ဆက်ဆက်သွားဖြစ်အောင်သွားပြီး ပြောပေးမယ်လို ကတိပေးခဲ့တယ်တဲ့။

ကျီးညို ထောင်ကလွတ်ပြီး အိမ်ပြန်ရောက်တော့ သူ့အမေကို မတွေ့ရတော့ဘူး။ သူ့စိတ်နဲ့ပဲ စိတ်ထောင်းကိုယ်ကြေလို့ သေပွဲဝင်သွားရှာတာပါ။ အဖေကိုတော့ ခပ်ယဲ့ယဲ့အနေအထားနဲ့ ကျီးညို တွေ့ရပါသေးတယ်။ ကျီးညိုဆိုတဲ့ကောင် လူကမွေးထားပြီး လူ့စိတ်မှ ရှိရဲ့လား မေးရမလို ဖြစ်မိတယ်။ ဘာလို့လဲဆိုတော့ မိခင်ဆုံးတယ်၊ အဖေလည်း စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး ယဲ့ယဲ့လေးဖြစ်နေတာ တွေ့တာတောင် ဝမ်းနည်းစိတ်မကောင်းတဲ့ အရိပ်အယောင်မပြ၊ အဖေ ကျန်းမာရဲ့လားဆိုတဲ့ စကားတစ်ခွန်းမဆိုဘဲ ရန်ကုန်သွားဖို့ စရိတ်တောင်းပြီး ခရီးဆက်ခဲ့တယ်။ လိုင်စင်ရဘိန်းခန်း၊ ဖြောင့်ဖြောင့်တောင့်တောင့် စန်းရီဆိုတာတွေ သူ့ခေါင်းထဲဝင်နေတယ်လေ။ စန်းရီဟာ ကြံ့ကောက်တင်ဆိုတဲ့ လိုင်စင်ရ ဘိန်းခန်းပိုင်ရှင် တရုတ်ဆီမှာ အလုပ်လုပ်တဲ့အကြောင်း သိလာတဲ့ ကျီးညိုဟာ ဘိန်းဆိုတာ စမ်းကြည့်ချင်တာလည်း တစ်ကြောင်း၊ ကျော်လှထံမှ တောင့်တယ်၊ ဖြောင့်တယ်လို့ သိခဲ့ရတဲ့ စန်းရီကို တွေ့ချင်တာလည်း တစ်ကြောင်းကြောင့် ဖအေကြီးနဲ့ ခဏတစ်ဖြုတ်တောင် မနေနိုင်လောက်အောင် ဖြစ်ပြီး ရန်ကုန်သို့ ခရီးဆက်ခဲ့တယ်။

ကျီးညိုဟာ စာမတတ်၊ ပေမတတ်ပေမယ့် လူရည်တော့ အတော်လည်တယ်။ ရန်ကုန်-ဒလ ဆိပ်ကမ်းလည်းရောက်ရော သမ္ဗန်တစ်စီးငှားပြီး ဒလဘက်ကမ်းက သူသွားချင်တဲ့ လိပ်စာရဲ့ အနီးဆုံးနေရာ ကပ်ခိုင်းတယ်။ ကမ်းပေါ်တက်စုံစမ်းလိုက်တော့ မခဲယဉ်းဘဲ ကြံ့ကောက်တင်ပိုင် လိုင်စင်ရဘိန်းခန်းကို တွေ့ပါတယ်။ (၁၉၄၇ ခု၊ ဗြိတိသျှနယ်ချဲ့ ကုလားဖြူတွေ မြန်မာနိုင်ငံကို သိမ်းပိုက်ထားစဉ်က မြန်မာနိုင်ငံသားတွေအပေါ် အကောက်ကြံကာ တစ်သက်လုံး လူမွေးလူတောင် မပြောင်အောင် ဘိန်းစားဘဝ သွတ်သွင်းထားခဲ့ဖို့ ရည်ရွယ်ချက်နဲ့ ဘိန်းခန်းများ ဖွင့်လှစ်၍ လိုင်စင်ရ ဘိန်းခန်းများအဖြစ် ပေါ်ပေါ်ထင်ထင် ဆောင်ရွက်ခွင့်ပြုခဲ့ရာ မြန်မာဘုရင်များ လက်ထက်မှသည် အစိုးရအဆက်ဆက် တိုက်ဖျက်ခဲ့ကြသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ဘိန်းကင်းစင်ရေး အထူးအလေးထားဆောင်ရွက်ခဲ့ပြီး တက်လာတဲ့ အစိုးရကလည်း ဆက်လက်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ တစ်နံတစ်လျား လုံး၀ ဘိန်းကင်းစင်တော့မည် ဖြစ်သည်။)

စန်းရီကို တောင့်တယ်၊ ဖြောင့်တယ်လို့ ကျော်လှပြောပြစဉ်က ဘိန်းစားကတော့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြီလို့ ကျီးညိုစိတ်ထဲက ထင်ကာ ရယ်ကျဲကျဲလုပ်မိခဲ့တယ်။ နမူးတွေ၊ ဒူးတွေ တွေ့လိုက်ရတော့ ကျော်လှ ကြွားပြောတာမဟုတ်ကြောင်း ကျီးညိုသိလိုက်ရပြီ။ ဘာကြောင့်လဲလို့ဆိုတော့ စန်းရီကို မြင်မြင်ချင်း ကျီးညို ဘဝင်ခိုက်သွားခြင်းကြောင့် ဖြစ်တယ်။

ကနဦးက ကျော်လှမှာတာလေး ပြောပြီးပြန်မယ် စိတ်ကူးပေမယ့် ခုတော့ စန်းရီရဲ့ မက်မောစရာ ကိုယ်နေဟန်ထားအလှက ကျီးညိုကို ဆွဲဆောင်ထားတာကြောင့် ကျီးညို နေမထိထိုင်မသာ ဖြစ်နေတယ်။ တစ်လက်စတည်း ကျီးညိုပြောဖြစ်တာက "ကျွန်တော် ပဲခူးပြန်ရမှာဆိုတော့ အချိန်မမီလောက်တော့ဘူး။ မစန်းရီအိမ်မှာ တစ်ညဉ့်လောက်



www.burmeseclassic.com

www.burmeseclassic.com

တည်းခွင့်ပြုမလား”···တဲ့။

စန်းရီဆိုတဲ့ စန်းရီကလည်း ချက်ဆို နားခွက်က မီးတောက်တဲ့သူဆိုတော့ ဘာပြောမယ်ထင်လဲ။ “သိပ်ရတာပေါ့ ကိုကျီးညို။ ကျွန်မအိမ်မှာ ကျွန်မအစ်ကို ရောက်နေတယ်ဆိုတာ အဘိုးကြီးသိရင် သူ့ဒီဘက်ကူးမလာတော့ဘူး”···တဲ့။ ဟိုဘက်ကမ်းမှာ အဘိုးကြီးရဲ့ မယားတွေ အများကြီးရှိသတဲ့။

ဒါနဲ့ပဲ ကျီးညို စန်းရီအိမ်မှာ တစ်ညဉ့်မဟုတ်ဘူး။ နှစ်ညဉ့် အိပ်ဖြစ်သွားတယ်။ ပထမညဉ့်မှာပဲ ကျီးညိုနဲ့ စန်းရီတို့ ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုးဇာတ် သဲသဲမဲမဲ ကဖြစ်ကြတယ်။ အင်းပေါ့လေ။ သူတို့လို အတန်းအစားတွေမှာ ကတိသစ္စာဆိုတဲ့ စည်းရိုးမှ မရှိကြတာ။ အဆန်းမဟုတ်ပါဘူး။ ကျော်လှ အထဲဝင်သွားတော့ ကြံ့ကောက်တင်ဆိုတဲ့ တရုတ်ကြီးက စန်းရီကို ကိုယ်ဖိရင်ဖိ စောင့်ရှောက်ထားသလိုမျိုးပါပဲ။

ကျီးညိုဟာ စန်းရီဆီ မကြာခဏရောက်တယ်ဆိုရင်ပဲ ဘိန်းရှူတတ်သွားပြီး ဘိန်းစွဲတော့တာပဲ။ ကြံ့ကောက်တင်ဆိုတဲ့ ငနဲကြီးကလည်း ဘိန်းရှူ ဘိန်းစားဖို့များ လာလို့ကတော့ လာချင်သလောက်လာ၊ အကြိမ်ကြိမ်လာဆိုတဲ့ ကောင်မျိုး။ သူက ဘိန်းစားလာမှ ငွေရမှာကိုး။

xxx xxx xxx

တစ်နေ့ ကျီးညို ပဲခူးအိမ်ပြန်လာပြီး ဖခင် ဦးအေးမောင်ကို ယုံကြည်ရန် အကြောင်းမရှိတဲ့ စကားတွေပြောတယ်။ ဒီအိမ်ကိုရောင်းပြီး အိမ်သေးသေးလေးတစ်လုံးဝယ်ပြီး သားအဖနှစ်ယောက် နေမယ်တဲ့။ ပိုတဲ့ငွေနဲ့ ရန်ကုန်မှာ လုပ်ငန်းလုပ်လိုက်ရင် တစ်နှစ်၊ နှစ်နှစ်အတွင်း တိုက်ဆောက်ပြီး ကားစီးနိုင်မယ်ဆိုပဲ။ သူက ဘာအစွမ်းအစများရှိလို့ ဒီလိုစကားမျိုး ပြောတာလဲလို့ အဖေကြီးက မေးလိုက်ချင်တယ်။ ဒါပေမယ့် ကိုအေးမောင်ခမျာ ယဲ့ယဲ့လေးသာ ရှိတော့တာမို့ ဒီအတိုင်းပဲ ကျီးညိုစကားကို မကြားသလိုပဲ နေလိုက်တယ်။

ကျီးညိုဟာ အဖေကြီးကို စည်းရုံးမရတော့ သူ့အမေရဲ့ အစ်မကြီး ဒေါ်ခင်သုန်ဆီသွားပြောပြန်တယ်။ ဒေါ်ခင်သုန်က ဘယ်လက်ခံမလဲ။ သူ့ညီမ မခင်ယုန်သေရတာ ကျီးညိုပယောဂကြောင့် သေရတာလို့ စွဲမှတ်ထားတာမို့···

“ဟဲ့ကောင်၊ နင်ဟာ ငါ့ညီမကို သေအောင် စိတ်ဒုက္ခပေးခဲ့တဲ့ကောင်၊ ငါ့အိမ်မလာနဲ့”

ဆိုပြီး မောင်းထုတ်တာ ခံလိုက်ရတယ်။ အခြား ဆွေမျိုး ညီအစ်ကို မောင်နှမတွေကလည်း ခွေးမောင်းသလို မောင်းထုတ်ကြတယ်။

အဲဒီမှာ ကျီးညိုတစ်ယောက် အရက်ကို မူးအောင်သောက်ပြီး ဆွေမျိုးတွေကို ဆဲတော့တာပဲ။ ရပ်ကွက်ထဲ ဒီလို မင်းမဲ့စရိုက်ဆန်တာ ရပ်ကွက်သူ၊ ရပ်ကွက်သားတွေက ဘယ်လက်ခံမလဲ။ ရဲဌာန သွားတိုင်ကြတာပေါ့။ ဒါကြောင့် ကျီးညို ထောင်တစ်လ ကျပြန်တယ်။ ထောင်ကထွက်လာပြီးတဲ့နောက် သူ့စရိုက်ဆိုးတွေကို သူပြင်သလားဆိုတော့ မပြင်ဘူး။ မပြင်တဲ့အပြင် ပိုဆိုးသည်ထက် ဆိုးလာတယ်။ အဖေကြီး သိပ်စိတ်ထိခိုက်သွားတယ် ထင်ပါရဲ့။ ခင်ယုန်ရေ···မုန်းချက်နဲ့ နှမ်းထွက် မကိုက်ပါလားကွာ။ ငါအသက်မရှင်ချင်တော့ဘူး။ ငါ့ကို မြန်မြန်လာခေါ်စမ်းပါတော့လို့ ဘဝတစ်ပါးသို့ သူ့အလျင်ထွက်သွားတဲ့ ဇနီးသည် ဒေါ်ခင်ယုန်ကို တမ်းတညည်းညူရှာတယ်။

လူတစ်ကိုယ်မှာ စိတ်ဟာ အရေးကြီးဆုံးပဲ။ စိတ်ဓာတ်ကျသွားပြီဆိုတာနဲ့ ဆိုးကျိုးတွေ လှည့်ဝင်လာတော့တာပဲ။ သားမိုက်အတွက် မအိပ်နိုင်၊ မစားနိုင်တဲ့ ရက်တွေ၊ လတွေ၊ ညတွေ များလာတော့ အဖေကြီး ဦးအေးမောင် ဗုန်းဗုန်းလဲရှာပါပကော။ ကောင်းသလို လှည့်တွက်ပြီးပြောရရင် သိပ်မခံစားလိုက်ရဘူး။ ကွယ်လွန်သွားတယ်။ အဖေကြီးဆုံးတော့ သားဖြစ်တဲ့ ကျီးညို အနားမှာ မရှိဘူး။ ရန်ကုန်တစ်ဖက်ကမ်းက လိုင်စင်ရ ဘိန်းခန်းမှာ သွားခေါ်ရတယ်။ အဲဒီအချိန်က စန်းရီယောကျ်ား ဘိန်းစားကျော်လှလည်း ထောင်ကလွတ်လာပြီဆိုတော့ ကျီးညိုရယ်၊ စန်းရီရယ်၊ ကျော်လှရယ် သုံးယောက်ပေါင်း လောင်းကျော်ပေါ့။ ပဲခူးရောက်လာကြတယ်။

ဖခင် တစ်ယောက်လုံး သေဆုံးနေတာတောင် ကျီးညိုက မျက်နှာမပျက်၊ ဝမ်းနည်းကြေကွဲမှုပုံရိပ် တစ်စိုးတစ်စေ့မျှ မရှိ။ နာရေးကို လူမှုရေးအရ ရောက်လာကြတဲ့ ရပ်ကွက်တွင်းက အသိတွေ၊ ဆွေမျိုးတွေကို သူ့အဖေ နာရေးကိစ္စပြီးတာနဲ့ အိမ်ကိုရောင်းမယ်၊ ရန်ကုန်ကို အပြီးပြောင်းမယ်။ ရန်ကုန်က သူနဲ့အတူပါလာတဲ့ မိတ်ဆွေလင်မယားနဲ့ ရှယ်ယာစီးပွားရေးလုပ်ကြမယ့် အကြောင်း အာပေါင်အာရင်းသန်သန်နဲ့

www.burmeseclassic.com

ပြောနေလိုက်တာများ မစားရ ဝခမန်း ပါပဲ။

ဖခင်ကြီး ဦးအေးမောင် ရှိစဉ်က သူလုပ်ချင်တာ မလုပ်ရဘဲ ဆိုင်းငံ့တုံ့ဆိုင်းနေရတဲ့ကိစ္စများ ခုတော့ ကျီးညို သူ့သဘောအတိုင်း ဆောင်ရွက်နိုင်ပြီမို့ အားတက်ကာ မြောက်ကြွမြောက်ကြွ ဖြစ်လျက်ရှိတယ်။ မျှော်လင့်တဲ့အတိုင်း ကျီးညိုရဲ့ ဘိုးဘွားပိုင် အိမ်နဲ့ခြံကလေး ရောင်းဖြစ်သွားတယ်။ မြန်မြန်ရောင်းထွက်မှာပေါ့။ ကျီးညိုက သူ့ခိုး နွားကောင်းမသိဆိုသလို ဘိုးဘွားပိုင်အိမ်ခြံမြေလေးကို ဈေးပေါပေါနဲ့ ရောင်းပစ်ခဲ့တာကိုး။

အိမ်ထောင်ပရိဘောဂများ၊ ဗီရို၊ ကြောင်အိမ်များကို ဒေါ်ဂျစ်ကားနှစ်စီး တားသယ်ပြီး ဘယ်ဆွေမျိုးမိတ်ဆွေကိုမှ အသိမလုပ်၊ ခပ်သုတ်သုတ် ပဲခူးက ထွက်ခွာသွားတယ်။ အဖက်မလုပ်တာလည်း ဆွေမျိုးသားချင်းများအတွက် ကောင်းပါတယ်လေ။ ဘာကြောင့်လဲဆိုတော့ ကျီးညိုရှိနေရင် ရှေ့ကျိုးမသာတဲ့ အပြင် ပြဿနာရှာတာ ခံနေရတာ ကြောင့်ပါပဲ။

××× ××× ×××

ကျီးညိုရန်ကုန်ရောက်တော့ ဘိန်းစားကျော်လုနဲ့ စန်းရီတို့က "တို့ညီအစ်ကို မောင်နှမတွေ ဆိုးတူကောင်းဘက် အတူနေကြမယ်"လို့ ပြောတယ်။ တစ်ဆက်တည်း စန်းရီက ဘာပြောသလဲဆိုတော့ အစ်ကိုကျော်လုနဲ့ အစ်ကိုကျီးညိုတို့က အိမ်မှာပဲနေကြ။ ကျွန်မ ကီလီကုန်စိမ်းဈေးမှာ ဒိုင်ဖွင့်ပြီး ငွေရှာမယ်။ ကျွန်မတို့သုံးယောက်အတွက်တော့ သုံးချင်သလိုသုံးစမ်း။ အစ်ကိုတို့ပြောင်းဖိုးလည်း ဘာမှပူစရာမရှိဘူး။ လုံလောက်တယ်"...တဲ့။

စန်းရီ တွက်ကိန်းက တွံတေးနယ်တစ်ကြောက ထွက်သမျှ ကုန်စိမ်းတွေကို လှေသမ္ဗန်တွေနဲ့ ရန်ကုန် ကီလီဆိပ် အရောက်သယ်မယ်။ ရောက်လာသမျှ ကုန်စမ်း သူက လက်ဝါးကြီးအုပ်ဝယ်မယ်။ တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူးက ကုန်စိမ်းသမားတွေဟာ ငွေသာကြိုပေးထား အလွန်သစ္စာရှိကြတယ်။ သူတို့ကုန်စိမ်း ဘယ်မှမရောက်ဘူး။ သူ့ဆီပဲ လိမ့်ဝင်မှာတဲ့။ သူက တွံတေးအပိုင်မှာနေခဲ့သူဆိုတော့ ဒီအကြောင်းတွေ၊ ဒီလုပ်ငန်းတွေ သူကောင်းကောင်းသိသတဲ့၊ ကျွမ်းသတဲ့။

တကယ်တော့ စန်းရီရဲ့စကားတွေဟာ မစားရဝခမန်း ငွေခြူတဲ့စကားတွေဆိုတာ ကျီးညိုမသိဘူး။ ဘယ်သိမလဲ။ ကျီးညိုမျက်စိထဲမှာ ဘိန်းပြောင်းရယ်၊ ပန်းရီရဲ့ အိစက်ညက်ညောနေတဲ့ ကိုယ်လုံးကြီးကို မြင်နေတာကိုး။ ဒီလိုနဲ့ စန်းရီက ငွေတောင်းလိုက်၊ ထုတ်ပေးလိုက်နဲ့ ရန်ကုန်ရောက်ပြီး (၆)လအကြာ အိမ်ရောင်းရတဲ့ငွေ ကော မိခင်ကြီးရဲ့ ရွှေလက်ဝတ်ရတနာ ရောင်းရငွေတွေပါ တက်တက်ပြောင်သွားတယ်။ ဖတ်စာထဲက ကာငွေရှစ်ဆယ် သူဌေးသားလိုပါပဲလား ကျီးညိုရယ်။

"အမလေး...အရပ်ကတို့ရေ။ မိန်းမတစ်ယောက်တည်း လုပ်စာကို အားမနာ လျှာမကျိုး ကပ်စားနေတာ တစ်ရက်လည်းမဟုတ်၊ တစ်လလည်း မဟုတ်ဘူး တော်ရေ။ ကိုယ့်လင်သား ကိုယ့်ယောက်ျားကို အိမ်ဦးနတ်မို့ ဘယ်လောက်ရှာဖွေ ကျွေးရကျွေးရ စေတနာ မပျက်ပါဘူး။ ခုတော့ ဘာမှ သွေးမတော်သားမစပ် ယောက်ျားအရင့်မကြီးက ကပ်ရပ်စားနေတာတော့ မသထာဘူးတော့။ ကိုယ့်တာဝန်ကိုယ်ယူ။ မယူနိုင်လည်း လာလမ်းအတိုင်း ပြန်ကြွသင့်ပြီ။ ဆွဲချရအောင်ကလည်း ဗိုင်ရှင်မဲ့မသာမဟုတ်ဘူး...ဗျို့"

စန်းရီတစ်ယောက် ကီလီကုန်စိမ်းဈေးတွင် ဘာအပေါက်အလမ်း မတည့်ခဲ့သည်မသိ။ စန်းရီစကားတွေက သူ့ကို တိုက်ရိုက်ရည်ညွှန်းနေတာ ကျီးညိုသိပါတယ်။ သူ့ဆီက စန်းရီ တောင်းတိုင်း ငွေပေးနိုင်စဉ် စန်းရီ့နှုတ်က အစ်ကိုကျီးညို၊ အစ်ကိုကျီးညိုနဲ့ ကန္တ့ကလျအသံတွေ ခုတော့ ဘယ်ပျောက်ကုန်မှန်းမသိတော့ဘဲ ဘီလူးဆိုင်းတီးသံတွေ ကြားနေရတာ ကျီးညို စိတ်ဝယ် မခံချိမခံသာ ဖြစ်နေမိတယ်။ သူငယ်ချင်း ကျော်လုကလည်း ဘာမျှ မပြောနိုင်။ သူ့အတွက် နေ့စဉ် ပြောင်းစရိတ်ကိုပင် စန်းရီထံ မျက်နှာချိသွေးနေရတယ်မို့လား။ (ဘိန်းရှူရာတွင် သုံးရသည့် ပြောင်းတံကို ဘိန်းလောကသားတို့က ပြောင်းဟု အတိုခေါ်ကြသည်။ ဘိန်းပြောင်းဟုလည်း ခေါ်ကြသည်။)

နေ့စဉ်နဲ့အမျှ စန်းရီရဲ့ အမနာပ ပြောဆိုကျိန်ဆဲနေတဲ့ အိမ်တွင် ကျီးညို ဆက်နေလိုမရှိတာကြောင့် ကျီးညို ဇာတိမြေ ပဲခူးသို့ ပြန်ခဲ့တယ်။ ဇာတိမြေပြန်ခဲ့တယ်ဆိုပေမယ့် မိဘအိမ်က မရှိတော့သလို အနှိုင်းမဲ့မေတ္တာနဲ့ သူ့အပေါ်ချစ်ခဲ့၊ စေတနာထားခဲ့ကြတဲ့ အဖေကြီး ဦးအေးမောင်၊ အမေကြီး ဒေါ်ခင်ယုန်တို့လည်း မရှိတော့။ အနှီး



www.burmeseclassic.com

www.burmeseclassic.com

ဆုံး၊ အရင်းဆုံး ဆွေမျိုးကြီးတော် ဒေါ်ခင်သုန်ကပင် အိမ်ရိပ်အနင်းမခံသည့်အတွက် ဆွေမျိုးများအိမ်တွင်လည်း ခိုကပ်ခွင့်မရ။ စိတ်ဓာတ်အကျကြီးကျကာ တစ်ချိန်က သောက်ဖော်စားဘက်၊ ကြက်တိုက်ဖော်တိုက်ဘက် သူငယ်ချင်းဆိုသူများထံ ခိုနားခွင့် ရလိုရငြား ခြေဦးလှည့်ခဲ့ပြန်တယ်။ တစ်ချိန်က သူ့အဖေနဲ့အမေ မုန့်းချက်နဲ့ နမ်းထွက် မကိုက်သလိုဘဲ ကျီးညိုလည်း မုန့်းချက်နဲ့ နမ်းထွက် မကိုက်ဘူး။ ဘာကြောင့်လဲဆိုတော့ သူ့ရှိစဉ်က သူ့နားပိုင်းကာ စားကြသောက်ကြတဲ့ သိပ်ချစ်တယ်ဆိုတဲ့ သူငယ်ချင်းတွေက ငါးကျပ်ပေး၊ တစ်ဆယ်ပေး မတော်ပေးပေးကာ ကြာကြာလက်ခံစကားမပြောကြဘဲ သူ့အပါးက အကြောင်းအမျိုးမျိုးပြပြီး ခွာသွားကြတယ်။ နောက်ပိုင်း ပြောင်ပြောင်ပဲ ရှောင်သွားကြတယ်။

××× ××× ×××

ရွှေကျီးညို၊ စိန်ကျီးညို၊ မြကျီးညိုတို့ ကတဲ့ပွဲက လှလှပပနဲ့ မြန်မာပြည်တစ်နံတစ်လျားမှာ ကခဲ့သမျှ ဇာတ်သိမ်းကောင်းခဲ့ကြသလို၊ ပရိသတ်ကလည်း ယနေ့တိုင် တသလွမ်းနေကြဆဲ၊ အမှတ်ရနေကြဆဲပေမဲ့ ဆရာဦးအေးမောင်၊ ဒေါ်ခင်ယုန်တို့ရဲ့ တစ်ဦးတည်းသောသား ကျီးညိုအတွက်တော့ ဇာတ်သိမ်းမလှခဲ့ပါ။ ဘာကြောင့်လဲဆိုတော့ သူ့အတွက် သူ့ဇာတိ ပဲခူးမြေမှာတောင် တစ်နပ်စာ ထမင်းစားရဖို့အရေး မလွယ်ကူသောကြောင့် ဖြစ်တယ်။ တောင်းရမ်းစားသောက်ဖို့ကျပြန်တော့ မငုံမရဲ ဖြစ်နေသေးလို့ ဘုရားကြိုဘုရားကြား၊ ကျောင်းကြိုကျောင်းကြား အများက စွန့်ပစ်တဲ့ ဆွမ်းကျန်ဟင်းကျန် ကောက်စားပြီး အနီးတစ်ဝိုက်က ဇရပ်တစ်ခုမှာ နေခဲ့ရတယ်။

ကျီးညိုအတွက် ကံကောင်းတယ်ပြောရမလားဘဲ။ ရွှေမောဓောဘုရားပွဲကြီး ကျင်းပချိန်ရောက်လာတော့ ဇာတ်ပွဲအစုံအလင်နဲ့ ဘုရားရှေ့ကကွင်းကြီးမှာ စည်လိုက်တာမှ ဝက်ဝက်ကွဲပဲ။ ကျီးညိုဟာ အမှိုက်ပုံက ကောက်ထားတဲ့ စုတ်ပြတ်ဟောင်းနွမ်းနေတဲ့ ဘလေဇာကုတ်အင်္ကျီဟောင်းကြီးကို ဝတ်၊ ဂေါ်ရာ စစ်ပုလိပ်တွေဆောင်းတဲ့ သက္ကလတ်ဦးထုပ် အစုတ်ကြီးကို မျက်နှာအပ်အောင် ဆောင်းလိုက်တော့ အနီးကပ် သေသေချာချာမကြည့်ရင် ကျီးညိုဆိုတာ ဘယ်သူမှ သိမှာမဟုတ်ဘူး။ ဘုရားပွဲကို ကနဦးဝင်လာတဲ့ ဇာတ်ကြီးတွေက မင်္ဂလာဦးအောင်မောင်း ဇာတ်သဘင်နဲ့ အောင်လံတော်ခင်စိန် ဇာတ်ကြီးတွေ။ အဲဒီဇာတ်ကြီးတွေရဲ့ ဂိတ်ရှိုးနဲ့ မနီးမဝေး မြေပြင်ပေါ်မှာ ဒန်ခွက်တစ်ခွက်ချထားပြီး ခေါင်းငုံ့ထိုင်နေလိုက်တာ ညဦးပိုင်းမှာပဲ အကြွေနဲ့ ကျပ်တန်လေးတွေ တော်တော်ရလိုက်တယ်။

ကျီးညို စားဖို့ငွေလေးရလာတော့ ရှောင်ပြေးလို့မရတဲ့ ဝေဒနာဖောက်လာတယ်။ ခံစားရတာမှ မခံမရပ်နိုင်လောက်အောင်ပဲ။ ဘာဝေဒနာလဲဆိုတော့ ဘိန်းငတ်တဲ့ဝေဒနာ။ ဘိန်းငတ်တော့ ရင်းထတယ်လေ။ ဒီကြားထဲ ဘိန်းဝမ်းလျှောပြန်တော့ ဇရပ်ပေါ်မှာ အားပြတ်ပြီး သေငင်ဇောနဲ့ ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေတာပေါ့။ ကျီးညိုအခြေအနေကိုတွေ့တဲ့ ကိုရင်လေးက ဆရာတော်ကို လျှောက်တယ်။ ဆရာတော်က ရပ်ကွက်လူကြီးတွေအကြောင်းကြားပြီး သွားကြည့်တော့ ကျီးညိုအဖြစ်က ရွှေကျီးသာသလို တအအအန့် မသာနိုင်တော့ဘဲ ဘဝတစ်ပါးပြောင်းသွားရှာပြီလေ။ မကြာဘူး၊ မြူနီစပယ် အမှိုက်သိမ်းသမားနှစ်ယောက် အမှိုက်သိမ်းလှည်းတွန်းလာပြီး ကျီးညိုအလောင်းကို လက်တွန်းလှည်းပေါ် တင်ယူသွားတာ မြင်လိုက်ကြတယ်။ (မြန်မာနိုင်ငံတွင် ဟိုးရှေးရှေးတုန်းက အမှိုက်သိမ်း၊ မိလ္လာသိမ်းစတဲ့ အောက်ခြေသိမ်းအလုပ်များကို နိုင်ငံခြားသားများသာ လုပ်ကြပါတယ်။)

အမှိုက်သိမ်း လက်တွန်းလှည်းပေါ် ပါသွားတဲ့ ကျီးညိုရဲ့ အဖြစ်ကိုကြည့်ပြီး ဆရာတော်ကြီးကျောင်းက ကပ္ပိယကြီး ဘကြီးကောင်း နှုတ်က အစီအရီထွက်လာတဲ့ စကားလုံးများကတော့ မှတ်သားစရာပဲ။

“အင်း...ဇာတ်တူနံတူ နာမည်ကောင်းတွေ ဘယ်လိုယူပြီး အမည်ပေးခဲ့ပေးခဲ့ ကိုယ်ကောင်းမှ ကောင်းမှာပါ။ ကျီးညိုဆိုတဲ့ကောင်က မိဘများရဲ့ မေတ္တာစေတနာကို အလွဲသုံးစားလုပ်တဲ့ သားဆိုးပဲ။ သေပြီး အခြားမဲ့မှာတောင် ငရဲသွားမယ့်ကောင်”...တဲ့။


ကပ္ပိယကြီးက ကျီးညိုမိသားစု အကြောင်း အကုန်သိတယ်လေ။

**ဝင်းသောင်(ရမည်းသင်း)**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

■ ကျော်မင်းနိုင်

# အချစ်တစ္ဆေ

(၁)

အမှတ်ထင်ထင်ပဲ ဖြစ်ဖြစ်၊ အမှတ်မထင်ဘဲနှင့်ပဲဖြစ်ဖြစ် ကွဲကွာသွားသော ချစ်သူနှင့် မည်သူမဆို တစ်ကြိမ်ကြိမ်တော့ ပြန်ဆုံတတ်ကြမည်မှာ မလွဲချေ။

တစ်ကြိမ်မကလည်း ဆုံနိုင်သေးသည်။

ရှင်ကွဲမကွဲ၊ သေကွဲ ကွဲကြသူများပင် သုသာန်သင်္ချိုင်း၌ ပြန်ဆုံနိုင်ကြပါသေးသည်။ တစ်ဦးက သေဆုံးနှင့်သူ၊ တစ်ဦးက မသေဆုံးသေးဘဲ အသက်ရှင်လျက် လိုက်ပို့သူ။

ဒါမှမဟုတ်…

နှစ်ဦးစလုံး သေဆုံးပြီးပါလျက် သေခဲ့ကြပြီးပါမှ အရင်ရောက်နှင့်နေသူနှင့် နောက်မှသေဆုံးရောက်လာတတ်သူ။

ယေဘုယျဆန်သော သဘောမျှပင် ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ပြန်လည် မဆုံတွေ့နိုင်သော ချစ်သူတွေ ရှိပါ၏ဟု စာဒကတက်ဖူးသည့် အချစ်သီးရင့်အရွယ် အစ်ကိုသူငယ်ချင်းတွေလည်း ရှိပါ၏။

"မင်းစိတ်ကူးယဉ်စကား သိပ်ပြောတတ်တဲ့ ကောင်လေးပဲကွာ"ဟု ငယ်ထိပ်ကို ပုတ်မလိုလို၊ ကျောပဲသပ်တော့မလိုလို ရယ်သွမ်းသွေး၍ အပြောခံရခြင်းလည်း ရှိသည်။

"ကဲကွာ…အခု အမေရိကန်ရောက်နေတဲ့ တို့မောင်တင်မြကြီးနဲ့ သူ့ချစ်သူနှင့် အတူတကွ မြန်မာပြည်မှာ ပေါင်းသင်းကြပြီးမှ ရုရှားပြန်သွားတဲ့ သူ့မိန်းမတို့လို တစ်တိုင်းတစ်ပြည်စီ ခြားသွားတဲ့ ချစ်သူလင်မယားတွေ ဘယ်လိုဆုံနိုင်တော့မှာလဲ"

ဟု သက်သေပြချက်နှင့် ပုံစံထုတ်ပြကြ၏။

"ဟုတ်တယ်ကွ ကောင်လေးရ။ ရုရှားက ခရုရှေ့ဗ်က ဘက်စထရိကျူးဘား အစိုးရဘက်ကနေ ရပ်တည်အားပေးတဲ့အနေနဲ့ ဒုံးပျံတွေ ပို့ပေးနေတယ်။ အမေရိကန်က ကနေဒီက ကျူးဘားကို ခြိမ်းခြောက်၊ ရုရှားကို ဟိန်းဟောက်ပြီး သူ့နောက်က လက်ပါအာဏ်ပ အစိုးရတွေအားတက်အောင် ကြားဖြတ်လေယာဉ်တင် စစ်သင်္ဘောတွေနဲ့ စစ်ပြင်နေလို့ ရုရှားနဲ့ အမေရိကန် ကမ္ဘာ့ရန်ဖြစ်နေတဲ့ အချိန်မှာ သူတို့နှစ်ယောက် ဟိုနိုင်ငံကနေ ဒီနိုင်ငံ မသွားနိုင်၊ ဒီနိုင်ငံကနေ ဟိုနိုင်ငံ မသွားနိုင် ဘယ်လိုပြန်ဆုံတော့မှာလဲ"

ကမ္ဘာနှင့်ချီ၍ အတွေးအမြင်၊ အတွေ့အကြုံရှိသော အချစ်သီးရင့်အရွယ် အစ်ကိုကြီးတွေက ကျွန်တော့်စကားအတွက် ထွက်ပေါက်မရှိစေရန် နိုင်းယှဉ်တွက်ပြ သက်သေသာကေဖြင့် ချောင်ပိတ်ဖမ်းလိုက်ကြသည်။

ထိုအခါ ကျွန်တော်လည်း ကျွန်တော့်အသိမှောနှင့် ကျွန်တော်မို့ တုံ့ ခိုင်းထုံ့ပိုင်းခြင်း ကင်းစွာဖြင့် ဤသို့ ရင်ကော့၍ ချေပအနိုင်ယူခဲ့ဖူး၏။

"တစ်ပြည်စီ ဘယ်လိုပဲခြားခြား၊ အနည်းဆုံး တစ်ကြိမ်တစ်ခါတော့ အိပ်မက်ထဲမှာ သူတို့နှစ်ယောက် ပြန်မဆုံကြဘူးလို့ ခင်ဗျားတို့ ပြောနိုင်ကြမလားဗျာ"

× × ×



www.burmeseclassic.com

www.burmeseclassic.com

(၂)

ကြာခဲ့ပြီဖြစ်သော ဇာတ်လမ်းတစ်ပုဒ်ပင် ဖြစ်စေ၊ အကြောင်းဆိုက်လာသောကြောင့်ပင်ဖြစ်စေ၊ သတိတရ အမှတ်ရရ တမ်းတမိသောကြောင့်ဖြစ်စေ ပြန်လည်တွေးမိကာ မေ့ပျောက်မထားနိုင်ရက်သူအဖို့ ပြန်လည်တင်ပြမိခြင်းအား အပြစ်ဆို ရှုံ့မဲ့မယ်ဖွဲ့လျှင် ကျွန်တော် ရင်စည်း၍ခံပါမည်။

ကြာခဲ့ပြီဖြစ်သော ဇာတ်လမ်းတစ်ပုဒ်ဟု ဆိုထားခဲ့စေကာမူ ကျွန်တော်၏ နှလုံးသားတွင် အမြဲသစ်လွင်နေပါသည်။ ဘယ်သောအခါမျှလည်း ဟောင်းနွမ်းသွားလိမ့်မည် မဟုတ်ပါ။ ကြာခဲ့သော နှစ်ပရိစ္ဆေဒတို့သာ အတိတ်အဖြစ် ဟောင်းအိုသွားပေမည့် ကျွန်တော်၏ နှလုံးသားမှ ခံစားချက်များသည် ပြေပျောက်သွားလိမ့်မည် မဟုတ်ကြပါ။

နှစ်ပေါင်းများစွာဟူသော ကာလအရေအတွက် အခြေအနေတွေ၊ အချိန်အခါတွေ ပြောင်းလဲသွားခဲ့လေသည်တော့ မှန်၏။

သို့ရာတွင် ဖြစ်တတ်သော လူ့သဘော၊ လူ့သဘာဝတို့ကားပြောင်းလဲမှု ဘယ်သောအခါမျှ ရှိလေမည်မဟုတ်။

ယင်းကြောင့်မို့ ထိုခံစားချက်ကလေးကို ကျွန်တော် ရင်နာစွာတွေး၍ ဆွေးဆွေးမြေ့မြေ့ ခံစားနေရခြင်းသာ ဖြစ်ပါ၏။

ထိုရင်နာစရာဖြစ်ရပ်သည် အမှတ်ထင်ထင် ကျွန်တော့်အား ခြောက်လှန့်နေလေသောကြောင့် ကျွန်တော်၏ ယခုတိုင် အထီးကျန်ဆန်သော လူပျိုကြီးဘဝကို ပို့ဆောင်ပေးလိုက်ခြင်းသာပါဟု ဆိုလျှင် မမှားတန်ရာပါ။

ကျွန်တော့်ကို ငယ်ပေါင်းသူငယ်ချင်းတွေ၊ ကြီးပေါင်းမိတ်ဆွေတွေက မေးလေ့မေးစမ်း ပြုတတ်သောစကားကို ကျွန်တော်သည် ပင့်သက်မောတွေ ချချပြီး ရက်ပြုံးကလေး မပွင့်တပွင့် ရင်နာစွာ မလွှဲသာ ပြုံးရုံမျှသာပြုံးပြီး ဘဝအဆုံးကို အရှုံးနှင့်ခရီးဆက်သွားရတော့မည် ထင်ပါသည်။

“ကိုယ့်လူရယ်···သတင်းတွေလည်း အခါခါကျွတ်လို့ ဇရာပဲဟိုင်းလှပြီ။ ဒီလိုပဲ အထီးကျန်ဘဝနဲ့ တစ်ယောက်တည်း နေသွားတော့မှာလား။ ကိုယ့်လူအရွယ်ဆိုရင် ကြင်ဖော်မရှာတော့ဘူးလားလို့ မေးရမယ့်အစား ဇရာဟိုင်းနေလို့ ဆေးပေးမီးယူလေးတောင် မရှာတော့ဘူးလားလို့ မေးရမလို ဖြစ်နေပြီ။ ဟဲ···ဟဲ···ဟဲ···”

× × ×

(၃)

သူတို့ ပြောဆိုရှုတ်နောက်နေကြသလို ကျွန်တော်၏ အထီးကျန်တစ်ကိုယ်တော်ဘဝကို ရောက်နေရခြင်းသည်လည်း ဘဝပေးအခြေအနေကြောင့်ဟု ဆိုရပါမည်။

သူတို့သည် ကျွန်တော်၏ ဘဝပေးအခြေအနေကို ရှုတ်နောက်ကျီစယ်ရုံကလွဲပြီး ဘယ်လိုမှ နားလည်ပေးနိုင်လိမ့်မည် မဟုတ်ကြလေပါ။

ငယ်စဉ်ကတည်းက အရောဂါမှာ မပြည့်စုံသော လူတစ်ယောက်အတွက် မပြည့်စုံခြင်း တရွှေသည် ခြောက်လှန့်လျက်၊ မပြည့်စုံသောဘဝကို လှောက်လှမ်းနေရသူအတွက် စာနာမှုပေးနိုင်လိမ့်မည် မဟုတ်ချေ။

ပြီးပြည့်စုံသူတွေအတွက်လည်း တရွှေခြောက်တတ်သည်ကို သူတို့တစ်တွေ ပြီးပြည့်စုံနေတုန်းအခိုက်မှာ မေ့ထားကြပုံရသည်။ ပြီးပြည့်စုံ၍ ဥစ္စာခြောက်သည်ဟူသော စကားပုံက ရှိထားနှင့်သည်ပင်။

ဥစ္စာရှိပြီး ပြည့်စုံပါလျက် ဥစ္စာခြောက်သည်ကိုလည်း တရားသံဝေဂနှင့် ပြုပြင်နိုင်မည်ဆိုလျှင်လည်း သံဝေဂရနိုင်စရာ အတိုရှိလေသည်။

ဥစ္စာမရှိ၊ မချမ်းသာ၊ ပြီးပြည့်စုံကံလုံမှုမရှိသူတွေအတွက်ကော မပြည့်စုံခြင်း တရွှေသည် မခြောက်လှန့်နိုင်ဟု တစ်ဖက်သတ် ပြောကြမည်ဆိုကြမည်ဆိုလျှင် တရားရာကျပါလိမ့်မည်လား။

တရွှေသည် ရှိသည့်သူကိုလည်း ရှိသလိုခြောက်လှန့်ကာ မရှိသည့်သူကိုလည်း မရှိသလို ခြောက်တတ်လေတော့သည်။ များများရှိသူကို များများခြောက်တတ်ပံ့သည်။

ဥစ္စာပစ္စည်းရှိသူကို ရှိသည့်ဥစ္စာခြောက်ခြင်းတစ်ခုကို ပြောပြရပါမည်။

ကျွန်တော်တို့သည် အတိတ်ကာလတစ်ခုက အာဏာရှင်ခေတ်တွေထဲက ပထမဆုံးအာဏာရှင်ခေတ်တစ်ခေတ်မှာ အရွယ်ရောက်ခဲ့ကြသူတွေ ဖြစ်သည်။ ကျွန်တော်တို့နိုင်ငံ၏ ပထမဆုံး အာဏာရှင်ကြီးသည် ကမ္ဘာပေါ်တွင် အဆိုးရွားဆုံး အာဏာရှင်ကြီးပင် ဖြစ်ပါသည်။ အာဏာရှင်တွေထဲမှာ ထူးထူးခြားခြားလည်း စာတင်လောက်ပါသည်။

လူပေါင်းသန်းချီ၍ သေဆုံးသော



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယကမ္ဘာစစ်ကြီးကို မီးမွှေးသော ဂျာမနီဖက်ဆစ်အာဏာရှင် ဟစ်တလာကြီးအား ကမ္ဘာ့စစ်ခုံရုံးတွင် အရက်စက်ဆုံး၊ အာဏာအပြင်းဆုံးဟု ဆိုထားကြသော်လည်း ကျွန်တော်တို့တိုင်းပြည်၏ အာဏာရှင်ကြီးလောက် ပိုထူးပြီး ရက်စက်နိုင်လိမ့်မည် မထင်ပါ။

ကျွန်တော်တို့တိုင်းပြည်မှ အာဏာရှင်ကြီးသည် သူကျတော့ လက်ရှိ မိန်းမကြီးရှိပါလျက် သူတစ်ပါးမိန်းမကို ယူသည်။ လင်ကြီးရှိပါလျက် ကြောင်တောင်နိုက်သည်။ နောက်မိန်းမတွေလည်း ကြုံသလို ယူတတ်ပါသည်။ သူ့မှာ အချစ်တွေများလှသည်။ ဘယ်တော့မှ အချစ်မကုန်နိုင်။ ကျွန်တော်တို့နိုင်ငံအတွင်းမှာပင် မိန်းမယူရသည်ကို အားမရ၍ နိုင်ငံခြားသူဖြစ်နေသော မိန်းမကိုပင် သူက လှမ်း၍ယူသည်။ စလယ်ဝင်ဖင်မမည်းခင်က ကွဲကြကွာကြတော့ တိုင်းပြည်ဘဏ္ဍာထဲမှ လျော်ကြေးတွေ ပေးလိုက်ရသည်မှာ အနိုင်နိုင် အငံ့ငံ့ ကျော်မကြောင်း၊ ကြားမကောင်း။ ဒါတင် အားမရ၊ သေမင်းပြည်သို့ ခြေလှမ်းနေစဉ်မှာပင် မြေးမလေးအရွယ်၊ သမီးအရွယ်လေးတစ်ယောက်ကို ရအောင် ယူသွားသေးသည်။

သူ့အချစ်သည် အံ့သြတုန်လှုပ်ဖွယ်ရာ။ ထို့ထက် အော့ကြောလန်အချစ်။

အချစ်ကို အဲသည်လောက် စည်းမရှိ၊ ကမ်းမရှိ တန်ဖိုးမထားတတ်ဘူးဆိုလျှင် ချစ်တတ်သော နှလုံးသားပိုင်ရှင်ကြီး ဆိုတာထက် စက်ဆုပ်ရွံရှာဖွယ် ဝေါဟာရအတွင်းသို့ ကျဆင်းသွားမည်ကို သူဂရုမစိုက်။ သူ့မှာ အာဏာတွေ၊ ပါဝါတွေ ပြည့်နှံ့နေသည်ကိုး။ အချစ်ကို လက်ညှိုးညွှန်ရာ ချစ်ချင်တိုင်း ချစ်၍ရနေတော့ အချစ်သည် မယဉ်ကျေးတော့၊ မနူးညံ့တော့၊ ရိုင်းစိုင်းသွားသည်။ ကြမ်းတမ်းသွားတော့သည်။

ချစ်ချင်တိုင်း စည်းမရှိ ကမ်းမရှိ လွှဘောင်လွှကျွံ့ဝတ် နားမလည်အောင် နှစ်နေမှတော့ အချစ်သမားကြီးဆိုတာထက် သူ့ကွယ်ရာမှာ သူ့ကို ကပ်ဖားနေသူတွေနှင့် မှန်ပုံ့ဘုရား။ ဟုတ်ပုံ့ဘုရား ကျယ်နေရသူတွေမှာ "တဏှာကောင်ကြီး" အဖြစ် နောက်ကွယ်က ပြက်ရယ်ပြုနေကြသည်ကို သူမသိတော့။

ထိုအာဏာရှင် အချစ်သမားကြီးသည် သူကျတော့ ချစ်ချင်တိုင်း ချစ်လို့ရနေပြီး အချစ်နယ်သို့ပင် သူ့နှုတ်ကပတ်တော်မှ မြွက်ဆိုချက်တွေ ကူးစက်ပြန့်ပွားလာစေသည်။ အာဏာရှင်ဖြစ်၍ နိုင်ငံအုပ်ချုပ် မင်းလုပ်ရသည်နှင့်အညီ တိုင်းပြည်အတွက် အရေးပါ အရာရောက်သော အမိန့်တွေ၊ စည်းကမ်းချက်တွေ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ထုတ်ပြန်သည်ကို ထားပါလေ။

ခုတော့ ⋅ ⋅ အနုပညာနယ်သည် ပရိသတ်လွှမ်းမိုးမှု အရှိဆုံးဟုဆိုကာ အနုပညာနယ်ပယ်မှာ သူ၏လက်ပါးစေများဖြင့် စာပေလောကတွင် စာပေစိစစ်ရေး၊ ရုပ်ရှင်ဗီဒီယိုလောကတွင် ဆင်စာမြင်းစာတွေ လုပ်လာသည်။ အဲသည်ထဲမှာ နိုင်ငံရေးမှုဘောင်ကို ထိပါးလျှင် ခွင့်မပြု။ ပိတ်ပင်လိုက်သည်ဆိုခြင်းက အနိုင်နိုင် အငံ့ငံ့မှာ ကြားလို့သင့်တော်သေးသည်။ ယခုတော့ အချစ်ကိစ္စတွင်ပါ ပါဝင်ပတ်သက်လာသည်။ ဆယ်ကျော်သက်အရွယ် ဆယ်တန်းမျှမအောင်သေးဘဲ ကျောင်းနေစဉ်မှာ မချစ်မကြိုက်ရ။ အဲဒါတွေရေးတာတွေ့ရင် စိစစ်ရေးကဖြတ်၊ ပိတ်၊ ခွင့်မပြုဘဲထား။ အဲဒါမျိုးတွေ ရိုက်ပြလျှင် ဆင်ဆာက ဖြတ်ပိတ်၊ ခွင့်မပြုနှင့်။

ကောင်းကြသေးရဲ့လား အရပ်ကတို့လို့ အော်ဟစ်ရမလို။ ဒုတိယကမ္ဘာစစ်တရားခံဖြစ်သွားသော ဟစ်တလာကမှ အာဏာရှင်ဖြစ်ပေမည့် သူ့အမျိုးသား ဂျာမန်နိုင်ငံတော် ကြီးကြီးချဲ့ထွင်နိုင်အောင်၊ တခြားတစ်ပါး နိုင်ငံတွေ ကြောက်လန့်ခန့်ညားအောင် ပြုမူဆောင်ရွက်သည်။ မှားတာချင်းအတူတူ နိုင်ငံရေးသမား။ အစွန်းရောက်မျိုးချစ်ဝါဒီက အစွန်းရောက်ပြီး နိုင်ငံရေးမှားမှားသည်။

ကျွန်တော်တို့ဆီက အာဏာရှင်ကြီးသည် ကျွန်တော်တို့ ချစ်တတ်သည့် အရွယ်မှာ သူနှင့် ဘာမှမဆိုင်လျှင် နေ၍ရသော လူငယ်ကလေးတွေ၏ အချစ်နယ်ပယ်ကို ဝင်ပြီး "တောင်ပြော" မြောက်ပြော (တကယ်လည်း "တောင်ပြော"ပါပဲ) ပြောရာက လူငယ်တွေ၏ ဆယ်ကျော်သက် နယ်ပယ်မှာပင် ပွင့်ပွင့်လင်းလင်း မချစ်ရဲကြသော အဖြစ်ကို ကြုံကြရသည်။

ရုပ်ရှင်၊ ဗီဒီယို၊ စာပေတွေမှာ နှိပ်ကွက်တော့ ထိုအာဏာရှင်ကြီး၏ အဝန်းအဝိုင်းမှာ အမှုထမ်းဖူး၍ လောင်းရိပ်မိသော လူကြီးတွေကပါ သူတို့သား သမီး ဆယ်ကျော်သက်တွေကို အချစ်ရေးနှင့် ပတ်သက်လာလျှင် ထိုအတိုင်း ဖြစ်လာသည်။ အိမ်တွင်းသြဇာတွေ၊

www.burmeseclassic.com

မာလကာတွေ ဖြစ်လာသည်။

ငါတို့တိုင်းပြည်ကြီး ကမ္ဘာကြီးနှင့် ရင်ပေါင်တန်း၍ တိုးတက်စေရန် ဆယ်ကျော်သက်များ ချစ်ချင်တိုင်း မချစ်ရ။ ချစ်လျှင် ဆယ်တန်းမအောင်သေးဘဲ မချစ်ရ။ တက္ကသိုလ်သို့ မရောက်သေးဘဲ မချစ်ရ။ အဲသည်လို၊ အဲဒီလို။

ဘုရားသခင်က ဧဒင်ဥယျာဉ်၌ မစားကောင်းသော အသီးကို မစားရန် ပညတ်ဖူးသည်။ သို့သော် သူ၏ သားတော်နှင့် သမီးတော်ဖြစ်သော အာဒံနှင့် ဧဝတို့က ခိုးစားကြသည်။

မစားကောင်းသောအသီးသည် ချိုမြိန်လှ၏တကား။

ထိုစဉ်ကလည်း ကျွန်တော်နှင့် ကျွန်တော့်ချစ်သူ "ယဉ်အေးသီ"တို့သည် ဆယ်တန်းမအောင်သေးသော ကျောင်းသူ၊ ကျောင်းသားအရွယ်ကလေးတွေပေမည့် အဲသည်လူကြီးတွေမသိအောင် ခိုး၍ချစ်မိကြသည်။

"ပညာရေးကလည်း မပြည့်စုံ၊ စီးပွားရေးကလည်း ပြေလည်တာမဟုတ်တော့ ယဉ်အေးသီနဲ့ မောင်တို့ အချစ်ရေးမှာ စည်းကမ်းတော့ ထားကြရလိမ့်နော် မောင်…"

× × ×

(၄)

ယဉ်အေးသီကို ကျွန်တော်ချစ်သည်။

အလွန့်အလွန်ကို ချစ်ပါသည်။

ယဉ်အေးသီနှင့် ကျွန်တော်တို့ တစ်နေ့နေ့ လမ်းခွဲကြရလိမ့်မည်ကို ကြိုတင်၍ ကျွန်တော်သိထားလျှင် ထိုမျှအထိ ချစ်ခဲ့မိလိမ့်မည်ဟု မထင်။

ယဉ်အေးသီသည် ကျွန်တော့်အချစ်ဦးမို့ အချစ်ပိုခဲ့ပါသည်။

ယဉ်အေးသီကလည်း ကျွန်တော့်ကို ထိုကဲ့သို့ပင် ပြောပါသည်။

ကျွန်တော်တို့နှစ်ယောက်စလုံးမှာ အချစ်ရေးတွင် အတွေ့အကြုံ နုနယ်ခဲ့ကြပါသည်။

အချစ်သီးရင့် ကျွန်တော်တို့ အစ်ကိုကြီးအရွယ် ကျွန်တော့်သူငယ်ချင်းများကဲ့သို့ တည်းခိုခန်းများမှာ ချိန်းတွေ့၍ အချစ်မသည်းရဲကြပါ။

အိမ်တစ်အိမ်အိမ်၊ တိုက်ခန်းတစ်ခန်းခန်း၌နေသော သူငယ်ချင်းလင်မယားများအား အကူအညီတောင်း၍ အရှောင်အတိမ်း ဂျက်စီကျိမ်း လုပ်နိုင်ပြီး အပိုင်ချိန်းမတွေ့တတ်ကြပါ။ ကျွန်တော်နှင့် ယဉ်အေးသီတို့မှာ ချိန်းတွေ့ချစ်တင်းစကားဆိုရာ နေရာများမှာ ပန်းခြံများဖြစ်ပြီး အလွန်ဆုံး ရုပ်ရှင်ရုံတွေ၌သာ ဖြစ်ပါလေသည်။

ကျွန်တော်တို့ ချစ်သူနှစ်ယောက်၏ အခြေအနေကို အတွင်းသိ၊ အစင်းသိနေသော အချစ်သီးရင့် အစ်ကိုကြီးအရွယ် သူငယ်ချင်း။ သူငယ်ချင်းမတွေက အချစ်ရေးမှာ အသိမကြွယ် အရွယ်နုကလေးတွေဟု မခံချင်အောင် စကြ၊ နောက်ကြ၊ မီးမလောင်လောင်အောင် လေပင့်ပေးကြပါသည်။ တဏှာရမ္မက်ဓာတ်ဆီဖျန်းပေးကြပါသည်။

အချစ်ရေးမှာ အတွေ့အကြုံနုဆို ကျွန်တော်နှင့် ကျွန်တော့်ချစ်သူ ယဉ်အေးသီတို့အရွယ်တွေကလည်း ငယ်နုသူတွေ ဖြစ်ပါသည်။

ကျွန်တော် ယခင်ကဆိုခဲ့သော စကားရပ်အတိုင်း အာဏာရှင်ကြီးဩဇာကြီးမားချိန် ဝန်ထမ်းဖြစ်ခဲ့ဖူးသော ကျွန်တော့်ပထွေး၏ အရိပ်အောက်မှာ ကျွန်တော်လည်း အနေကြာလာ၍ ပထွေးကို ကြောက်ရပါသည်။ ကျွန်တော့်ပထွေးသည်လည်း သူ့အရိပ်အောက်က ရန်းမထွက်နိုင်သေးသည့် ကျွန်တော့်ကို ဆယ်တန်းမျှ မအောင်သေးဘဲ ချစ်သူရည်းစားမထားရဟု အိမ်တွင်းအမိန့်ထုတ်ထားပါသည်။ မိသားစုအာဏာဖြင့် သည်းနှုရွယ် လူငယ်လေးတွေ၏ အချစ်ရေးကို ပိတ်ပင်ထားပါသည်။

သို့တစေလည်း အချစ်သည် အချစ်သာ ဖြစ်ပါသည်။

လူငယ်လေးတွေ မချစ်ရ လူကြီးတွေပဲ ချစ်ရမည်။

လူကြီးတွေမချစ်ရ၊ လူငယ်လေးတွေပဲ ချစ်ရမည်။

ဤသို့ အချစ်၌ အမိန့်ကြော်ငြာပြန်တမ်းထုတ်ထားတာ မတွေ့ရ၍ ကျွန်တော်နှင့် ယဉ်အေးသီတို့ ရိုးသားစွာခိုးချစ်ကြပါသည်။

သို့သော် ကျွန်တော်တို့သည် အိမ်စည်းကမ်း။ ဘာစည်းကမ်း၊ ညာစည်းကမ်း စတာကြီးတွေကြောင့် သူတစ်ပါးချစ်သူတွေလို အဆုံးစွန်သို့ရောက်အောင် မချစ်ရဲကြပါ။ ဘဝအခြေအနေတွေ မပြည့်စုံကြ၍ အချစ်လွန်ပြီး ဘဝကျွံသွားမှာကို ကျွန်တော်တို့ ချစ်သူနှစ်ယောက်စလုံး ထိန်းကြပါသည်။

သို့အတွက် ကျွန်တော်နှင့် ကျွန်တော့်ချစ်သူ ယဉ်အေးသီတို့ ဆယ်တန်းမအောင်ခင် အလယ်တန်းကျောင်းသား

www.burmeseclassic.com

ဘဝတွင် အချစ်နယ်ကျွံမထွက်သွားခဲ့ပါ။ အချစ်နယ်ကျွံထွက်သွားသော ကျွန်တော်တို့နှင့် ကျောင်းနေဘက်အချို့ ချစ်သူဘဝတွေကနေ တစ်ဆင့်လှမ်း၍ ခြေလှမ်းမှားတွေ လှမ်းထွက်သွားကြသည်ကိုလည်း ရင်မောစွာ တွေ့ခဲ့ရဖူးပါသည်။

မှားသောခြေလှမ်းများကို လှမ်းသွားကြသည်ဆိုစေ၊ အချစ်၌ သတ္တိရှိကြောင်းကိုမူ ကျွန်တော်နှင့် ယဉ်အေးသီတို့သည် ငယ်ရွယ်သူများပီပီ အားကျကမ္ပည်းတင်ထားခဲ့ပါသည်။

သို့သော် သူတို့တစ်တွေကဲ့သို့ ကျွန်တော်နှင့် ကျွန်တော့်ချစ်သူ ယဉ်အေးသီတို့မှာ ရဲစွမ်းသတ္တိမရှိကြ။ အခွင့်လည်း မသာကြချေ။

သို့သော် ကျွန်တော်တို့နှစ်ဦးသည် ကိုယ့်ရည်မှန်းချက်အတွက်ကြောင့် တွေဝေမိန်းမောနေသူများ မဟုတ်ကြ။ ကျွန်တော်တို့နှစ်ဦးစလုံး ဆယ်တန်းအမြန်အောင်ရန် ကြိုးစားကြပါသည်။

ပေါ်ပေါ်ထင်ထင် လွတ်လွတ်လပ်လပ် ချစ်နိုင်ကြရပါစေကြောင်း ဆိုသောဆန္ဒတစ်ခုက စေ့ဆော်၍ ထိုသို့ ကြိုးစားကြခြင်းဖြစ်ကြောင်းတော့ ရိုးသားစွာဝန်ခံရပါမည်။ ကျွန်တော်တို့နှစ်ယောက်၏ ကြိုးစားမှုက ကျွန်တော်လိုချင်သော အောင်မှန်ရ၍ နှစ်ဦးစလုံး ရန်ကုန်စက်မှုတက္ကသိုလ် (ထိုစဉ်က R.I.T)ရွယ်တော်ရိပ်၌ ခိုလှုံမိကြပါသည်။

ထိုအခါကျမှပဲ အချစ်သည်သည်း မခွဲဘဲ တတွဲတွဲဖြစ်သော တရားဝင်ချစ်သူကြီးတွေ ဖြစ်ရပါလေပြီ။

ထိုသို့ အချစ်ကြီးချစ်ကြရသည့် အချစ်မျိုးမှာ နောက်ပင်ကျလွန်းနေသည်ဟု တွေးပြီး နောင်တမရမိကြဘူးလား။ ကိုယ့်ကိုယ်ကို အပြစ်မတင်ကြဘူးလား ဟု မေးမနေကြပါနှင့်တော့…။

× × ×

(၅)

သည်နေရာမှာ ကျွန်တော်နှင့် ကျွန်တော့်ချစ်သူတို့၏ နောက်ခံကားချပ်ဖြစ်သော ဘဝအရင်းခံတွေကိုလည်း ပြောပြထားရန် လိုအပ်မည်ဟု ထင်ပါသည်။

ကျွန်တော်သည် ငယ်စဉ်က ဖခင်ဆုံးပါးပြီး ပထွေးဖြစ်သူနှင့် နေခဲ့ရပါသည်။ ကျွန်တော့်မိခင်သည် တစ်ပင်လဲမှ တစ်ပင်ထူခဲ့ခြင်းမို့ ကျွန်တော် အပြစ်မတင်လိုပါ။ သို့သော် မယားပါသားဖြစ်သော ကျွန်တော့်အပေါ်မှာ အင်မတန်စည်းကမ်းတွေ တင်းကျပ်ပြီး ချုပ်ချယ်လွန်းသော ထိုလိုလူစားမျိုးကို အမေကဘာ့ကြောင့်ယူရပါသလဲဟု လူမှန်းသိတတ်တော့ ဘဝင်မကျဖြစ်ရဖူးပါသည်။

ကိုယ့်အမေပေမယ့် ကလေးကလားစကား ပြောသည်ဟု ထင်လျှင်ခံရပါမည်။ အချစ်မှာ မျက်စိမရှိဘူးဆိုသော စကားရပ်ထဲတွင် သူတို့လည်း အကျုံးဝင်ဟန်တူပါသည်။ ကျွန်တော့်ပထွေးသည် လုပ်ငန်းခွင်တွင် အဆင်မပြေမှုတစ်ခုကြောင့် ထွက်ခဲ့ရသူဖြစ်ပါသည်။ သူစုမိဆောင်းမိရှိသော ငွေကလေးဖြင့် တက္ကစီတစ်စီး ကိုယ်ပိုင်ဝယ်ကာ ကျွန်တော်တို့မိသားစုအား ကိုယ်တိုင်မောင်း၍ လုပ်ကျွေးခဲ့သည်။

သူနှင့် ကျွန်တော့်အမေသည် ကျွန်တော့်အောက် အငယ်များဖြစ်ကြသော ညီလေးတစ်ယောက်၊ ညီမလေးတစ်ယောက်ကို တိုးပွားစေပါသည်။

ကျွန်တော့်ပထွေးသည် အမြင်မှာ တက္ကစီမောင်းနေသော်လည်း သူ့ကို ကန်ထုတ်ခဲ့သော လုပ်ငန်းခွင်ကြီးကို စိတ်မနာဘဲ အိမ်မှာ ထိုအချိုးအတိုင်း ဘုဉ်ကြီးပါနေသည်။ အိမ်မှာ အိမ်ထောင်ဦးစီးဖြစ်၍ အမိန့်ပေါင်းစုံလည်း ထုတ်တတ်ပါသည်။ သူထုတ်ထားသော အမိန့်အတိုင်း ကျွန်တော်တို့မိသားစု နေထိုင်ရသည်မှာ အင်မတန် ကျဉ်းကျပ်လှပါသည်။

“ငါက တပ်ကလာတာကွ။ ရေဘူးပေါက်တာ မလိုချင်ဘူး။ ရေပါတာပဲ လိုချင်တယ်”

အမိန့်အပေါ်မှာ ခပ်ကြောင်ကြောင်ဒဿနကြီးထုတ်၍ သူချမှတ်ထားသော ပုံစံအတိုင်း နေရသည်။

“ရေဘူးအပေါက်ကြီးနဲ့ ရေယူလာလို့ကတော့ ရေမရဘဲ ရေဘူးအပေါက် အခွံကြီးပဲ ရမှာပေါ့အဖေ”

ဟု ကလေးသာသာအရွယ် ရှစ်တန်းကျောင်းသား ကျွန်တော့်ညီ သူ့သားအရင်းက ပြန်စောဒကတက်သောအခါ ဒေါသူပုန်ထပြီး နားရင်းထအုပ်ပါသည်။ သူ့ဒဿနအဟောင်းကို သူပြင်ဆင်ဖို့ မကြိုးစား။ ကျွန်တော့်ညီသာလျှင် အခန်းထောင့်မှာ ခွေခွေကလေး လဲပြီးနာနပ်ယူရပါသည်။

သားအရင်းမဟုတ်သော ကျွန်တော်သည် သူ့ကို ဘာမှပြန်မပြောရဲဘဲ သူ့ပုံစံအတိုင်း နေရပါသည်။ ယင်းကြောင့် ကျွန်တော်သည် ဆယ်တန်းမအောင်ခင် ရည်းစားထားခြင်းကို သိသို



www.burmeseclassic.com

www.burmeseclassic.com

ဝက်ဝက် နေနေရပါသည်။ ပြီးတော့ ကျွန်တော့်အမေ၏ ဆန္ဒအတိုင်း ကျွန်တော်သည် ပညာကို ထိထိရောက်ရောက်သင်ရန် ကြိုးစားရပါသည်။

ကျွန်တော့်ချစ်သူ ယဉ်အေးသီတို့မှာလည်း ချမ်းသာသူများ မဟုတ်ကြပါ။

ကျွန်တော်တို့လိုပင် အိမ်ထောင်ဦးစီး ယောက်ျားလုပ်စာကို တစ်အိမ်သားလုံး အားကိုးအားထားရနေသူများဖြစ်ပါ၏။ ယဉ်အေးသီတို့မှာ နောက်ထပ်ညီအစ်မချည်း သုံးယောက်ရှိကာ ယဉ်အေးသီက ထိုညီအစ်မတွေထဲမှာ အစ်မအကြီးဆုံးဖြစ်သည်။

ကျွန်တော်က ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေထဲမှာ အကြီးဆုံးဖြစ်၏။ ယဉ်အေးသီတို့ အိမ်သား စုစုပေါင်း ခြောက်ယောက်ဖြစ်ကာ ကျွန်တော်တို့အိမ်သားအားလုံး စုစုပေါင်း ငါးယောက်ဖြစ်၍ အကြီးဆုံးဖြစ်သော ကျွန်တော်တို့ အနေမချောင်ကြပါ။ အစစအရာရာ မိဘတွေကို တတ်နိုင်သလောက်အကူအညီပေးကြရသည်။

ကျွန်တော့်ပထွေးနှင့် ယဉ်အေးသီတို့ အဖေမှာ လုပ်ငန်းချင်းလည်း တူပါသည်။ ကျွန်တော့်ပထွေး ကိုယ်ပိုင်တက္ကစီမောင်းသလို၊ ယဉ်အေးသီတို့အဖေမှာလည်း ကိုယ်ပိုင်တက္ကစီမောင်းကာ မိသားစုအတွက် ငွေရှာရပါသည်။

နှစ်ဖက်သော လူကြီးမိဘများ လုပ်ငန်းတူ၊ အခြေအနေတူများ ဖြစ်၍ ကျွန်တော်တို့ အချစ်ခရီးလမ်းကြောင်းမှာ ဖြောင့်ဖြူးလိမ့်မည်ဟု တက္ကသိုလ်ရောက်ပြီး ကြိုတင်တွက်ဆ စိတ်အေးနေကြပါသည်။

နှစ်ဦးစလုံး စက်မှုတက္ကသိုလ်မှ ဘွဲ့ယူ၍ အလုပ်ရသည့် ကာလ၌ လက်ထပ်ကြပါမည်။ ဘွဲ့ယူယူချင်း လက်ထက်ရန် စိတ်မကူးရဲပါ။ ကျွန်တော်တို့ခေတ်က ဘွဲ့ရပြီး အလုပ်မရသည့်သူတွေ ရှိပါသည်။ သူ့အဆက်အသွယ်နှင့်သူဆိုတာ မျိုးတွေလည်း ရှိနေသည်။

ဘွဲ့သာရပြီး အလုပ်မရသေးဘဲ လက်ထပ်မိလျှင် ကျွန်တော်နှင့် ယဉ်အေးသီတို့နှစ်ယောက် ပထွေးလုပ်စာကို စားကြရသလို ဖြစ်သွားပါမည်။ ထိုအခါမျိုးတွင် ကျွန်တော့်ပထွေး ထုတ်ထားသော အမိန့်အတိုင်း ဖြစ်သွားမှာတွေးပြီး ကျွန်တော် အကြောက်လွန်နေပါသည်။ အစိုးရိမ်လွန်နေပါသည်။

သူ့အမိန့်ထဲမှာ အင်မတန် အခံရခက်သော သဘောတွေ ပါနေပါသည်။

"ဟော့···အလုပ်မရှိဘဲ မိန်းမယူလာရင်တော့ ငါ့လုပ်စာတင်ကျွေးထားရတာချင်းအတူတူ မင်းတို့ယူလာတဲ့မိန်းမ ငါ့မိန်းမဖြစ်သွားမယ်၊ ဒါပဲ···"

× × ×

(၆)

အခြေအနေသည် ကျွန်တော့်အတွက် အကောင်းလား၊ အဆိုးလား ကျွန်တော် မဝေခွဲတတ်တော့ပါ။

ဘွဲ့မရသေးဘဲ ကျွန်တော် အလုပ်ထွက်လုပ်ရမည့်ကိန်း ဆိုက်လာသည်။

ကျွန်တော့်ပထွေး လေဖြတ်၍ ရုတ်တရက် အိပ်ရာထဲလဲသည့် တစ်ခဏ၌ ကျွန်တော်အလုပ်ထွက်လုပ်ရလေပြီ။

စက်မှုတက္ကသိုလ် တတိယနှစ်ပညာရေးမှာ တစ်ပိုင်းတစ်စပင် ဖြစ်သော်လည်း ညပိုင်းနှင့် ကျောင်းချိန်လွတ်ချိန်များ၌ တက္ကစီဆွဲရင်း ကျွန်တော့်အိမ်အတွက် ငွေရှာရပါသည်။

အိမ်မှာ နာတာရှည်လူမမာတစ်ဦးရှိသည်။ ဆေးဖိုးဝါးခ ကုသစရိတ် ပိုထွက်လာအောင် သူများထက် ပို၍ ငွေရှာရပါသည်။ ကျောင်းဆင်းမှ အိမ်သို့ပြန်၍ ကားယူနေရလျှင် အချိန်ပုပ်နောက်ကျမည်စိုးကာ ကျောင်းသို့ပင် ကျွန်တော်၏ တက္ကစီကို မောင်းယူလာရပါသည်။

ကျွန်တော်နေထိုင်ရာ အင်းစိန်ဖော့ကန်မှ စက်မှုတက္ကသိုလ်ရှိရာ ကြို့ကုန်းသို့အလာ တစ်ယောက်တစ်ကျပ်နှင့် လမ်းကြုံလူတင်လာလျှင် လက်ဖက်ရည်တစ်ခွက် ၂၅ ပြား(တစ်မတ်)ခေတ်၌ မုန့်ဖိုး၊ ထမင်းဖိုး အဆင်ပြေပါသည်။ (လေးမတ်သည် တစ်ကျပ်ဖြစ်၏။)

ကျောင်းဆင်းလျှင် ဆင်းချင်း ရန်ကုန်မြို့ထဲဘက်ပြန်မည့် ကျောင်းသား၊ ကျောင်းသူများကို တစ်ယောက်နှစ်ကျပ်နှင့် တင်ခဲ့ပါက တက္ကစီဈေးကွက်ရှိရာ ရန်ကုန်မြို့ထဲသို့ ဆိုဖြန့်းသလို မဖြစ်ဘဲ ရောက်လာလေ့ရှိပါသည်။

ကျွန်တော့်ကြိုးစားမှု၊ ကျွန်တော့်လာဘ်မြင်မှုများဖြင့် ကျွန်တော်အဆင်ပြေမလိုဖြစ်နေစဉ် ဘာ့ကြောင့်မှန်းမသိ ကျွန်တော့်ချစ်သူ ယဉ်အေးသီဆီမှ မမျှော်လင့်သော အမိန့်ဟန်နှောသည့် စကားသံကို ကျွန်တော်ကြားလိုက်ရပါသည်။

ကျွန်တော့်ချစ်သူ ယဉ်အေးသီသည် ကျွန်တော်၏ပထွေးကဲ့သို့ အမိန့်



www.burmeseclassic.com

www.burmeseclassic.com

ထုတ်တတ်သော အတန်းအစားထဲတွင် ပါသွားခဲ့လေပြီလား။

"မောင့်ကို ပြောရဦးမယ်။ နောက်ဆုံးပေါ် ကိုယ်ပိုင်ကားအသစ်တွေ ကြားထဲမှာ မောင့်တက္ကစီကြီးက အောက်လွန်းတယ်မောင်ရယ်။ နောက်ကို တက္ကစီကြီးနဲ့ ကျောင်းကို မလာနဲ့ကွာ…"

× × ×

(၇)

ဆီးသီးသည်မဖျိုင်းဟု ကျွန်တော့်ချစ်သူကို ကျွန်တော်မပြောရက်ပါ။

ဆီးသီးသည် အချောအလှကို ဘုရင်က နှစ်သက်ပြီး တော်ကောက်မိဖုရားမြှောက်သောအခါ ဆီးသီးသည်မိဖုရားမဖျိုင်း နောင်တစ်ချိန်တွင် ဆီးသီးကိုမြင်သည်၌ "ဒီနီနီအသီးလေးတွေက ဘာသီးတွေပါလိမ့်"ဟု မတွေ့ဖူး မကြုံဖူးလေဟန် ရေရွတ်လေဟန်ကို ဒဏ္ဍာရီပုံပြင်ထဲမှာပဲ ဖြစ်လိမ့်မည်ဟု ထင်မှတ်မှားခဲ့၏။

ယခုမူ ကျွန်တော့်ချစ်သူ ယဉ်အေးသီလို ဆီးသီးသည်မဖျိုင်းအဖြစ် အပြင်လောကကြီး၌ အကာယ်ပင်ရှိနေကြောင်း လက်တွေ့ပြနေလေပြီလား။

မကြာပါ။ ကျွန်တော်တို့ချင်း သဘောထားကွဲလွဲလာကြပါသည်။ တင်းမာမှုများ ဖြစ်တည်လာကြပါသည်။ အချိန်နှင့်အမျှ အိမ်၏မိသားစုအရေးအတွက် အရေးတကြီးလုံးပန်းနေရသော ကျွန်တော့်ဘဝကို ကျွန်တော့်ချစ်သူသည် စာနာရကောင်းမှန်း မသိတတ်ချေ။

ထိုအခါမျိုးမှာ ကျွန်တော်သည် အချစ်ရေးမှာ အတွေ့အကြုံနုနယ်သူပီပီ အချစ်သီးရင့် အစ်ကိုအရွယ် သူငယ်ချင်းများအား တိုင်ပင်၍ အကူအညီ အကြံဉာဏ်တောင်းခံခဲ့ရပါသည်။

"ဟကောင်လေးရယ်…မင်းနဲ့သူနဲ့ ပညာအရည်အချင်း အတူတူ၊ မိဘတွေ အခြေအနေလည်း အတူတူပဲဟာဘာမှ မတူမတန်ဘူးဆိုပြီး တစ်ဖက်နဲ့တစ်ဖက် ငြင်းဆန်စရာတွေမှ မရှိဘဲ။ စိတ်ချရအောင် လူကြီးတွေကို ဖွင့်ပြောပြီး မြန်မြန်သာ စေ့စပ်ကြောင်းလမ်းထားလိုက်ပေတော့ကွာ…"

× × ×

(၈)

အမိန့်ထုတ်လော့ရှိသော ကျွန်တော့်ပထွေးမှာ ဒီတစ်ကြိမ်တော့ အမိန့်မထုတ်နိုင်ရှာပါ။

ပါးပြင်ထက်မှ မျက်ရည်များ စွန်းထင်းနေသည်ကို တွေ့ရသည်။

ကျွန်တော့်အမေနှင့် ခွေမျိုးသားချင်း အကြီးအကဲများ ပြန်ပြောပြသောစကားကို အိပ်ရာထက်မှ မထနိုင်ဘဲ လဲလျောင်းနားထောင်နေလျက်က အံကို တင်းတင်းကြိတ်ထားလေ၏။

"သူတို့က တက္ကစီမောင်းစားတဲ့ လူအချင်းချင်း အဆင့်အတန်းခွဲခြားသလို ပြောလိုက်တယ် ကိုအောင်ဇေယျရဲ့။ သမီးဦးမို့ သူတို့မှာ ကြီးမားတဲ့ ရည်ရွယ်ချက်တွေနဲ့ အစီအစဉ်တွေ ချပြီးသားတဲ့။ ကျုပ်တို့သားနဲ့ဆိုရင် သူတို့ရဲ့ကြီးမားတဲ့ ရည်ရွယ်ချက်ကြီးတွေ ပျက်သွားနိုင်လေရဲ့ သဘောမျိုး သက်ရောက်သွားတာပေါ့ရှင်"

ကျွန်တော့်ပထွေးမှာ ထိုစကားကို ကြားလိုက်ရပြီးနောက် ဒေါသနှင့် ကုန်းထရန် ကြိုးစားလေသည်။ သို့သော် ကာလရှည်ကြာ လေဖြတ်ပြီး အိပ်ရာထဲလဲနေရသူအဖို့ စိတ်သာဆောင်နိုင်သည်။ လူကမစွမ်းနိုင်တော့။

မျက်ရည်များ တွေတွေကျဆင်းသည်ထက် ကျဆင်းလာသည်။ အံကိုလည်း တင်းသည်ထက် တင်းတင်းကြိတ်သည်။ သူ့ကိုကြည့်ပြီး ကျွန်တော် ဘယ်လိုဝေခွဲရမှန်းမသိတော့။ ကျွန်တော် အချစ်အတွက် ခံစားနေရသည့် သောကကနောက်၊ သူ့အတွက် စိုးရိမ်သည့်စိတ်က အရင်။

ခဏကြာတော့…

လေဖြတ်ခံထားရသော ကျွန်တော့်ပထွေးမှာ လမ်းမလျှောက်နိုင်သလို၊ စကားကိုလည်း ပီပီသသ ပြောနိုင်ခြင်း မရှိသည်မှာ ကြာချေပြီ။

သို့တိုင်…

သူ့ပါးစပ်မှ စကားလုံးတွေ ဘာမှန်းမသိ ထွက်ပေါ်လာသည်။ သူ့ဝသီအတိုင်း အမိန့်တစ်ခု ထပ်ထုတ်သည်လား။ ကြိမ်းမောင်းဆဲဆိုလိုက်သည်လား မသိ။ ပေါက်ကွဲပွင့်အန် ထွက်ကျလာသည်။

"ဝူးဝူး…ဝါး၊ ဝူးဝူး…ဝါး။ ဝူးဝါးဝါး"

(ဆက်လက်ဖော်ပြပါမည်။)

ဓေချိမင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နယ်မြို့လေးထဲက သားရဲ

## (ဖြစ်ရပ်မှန်ရသဝတ္ထုရှည်)

■ သစ်ထူးအိမ်

**ဝန်ခံချက်**

ယခုရေးသား တင်ပြလိုက်သော "နယ်မြို့လေးထဲက သားရဲ"မှာ မြန်မာနိုင်ငံအထက်ပိုင်း၊ အထက်ချင်းတွင်းဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်(ယခုကလေးခရိုင်) အတွင်းရှိ ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်ပေါင်းစုံရာ ဒေသတွင် တည်ရှိသော ဆိပ်ကမ်းမြို့ငယ်ကလေးတစ်ခုမှ အမှန်တကယ်ဖြစ်ပျက်ခဲ့သော ကြောက်မက်ဖွယ်၊ ထိတ်လန့်ဖွယ်၊ ထူးဆန်းဖွယ်၊ အံ့ဩဖွယ်ဖြစ်ရပ်ဆန်း ဖြစ်ပါသည်။

နယ်မြို့လေးတစ်မြို့တွင် ခိုအောင်းဝင်ရောက်၍ သောင်းကျန်းခဲ့သော တောရိုင်းတိရစ္ဆာန်တစ်ကောင်အား ဖော်ထုတ်နှိမ်နင်းခဲ့သည့် ဇာတ်လမ်းဖြစ်ရပ်မှန် ဖြစ်သည် ဒုရဲအုပ်တစ်ဦးနှင့် စာရေးဆရာတစ်ဦးတို့က ပူးပေါင်းဖော်ထုတ်ခဲ့သည်။ ဤအဖြစ်အပျက်တွင် နယ်ခံစာရေးဆရာတစ်ဦး သေဆုံး၍ လူတော်တော်များများ ဒဏ်ရာရခဲ့ကြသည်။ မြို့ကလေး၏ ပြည်သူများ၏ စည်းလုံးညီညွတ်မှုကို ပြသခဲ့သော ဇာတ်လမ်းလည်းဖြစ်သည်။

ဇာတ်လမ်းတွင် ပါဝင်ခဲ့သော အကြောင်းအရာတို့မှာ စိတ်ကူးယဉ်ဖော်ပြချက်များ မဟုတ်ပါကြောင်း ရှေးဦးမဆွ ကတိပေးအပ်ပါသည်။ ဖတ်ရှု၍ ကောင်းစေရန် ဝတ္ထုပုံစံ၊ ရသ၊ ဟာသ၊ စာပေသုတ၊ ဗဟုသုတ၊ ဒေသန္တရသုတများကို စကားတန်ဆာ၊ စာတန်ဆာဖြင့် အလှပန်းချီဖွဲ့ကာ နွဲ့၍ သွဲ့၍ ရေးသော်လည်း သေဆုံးသူမှအပ တခြားပုဂ္ဂိုလ်တော်တော်များများမှာ အမည်ရင်းများ ဖြစ်ပါသည်။ တစ်ဦးတစ်ယောက်မျှ နစ်နာခံပြင်းစရာ အကြောင်းတစ်စုံ တစ်ရာမရှိ၍ မူရင်းနာမည်များဖြင့်သာ ရေးသားလိုက်ရပါသည်။ စာရေးသူသည် ၎င်းမြို့ကလေးတွင် ၁၉၆၆ ခုနှစ် ရှစ်နှစ်သားအရွယ်မှသည် ၁၉၉၆ ခုနှစ် ၃၉ နှစ်အရွယ်ထိ နှစ်ပေါင်း ၃၀ ကျော် နေထိုင်ကြီးပြင်းခဲ့သော ဇာတိမြို့ကလေး ဖြစ်ပါသည်။ ယခုလည်း အလည်အပတ်ရောက်ဆဲဖြစ်၍ ဝင်ထွက်သွားလာဆဲ ဖြစ်ပါသည်။

ယခုအဖြစ်အပျက်မှာ ဆယ်စုနှစ်ကျော်မျှသာ ရှိပါသေးကြောင်း တင်ပြဝန်ခံ ရေးသားအပ်ပါသည်။

*စာရေးသူ သစ်ထူးအိမ်*

xxx xxx xxx

### စာစု(၁)

### မှောင်မိုက်မည်းမည်း ဘာတောင်ကြီးလဲ

လက်ယာဘက်က ချင်းတွင်းမြစ်၊ လက်ဝဲဘက်က မြစ်သာမြစ်တို့ ဝန်းရံယှဉ်တွဲ၍ စီးဆင်းပေါင်းစုံနေသော ကြက်လျှာစွန်းသဏ္ဍာန် ကုန်းမြေပေါ်တွင်တည်ရှိသော မြို့ကလေးမှာ တိတ်ဆိတ်ငြိမ်သက်လှသည်။ တစ်နေ့ခင်းလုံး လှုပ်ရှားရုန်းကန်ခဲ့ရသော မြို့သူမြို့သားတို့မှာ ညရောက်သည်နှင့် အိပ်စက်ခြင်းဖြင့် အနား



www.burmeseclassic.com

www.burmeseclassic.com

ယူကြရသဖြင့် တုတ်တုတ်မျှမလှုပ် အိပ်မောကျလျက် ရှိသည်။

မြို့ကလေး၏ အနောက်ဘက်တွင်ရှိသော 'သော့ဂျင်တောင်၊ ဒန့်ဒင်တောင်'တို့သည် ဆင်ကောင်ကြီးများ တန်းစီဝပ်၍ အိပ်နေကြသကဲ့သို့ ရှိတော့သည်။ ထိုနည်းအတူ ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်တို့အား သဘာဝတရားကြီးက ပေါင်းဆုံပေးထားသော 'ရွှေသမင်တောင်'ကြီးသည် ကန့်လန့်တိုက်၍ တည်ရှိနေသည်။ ချင်းတွင်းကမ်းပါးမှ ကိုင်းရွာ၊ ဇီးတောင်ရွာ၊ တုံနန်းရွာ၊ ရွှေတောင်ရွာ၊ ကျွဲကူးရွာတို့သည်လည်းကောင်း၊ မြစ်သာမြစ်ကမ်းပါးမှ ကျော်ဇင်၊ အုန်းပင်စု၊ ရှမ်းအင်း၊ နတ်တက်၊ နွားစွယ် စသောရွာများနှင့်အတူ သစ်ချောက်၊ ကျောက်မီးသွေး၊ မိုင်းတွင်းရွာကြီးသည်လည်း လူသံသာမက ကားသံစက်သံမျှပင် မကြားရအောင် ငြိမ်သက်လှပေသည်။

မြို့ကလေးမှာ မြို့ငယ်လေးဖြစ်၍ နယ်ပယ်ကျဉ်းမြောင်းလှသည်။

ညဉ့်နက်ပိုင်း နှင်းရိုင်းကျချိန်ဖြစ်၍ မြို့ကလေး၏ မြင်ကွင်းကား မှုန်မှုန်မှိုင်းမှိုင်း သင်တိုင်းအနက် ခြုံလွှားကာထားသကဲ့သို့ ဖြစ်နေသည်။

အချိန်ကား နံနက်ဝေလီဝေလင်းခန့် ဖြစ်သည်။

စာရင်းစစ်မှူး ကိုတင်မြသည် ဖျပ်ခနဲ နိုး၍လာသည်။ ခန္ဓာကိုယ်အနှံ့မှ တဖြိုးဖြိုး တဖြန်းဖြန်း ကြက်သီးများထကာ ခေါင်းမှဆံပင်များ ထောင်ထလာသကဲ့သို့ ခံစားလိုက်ရသည်။ ဘာဖြစ်၍ ဘာဖြစ်မှန်းတော့ မသိသေး။ တစ်ညလုံး မိုးအလင်းသောက်ထားသော အရက်ရှိန်ကြောင့် ထုံထိုင်းနေသည်။ လူမှန်းသူမှန်း မသိအောင် သောက်ရင်း နိုင်ငံခြားအရက်ဆိုင်ဘေး စိန်ပန်းပင်ကြီးခြေရင်းတွင် ခွေခေါက်အိပ်မိမှန်းတော့ သိလိုက်သည်။

စာရင်းစစ်မှူး ကိုတင်မြကား နှယ်နှယ်ရရ မဟုတ်ပါ။ ဘွဲ့ရပညာတတ်၊ လူလတ်ပိုင်းဖြစ်၍ မြို့နယ်စာရင်းရုံးမှ ဝန်ထမ်းတစ်ဦး ဖြစ်သည်။ စာရင်းရုံးမှာပင် ရုံးအကူ၊ အမှုတွဲထိန်းစာရေး၊ လက်နှိပ်စက်စာရေး၊ အငယ်တန်းစာရေး စသော ဘဝများကို ဖြတ်သန်း၍ အသက်သုံးဆယ်တွင် ဘွဲ့ရကာ စာရင်းစစ်မှူး ရာထူးအထိ တိုးတက်ရရှိခဲ့သူ ဖြစ်သည်။ မြို့နယ်ပါတီကောင်စီများနှင့် ဝင်ဆံ့သူဖြစ်၍ အခြေခံအလုပ်သမား အစည်းအရုံး အတွင်းရေးမှူး၊ ရပ်ကွက်(၂)လမ်းစဉ်လူငယ်အတွင်းရေးမှူး၊ တောရကျောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ ရပ်ကွက်(၂) မီးသတ်တပ်ဖွဲ့မှူး တာဝန်များကို ထမ်းဆောင်နေသူဖြစ်၍ မြို့ကလေး၏ အရေးပါအရာရောက်သော ပုဂ္ဂိုလ်တစ်ဦးဟုပင် ဆိုရပေမည်။

သို့သော် ကိုတင်မြကား သူရာအရက်ကို မဖြတ်နိုင်။ ငမ်းငမ်းတမ်းတမ်း စွဲစွဲလမ်းလမ်း ကြိုက်သူဖြစ်သည်။ မျိုးနှင့် ရိုးနှင့် အရက်ကြိုက်သူဟု ဆိုရမည်။ သူ၏အဖေ ဦးတုတ်ကြီးနှင့် ညီများဖြစ်သော တင်ငွေနှင့် မြင့်ရွှေတို့မှာလည်း အရက်ကြိုက်သော ယမကာသမားများသာ ဖြစ်ကြသည်။ ကိုတင်မြကား ပို၍ဆိုးသည်။ အရက်မသောက်လျှင်လည်း နှစ်လ-သုံးလ နေနိုင်သလို၊ သောက်မိလျှင်လည်း မူးရုံမက အလဲသောက်၊ မထနိုင်အောင် သောက်သူ ဖြစ်သည်။ သို့ဖြစ်၍ ကိုတင်မြ အရက်သောက်နေပြီဆိုလျှင် ဘယ်သူမှ မဟန့်တားနိုင်။ မဆုံးမနိုင်ချေ။ ယခုလည်း အမူးလွန် စိန်ပန်းပင်အမြစ်ကြား အိပ်ပျော်နေခဲ့ခြင်း ဖြစ်သည်။

"ဂူး . . ဂဲ . . ဂွဲ . . . ဟူး"

အကြားရဆိုးဝါးသော အမျိုးအမည်မသိ သတ္တဝါတစ်ကောင်၏ အသက်ရှူသံ ဖြစ်လောက်သည်။ ဘာမှန်းတော့ ဝေခွဲမရပါ။ အရက်အရှိန်ကြောင့် ခေါင်းတစ်ခုလုံး တစစ်စစ်ဖြင့် ကိုက်ခဲနေသည်။ မျက်လုံးများက မဖွင့်ချင်။ ဖွင့်၍မရသလို ဖြစ်နေသည်။ အသံဆိုးကြီးက "ဟူး၊ ဟဲ၊ ဂူး၊ ဂဲ"ဖြင့် အနီးကပ်၍ ထွက်ပေါ်နေဆဲ။ မကြုံစဖူး ဆိုးဝါးသော အနံ့အသက် ပြင်းပြင်းသည်လည်း ကိုတင်မြ၏ နှာခေါင်းများမှသည် လည်ချောင်းတစ်လျှောက် ဆင်းကာ အဆုပ်သို့ တိုင်ရောက်လျက် မခံနိုင်ဘဲ ပျို့အန်တော့မတတ်ဖြစ်၍ လန့်နိုးလာရတော့သည်။ အရက်နှင့် အန်ဖတ်နံ့ထက် ဆိုးဝါးသော အနံ့ကား ပြင်းလွန်းလှသည်။ အော့နှလုံးနာစရာပင် ကောင်းလှသည်။ ဆိုးဝါးလွန်းသော အနံ့အသက်ဒဏ်ကြောင့် . . .

ဖျတ်ခနဲ မျက်စိနှစ်လုံး ဖွင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။

ပြုံးကြောင်ကြောင်နဲ့ ကြီးမားသော မျက်လုံးကြီးနှစ်လုံးနှင့် ရင်ဆိုင်လိုက်ရသည်။ အကွာအဝေးကား ကိုတင်မြမျက် နှာနှင့်ထိလုမတတ် လေးငါးလက်မပင် ရှိအံ့မထင်ပါ။ ခန္ဓာကိုယ်မည်းမည်းကြီးကို နှင်းမှုန်များကြားမှ ရိုးတိုးရိပ်တိပ် မြင်လိုက်ရသည်။ ရှည်လျားနက်မှောင်သော ကိုယ်ခန္ဓာကြီးသည် ကိုတင်မြ၏ ခန္ဓာကိုယ်ပေါ်သို့ ကိုင်းမိုး၍လာသည်။ "ဂူး၊ ဂဲ၊ ဟူး၊ ဟဲ"ဟူသော အသက်ရှူသံကြီးသည် ကျယ်လောင်စွာ ထွက်ပေါ်လာပြန်သည်။ ကိုတင်မြသည် ကြောက်လန့်တကြားဖြစ်ကာ . . .

"အောင်မလေးဗျ၊ ဘာကောင်ကြီးလဲ"

"အောင်မလေးဗျ၊ ဘာကောင်ကြီးလဲ"

xxx xxx xxx

## သွေးပျက်သော ညတစ်ည

လမိုက်ရက်တို့ ထုံးစံအတိုင်း ညကား မှောင်မည်းလျက်ရှိသည်။ အချိန်ကား ည၌နက်သန်းခေါင်ကျော် လူခြေတိတ်ချိန် ဖြစ်သည်။ ချင်းတွင်းမြစ် ရေပြင်သည် "ဖလပ်၊ ဖလပ်"ဟူသော အသံပြု၍ လှိုင်းကြက်ခွပ်ကလေးများက စည်းဝါးကိုက် ကခုန်နေကြသည်။ ရေလွှာကိုထိုးခွဲ၍ ကမ်းသို့ကပ်လာသော တံငါလှေတစ်စင်းသည်သာ တထီးတည်း လှုပ်ရှားနေသည်ကိုတွေ့ရသည်။ မြစ်ကမ်းတစ်ခုလုံးကား အုံ့ဖွယ်ကောင်းအောင် တိတ်ဆိတ်လွန်းလှသည်။ ကမ်းသို့ကပ်လာသော တံငါလှေပေါ်မှ မည်းမည်းသဏ္ဌာန် သုံးခုကား သက်ရှိလူသားများပင် ဖြစ်သော်လည်း လှုပ်ရှားမှုကား သိုသိပ်လွန်းလှသည်။

"ကိုဖေသန်း . . . ကောင်းကောင်း ထိန်းထားနော်။ ဒီကောင်က သိပ်သန်တယ်"

"စိတ်ချနေ ကိုညွန့်လှိုင်၊ မင်းကောင် ငမူးဇော်ဝင်းကိုသာ လှေကို ကောင်းကောင်း ထိန်းထားပါစေ။ ဒီကောင်က သူ့ဘော်ဒါ ဦးဘကြည်ကြောင့် စိတ်ဖောက်ပြီး နင်းသောက်နေတာ"

"ဟောကောင်တွေ ဖေသန်းနှင့် ညွန့်လှိုင်၊ ဇော်ဝင်းတို့က မူးပေမယ့် အလုပ်ကို အလုပ်မှန်း သိပါတယ်ကွ၊ ဂျူတီအစ် ဂျူတီပါ"

"အသံမထွက်ကြနဲ့။ ဒီကောင်ကို ကုပ်ကဖမ်းချုပ်ပြီး ဖိထား"

"တစ်ကိုယ်လုံး ကြိုးတုပ်ထားတာပဲ။ နိုင်ပါတယ်"

လူသုံးယောက်သား မနိုင်မနင်း ဝန်ထုပ်ဝန်ပိုးကြီးကို ဖက်တွယ်သယ်မ၍ ဝရုန်းသုန်းကားဖြင့် လှေပေါ်မှ ဆင်းလိုက်ကြသည်။ သယ်မလာသော ဝန်ထုပ်ကြီးမှာ ညမှောင်မှောင်တွင် ဘာမျှမြင်တွေ့ရသည် မဟုတ်သော်လည်း လှုပ်စိလှုပ်စိဖြင့် 'တအိအိ' မြည်နေသည်ကိုကား ခပ်သဲ့သဲ့ ကြားနေရသည်။ တဟောဟော တဟဲဟဲဖြင့် သဲသောင်ပြင်တစ်နေရာတွင် နားလိုက်ကြသည်။

"ဒီမှာ ကိုညွန့်လှိုင် ဒီကောင်ကို ရောင်းလို့ကော လွယ်ပါ့မလားဗျ"

"ဘာမလွယ်စရာ ရှိသလဲကွ။ သေတ္တာထဲထည့် အလုံပိတ်ပြီး မိုးရောကိုပို့လိုက်ရင် . . . ကိစ္စပြတ်တယ်။ အကောင်က နည်းနည်းကြီးသွားလို့ပေါ့ကွာ။ ခပ်ငယ်ငယ်သာဆိုရင် တရုတ်ပြည် ရွှေလီကိုပို့ရင် ဈေးကောင်းရတယ်"

"ခုလည်း ပို့လို့ရတာပဲ မို့လား"

"ငတုံး ဇော်ဝင်း။ ဒီလောက်ကြီးတာ အသယ်ရခက်တာပေါ့ကွ။ အသံက မလုံခြုံ၊ ခရီးကရှည်တော့ ကွဲခနဲဖြစ်သွားမှာပေါ့ ဟောကောင်ရ"

မြစ်ကမ်းပေါ်သို့ တဖြည်းဖြည်း တက်လာကြသည်။ ချင်းတွင်းမြစ်ရေစီးသည် ညင်သာစွာ စီးဆင်းလျက်ရှိသည်။ မြင်ရေပြင်ကိုကား ကောင်းစွာ မမြင်ရပါ။ သို့သော် သေချာစွာကြည့်မည်၊ နားထောင်မည်ဆိုလျှင် တစ်စုံတစ်ရာကြောင့် ထွက်ပေါ်လာသော ရေကူးသံ သဲ့သဲ့ကိုလည်းကောင်း၊ တစ်ပိုင်းတစ်စပေါ်လျက် လှုပ်လှုပ်ရှားရှား ကူးခတ်နေသော မည်းမည်းသဏ္ဌာန်ကြီးကိုလည်းကောင်း တွေ့ကြရမည် ဖြစ်သည်။

ထိုစဉ် . . .

"ညမှောင်မှောင်၊ လရောင်ကြယ် ရောင်သော်မှမဲ့တဲ့၊ မှူးခဲ့တဲ့ ညတုန်းကပေါ့ကွယ်။ ဒီငကြောင်တစ်ယောက်တည်း မိန်းမဆဲလို့ ထွက်ပြေးခဲ့ရတယ်"

www.burmeseclassic.com

တွဲတေးသိန်းတန်၏ "ညမှောင်မှောင် လမှောင်မှောင်"တေးသွားကို ဖျက်၍ဆိုလာသော အမူးသမား တေးသံရှင်သည် အိမ်အကြိုအကြားမှ မြစ်ကမ်းဆီသို့ ရောက်ရှိလာရာ မြစ်ဆိပ်မှ တက်လာသော လူသုံးယောက်နှင့် ဆုံတွေ့ကြ တော့သည်။

"ဘယ်က အမူးသမားလဲ"

"ယောင်ခြောက်ဆယ် ဌေးလင်း၊ မယားကြောက် ဌေးလင်းပေါ့"

"ဟို ကုလားမယောကျ်ားလား"

"ဟုတ်တယ်၊ ခပ်တည်တည်နေ၊ မရောနဲ့"

အမှောင်ထဲမှာ အမူးသမား မယားကြောက် ဌေးလင်းဆိုသူနှင့် ကိုဖေသန်း၊ ကိုညွန့်လှိုင်၊ ငမူးဇော်ဝင်း တို့သုံးယောက် ထိပ်တိုက် ဆုံမိကြသည်။ တစ်ပြိုင်နက်ပင် အောက်ဘက်မှ "တဖတ်ဖတ် တဟူးဟူး" ပြေးတက်လာသော အသံကလည်း ထွက်ပေါ်လာသည်၊ အမူးသမား ဌေးလင်းက စတင်၍ . . .

"အလို . . . ညကြီးမှောင်မှောင် ဘယ်ကကောင်တွေလဲကွဟေ"

"ငါတို့ ဖောင်သမားတွေကွ"

ကိုဖေသန်းတို့သုံးယောက် ကြုံသလို အဖြေပေးရင်း တစ်ဖက်သို့ ရှောင်သွားရန် ပြင်လိုက်ချိန် ကြီးမားမြင့်မားသော မည်းမည်းသဏ္ဌာန်ကြီးက ပြုန်းခနဲ ရောက်ရှိလာသည်။ ဟိုသုံးယောက်မသိသော်လည်း အမူးသမားဌေးလင်းက မြင်လိုက်သည်နှင့် "အောင်မယ် . . . ဝဝထောင်ထောင်မောင်းမောင်းကြီးဆိုတော့ မီးသတ်မှူး ဦးနီလား၊ ကုန်သည်ကြီး ဦးမွတ္တားလား၊ ပွဲစား ဦးမှုံကြီးလား တစ်ယောက်ယောက်ပဲဟေ့"

(ဖင်းမြို့ကလေးတွင် ဦးနီ၊ ဦးမွတ္တား ဦးမှုံကြီးတို့မှာ ဝလည်း အလွန်ဝ၍ အရပ်အမောင်းကောင်း သူများ ဖြစ်ကြသည်၊ လူချစ်လူခင် လူသိများသော ပုဂ္ဂိုလ်များပင် ဖြစ်ပါသည်၊ စာရေးသူ)

အမူးသမား ဌေးလင်းက မည်းမည်းဝဝ ပုဂ္ဂိုလ်ကြီးအား တတွတ်တွတ်ပြောရင်း လှမ်း၍ ကိုင်တွယ်ရန် ပြုလိုက်သည်။

"ဝူး . . . ဂါး"

မည်းမည်းဝဝကြီးက အသံကုန်အောင်ဟစ်၍ ဌေးလင်းအား ကိုယ်လုံးနှင့် တိုက်ချလိုက်ရာ အော်သံများ ဆူညံသွားလေတော့သည်။

"အောင်မလေးဗျ . . . မည်းမည်းကြီး"

"ပြေးဟေ့ . . . "

ကိုညွန့်လှိုင်နှင့် ကိုဖေသန်း တို့က အထုပ်ကြီးကို မနိုင်တနိုင် ထမ်း၍ ခြေကုန်သုတ်ပြေးလေတော့သည်။ မည်းမည်းအကောင်ကြီး လည်း လဲကျသွားသော ဌေးလင်း အား လွှားခနဲကျော်၍ ငမူးဇော်ဝင်း အား ခုန်အုပ်လိုက်သော်လည်း ငမူး ဇော်ဝင်းက လူပါးဖြစ်ရာ မည်းမည်း ကောင်ကြီး၏ ရိပ်ခနဲသဏ္ဌာန်ကို တွေ့သည်နှင့် ကိုယ်ကိုကျုံ့၍ ထိုင်ချလိုက်သည်၊ ဆိပ်ကမ်းအုတ်မှုံနှင့် မည်းမည်းကောင်ကြီးမှာ ဖုံးခနဲမြည်၍ ထိခိုက်မိသွားတော့သည်၊ ငမူး ဇော်ဝင်းလည်း မသက်သာပါ၊ အကောင်ကြီး၏ ခါးအောက်ပိုင်းနှင့် တိုး၍ အရှိန်ဖြင့် ဖိလိုက်ခြင်းခံရကာ သတိလစ်သွားတော့သည်။

"သရဲဗျို့ . . . သရဲ . . . သရဲ"

"သရဲဗျို့ . . . သရဲ . . . သရဲ"

မည်းမည်းကြီးမှာ ထိုမျှဖြင့် မရပ်သေးဘဲ တဝူးဝူး တဂါးဂါးဖြင့် ရုန်းကန်၍ ခုန်ထွက်လိုက်ရာ ကမ်းထိပ်တွင် စီ၍ထားသော ဒီဇယ်ပီပါခွံ တန်းပေါ်သို့ အရှိန်မထိန်းနိုင်ဘဲ ပြိုလဲကျသွားသည်၊ အရှိန်ကြောင့် ဒီဇယ် ပီပါခွံများမှာ ဖရိုဖရဲဖြင့် ဝုန်းဒိုင်းကြကာ မြစ်ကမ်းပါးအောက်သို့ လိမ့်ဆင်းသွားကြရာ "ဂုံးဂုံးဂွမ်းဂွမ်း"အသံများ ကမ္ဘာပျက်မျှ ဆူညံသွားတော့သည်၊ ထိုမျှမကဘဲ ကမ်းခြေသဲသောင်ပြင်တွင် တဲထိုးအိပ်စက်နေကြသော ဆိပ်ကမ်းလုပ်သားများ၊ ဈေးသည်များ၊ စက်လှေမော်တော်များကို ပီပါများက အရှိန်ဖြင့် တိုးဝင်တိုက်ခိုက်မိတော့သည်၊ သို့ဖြင့် ထပ်မံဆူညံ၍ သွားပြန်သည်။

"အောင်မလေးတော့ . . . ကိုစိန်မောင်တင့်"

"မိုးကြိုးပစ်ပြီဟေ့ . . . ထကြ ထကြ"

"ပြေးပြေး . . . တောင်ပြိုတာ တောင်ပြိုတာ"

ဤသို့ဖြင့် စက်လှေဆိပ်ကမ်း တစ်ခုလုံး ပွက်ပွက်ညံသွားလေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

အနီးရပ်ကွက်များဖြစ်သော ကံမစီရပ်၊ အောင်စပယ်ရပ်၊ မုဋ္ဌောရပ်၊ အောင်မင်္ဂလာရပ်ကွက်အသီးသီးမှာ ကျွက်စီကျွက်စီဖြင့် နိုးထ၍ လာကြသည်။

"ဘာဖြစ်တာလဲ . . . ဘာဖြစ်တာလဲ"

"ကမ်းနားဘက်ကဟေ့ . . . လာကြ . . . လာကြ"

လူအများ စုရုံးရောက်ရှိချိန်တွင် အမှုးသမား ဒွေးလင်းအသံကသာ ကျယ်လောင်စွာ ထွက်ပေါ်၍လာနေဆဲပင်။

"မည်းမည်းကြီး . . . သရဲ . . . သရဲ"

"မည်းမည်းကြီး . . . သရဲ . . . သရဲ"

လင်းအရုဏ်ပျပျ ဖြစ်ချိန်တွင် ဆူညံသံများ တိုးလျှသွားသော်လည်း ဝေဖန်သံများ၊ မေးခွန်းများ၊ ပဟေဠိအဖြေညှိသံများကား ထွက်ပေါ်ဆဲပင်။

"ဘာဖြစ်တာလဲ . . . ဘာကြောင့် ဖြစ်တာလဲ"

မည်သူ့ကိုမျှ မမေးရ၊ ဖြေမည့်သူ မရှိ၊ သိရှိသူမရှိဖြင့် ဖြစ်ကြရသည်။ ပါတီကောင်စီနှင့် ပြည်သူ့ရဲများ ရောက်ရှိလာကြသော်လည်း ဘာမျှ ခြေရာခံ၍မရ ဖြစ်ရပြန်သည်။ သတိလစ်နေသော ငမူးဇော်ဝင်းနှင့် စိတ်နောက်ကိုယ်ပါဖြစ်သွားသော အရက်သမားဒွေးလင်းတို့ကိုသာ တွေ့ကြရသည်။ ငမူးဇော်ဝင်းက ကိုဖေသန်း၊ ကိုညွန့်လှိုင်တို့အကြောင်း လုံးဝမပြောချေ။ သူသတိရလို့ပြောသည်ကား အမှူးပြေးသလို ပြေးလာရာ ခြေချော်၍ လဲကျရင်း သတိမေ့သွားသည်ဟုသာ ပြောသဖြင့် ရှေ့သို့ဘာမျှဆက်စပ်၍ မရတော့ပေ။

နောက်ဆုံးတွင် အရက်သမားဒွေးလင်းသာ ရူးကြောင်ကြောင်ဖြစ်၍ ဦးနှောက်ပျက်သွားသည်သာ ကျန်ရှိခဲ့သည်။ အကြောင်းတစ်ခုခုကြောင့် ဒီဇယ်ပီပါများ ပြိုကျခြင်းဟူ၍သာ မှတ်ချက်ပြုကြရတော့သည်။

ကုလားမယောကျ်ား အရက်သမားဒွေးလင်းကား တစ်ဘဝလုံး ဦးနှောက်ပျက်၍ ရူးသွပ်သွားလေသည်။ တို့အတူ ကိုတင်မြသည်လည်း စိတ်ဖောက်ပြန်၍သွားခဲ့သည်။ ၎င်းတို့နှစ်ဦး၏ အဖြစ်အပျက်မှာ တစ်နှစ်ကျော်ခန့် ခြားသော်လည်း "မည်းမည်းကြီး"ဟု အော်ကာ ရူးသွပ်နေခြင်းကတော့ သွား၍တူလှသည်။

သို့ဖြင့် ၎င်းမြို့ကလေးတွင် အရူးသမားကြီး ဦးတင်မြနှင့် အရူးကြီး ဦးဒွေးလင်းဟူ၍ ရှိလာရသလို၊ ကလေးများအတွက်လည်း စနောက်စရာ ပြောင်စရာအဖြစ် ရောက်ရှိလာရသည်မှာ တကယ့်ဖြစ်ရပ်မှန် ဖြစ်ပါတော့သည်။

xxx xxx xxx

## ချောက်ချောက်ချားချား နွေညများ

နွေညများကား ပူပြင်းလှသည်။ လက်ဝဲမြစ်သာ၊ လက်ယာ ချင်းတွင်းမြစ် နှစ်စင်းဆုံရာ ကြက်လျှာစွန်းတွင် တည်ရှိသော မြို့ကလေးမှာ သာယာလှပလွန်းသည်။ ချင်းတွင်းမြစ် အရှေ့ဘက်ကမ်း အားလုံးသည် 'မဟာမြိုင်တောကြီး'က ဖုံးလွှမ်းဝိုင်းပတ်ထားသလို မြစ်သာမြစ် အနောက်ဘက်တွင် တောင်တွင်းချောင်၊ ယောချောင် စသော သစ်တောကြီးများက ဝန်းရံထားသည်။ မြစ်သာမြစ်အနောက်ဘက်ကမ်းသည် ဂန့်ဂေါ၊ ယော၊ ဆောဒေသများနှင့် ဆက်စပ်နေသလို လက်ယာဘက် ချင်းတွင်း အရှေ့ဘက်ကမ်းမှာ တန့်ဆည်၊ ရေဦး၊ ကနီ၊ ပင်လယ်ဘူး စသော မြို့နယ်များနှင့် ဆက်စပ်နေသည်။ ကြားနယ်မြေက ထူထပ်ကြီးမား နက်နဲလှသော နာမည်ကျော် မဟာမြိုင် သစ်တောကြီးဝိုင်းကြီးက တည်ရှိနေသည်။

မြို့လေးမှာ ချင်းတွင်းမြစ်အတိုင်း ဆန်တက်လျှင် မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ သောင်သွပ်၊ ထမံသီ၊ လေရှီး၊ လဟယ်၊ လင်းဖား၊ ဆင်သေ၊ ခန္တီး စသောမြို့နယ်များသို့ ရောက်ရှိသွားနိုင်သည်။ နာဂဒေသနှင့် ရှမ်း၊ ကချင်တိုင်းရင်းသားတို့၏ ဒေသများမှာ တစ်ဆက်တစ်စပ်တည်း ဖြစ်သွား၍ တောတောင် အလွန်ထူထပ်သည်။ မြို့လေး၏အထက်ဘက် ကားလမ်းတစ်လျှောက်မှာ ကလေးမြို့၊ နတ်ချောင်း၊ စမ်းပတ်၊ ဘုတ်ကန်၊ တာဟန်း၊ တမူးမြို့များနှင့် ထိစပ်၍ ချင်းတောင်တန်းကြီးက ကာရံထားပြန်သည်။ အင်္ဂလိပ်တို့ စစ်ပြေးလမ်းမကြီးဖြစ်၍ အိန္ဒိယ



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံ မိုးရေး(ဗမာခေါ် မိုးလေး) အင်ဖာမြို့များသို့ ရောက်သွားနိုင်သည်။ မြို့ကလေးမှ စုန်ဆင်းလျှင် ချင်းတွင်းမြစ်ရိုးတစ်လျှောက် မင်းကင်းကင်း၊ မောကွတော်၊ ကနီ၊ ကနဲ၊ ဘုတလင်၊ အလုံ၊ ယင်းမာပင်၊ ညောင်ပင်ကြီး၊ မုံရွာ စသည့်မြို့များနယ်များသို့ ရောက်ရှိသွားနိုင်သည်။

အချုပ်အားဖြင့်ဆိုလျှင် မြို့ကလေးမှာ သေးငယ်လှ၍ တောင်တန်းများ၊ သစ်တောများ ထူထပ်ဝန်းရံနေသော လူနေဒေသကလေးသာ ဖြစ်သည်။

မိုးကာလရောက်သည်နှင့် ချင်းတွင်း၊ မြစ်သာ မြစ်နှစ်စင်းစလုံးမှာ ရေများဖြင့် ပြည့်လျှံ၍ မြို့ကလေးကို ရေဖွေးဖွေးတို့က ဖုံးလွှမ်းသွားတတ်သည်မှာ နှစ်စဉ်ဖြစ်သည်။ ဆောင်းဥတုရောက်လျှင်ကား ရေမခဲသော်လည်း အရိုးကွဲမတတ် အေးလွန်းလှသောနှင်းမြူတံတိုင်း ခြုံသိုင်းခြင်း ခံရပြန်သည်။ နွေရာသီဆိုလျှင် မြစ်နှစ်စင်းလုံးမှာ ရေများစပ်စပ်သာ ကျန်ရှိ၍ သဲသောင်များ ဖုံးလွှမ်းကာ တံလျှပ်များ တဖျပ်ဖျပ်ခတ်နေပြန်သည်။ အပူလွန်သော အညာဒေသကဲ့သို့ ဖြစ်နေပြန်သည်။

ပူပြင်းခြောက်သွေ့ အိုက်စပ်ဖျင်းရိဖွယ်ကောင်းသော နွေရာသီကို ရှည်လျားစွာ ပိုင်ဆိုင်သော မြို့ကလေးဖြစ်၍ မီးဘေးအန္တရာယ် ကြောက်ရသည်။ မ ကြာခဏ မီးလန့်သဖြင့် တထိတ်ထိတ် တလန့်လန့် ဖြစ်ကြရ

ကိုသန်းလှတို့လည်း
အများနည်းတူ
လဲလျောင်းနေကြရင်း၊
အိပ်ပျော်ရန်
ကြိုးစားနေမိသည်။
သို့ဖြင့်
မှေးမှေးမှေးမှေး
အိပ်ပျော်စတွင်
နှာခေါင်းသို့
စိမ်းရွှေရွှေလိုလို၊
ပုပ်အဲ့အဲ့
အနံ့အသက်လိုလို
ဆိုးဝါးသော
အနံ့တစ်ခုကို
ရှူရှိုက်မိလိုက်သည်။

သည်။ တောတောင်တို့မှာလည်း ရွက်ကြွေတော ဖြစ်သဖြင့် သစ်ပင်တို့မှာ ရိုးတံပြိုင်းပြိုင်း ဖြစ်နေကြသည်။ ရွက်ကြွေရွက်ခြောက်တို့ကြောင့် တောမီးများ မကြာခဏ လောင်သဖြင့် မီးအန္တရာယ်ကို အမြဲဂရုစိုက်နေရသည်။ ၁၉၆၀ ခုနှစ်နှင့် ၁၉၈၀ ခုနှစ်က သေးငယ်ပါသည်ဆိုသော ဤမြို့ကလေးမှာ မြို့လုံးကျွတ်မျှ မီးအကြီးအကျယ်လောင်ကျွမ်းကာ ပြာပုံဘဝ ရောက်ခဲ့ရသည်။

မြစ်နှစ်စင်း ရံထားသော်လည်း ရေကျချိန်၊ ရေခန်းချန်ဖြစ်သော နွေကာလမှာ ရေရှားပါးသဖြင့် ပို၍ ပူပန်ရသည်။ ညပိုင်းရောက်ပါမှ တစ်နေကုန် ပူသမျှ အိုက်သမျှ လေနုအေးအေးကို ခံစားကြရသည်။ တစ်နေကုန် နေပူကျဲကျဲတွင် ပင်ပင်ပန်းပန်းလုပ်ခဲ့သမျှ ညပိုင်းမှာတော့ သက်သောင့်သက်သာ အနားယူနိုင်သော မြို့ကလေးဖြစ်သည်။

"သန်းလှကြီး အိပ်ပလားကွ"

"မအိပ်နိုင်သေးပါဘူး ကိုမောင်ဝရာ။ တစ်နေကုန် နေပူထဲ ပြေးရလွှားရနဲ့ ချွေးထွက်များပြီး ပင်ပန်းသမျှ ညရောက်မှ အနားယူ ချွေးသိပ်ရတာပါ"

"ချည်ထုပ်ဈေးတွေ ဘယ်လိုနေလည်းကွ"

"ဈေးကတော့ မကျပါဘူး။ သယ်ယူစရိတ်က များလွန်းတော့ ကိုယ့်အတွက် သိပ်မကျန်ဘူး။ မြင့်အောင်နှင့် ကိုမောင်လှလည်း ညည်းနေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘာစရိုက်တွေလဲ။ ကားခတွေလား။ ချိုတူးတို့ မွတူးတို့ တင်မြင့်ဝင်းတို့ ကားတွေနဲ့ မတင်ဘူးလား။ လှမျိုးထွန်းကားလည်း ဈေးချိုတာပဲ မဟုတ်လား"

"ဇင်ယော်၊ ညီညီလွင်၊ ရွှေလင်းယုန်၊ မိဘမေတ္တာ ကားတွေကလည်း မဆိုးပါဘူး။ ကားခက ဈေးညှိလို့ရတယ်။ ကြားပေါက်အလုပ်သမားနှင့် ဂိတ်ကြေးက များလွန်းတယ်၊ ဈေးညှိမခံကြဘူး။ တောင်းသလောက် ပေးရတယ်"

"အေး . . . ဒါကတော့ မလွယ်ဘူးကွ၊ ဟုတ်တယ်"

ကိုမောင်လှ၊ ကိုမောင်ဝ၊ သန်းလှ၊ သန်းနွဲ့၊ မြင့်အောင်၊ မြင့်နိုင်၊ မြင့်မောင်တို့မှာ ညီအစ်ကို အရင်းခေါက်ခေါက်များ ဖြစ်သည်။ ယခင်ခေတ်ကာလက အခေါ်ဖြစ်သော 'မှောင်ခိုကုန်သည်'များ ဖြစ်ကြသည်။ ချည်ထုပ်၊ စက်ခေါင်း၊ စက်ဘီး၊ မိုးရေပုဆိုး၊ အိန္ဒိယရှုန်သား၊ အမွှေးပစ္စည်းများကို တရားမဝင် ကူးသန်းရောင်းဝယ်ကြခြင်း ဖြစ်သည်။ ညီအစ်ကိုခုနစ်ယောက်လုံးမှာ မှောင်ခိုပစ္စည်းများ ရောင်းဝယ်ခြင်း ဖြစ်ကြသော်လည်း မူးယစ်ဆေးများကို လုံးဝလက်ရှောင်ကြသဖြင့် လူအထင်ကြီး လေးစားခြင်း ခံကြရသည်။

မြို့ကလေးမှာ ကျဉ်းသော်လည်း လူတန်းစားက စုံလှသည်။ မဆလခေတ်ဖြစ်သဖြင့် ပါတီကောင်စီဝန်ထမ်းများ၊ အစိုးရဝန်ထမ်းများ၊ ကားပိုင်၊ မော်တော်ပိုင်၊ စက်လှေပိုင်များ၊ ဈေးသည်များနှင့် ဆိပ်ကမ်းအလုပ်သမား ကုန်တင် ကုန်ချများစွာသဖြင့် ရှိသည်။ နေရာဒေသ ကျဉ်းသဖြင့် စိုက်ပျိုးမွေးမြူရေးသမား မရှိပါ။ အိန္ဒိယမိုးရေနှင့်နီး၍ မှောင်ခိုကုန်ကူးသူများလည်း ရှိသည်။ ထိုသူတို့ကို 'ခေါက်ပြန်'များဟု ခေါ်သည်။ ဆိပ်ကမ်း ကုန်တင်ကုန်ချ အလုပ်သမားများအပြင် ကြုံရာကျပန်း ထမ်းပိုးလုပ်ကိုင်စားသောက်သော အလုပ်သမားများလည်း ရှိသည်၊ ၎င်းတို့ကို "ကြားပေါက်များ"ဟုခေါ်၍ အဖွဲ့အစည်းမရှိ၊ အလေ့ကျ လုပ်ကိုင်သူများဖြစ်၍ သတင်းပေး တိုင်ကြားမှာကို ကြောက်နေကြရသည်။

မြို့လေး၏ လူများစုမှာ ပူအိုက်လွန်းသောကြောင့် ညပိုင်းများတွင် အိမ်ရှေ့ကပြင်များ၊ ခုတင်များ၊ ခုံတန်းလျားများပေါ်တွင် လေညင်းခံရင်း လဲလျောင်းအိပ်စက်ကြသည်။ ကိုသန်းလှတို့လည်း အများနည်းတူ လဲလျောင်းနေကြရင်း အိပ်ပျော်ရန် ကြိုးစားနေမိသည်။ သို့ဖြင့် မှေးမှေး မှေးမှေး အိပ်ပျော်စတွင် နှာခေါင်းသို့ စိမ်းရွှေရွှေလိုလို၊ ပုပ်အဲ့အဲ့ အနံ့အသက်လိုလို ဆိုးဝါးသော အနံ့တစ်ခုကို ရှူရှိုက်မိလိုက်သည်။

ဖျပ်ခနဲ လန့်နိုးသွားသည်။

"ဖွီး . . . ဘယ်လိုအနံ့ကြီးလဲ"

ရုတ်တရက် ထလိုက်ရင်း ဝန်းကျင်ကိုကြည့်လိုက်ရာ တစ်လံကျော်ကျော်လောက်တွင် မည်းမည်းစုတ်ဖွားဖွား ကိုးရိုးကားရားသဏ္ဍာန်ကို အံ့ဩဖွယ် တွေ့လိုက်ရသည်။

"ဘာကြီးလဲဟ"

ကိုသန်းလှက ခုတင်ပေါ်က ဆင်း၍ မည်းမည်းကြီးကို စူးစမ်းကြည့်လိုက်ရာ ထိုမည်းမည်းကြီးမှာ "ဂူး"ခနဲ မြည်တွန်ကာ အိမ်ခေါင်ရင်း ငှက်ပျောခြံထဲသို့ လွှားခနဲ ဝင်ရောက်သွားသည်။

"မည်းမည်းကောင်ကြီးဗျို့ . . . မည်းမည်းကောင်ကြီး"

"ကိုမောင်လှ၊ ကိုမောင်ဝ၊ မြင့်အောင်တို့ ထကြပါဦး"

"ဘာလဲဟ . . . ဘာလဲဟ"

ကိုသန်းလှက ကြောက်ကြောက်ဖြင့် အသံကုန် စွတ်အော်လိုက်ရာ အိမ်ရှေ့ကွပ်ပျစ်တွင် တုံးလုံးပက်လက် အိပ်ပျော်နေကြသော ညီအစ်ကိုခုနစ်ယောက်စလုံး ဝုန်းဒိုင်းကြဲ ထလိုက်ကြသည်။

"မည်းမည်းကြီး . . . ငှက်ပျောခြံထဲ ပြေးဝင်သွားတယ်"

"ဒါ တစ်ခုခု အယောင်ဆောင်ပြီး ငွေလုဖို့လား၊ ချည်ထုပ်လုဖို့လား တစ်ခုခုပဲ လိုက်ရှာကွာ"

ငှက်ပျောခြံတွင်းမှ မည်းမည်းကြီးမှာ လူသံများကြောင့် ငှက်ပျောခြံမှထွက်ကာ ကတ္တရာလမ်းပေါ်သို့ တက်ပြေးတော့သည်။ ထိုစဉ်က မြို့လေးမှာ ဓာတ်တိုင်များ ရှိသော်လည်း လျှပ်စစ်မီးက မလာတစ်ရက်၊ ပျက်တစ်ရက် ဖြစ်တတ်ရာ ဖြစ်နေသော အခါဖြစ်၍ ကြယ်ရောင်မှအပ ဘာ



www.burmeseclassic.com

www.burmeseclassic.com

အလင်းရောင်မှ မရှိချေ။ အိပ်ချိန်ဖြစ်၍ မီးခွက်၊ မှန်အိမ်တို့လည်း မရှိသည့်အခါလည်းဖြစ်ရာ အရာအားလုံး မှာ မှုန်ဝါးဝါး။ မည်းမည်းသဏ္ဌာန်များသာ ဖြစ်နေသည်။

"ဟော . . . ပြေးသွားပြီ . . . ပြေးသွားပြီ"

"ဟုတ်တယ် . . . ဟုတ်တယ်။ မည်းမည်းကြီး . . . မည်းမည်းကြီး"

"လိုက်ကြဟေ့ . . . လိုက်ကြ။ ဘာကြီးလဲ မသိဘူးကွ"

"ဝိုင်းကြဟေ့ . . . ဝိုင်းကြ"

"ဟောဟော . . . မည်းမည်းကြီးက ရှည်ရှည်ကြီး ဖြစ်သွားပြီ"

နီးစပ်ရာ အော်ရင်းလိုက်ရင်းမှ ရပ်ကွက်တစ်ခုလုံး နိုးထကာ ဝိုင်းစု၍လိုက်ကြသော်လည်း မည်းမည်းကြီးမှာ ရှေ့မှ ဝါးသုံးပြန်ခန့်တွင် ရောက်နေသည်။ ပြေးပုံမှာ ကလန်ကလားမားမားကြီး ဖြစ်နေပြန်သည်။

"လိုက်ဟေ့ . . လိုက်၊ လိုက်"

"ဓာတ်မီးရှိရင် ယူခဲ့ကြဗျို့"

"မည်းမည်းကြီးဗျို့ . . . မည်းမည်းကြီး"

"ဟောဗျာ . . . ပုပုလုံးလုံးလေး ဖြစ်သွားပြီ"

"ဟုတ်တယ် . . . ဟုတ်တယ်၊ ပုပုလေး ဖြစ်သွားပြီ"

"ဟာ . . . ခလေးဖက်ထောက် ပြေးတာကွ။ သေသေချာချာကြည့်"

"သတ္တဝါကြီး တစ်ကောင်ကောင်ပဲဟေ့"

"သတိထားလိုက်ကြဟေ့၊ လူ မဖြစ်နိုင်ဘူးကွ"

မြို့ကလေးမှာ ရပ်ကွက် ၁၊ ၂၊ ၃ ဟူ၍ ရပ်ကွက်သုံးခုရှိရာ အော်သံဟစ်သံများကြောင့် တစ်မြို့လုံး နိုးထကာ အုတ်အော်သောင်းတင်း ဖြစ်ကြရတော့သည်။ ညသန်းခေါင်ကျော်ဖြစ်သောကြောင့် ဆူညံသံကြီးက ဟိန်းနေသည်။

တစ်မြို့လုံး ပွက်လောရိုက်သွားလေသည်။

"လမ်းကြားထဲ ဝင်သွားပြီဟေ့၊ လိုက်ဟ . . . ဝိုင်းဟ"

"တောင်ကုန်းပေါ် . . . တက်သွားပြီကွ၊ လိုက်ကြပါတော့လား"

သက်ကြီးရွယ်အို ကလေးများနှင့် မိန်းမများမှာ ဘာမှန်းမသိ ကြောက်လန့်နေကြသည်။ ယောက်ျားသားအများစုမှာ ပြေးကြလွှားကြနှင့် ယောက်ယက်ခတ်နေကြသည်။ ပြည်သူ့ရဲတပ်ဖွဲ့မှ လင့်ရိုဗာကားနှင့် ဓာတ်မီးများစုမိချိန်တွင် မည်းမည်းကောင်ကြီးမှာ မျက်ခြည်ပြတ်သွားချေပြီ။ အရုဏ်တက် ၂ နာရီခန့် ရှိပြီဖြစ်၍ လင်းကြက်အချို့ပင် တွန်သံပြုလာကြသည်။ မည်းမည်းကြီးကား ဘာမှန်းမသိ၊ ဘယ်ရောက်မှန်းမသိ ပဟေဠိသာ ဖြစ်သွားရသည်။ လူစုများမှာ ဘာမျှ ကောင်းမွန်စွာ မတွေ့လိုက်ရသဖြင့် တီးတိုးတီးတိုး သဖန်းပိုးထိုးသလို ဖြစ်နေကြရတော့သည်။

"ဘာမှန်း မသိပါဘူးကွာ။ ဟုတ်ကောဟုတ်ကဲ့လား"

"မည်းမည်းကြီးဆိုတာတော့ ဟုတ်တယ်ကွ။ ငါမြင်လိုက်တယ်"

"မင်းကလည်း . . . မူးကြောင်ကြောင်နဲ့ မဟုတ်တာလား"

"ငါ ဒီနေ့ မသောက်ဘူးကွ"

"တော်စမ်းပါကွာ . . . ကဲ . . မင်းဘယ်လိုမြင်လိုက်သလဲ"

"မည်းမည်းကြီးပဲ မြင်လိုက်တာလေ"

"ကဲ . . . တော်ကြပါတော့ကွာ။ မောရတဲ့အထဲ"

မြို့ကလေး၏ ညပိုင်းတွင် ထွက်ပေါ်လာသော မည်းမည်းကြီးကိစ္စ နံနက်လင်းသည်အထိ ရက်မှသည် လအတန်ကြာသည်အထိ သေသေချာချာ ဘာမျှမသိရဘဲ ရှိတော့သလို၊ ပါတီကောင်စီနှင့်ရဲများကလည်း ကြပ်မတ်စုံစမ်းသော်လည်း အဖြေမထွက်ခဲ့။ ပါတီဝင်များကို လုံခြုံရေးဖွဲ့၍ မီးသတ်၊ ကြက်ခြေနီ လမ်းစဉ်လူငယ်နှင့်ပေါင်းကာ ကင်းချခြင်း၊ ကင်းလှည့်ခြင်း ပြုလုပ်ကြသည်။ ပြည်သူ့ရဲများက ကင်းပုန်းဝပ်၍လည်းကောင်း၊ ပတ္တရောင်လှည့်၍လည်းကောင်း ဆောင်ရွက်ကြသော်လည်း မထူးခြားတော့သဖြင့် မည်းမည်းကြီးကိစ္စ သွေးအေးသလို ဖြစ်လာသည်။

၎င်းအဖြစ်အပျက် ဖြစ်ပြီးနောက် နှစ်လခန့်အကြာတွင် . . .

"လာကြပါဦးဗျို့ . . . မည်းမည်းကောင်ကြီး . . . မည်းမည်းကောင်ကြီး"

အောင်စပယ်ရပ်ကွက်အတွင်းမှ လင်းအားကြီးအချိန်တွင် အလုပ်



www.burmeseclassic.com

www.burmeseclassic.com

ဆင်းရန်လာသော လုပ်သားမှူးဦးသန်းမောင်နှင့် မည်းမည်းကောင်ကြီး ထိပ်တိုက်သွားတိုးရာ အတူနေလုပ်သားမှူးများ ဖြစ်ကြသော ဦးဘသိန်း၊ ဦးဖိုးဆာ၊ ဦးမောင်ဆန်းတို့က ဝိုင်း၍လိုက်ကြသော်လည်း ဖမ်းမမိလိုက်ပါ။ သို့သော်လည်း မည်းမည်းကောင်ကြီးမှာ လူတစ်ဦးမဟုတ်ဘဲ သတ္တဝါကြီးတစ်ကောင် ဖြစ်သည်ကိုတော့ သိလိုက်ကြသည်။ သတ္တဝါကြီးမှာ နီးစပ်ရာ သစ်ပင် တောအုပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်ဆိုသော်လည်း မြို့နေလူထုအဖို့ သို့လောသို့လော တွေးတောရင်း ထိတ်လန့်၍သာနေရတော့သည်။

ဤသို့ဖြင့် မြို့ကလေးမှာ မကြာခဏ 'မည်းမည်းကြီး'ကိုတွေ့၍ ဝိုင်းဝန်းလိုက်သော်လည်း ဖမ်းမိခြင်းကမရှိချေ။

xxx xxx xxx

## အကြွသမားသုံးဦး

အရှည်ကြီး ဖေသန်း၊ ဗိုက်ပူကြီးညွန့်လှိုင်၊ မေးဖော်ဝင်းတို့ သုံးဦးတို့တတွဲတွဲရှိနေခြင်းကို မြို့လေးမှ လူများက ထူးထူးထွေထွေ သတိမပြုမိကြပါ။ အမြဲတမ်းလည်း တွဲသွားနေကြ ဖြစ်သဖြင့် ဂရုမထားမိခြင်းလည်း ဖြစ်မည်။ သို့သော် အနီးကပ်ကြည့်လျှင်ကာ ထူးခြားမှုကို တွေ့ကြရပေမည်။

"ကိုညွန့်လှိုင် မင်းကောင်ကို မထုတ်သေးဘူးလား"

"မေးဖော်ဝင်း . . . ကြုံသလို ပြောပြန်ပြီ၊ လမ်းကြောင်းက ပိတ်နေတယ်ကွ။ ရဲတွေရော၊ လဝကအကောက်ခွန်၊ သစ်တောဌာန၊ ပါတီ၊ ကောင်စီရော စုံလို့ကွ။ ရှာဖွေရေးစခန်းဖွင့်ထားတာ တွေ့တယ်မဟုတ်လား"

"ဒါတော့ ဒါပေါ့ကွ၊ မင်းကောင်က ကြီးနေပြီနော၊ ကြာလည်း ကြာနေပြီ။ တစ်နှစ်တောင် ရှိတော့မယ်"

"အကောင်က ယဉ်နေပါပြီ။ ဒါပေမယ့် . . . ထွားလာပြီဆိုတော့ လူမမြင် သူမမြင်ခေါ်ဖို့ သယ်ဖို့ဆိုတာ ခက်တယ်ကွ"

မေးဖော်ဝင်းက စိတ်ပျက်ဟန်ဖြင့် . . .

"ကိုဖေသန်းကော ဘယ်လိုသဘောရလဲ"

"ဘာမှမလုပ်သာရင် ဒီအတိုင်း ထိန်းထားရုံပေါ့ကွာ။ လူမသိအောင် ထိန်းထားဖို့ပဲ လိုတာပါ"

"မည်းမည်းကြီးဆိုတော ဘာလဲဆိုတာတော့ ရိပ်မိသွားသလား"

"ရိပ်မိတာပေါ့ကွာ။ ပေပုဘကြည်ကို လုပ်သွားတဲ့ကောင်ပဲ ဖြစ်မှာပေါ့။ ဒီကောင့် အမေလား၊ အဖေလားပဲ"

"ငါ အဲဒါပဲ စိတ်ပူတာပါ"

"စိတ်ပူစရာ မဟုတ်ဘူး၊ ပူမနေနဲ့။ နောက်ဆုံး မဖြစ်သာရင် အသေသတ်ပြီး အတွင်းကပစ္စည်း ယူလိုက်ရုံပဲ"

"ဒါဖြင့် ပြီးရောကွာ။ ကဲ . . . ထွေးညိုလေး ရှိသေးလား"

"မင်းက အရက်သောက်ဖို့ လောက်ပဲကွာ။ ငွေလည်း ရှာဦးကွ"

"အေးပါကွာ၊ ငါချည်ထုပ်နှစ်ထုပ် တိုထားပါတယ်"

မေးဖော်ဝင်းမှာ တောအရက် (ထွေးညို)ကို အလွန်ကြိုက်သူ ဖြစ်သည်။ ဖေသန်း၊ ဘကြည်၊ ညွန့်လှိုင်၊ ဖော်ဝင်းတို့လေးဦးမှာ ဘာလုပ်လုပ် တစ်ပူးတွဲတွဲ ဖြစ်သည်။ ဖော်ဝင်းက အမြဲတမ်း အရက်သောက်၍ မူးနေတတ်သဖြင့် ကလေးများက "ဘိုမူး ဖော်ဝင်း"ဟု နောက်ပြောင်ခေါ်ကြသည်။

ယခု ဒီလေးဦးထဲတွင် ပေပုဘကြည်ဆိုသော ဦးဘကြည်ကား ပျောက်ခြင်းမလှ ပျောက်နေသော်လည်း မြို့လူထုမှာ မရိပ်မိကြပါ။ မြို့လေးက ကျဉ်းသော်လည်း သူ့အလုပ်ကိုယ့်အလုပ်နှင့် ဘာသိဘာသာနေကြသည်က များသည်။ မြို့လူထုမှာ ရိုးသားသောသူများ ဖြစ်ကြသည်။ အရှည်ကြီးဖေသန်း၊ ဗိုက်ပူညွန့်လှိုင်၊ မေးဖော်ဝင်း၊ ပေပုဘကြည်တို့မှာ လူရှုပ်လူပွေများဖြစ်၍လည်း သတိမထားကြခြင်းလည်းဖြစ်ပေမည်။

ထိုအတူ ၎င်းတို့ သုံးဦးနှင့် မည်းမည်းကြီးမှာ တစ်နည်းနည်းဖြင့် ဆက်စပ်ပတ်သက်နေမည်ကိုလည်း မြို့ကလေးမှ လူအများမသိကြချေတကား။

*(ဆက်လက်ဖော်ပြပါမည်။)*

**သစ်ထူးအိမ်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သိုးထိန်း

ပန်းမော်ဇော်လှိုင်

(ယခင်လမှအဆက်)

''နောက်ဆုံး အစီအစဉ်တစ်ခုကတော့ လူကြီးမင်းတို့ အဆုံးစွန်သော အရေးပေါ်အခြေအနေမှာ အသုံးပြုရပါမယ်''

အဲဒါက ပိုကောင်းပါသည်။ ဆာဂျင်'နောရစ်'။ အဲဒါက ယခု ကျွန်တော်ကြုံတွေ့နေရတာပါ။

''ဗြိတိန်ရဲ့ ကမ်းရိုးတန်းတွေကို ဝင်ရောက်လာတဲ့ လေယာဉ်ပျံအားလုံးကို ငါတို့ရဲ့ အစောပိုင်း သတိပေးစနစ်ရဲ့ ရေဒါပုံဖမ်းစက်များမှာ မြင်နိုင်ပါတယ်။ ဒါကြောင့် ငါတို့ရဲ့ ရေဒီယိုစက်ပျက်ယွင်းပြီး အရေးပေါ် အခြေအနေကို မထုတ်လွှတ်နိုင်ဘူးဆိုရင် ဆန်းကြယ်တဲ့ အပြုအမူ ပုံစံတစ်ခုကို ရွေးချယ်လိုက်နာပြခြင်းအားဖြင့် ရေဒါပုံဖမ်းစက်တွေရဲ့ ဂရုပြုမှုရရှိအောင် ကြိုးစားရပါမယ်။ ပင်လယ်ပြင်ကို ထွက်ပြီး ဒီဟာကို ပြုလုပ်ရမယ်။ သေးငယ်တဲ့ တြိဂံများ ပြုလုပ်ပျံသန်းပြခြင်းနဲ့ပါ။ ဘယ်ကွေ့ရပါမယ်။ ပြီးရင် ဘယ်ထပ်ကွေ့ပြီး တြိဂံရဲ့ အနားတစ်ခုစီကို ပျံသန်းချိန် နှစ်မိနစ်လောက် အချိန်ယူရပါမယ်။ ဒီနည်းလမ်းနဲ့ ဆွဲဆောင်မှုပြုလုပ်နိုင်တယ်လို့ မျှော်လင့်ပါတယ်။ ငါတို့နေရာကို ရှာတွေ့ခဲ့ရင်တော့ လေကြောင်းထိန်းဆီ အကြောင်းကြားပြီး သူ့အနေနဲ့ အခြားလေယာဉ် တစ်စီးကို ကျွန်တော်တို့ဆီ အရေးပေါ်စေလွှတ်ပါတယ်။ ဒီလေယာဉ်မှာတော့ ရေဒီယိုစက်ပါတာပေါ့။ ကယ်ဆယ်ရေးလေယာဉ်က ရှာတွေ့ခဲ့ရင်တော့ သူက စီစဉ်ပြီး တိမ်ထု၊ သို့မဟုတ် မြူကို ထွင်းဖောက်ပြီး အန္တရာယ်ကင်းကင်း ကျွန်တော်တို့ကို ဆင်းသက်စေနိုင်ပါတယ်''

ဟုတ်ကဲ့။ အသက်တစ်ချောင်းကို ကယ်တင်နိုင်ဖို့ ၎င်းမှာနောက်ဆုံးကြိုးပမ်းမှုဖြစ်သည်။ ကျွန်တော်က အသေးစိတ်ကို ယခု ပိုမို၍ သတိရနေခဲ့သည်။ ကယ်ဆယ်ရေးလေယာဉ်က တောင်ပံဖျားချင်းယှဉ်၍ ပျံသန်းကာ သင့်ကို အန္တရာယ်ကင်းကင်း ဆင်းသက်နိုင်အောင် ရှေ့ဆောင်လမ်းပြပေလိမ့်မည်။ ၎င်းကယ်ဆယ်ရေး လေယာဉ်ကို 'သိုးထိန်း'ဟုခေါ်သည်။ ကျွန်တော့်လက်ပတ်နာရီကို တစ်ချက်ကြည့်မိသည်။ ပျံသန်းချိန် ငါးဆယ့်တစ်မိနစ်ရှိပြီ။ လောင်စာဆီက မိနစ်သုံးဆယ်စာခန့်သာ ကျန်တော့သည်။ ထို့နောက်တွင် ကျွန်တော်က လောင်စာဆီပြကိရိယာကို ကြည့်မိသည်။ ဖြုန့်စ်လောင်ကျွမ်းစဉ်က အခြားအရာတို့နှင့်အတူ ၎င်းကိုပါ ဆုံးရှုံးခဲ့ပြီ။ ပူပန်ကြောင့်ကြဖွယ် ခလုတ်တစ်ခုကို သတိရသည့်တိုင်အောင် ကျွန်တော့်သွေးတို့ အေးခဲသွားသည့်ကာလ ဖြစ်ခဲ့သည်။ ၎င်းခလုတ်ကိုနှိပ်ကာ ခန့်မှန်းခြေ ဆီပမာဏကို ရနိုင်သည်။ ဆီပမာဏပြ ကိရိယာက သုံးပုံတစ်ပုံရှိကြောင်း ပြသသည်။ 'နော်ဖော့(က်)' ကမ်းခြေရောက်ဖို့ ဆီက မလုံလောက်ပါ။ ပေ ၁၀၀၀၀ အမြင့် လရောင်အောက် ပျံသန်းနေစဉ် ကျွန်တော်က 'ဗင်ပိုင်ယာ'ကို ဘယ်ဖက်သို့ ချိုးယူခဲ့ပြီ။ ပထမဆုံး တြိဂံ၏ ပထမအနားကို စတင်ခဲ့သည်။ နှစ်မိနစ်အကြာ ဘယ်ဖက်သို့ ထပ်မံချိုးခဲ့ပြန်သည်။ ကျွန်တော့်အောက်၌မူ မျက်စေ့တစ်ဆုံး အနောက်ဖက်ထိ မြူတို့က ရောက်ရှိခဲ့သည်။ ရှေ့တွင်တော့ 'နော်ဖော့(က်)' အထိ ထိုနည်းတူပင်။ ဆယ်မိနစ် ကုန်ဆုံးသွားခဲ့ပြီ။ တြိဂံနှစ်ခု အပြည့်အဝ ပြီးဆုံးလုနီးပြီ။ ကျွန်တော်အရင်က ဝတ်ပြုဆုတောင်းခြင်း မရှိခဲ့ပါ။ နှစ်ပေါင်းများစွာ အမှန်ပင် ဝတ်ပြုဆုတောင်းခြင်း ကင်းခဲ့သည်။ အလေ့အကျင့်က မြဲမြဲနေခဲ့ပြီ။ ဘုရားသခင်၊ ကျေးဇူးပြု၍ ဤအဖြစ်ဆိုးမှ ကယ်တင်တော်မူပါ ... မဟုတ်ဘူး။ ဘုရားသခင်ကို ဒီလိုမပြောသင့်ဘူး။ ''ကျွန်ုပ်တို့၏ ခမည်းတော် ကောင်းကင်ဘုံကို ဖန်တီးတော်မူသော ...'' ၎င်းဆုတောင်းကို ထောင်သောင်းချီ၍ ကြား



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပြီ။ ဤညည့်၌ အခြားထောင်သောင်းချီ၍လည်း ကြားရလိမ့်ဦးမည်။ သင့်အနေဖြင့် အကူအညီလိုလျှင် ဘာပြောဆိုမလဲ။ ကျေးဇူးပြု၍ ထာဝရဘုရားသခင် ဤအရပ်၌ရှိသော ကျွန်တော့်အား တစ်စုံတစ်ယောက် သတိပြုမိအောင် ပြုလုပ်တော်မူပါ။ ကျေးဇူးပြု၍ တြိဂံများပြုလုပ်ပျံသန်းနေသော ကျွန်တော့်အား တစ်စုံတစ်ယောက် တွေ့မြင်အောင် ပြုလုပ်၍ အန္တရာယ်ကင်းကင်း ဆင်းသက်နိုင်အောင် ကူညီဖို့ 'သိုးထိန်း'ကို စေလွှတ်တော်မူပါ။ ကျေးဇူးပြု၍ ကူညီတော်မူပါ။ ကျွန်တော်မျိုး ကတိပြုပါတယ်။ ကမ္ဘာမြေအပေါ်၌ ကျွန်တော့်အနေနဲ့ ဘုရားသခင်ကို ဘာများကတိပြုနိုင်ပါသလဲ။ သူ့အနေဖြင့် ကျွန်တော့်ကို မလိုအပ်ပါ။ လောလောဆယ် သူ့ကို လိုအပ်နေသော ကျွန်တော်က သူ့ကို သတိမမူခဲ့သည်မှာ ကြာမြင့်လှပြီ။ သူ့အနေဖြင့်လည်း ကျွန်တော်နှင့် ပတ်သက်၍ အရာရာတိုင်းကိုမေ့လျော့ချေလောက်ပြီ။

ခုနစ်ဆယ့်နှစ် မိနစ်ကြာမြင့်သည့် ကာလ၌မူ မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်မည် မဟုတ်သည်ကို သိခဲ့ပြီ။ လမ်းပြအိမ်မြှောင်က စက်ပိုင်းတစ်လျှောက် ဦးတည်ရာမဲ့ လွင့်မျောလျက် ယခုတိုင် ရှိနေသည်။ အခြား လျှပ်စစ်ပစ္စည်းတို့လည်း အဆုံးသတ်ခဲ့ပြီ။ သူတို့ရပ်တန့်ခဲ့သည့် နေရာ၌ အညွှန်းပြတံ အားလုံးက ထိန်းချုပ်ခံထားရသည်။ ကျွန်တော့် အမြင့်ပြမီတာက ပေ ၇၀၀၀။ ထို့ကြောင့် ကွေ့ပတ်နေစဉ်အတွင်း ပေ ၃၀၀၀ ကျဆင်းခဲ့သည်။ ပြဿနာမရှိပါ။ လောင်စာဆီက သုညနှင့် လေးပုံတစ်ပုံကြား။ ဆိုကြပါစို့ . . ဆယ်မိနစ်စာ ပျံသန်းဖို့ ရှိသေးသည်။ စိတ်ပျက်အားငယ်မှု ဒေါသတရားက တလိပ်လိပ်တက်လာသည်ကို ခံစားခဲ့ရသည်။ ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သည့် စကားပြောခွက်အထဲသို့ ကျွန်တော် ငယ်သံပါအောင် စတင်အော်ဟစ်ခဲ့သည်။

"မိုက်မဲတဲ့ မိမစစ် ဖမစစ်တွေ။ မင်းတို့ရဲ့ ရေဒါဖန်သားပြင်ကို ဘာလို့ မကြည့်ရတာလဲ။ ဘာကြောင့် ဒီအထက်မှာ ရှိနေတဲ့ငါ့ကို မမြင်နိုင်ရတာလဲ။ အားလုံး လူမှန်းသူမှန်းမသိအောင် မူးယစ်ပြီး ကိုယ့်အလုပ်ကိုယ် မလုပ်နိုင်ကြတော့ဘူးလား။ အို . . . ဘုရားသခင်။ တစ်စုံတစ်ယောက်က ဘာကြောင့် ကျွန်တော့်ကို မကြားနိုင်တာလဲ" ထို့နောက်တွင်တော့ ဒေါသက ချုပ်ငြိမ်းသွားခဲ့သည်။ အရာရာတိုင်းအတွက် အသေးအဖွဲ အကူအညီတောင်းခံသည်ကို မရရှိခဲ့သည့် ကလေးငယ်တစ်ယောက်ပမာ ကျွန်တော်က ရှိုက်ငိုကြွေးခဲ့သည်။

ငါးမိနစ် ကြာမြင့်ပြီးနောက် သံသယရှိစရာမလို ကျွန်တော်သိခဲ့ပြီ။ ထိုညတွင် ကျွန်တော် သေရတော့မည်။ အဆန်းတကြယ်ပင် ကျွန်တော့်အနေဖြင့် ကြောက်ရွံ့မှုပင် မခံစားရတော့ပါ။ ကြီးမားလှသည့် ကြေကွဲဝမ်းနည်းခြင်းမျှသာ။ ကျွန်တော် မပြုလုပ်ခဲ့သည့် အရာအားလုံးအတွက် ဝမ်းနည်းမိခဲ့သည်။ မည်သည့်အခါကမှ မတွေ့မြင်ခဲ့ရသည့် နေရာများ၊ ထပ်မံ၍ မည်သည့်အခါမှ နှုတ်ခွန်းဆက်သနိုင်တော့မည် မဟုတ်သည့် လူပုဂ္ဂိုလ်များ။ အမှန်ပင် ဆိုးဝါးသည့် အရာတစ်ခုဖြစ်သည်။ အသက်နှစ်ဆယ်မျှ အရွယ်၌ ဘဝရှင်သန်မှု မရှိဘဲ သေဆုံးရမည်မှာ ကြေကွဲဖွယ် တစ်ခုဖြစ်သည်။ အဆိုးရွားဆုံးမှာ သေဆုံးရသည့်အကြောင်းရင်း မဟုတ်ပါ။ မည်သည့်အခါကမှ မပြုလုပ်ခဲ့သည့် အရာရာတိုင်းအတွက်သာ ဖြစ်သည်။

'ပါစပက်'မှန်ကို ဖောက်ထွင်း၍ အပြင်ဖက်၌ လကွယ်နေသည်ကို ကျွန်တော်မြင်နိုင်သည်။ ထူထပ်သော အဖြူရောင်မြူတို့၏ မိုးကုတ်စက်ဝိုင်းအထက်တွင် ချိတ်ဆွဲလျက် ဖြစ်သည်။ နောက် နှစ်မိနစ်အကြာတွင် ညဥ့်ကောင်းကင်ယံက အမှောင်ထုထဲ သက်ဆင်းပေတော့မည်။ မိနစ်အနည်းငယ်ကြာပြီးနောက် အဆုံးသတ်ပြီဖြစ်သည့် လေယာဉ်တစ်စီးက မြောက်ပင်လယ်ထဲ နောက်ဆုံးဦးစိုက် နစ်မြုပ်ခြင်းမပြုမီ ကျွန်တော်က အရေးပေါ်ခုန်ထွက်ရပေလိမ့်မည်။ တစ်နာရီ ကြာမြင့်ပြီးနောက်တွင် ရေထဲ၌ မြုပ်ချည်ပေါ်ချည် ဝဲလှည့်ရင်း ကျွန်တော်လည်း သေဆုံးရလိမ့်မည် တောက်ပြောင်သည့် အဝါရောင် 'မေဝက်(စ်)' ဝတ်စုံကသာ ကျွန်တော့်အေးခဲမာကျောနေသည့် ခန္ဓာကိုယ်ကို ကူပံ့ထားလိမ့်မည်။ နောက်ဆုံး တြိဂံ၏ အဆုံးသတ်အနားကို ပြုလုပ်ရန် 'ဗင်ပိုင်ယာ'လေယာဉ်၏ တောင်ပံကို လဝန်းဆီသို့ ကျွန်တော်နှိမ့်ချခဲ့သည်။ တောင်ပံဖျားအောက်မြူထု၏ အလွှာပါးကို နောက်ခံပြု၍ လရောင်ပင့်ထားသည့် အခြေအနေတွင် အနက်ရောင် အရိပ်တစ်ခုက အဖြူရောင်ကို ဖြတ်သန်းလျက်ရှိသည်။ တစ်စက္ကန့်အကြာ၌ ၎င်းမှာ ကျွန်တော့်ကိုယ်ပိုင် အရိပ်သာဖြစ်သည်ဟု တွေးခဲ့မိသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com

ထိုအရိပ်မှ လရောင်ထိုးထားလျှင် ကျွန်တော့် ကိုယ်ပိုင်အရိပ်မှာ နောက်ဘက်၌သာ ရှိရပေလိမ့်မည်။ အနိမ့်ပိုင်း မြူထုကို နောက်ခံပြုထားသည်မှာ အခြားလေယာဉ်တစ်စီးသာ ဖြစ်သည်။ ကျွန်တော် လှည့်ပတ်ပျံသန်းသည့် လမ်းကြောင်းတစ်လျှောက် ၎င်းက အတူတကွ လိုက်ပါနေခဲ့သည်။ မြူတို့ဆီ ရှေ့ရှု၍ အောက်ဖက်တစ်မိုင်အကွာ ကောင်းကင်ယံ၌ ဖြစ်သည်။

အခြားလေယာဉ်တစ်စီး ကျွန်တော့်အောက်အရပ်၌ ရှိနေသည်။ တောင်ပံကိုနိမ့်၍ ကျွန်တော်က ၎င်းကို မြင်ကွင်းမှ ပျောက်မသွားအောင် ဆက်လက်လှည့်ပတ် ပျံသန်းနေခဲ့သည်။ လေယာဉ်နှစ်စီးစလုံး စက်ဝိုင်းတစ်ခု အပြည့်အဝဖြစ်သည့်တိုင်အောင် အခြား လေယာဉ်ကလည်း လိုက်ပါပျံသန်းနေသည်။ ၎င်းမှာ ကျွန်တော့်အောက် လွန်စွာဝေးကွာနေရသည်ကို ထိုအချိန်မှ ကျွန်တော်သတိပြုမိသည်။ ကျွန်တော်ရှိနေသည့် အမြင့်သို့ အဘယ်ကြောင့်ပျံတက်၍ ကျွန်တော့်လေယာဉ်နှင့် တောင်ပံဖျားချင်းယှဉ်ကာ နေရာမယူခဲ့သနည်း။ ၎င်းက ကျွန်တော့်ထက် နှေးကွေးစွာ ပျံသန်းလျက်ရှိသည်။ ကျွန်တော့်လေယာဉ်ဘေး ပျံသန်းလိုက်ပါရန် ကြိုးစားခဲ့လျှင် ၎င်းလေယာဉ်က အမီမလိုက်နိုင်ပါ။ ၎င်းက အခြားလေယာဉ်တစ်စီးဖြစ်ပြီး သူ့လမ်းကြောင်းအတိုင်း မြူထုအနီးသို့ ထာဝရပျောက်ကွယ်လုနီးတိုးဝင်ပျံသန်းနေသည်ကို မယုံကြည်မိဖို့ ခက်ခက်ခဲခဲ ကြိုးပမ်းနေစဉ်မှာပင် ကျွန်တော်က စက်ရှိန်ကို အသာလျှော့ချလိုက်ပြီး သူ့ဆီသို့ စတင်မျှောချခဲ့သည်။ ၎င်းက ဆက်လက်လှည့်ပတ်ပျံသန်းနေသည်။ ကျွန်တော်ကလည်း ထိုနည်းတူပင် ပေ ၅၀၀၀ ၌ သူ့အတွက် ကျွန်တော်က သိပ်မြန်နေသေးကြောင်း သိခဲ့ရသည်။ ကျွန်တော်က အရှိန်ကို ပိုလျှော့ချခဲ့လျှင် 'ဗင်ပိုင်ယာ'က ရပ်တန့်သွားပြီး အထိန်းအချုပ်မဲ့ ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားမည်ကို ကြောက်ရွံ့မိသည်။ ပိုမိုနှေးကွေးသွားဖို့အတွက် ကျွန်တော်က လေဘရိတ်များကိုသုံးခဲ့သည်။ ဘရိတ်များက လွင့်မျောနေသည့် လေလမ်းကြောင်းထဲ ကန့်လန့်လွှဲကာ အဟန့်အတားပြုသည့်အခါ 'ဗင်ပိုင်ယာ'က တုန်ခါသွားခဲ့ပြီး လေယာဉ်ကို လေမိုင် ၂၈၀ သို့ ကျဆင်းသွားစေခဲ့သည်။

ထို့နောက်တွင်တော့ ၎င်းလေယာဉ်က ကျွန်တော်ရှိရာ အထက်သို့ ပျံတက်ခဲ့ပြီး ဘယ်တောင်ပံဖျားသို့ လွှဲယမ်းချဉ်းကပ်ခဲ့သည်။ ကျွန်တော်က အောက်ဘက်ရှိ မှုန်ဝါးဝါး မြူနောက်ခံပါးပါး၌ ၎င်း၏ အနက်ရောင် ကြီးမားလှသည့် ကိုယ်ထည်ကြီးကို ချိန်ဆနိုင်ခဲ့သည်။ ထို့နောက်တွင်တော့ ၎င်းက ကျွန်တော့်တောင်ပံဖျား ပေတစ်ရာ အကွာ၌ အတူတကွရှိနေခဲ့ပြီး ကျွန်တော်တို့က လှုပ်ယမ်းရင်း အုပ်ဖွဲ့ပျံသန်းရန် ကြိုးစားခဲ့သည်။ လက ကျွန်တော့်ညာဘက်ဘေး၌ ရှိသည်။ ကျွန်တော့်လေယာဉ်က ၎င်း၏ကိုယ်ပေါ်တွင် အရိပ်ထိုးလျက်ရှိသည်။ ဤသို့ဖြစ်နေသော်လည်း ၎င်း၏ ရှေ့ကောင်းကင်ယံတွင် လည်ပတ်နေသော တောက်ပြောင်သည့် ပန်ကာကြီးနှစ်ခုကို ကျွန်တော့်အနေဖြင့် ချင့်တွက်နိုင်သည်။ မှန်လှသည်။ ၎င်းက ကျွန်တော့်အမြန်နှုန်းကို မမီနိုင်ပါ။ ကျွန်တော်က ဂျက်တိုက်လေယာဉ်အတွင်း ရှိနေပြီး ၎င်းက အစောပိုင်း မျိုးဆက်တစ်ဦးဖြစ်သည့် ပစ်စတင်အင်ဂျင်တပ် လေယာဉ်တစ်စီး ဖြစ်သည်။

၎င်းက စက္ကန့်အတော်ကြာ ယှဉ်တွဲလျက် ရှိနေခဲ့သည်။ လရောင်က ကျွန်တော့်အောက်ဆီမှ လာနေရာ ၎င်းကို တစ်ဝက်တစ်ပျက်သာ မြင်နိုင်သည်။ ထို့နောက်တွင် ၎င်းက ဘယ်ဖက်သို့ ညင်ညင်သာသာ စောင်းသွားခဲ့သည်။ ၎င်းတွင် လမ်းပြအိမ်မြှောင်နှင့် ရေဒီယိုစက်လည်း ရှိသည်။ ကျွန်တော့်တွင် မရှိတော့ပါ။ ၎င်းက ၁၈၀ ဒီဂရီ လှည့်ပတ်ခဲ့သည်။ လမင်းက ၎င်း၏နောက်ဘက်တွင် ဖြစ်သည်။ လကွယ်တော့မည့်အခြေအနေ၌ ကျွန်တော်တို့က 'နော်ဖော(က်)'ကမ်းခြေသို့ ရှေးရှုပျံသန်းနေကြောင်း သိခဲ့ရသည်။ ပထမဆုံးအကြိမ်လည်း ၎င်းကို ကောင်းကောင်း တွေ့မြင်နိုင်သည်။ ကျွန်တော့်အဖို့ အံ့ဩဖွယ်ရာပင်။ ကျွန်တော်၏ 'သိုးထိန်း'မှာ 'ဒီဟာဗီလင်း မော(စ်)စကွီတို'တစ်စီး ဖြစ်သည်။ ဒုတိယကမ္ဘာစစ်လက်ကျန် ဗုံးကြဲလေယာဉ်တစ်စီးဖြစ်၏။

ကျွန်တော်က အမှတ်ရလာခဲ့သည်။ 'ဂလောက်ဆက်စတာ'ရှိ မိုးလေဝသတိုင်းတာရေး လေကြောင်းပျံသန်းမှုတစ်စုက 'မော(စ်)စကွီတို' လေယာဉ်တို့ကို အသုံးပြုခဲ့သည်။ မိုးလေဝသခန့်မှန်းခြေ သတင်းထုတ်လွှင့်နိုင်ရန် အထက်လေထုရှိ နမူနာများ ရယူဖို့အတွက် ဖြစ်သည်။ နောက်ဆုံးပျံသန်းနေသော လေယာဉ်များ ဖြစ်နိုင်သည်။ ၎င်းတို့ကို ဗြိတိသျှစစ်ပွဲနှင့်

www.burmeseclassic.om

ပတ်သက်သည့် ပြခန်းများ၌ မြင်ရသည်။ လေကြောင်းပျံသန်းပွဲတို့တွင် သူတို့၏ 'မော(စ်)စကွီတို'လေယာဉ်များကို ပျံသန်းပြခဲ့ကြသည်။ ပရိသတ်အသက်ရှူမှား လောက်အောင်နှင့် ရှေးလူကြီးတို့ အတိတ်ကို ပြန်ပြောင်းသတိရပြီး အနည်းအကျဉ်း ခေါင်းခါယူရလောက်အောင် စွဲဆောင်နိုင်သည်။ ၎င်းမှာ စက်တင် ဘာ ၁၅ရက် 'စပစ်ဖိုင်းယား'(Spittires) 'ဟာရီကိန်း'(Harricanes)နှင့် 'လန်ကက်စတာ'(Lancasters) လေယာဉ်ပျံသန်းခြင်းတို့အတွက် သူတို့ အမြဲတစေ အရန်ထားသကဲ့သို့ ဖြစ်သည်။

ဘေးပြတင်းမှ ကျွန်တော့်ကို ကြည့်နေသည့်အခါ ယာဉ်မောင်းခန်းထဲ၌ လုံလုံခြုံခြုံထုပ်ထားသည့် ဦးခေါင်းနှင့် စက်ဝိုင်းပုံနှစ်ခုရှိ မျက်ကာကို တပ်ဆင်ထားသည့် လေယာဉ်မောင်းကို လရောင်နောက်ခံ၌ မှန်းဆကြည့်နိုင်သည်။ မှန်ပြတင်း၌ ကျွန်တော်မြင်နိုင်သည့်တိုင်အောင် သူ့ညာလက်ကို ဂရုတစိုက် မြှောက်ပြခဲ့သည်။ လက်ချောင်းများက တည့်တည့်။ လက်ဝါးက အောက်စိုက်လျက်။ သူက လက်ချောင်းများကို ရှေ့နှင့်အောက်ဘက်သို့ ခပ်ကြွမ်းကြွမ်းလေး ထိုးပြခဲ့သည်။ အဓိပ္ပာယ်ကတော့ "ငါတို့ ဆင်းသက်မယ်။ ငါ့လုပ်ရပ်အတိုင်း လိုက်ပါ"ဟု ဖြစ်သည်။

ကျွန်တော်က ခေါင်းညိတ်လိုက်ပြီး သူမြင်နိုင်အောင် ဘယ်လက်ကို မြှောက်ပြခဲ့သည်။ ရှေ့ရှိ ကျွန်တော့်ယာဉ်မောင်းစင်ကို လက်ညှိုးထိုးပြပြီး လက်ချောင်းငါးချောင်းကို ဖြန့်ပြခဲ့သည်။ အဆုံး၌ ကျွန်တော့်လက်ကို လည်ချောင်းရှေ့ ဖြတ်ပြခဲ့တယ်။ ယေဘုယျသဘောတူညီချက်မှာ ဤလက္ခဏာက လောင်စာဆီ ငါးမိနစ်စာသာ ကျန်တော့သည်။ ထို့နောက်တွင်တော့ စက်ရပ်သွားလိမ့်မည်။ မျက်ကာမှန်၊ အသက်ရှူကိရိယာ ဝတ်ဆင်ထားပြီး လုံလုံခြုံခြုံထုပ်ထားသည့် ဦးခေါင်းက နားလည်သည်ဟူသော သဘောဖြင့် ခေါင်းညိတ်ပြသည်ကို မြင်ရသည်။ ထို့နောက် ကျွန်တော်တို့က မြူအလွှာပါးပါးဆီ ဦးစိုက်ဆင်းခဲ့သည်။ သူ့အရှိန်က မြင့်တက်လာခဲ့ပြီး ကျွန်တော်က ဘရိတ်ကို ပြန်လျှော့ခဲ့သည်။ 'ဗင်ပိုင်ယာ'က တုန်ခါမှု ရပ်ဆိုင်းသွားခဲ့ပြီ။ 'မော(စ်)စကွီတို'ရှေ့သို့ တစ်ဟုန်ထိုး ပြေးသွားခဲ့သည်။ ကျွန်တော်က လောင်စာဆီကို လျှော့ချလိုက်သည့်အခါ လေယာဉ်စက်က လေချွန်သံတိုးတိုးပြုကာ ရပ်သွားသံ ကြားရသည်။ 'နော်ဖော့(က်)'၏ မမြင်နိုင်သော ကုန်းမြေဆီ ကျွန်တော်တို့က ဦးစိုက်ဆင်းနေသည်။ အမြင့်ပြကိရိယာကို ကွက်ခနဲကြည့်မိရာ ပေ ၂၀၀၀ ဦးစိုက်ဆင်းနေဆဲ။

**ကျွန်တော်က လောင်စာပြအညွှန်းမှတ်ကို ဖျတ်ခနဲကြည့်ခဲ့ရာ ၎င်းမှာ သုညဖြစ်နေပြီ။ လှုပ်ရှားနိုင်စွမ်း မရှိတော့ပါ။ ဘုရားသခင် မြန်မြန် . . . ကျွန်တော်က ဆုတောင်းခဲ့သည်။ လေယာဉ်ဆီကုန်ခဲ့လျှင် အရေးပေါ် လေထီးဖြင့် ခုန်ထွက်ရန် အနိမ့်ဆုံး ပေ ၇၀၀ အမြင့်သို့ ပြန်လည်တက်ရောက်ရန် အချိန်မရှိတော့ပါ။**

သူက ပေသုံးရာထိ ဆက်လက်ခေါ်ဆောင်သွားခဲ့သည်။ မြူတို့က အောက်၌ ရှိနေဆဲဖြစ်သည်။ မြူထုက မြေပြင်အထက် ပေတစ်ရာထိ ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့သော် ၎င်းမှာ ဂျီ၊ စီ၊ အေ စနစ်မပေးဘဲ ပျံသန်းဆင်းသက်ရန်ကိုသာ ဟန့်တားဖို့ လုံလောက်သည်ထက် ပိုသေးသည်။ ကျွန်တော့်ဘေး ပျံသန်းနေသော ပိုင်းလော့၏ နားကြပ်ထဲသို့ ရေဒီယိုမှ ဝင်ရောက်လာနေမည့် ညွှန်ကြားချက်တစီတတန်းကို ကျွန်တော် စိတ်ကူးကြည့်နိုင်သည်။ သူက 'ပါစပက်'မှန်ပြတင်းဘောင်နှစ်ခုမှ ပေရှစ်ဆယ် အကွာ၌ရှိသည်။ ရေခဲတမျှ အေးသည့် လေစီးကြောင်းကလည်း လေမိုင် ၂၈၀ နှုန်းဖြင့် ကျွန်တော်တို့အကြား ရွေ့လျားလျက်ရှိနေသည်။

ကျွန်တော်က သူ့ကို မျက်ခြေမပြတ် ကြည့်နေပြီး သူ့အစီအမံအတိုင်းလည်း ဖြစ်နိုင်သမျှ အနီးစပ်ဆုံး လိုက်နာခဲ့သည်။ တစ်ခဏတာ အချိန်မျှ မြင်ကွင်းမှ ပျောက်ကွယ်သွားမည်ကို စိုးရွံ့စိတ်ဖြင့် သူ့လက်အချက်ပြမှုတိုင်းကို စောင့်ကြည့်နေခဲ့သည်။ ဝင်ရောက်နေပြီဖြစ်သည့် လရောင်၌ပင် အဖြူရောင်မြူထုနောက်ခံ၌ သူ့လေယာဉ်၏ အလှအပကို မယုံကြည်နိုင်အောင် တွေ့ခဲ့ရသည်။ တိုတောင်း



www.burmeseclassic.com

www.burmeseclassic.com

သည့် ဦးခေါင်းနှင့် လေပူဖောင်းလေးကဲ့သို့ ယာဉ်မောင်းခန်း အလုံးအစက်ကလေး။ တောက်ပြောင်နေသည့် 'ပါစပက်'မှန်။ တောင်ပံအောက် ချိတ်ဆွဲထားသည့် ရှည်လျားသွယ်ပျောင်းသည့် အင်ဂျင်ကိုယ်ထည်များ။ ၎င်းတို့က 'ရိုး(စ်)ရွိုက်မာလင် အင်ဂျင်' တစ်လုံးစီကို သိုမှီးထားသည်။ ပြောင်မြောက်သည့်လက်ရာဖြင့် ဤလေယာဉ်က ညဉ့်အမှောင်ကို ဖြတ်သန်း၍ အိမ်အပြန်လမ်းဆီ တရွေ့ရွေ့သွားနေသည်။ နှစ်မိနစ်အကြာတွင် သူ့ဘယ်လက်သီးကို ပြတင်းမှ မြှောက်ပြခဲ့သည်။ ပြီးလျှင် လက်သီးကိုဖြေပြီး လက်ချောင်းငါးချောင်းစလုံးကို မှန်ဆီသို့ ဆန့်တန်းထားခဲ့သည်။

"ကျေးဇူးပြုပြီး ဘီးချပါ"

ကျွန်တော်က လီဗာကိုအောက်သို့ ဆွဲချလိုက်ရာ လေးတွဲတွဲ ထုန့်က်သလိုခံစားရပြီး လေယာဉ်ဘီး သုံးလုံးစလုံး ကျဆင်းသွားခဲ့သည်။ ဟိုက်ဒရောလစ်ဖိအားကို ထိထိရောက်ရောက် သုံးခဲ့သည်။ ချို့ယွင်းနေသည့် လျှပ်စစ်စနစ်ကို အားမကိုးတော့ပါ။

'သိုးထိန်း'လေယာဉ်၏ ပိုင်းလော့က ထပ်မံဆင်းသက်ဖို့ ညွှန်ပြပြီး လရောင်၌ သူဦးစိုက်ဆင်းသည့်အခါ 'မော(စ်)စကွီတို' ၏ ဦးဖျားကို တွေ့မြင်ခဲ့သည်။ ၎င်း၌ 'ဂျေ–ကေ'စာလုံးများကို ဆေးဖြင့် ရေးသားထားသည်။ ၎င်းတို့မှာ ကြီးမားပြီး အနက်ရောင်ဖြစ်သည်။ ဆက်သွယ်ခေါ်ယူရန် အမည် 'ဂျစ်ကင်း'(Jig King) ဖြစ်နိုင်ကောင်းသည်။ ထို့နောက်တွင် ကျွန်တော်တို့က ပိုမို ညင်ညင်သာသာ ထပ်မံဆင်းသက်ခဲ့သည်။

မြူအလွှာ၏ အထက်မျှ၌ သူက လေယာဉ်ကို ပုံမှန်ပျံသန်းမှု အခြေအနေသို့ ပြန်လည်ပို့ခဲ့သည်။ မြေအပြင်နှင့် လွန်စွာနီးကပ်လှရာ လေယာဉ်တို့၏ အဟုန်ကြောင့် မြေပြင်မှ ဝေ့ဝဲတက်လာသည်။ သဲ၊ အမှိုက်သရိုက်အစအနတို့က ကျွန်တော့်၏ လေယာဉ်ကိုယ်ထည်ကို လာရောက်ရိုက်ခတ်လျက်ရှိသည်။ ပြီးလျှင် ကျွန်တော်တို့က ပုံမှန်စက်ဝိုင်းတစ်ခုပုံ လှည့်ပတ်ပျံသန်းခဲ့ကြသည်။ ကျွန်တော်က လောင်စာပြ အညွှန်းမှတ်ကို ဖျတ်ခနဲကြည့်ခဲ့ရာ ၎င်းမှာ သုညဖြစ်နေပြီ။ လှုပ်ရှားနိုင်စွမ်း မရှိတော့ပါ။ ဘုရားသခင် မြန်မြန် ကျွန်တော်က ဆုတောင်းခဲ့သည်။ လေယာဉ်ဆီကုန်ခဲ့လျှင် အရေးပေါ် လေထီးဖြင့် ခုန်ထွက်ရန် အနိမ့်ဆုံး ပေ ၇၀၀ အမြင့်သို့ ပြန်လည်တက်ရောက်ရန် အချိန်မရှိတော့ပါ။ ဂျက်တိုက်လေယာဉ် တစ်စီးအဖို့ စက်အသုံးမပြုနိုင်ဘဲ ပေတစ်ရာအမြင့်၌ ပျံသန်းနေရခြင်းမှာ သေမင်းထောင်ချောက်တစ်ခုသာ ဖြစ်သည်။ အသက်ရှင်ဖို့ မမျှော်လင့်နိုင်ပါ။

နှစ်မိနစ် သို့မဟုတ် သုံးမိနစ်ကြာ ဖြည်းဖြည်းချင်း လှည့်ပတ်ပျံသန်းမှုကို ထိန်းထားပြီး သူက ကျေနပ်သွားဟန် ရှိသည်။ ထိုကာလအတွင်း ကျွန်တော့်လည်ကုပ်မှ ချွေးစီးတို့က ပြိုက်ပြိုက်ကျလာပြီး ကျောရိုးတစ်လျှောက် စီးဆင်းသွားခဲ့သည်။ ပေါ့ပါးသည့် နိုင်လွန်ပျံသန်းရေးဝတ်စုံက ချွေးစေးတို့ဖြင့် ကျွန်တော့်အရေပြား၌ ကပ်လျက်ရှိပြီ။

"မြန်မြန် လူကြီးမင်း မြန်မြန်"

ရုတ်တရက်ပင် သူက ပျံသန်းရာလမ်းကြောင်းကို တည့်မတ်ခဲ့သည်။ လျင်မြန်လှရာ ကွေ့ဝိုက်ပျံသန်းဆဲ ကျွန်တော်က မျက်ခြည်ပြတ်မတတ်ဖြစ်သွားခဲ့သည်။ တစ်စက္ကန့်အကြာ၌ ပြန်ဖမ်းမိခဲ့သည်။ ဘယ်လက်ဖြင့် 'ထိုးစိုက်ဆင်းဖို့'အချက်ပြနေသည်ကို ကျွန်တော်တွေ့ရသည်။ ထို့နောက် သူက နှင်းထုဆီသို့ တိုးဝင်သွားခဲ့သည်။ ကျွန်တော်က နောက်ကလိုက်ခဲ့ပြီး နှင်းထုထဲ ဝင်ရောက်ခဲ့သည်။ နိမ့်နိမ့်လေးနှင့် ရိုးရှင်းသည့် သက်ဆင်းမှု ဖြစ်သည်။ မည်သို့ပင် လွယ်ကူသည်ဆိုစေ ပေတစ်ရာအမြင့်မျှဆိုသော်လည်း ရှေ့ဆီ၌ ဘာမျှ မရှိပါ။

တိမ်၊ သို့မဟုတ် မြူထုထဲမှ မီးမှိန်မှိန် ကောင်းကင်ပြင်သို့ ဖြတ်သန်းဝင်ရောက်ရန်မှာ မီးခိုးရောင် ဝါဂွမ်းကန်တစ်ခုထဲသို့ ဖြတ်သန်းဝင်ရောက်ခြင်းကဲ့သို့ ဖြစ်သည်။ ရုတ်တရက် ဘာမျှမတွေ့ရ။ မီးခိုးရောင်သာ။ ဝေ့ဝဲနေသည့် ချည်မျှင်တစ်သန်းက သင့်ကို ထောင်ချောက်ဆင် ကြိုးပေးလိမ့်မည်။ ချည်မျှင်တစ်ခုစီက ယာဉ်မောင်းမှန်ဖုံးကို အလျင်အမြန် ပွတ်သပ်ကာ ဘာမျှမရှိသည့် နောက်ဘက်သို့ တိုးဝင်ပျောက်ကွယ်သွားကြသည်။ မြင်နိုင်စွမ်းက သုညသို့ ကျဆင်းလာခဲ့၏။ မည်သည့်ပုံသဏ္ဌာန်၊ အရွယ်အစား၊ ဖွဲ့စည်းပုံ အရာဝတ္ထုမှန်သမျှ မရှိ။ ပေလေးဆယ်အကွာ ကျွန်တော်၏ ဘယ်တောင်ပံဖျား၌ ပျံသန်းနေသည့် 'မော(စ်)စကွီတို' လေယာဉ်တစ်စီး၏ ဖွဲ့စည်းပုံသာ ရှိသည်။ ကျွန်တော်မမြင်နိုင်သော်လည်း ၎င်းကတော့ သေချာရေရာမှုအပြည့်ဖြင့် တစ်စုံတစ်ခုဆီသို့ ဦးတည်ပျံသန်းလျက်ရှိ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထို့နောက်တွင် ကျွန်တော် တစ်ခုသတိပြုမိသည်မှာ ၎င်းက မီး မထွန်းဘဲ ပျံသန်းနေခြင်း ဖြစ်သည်။ တစ်စက္ကန့်မျှ ကျွန်တော်က မှင်တက်မိလျက်ရှိသည်။ ကျွန်တော်တွေ့ရှိသည့် အရာကို ထိတ်လန့်မှုဖြင့် ဖြစ်သည်။ ထို့နောက်တွင်တော့ ထိုသူ၏ အသိဉာဏ်ကို ကျွန်တော် သတိပြုမိခဲ့သည်။ မြူအတွင်း အလင်းရောင်တို့မှာ လှည့်စားနိုင်သည်။ အဆန်းတကြယ် ခံစားချက်များ၊ ငေးမောမှုများ ဖြစ်စေနိုင်သည်။ ၎င်းတို့မှာ ပေလေးဆယ် အကွာ၌လော၊ ပေတစ်ရာ အကွာ၌လော မဝေခွဲနိုင်လောက်အောင် ဆွဲဆောင်နိုင်စွမ်းရှိသည်။ လေယာဉ်နှစ်စီး မြူနှင်းတို့ထဲ အုပ်ဖွဲ့ပျံသန်းလာရာတွင် သူတို့ဆီ ရှေ့ရှုရွှေ့လျားစေနိုင်သည်။ ထိုအချက်က ဘေးဆိုးကြီး ဖြစ်ပေါ်စေနိုင်သည်။ ထိုပုဂ္ဂိုလ်မှာ မှန်ကန်သည်။

သူနှင့်အတူ အုပ်ဖွဲ့ပျံသန်းရင်း သူက အရှိန်လျှော့ချခဲ့သည်။ ကျွန်တော်ကလည်း အရှိန်ကို ဖြည်းဖြည်းချင်းလိုက်ပါလျှော့ချခဲ့သည်။ တစ်စက္ကန့်၏ အချိန်ပိုင်းမျှအတွင်း လိုအပ်သည့် မီတာနှစ်ခုကို လျှပ်တစ်ပြက် ကြည့်မိသည်။ အမြင့်ပြမီတာက သုည။ ထို့အတူ လောင်စာဆီပြညွှန်တံကလည်း ဖြစ်သည်။ တစ်ခုက လှုပ်ရှားမှုပင် မပြတော့။ လေယာဉ်မြန်နှုန်းပြ ညွှန်တံက လေမိုင် ၁၂၀ ကို ပြလျက်ရှိသည်။ လေမိုင် ၉၅ ၌ ဤအသုဘခေါင်းက ပြုတ်ကျပေတော့မည်။

တစ်စုံတစ်ရာ သတိမပေးဘဲ 'သိုးထိန်း'က ကျွန်တော့်ကို လက်ညှိုးတစ်ချောင်း ထိုးပြခဲ့သည်။ ထို့နောက် ရှေ့လေကာကို ဖြတ်သန်း၍ ရှေ့တူရူသို့ ညွှန်ပြပြန်သည်။ ဆိုလိုသည်မှာ "အဲဒီမှာ ရှေ့ဆက်ပျံသန်းပြီး ဆင်းသက်ပေတော့" ကျွန်တော်က လေကာမှန်ကို ဖောက်ထွင်း၍ ရှေ့သို့ ငေးကြည့်မိသည်။ ဘာမှမရှိ။ ထို့နောက်တွင်တော့ ရှိသည်။ တစ်စုံတစ်ခုရှိသည်။ ဘယ်နှင့်ညာ၌ မှုန်ဝါးဝါး။ ထို့နောက် နှစ်ခု။ တစ်ဖက်တစ်ချက်၌ တစ်ခုစီ ဖြစ်သည်။ ကျွန်တော့်ဘေး တစ်ဖက်တစ်ချက်စီ၌ မီးရောင်များရှိသည်။ ဆီးနှင်းက မီးရောင်ကို အဝိုင်းပြုထားသည်။ မီးရောင်အစုံတို့က တဝင်းဝင်းနှင့် ဖြတ်သန်းပြေးလွှားလျက်ရှိသည်။ ထိုမီးတို့အကြား ဘာရှိနေသည်ကိုမြင်နိုင်ရန် ကျွန်တော့် မျက်လုံးတို့ကို အားစိုက်ကြည့်နေမိသည်။

ဘာမှမရှိ။ အမှောင်ထုသာ။

ထို့နောက်တော့ ဆေးရောင်မျဉ်းတစ်ခုက ကျွန်တော့်ခြေထောက်များအကြား ပြေးလွှားလျက်ရှိ၏။ အလယ်မျဉ်း။ တအံ့တသြဖြင့် ကျွန်တော်က စွမ်းအင်ကိုဖြတ်ပစ်လိုက်ပြီး လေယာဉ်ကို ပုံမှန်ဖြစ်အောင် ထိန်းထားလိုက်သည်။ 'ဗင်ပိုင်ယာ'ကိုလည်း အရှိန်သတ်ဖို့ ဆုတောင်းနေမိသည်။

မီးတို့က ကျွန်တော့်မျက်လုံးနှင့် တပြေးညီဖြစ်အောင် ယခုအခါ မြင့်တက်လာနေသည်။ ယခုတိုင်အောင် လေယာဉ်က အရှိန်မသေသေး။

ဝုန်း . . . ထိပြီ။

ကျွန်တော်တို့က လင်းဝင်းနေသော မြေအပြင်ကိုထိပြီ။

ဝုန်း . . . ဝုန်း။

နောက်တစ်ခေါက်ထိပြီ။ လေယာဉ်က ထပ်မံ လွင့်မျောသွားနေသည်။ စိုစွတ်မည်းနက်နေသည့် ပြေးလမ်းအထက် လမ်းမအနည်းငယ်တွင် ဖြစ်သည်။ တဝုန်းဝုန်းနှင့် မြည်ဟီးသံများကြားလာရသည်။ ၎င်းက အောက်ရောက်ပြီ။ နောက်ဘီးတို့က ပြေးလမ်းနှင့်ထိပြီး ထိန်းထားနိုင်ခဲ့ပြီ။

'ဗင်ပိုင်ယာ'က တစ်နာရီ မိုင် ၉၀ အထက်ဖြင့် ပြေးလွှားနေခဲ့သည်။ မီးခိုးရောင် မြူပင်လယ်တစ်ခုကို ထိုးဖောက်၍ ဖြစ်သည်။

ကျွန်တော်က ဘရိတ်များကို ထိခဲ့ရာ ဦးခေါင်းကလည်း မြေပြင်နှင့်အညီ ကျဆင်းသွားခဲ့သည်။ ခုဖိအားကိုလျှော့ချ။ မချော်စေနဲ့။ မချော်အောင် တည့်တည့်ထိန်း။ ဘရိတ်တွေကို ဖိအားပိုပေး။ ဒါမှမဟုတ်ရင် ပြေးလမ်းဆုံးမှာ ချော်ထွက်သွားလိမ့်မယ်။ မီးရောင်တို့က ယခု ဖြည်းဖြည်းချင်းသာ ရွေ့လျားတော့သည်။ ပို၍ ပို၍ နှေးကွေးစွာ။

'ဗင်ပိုင်ယာ'က ရပ်သွားခဲ့ပြီ။ ကျွန်တော့် လက်နှစ်ခုစလုံးက ထိန်းချုပ်မောင်းတံကို ဖျစ်ညှစ်ဆုပ်ကိုင်ထားခဲ့သည်။ ဘရိတ်မောင်းတံကိုလည်း အတွင်းသို့ ဖိညှစ်ထားခဲ့သည်။ ကျွန်တော်တို့ ရပ်တန့်သွားသည်ကို မယုံကြည်နိုင်မီ ၎င်းတို့ကို စက္ကန့်မည်မျှထိ ထိုသို့ကိုင်တွယ်ထားခဲ့သည်ကို ယခု ကျွန်တော် မေ့လျော့သွားခဲ့ပြီ။ နောက်ဆုံးမှာတော့ မယုံကြည်နိုင်အောင်ပင် ရပ်တန့်ပေးမည့် ဘရိတ်ကို ဖမ်းခဲ့ပြီ။ အမ်က ဘရိတ်ကို လွှတ်ခဲ့သည်။ ထို့နောက်မှ ကျွန်တော်က အင်ဂျင်စက်ကို ရပ်ဖို့ ပြုလုပ်ခဲ့သည်။ ဤမြူထဲ၌ လေယာဉ်ကို ရပ်တန့်မည့်နေရာထိ ယူဆောင်သွားဖို့ မလိုတော့ပါ။ သူတို့က တိုက်လေယာဉ်ကို 'လင်ရိုဗာ'တစ်စီး



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ဆွဲယူသွားနိုင်သည်။ အင်ဂျင်စက်ကိုရပ်ဖို့လည်း မလိုအပ်တော့။ 'ဗင်ပိုင်ယာ'က ပြေးလမ်းပေါ် ရောက်သွားပြီးသည့်အခါ အဆုံး၌ လောင်စာဆီလည်း ကုန်ခန်းသွားခဲ့ပြီ။ ကျန်ရှိသည့်စနစ်အားလုံးကို ကျွန်တော်က ပိတ်ပစ်လိုက်သည်။ လောင်စာဆီ ဟိုက်ဒရောလစ် လျှပ်စစ်နှင့် ဂိအားပေးခြင်းတို့ ဖြစ်သည်။

ကျွန်တော်က လေးတွဲ့စွာဖြင့် ထိုင်ခုံနှင့် လေထီးတို့ကို ပတ်ထားသည့် ခါးပတ်ကို စတင်ဖြည်ခဲ့သည်။ ထိုသို့ပြုလုပ်နေစဉ် လှုပ်ရှားမှုတစ်ခုစီ မျက်စိရောက်ခဲ့သည်။ မြူထုကိုထွင်းဖောက်၍ ကျွန်တော့်ဘယ်ဘက် ပေငါးဆယ်ထက် မပိုပါမှ 'ဧမာ(စ်)စကွိုကို'က ဘီးများမချဘဲ မြေပြင်နှင့်ကပ်၍ ဝေါခနဲ ဖြတ်ပျံသွားခဲ့သည်။ ဘေးပြတင်း၌ ပိုင်းလော့၏လက်က လက်ခနဲ ဖြစ်သွားသည်ကို ကျွန်တော်မြင်လိုက်ရသည်။ ကျေးဇူးတင်ကြောင်း အဖြေပေးသည့်အနေဖြင့် ဝှေ့ယမ်းပြသည်ကို မမြင်နိုင်မီမှာပင် အထက်မြူတို့ထဲ သူက ပျံတက်သွားခဲ့ပြီ။ သို့သော်လည်း ကျွန်တော်က 'အာရ်၊ အေ၊ အက်(ဖ်)' ဂလောက်ဆက်စတာသို့ခေါ်၍ အရာရှိ စားသောက်ဆောင်မှ ကျေးဇူးတင်ကြောင်း ကိုယ်တိုင်ပြောရန် ဆုံးဖြတ်ထားပြီးဖြစ်၏။

အလုပ်လုပ်နေသည့် စနစ်တို့ကို ပိတ်ပစ်လိုက်သည်နှင့် ယာဉ်မောင်းခန်းက အလျင်အမြန် ဆီးနှင်းတို့ ဖုံးခဲ့သည်။ ထို့ကြောင့် ကျွန်တော်က အဖုံးကို လက်ပြန်ဆွဲပိတ်ပြီး သော့ခတ်လိုက်သည်။ ထိုအချိန် ကျွန်တော် မတ်တတ်ရပ်လိုက်သည့်အခါမှပင် အမှန်တကယ် မည်မျှအေးကြောင်း သတိပြုမိခဲ့သည်။ ဝတ်ဆင်ထားသည့် နိုင်လွန်ပျံသန်းရေးဝတ်စုံကြောင့် နွေးထွေးနေသည့် ခန္ဓာကိုယ်မှာ အေးခဲလာခဲ့သည်။ ကွပ်ကဲရေးစင်မှ ထရပ်ကားက စက္ကန့်ပိုင်းအတွင်း ရောက်ရှိလာလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ အထူးသဖြင့် ဤသို့ ခရစ်စမတ်အကြိုညပင်ဖြစ်စေ အရေးပေါ် ဆင်းသက်မှုအတွက် မီးသတ်ကား၊ လူနာတင်ယာဉ်နှင့် အခြားယာဉ် ဒါဇင်ဝက်လောက်က အမြဲ အဆင်သင့်ရှိနေတတ်သည်။ ဘာမျှ ရောက်မလာပါ။ အနည်းဆုံး နောက်ဆယ်မိနစ်လောက်အထိဖြစ်၏။

ထိုအချိန်လောက်၌ ရှေ့မီးနှစ်စုံက ဆီးနှင်းတို့ကို ဖောက်ထွင်း၍ ထွက်လာခဲ့သည်။ ကျွန်တော်က အေးခဲလုပြီဟု ခံစားရသည်။ မီးရောင်တို့က လှုပ်ရှားမှုကင်းမဲ့နေသည့် 'ဗင်ပိုင်ယာ' ဘေး ပေနှစ်ဆယ်၌ ရပ်တန့်သွားခဲ့သည်။ ကြီးမားလှသည့် လေယာဉ်ကိုယ်ထည်နှင့် နှိုင်းယှဉ်လျှင် ၎င်းတို့က သေးငယ်လွန်းနေသည်။ အသံတစ်ခု ကြားရသည်။

''ဟဲလို . . အဲဒီမှာ တစ်စုံတစ်ယောက်ရှိသလား''

ကျွန်တော်က ယာဉ်မောင်းခန်းအပြင်ထွက် ရပ်လိုက်သည်။ တောင်ပံပေါ်မှ ပြေးလမ်းပေါ် ခုန်ချလိုက်ပြီး မီးရောင်ရှိရာသို့ ပြေးသွားခဲ့သည်။ ၎င်းတို့က ဟောင်းနွမ်းအိုမင်းလုပြီဖြစ်သည့် 'ဂျီဝက်ဂျေ(ဗ)လင်'ကားတစ်စီးမှ ထွက်လာဟန်ရှိသည်။ မြင်ကွင်း၌လည်း လေတပ်အမှတ်အသားတစ်ခုမှ မတွေ့ရ။ ယာဉ်မောင်းနေရာ၌မူ အသက်ပြင်းပြင်း ရှူနေသည့် ဘီယာယစ်မူးနေသော မျက်နှာရှင်ကို တွေ့ရသည်။ သူ့နှုတ်ခမ်းမွေးတို့က စက်ဘီးလက်ကိုင်တစ်စုံကဲ့သို့ ဖြစ်သည်။ ကျွန်တော်က မြူထဲမှ ရုတ်တရက်ထွက်လာသည့်အခါ သူက ငေးကြည့်လျက်ရှိသည်။

''ဒါ ခင်ဗျားကိုး''သူက မှုန်ဝါးဝါး 'ဗင်ပိုင်ယာ'ဆီ ခေါင်းထိုးပြခဲ့သည်။

''ဟုတ်ပါတယ်။ ကျွန်တော်ပါ။ ခုလေးတင် ဆင်းလာတာပါ''

''အထူးအဆန်းပဲ''

သူက ဆက်၍ ''တကယ့်ကို အထူးအဆန်းပဲ။ ကားထဲဝင်။ ခင်ဗျားကိုစားသောက်ဆောင်ဆီခေါ်သွားမယ်''

ကျွန်တော်၏ ကား၏နွေးထွေးမှုအတွက် ကျေးဇူးတင်မိသည်။ အသက်ရှင်နေရသည်ထက်ပင် ပိုသေးသည်။

သူက လေကြောင်းကွပ်ကဲရေးစင်ရှိရာသို့ ကားအိုကို မောင်းယူခဲ့သည်။ ထို့နောက် ၎င်းကို ကျော်လွန်၍ စားသောက်ဆိုင် အဆောက်အဦးများဆီသို့ ဖြစ်သည်။ 'ဗင်ပိုင်ယာ'မှ ကျွန်တော်တို့ ထွက်ခွာလာသည့်အခါ ပြေးလမ်းဆုံး ထွန်ယက်ထားသည့် မြေကွက်တစ်ခုမှ ပေနှစ်ဆယ်အကွာ၌ ၎င်းက ရပ်နေကြောင်း တွေ့ရသည်။

''မင်းက ဇောက်ချမ်းကံကောင်းတယ်''သူက ဆိုသည်။ အော်ဟစ်ခဲ့သည်ဟု ပို၍ဆိုနိုင်သည်။ ကားအင်ဂျင်က ပထမဂီယာမျှဖြင့် မြည်ဟီးလည်ပတ်နေပြီး ခြေထောက်ဖြင့် ထိန်းချုပ်မောင်းနှင်နေရသည့်အတွက် အခက်အခဲရှိနေသည်ဟု ထင်မြင်ရသည်။ သူ့ ဝင်သက်ထွက်သက်၌ ဝီစကီနံ့ရနေသည်ကို ထောက်ချင့်၍ ၎င်းမှာ



www.burmeseclassic.com

www.burmeseclassic.com

အံ့ဩစရာ မရှိပါ။

"အရမ်းကံကောင်းတယ်" ကျွန်တော်က သဘောတူခဲ့သည်။ "လေယာဉ်အောက်ရောက်တာနဲ့ လောင်စာဆီလည်းကုန်ပြီ။ ကျွန်တော့်ရေဒီယိုနဲ့ အခြားလျှပ်စစ်စနစ်အားလုံး မြောက်ပင်လယ်ပေါ်ရောက်ပြီး မိနစ်ငါးဆယ်အကြာလောက်မှာချို့ယွင်းသွားခဲ့တယ်"

သူက မိနစ်အတော်ကြာ သတင်းကို အသေအချာကြေညက်အောင် ချေဖျက်သည့်အနေဖြင့် ကုန်ဆုံးစေခဲ့သည်။

"အထူးအဆန်းပဲ"

သူက လေးလေးတွဲတွဲ ရေရွတ်နေခဲ့သည်။

"လမ်းပြအိမ်မြှောင်လည်း မရှိဘူးလား"

"မရှိဘူး။ လရောင်နဲ့ ခန့်မှန်းပြီး ပျံသန်းလာတာဘဲ။ ခန့်မှန်းချင့်ချိန်လို့ရသလောက် ကမ်းခြေရှိနိုင်တဲ့ နေရာကို။ အဲဒီနောက် ..."

"ရေဒီယိုစက်ကော"

"ရေဒီယိုစက်လည်း မရှိဘူး"

ကျွန်တော်က ဆက်၍ ...

"လေလှိုင်းအားလုံးအတွက် သေနေတဲ့ သေတ္တာတစ်လုံးပဲ"

"ဒီလိုဆိုရင် ဒီနေရာကို ခင်ဗျား ဘယ်လိုလုပ်ပြီး ရှာတွေ့ခဲ့တာလဲ"သူက မေးခဲ့သည်။

ကျွန်တော့် သည်းခံနိုင်စွမ်းက လျော့ပါးလာခဲ့ပြီ။ သည်လူမှာ တစ်ခါက ပျံသန်းရေးအရာရှိတို့အနက်မှ တစ်ယောက်ဖြစ်ကြောင်း ထင်ရှားသည်။ ထူးထူးချွန်ချွန် မဟုတ်ပါ။

စက်ဘီးလက်ကိုင် တစ်ခုလို ဖြစ်နေသည့် နှုတ်ခမ်းမွေးမှလွဲ၍ ပိုင်းလော့တစ်ယောက်လည်း မဖြစ်နိုင်ပါ။ မြေပြင်အရာရှိတစ်ယောက်။ ၎င်းရာထူးနှင့်ပင် မူးယစ်နေခဲ့လည်။ အလုပ်လုပ်ကိုင်နေသည့် စခန်းတစ်ခု၌ ဤလို ညအချိန်မျိုးတွင် တာဝန်၌ လုံးဝမရှိနေသင့်ချေ။

"ကျွန်တော့်ကို လမ်းညွှန်ခဲ့တယ်"

စိတ်ရှည်ရှည်ဖြင့် ရှင်းပြခဲ့သည်။ အရေးပေါ်လူနာလမ်း အဆင့်ဆင့်မှာ အလွန်တရာ ကောင်းမွန်လှသည်။ ယခုအခါ၌ ၎င်းမှာ စက်ရုံထုတ်ပစ္စည်းကဲ့သို့ ထင်မြင်ရသည်။ ပျိုမြစ်နုနယ်မှုကို ပြန်လည်ရရှိသကဲ့သို့ ဖြစ်သည်။

"ကျွန်တော်က လက်ဝဲရစ်တြိဂံပုံတွေ ပျံသန်းပြခဲ့တယ်။ ညွှန်ကြားချက်အတိုင်းပါပဲ။ သူတို့က လမ်းညွှန်ဖို့ 'သိုးထိန်း'လေယာဉ်တစ်စီး လွှတ်ပေးခဲ့ပါတယ်။ ပြဿနာမရှိပါဘူး"

သူက ပခုံးတွန့်လိုက်သည်။ "မင်း ဒီလိုပဲ အခိုင်အမာပြောနေရင်တော့ ..."ဟု ဆိုလိုဟန် ရှိသည်။ အဆုံး၌ သူက "ေ-ာက်ရမ်းကံကောင်းတယ်။ အားလုံးပါပဲ။ တခြားနေ့က ဒီနေရာကို တွေ့အောင်ရှာနိုင်ခဲ့တာ အံ့ဩစရာပဲ"

"သူတို့မှာ ပြဿနာ မရှိပါဘူး" ကျွန်တော်က ပြောခဲ့သည်။ "အာရ်၊ အေ၊ အက်(ဖ်)ရဲ့ မိုးလေဝသလေကြောင်း ပျံသန်းရေး လေယာဉ်ထဲက တစ်စီးစီးပါ။ ထင်ရှားတာကတော့ သူ့မှာ ရေဒီယိုစက် ရှိတယ်။ ဒါကြောင့် ဒီနေရာကို ဂျီ၊ စီ၊ အေ စနစ်နဲ့ ကျွန်တော်တို့ အုပ်ဖွဲ့ပျံသန်းလာနိုင်တာဘဲ။ အဲဒီနောက် ပြေးလမ်းမျှင်မျှင်ပေါ်မှာ ကျွန်တော် မီးတွေမြင်ခဲ့ရတယ်။ ကိုယ့်ဘာသာ ပျံဆင်းလာတာဘဲ"

ထိုသူက အထင်အရှား မူးယစ်နေသလိုပင်။ တောင့်တင်းသွားခဲ့သည်။

"ထူးဆန်းလှချည်လား"

သူ့နှုတ်ခမ်းမွေး အပြင်မှ ရေငွေ့တစ်စက်ကို စုပ်ယူရင်း အာမေဍိတ်သံပြုခဲ့သည်။

"ငါတို့ဆီမှာ ဂျီ၊ စီ၊ အေ စနစ် မရှိဘူး။ ဘာလေကြောင်းပျံသန်းရေးကိရိယာမှလည်း လုံးဝမရှိဘူး။ အချက်ပြမီးတစ်ခုတောင် မရှိဘူး"

ယခုအခါ သတင်းစကား ရရှိဖို့က ကျွန်တော့်အလှည့်ဖြစ်သည်။ "ဒီဟာက 'မာရီယမ်စိန်ဂျော့'မဟုတ်ဘူးလား" ကျွန်တော်က အသံတိုးတိုးဖြင့် မေးခဲ့သည်။

သူက ခေါင်းခါပြသည်။

"မာဟမ်၊ ချစ်ဆင်း၊ လာကင်ဟစ်"

"မဟုတ်ပါဘူး။ ဒါက အာရ်၊ အေ၊ အက်(ဖ်) 'မင်တန်'ပါ"

"ကျွန်တော် တစ်ခါမှ မကြားဖူးဘူး" အဆုံး၌ ကျွန်တော်က ဆိုသည်။

"ကျွန်တော်မအံ့ဩပါဘူး။ ကျွန်တော်တို့က အလုပ်လုပ်နေတဲ့ စခန်းတစ်ခုမှ မဟုတ်တာ။ အလုပ်မလုပ်တာ နှစ်ပေါင်းများစွာ ရှိခဲ့ပါပြီ။ 'မင်တန်'က ပစ္စည်းသိုလှောင်ရုံ စခန်းတစ်ခုပါ။ ခွင့်ပြုပါဦး"

သူက ကားရပ်ပြီး ဆင်းခဲ့သည်။ 'နှစ်ဆန်'တဲများ တသီတတန်းနှင့် ဆက်သွယ်ထားသည့် ကွပ်ကဲရေးစင်၏ မှုန်ဝါးဝါး ပုံသဏ္ဌာန်နှင့် ပေအနည်းငယ်အကွာတွင် ကျွန်တော်တို့ ရပ်နေကြောင်း တွေ့ရသည်။ ထင်ရှားသည်က တစ်ချိန်က ပျံသန်းရေး ရုံးခန်းများ၊ လေကြောင်းနှင့် ညွှန်ကြားချက်အကျဉ်းပေးသည့် တဲတို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မျှော်စင်အခြေကျဉ်းမြောင်းသည့် တံခါးကို ဖြတ်သန်း၍ အရာရှိက ပျောက်ကွယ်သွားခဲ့သည်။ ၎င်းတံခါး အထက်တွင်တော့ အကာမဲ့ မီးသီးတစ်လုံးက ချိတ်ဆွဲလျက်ရှိသည်။ ၎င်းမီးရောင်ဖြင့် ကျိုးပဲ့နေသည့် ပြတင်းများ၊ သော့ခတ်ထားသည့် တံခါးများနှင့် လျစ်လျူရှုစွန့်ပစ်ထားသည့် အနံ့အသက်တို့ကို ဂရုပြုမိနိုင်သည်။ ထိုသူက ပြန်ရောက်လာပြီး ကားလက်ကိုင်နောက် တုန်တုန်ရီရီဖြင့် ဝင်ထိုင်ခဲ့သည်။

"ပြေးလမ်းမီးတွေ ပိတ်ရုံပါပဲ" သူကပြောပြီး နားနေခဲ့သည်။ ကျွန်တော့်စိတ်အစဉ်က ဝေ့ဝိုက်ပြေးလွှားလျက်ရှိသည်။ ရှုပ်သွပ်မိုက်မဲမှုနှင့် သဘာဝမကျမှု။ နိုင်လုံတိကျသည့် ရှင်းလင်းချက်တော့ ရှိရမည်။

"ခင်ဗျား ဘာကြောင့် မီးတွေ ဖွင့်ခဲ့တာလဲ"

"မင်း အင်ဂျင်စက်သံကြောင့်ပေါ့" သူက ဖြေသည်။ "ငါက အရာရှိစားသောက်ဆောင်မှာ အနည်းအကျဉ်းသောက်နေတုန်း အဘိုးကြီး 'ဂျိုး'က အကြံပြုလို့ တစ်စက္ကန့်လောက် ပြတင်းကနေ အပြင်ဘက် နားထောင်ခဲ့တယ်။ မင်းလေယာဉ် ငါတို့အပေါ်တည့်တည့်မှာ ဝဲနေတယ်။ မင်းက ဓာ်ကျိုးနည်း နိမ့်နိမ့်လေး ပျံနေတာဘဲ။ ပျံဆင်းလာတော့မယ့် အတိုင်းပဲ။ ငါ့အဖို့ အသုံးကျမယ်ထင်လို့လားတော့မသိဘူး။ ဒီစခန်းဖျက်တုန်းက သူတို့ ပြေးလမ်းမီးတွေ ဖြုတ်မသွားခဲ့ဘူး။ ဒါကြောင့် ငါ ကွပ်ကဲရေးစင်ဆီ ပြေးဆင်းသွားပြီး မီးတွေ ဖွင့်ခဲ့တာပဲ"

"ကျွန်တော်သိပြီ"ဟု ပြောခဲ့သော်လည်း အမှန်မသိပါ။ ရှင်းလင်းပြစရာ တစ်ခုခုတော့ ရှိရမယ်။

"ဒါကြောင့် မင်းကို လာပြီးခေါ်ဖို့ နောက်ကျနေတာ။ မင်းအဲဒီမှာ ဆင်းပြီးပြီးချင်း ကားထုတ်ဖို့ ငါက သွားရသေးတယ်။ ပြီးတော့ မင်းကို ရှာရသေးတယ်။ တယ်နှင်းထူထပ်တဲ့ညပဲ"

ခင်ဗျားက ဒီလိုဘဲ ထပ်ပြောမှာပါ။ ကျွန်တော်က တွေးနေမိသည်။ အဆန်းတကြယ်ဖြစ်ရပ်က နောက်ထပ်မိနစ်အတော်ကြာ ကျွန်တော့်ကို အံ့အားသင့်နေစေသည်။ ထို့နောက် ကျွန်တော်က ဖြေရှင်းချက်တောင်းခဲ့သည်။

"အာရ်၊ အေ၊ အက်(ဖ်) မင်တန်က ဘယ်မှာလဲ။ အတိအကျပါ" မေးမြန်းခဲ့ရာ ...

"ကမ်းခြေကနေ ငါးမိုင်အတွင်းမှာ။ 'ခရိမာ'ရဲ့ ကုန်းတွင်းပိုင်းပါ။ ငါတို့ အခုရှိနေတာပါ"သူက ဖြေကြားခဲ့သည်။

"ဒီလိုဆိုရင် အလုပ်လုပ်နေတဲ့ အနီးဆုံး အာရ်၊ အေ၊ အက်(ဖ်) စခန်းကကော ဘယ်မှာလဲ။ ရေဒီယို ဆက်သွယ်ရေး အကူအညီနဲ့ ဂျီ၊ စီ၊ အေ အပါအဝင်ပေါ့"

သူက တစ်မိနစ်မျှ တွေးတောနေခဲ့ပြီး "မာရီယမ်စိန့်ဂျော့ဖြစ်ရမယ်။ ဒါတွေအားလုံး သူတို့ဆီမှာ ရှိမယ်။ သတိပေးရဦးမယ်။ ငါက စတိုထိန်း သက်သက်ပါ"

၎င်းမှာ ဖြေရှင်းချက် အပြည့်အစုံပင်။ မိုးလေဝသ တိုင်းတာရေးလေယာဉ်မှ အမည်မသိ ကျွန်တော့်မိတ်ဆွေက ပင်လယ်ကမ်းခြေမှ 'မာရီယမ်စိန့်ဂျော့'သို့ တည့်တည့်မတ်မတ် ဦးဆောင်ပျံသန်းခဲ့သည်။ ကံအားလျော်စွာ 'မင်တန်'က 'မာရီယမ်'သို့ ပျံသန်းရာလမ်းကြောင်းတည့်တည့်၌ ရှိနေသည်။ စွန့်ပစ်ထားသည့် သိုလှောင်ရုံဟောင်း 'မင်တန်'မှာ ပင့်ကူအိမ်တို့စွဲကပ်နေသည့် ပြေးလမ်းမီးနှင့် အတူ မှုးယစ်နေသည့် အရာရှိလည်း ရှိသည်။ 'မာရီယမ်'မှ လေကြောင်းထိန်းက ကျွန်တော်တို့ကို စက်ဝိုင်းပုံနှစ်ပတ် ဝေ့ဝိုက်ပျံသန်းရန် ညွှန်ကြားခဲ့ပြီး 'မင်တန်'ရှေ့ဖက် ဆယ်မိုင်အကွာရှိ ပြေးလမ်းမီးတို့ကိုဖွင့်ခဲ့စဉ် ဤယစ်ထုပ်ကြီးကလည်း သူ့မီးများကို ထိုနည်းတူ ဖွင့်ခဲ့သည်။ အကျိုးဆက်မှာ ရှေ့ဆယ်မိုင်မှ ဝင်ရောက်လာမည့် လေယာဉ်ကွင်းအစား ကျွန်တော့် 'ဗင်ပိုင်ယာ'ကို လေယာဉ်ကွင်းမှယွင်း၍ ဆင်းခဲ့မိသည်။ ကျွန်တော်က ခေတ်မီလုပ်ထုံးလုပ်နည်းများကို နားမလည်ဘဲ တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်မှုမပြုဖို့ နှုတ်ဖျားက မထွက်မီပင် စကားလုံးများကို ပြန်လည်မျိုချခဲ့ရသည်။ ကျွန်တော့်လေယာဉ် လောင်စာဆီက ပြေးလမ်းတစ်ဝက်မှာပင် ကုန်ခဲ့ပြီ။ ဆယ်မိုင်အကွာ 'မာရီယမ်'သို့ မည်သည့်အခါမျှ မရောက်နိုင်ပါ။ လေယာဉ်ကွင်းကို မထိမီပင် ကွင်းပြင်တို့ထဲ ကျွန်တော့်လေယာဉ် ပျက်ကျရမည်ဖြစ်သည်။ သူပြောသလိုပင် မယုံကြည်နိုင်ဖွယ် အကြောင်းတိုက်ဆိုင်မှုတစ်ခုက ကျွန်တော့်အတွက် ကံကောင်းစရာ ဖြစ်ခဲ့သည်။

*(ဆက်လက်ဖော်ပြပါမည်။)*

**ဗန်းမော်ဇော်လှိုင်**

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကြက်ခြေခတ်လမ်းကို စွန့်ပြီးသော

■ ကျော်ဆွေဝင်း(ရွှေအင်း)

**အခန်း(၁)**

တပို့တွဲလဆန်း ၉ ရက်ည။

လပြည့်ရန် နီးကပ်လာပြီမို့ ညဦးပိုင်းလရောင်က ရွှန်းရွှန်းလဲ့လဲ့ ပြာကျနေသည်။ ဆောင်းနှောင်းကာလဖြစ်၍ နေ့အခါ တဖြည်းဖြည်း နေပူပြင်းလာပြီဖြစ်သော်လည်း ညဘက်တွင် နှင်းငွေ့လက်ကျန်ကလေးများနှင့် အားပျော့စွာ နှုတ်ဆက်နေတတ်သေးသော မြောက်ပြန်လေညင်းကြောင့် အအေးဓာတ်က ကျန်ရှိနေသေးသည်။ သို့သော်လည်း နံနက်ပိုင်းမိုးလင်းခါနီးအချိန်လောက်သာ အအေးပိုကဲတတ်ပြီး ယခုကဲ့သို့ ညဦးအချိန်၌မူ နေထိုင်ကောင်းရုံသာ ရှိသည်။

ပေါက်လဲနံ့သင်းသင်း မြောက်လေကလေးညင်းညင်းတွင် ဝင်းဝင်းပပ ဖြာဆင်းနေသော လရောင်အောက်၌ တောရိပ်တောင်ရိပ်များနှင့် စိမ့်စမ်းများဝိုင်းရံလျက် လှပစွာ တည်ရှိနေသော မုန်းမြို့ကလေးမှာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

အမှန်စင်စစ် ဤကဲ့သို့ သာတောင့်သာယာရှိလှသော ညဦးယံမျိုးတွင် မြို့ကလေးအနေဖြင့် ယခုလောက် ငြိမ်သက်မနေသင့်ဘဲ လှုပ်လှုပ်ရှားရှား စီစီညံညံလေး ရှိနေသင့်ပေသည်။

ယခင်ကာလများကမူ ဤကဲ့သို့သော လသာညဦးမျိုးတွင် မြို့ကလေး၏ လမ်းမများပေါ်ရှိ လျှပ်စစ်မီးရောင်အောက်၌ ဟိုဟိုဒီဒီ လှုပ်ရှားသွားလာနေကြသူများ လှလှပပ ကြွကြွရွရွကလေး ဝတ်ဆင်၍ လမ်းလျှောက်ထွက်လာသော ရောင်စုံပန်းကလေးများနှင့် တူသည့် လှပျိုဖြူကလေးများ၊ ဂျင်းဘောင်းဘီ၊ ဂျင်းဂျာကင်တို့ကို ခေတ်နှင့်အညီ စတိုင်ကျကျ ဝတ်ဆင်၍ ဂစ်တာကိုင်ကာ လမ်းသလားရင်း နှစ်သက်ရာ အလှပန်းကလေးများကို ငေးမော၍ အကြည့်မြားပစ်ကာ နှလုံးသားတံခါးများကို လှစ်ပြသွားတတ်သည့် ကိုရွှေလိပ်ပြာများ၊ ကက်ဆက်သံ တညံညံဖြင့် "အာမွေး"၊ "ဗမာဆေး" အော်ဟစ်ကာ အသက်ဝင်နေတတ်သော ကွမ်းယာဆိုင်ကလေးများ၊ ရုပ်မြင်အစီအစဉ်များနှင့် ဗီဒီယိုဇာတ်ကားခွေများကို ထိုးပြကာ သူ့ပရိသတ်နှင့်သူ စည်ကားနေသော ဈေးထိပ်လက်ဖက်ရည် ဆိုင်ကလေးများ စသည်တို့က မြို့ကလေး၏ တက်ကြွလှပဟန်ကို လှုပ်လှုပ်ရွရွကလေး ပုံဖော်ပေးတတ်ကြပေသည်။ ယခုမူ လရောင်အောက်မှ မြို့ကလေး၏ တည်ငြိမ်နေပုံမှာ မြို့ထဲ၌ သက်ရှိလူသားများ ရှိမနေသည့်ပုံမျိုးနှင့် တူနေပေတော့သည်။

တကယ်တော့ လွန်ခဲ့သည့် ဆယ်ရက်ခန့်လောက်မှစ၍ ဤမြို့ကလေးမှာ ယခုကဲ့သို့ တိတ်ဆိတ်ခြောက်သွေ့သော ညများကို ဖြတ်သန်းနေရခြင်း ဖြစ်သည်။

လွန်ခဲ့သည့် ဆယ်ရက်ခန့်က မြို့ကလေးအတွင်း မီးစက်ကြီးနှင့် ဖြန့်ဝေပေးနေသော လျှပ်စစ်မီးများ ပိတ်ချိန်၊ မြို့နေလူအများ အိပ်မောကျနေချိန်လောက်တွင် "ဂပွေး"ခေါ် ကေအင်န်ယူ သောင်းကျန်းသူများက မြို့

www.burmeseclassic.com

ကလေးကို စီးနင်းရန် အမှတ်မထင် ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။ သို့ရာတွင် သတင်းကြိုတင်၍ ရထားပြီး သတိဝီရိယရှိသော နယ်မြေတာဝန်ခံ တပ်မတော်သားများက စနစ်တကျ ပိတ်ဆို့ကာကွယ် တိုက်ထုတ်နိုင်ခဲ့သောကြောင့် သောင်းကျန်းသူများမှာ အကြံအစည်မအောင်ခဲ့ပေ။

မြို့ကလေးကို မီးရှို့ရန် ကြံစည်ခဲ့သော သောင်းကျန်းသူများ၏ အစီအစဉ်မှာလည်း မအောင်မြင်ခဲ့ပဲ ပြန်လည်ဆုတ်ခွာသွားခဲ့ကြရလေသည်။ သို့သော်လည်း ဆယ့်ငါးမိနစ်ခန့်ကြာအောင် နှစ်ဖက်အပြန်အလှန် ပစ်ခတ်ခဲ့မှုကြောင့် အရပ်သားတစ်ဦး သေဆုံးခဲ့ပြီး ငါးဦးခန့် ဒဏ်ရာရရှိခဲ့သေးသည်။ ထိုအချိန်မှစ၍ ညဘက်ရောက်လျှင် မြို့သူမြို့သားများ ယခင်ကလို လွတ်လပ်ပေါ့ပါးစွာ မနေကြတော့ဘဲ သတိဝီရိယထားကာ နေထိုင်တတ်ကြသလို တစ်ဖက်ကလည်း စိုးရွံ့မှုက တစ်စိတ်တစ်ဒေသဖြင့် အိမ်ထဲကအိမ်ပြင် မထွက်ကြတော့ဘဲ ခြံတံခါး အိမ်တံခါးများကိုပိတ်ကာ အိမ်တွင်း၌သာ နေကြလေတော့သည်။

ယခုလည်း မြို့လယ်လမ်းမနှင့် နေအိမ်အဆောက်အအုံ အချို့တွင် လျှပ်စစ်မီးရောင်များ လင်းနေသည့်တိုင် သွားလာလှုပ်ရှားနေသော လူများကို မတွေ့ရဘဲ အသံဗလံများပါ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ တစ်ခါတစ်ရံ လမ်းကြိုလမ်းကြားများမှ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံများက တိတ်ဆိတ်မှုကို ဖြိုခွင်းထွက်ပေါ်လာပြီး ကြားရသူများအတွက် ချောက်ချားဖွယ်ရာ ဖြစ်စေလေသည်။

ညဦးမှာ တဖြည်းဖြည်း ရင့်လာပြီဖြစ်သည်။ မုန်းမြို့ (၁)ရပ်ကွက် အစွန်ဘက်ရှိ ဝါးချွန်များ ကြက်ခြေခတ်ထိုး၍ ကာရံထားသော ခြံကလေး အတွင်း ကွမ်းသီးသားအိမ်ကလေးထဲတွင် ရေနံဆီမီးခွက်အရောင်ဖြင့် လင်းထိန်နေလေသည်။

မီးရောင်အောက်တွင် ပြန့်ပြူးနေသော ကွမ်းသီးသား ကြမ်းခင်းပေါ်တွင် အသက်ငါးဆယ်ကျော် လူကြီး တစ်ဦးနှင့် အသက်နှစ်ဆယ်အရွယ် ခံ့ညားချောမော သန့်ပြန့်သော လူငယ် တစ်ဦးတို့ မျက်နှာချင်းဆိုင် ထိုင်လျက် ရှိနေသည်။ ၎င်းတို့နှစ်ဦးကြားတွင် ရေနွေးကြမ်းအိုး၊ အကြမ်းပန်းကန်လုံးတစ်စုံနှင့် ဆေးလိပ်ခွက်တစ်ခု ရှိနေသည်။

လူကြီးက ရေနွေးကြမ်း တစ်ပန်းကန် ငှဲ့သောက်ပြီး ကြမ်းပြင်ကို စိုက်ကြည့်နေသည်။ လူငယ်က မီးညှိထားသော ရွှေနှင်းဆီ ဆေးပေါ့လိပ်တိုကို ရဲခနဲဖွာရှိုက်ပြီး မီးခိုးများ မှုတ်ထုတ်ကာ ပျံ့လွင့်သွားသော မီးခိုးများကို ကြည့်နေသည်။ သို့သော်လည်း သူ၏စိတ်နှင့် သူကြည့်သည့်အရာက တစ်သီးတခြား ဖြစ်နေဟန်ရှိလေသည်။ ထိုအချိန်မှာပင် လူကြီးက "အဟွတ်"ခနဲ ချောင်းတစ်ချက်ဟန့်ပြီး စကားစသည်။

"ဦးလေးပြောတာကို သေချာနားထောင် ကိုနေ။ အခုအခြေအနေက လုံးဝမကောင်းဘူး။ ပြီးခဲ့တဲ့ညကလည်း ဒီကောင်တွေ ကျောင်းစုနဲ့ အောင်ချမ်းသာဘက်က ဥယျာဉ်တွေထဲမှာ ဝင်မွှေပြီး သူတို့မသင်္ကာတဲ့လူတွေကို ဆွဲထုတ်သွားတယ်လို့ ကြားရတယ်။ ဒီကောင်တွေ ခေါ်သွားပြီဆိုရင်လည်း သိတဲ့အတိုင်းပဲ ရှင်လမ်းမရှိတော့ဘူး"

"ဒီငပွေးတွေက ဘာကြောင့် ဒီလောက် ရမ်းကားနေကြတာလဲ ... ဦးလေး"

"တကယ်တော့ ကေအင်န်ယူ စစ်စစ်တွေက သူတို့ခံယူချက်နဲ့သူတို့၊ သူတို့အမျိုးသား လွတ်မြောက်ရေးဆိုတဲ့ ခေါင်းစဉ်နဲ့ နိုင်ငံရေးလုပ်နေကြတာလေ။ ဒါပေမယ့် အဲဒီထဲမှာ ရောပါနေတာက ဘာနိုင်ငံရေးခံယူချက်မှ မရှိဘဲ အလင်းထဲမှာနေရင်းက ခိုးစိုးတိုက်ခိုက်တာတို့၊ လူသတ်မှု ကျူးလွန်တာတို့၊ မုဒိမ်းမှုကျူးလွန်တာတို့ဖြစ်ပြီး တရားဥပဒေကို ရင်မဆိုင်ရဲတာနဲ့ အနေချောင်အောင် တောဘက်ခိုဝင်လာပြီး ငပွေးလုပ်နေတဲ့ ကောင်တွေပေါ့။ သူတို့မှာ ဘာခံယူချက်မှ မရှိသလို ဘာစည်းကမ်းမှလည်း မရှိဘူး။ လစ်ရင်သုတ်မယ်၊ ရရင်စားမယ်။ ငွေကြေးနဲ့ ပစ္စည်းရဖို့ဆိုရင် လူသတ်ဖို့၊ မြို့ရွာတွေကို ဖျက်ဆီးဖို့လည်း ဝန်မလေးကြဘူး။ အဲဒီလို စီးပွားရေးအရ သူပုန်လုပ်တဲ့ စီးပွားရေးသူပုန်တွေက နိုင်ငံရေးသူပုန်တွေထဲ ဝင်ရောက်လာတော့ သောင်းကျန်းသူတွေအနေနဲ့ အဖျက်စွမ်းအားဟာ ပိုများလာသလို ဖြစ်နေတာပေါ့"

"အခု ကျွန်တော်တို့ တူဝရီးနှစ်ယောက်ရော ဒီအတိုင်း အေးအေးဆေးဆေးနေလို့ဖြစ်ပါ့မလား ဦးလေး"

"အခု ဦးလေးပြောမှာက ဒီကိစ္စပဲ။ တကယ်တော့ မင်းအဖေရှိစဉ်ကတည်းက သူတို့ငပွေးတွေက ဦးလေးကို အစိုးရကျောရိုး၊ သူတို့ရဲ့ သစ္စာ



www.burmeseclassic.com

www.burmeseclassic.com

ဖောက်လို့ သတ်မှတ်ထားတဲ့ စာရင်း ရှိခဲ့တာ။ အခု မင်းအဖေ ဆုံးသွားပြီး တော့လည်း ဒီစာရင်းက ပျောက်မသွား ဘူး။ သူတို့ဆီက တစ်ဗိုလ်ကျ တစ် ဗိုလ်တက် ဆက်ခံခဲ့တဲ့ လူတွေအား လုံး ဒီစာရင်းကို ထိန်းထားတယ်။ ဒီ့ ထက်ဆိုးတာက ငါ့တူကိုလည်း မင်း အဖေရဲ့ မျိုးဆက်အနေနဲ့ သူတို့က ကောင်းကောင်းနှိပ်ကွပ်ဖို့ အစီအစဉ် ရှိတယ်။ ငါတို့တူဝရီးနှစ်ယောက်စလုံး က အနေအထိုင် တတ်နေတာရယ်၊ ပြီးတော့ သူတို့ထဲက ရှေ့နောက်စဉ်း စားတတ်တဲ့ ပုဂ္ဂိုလ်တချို့ကလည်း အပြစ်မဲ့သူတွေကို အကြောင်းမဲ့သတ် ရင် စည်းရုံးရေးကျတယ်ဆိုပြီး ထိန်း ထားလို့ တို့တစ်တွေအသက်ရှင်နေတာ"

"အခုရော အခြေအနေ ဘာ ထူးလဲ"

"ထူးတာပေါ့ ကိုနေရာ။ ပြီးခဲ့တဲ့ ဆယ်ရက်လောက်က တိုမြို့ကို ဒီ ကောင်တွေဝင်စီးပြီး မအောင်မြင်တဲ့ ကိစ္စမှာ အစိုးရတပ်မတော်ရဲ့ ဒေါက် တိုင်ဖြစ်တဲ့ ကျောရိုးတွေရှိနေလို့ သတင်းအဆက်အသွယ်ရပြီး သူတို့ အစီအစဉ် ပျက်သွားတယ်ဆိုတာ သူ တို့ရိပ်မိတယ်။ အဲဒီလို အမာခံကျော ရိုးထဲမှာ ဦးလေးတို့တူဝရီးပါ ပါတယ် လို့ သူတို့က တွက်ထားတယ်။ ဒီ သတင်းကို သူတို့နဲ့ဆက်စပ်မှုရှိနေတဲ့ အရောင်းအဝယ်သမား တစ်ယောက် ဆီက ဦးလေးရထားတာ"

"အခုအတိုင်းဆို ကျွန်တော်တို့ သတိနဲ့နေမှ ဖြစ်တော့မှာပေါ့"

"ဟုတ်တယ် ကိုနေ။ ညက ကျောင်းစုဘက်က တဲတွေမှာ ဝင်မွှေ သွားတယ်ဆိုတော့ တို့ဆီကိုလည်း အချိန်မရွေး ရောက်လာနိုင်တယ်။ ဒါ ကြောင့် ဦးလေးတစ်ခု စဉ်းစားထား တယ်။ မနက်ဖြန်မနက် စောစောက စပြီး ငါ့တူ ဒီကထွက်သွားပါ။ အဲဒီလို ထွက်သွားတဲ့အခါမှာလည်း သိပ်ပြီး ထင်ထင်ပေါ်ပေါ်ကြီး လူတွေသိအောင် မသွားစေချင်ဘူး။ ငပွေးတွေရဲ့ သူလျှို တွေက နေရာတိုင်းမှာ ဖြန့်ပြီးရှိနေကြ တယ်"

"ကျွန်တော်က ထွက်သွားရ မယ်ဆိုတော့ ဦးလေးကရော"

"ဦးလေးက အခြေအနေကြည့် ပြီး နေခဲ့ဦးမယ်။ နောက်မှ ငါ့တူဆီ လိုက်ခဲ့ပြီး ပြန်ခေါ်ရင်လည်းခေါ်မယ်။ အခြေအနေ သိပ်ဆိုးနေရင်တော့ တို့ တူဝရီးနှစ်ယောက်စလုံး တစ်နေရာရာ ကို သွားနေကြတာပေါ့"

တံခါးကို နောက်တစ်ချက်
ဆောင့်ကန်လိုက်သည့်
အသံနှင့်အတူ အပြင်မှ
ခပ်အုပ်အုပ်အသံတစ်သံ
ဆက်တိုက်ပါလာသည်။
"ဟိတ် ...
အထဲကအကောင်တွေ
တံခါးဖွင့်စမ်း။
တံခါးမဖွင့်ရင် အိမ်ထဲကို
လက်ပစ်ဗုံး
ပစ်သွင်းလိုက်မယ်"

"ကျွန်တော် ဦးလေးကို စိတ် မချဘူးဗျာ"

လူငယ်က လူကြီးကို သံယော ဇဉ်မျက်လုံးများဖြင့် စိုက်ကြည့်ရင်း ပြောသည်။

"မင်း ဦးလေးအတွက် နောက် ဆံမတင်းပါနဲ့။ အေးအေးဆေးဆေး သာ သွားနှင့်ပါ"

"ကျွန်တော်က ဘယ်ကိုသွားရ မှာလဲ။ ဦးလေးသိတဲ့အတိုင်း ကျွန် တော်က ဘယ်ကိုမှ သွားဖူးလာဖူးတာ မဟုတ်ဘူး"

"မင်းသွားရမှာက တောင်ငူမြို့ တေဇာခင်ဦး(၃)လမ်းထဲက ကြွေဖိုး ထိန်ဆိုတဲ့ လူကြီးတစ်ယောက်ဆီကိုပဲ။ သူ့ဆီရောက်တာနဲ့ မင်းအဖေနာမည် ပြောပြ။ ငါလွှတ်လိုက်တယ်ဆိုတာ လည်း ပြောပြ။ မင်းအတွက် သူအား လုံး စီစဉ်ပေးလိမ့်မယ်"

"ကျွန်တော် တောင်ငူကို ဘယ် လိုသွားရမလဲ"

"လမ်းရိုးအတိုင်း သွားလို့မဖြစ် ဘူး။ မနက်စောစော ဒီကနေထွက်ပြီး တောလမ်းအတိုင်း ဖေယျဝတီမြို့ကို ဖြတ်တက်။ မြို့မှ ကြုံရာကားစီးပြီး တောင်ငူကို လိုက်ပေါ့။ ရော့ ... ဒီမှာ မင်းဟိုမှာ နေရေးစားရေးအတွက် လောလောဆယ် လိုတာသုံးဖို့ တစ် သောင်းခွဲယူသွား"

လူကြီးက ပြောပြောဆိုဆို သူ့ အင်္ကျီအိတ်ထဲမှ ခုနစ်ဆယ့်ငါးကျပ် တန် နှစ်အုပ်ကို ထုတ်ပေးသည်။

"ဦးလေး ... ဒီလောက်ငွေ အများကြီး ကျွန်တော့်ကိုပေးလိုက် တော့ ဦး လေးက နောက်ပိုင်းမှာ ဘာ နဲ့သုံးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

လူငယ်က လူကြီးပေးသော ငွေထုပ်ကို လှမ်းမယူသေးဘဲ ပြန်ပြောလိုက်ခြင်းဖြစ်သည်။

"ယူမှာသာ ယူစမ်းပါကွာ။ ငါ့မှာ သုံးဖို့ရှိပါတယ်"

လူကြီးက ထိုသို့ပြောလိုက်မှပင် လူငယ်က ငွေထုပ်ကို လှမ်းယူလိုက်သည်။ ထို့နောက် သူ့ကိုယ်တွင် ဝတ်ဆင်ထားသော စစ်ရောင်တစ်ပတ်နွမ်းဖီးဂျက်ကက် အနွေးထည်ကြီး၏ အိတ်ကပ်ထဲသို့ ပိုက်ဆံများကို ထိုးထည့်လိုက်သည်။

"ကဲ ... ညဉ့်လည်းနက်လှပြီ အိပ်ကြစို့။ ဩော် ... ပြောထားဦးမယ်။ တကယ်လို့များ ဒီကောင်တွေနဲ့ ထိပ်တိုက်တိုးရင် ရင်ဆိုင်ခုခံဖို့ထက် အလွတ်ရှောင်နိုင်ဖို့ကိုသာ စဉ်းစားနော် ငါ့တူ။ ကိုယ့်မှာက ဘာလက်နက်မှ ရှိတာမဟုတ်ဘူး"

လူကြီးက သူပြောချင်သည်များကို ထပ်ပြောပြီး သူကိုယ်တိုင်က ခေါင်းရင်းဘက်နေရာရှိ သူ့အိပ်ရာကို ပြင်ဆင်ကာ အိပ်ရာဝင်လေသည်။ လူငယ်ကလည်း သူအိပ်နေကျဖြစ်သော တံခါးပိတ်မရှိသည့် အခန်းလေးထဲသို့ ဝင်ကာအိပ်ရာများကို ပြင်ဆင်ပြီး မီးခွက်ငြှိမ်း၍ အိပ်ရာထဲသို့ ဝင်အိပ်တော့သည်။

*****

## အခန်း(၂)

သန်းခေါင်ယံ ကျော်လွန်လာပြီဖြစ်သောကြောင့် ဝင်လုလု လမင်း၏ အရောင်က အားဖျော့မှေးမှိန်နေပြီဖြစ်သည်။ မုန်းမြို့ကလေးမှာ အကာလ ည၏ အရိပ်အောက်တွင် ပကတိ ဆိတ်ငြိမ်လျက်။ မြို့ကလေး၏ ဆိတ်ငြိမ်နေပုံက မုန်တိုင်းမကျမီ ငြိမ်သက်နေသော ငြိမ်သက်မှုမျိုးဖြစ်၍ တစ်နည်းတစ်ဖုံအားဖြင့် ချောက်ချားဖွယ်ရာ ကောင်းနေသည်။ ဤအချိန်တွင် အရှေ့ဘက်တောစပ်များဆီမှ ထအူလိုက်သော ခွေးအ အူသံများက အိပ်မပျော်နိုင်သူတို့အတွက် ပို၍ထိတ်လန့်ချောက်ချားဖွယ်ရာပင်။

"ဝေါင်းဝေါင်း ... ဝေါင်း"

ရုတ်တရက် အိမ်ရှေ့လမ်းမပေါ်မှ စူးစူးဝါးဝါး ထွက်ပေါ်လာသည့် ခွေးဟောင်သံများကြောင့် မှေးခနဲ အိပ်ပျော်ခါစ နေလွှမ်းမှာ ဖျတ်ခနဲ လန့်နိုးလာသည်။ နိုးလျှင်နိုးချင်းပင် သတိရှိသောသူက အခန်းထဲမှာ ထွက်လာပြီး ဝါးကပ်ဖြင့် ပြုလုပ်ထားသော ကဲလားတစ်ခုပေါ်မှ အိမ်ရှေ့ဆီသို့ လှမ်းကြည့်လိုက်သည်။ လရောင်မှိန်မှိန်အောက်တွင် အရိပ်မည်းမည်းတချို့ အိမ်ရှေ့ခြံ ဝင်းတံခါးပေါက်ကို မ,ဖွင့်ကာ ခြံထဲဝင်လာသည်ကို တွေ့လိုက်ရသဖြင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားလေသည်။ သူတို့၏ ခြံတံခါးပေါက်မှာ ဝါးခြမ်းများဖြင့် ရက်လုပ်ထားသည့် ဝါးကပ်တံခါးရွက်ဖြစ်ပြီး သော့ခတ်မထားဘဲ တိုင်ငုတ်ပေါ်တွင် မချိတ်၍ ပိတ်ထားသည်ဖြစ်သောကြောင့် အပြင်မှ ဝင်လာသူကလည်း တံခါးရွက်ကပ်ကို မတင်ဖွင့်၍ ဝင်လာနိုင်သည်။

နေလွှမ်းက ခြံထဲဝင်လာသည့် အရိပ်မည်းများကို ဖျတ်ခနဲ လှမ်းကြည့်ပြီး စိတ်ဖြင့်ရေကြည့်လိုက်ရာ အနည်းဆုံး ငါးယောက်ခန့်ရှိမည်ကို သိလိုက်သည်။

"ဦးလေး ... ထထ"

သူက အိပ်ပျော်နေသော ဦးလေးဖြစ်သူ ဦးဘမိုကို လှုပ်နှိုးလိုက်သည်။ ဦးဘမိုကလည်း ချက်ချင်းနိုးလာသည်။

"ကိုနေ ဘာဖြစ်လို့လဲ"

"ခြံထဲကို လူတွေဝင်လာတယ်။ ငပွေးတွေလား မသိဘူး"

"ဟေ ... ငါ့တူအမြန်သွား။ မီးဖိုဆောင်မှာ ကပ်နေပြီးရင် ရေစွန့်ပေါက်ကထွက်။ နောက်ဖေးအိမ်သာဘေးကအပေါက်ကို တွန်းထွက်ပြီး အလွတ်ပြေး"

"ဦးလေးကရော"

"ငါ့အတွက် မပူပါနဲ့ကွာ သွားစမ်းပါ"

"ဝုန်း ..."

အိမ်ပေါ်တက်သည့် အိမ်ရှေ့တံခါးရွက်ကို ဆောင့်ကန်လိုက်သည့် အသံဖြစ်သည်။ ထိုအသံပေါ်လာသည်နှင့် ဦးဘမိုက နေလွှမ်းကို မြန်မြန်သွားဟူသော သဘောဖြင့် တွန်းထုတ်လိုက်သည်။ နေလွှမ်းသည် ထိုအခါမှပင် အခန်းပေါက်ဝတွင် ညက အဆင်သင့်ချထားသော စစ်လွယ်အိတ်ကလေးကို ကောက်လွယ်ကာ မီးဖိုဆောင်နောက်သို့ ပြေးကပ်လိုက်လေသည်။

"ဝုန်း"

တံခါးကို နောက်တစ်ချက် ဆောင့်ကန်လိုက်သည့် အသံနှင့်အတူ အပြင်မှ ခပ်အုပ်အုပ်အသံတစ်သံ ဆက်တိုက်ပါလာသည်။

"ဟိတ် ... အထဲကအကောင်တွေ တံခါးဖွင့်စမ်း။ တံခါးမဖွင့်ရင် အိမ်ထဲကို လက်ပစ်ဗုံး ပစ်သွင်းလိုက်မယ်"

ထိုအသံ အဆုံးတွင် ဦးဘမိုက ဓာတ်ခဲသုံးလုံးထိုး လက်နှိပ်ဓာတ်မီး



www.burmeseclassic.com

www.burmeseclassic.com

ကိုင်လျက် "ဟုတ်ကဲ့ ကျွန်တော် လာဖွင့်ပါ့မယ်"ဟုဆိုကာ တံခါးကို သွားဖွင့်ပေးလိုက်သည်။ တံခါးချက် ပြုတ်သွားသည်နှင့် အပြင်မှ "ဝုန်း"ခနဲ ဆောင့်ကန်လိုက်သည်ကြောင့် တံခါးရွက်မှာ ဝိုးခနဲ ပွင့်သွားသည်။ ဦးဘမိုက နောက်သို့ ခုန်ဆုတ်လိုက်သည်ကြောင့် မထိပေ။ တံခါးပွင့်သွားသည်နှင့် လက်နှိပ်ဓာတ်မီးရောင်က ဝင်းခနဲ ကျလာပြီး "လက်မြှောက်ထား"ဟူသော အသံနှင့်အတူ သေနတ်ပြောင်းတစ်ခုက ဦးစွာ ရှေ့မှဝင်လာသည်။ ဦးဘမိုက လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်ပေးထားလိုက်သည်။ သူ၏ယာလက်ထဲမှ လက်နှိပ်ဓာတ်မီးကိုတော့ လွှတ်မချပေ။

"ရန်သူ နောက်လိုက်ခွေးတွေ သေဖို့ပြင်တော့"

ရှေ့ဆုံးမှ ဝင်လာသူက ပြောပြောဆိုဆို ဦးဘမို၏ဗိုက်ကို သေနတ်ပြောင်းဖြင့် ဆောင့်ထိုးလိုက်သည်။ ပြောင်းရှည်သေနတ်ဖြစ်၍ ဦးဘမိုမှာ အင့်ခနဲညည်းရင်း နောက်သို့ခြေတစ်လှမ်းဆုတ်ပေးလိုက်ရသည်။

ထိုအချိန်တွင် နောက်ထပ်သုံးဦးမှာလည်း အိမ်ထဲသို့ ရောက်လာပြီဖြစ်ပြီး နှစ်ဦးကသာ ပြောင်းရှည်သေနတ်များကို အသင့်အနေအထား ကိုင်ထား၍ ကျန်နှစ်ဦးက လက်နှိပ်ဓာတ်မီးများကိုသာ ကိုင်ထားပြီး ခါးတွင် ပစ္စတိုတစ်လက်စီ ချိတ်ထားသည်။ ၎င်းတို့အားလုံး ပြောက်ကျားအကျီနှင့် ဘောင်းဘီများကို ဝတ်ဆင်ထားကြသည်။

မီးဖိုဆောင်နောက်ကွယ်မှ ချောင်းကြည့်နေသော နေလွှမ်းမှာ မီးရောင်ဖြင့် ဖျတ်ခနဲမြင်လိုက်ရသည့် သူတို့လေးဦးကိုကြည့်၍ အိမ်ရှေ့ခြံထဲတွင် တစ်ယောက်ကျန်နေနိုင်သည်ကို တွက်ဆထားလိုက်သည်။

"ဟိတ်ကောင် ... မင်းတူ ဟိုသစ္စာဖောက်သား ကောင်လေး ဘယ်မှာလဲ"

ပြောင်းနှင့် ဗိုက်ကို ဆောင့်ထိုးထားသော သေနတ်သမားကပင် မေးသည်။

"မရှိဘူးဗျ"

ဦးဘမိုက ခပ်ပြတ်ပြတ် ပြန်ဖြေသည်။

"မင်း မညာနဲ့နော်။ ငါတို့ရှာကြည့်လို့တွေ့ရင် မင်းမသေခင် ကောင်းကောင်း အညှဉ်းခံရမယ်"

"တကယ်မရှိတာပါ"

ဦးဘမိုက ထိုသို့ပြောလိုက်သော်လည်း အသံက တုန်ယင်နေသည်။ ထိုသို့တုန်ယင်နေခြင်းမှာ သူသေရမည်ကို ကြောက်၍မဟုတ်ဘဲ နေလွှမ်းကို တွေ့သွားမည်ကို စိုးရိမ်နေသောကြောင့်ဖြစ်သည်။ ထိုအချိန်အထိ နေလွှမ်းတစ်ယောက် အိမ်ထဲမှ လွတ်လွတ်ကျွတ်ကျွတ် ထွက်မသွားသေးသည်ကိုလည်း သူ့စိတ်က အလိုလိုသိနေလေသည်။

"ခွေးမသား ဟိုမီးဖိုချောင်ထဲမှာ ရှိချင်ရှိမှာ"

လက်နှိပ်ဓာတ်မီးကိုင်သူ တစ်ဦးက ပြောပြောဆိုဆိုနှင့် မီးဖိုဆောင်ဘက်သို့ ဓာတ်မီးဖြင့် ထိုးပြီးသွားရာ အခြားပြောင်းရှည်သေနတ်သမားတစ်ယောက်ကလည်း သေနတ်ကို အသင့်အနေအထား ချိန်၍လိုက်သွားသည်။ ထိုသူနှစ်ဦး ရှေ့ဆက်သွားလျှင် မကြာမီ မီးဖိုဆောင်ထရံ အကန့်ဘေးတွင် ပုန်းကွယ်နေသော နေလွှမ်းနှင့် တည့်တည့်တိုးတော့မည်ဖြစ်သည်။ ထရံပေါက်မှ ချောင်းကြည့်နေသော နေလွှမ်းမှာလည်း ကြောက်ရွံ့လှုပ်ရှားနေသော စိတ်နှင့်အတူ ရုတ်တရက် ဘာလုပ်ရမှန်း မသိသေးဘဲ ပူပူထူထူနှင့် ထရံတွင် ထိုးထားသော ပစ္စည်းတစ်ခုကို လှမ်းဆွဲလိုက်ရာ လက်ထဲတွင် သားလှီးဓားကြီး ပါလာသည်။ ထိုသူနှစ်ဦးမှာလည်း သူနှင့် နီးသည်ထက် နီးလာပြီ ဖြစ်သည်။

"ကိုနေ အလွတ်ပြေး"

အရေးတကြီး အော်ပြောလိုက်သော အသံနှင့်အတူ ဦးဘမိုက လှုပ်ရှားမှုတစ်ခုကို ပြုလုပ်လိုက်သည်။

နေလွှမ်းထံသို့ ဦးတည်လာနေသော သေနတ်သမားထံ ပြေးသွားပြီး ချိုင်းအောက်နံကြားဆီသို့ ခြေဖြင့်ကန်ပစ်လိုက်သည်။ သေနတ်သမားမှာ ရှေ့သို့သာ အာရုံထားနေသောကြောင့် အငိုက်မိခံလိုက်ရပြီး ကန်ချက်ထိ၍ ဘေးသို့ ပြိုလဲသွားသည်။ အကြံအစည်ရှိပြီးသား ဖြစ်သော ဦးဘမိုက တစ်ဆက်တည်းပင် ဓာတ်မီးကိုင်၍ ထိုးနေသူ၏ ဦးခေါင်းကို သူ၏လက်နှိပ်ဓာတ်မီးဖြင့် တအားကုန် လွှဲရိုက်ချလိုက်သည်။ သူ၏ ဓာတ်ခဲသုံးဆတိုး လက်နှိပ်ဓာတ်မီး ခေါင်းက တစ်ဖက်လူ၏ ချိစောင်းပေါ်သို့ တည့်တည့်ထိမှန်ကာ ထိုသူမှာလည်း "အား"ခနဲ အော်ဟစ်ရင်း ဦးခေါင်းမှသွေးများ ဖြာကျကာ ခွေလဲသွားသည်။ ထိုအချိန်တွင် စောစောက အမှတ်မထင်မို့ သတိလက်လွတ်ဖြစ်ကာ ကြောင်၍ ကြည့်နေသော ပထမသေနတ်သမားမှာ ပြန်လည်သတိဝင်လာပြီး ဦးဘမို

www.burmeseclassic.com

ထံ ထိုးချိန်၍ သေနတ်မောင်းကို ဆွဲညှစ်ချလိုက်သည်။

"ဒိုင်း ..."

ကျယ်လောင်သော သေနတ်သံနှင့်အတူ ဦးဘမိုမှာ ရင်ဝကို လက်ဖြင့်အုပ်ကိုင် လဲကျသွားသည်။

ထိုအခါမှပင် မီးဖိုဆောင်ထဲမှ လှမ်းကြည့်ရင်း အတွေ့အကြုံနည်းသူပီပီ လှုပ်ရှားစွာနှင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေရှာသော နေလွှမ်းမှာ ဦးလေးဖြစ်သူ၏ အဖြစ်ဆိုးကို မြင်၍ သွေးဆူလာကာ ဦးဘမိုအား နောက်တစ်ချက် ထပ်ပစ်ရန် ကြံရွယ်နေသော သေနတ်သမားထံ လက်ထဲမှ ဓားကြီးနှင့် အားကုန်ပစ်ထည့်လိုက်လေသည်။

"ဒုတ် ..."

"အား ..."

နေလွှမ်း ပစ်ထည့်လိုက်သော သားလှီးဓားကြီးက သေနတ်သမား၏ လည်မျိုဆီသို့ တိတိကျကျ စိုက်ဝင်သွားကာ သေနတ်သမားမှာ မှောက်ခုံထိုး လဲကျသွားသည်။ ထိုအချိန်တွင် သွေးအိုင်ထဲ၌ လူးလွန့်နေသော ဦးဘမိုထံမှ ကွဲအစ်အစ် အသံတစ်သံ ဖျစ်ညှစ်ထွက်လာသည်။

"ပြေး ..."

တစ်ဆက်တည်းပင် ဦးဘမို၏ ကန်ချက်ကြောင့် လဲပြိုခဲ့သော သေနတ်သမားက ပြန်ထလာသည့်အပြင် ရှေ့တွင်ကျန်ခဲ့သော လက်နှိပ်ဓာတ်မီးကို ကိုင်ထားသူက တစ်ဖက်က လက်နှိပ်ဓာတ်မီးထိုးရင်း ကျန်လက်တစ်ဖက်က ခါးကြားမှ ပစ္စတိုကို ဆွဲထုတ်ကာ နေလွှမ်းရှိရာသို့ ထိုးချိန်လိုက်သည်။

နေလွှမ်းမှာ ဘာမှမတတ်နိုင်တော့ဘဲ မီးဖိုဆောင်ကြမ်းခင်းကို အားပြုခြေကန်၍ ရေစွန့်ပေါက်မှ လွှားခနဲ ခုန်ထွက်လိုက်သည်။

"ဒိုင်း ... ဒိုင်း"

နောက်မှပစ်လိုက်သော ကျည်ဆန်များက နေလွှမ်းနှင့် လွဲချော်သွားသည်။ နေလွှမ်းမှာ မြေကြီးပေါ် ခြေရာကျသည်နှင့် အိမ်နောက်ဖေးသို့ စွတ်ပြေးသွားပြီး အိမ်သာဘေးနား၌ အရှင်ထောင်ထားသော ဝါးကပ်ကို ဆောင်းတိုက်ထုတ်ကာ ခြံအပြင်သို့ ထွက်လိုက်သည်။

ထိုအချိန်တွင် အိမ်ပေါ်မှ ပစ္စတိုသမားက နေလွှမ်းပြေးသွားရာဘက်သို့ လှမ်းပစ်နေသည့်အပြင် အိမ်ရှေ့ခြံပေါက်ဝ၌ စောင့်ကျန်နေခဲ့သူကလည်း အော်ဟစ်ဆဲဆိုလျက် အိမ်နောက်ဖေးဘက်သို့ ပတ်ပြေးလိုက်လာရင်း နေလွှမ်းပြေးသွားရာဘက်သို့ ပြောင်းရှည်သေနတ်ဖြင့် မှန်းရမ်း၍ လိုက်ပစ်သည်။ သို့သော်လည်း ထိုလူ အိမ်သာဘေးအပေါက်နား ရောက်လာချိန်တွင် နေလွှမ်းမှာ ခြံကပ်စည်းနှင့် တော်တော် ဝေးဝေးရှိ ကိုင်းတောထဲသို့ တိုးဝင်သွားပြီဖြစ်သည်။

"ဒိုင်း .. ဒိုင်း .. ဒိုင်း .. ဒိုင်း"

သေနတ်သံများ နောက်ထပ် လေးငါးချက်ခန့် ဆက်တိုက်ပေါ်လာသေးသော်လည်း မှန်းရမ်း၍ ပစ်နေသော ကျည်ဆန်များဖြစ်ခြင်းကြောင့် နေလွှမ်းနှင့် ဝေးကွာစွာ လွဲချော်သွားနေသည်။

နေလွှမ်းမှာ ကိုင်းတောထဲတွင် ဝပ်ချလိုက်ပြီး အခြေအနေကို စောင့်ကြည့်နေသည်။ သေနတ်သံများ နောက်ထပ် ထွက်ပေါ်မလာတော့ပေ။ သေနတ်သံများကြောင့် မြို့ခံရဲကင်းနှင့် နယ်မြေခံတပ်များ ဤနေရာသို့ မကြာမီ အချိန်အတွင်း ရောက်လာနိုင်သည်ကို တွက်မိထားသော ငပွေးအုပ်စုမှာ ဤနေရာမှ ပြန်လည်ဆုတ်ခွာပေလိမ့်မည်။ ထိုသို့ဆုတ်ခွာလျှင် ၎င်းတို့ဆုတ်မည့်လမ်းကြောင်းနှင့် ကိုယ်ပြေးမည့်လမ်းကြောင်း လွဲသွားရန် အရေးကြီးသည်။ ဤသည်ကို တွက်ချက်တွေးမိသော နေလွှမ်းမှာ ဝမ်းလျားထိုးမှောက်နေရာမှထပြီး သစ်ပင်များ ကျိုးတိုးကျဲတဲပေါက်နေသော ကုန်းရိုးအစပ်မှ ကွေ့ကာကောက်ကာနှင့် မြောက်ထဲသို့ ထောင်ပြေးသည်။ ထိုသို့ပြေးနေရာမှ သတိရလာပြီး ချောင်းစပ်ဆီ ဦးတည် ပြန်ပြေးသည်။

မှန်းချောင်းမှာ အရှေ့ဘက်တောင်ပေါ်မှ ချောင်းဖျားခံ၍ စီးလာပြီး မှန်းမြို့၏မြောက်ဘက်မှ ကွေ့ပိုက်ကာ အနောက်ဘက်သို့ ပြန်ပတ်၍ စစ်တောင်းမြစ်ထဲသို့ စီးဝင်သည်ဖြစ်သောကြောင့် စစ်တောင်းမြစ် အနောက်ဘက်ကမ်းခြေရှိ ဖြူးမြို့နယ်ထဲသို့ ဖြတ်ထွက်သွားရမည့် သူ့အနေဖြင့် မှန်းချောင်းကို မဖြစ်မနေ ဖြတ်ကူးရမည်သာ ဖြစ်သည်။ လက်ရှိအခြေအနေတွင် အနောက်ဘက်မြို့ အဝင်ဂိတ်ဖြစ်သော မှန်းချောင်းတံတားကြီးမှ ပြန်၍ဖြတ်ကူးရန်မှာ လုံးဝ မဖြစ်နိုင်သော အနေအထားဖြစ်ရာ သူက ချောင်းထဲသို့ဆင်း၍ စုန်ဆင်းပြီး သင့်တော်သော နေရာရောက်မှ တစ်ဖက်ကမ်းသို့ ဖြတ်ကူးတက်သွားရန် စိတ်ကူးမိခြင်းဖြစ်သည်။

အချိန်တော်တော်ကြာ မနားတမ်း ပြေးမိသောအခါ သူ ချောင်းစပ်



www.burmeseclassic.com

www.burmeseclassic.com

သို့ ရောက်ရှိလာလေသည်။ လမှာ လုံးဝ ဝင်သွားပြီဖြစ်ပြီး အမှောင်ရိပ် ကြီးစိုးနေသည် ဖြစ်သောကြောင့် သူ့ အတွက် အတော်ကလေး အဆင်ပြေ သွားလေသည်။

သူက ချောင်းထဲသို့ ဆင်းလာခဲ့ ပြီး ရေတိမ်သောနေရာမှ ဖြတ်ကူးကာ တစ်ဖက်ကမ်းပါးခြေသို့ ကပ်ခဲ့သည်။ တပို့တွဲလရာသီဖြစ်၍ ချောင်းထဲတွင် ရေနည်းပါးနေပြီး ကမ်းပါးခြေ၌ ရေ မနက်နေသည်ကလည်း သူ့အတွက် ကံကောင်းနေသည်။ သူက ကမ်းပါး ခြေအတိုင်း အောက်ဘက်ဆီသို့ ဆက် လျှောက်လာခဲ့ပြီး မြို့အဝင်တံတား၏ အထက်ဘက် ကိုက်နှစ်ရာလောက် ဝေးကွာသော နေရာအရောက်တွင်မှ အနောက်ဘက်ကမ်းပေါ် တက်လိုက် သည်။ ထို့နောက် ခေတ္တရပ်၍ သွားရ မည့်လမ်းကို စဉ်းစားကြည့်သည်။

တံတား၏ အနောက်ဘက်လမ်း မကြီးပေါ်တွင်လည်း စစ်ဆေးရေးဂိတ် တစ်ခုရှိနေပြီး လက်နက်ကိုင် စစ်သား အချို့နှင့် ရဲသားအချို့ ရှိနေရာ သူရပ် နေရာမှ ကမ်းပါးအတိုင်းဆက်လျှောက် ပြီး လမ်းမပေါ်သို့ ဖြတ်တက်ရန် မဖြစ် ပေ။ ယခုအချိန်တွင် လတ်တလော ကြားထားရသော သေနတ်သံများ ကြောင့် စစ်ဆေးရေးဂိတ်မှ တပ်သား များမှာ သတိဝီရိယနှင့် အသင့်ဖြစ်နေ ပေလိမ့်မည်။ သို့ရာတွင် အနေအထား အရ ၎င်းတို့မှာ သေနတ်သံများ ထွက် ပေါ်ရာ မုန်းမြို့ထဲဘက်သို့သာ အာရုံ စိုက်နေမည်ဖြစ်ပြီး နောက်ဘက်ခြမ်း ကို အာရုံရောက်မည် မဟုတ်ပေ။ ထို့ ကြောင့် ၎င်းတို့၏ ကျောဘက်ဖြစ် သည့် အနောက်ဘက်သို့ တော်တော် ကျော်မိအောင် လျှောက်သွားပြီးမှ လမ်းကိုဖြတ်တက်လျှင် အန္တရာယ် ကင်းနိုင်ပေမည်။

သူက စဉ်းစားဆုံးဖြတ်ပြီးသည် နှင့် ချောင်းကမ်းပါးမှ ခွာလာပြီး အနောက်ဘက်ယွန်းယွန်းဆီသို့ ဦး တည်၍ ပဲခင်းများကြားမှ ဖြတ်လျှောက် လိုက်သည်။ ပဲခင်းများ၊ ရိုးပြတ်များကို ဖြတ်ကျော်၍ လျှိုတစ်ခုကို ဖြတ်ပြီးချိန် တွင် မုန်းနှင့် သာစည်ရွာကြားဆီမှ လမ်းမကြီးကို ဖြတ်ကျော်ပြီး နွယ်တန်း ရွာဘက်ဆီသို့ ဦးတည်လျှောက်ခဲ့ တော့သည်။ ယခုအချိန်တွင်တော့ သူ့ အနေဖြင့် အန္တရာယ်အငွေ့အသက် နှင့် တဖြည်းဖြည်းဝေးလာပြီဟု ဆိုရ မည်ဖြစ်သည်။

*****

## အခန်း(၃)

နေလွှမ်းက လရောင်ပျောက် သွားသော်လည်း ကြယ်ရောင်မှေးမှေး ဖြင့် ရေးရေးမြင်နေရသော လူသွား လမ်းအတိုင်း ခပ်သုတ်သုတ် လျှောက် လှမ်းခဲ့ရာ နွယ်တန်းရွာထဲမှ ဖြတ် ထွက်ပြီး မြစ်ဆိပ်သို့ ရောက်လာပြီဖြစ် သည်။ ထိုအချိန်တွင် အဝေးရွာများဆီ မှ ကြက်တွန်သံများကို ကြားရ ပြီဖြစ်သည်။ အချိန်မှာ နံနက် ၄ နာရီ ခန့် ရှိပေပြီ။ မကြာခင် မိုးလင်းတော့ မည်။ သူက တစ်ဖက်ကမ်းရှိ ကူးတို့ တဲသို့ လှမ်းမျှော်ကြည့်မိသည်။ ကြာ အင်းဘက်ကမ်းရှိ ကူးတို့တဲဘေး အကြော်ဆိုင်တဲမှ မီးရောင်လဲ့လဲ့ကို တွေ့ရသည်။ အကြော်ဖိုမှ အကြော် ထကြော်နေပုံရလေသည်။

ကူးတို့ဆိပ်မှ ဖောင်များမှာ နံနက် ၆ နာရီမှ စဖွင့်ပြီး ကူးပေးမည် ကို သူသိနေသည်။ ဤနေရာမှာ မုန်း နှင့် မဝေးကွာလှသော နေရာဖြစ်ခြင်း ကြောင့် ညက သေနတ်သံများကို ကြားရနိုင်သည်။ သို့ဖြစ်လျှင် မြစ် အနောက်ဘက်ကမ်းမှ ကမ်းနားပိတ် ဆို့ရေးကင်းများကလည်း သတိဝီရိယ နှင့် လှုပ်ရှားပြီး အစစ်အဆေး အမေး အမြန်းလုပ်ကာ သူ့အတွက် အနှောင့်

---

ဖခင်ဖြစ်သူမှာ ကွန်မြူနစ်များထဲတွင် အသင့်အတင့်ရာထူးနေရာရှိသော သူပုန်ဗိုလ်တစ်ဦးဖြစ်ပြီး ဗိုလ်နေရောင်ဟု နာမည်ရသူဖြစ်သည်။ မိခင် နော်အဲလာမှာ နိုင်ငံရေးနှင့်ဆက်နွယ်မှုမရှိသည့် သာမန်ကျေးလက်သူတစ်ဦးသာဖြစ်၍ ဗိုလ်နေရောင်ကိုချစ်သောစိတ်တစ်ခုတည်းဖြင့်သာ သျှောင်နောက်ဆံထုံးပါ၍ ထားရာနေ၊ စေရာသွားဘဝဖြင့် ပါရမီဖြည့်ခဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အယှက် ဖြစ်စေနိုင်သည်။ ထို့ကြောင့် သူ့အနေဖြင့် ဖောင်ကူးတို့မှ ကူးသည် ထက် အခြားတစ်နေရာရာမှ ရှောင် ကူးသည်က ပိုအဆင်ပြေနိုင်သည်ဟု တွေးပြီး ကမ်းနားလမ်းအတိုင်း အထက် ဘက်သို့ လျှောက်လာခဲ့သည်။

ဤသို့ဖြင့် တဖြည်းဖြည်းလျှောက် လာခဲ့ရာ အရဏ်ဦး၏ ရောင်နီများ တဖြည်းဖြည်း နီးထလာကာ ပတ်ဝန်း ကျင်မြင်ကွင်းများ လင်းလင်းရှင်းရှင်း မြင်လာသည်။ တစ်နေရာအရောက် တွင် မြစ်လယ်၌ ပိုက်တန်းများ ဖော် နေသော လှေကလေးတစ်စီးကို သူ လှမ်းတွေ့လိုက်ရသည်။

"ဗျို့ . . . လှေဆရာ"

သူက အားရဝမ်းသာ လှမ်း အော်သည်။

လှေသမားက ပါးစပ်မှ ပြန်မထူး သေးဘဲ သူ့ကိုလှည့်ကြည့်သည်။ သူ က ထပ်အော်ပြောရပြန်သည်။

"ဗျို့ . . လှေဆရာ ကျွန်တော့် ကို တစ်ဆိတ်လောက် ကူညီပါဦး"

"ဘာကူညီရမှာလဲဗျ"

လှေသမားက ပြန်အော်မေး သည်။

"ကျွန်တော့်ကို ဟိုဘက်ကမ်း ပို့ပေးပါလားဗျာ"

"ဟာ . . . ကျွန်တော့်လှေက ကူးတို့ပို့တဲ့လှေ မဟုတ်ဘူးဗျ။ ဟို အထက်နားမှာ ဒိုးတန်း၊ ဖောင်ဆိပ်ရှိ တယ်လေ။ အဲဒီကနေသွားကူးပါလား"

"ကျွန်တော် အဲဒီအထိ လျှောက် သွားနေရရင် အချိန်တွေ သိပ်ကြာ သွားမှာ စိုးလို့ပါဗျာ။ ပြီးတော့ ဒီအချိန် ဆို ဖောင်က မဖွင့်သေးဘူး။ ကျွန် တော်က အနောက်အင်ကြင်းကုန်းမှာ နေမကောင်းဖြစ်ပြီး အသက်စောင့်နေ ရတဲ့ ကျွန်တော့်အဒေါ်ကြီးဆီ သွား ချင်လို့ပါဗျာ။ ကူညီပါ"

နေလွှမ်းက ပါးစပ်ထဲတွေ့ကရာ တွေ လျှောက်ပြောလိုက်ခြင်း ဖြစ် သည်။ သူ့စကားကြောင့် မြစ်လယ်မှ လှေသမားက ငိုင်သွားပြီး ခေတ္တစဉ်း စားသည်။ ခဏကြာမှ . . .

"ဒါဆိုလည်း ကူညီပါ့မယ်ဗျာ"

ဟုပြောပြီး သူ့ထံသို့ လှေကို လှော်လာသည်။

လှေသမားက သူ့ကိုခေါ်ပြီး မြစ် အနောက်ဘက်ကမ်းသို့ ပို့ပေးခဲ့သည်။ လှေပေါ်မှ မဆင်းမီ သူက အိတ်ထဲသို့ စမ်းကြည့်ပြီး နှစ်ဆယ့်ငါးကျပ်တန် နှစ် ရွက်ကို ဆွဲထုတ်ကာ လှေသမားကို ပေးသည်။

"ရော့ဗျာ ခင်ဗျား အခုလိုကူညီ တဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဩော် . . . ရပါတယ်ဗျာ။ ကြုံ လို့ ကူညီရတာပဲ"

လှေသမားက ပြုံး၍ ပြောလိုက် သော်လည်း လက်ကတော့ နေလွှမ်း ပေးသည့် ငွေစက္ကူကို လှမ်းယူလိုက် သည်။ (မှတ်ချက် ။ ထိုစဉ်က ဆန်တစ် ပြည်လျှင် ငွေ ၁၀ ကျပ်သာရှိသည်။)

"ညီလေး . . . မင်း အနောက် အင်ကြင်းကုန်းကို သွားမှာဆိုရင် အဲဒီ သောင်ပုရွာဟောင်းရဲ့ အထက်နားမှာ အနောက်ကိုတန်းနေတဲ့ လှည်းလမ်း ရှိတယ်။ အဲဒီ လှည်းလမ်းအတိုင်း လျှောက်သွားရင် ကျောင်းကုန်းထိပ်ကို ရောက်မယ်။ အဲဒီကနေ ရင်းတိုက်စိန် ရွာထဲဝင်ကွာ။ ပြီးရင် ရင်းတိုက်စိန် အနောက်ထိပ်ကနေ အင်ကြင်းကုန်း ကို လမ်းမကြီးဖြူးလို့"

ငွေကျပ် ၅၀ ကြောင့် စေတနာ ပိုသွားရသော လှေသမားက သူကမ်း ပါးပေါ်တက်သည်အထိ သွားရမည့်လမ်း ကို တိတိကျကျ ညွှန်းဆိုပေးနေသည်။

"ဟုတ်ကဲ့ အဲဒီလမ်းအတိုင်း သွားမယ်ဗျို့"

သူက ပြန်အော်ထားခဲ့ပြီး လှေ သမားညွှန်ပြသည့်လမ်းအတိုင်းလျှောက် ခဲ့တော့သည်။

နေလွှမ်းမှာ လမ်းလျှောက်နေ ရင်းဖြင့် အတွေးစများက ပြန့်လွင့်နေ သည်။ တကယ်တော့ သူ့ဘဝသည် ကား လေလွင့်ရွက်ကြွေလို တွယ်ရာမဲ့ ဘဝဖြင့် လွင့်ချင်တိုင်း လွင့်ရမည့်ပုံ ပေါ်နေသည်။ သူငယ်စဉ်အခါက တောထဲတောင်ထဲတွင် မျက်စိပိတ်၊ နားပိတ် နေခဲ့ရသည်။ ဤသို့ နေခဲ့ရ သည်မှာလည်း သူ့ဖခင်ကြောင့်ပင်။ သူ၏ဖခင်မှာ ကွန်မြူနစ်ဝါဒကို လက် ခံယုံကြည်သည့် ကွန်မြူနစ်တစ်ဦးဖြစ် ပြီး တောခိုနေစဉ် ကရင်မြန်မာ ကပြား ဖြစ်သည့် သူ့မိခင်နှင့် အကြောင်းပါပြီး သူ့ကိုမွေးဖွားခဲ့ခြင်း ဖြစ်သည်။

ဖခင်ဖြစ်သူမှာ ကွန်မြူနစ်များထဲ တွင် အသင့်အတင့် ရာထူးနေရာ ရှိ သော သူပုန်ဗိုလ်တစ်ဦးဖြစ်ပြီး ဗိုလ် နေရောင်ဟု နာမည်ရသူဖြစ်သည်။ မိခင်နော်အဲလာမှာ နိုင်ငံရေးနှင့် ဆက် နွယ်မှုမရှိသည့် သာမန်ကျေးလက်သူ တစ်ဦးသာ ဖြစ်၍ ဗိုလ်နေရောင်ကိုချစ် သောစိတ်တစ်ခုတည်းဖြင့်သာ သျှောင် နောက်ဆံထုံးပါ၍ ထားရာနေ၊ စေရာ သွားဘဝဖြင့် ပါရမီဖြည့်ခဲ့သူဖြစ်သည်။

ဖခင်ဖြစ်သူတို့၏ အခြေစိုက် ကွန်မြူနစ်စခန်းမှာ မန်းဒေသမြောက် ဘက် ကျောက်ကြီးမြို့နယ်နှင့် ထန်း



www.burmeseclassic.com

www.burmeseclassic.com

တပင်မြို့နယ် နယ်စပ်ချောင်းရိုးဘေးရှိ အင်းပြင်၏ တစ်ဖက်တွင် ဖြစ်သည်။ ဤနေရာမှာ မြို့နယ်နှစ်ခုကြား နယ်စပ်ဖြစ်သည်။ အပြင်ချောင်းမြောင်း အင်းအိုင်များ၊ ကိုင်းတောများ ပေါ်များလွန်းလှပြီး ရှေ့ဘက်တောင်ခြေနှင့်လည်း နီးကပ်စွာ တည်ရှိသောကြောင့် အစိုးရစစ်တပ်များ ရုတ်တရက်ရောက်လာရန် မလွယ်ကူသည့် နေရာဖြစ်သည်။ အရပ်သား ကွင်းသားများလည်း အရောက်အပေါက်နည်းသည်။ ချောင်ကျသော အရပ်ဖြစ်၍ တောခိုကွန်မြူနစ်များအတွက် နေရာကောင်းတစ်ခု ဖြစ်နေသည်။

မိခင်ဖြစ်သူ နော်အဲလာမှာ သားဦးဖြစ်သော နေလွှမ်းကို မွေးဖွားခဲ့ပြီး နေလွှမ်း လေးနှစ်သားတွင် ဒုတိယကိုယ်ဝန်ကိုလွယ်ရသည်။ ထိုကိုယ်ဝန် လေးလခန့်တွင် ချော်လဲပြီး သားပျက်သဖြင့် မိခင်ဖြစ်သူကို ဆေးကုရသည်။ သွေးများ ဒလဟော သွန်နေသဖြင့် တောတွင်းဆရာနှင့် မနိုင်တော့ဘဲ မုန်းဆေးရုံသို့ တင်ရသည်။ ထိုသို့ ဆေးရုံတင်ကုသရာတွင် ဖခင်ဖြစ်သူ၏တပည့်ရင်းဖြစ်သော အောင်းကြီး ညောင်ပင်သာကျေးရွာသား ဦးဘမိုကပင် ဦးဆောင်ဦးရွက်ပြု၍ အကျိုးဆောင်ပေးရသည်။ အမှန်စင်စစ် ဦးဘမိုမှာ ဖခင်ဖြစ်သူ၏ တပည့်ရင်းဖြစ်သော်လည်း တောခိုလက်နက်ကိုင် သူပုန်တစ်ဦးတော့ မဟုတ်ပေ။ ကွန်မြူနစ်ဝါဒကို လက်ခံယုံကြည်၍ တောခိုကွန်မြူနစ်များကို တစ်ဖက်တစ်လမ်းမှ လိုအပ်သလို ကူညီပေးနေသည့် ကွန်မြူနစ်ကျောရိုးတစ်ဦးသာ ဖြစ်သည်။

မိခင် နော်အဲလာ သွေးလွန်၍ ဆေးရုံပေါ် ရောက်သွားသောအခါ နီးစပ်ရာ လူနာနှင့် လူနာစောင့်အချို့ အပြင် ဆေးရုံဝန်ထမ်းအချို့က ကွန်မြူနစ်ဗိုလ်တစ်ဦး၏ မိန်းမမှန်း ရိပ်မိကြလေသည်။ သို့သော်လည်း ဆရာဝန်ကြီးအပါအဝင် ဆေးရုံမှ သားဖွားဆရာမများ၊ သူနာပြုဆရာမများနှင့် ဆေးရုံဝန်ထမ်းအားလုံး ကျောသားရင်သားမခွဲခြားဘဲ စေတနာအပြည့်အဝဖြင့် ကုသ၍ ပြုစုစောင့်ရှောက်ပေးခဲ့ကြသည်။ မိခင်ဖြစ်သူ ဆေးရုံသို့ ရောက်ချိန်တွင် သွေးအားအလွန်နည်းပါးနေပြီ။ အရေးတကြီး သွေးသွင်းရန်လိုအပ်နေရာ မိခင်ဖြစ်သူအတွက် အေဘီသွေးမှာ ရှာမရအောင် ဖြစ်နေခဲ့သည်။ အချိန်မီ သွေးမသွင်းနိုင်လျှင် အသက်ဆုံးပါးသွားနိုင်သည်အထိ အရေးကြီးနေသောအချိန်တွင် နယ်မြေတာဝန်ကျ တပ်မတော်သားတစ်ဦးက သွေးဖောက်လှူခဲ့သဖြင့် မိခင်ဖြစ်သူ အသက်ချမ်းသာရာ ရခဲ့လေသည်။ ဤတစ်ချက်မှာ ဖခင်ဖြစ်သူ၏ တစ်ယူသန်စိတ်ဓာတ်ကို နူးညံ့ပျော့ပျောင်းသွားစေသည့် ပထမဆုံး အချက် ဖြစ်သည်။

နေလွှမ်း အသက် ၅ နှစ်ပြည့်ပြီးသောအခါတွင် ဖခင်ဖြစ်သူက သူ့ပညာရေးအတွက် တပည့်ဖြစ်သူ ဦးဘမိုထံ ပို့၍ အောင်းကြီး ညောင်ပင်သာကျေးရွာ စာသင်ကျောင်းလေးတွင် ကျောင်းထားပေးခဲ့သည်။ နေလွှမ်း ခြောက်နှစ်သားတွင် မိခင်ဖြစ်သူမှာ တောတွင်းစခန်း၌ ညအခါ အိမ်သာသွားရာမှ ပိုးထိပြီး သေဆုံးခဲ့သည်။ အမှန်စင်စစ် မိခင်ဖြစ်သူ နော်အဲလာမှာ ပိုးထိထိချင်း သေဆုံးသွားခြင်းမဟုတ်ဘဲ ဆေးကုခံသည့် အနေအထားဖြစ်သည်။ သို့ရာတွင် အနီးဆုံးဖြစ်သော မုန်းဆေးရုံသို့သွားရန်ပင် ခရီးလမ်းပန်း အခက်အခဲနှင့် ရာသီဥတု အခက်အခဲတို့ကို ရင်ဆိုင်နေရရာ ဆေးဝါးမပြည့်စုံသော တောတွင်းဆရာနှင့်ပင် ကုသ၍ ပိုးထိပြီး နာရီ ၂၀ ကြာချိန်တွင် ရေတိမ်နစ်သွားခဲ့ရခြင်း ဖြစ်သည်။ ဤအချက်မှာ ဖခင်ဖြစ်သူ၏ စိတ်ဓာတ်ကို ပြောင်းလဲသွားစေမည့် ဒုတိယအချက်လည်း ဖြစ်လေသည်။ အကယ်၍ မိသားစုအားလုံး တောတွင်းစခန်းမှာမဟုတ်ဘဲ အလင်းထဲတွင် နေခဲ့ရလျှင်လည်းကောင်း၊ မြို့ပေါ် ပြည်သူ့ဆေးရုံ တစ်ရုံရုံသို့ ဇနီးဖြစ်သူအား အချိန်မီ ပို့ဆောင်၍ ကုသပေးခဲ့နိုင်လျှင်လည်းကောင်း ဤကဲ့သို့သော အဖြစ်ဆိုးများ ကြုံတွေ့စရာမရှိနိုင်ဟု ဗိုလ်နေရောင် တွေးမိလေသည်။ ထိုသို့တွေးမိသည်နှင့် အမှောင်ထဲမှ တောတွင်းသူပုန်ဘဝကို စိတ်ကုန်လာကာ နေလွှမ်း ၈ နှစ်သားအရွယ်တွင် အစိုးရတပ်မတော်နှင့်အဆက်အသွယ်လုပ်ကာ တောတွင်းလက်နက်ကိုင်ဘဝကိုစွန့်လွှတ်၍ အလင်းဝင်ခဲ့သည်။

ဖခင်ဖြစ်သူ ဗိုလ်နေရောင်က အလင်းဝင်ပြီးသည်နှင့် မုန်းမြို့ (၃) ရပ်ကွက်ထဲတွင် ခြံကလေးတစ်ခြံဝယ်ယူပြီး အိမ်တစ်လုံးဆောက်ကာ တပည့်ဖြစ်သူ ဦးဘမိုနှင့် သားငယ်နေလွှမ်းတို့ကိုပါခေါ်၍ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

(ဆက်လက်ဖော်ပြပါမည်။)

ကျော်ဆွေဝင်း(ရွှေအင်း)

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပလက်ဖောင်းမင်းသား

( အ စ န် း ဆ က် ဝ တ္ထု ရှ ည် )

**ယခင်လမှအဆက်**

– ရှစ် –

ရုပ်ရှင်ရုံများ ပြည်သူ့ပိုင်မသိမ်းမီကပင် ရုပ်ရှင်ဘေးထွက်လက်မှတ် အရောင်းအဝယ် ရှိနေပြီ။

ထူးထူးထင်ထင် ပေါ်ပေါ်လွင်လွင်ကြီးတော့ ဖြစ်မလာသေးသလို ကျယ်ကျယ်ပြန့်ပြန့် အဓိကရ လုပ်ငန်းအဆင့်သို့ မရောက်သေး။ ကြုံသလို ကျပန်းလုပ်ကိုင်သည့် အဆင့်အနေအထားလောက်ပဲ ရှိသေးသည်။

အင်္ဂလိပ်ဇာတ်ကားနှင့် ကုလားဇာတ်ကားပြသသော ရုံများတွက် ဆာလေနှင့် မာမွတ်တို့နှစ်ယောက်က ခြယ်လှယ်စိုးမိုးထားသည်။

ပြည်သူ့ပိုင် မသိမ်းမီ ပုဂ္ဂလိကလက်ထက်။

ဆာလေ (ခေါ်) မောင်စိန်နှင့် မာမွတ် (ခေါ်) ဘာဘူတို့မှာ ရုပ်ရှင်ရုံပိုင်ရှင်များ၏ လက်သပ်မွေး တပည့်များ ဖြစ်သည်။ သူတို့နှစ်ယောက်က လက်မြန်ခြေမြန် ရှိသည်။ အပေါင်းအသင်း ဝင်ဆံ့သည်။

သူတို့နှစ်ယောက်ကို ရုပ်ရှင်ရုံပိုင်ရှင်တွေက ငွေကြေးပေးကမ်းပြီး သူတို့ပိုင် ရုပ်ရှင်ရုံတွေကို စောင့်ရှောက်ခိုင်းထားလေသည်။

သူတို့က ထိုနေရာတစ်ဝိုက်တွင် ကျက်စားရင်း လူကြိုက်များသည့် ရုပ်ရှင်ကားများ ပြသသည့်အခါ လက်မှတ်ရောင်းသူတွေဆီက ဘေးထွက်လက်မှတ် ဆယ်စောင်၊ ဆယ့်ငါးစောင် တောင်းယူပြီး အကြံအဖန်လုပ်ကြသည်။

တစ်စောင်ကို ငါးမူးတစ်ကျပ် အပိုကြေးယူ၍ ရောင်းကြသည်။ သူတို့က အော်ဟစ်မရောင်း။ ဓာတ်သိတွေက သူတို့ဆီမှာ ဝယ်ကြသည်။

နောက်ပိုင်းတွင် အကြောင်းသိများက ကြိုတင်မှာထားသောကြောင့် သူတို့လည်း အထိုက်အလျောက် အလုပ်ဖြစ်ခဲ့ကြသည်။

ကိုရေခဲက မြန်မာဇာတ်ကားများပြသသည့် ပန်းဆိုးတန်းတစ်ဝိုက်တွင် ကျက်စားနေဆဲကာလ။

ပုဂ္ဂလိက ရုပ်ရှင်ခေတ်တွင် မှောင်ခိုလုပ်ငန်း မကျယ်ပြန့်ခဲ့သည်မှာ ရုပ်ရှင်ဇာတ်ကားများကို အပြိုင်အဆိုင်ပြသ၍ အပြိုင်အဆိုင် ဇာတ်ကားလဲသောကြောင့် ဖြစ်၏။

ထိုအကြောင်းမှာ မှောင်ခိုလက်မှတ် မဖြစ်ထွန်းစေသည့် အဓိကအကြောင်းဟု ဆိုရမည်။

ပုဂ္ဂလိကများ လက်ထက်က ရုပ်ရှင်ဇာတ်ကား ကားသစ်လဲသည့်ရက်ကို သတ်မှတ်ချက်မထားဘဲ ရုံလူဝင်သည့်အခြေအနေနှင့် ဝင်ငွေပေါ်ကြည့်၍ ဇာတ်ကားသစ်လဲကြသည်။

တစ်ပတ်၊ နှစ်ပတ် ပြသည့်ကားရှိသလို သုံးရက်နှင့်ဖြုတ်သည့်ကား၊ တစ်ရက်တည်းနှင့် လဲလိုက်သည့် ဇာတ်ကားများလည်းရှိသည်။

အနည်းဆုံး ဝင်ငွေကို ပုံသေသတ်မှတ်ထားကြသည်။ အနည်းဆုံးသတ်မှတ်ဝင်ငွေကို မမီသည်နှင့် ကားသစ်လဲပစ်ကြသည်။

ပြည်သူ့ပိုင် မသိမ်းမီ ပုဂ္ဂလိကလက်ထက်က ရုပ်ရှင်ရုံပိုင်ရှင်များနှင့် မန်နေဂျာများမှာ လုပ်ငန်းခွင်လည်ပတ်ရေးတွင် သမားရိုးကျ ပုံမှန်သဘောဆောင်ပြီး လုပ်လို့မရ။

■ ကျော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com

အကြံအဖန်အမျိုးမျိုး၊ အလှည့်အပြောင်း အထွေထွေသုံးပြီး အကွက်ဝင်အောင်၊ အကွက်မိအောင် ဉာဏ်ကစားရသည်။ ကွက်ကျော်ရိုက်ရသည်။ စီးပွားရေးလုပ်ငန်းတူ အချင်းချင်းအပေါ် ခေါင်းတစ်လုံးပိုမြင့်အောင် ကြိုးစားရသည်။ အမြဲတမ်း ရှေ့ခြေတစ်လှမ်းသာနေအောင် သွက်လက်လျင်မြန်ရသည်။

ရုပ်ရှင်ရုံတွေက တစ်ရုံနှင့်တစ်ရုံ အပြိုင်အဆိုင်။ လုပ်ငန်းသဘောက အလှည့်အပတ်၊ အကွေ့အကောက်၊ အကြံအဖန်အမျိုးမျိုးဖြင့် ကွက်ကျော်ရိုက်နိုင်အောင် အကွက်ဖော်ရသည်။

လှေကြီးထိုး လမ်းကြောင်းရိုးလျှောက်လို့တော့ သူများနောက်မှာ ကျန်ရစ်ခဲ့မည်မှာ သေချာသည်။

ဦးနှောက်စားရသည်။ ဉာဏ်နီဉာဏ်နက်သုံးရသည်။ အလှည့်အပတ်နည်းလမ်းအထွေထွေကို ပါးပါးလွှာလွှာသုံး၍ အကွက်အသစ်သုံးပြီး ခြေလှမ်းအသာစီးရအောင် ခြေလှမ်းသွက်နေရသည်။ ကွက်ကျော်ရိုက် မကျွမ်းကျင်လျှင် စံကြောပျောက်ပြီး ခံကြောပေါက်သွားမည်။

တစ်ရုံနှင့်တစ်ရုံ ကွက်ကျော်ရိုက်ဖို့ လုပ်ကြံဖန်တီးချက်သုံးပြီး အလှည့်အပတ် လုပ်ရစမြဲ ရှိသည်။

စီးပွားပြိုင်ဘက်ချင်း မျက်စိလည်အောင် လှည့်ပေးသည့် နည်းလမ်းအသွယ်သွယ်ကိုသုံးရာတွင် တရားသော၊ မတရားသော ကိစ္စကို ထည့်တွက်စရာမလို။

ဆိုပါစို့ ...။

ကိုယ့်ရုံမှာ နောက်လဲမည့်ကားဘာကားဆိုသည်ကို မပေါက်ကြားအောင် နက်နက်နဲနဲ သိပ်သိပ်သည်းသည်း လျှို့ဝှက်ရသည်။ ကိုယ့်ဇနီးမယားကိုသော်မှ မပြောမိအောင် နှုတ်လုံရသည်။

သို့တစေ ...။

သူများရုံတွေမှာ ဘာဇာတ်ကားလဲမည် ဆိုသည်ကိုတော့ အကြံအဖန်နည်းလမ်းအသွယ်သွယ်ဖြင့် သိအောင်လုပ်ရသည်။ အပေးအကမ်း ရက်ရက်ရောရောဖြင့် သူ့လူကိုယ့်ဘက်သားမွေးရသည်။

အရက်မူး ကျွဲခိုးပေါ် ဆိုစကားနှင့်အညီ ကျွဲခိုးပေါ်အောင် တိုက်ရကျွေးရသည်။ ကိုယ့်ဘက်က သတင်းအမှားတွေ သူတို့ဘက်ရောက်အောင် လွှင့်ပေးရသည်။ ယုံထင် ကြောင်ထင်ဖြစ်အောင်လှည့်စားနည်းကိုသုံးရသည်။

သူတို့ဆီကို ဘယ်လိုကားထုတ်အသစ်မျိုးတွေ ရောက်နေပြီကို သိအောင်လုပ်ရသည်။ ကိုယ့်တက်မှာ ဘာကားထုတ်တွေ ရောက်နေကြောင်း မပေါက်ကြားအောင် ထိန်းရသည်။

သူတို့ဘက်ကလည်း ကိုယ်သုံးသည့်နည်းတွေ သုံးကြသည်မို့ ကိုယ့်အထာမပေါက်ဖို့ကိုလည်း ဆယ်ရ၊ ဖို့ရသည်။ သူများရုံက ကားကောင်းလဲပြီး ကိုယ့်ရုံက ကားညံ့လဲမိလျှင် သူများရုံမှာ ကြက်ပျံမကျ၊ ကိုယ့်ရုံမှာ ကျီးနှင့်ဖုတ်ဖုတ် ဖြစ်မည်။

အဲဒီလိုမျိုး မဖြစ်ရအောင် သူများရုံတွေမှာ ဘာကားလဲမလဲ။ စစ်ကားလဲမလား။ အချစ်ကား လဲမလား။ နမ်းစတော့ အက်ရှင်ကား လဲမလား။ မြင်းတွေ တရကြမ်းစီးပြီး အပစ်အခတ်ကြမ်းသည့်ရမ်းသည့် ကောင်းဘွိုင်ကား လဲမလား။ စိတ်ဝင်စားစရာ ပြည့်လွှမ်းသည့် တောတွင်းစွန့်စားခန်းကား လဲမလား။ ရယ်ရွှင်ပျော်မြူးစရာ ဟာသကား လဲမလား။

စသည် စသည်များကို ကြိုသိထားမှ ကိုယ့်ရုံ ဘယ်ကားမျိုး ထုတ်ရမည်ကို ကြိုတင်စီစဉ်နိုင်မည်။

သို့မှသာ ...

သူက စစ်ကားဆိုရင် ကိုယ်က စစ်ကားနဲ့၊ သူက အချစ်ကားဆိုရင် ကိုယ်က အချစ်ကားနဲ့၊ သူက ဖိုက်တင်အက်ရှင်ဆိုရင် ကိုယ်က ဖိုက်တင်အက်ရှင်ကားနဲ့။ တန်းတူရည်တူ ကားမျိုးနှင့် တိုက်နိုင်အောင် ကိုယ့်ဘက်က အဆင်သင့်ဖြစ်အောင် ပြင်ဆင်ရမည်။

တစ်ခါတစ်ရံကျတော့ အပစ်အခတ် ဖိုက်တင်အက်ရှင်တွေကြားထဲမှာ ဒရမ်မာကား ကောင်းကောင်းနဲ့ ဝင်တိုးဖိုက်ရင် ကိုယ်က သူတို့နဲ့ တန်းပစ်သွားတာမျိုးလည်း ရှိသည်။

သူများခြေလှမ်းကို ကိုယ်က အမီလိုက်နိုင်မှသာ သူများအကြောကို ကိုယ်မခံရ။ နို့မဟုတ်ရင် သူများက ကိုယ့်ထက်ခြေတစ်လှမ်းသာပြီး ကွက်ကျော် စားကြောဝါးကြော မိသွားမည်။

ထိုထက်ပိုဆိုးသည်က အချင်းချင်းတွယ်ရာမှာ မထိခလုတ်ပြောသည့် ရိစကား။ ဘယ်လို လှည့်ကွက်ပေးလိုက်တာ၊ ဘယ်လို ကော့ဆင်းသွားတာပဲဆိုသည့် မခံချိမခံသာ အပြော။

ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းက အပြိုင်အဆိုင်။ သူတို့လောကသားတွေက ပိုဆိုးသည်။ နာတစ်ဖျား အဖြတ်အကျော်ခံလို့ မရ။

ထိုစဉ်ကာလက ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံခြား ရုပ်ရှင်ကားများ တင်သွင်းဖြန့်ချိသည့် နိုင်ငံခြားရုပ်ရှင် ကုမ္ပဏီဌာနခွဲတွေ ရှိနေပြီ။

စစ်မဖြစ်မီကာလကို အိန္ဒိယဌာနခွဲများမှတစ်ဆင့် တင်သွင်းပြသရသည်မျိုး မဟုတ်တော့။

တွဲတီးရက် စင်ကျူရီဖောက်(စ်)၊ ဝါနာဘရားသား၊ ဂျေအာသာရင့်(ခ)၊ ရီဒင်မေယား စသော ကုမ္ပဏီများ၏ ရုံးခွဲများကို ရန်ကုန်မြို့တွင် အခြေစိုက်ဖွင့်လှစ်ထားပြီး ဖြစ်သည်။

အဆိုပါ ကုမ္ပဏီရုံးခွဲတွေက သူတို့နှင့် ပင်တိုင်စာချုပ် ချုပ်ထားသည့်ရုံများတွင် သူတို့ကုမ္ပဏီထွက် ဇာတ်ကားများကို ပြသသည်။

ရုပ်ရှင်ရုံတွင်က ဇာတ်ကားကောင်းများကို အပြိုင်အဆိုင် ပြသကြသောကြောင့် ဇာတ်ကားရွေးစရာမလို။ လက်မှတ်အတွက် တစ်ရုံမှာ အဆင်မပြေလျှင် အဆင်ပြေသည့်ရုံ ဝင်ကြည့်ပြီး ပြန်ရုံသာ။

သုံးလေးရက်ခြားပြီး နောက်တစ်ခေါက်သွားလျှင် ပထမအဆင်မပြေ၍ မကြည့်ရသေးသည့်ရုံမှာ လူချောင်နေပြီမို့ အေးအေးဆေးဆေး ဝင်ကြည့်နိုင်သည်။

မှောင်ခိုလက်မှတ်မရှိ။ မောင်ရေခဲတို့ ခေတ်မရောက်သေး။

ပန်းဆိုးတန်း ရုပ်ရှင်ရုံများ ဝန်းကျင်တွင် သွားလာလှုပ်ရှားနေသည့် မောင်ရေခဲသည်ပင် ထိုနေရာနှင့် ကင်းကွာသွားပြီ။ ဦးလေးဖြစ်သူ၏ ဆက်သွယ်ကူညီပေးမှုဖြင့် လခစား အလုပ် ဝင်လုပ်နေပြီ။

တာလီစာရေး။ သင်္ဘောတင် ဆန်အိတ်များ အရေအတွက် မှတ်ရသည့်အလုပ်။ လစာနည်းသော်လည်း တည်တည်ငြိမ်ငြိမ် လုပ်ရသည်။

ထမ်းရပိုးရသည့်အလုပ် မဟုတ်သော်လည်း အလုပ်မပြီးမချင်း မတ်တတ်ရပ်လျက် လုပ်ရသည်။ ဟိုသွားသည်သွား လှုပ်ရှားလို့ မရ။ ဆေးလိပ်မသောက်ရ။

လပိုင်းပဲ ခံလိုက်သည်။ တစ်လန်ထွက်လာသည်။ သူက ခြေငြိမ်ငြိမ်နေတတ်သူ မဟုတ်။ လှုပ်ရှားမှုနှင့် တွဲစပ်နေတတ်သူ။

နှစ်လကျော်သာ အလုပ်မြဲလိုက်သည်။ နောက်ထပ် အလုပ်ရှိရာ ခြေဦးမလှည့်တော့။ အပေါင်းအသင်းများနှင့် ခြေဖွေမွှေပြီး လှုပ်ရှားနေခဲ့သည်။

ရေခဲဟူသော နာမည်တစ်လုံးနှင့် ရုပ်ရှင်လက်မှတ် မှောင်ခိုရာဇာ ဖြစ်လာသည်မှာ ရုပ်ရှင်ရုံများ ပြည်သူပိုင်သိမ်းပြီး သည့် နောက်ပိုင်းခေတ်။

••• ••• •••

ရုပ်ရှင်ရုံများကို ပြည်သူပိုင်သိမ်းလိုက်ပြီးနောက် ...

သမ္မတ၊ ပပဝင်။ ကာလ်တန်ရုံ သုံးရုံမှာမူ နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်မှ ချေးယူထားသည့် ကြွေးမြီများ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ခြင်း၊ ဝင်ငွေခွန်နှင့် အမြတ်ခွန်ပေးရန် ပျက်ကွက်ခြင်းတို့ကြောင့် လေလံတင် ရောင်းချရသည်။

ပြင်ပမှ ဆွဲဝယ်မည့်သူ မရှိသောကြောင့် အစိုးရ သိမ်းပိုက်လိုက်ရသည်။ ပုဂ္ဂလိကလုပ်ငန်း ချုပ်ငြိမ်းသွားသည်။ ပြည်သူပိုင်ခေတ်မှာ အပြိုင်အဆိုင် လှည့်ကွက်တွေ မရှိတော့။

ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားရုပ်ရှင် ကုမ္ပဏီခွဲများလည်း ရုပ်သိမ်းသွားကြသည်။

ရုပ်ရှင်ရုံပိုင် ကုလားသူဌေးများနှင့် ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားရုပ်ရှင်ကုမ္ပဏီခွဲများက ပူးပေါင်း၍ ဇာတ်ကားငှားခ စာရင်းပိုပြပြီး နိုင်ငံခြားငွေလိမ်ထုတ်သည့် အကြံအဖန် လုပ်ရပ်ကြီးလည်း ဘွားပေါ်သလို ပေါ်လာသည်။

အမြတ်ခွန် ပေးဆောင်ဖို့ကျတော့ အရှုံးစာရင်းပြသည်။ နိုင်ငံခြားသုံးငွေနှင့် ဝယ်ယူတင်သွင်းသည့် လုပ်ငန်းကို အစိုးရအဖွဲ့အစည်းက ချုပ်ကိုင်လိုက်သည်။

နိုင်ငံခြား ရုပ်ရှင်ဇာတ်ကားများကို နိုင်ငံခြားကားတင်သွင်းရေး အေဂျင်စီမှ တိုက်ရိုက်မှာယူတင်သွင်းပြီး ပြည်သူပိုင်ရုံများတွင် ပြသခဲ့သည်။

ထိုသို့ စနစ်ပြောင်းလဲ လုပ်ဆောင်လိုက်သောကြောင့် နိုင်ငံတော်အစိုးရမှာ နိုင်ငံခြားငွေများကို လိမ်လည်၍ ပြင်ပသို့ထုတ်ယူသည့် အကြံအဖန်ကိစ္စကြီးကို ဟန့်တားလိုက်နိုင်သည်။ တင်သွင်းသည့် ရုပ်ရှင်ကား ဈေးနှုန်းမှန်ရသောကြောင့် နိုင်ငံခြားငွေ သက်သာသည်။

နိုင်ငံခြား ရုပ်ရှင်ကားများကို ပုံးဗောလအော မသွင်းတော့ဘဲ ဝင်ငွေကောင်း၍ စံချိန်မီသည့် ဇာတ်ကားများကိုသာ စိစိစစ်စစ်တင်သွင်းခဲ့သည်။

ပြသသည့် အပိုင်းတွင်လည်း ကားတစ်ကား၏ ဝင်ငွေစံနှုန်း ပြည့်မီနေသမျှ နောက်ထပ် ကားသစ်မလဲဘဲ ကားဟောင်းကိုသာ ဆက်လက်ပြသသည့်စနစ် ကျင့်သုံးခဲ့သည်။

နိုင်ငံခြားငွေ (ဝါ) ရွှေနှင့် လဲဖယ်



www.burmeseclassic.com

www.burmeseclassic.com

ရသည့် ဇာတ်ကားတင်သွင်းမှုကို လျှော့ချလိုက်သည်။ ပုဂ္ဂလိကလက်ထက်က နိုင်ငံခြားကား ငှားရမ်းသည့်ဈေးနှုန်းကို ကုမ္ပဏီခွဲများနှင့် လက်ဝါးရိုက်၍ ဈေးနှုန်းပိုပြကာ နိုင်ငံတော်၏ ဘဏ္ဍာငွေများအား မတရားနည်းလမ်းများဖြင့် အကြံအဖန်လုပ်၍ နိုင်ငံခြားသို့ ခိုးထုတ်ကြသည်။

ပြည်သူပိုင်လက်ထက်တွင် ထိုသို့လုပ်၍ မရတော့။ နိုင်ငံတော်ဘဏ္ဍာငွေနစ်နာမှု လျော့နည်းသွားသည်။ ပွဲခွန်၊ အမြတ်ခွန် ကလိမ်ကျမှုများ ကင်းရှင်းသွားသည်။

ပုဂ္ဂလိကလက်ထက်ကလို ဇာတ်ကားတွေကို အကန့်အသတ်မရှိသွင်းပြီး ဇာတ်ကားတွေကို သတ်မှတ်စံနှုန်းမထားဘဲ သူ့ထက်ငါဦး လဲပြသောကြောင့် ရုပ်ရှင်ရုံတွေမှာ ကြိတ်ကြိတ်တိုး ကြည့်ကြသည်မျိုး မရှိ။ အောက်တန်းများတွင်သာ တိုးရကြိတ်ရသည်မျိုး ရှိသည်။

စတော ဒီစီ၊ အထက်တန်းများတွင်မူ အေးအေးသက်သာ ကြည့်နိုင်သည်။ ပြည်သူပိုင် ရုပ်ရှင်ရုံခေတ်ကျတော့ ဇာတ်ကားအလဲ ကျဲသလို၊ လဲပြီးဇာတ်ကားတစ်ကားကို အနိမ့်ဆုံး နှစ်ပတ်ပြသည်။

ဝင်ငွေစံချိန်မီနေလျှင် လနှင့်ချီ၍ ပြသည်။ ဆယ်ပတ်၊ ဆယ့်နှစ်ပတ် ပြရသည့်ကားများပင် ရှိလာသည်။

ပုဂ္ဂလိက လက်ထက်က ပွဲခွန်တော်နှင့် အမြတ်ခွန်ဆောင်ရသည့် စံနှုန်းနည်းအောင် ဝင်ငွေမှန်ကို ဖော်မပြကြ။ သူတို့ စာရင်းလုပ်ပြသည့် တစ်ပွဲချင်းဝင်ငွေမှာ အနည်းဆုံး သုံးပုံတစ်ပုံ၊ အများဆုံး တစ်ဝက်ခန့် လျှော့ပြကြသည်။

ပွဲစဉ်အလိုက် စစ်ဆေးရန် တာဝန်ရှိသူများအား ဘောင်းဘီအိတ်ထဲ ထည့်ငွေဖြင့် အကြံအဖန်စာရင်းဇယား ပြကြသည်။

ရုပ်ရှင်ရုံများအား ပြည်သူပိုင်သိမ်းသည့်အခါ ပိုင်ရှင်လက်ထက် ဝန်ထမ်းအားလုံးကို မူလရာထူးအတိုင်း အလုပ်ပြန်လည်ခန့်ထားခဲ့ရာ ပိုင်ရှင်ခန့် မန်နေဂျာဟောင်းများလည်း ပါဝင်သည်။ သူတို့က ပိုင်ရှင်လက်ထက်တုန်းက သူတို့ကိုယ်တိုင် အကြံအဖန်အလှည့်အပတ်လုပ်ခဲ့ရပုံများကို စကားစပ်မိတိုင်း ပြန်လည်ပြောပြကြသည်။

သူတို့ အပြောအရ ဆိုရပါမူ ဝင်ငွေတစ်ထောင်ကို လေးရာထက်ပိုမပြ။ ကျန်ခြောက်ရာ စာရင်းပျောက်ဝင်ငွေ။ ပွဲခွန်တော်အပေးရ လျော့သွားသလို အမြတ်ခွန်သက်သာသည်။

ပြည်သူပိုင်ခေတ်မှာ ဒီလိုစာရင်းပျောက်လုပ်စရာမလို။ လုပ်၍လည်း မရ။ သတ်မှတ်ဝင်ငွေ စံနှုန်းအမြဲမီနေသောကြောင့် မကြာခဏ ဇာတ်သစ်မလဲ။ အဲဒီတော့ ဇာတ်ကားသစ်လဲသည့်ရုံမှာ ရုပ်ရှင်ကြည့်ပရိသတ်ကြီး ကြိတ်ကြိတ်တိုး ဖြစ်လာသည်။

သမ္မတနှင့် ပပဝင်းရုံမှာ ပထမတန်းစား တန်းဝင်ရုံနှစ်ရုံ။ ဇာတ်ကားကောင်းကြီးများကို အဲဒီနှစ်ရုံမှာ ဦးစားပေး ပြသသည်။ သမ္မတ၊ ဒါမှမဟုတ် ပပဝင်းမှာ ကားလဲပြီဆိုရင် ပရိသတ်မှာ ဝက်ဝက်ကွဲဟု ဆိုရလောက်အောင် များသည်။

ထိန်းသိမ်းရန် တာ:ဝ ... ည့် ရဲများလည်း မတတ်နိုင်။ ထိုနှစ်ရုံမှာလည်း နှစ်ရုံတစ်ပြိုင်တည်း ကားလဲရိုးထုံးစံမရှိ။ ပရိသတ် အလွန်အကျုံများမည့် ကားမျိုးကိုသာ နှစ်ရုံတစ်ပြိုင်တည်း ပြသရိုးထုံးစံ ရှိသည်။

တကယ် ပရိသတ်အကြိုက် (ဝဝရ)လိုကားမျိုးဆိုရင် နှစ်ရုံပြလည်း ပရိသတ်ကတော့ ကြိတ်ကြိတ်တိုးပါပဲ။

ရုံနှစ်ရုံရှေ့မှာ တာစူနေသည့် လူအုပ်ကြီးမှာ မြင်မကောင်း ရှုမကောင်း ရှိစမြဲ။ အောက်တန်းနှစ်တန်းမှာ တန်းစီနေကြသော လူတန်းကြီးမှာ ရုံထဲသို့ ရောက်သွားကြပြီ။

လက်မှတ်လည်း ကုန်ပြီ။ သို့တစေ နောက်တစ်ပွဲအတွက် တန်းစီနေကြသူများမှာ လျော့မသွား။ နောက်တစ်ပွဲစာဝင်ရမည့် လူအရေအတွက်မက ရှိနေသည်။

ထိုစဉ်အချိန်က ရုပ်ရှင်ရုံများနှင့် ပွဲကြည့်ပရိသတ်အခြေအနေမှာ ဤသို့ပင် ရှိခဲ့သည်။

ကားသစ်လဲသည့် ရုံများတွင် စနေ၊ တနင်္ဂနွေလို ရုံးပိတ်၊ ဈေးပိတ် အားရက်များတွင်သာမက ကြားရက်များတွင်ပါ ပရိသတ်အားလျော့မသွား။

ဤသို့သော အခြေအနေ အနေအထားကြောင့် ဘယ်သွားနေသလဲ မောင်ရေခဲတို့ ပေါ်လာရသည်။

အချိန်အခါ အခြေအနေအရ ပေါ်လာသည့် အခွင့်အလမ်းကို မြင်တတ်သူ၊ အကွက်ဖော်တတ်သူ၊ လမ်းကြောင်းထွင်တတ်သူမှာ ကိုရေခဲ။

ထိုစဉ်ကာလ ကိုရေခဲနေတာ သမ္မတရုံနှင့် မနီးမဝေး ဖ. ဆ. ပ. လ ရပ်ကွက်မှာ။



www.burmeseclassic.com

www.burmeseclassic.com

– ကိုး –

ရပ်ကွက်ထဲမှာ လူစွာကလေး။

နေရာတကာမှာ ဆတ်ဆတ်ဆတ်ဆတ် ပါတတ်သလို မိုက်သွေးကြွချင်သည့် ဉာဉ်လေးလည်း ရှိသည်။

လူမိုက်မဟုတ်ပေမယ့် အပေါင်းအသင်းတွေကြားထဲမှာတော့ ခေါင်းတစ်လုံးပိုမြင့်သူ ဖြစ်နေသည်။

အလုပ်အကိုင် မည်မည်ရရ မရှိပေမယ့် အပေါင်းအသင်းဆုံသောကြောင့် ငွေရှာလွယ်သည်။ စားဝတ်နေရေး အခက်အခဲမရှိ ပြေလည်သည်။ လက်ထဲမှာ အသုံးမပြတ်။

သည်သို့ နေခဲ့ရာမှ ...

၁၉၅၂ ခု၊ တိုင်းနှင့်ပြည်နယ် ဘောလုံးပွဲ စတင်ကျင်းပသည်။ အောင်ဆန်းဘောလုံးကွင်း ဝင်ပေါက်စောင့်သူများမှာ ဖ. ဆ. ပ. လ ရပ်ကွက်သားတွေ များသည်။

မောင်ရေခဲတို့ ဘယ်အတန်းက ဝင်မလဲ .. ဖရီး။ ထိုစဉ်က ဘောလုံးပွဲ ဝင်ကြေးမှာ မများ။ ငါးမူးလား၊ တစ်ကျပ်လားတော့ ကောင်းကောင်းမမှတ်မိ။ အရှေ့ဘက် ပွဲကြည့်စင်နှင့် တောင်ဘက်တန်း ပွဲကြည့်စင် မရှိသေး။

ငါးမူး၊ တစ်ကျပ်၊ နှစ်ကျပ် ဆိုပေမယ့် နှစ်ကျပ်တန်းမှာ ပိုက်ဆံပေးကြည့်သူ နည်းသည်။ မေတ္တာလက်မှတ်သမားနှင့် အထူးတန်း ဂိတ်စောင့်များနှင့် အကြောင်းအပေါင်းသင့်သူ ဖရီးသမားက ထက်ဝက်ခန့်ရှိသည်။

ငွေနှစ်ကျပ်ပေးပြီး ကြည့်သူက ထက်ဝက်ခန့်ရှိသည်။

ထိုစဉ်က ပထမတန်းပွဲများမှာ ယခုခေတ် လက်ရွေးစင်များ ကန်သတ်ပွဲထက် ကြည့်ကောင်းသောကြောင့် ဘောလုံးဝါသနာအိုး ပုံမှန်ပရိသတ်များသည်။

အရှေ့ဘက် ပွဲကြည့်စင်နေရာတွင် အဝေးကွင်းရှိသည်။ အဝေးကွင်းမှာလည်း ဒုတိယတန်း ဘောလုံးပွဲများ နေ့စဉ်ရှိသည်။

ပထမတန်းနှင့် ဒုတိယတန်း ပွဲများမှာ ဘေးချင်းယှဉ်လျက်ရှိသည့် ကွင်းနှစ်ကွင်းတွင် တစ်ပြိုင်တည်း ကန်ကြသည်။

ပထမတန်းပွဲ မကောင်းလျှင်လည်း အကြောင်းမဟုတ်။ ဒုတိယတန်းပွဲ ကန်နေသည့် ကွင်းဘက်သို့ လှမ်းကြည့်လို့ရသည်။ တိုင်းနှင့် ပြည်နယ်ပွဲများ စတင်ကျင်းပစဉ်က ပြိုင်ပွဲစီစဉ်သူများသည်ပင် ပွဲကြည့်ပရိသတ်များလိမ့်မည်ဟု မထင်မှတ်ခဲ့။

ပြိုင်ပွဲကျင်းပသောအခါ အစပိုင်းတွင် ပရိသတ်အတော်အသင့် ရှိသော်လည်း ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်ပွဲများတွင် ကွင်းလုံးပြည့်မျှသော ပရိသတ်ကြီး ကြည့်ရှုအားပေးကြသည်။

ကိုရေခဲက သူ့အပေါင်းအဖော်များနှင့် စီးကရက်များနှင့် ဆေးပေါ့လိပ်၊ မီးခြစ် စသည်များကို လွယ်အိတ်နှင့်ထည့်၍ ရောင်းချခဲ့ရာ အတော်လေး အလုပ်ဖြစ်ခဲ့သည်။

နောက်နှစ်များတွင် ဒေသစွဲနှင့် ပရိသတ်များ ပိုမိုများပြားလာသောကြောင့် ဖိုင်နယ်ပွဲများတွင် ကွင်းလျှံထွက်သည်အထိ ပွဲကြည့်ပရိသတ်များခဲ့သည်။

ခုံနံပါတ်နှင့်ကြည့်ရသည် အထူးတန်းလက်မှတ် ဈေးကွက်ဝင်လာသည်။ ချက်ဆို နားခွက်ကမီးတောက်သည့် ကိုရေခဲက ဒီအကွက်ကို ဘယ်လက်လွှတ်ခံလိမ့်မှာပ။ ဘယ်သူမှမမြင်တတ်သည့် အကွက်ကို သူကမြင်တတ်သည်။

အကွက်ကို မြင်သည်နှင့် ရမည့် လမ်းကြောင်းကို သူ့ခေါင်းထဲမှာ ပုံဖော်ပြီးသား ဖြစ်သွားရသည်။

ရုပ်ရှင်လက်မှတ် မှောင်ခိုလုပ်ငန်းနှင့် မတွဲစပ်မီကတည်းက ဘောလုံးပွဲ လက်မှတ်မှောင်ခိုလုပ်ငန်းနှင့် တွဲစပ်ခဲ့သည်။

လုပ်ရင်းကိုင်ရင်းမှ လာဘ်မြင်လာသည်။ နောက်တော့ နိုင်ငံခြား ဘောပွဲလက်မှတ်ကိုပါ ကိုင်ခဲ့သည်။

ပြည်နယ်နှင့်တိုင်းပွဲများမှာ တစ်နှစ်ထက်တစ်နှစ် ပွဲကြည့်ပရိသတ် အင်အား တိုးသထက် တိုးလာသည့်အပြင်၊ ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်ပွဲများတွင် ဒေသခံများမှာ ဘောလုံးပွဲကြည့်ရန်အတွက် ကုန်းတစ်တန်၊ ရေတစ်တန် ခရီးဆန့်၍ ရန်ကုန်သို့ စုန်ကြဆန်ကြရှိလာသောကြောင့် အထူးတန်းနေရာကောင်း လက်မှတ်များမှာ ကိုင်ထားနိုင်ရန် ခေါ်သလောက် ဈေးရသည်။

ထိုစဉ်က သူနှင့်တွဲ၍ လုပ်ကိုင်နေကြသူများမှာ လက်မှတ်တစ်စောင်ကို တစ်ဆယ့်ငါးကျပ်၊ နှစ်ဆယ်မြတ်လျှင် ရောင်းမည်တကဲကဲဖြင့် သူ့အားနားပူနားဆာ လုပ်ကြသည်။

သူက ဆူလွယ်နပ်လွယ် သွေးနည်းသမား မဟုတ်။ ခေါင်းအေးသည်။ သွေးရဲသည်။ အတွက်ကောင်းသလို အကွက်ကောင်းကိုလည်း အမိအရ ကိုင်တတ်သည်။

အထူးတန်းလက်မှတ် တစ်စောင်၏ ဈေးရင်းမှာ ငါးကျပ်၊ သူက ငါး

www.burmeseclassic.com

ကျပ်တန်းလက်မှတ်ကို လက်ဝါးရိုက်ထားသူအတွင်းလူထံမှ ဆယ်စောင်ရှစ်ဆယ်ဈေးပေးပြီး ဝယ်ယူသည်။

ဆယ်စောင်ပြန်ရောင်း၍ ရသည့်ငွေမှာ အနည်းဆုံးသုံးရာ။ အကွက်မိသွားလျှင် လေးရာ၊ လေးရာ့ငါးဆယ်အထိပင် ရသည်။

"ကျွန်တော် ရှင်းထားတာ ရှစ်ဆယ်ပဲရှိတယ်။ ကွင်းထဲမှာ ဘောလုံးပွဲကန်နေတာ ဆယ်မိနစ်လောက် ရှိပါက ဘယ်လိုရောင်းရောင်း အရင်းအတိုင်း အချိန်မရွေးရတယ်။ ကဲ ... ကျွန်တော် ဘာရှုံးမလဲ။ အပိုကြေးပေးရတဲ့သုံးဆယ်ပဲ ရှုံးမှာပေါ့။ ဒါအကြောင်းမှ မဟုတ်ဘဲ။ ဒီနေ့ရှုံးရင် နက်ဖြန်မြတ်မယ်။ ဒီနေ့ရှုံးသွားတဲ့ ငွေသုံးဆယ်ကို နောက်တစ်နေ့ လက်မှတ်တစ်စောင်ပြန်ရောင်းလိုက်ရုံနဲ့ ကျေတယ်။ ကျွန်တော်က အဲဒီလို သွေးရဲတယ်။ ရုပ်ရှင်လက်မှတ် လုပ်တော့လည်း ဒီလိုသွေးရဲရဲနဲ့ လုပ်ခဲ့တာပဲ။ ရုပ်ရှင်လက်မှတ်လုပ်တုန်းကဆို တပည့်တွေက အခြေအနေ သိပ်မကောင်းဘူး။ ဈေးလျှော့ရမလားလို့လာမေးရင် ကျွန်တော်ခေါင်းခါလိုက်တာပဲ။ ရုပ်ရှင်လာကြည့်တဲ့ ငနဲတွေက အချိန်တန်ရင် ဒီကောင်တွေဈေးလျှော့ရောင်းတာပဲဆိုတာမျိုး အထင်မခံဘူး။ တစ်ခါတလေ လျှော့မလားလို့ စောင့်နေတဲ့ ငနဲသားတွေရှေ့မှာ လက်မှတ်တွေကို မီးရှို့ပြလိုက်တယ်လေ။ သူတို့ထင်သလို မဖြစ်ဘူးဆိုတာမျိုး လုပ်ပြလိုက်တာပါ"

သူက အဲဒီလိုပြောသည်။

သူ့အတွေးနှင့် သူ့သွေးမျိုးက သေမြေကြီး ရှင်ရွှေထီးဆိုသည်မျိုး။

ထိုစဉ်ကာလက ချစ်ကြည်ရေးကစားရန် နိုင်ငံခြားဘောလုံးအသင်းတွေ မကြာခဏလာသလို၊ လေးနိုင်ငံဘောလုံးပွဲ စသည့် ပွဲကြီးပွဲကောင်းများလည်း အောင်ဆန်းကွင်းမှာကစားခဲ့သည်။

လက်မှတ်တွေ အရောင်းသွက်သလို ဈေးကောင်းလည်း မိသည်။ ငွေရှင်လာသူ မောင်ရေခဲလည်း မျက်နှာပွင့်လာသည်။ ငြိစရာ၊ တွဲစရာ၊ ချိတ်စရာလေးတွေနှင့် ငြိတွယ်ချိတ်ခဲ့သည်။

နဂိုကတည်းက မိန်းကလေးတို့၏ အထာသဘောကို ကျေညက်ပြီးသားမို့ တွဲပေမယ့် မငြိအောင်၊ မချိတ်အောင် အလှည့်အပတ်၊ အရှောင်အတိမ်း ကျွမ်းသည်။

မချောဆယ်ယောက် ကိုယ်တစ်ယောက် မောင်ရေခဲမှာ မညိုနှင့် ငြိသွား၊ ချိတ်သွားသည်။ ထာဝရ အတွဲလမ်းကြောင်းပေါ်သို့ ရောက်သွားသည်။

မညိုက အချောအလှကြီးမဟုတ်စေကာမူ ယောကျ်ားတစ်ယောက်၏ နှလုံးသားကို ကိုင်လှုပ်နိုင်စွမ်းသည့် ဆွဲဆောင်မှုအား ပြည့်ထင်သည်။

မညို၏ ညိုရှိသော အသားအရေမှာ မခြောက်မသွေ့ ဝင်းပစိုပြည်သည်။ အပြုံးလှသည်။ စကားတတ်သည်။ အပြောလည်သည်။ ခရာတာတာ ပလီပလာစကား အထာပေးကျွမ်းသည်။ ယောကျ်ားတို့၏ အညာသဘောကို နောကျေသည်။

အပွဲပွဲနွှဲခဲ့သည့် မောင်ရေခဲသည် တစ်ပွဲမှာတော့ အလဲထိုး ခံလိုက်ရသည်။ တကယ်တော့ သူကလည်း မညိုကို ချစ်သည်။

မညိုဆိုသည့် အခေါ်အဝေါ်လေးကို သူ့နှုတ်ဖျားက မချခဲ့။ မညိုနှင့်ကျမှ မောင်ရေခဲလည်း ခြေငြိမ်သွားသည်။ အပွေအလိမ် ရပ်သွားသည်။

မညိုက ရတာတွေကို သိမ်းထုပ်သည်။ အသုံးနှင့် အဖြုန်းလိုင်း ပူးနေသည့် မောင်ရေခဲကို မညိုက လိုင်းခွဲပေးလိုက်သည်။

ဘယ်ဟာက အသုံး၊ ဘယ်ဟာက အဖြုန်းဆိုသည်ကို မောင်ရေခဲ နားဝင်အောင်ပြောပြီး အသုံးကို မတားပေမယ့် အဖြုန်းကိစ္စတွေကို ရပ်တန့်စေလိုက်သည်။

ပလက်ဖောင်း မင်းသားလေးကို အိုးနှင့်အိမ်နှင့် တည်တည်တံ့တံ့ ရှိလာအောင် မညိုက မိန်းမတို့ အတတ်ပညာမျိုးစုံဖြင့် အလှည့်အပြောင်း လုပ်ပေးခဲ့သည်။

အိမ်ထောင်သည် ဘဝ၏ အစသည် ပျော်ရွှင်ချမ်းမြေ့ရိပ် ထင်စမြဲရှိ၏။ ခဏနှင့် ထာဝရဆိုသည်မှာမူ ကာယကံရှင်တို့အပေါ်တွင် တည်မှီသည်။ မောင်ရေခဲ မညိုအပေါ်ထားသည့် ကတိစကားတွေ တည်ခဲ့သည်မှာ ရုပ်ရှင်လက်မှတ်မှောင်ခိုရာဇာ မဖြစ်ခင် အထိသာ။

၁၉၆၄ ခုနှစ်၊ ရုပ်ရှင်ရုံများအား ပြည်သူပိုင်သိမ်းဆည်းလိုက်သည်။ နိုင်ငံခြားရုပ်ရှင်ကား တင်သွင်းရေးအေဂျင်စီကို ဖွဲ့စည်းပြီး နိုင်ငံခြားရုပ်ရှင် တင်သွင်း ပြသရေးကို ချုပ်ကိုင်လိုက်သည်။ သမ္မတရုံနှင့် ပပဝင်းရုံမှာ ဇာတ်ကားကောင်းတွေချည်း ပြသသည်။

ပြသထားတိုင်း လူတိုးသည်။ တန်းစီပြီး လက်မှတ်ဝယ်လို့ ရပေမယ့် အနည်းဆုံး တစ်နာရီနီးပါးလောက်စီရသည်။ အဲဒီအစဦးပိုင်းမှာ တကယ်



www.burmeseclassic.com

www.burmeseclassic.com

ရပ်ရှင်ကြည့်မည့်သူတွေသာ တန်းစီကြသည်။

တန်းစီရသည့်ဒုက္ခ ရှိပေမယ့် လက်မှတ်ရဖို့ကတော့ သေချာသည်။ လက်မှတ်ရောင်းသူများကလည်း သူတို့ရောင်းရမည့် လက်မှတ်အရေအတွက်ကို အပြည့်အဝ ရောင်းချပေးကြ၏။

ဘေးထွက်လက်မှတ် မရှိသေးသလို ဘလက်မတ်ကတ်လည်း မရှိသေး။ ပိုက်မတ်ကတ်တော့ ရှိနေပြီ။ ဒါပေသိ စာရွက်အဖြူတွေ တစ်ထပ်ကြီးနှင့်လာသည့် ပိုက်မတ်ကတ်မျိုးတော့ မဟုတ်သေး။

မန်နေဂျာကြီးနှင့်သိသည့် အပေါင်းအသင်း မိတ်ဆွေတချို့တလေနှင့် ရုံးဝန်ထမ်းများ၏ အပေါင်းအသင်းမိတ်ဆွေ တချို့တလေကို ဝယ်ယူပေးရသလောက်ပဲ ရှိသေးသည်။

မြန်မာရုပ်ရှင်ကြည့် ပရိသတ်ထဲမှာက လူအမျိုးမျိုး စိတ်အထွေထွေ သမားတွေပါကြသည်။ ဘယ်လောက်ပဲ တန်းစီရ တန်းစီရ တန်းစီရသည်ကို အကြောင်းဟု သဘောမမူသူတွေပါသည်။ တန်းစီရသည်ကို အကြောင်းသိချင်သူတွေလည်း ပါသည်။

သူတို့က တန်းစီပြီး လက်မှတ်ဝယ်ရသည်ကို စိတ်မရှည်။ အချိန်ကုန်သည်။ ကိုယ့်အဆင့်အနေကို နိမ့်ကျစေသည်ဟု သဘောမူသူများက တန်းမစီချင်။ အပိုကြေးပေးပြီး လက်မှတ်ကို အလွယ်တကူ ရချင်ကြ၏။

မောင်ရေခဲတို့အတွက် အကွက်။

ပထမတော့ ကိုရေခဲက အစမ်းသဘော လုပ်ကြည့်သည်။ ခပ်ရွယ်ရွယ် ကောင်လေးတွေကို မုန့်ဖိုးနှစ်ကျပ်၊ သုံးကျပ်ပေးပြီး တန်းစီခိုင်းသည်။

ဆယ်ယောက် တန်းစီခိုင်းရင် ရုံဝင်လက်မှတ် အစောင်လေးဆယ် ရသည်။ ငါးကျပ်တန်း အစောင်လေးဆယ်အတွက် အပိုကြေးအပါအဝင် အရင်းစိုက်ရသည့်ငွေမှာ နှစ်ရာ့သုံးဆယ်။ ငါးကျပ်တန်းကို သုံးကျပ်အမြတ်တင်၍ ရောင်းရသည့် အမြတ်ငွေမှာ သုံးရာ့နှစ်ဆယ်။ အသားတင်အမြတ်ငွေ ကိုးဆယ်။

အတူနေ သူငယ်ချင်းတစ်ယောက်နှင့်တွဲ၍ ကိုယ်တိုင်ရောင်းသည်။ စလုပ်စက လူကြည့်များသည့် ခြောက်နာရီခွဲပွဲတစ်ပွဲသာ စကိုင်သည်။

လက်ဘက်ရည်တစ်ခွက် ငါးမူး။ ထမင်းအဝစား နှစ်ကျပ်။ ငွေတစ်ဆယ်နှင့် အကျီလုံချည် အသစ်တစ်စုံရသည်။ လက်မှတ်အစောင် လေးဆယ်မှာ တစ်နာရီကြာအောင်ပင် မရောင်းရ။ အောက်တန်းစာရေး တစ်ယောက်၏ တစ်လ လစာမှာ တစ်ရာနှစ်ဆယ့်ငါးကျပ် ခုနစ်ဆယ့်ငါးပြား။

သူက တစ်ပွဲပဲကိုင်သည်။ တစ်နေ့ဝင်ငွေ ခုနစ်ဆယ်အထက်မှာ ရှိသည်။ အဲဒီတုန်းက ပေးရကမ်းရ ဝေမျှရသည့် ခေါင်းမြီးခြုံဘေးထွက်ငွေ မရှိသေး။ သပိတ်ဝင်၊ အိတ်ဝင် အသားတင် ရသည်။

တစ်ပွဲကိုင်ရာမှ တစ်နေ့နှစ်ပွဲ စမ်းကိုင်ကြည့်သည်။ လူကြည့်များသည့် ဆယ်နာရီခွဲပွဲကို စမ်းကြည့်သည်။ ခြောက်နာရီခွဲ ပွဲလောက် အရောင်းမသွက်ပေမယ့် အရှုံးမရှိ။ ကိုယ့်အတွက် လေးငါးဆယ်တော့ ကျန်သည်။ တစ်ရက်ဝင်ငွေ တစ်ရာအထက်မှာ ရှိသည်။

သမ္မတရုံမှာပြသည့်ကား ပရိသတ်နည်းသွားချိန်တွင် ပပဝင်းကာလ်တန်မှာ ကားသစ်လဲသည်။ တံတားကျော်ပြီး အောက်ဘက်ဆင်း၍ လုပ်ကွက်အသစ်သို့ ပြောင်းရသည်။

ထိုမှ လုပ်ငန်းခွင်ကျယ်အောင် တဖြည်းဖြည်း ချဲ့ထွင်ခဲ့ရသည်။

အင်္ဂလိပ်ကားသာမဟုတ်။ မြန်မာကား၊ ကုလားကား လက်မှတ်များကိုပါ ကိုင်ခဲ့သည်။ အင်္ဂလိပ်ဇာတ်ကားတွေလောက် တွက်သားမကိုက်စေကာမူ အထိုက်အလျောက် တွက်သားကိုက်သည်။ အထူးသဖြင့် ကုလားကားတွေကိုင်ရသည်က အကျိုးအမြတ်ပိုကျန်သည်။

ပြည်သူပိုင်သိမ်းပြီးနောက် ရန်ကုန်မြို့လယ်မှာ မြန်မာကား၊ ကုလားကား၊ အင်္ဂလိပ်ကား ပြသဆဲရုံပေါင်း တစ်ဆယ့်လေးရုံရှိသည်။

အလုပ်မဖြစ်၍ ထိုင်နေရသည် ဟူ၍ ဘယ်ရှိလိမ့်မှာပ။ လုပ်ငန်းအထာကြော ကျွမ်းလာသည့် ကိုရေခဲက အကွက်သစ်ထပ်၍ ထွင်ခဲ့ပြန်သည်။

တန်းစီပြီး လက်မှတ်ယူခိုင်းရသည်မှာ ကိုယ်လိုချင်သည့်ပုံစံ ဝင်သည့်အခါ ဝင်သည်။ မဝင်သည့်အခါလည်း ရှိသည်။

ဈေးကွက်မှာ ဈေးကစားသည့် အလှည့်အပြောင်းလုပ်ဖို့မှာ ကိုယ့်လက်ထဲတွင် အပိုင်လက်မှတ်များများ ကိုင်နိုင်မှဖြစ်မည်ကို ကွက်ကျော်မြင်သူ ကိုရေခဲက ဘေးထွက်လက်မှတ် ရရှိရေးအတွက် တစ်ဆင့်တက်ခဲ့သည်။

*(ဆက်လက်ဖော်ပြပါမည်။)*

ကျော်မြသန်း

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အဖော်ကောင်းရင် ရဲအာထိလိုက်မယ်

❁ မောင်ရွှေစင်

ယခင်လမှအဆက်

သရက်ပင် အပေါ်ကိုင်းများကို ခုတ်ထစ်ဖြတ်တောက်ပြီးချိန်တွင် အငှားကားတစ်စီး မဝေဠုခြံထဲသို့ ဝင်နိုင်ရန် ခြံတံခါးဝမှ ဟွန်းတီးနေသည်ကို တွေ့ရသည်။

ဂျစ်ကားအတွင်း၌ လူရွယ်တစ်ယောက်ပါသည်။ ခရီးဝေးမှရောက်လာသူတစ်ဦး ဖြစ်နိုင်သည်။ အဝတ်အစားများထည့်သော ခရီးဆောင် နိုင်ငံခြားဖြစ် လက်ဆွဲအိတ် အပြားကလေး တစ်လုံးပါ၏။ လက်ဆွဲအိတ်ကိုင်းတွင် လေယာဉ်ပေါ်သို့ သယ်ဆောင်ခွင့်ပြုသော "လေဗယ်" တံဆိပ်လေး ကပ်ထားသည်ကိုတွေ့ရ၏။

ခြံတံခါးကို အလုပ်သမားတစ်ယောက်က သွားဖွင့်ပေးသည်။ ခြံထဲသို့ ဂျစ်ကားရောက်လာသောအခါတွင် လူရွယ်၏မျက်နှာကို ကောင်း တွေ့ရ၏။ မွန်မွန်ရည်ရည် သားသားနားနားပင်ဖြစ်သည်။ ခန္ဓာကိုယ် ထွားကျိုင်း၍ ကျားကျားယားယား ရှိသည်။ စိတ်သွက်သလို လူကလည်း ထက်ထက်မြက်မြက်ထဲက ဖြစ်နိုင်ကြောင်း ကောင်းအကဲခတ်မိသည်။

ဂျစ်ကားပေါ်က ခပ်သုတ်သုတ်ဆင်းလိုက်၏။ မဝေဠုသည် စိတ်မကောင်းခြင်းရှိသည့် အသွင်မျိုးဖြင့် လူရွယ်ကို ထွက်ကြို၏။

လူရွယ်သည် မဝေဠုကို တွေ့တွေ့ချင်း မျက်နှာထား ခပ်မှန်မှန်ပင် စကားတခွန်း ပြောလိုက်၏။ မဝေဠုက ခေါင်းခါပြသည်။ ကောင်းသည် သူတွေ့မြင်ရသော မြင်ကွင်းများကိုကြည့်လျက် အတော်ကလေး စိတ်ဝင်စားသွားသည်။

ကောင်း မြက်ရှင်း သစ်ပင်ခုတ်ရန် တာဝန်ယူလိုက်ရသော သီဂီခြံမှ မိန်းကလေးတစ်ဦးသည် မကြာခင် အိမ်ထဲမှပြေးထွက်လာ၏။ မဝေဠု၏ ခြံဖက်ကို ကြည့်ပြီးနောက် သူ၏ အိမ်ထဲသို့ လှမ်းအော်ပြောလိုက်သည်။

"ကိုကိုရေ အစ်ကိုမျိုးထွန်း ရောက်လာပြီနဲ့ တူတယ်"

ကလေးမလေး၏ အော်သံကြောင့် အိမ်ထဲမှ ကောင်းတို့နှင့် သက်တူ ရွယ်တူရှိမည့် လူရွယ်တစ်ယောက် ပြေးထွက်လာပြီး ခြံထဲသို့ လှမ်းကြည့်သည်။

"ဟေ့ . . . မျိုးထွန်း"

တဖက်ခြံမှ လူရွယ်ကို လှမ်းအော်ပြီးနှုတ်ဆက်၏။ တဖက်ခြံမှ မျိုးထွန်းဆိုသော လူရွယ်သည် မဝေဠုနှင့် စကားပြောနေရာမှ စကားဆက်ဖြတ်ကာ သီဂီခြံဖက်ရှိ လူရွယ်ခေါ်လိုက်သည်နှင့် ခြံစည်းရိုးအနီးသို့ ကပ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

"ကိုသက် . . .နေကောင်းတယ်နော် . . ."

မျိုးထွန်းက သီဂီခြံမှ လူရွယ်ကို တလေးတစား နှုတ်ဆက်၏။

"အန်ကယ့်အကြောင်း ကြားရတာကွာ ဒို့တောင်မယုံချင်ဘူး"

"ဒါတော့ကိုသက်ရယ်၊ ဖေဖေ့ကသိုလ်ကံပေါ့လေ၊ ဒါပေမဲ့ ကျွန်တော်တော့ အမှုမှန်ပေါ်အောင် စုံစမ်းမှာဘဲဗျာ၊ ဖေဖေကို ရက်ရက်စက်စက်ကြံစည်တဲ့သူကို ဖမ်းမိမှ အောင်ဘန်းကို ကျွန်တော်ပြန်မယ် ကိုသက်"

ကောင်းသည် မျိုးထွန်းဆိုသူ ပြောဆိုနေသော စကားများကို ကြားရခြင်းကြောင့် မျိုးထွန်းမှာ ဦးသိုက်ထွန်း၏ သားဖြစ်ကြောင်း သိခဲ့ရ၏။

"အေးကွာ၊ ဒို့လဲ အမှုမှန်အမြန်ဆုံးပေါ်ပါစေလို့ ဆုတောင်းပါ့မယ်၊ ကဲကဲ မင်းလဲ ခရီးပန်းလာတယ်၊ နားဦးကွာ။ ဒါနဲ့ ဟေ့ . . .မျိုးထွန်း"

ကိုသက်သည် ပြောချင်ရာကို ပြောပြီးမှ မျိုးထွန်း အနီးသို့တိုးကပ်ကာ လက်ယပ်ခေါ်လိုက်၏။ မျိုးထွန်းမှာ သံသူကြီးကို လှမ်းကိုင်ပြီး ကိုသက် အနီးသို့ ကပ်လာ၏။ ကိုသက်က အသံသဲ့သဲ့ဖြင့် . . .

"မင်း . . .မဝေဠုကိုလဲ မျက်ခြေပြတ်မထားနဲ့နော်၊ ငါတော့ သူ့ကိုလဲ သိပ်မယုံဘူး"

ကိုသက်စကားကိုကြားသောအခါ မျိုးထွန်းမျက်နှာ တချက်ပျက်သွား၏။ မဝေဠုအား မယုံဘူးဟုပြောလိုက်သည့် ကိုသက်စကားကို ကျေနပ်ပုံမရ။

"အင်းလေ···ကျွန်တော် လေ့လာပါ့မယ်"

မျိုးထွန်းသည် မဝေဠုနှင့် ပတ်သက်၍ သိပ်စိတ်ထက်သန်ပုံမရချေ။ အထူးသဖြင့် သူ၏အဖေ သေဆုံးခြင်းနှင့် ပတ်သက်၍ မဝေဠုအပေါ်တွင် သံသယရှိပုံမရ။ ရောရဲရဲမျှသာပြောပြီး ကိုသက်အနီးမှ ပြန်လှည့်ထွက်သွားသည်။

ကောင်းသည် သူရှိသော ယနေ့မြင်ကွင်းများ၊ ဖြစ်ရပ်များ၊ စကားများအတွက် သူ ပင်ပင်ပန်းပန်း ကြိုးစားထားရကျိုးနပ်ပြီဟု တွေးကာ တစ်ယောက်တည်း ပြုံးလိုက်မိသည်။ ခုတ်စရာရှိသော အကိုင်းတကိုင်းကို ခုတ်ဖြတ်ပစ်ပြီး သစ်ပင်ပေါ်မှ ဆင်းလာခဲ့၏။

"အစ်ကိုရေ···ဒီနေ့တော့ အပေါ်ကိုင်းတွေ ရှင်းပြီးပြီဗျာ။ ကျန်တာ နက်ဖြန်မှ ဆက်ရှင်းတော့မယ်၊ နေလဲ စောင်းတော့မယ်၊ ကျွန်တော်ပြန်မယ်နော်"

ကောင်း သည် သစ်ပင်ပေါ်မှ ဖက်တွယ်ဆင်းလာရင်း ပြောလိုက်၏။ ကိုသက်သည် သစ်ပင်ပေါ်ကို တချက်မျှမော့ကြည့်လိုက်၏။

"အေးကွာ···အေး။ တဖြည်းဖြည်းလုပ်ပေါ့။ တစ်ယောက်ထဲဆိုတော့ ပင်ပန်းတာပေါ့ကွာ။ မင်း အဖော်လေးဘာလေး တစ်ယောက်ယောက် ခေါ်ခဲ့ပေါ့ကွာ"

"ဟုတ်ကဲ့ အစ်ကို။ လူရှာပါတယ်။ မအားသေးလို့ပါ။ နောက်တစ်ရက်နှစ်ရက်ဆိုရင်တော့ အဖော်ရပါပြီ"

ကောင်းသည် သူ၏ ပစ္စည်းများကို သိမ်းဆည်းပြီးနောက် ခြေလက်တို့ ဆေးကြောကာ သီဂီခြံထဲမှ ထွက်လာခဲ့၏။

ယနေ့အဖို့တော့ သူ့အနေနှင့် စုံစမ်းရသမျှကို အမြတ်ထုတ်မည်ဟု တွက်လိုက်၏။

ညဘက်တွင် စုံစမ်းစရာ ရှိသေး၏။

ဦးသိုက်ထွန်း သွားတတ်သော "မင်္ဂလာ . . .ကလပ်"

ဦးသိုက်ထွန်းသည် "မင်္ဂလာကလပ်" ၏ ရာသက်ပန် အသင်းသားတစ်ဦးဖြစ်ရာ ဘယ်လိုနည်းနှင့်ဖြစ်ဖြစ် ဦးသိုက်ထွန်းနှင့် ပတ်သက်၍တစ်ယောက်မဟုတ်၊ တစ်ယောက်ကတော့ စကားပြောကြမည်။ ထိုသို့ ပြောဆိုကြသောစကားများထဲမှ မိမိတွေးထားသည့်အတိုင်း မဝေဠု ပါမပါ သိရမည်။ မဝေဠုပါနိုင်သော ခိုင်လုံသောအထောက်အထားများရလျှင် ဘယ်လိုနည်းနှင့်ဖြစ်ဖြစ် ကောင်း မဝေဠုထံမှ ဝေစုခွဲရပေလိမ့်မည်။

ကောင်း အိမ်သို့ ပြန်လာခဲ့သည်။

အိမ်တွင် အဖေနှင့်အတူ ဟာသီ အရက်သောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

အဖေသည် ကောင်းကို မြင်သော အခါ ပြုံးပြသည်။

"ဘယ်လိုလဲ လူလေး . . . အဆင် ပြေရဲ့လား"

ကောင်းက ပါးစပ်မှမဖြေ ခေါင်း သာဆတ်ကနဲ ညိတ်ပြလိုက်၏။ ဟသ်ာ ကမူ ကောင်းကို ပြုံးကြည့်ရင်းမှအရက် ခွက်ထဲမှ အရက်ကို တငုံ ငုံသောက် လိုက်၏။

"မင်း . . . အဆင်ပြေအောင် ငါ ဘာကူညီရမလဲ ကောင်း"

"ခု မလိုသေးဘူး၊ ငါလိုတဲ့အချိန် မင်းကို ပြောမယ်"

ကောင်းက စကားကို ခပ်ပြတ်ပြတ် ပြောပြီးနောက် ရေမိုးချိုးရန်အတွက် ပြင်ဆင်နေသည်။ ဟသ်ာကမူ ကောင်း အား နောက်ထပ် ဘာမှ မပြောတော့။

ကောင်း ရေချိုးပြီးသွားသောအခါ အဝတ်စားများကို ထုတ်ကာ လဲလှယ် ဝတ်ဆင်လိုက်၏။

တခဏအတွင်းမှာပင် ကောင်း၏ အသွင်အပြင်သည် "မင်္ဂလာ"ကလပ်မှ အသင်းသားတစ်ဦး မဟုတ်ပါဟု မပြော နိုင်လောက်အောင်ပင် အသွင်အပြင် တို့က ခန့်ညား ထယ်ဝါလွန်းသည်။ ကောင်းသည် စောစောကပင် ကြိုတင် ပြင်ဆင်ထားပြီးသူပီပီ စကော့ချေး၌ ပရိုက်ဗိတ်တက္ကစီ မောင်းနေသူ မိမိ၏ ဘော်ဒါ အေးကြည်လေးထံမှ မင်္ဂလာ ကလပ် အသင်းသား ကဒ်ပြားကို ဝယ် ယူခဲ့ပြီးဖြစ်သည်။

အိမ်မှထွက်လာပြီးနောက် လမ်း တွင် တွေ့ရသော ဖင်မ်လီယာအငှား ကားတစ်စီးကို လှမ်းတားလိုက်သည်။ မိမိဝတ်စားဆင်ယင်ထားသော အဝတ် အစားနှင့်လိုက်အောင် ဖင်မ်လီယာ လေးတော့ စီးသွားမှဖြစ်မည်။

"မင်္ဂလာကလပ်ကို ပို့ပေးပါဗျာ"

"တက်ပါ"

ကားမောင်းသူက ကားရှေ့တံခါးကို ဖွင့်ပေး၏။ ကောင်းသည် ရှေ့ခန်းတွင် ဝင်ထိုင်ပြီးနောက် ဒူးယားတလိပ်ကို မီးညှိဖွာလိုက်ရင်း မိမိလေ့လာရမည့် ကိစ္စများကို တွေးတောနေမိသည်။

မဝေဠုသာ သိန်းနှစ်ဆယ်ကျော် သော ငွေများကို တစ်ယောက်တည်း အပိုင်ယူထားလျှင် ကောင်းသည် မဝေဠု နှင့် မိမိရသင့်ရထိုက်သော စာရင်းကို တော့ အပြတ်ရှင်းရပေလိမ့်မည်။ ဒါမှလဲ မိမိဤဘဝမှ လွတ်မည်။

ထိုသို့သာ တွေးနေရသည် မိမိ နောက်ကိုရော ရဲအဖွဲ့မှ လိုက်လံစုံစမ်း နေမည်ဆိုလျှင် စုံစမ်းနိုင်သည်။ ဘယ် လိုနည်းနှင့်ဖြစ်ဖြစ် မဝေဠုသည် မိမိ အား ကြိုးစင်သို့ တင်ပို့ရန် ဝန်လေးလိမ့် မည်မဟုတ်ချေ။

ယခုအခြေအနေသည် ကောင်း အဖို့ ကျားဆိုလဲ ဟုတ်၏။ သမင်ဆိုလဲ ဖြစ်၏။

မဝေဠုသာ ကျားအသွင် အလျှင် ဆုံးဖြတ်လိုက်ပါက မိမိသည် သမင် ငယ်ဖြစ်သွားရပေတော့မည်။ မိမိကသာ မဝေဠုထက် ပိုမိုသွက်လက်ရန် လျင်ရန် အရေးကြီးသည်။ ဒါမှ မဝေဠုသည် ကျားလက်ထဲက သမင်ဖြစ်လာမည်။

"ရောက်ပြီ . . . ဆရာ"

ကားမောင်းသူက ကားကို အရှိန် သတ်ရပ်လိုက်၏။ ကောင်းသည် ဂိတ် အဝင်အဝမှ စောင့်နေသူမြင်အောင် ငွေစက္ကူအထပ်လိုက်ကို ထုတ်ယူရင်း ကားခအတွက် တစ်ဆယ်တန်တစ်ရွက် ကိုပေးလိုက်၏။ တဆက်တည်းမှာပင်။

"ဘယ်လိုလဲ . . . ဦးကျော်ဝင်း နေ ကောင်းရဲ့လား"

နေရောင်ကာ မျက်မှန်တပ်ထား သော ကောင်းအား ဂိတ်အဝင်ဝတွင် စောင့်နေသူသည် ရုတ်တရက် မည်သူ မည်ဝါဟု မဝေခွဲနိုင်ဘဲ ပြုံးပြလိုက်၏။

ကောင်းသည် တဖက် လှဝင် ပေါက်မှ အသာပင် ခပ်ရဲရဲ ခပ်တင်း တင်း ဝင်လာခဲ့သည်။ သူ "မင်္ဂလာ ကလပ်"ကို ယခုတစ်ကြိမ်သည် ပထမ ဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်သည်။ ခပ် မှန်မှန်လျှောက်လာမိသည်တွင် ရေကူး ကန်ထဲတွင် ရေကူးနေကြသူများ၏ အသံများကိုကြားရသည်။ မိန်းကလေး အသံတွေက ပို၍များသဖြင့် မိန်းကလေး များ ရေကူးသည့်အချိန် ဖြစ်ပေလိမ့်မည် ဟု တွက်မိ၏။ ရေကူးကန်ကို မျက်နှာ မူထားသည့် စားပွဲလွတ်တစ်ခုကို ရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com

လျက် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

ကောင်း ထိုင်ပြီး၍ မကြာခင်မှာပင် စားပွဲထိုး မောင်ဇော်ရောက်လာသည်။

"အစ်ကို ဘာမှာပြီးပလဲ"

မင်္ဂလာ ကလပ်သည် ရန်ကုန်မြို့ရှိ အခြား အခြားသော ကလပ်များနှင့်မတူသည့် အချက်တစ်ချက်ရှိသည်။ ၎င်းမှာ ငွေကို ကြိုတင်၍ ကောင်တာတွင် ပေးထားရသည်။ ပြီးတော့ ကလပ်ဝင်သူ၏ အမည်ကိုလည်း ပြောပြရသည်။ သို့မဟုတ်ပါလျှင် ကလပ်ဝင်ထားသူ၏ အမည်ကိုဖော်ပြလျက် သောက်သုံးသူ၏ အမည်ကို ရေးရသည်။ ကလပ်၏ ကောင်တာ စာရေးက ကလပ်ဝင်သူ အမည်ကိုရေးလျက် သောက်သုံးသူ အမည်၏ ဘေးတွင် ညှိသည်ဟု အင်္ဂလိပ်လို ရေးထား၏။ သို့ကြောင့် မင်္ဂလာကလပ်တွင် ကလပ်ဝင်ဘယ်သူ ဘယ်ဝါလာသည်။ ၎င်းနှင့်အတူ ညှိသည့် မည်သူမည်ဝါရှိသည်ဟု ကလပ်တွင် တာဝန်ရှိသူသည် သိရှိပြီးဖြစ်၏။ တစုံတစ်ယောက်က သိလို၍ဖြစ်စေ၊ တယ်လီဖုန်းစကားပြောရန်ဖြစ်စေ ခေါ်လိုက်သည်နှင့် မည်သူသည် မည်သည့် နံပါတ်စားပွဲတွင် ရှိသည်ကို အလိုအလျောက်သိပြီးဖြစ်သည်။

"ကိုယ်...အေးကြည်လေးရဲ့ သူငယ်ချင်းပါ။ ခဏကြာရင် သူ လိုက်လာလိမ့်မယ်၊ ဖြစ်နိုင်မယ်ဆိုရင် ကိုယ့်ကို ဘီယာရောင်းပါ"

စားပွဲထိုး မောင်ဇော်မှာ စာရွက်လေးတစ်ရွက်အပေါ်တွင် ကလပ်ဝင်အသင်းသားအမည်နှင့် ညှိသည့် အမည်ကိုရေးရန်အတွက် ကောင်းရှေ့သို့ ကမ်းပေးလာ၏။ ကောင်းသည် စာရွက်ကလေးပေါ်တွင် မိမိ၏အမည်၊ အေးကြည်လေး၏ အမည်များကို ရေးလိုက်သည်။ ပြီးတော့ လက်မှတ်ထိုးပေးလိုက်၏။ အစိတ်တန်လေးရွက်ကို မောင်ဇော့်လက်ထဲသို့ တခါထဲ လှမ်းပေးလိုက်လေသည်။

မောင်ဇော်သည် ကောင်း၏ လက်ထဲမှ စာရွက်ကလေးကို ပြန်ယူပြီး ကောင်တာတွင် အပ်လိုက်၏။ မကြာမီ အချိန်ကလေး အတောအတွင်းမှာပင် စာရွက်ကလေးတစ်ရွက်နှင့် ဘီယာတစ်လုံးရောက်လာ၏။ စာရွက်ကလေးပေါ်တွင် ပေးထားသောငွေနှင့် ဘီယာပုလင်းအတွက် ကျသင့်ငွေ တစ်ဆယ်ကျပ်ကို နှုတ်ထားသည့် စာရင်းရှင်းတန်းကလေးပါရှိ၏။

ကောင်း ဘီယာကို တငုံ ငုံ၍ သောက်ရင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်မိသည်။ ရေကူးကန်ထဲသို့လည်း မျက်လုံးကို ရွေ့လျားကြည့်မိသည်။ ကောင်း လှမ်းကြည့်လိုက်စဉ်မှာပင် ရေကူးကန်ထဲသို့ မဆင်းမီ ရေပန်းအောက်သို့ဝင်လျက် ရေချိုးနေသော ရေကူးဝတ်စုံဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက်က အံ့သြစွာပင် တွေ့လိုက်ရပါသည်။

"မေကြည်ငြိမ်း"

ဟုတ်ပါသည်။ မေကြည်ငြိမ်းမှ မေကြည်ငြိမ်း အစစ်။

မနေ့က နေ့လယ်ဖက်က ရိုးရိုးယဉ်ယဉ်နှင့် မေကြည်ငြိမ်းတော့မဟုတ်။ မေကြည်ငြိမ်း၏ ခန္ဓာတခုလုံး၏ အလှအပများကို ရှင်းရှင်းလင်းလင်း မြင်တွေ့နေရသည့် ရေကူးဝတ်စုံနှင့် မေကြည်ငြိမ်းဖြစ်နေသည်။ ကောင်းသည် ယခုလိုနေရာမျိုး၌ မေကြည်ငြိမ်းကို တွေ့ရလိမ့်မည်ဟု မထင်ပါချေ။

ကောင်း ကြည့်နေစဉ်မှာပင် မေကြည်ငြိမ်းသည် ရေကူးကန်တဖက်ရှိ "ဒိုင်ဗင်ဘုတ်"ပေါ်သို့ ရောက်သွားသည်။ ပြီးတော့ ရေကူးကန်ထဲသို့ လှပရဲတင်းစွာ ထိုးဆင်းသွားပြီးတော့ ရေဆေးငါးသဖွယ် ကျွမ်းကျွမ်းကျင်ကျင် လှလှပပကြီး ကူးနေပါတော့သည်။

ကောင်းသည် မိမိတွေ့ချင်နေသည့် ဆန္ဒရှိသော မေကြည်ငြိမ်းနှင့် ထပ်မံတွေ့ဆုံရခြင်းအတွက် မင်္ဂလာကလပ်သို့ ရောက်လာခဲ့ခြင်းကို ဝမ်းသာပီတိဖြစ်နေမိသည်။

"ဘီယာတွေ ပူကုန်တော့မယ် ကောင်း"

ဘယ်အချိန်က မိမိအနီးသို့ ရောက်လာသည်မသိသော အေးကြည်လေးက ကောင်း၏ ပခုံးကို ညင်သာစွာ ပုတ်လိုက်ရင်း ပြောလိုက်သည်။ ကောင်းသည် နိုးထုပ်နိုးထည်နှင့် လူမိခံ



www.burmeseclassic.com

www.burmeseclassic.com

ရသော သူပမာ အေးကြည်လေးအား ဘာစကားမှ ပြန်မပြောနိုင်ဘဲ ပြုံးပြရင်းသာ အရှက်ဖြေလိုက်ရရှာသည်။

"ငြိမ်းကို စိတ်ဝင်စားနေသလား ကောင်း"

အေးကြည်လေး ပြောလိုက်သော စကားအသွားအလာကို ကောင်း ကြားရခြင်းအားဖြင့် မေကြည်ငြိမ်းနှင့် အေးကြည်လေးတို့ အင်မတန် ရင်းနှီးခင်မင်လိမ့်မည်ဖြစ်ကြောင်း ကောင်းတွက်မိသည်။ သို့သော် ကောင်း ဘာမှပြန်မပြောလိုက်၊ ဆက်၍သာ ပြုံးနေမိသည်။

"ကောင်း...ကိုယ့်ကို ဘာတိုက်မှာလဲ၊ ဘီယာတိုက်မှာလား၊ ဝီစကီလား"

ကောင်းသည် ပြုံးနေရာမှ ချက်ချင်းတည်သွား၏။

အေးကြည်လေး၏ စကားသည် အနာဟောင်းကို ပြန်၍ ဆွလိုက်သလို ခံစားရသည်။

"မဝေ့ရွှေက ဝီစကီသောက်တာ"

ကောင်း နားထဲ၌ မဝေ့ရွှေ၏ အသံကလေး ပြန်လည်ပဲ့တင် ရိုက်ခတ်လာ၏။

"ဝီစကီက လွဲရင် မောင်ရင်ကြိုက်တာသောက် ကုန်ချင်သလောက်ကုန်ပစေ ကြိုက်တာလဲစား"

"အင်း...ဝီစကီ ဇာတ်လမ်းကလေးရှိနေပြီနဲ့ တူတယ် ဟုတ်လား ကောင်း"

အေးကြည်လေးမှာ ကောင်း၏ ရင်ထဲက အနာကို ပြန်လည်၍ တူးဆွပေးသလို ရှိနေပြန်သည်။ ကောင်းသည် အေးကြည်လေးအား တချက်လှမ်းကြည့်လိုက်၏။ ဘာစကားမှ မပြောဘဲ ဘီယာကိုသာ တင်း ငုံသောက်လိုက်သည်။ အေးကြည်လေးမှာ လူကဲခတ် မညံ့လှပါချေ။

ကောင်း...မကြိုက်မှန်း သိသွားသောအခါ "ဝီစကီ"နှင့် ပတ်သက်၍ နောက်ထပ် ဘာတခွန်းမှ မဟတော့ချေ။ စားပွဲထိုး မောင်ဇော်ကိုသာ လှမ်းခေါ်လိုက်သည်။

"ဘီယာ တစ်လုံး၊ နို့တစ်ပွဲ၊ ကြက်သားကြော် ခြောက်ခြောက်ကလေး ပွဲဝက်ပေးကွာ"

မောင်ဇော်က မှာကြားသမျှကို နားထောင်သွားပြီး ကောင်တာတွင် မှာလိုက်သည်။

အေးကြည်လေးရော ကောင်းပါ တစ်ယောက်နှင့် တစ်ယောက်စကား မပြောဖြစ်ကြချေ။

ကောင်းသည် မေကြည်ငြိမ်းကိုသာ ငေးကြည့်နေသည်။ ပြီးတော့ အခြားစားသောက်နေကြသော စားပွဲအသီးသီးဆီသို့ မျက်လုံးရွေ့လျားကာ အကဲခတ်နေ၏။

"ဦးသိုက်ထွန်းတစ်ယောက်ရဲ့ အဖြစ်ကတော့ ကြားရတာ မယုံနိုင်စရာဘဲဗျာ"

ကောင်း၏ နားထဲသို့ ခပ်တိုးတိုးကလေး တိုးခွေဝင်လာသော စကားသံလေးတသံဖြစ်သည်။ ကောင်းသည် ဦးသိုက်ထွန်းနှင့် ပတ်သက်ပြီး မိမိသိလိုသမျှကို သိရတော့မည်ဟူသော အတွေးနှင့် အသာကလေး ငြိမ်သက်စွာ နားထောင်နေလိုက်မိသည်။

"ဒါနဲ့...သူ့ တူမဆိုတာကိုရော ရဲက ခေါ်စစ်ဆေးတာ ပြန်လွှတ်လိုက်ပြီတဲ့လား"

"လွှတ်လိုက်ပြီလေ...ဒါပေမဲ့ ရဲအဖွဲ့က သူ့ ခရီးသွားစရာရှိရင် သူတို့ရဲ့အဖွဲ့ကို အကြောင်းကြားပြီးမှ သွားဖို့နဲ့ လိုအပ်တဲ့ အချိန်တိုင်းမှာ ခေါ်ယူမေးမြန်းမယ်ဆိုတာတော့ သိရတယ်"

"ဦးသိုက်ထွန်းမှာ သားတစ်ယောက်ရှိသေးတယ်မှုတ်လား"

"အင်း...ရှိတယ်လေ မောင်မျိုးထွန်းတဲ့။ မန္တလေး စိုက်ပျိုးရေး တက္ကသိုလ်က ဘွဲ့ရပြီးသား တစ်ယောက်ပါ။ အောင်ပန်းမှာဆိုလား၊ ဟဲဟိုးမှာဆိုလား ခြံလုပ်ငန်းလုပ်နေတာ အတော့်ကို အောင်မြင်နေတယ်လို့ ကြားတာဘဲ"

"ဒါနဲ့...စကားမစပ်ဗျာ၊ တချို့က ပြောတော့ ဦးသိုက်ထွန်းရဲ့တူမဆိုတာ တူမအရင်း မဟုတ်ဖူးဆိုဘဲ သွေးတော်တော်ဝေးတယ်တဲ့။ ဦးသိုက်ထွန်းနဲ့ တောင် ဘာလိုလိုကြားမိတာဘဲ"

"ဒါတော့ဗျာ...သွေးဝေးကြတယ်ဆိုရင် ပုထုဇဉ် လူသားတွေဘဲ ဖြစ်ချင်လဲဖြစ်ကြမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ကောင်းသည် မိမိမကြားလိုသော ကြားရလိမ့်မည်ဟု မထင်သော စကားများကို ကြားလိုက်ရသောအခါ မိမိနားကိုပင် မိမိမယုံကြည်အောင် ဖြစ်သွားရလေသည်။

"ဟော့ . . . ကောင်း၊ အမြည်းလေးဘာလေး စားအုံးလေကွာ"

အေးကြည်လေးမှာ ငိုင်တိုင်တိုင်ငူတူတူကြီး ဖြစ်နေသော ကောင်းကိုကြည့်လျက် အားမလိုအားမရ ဖြစ်နေမိလေသည်။

"စားပါ့မယ်ကွာ . . . အကြောင်းတစ်ခုရှိလို့ပါ"

ကောင်းသည် စီးကရက်တစ်လိပ်ကို မီးညှိ၍ ဖွာနေမိသည်။ အေးကြည်လေးမှာ ကောင်း၏ အသွင်အပြင်ကို ကြည့်လျက် ဘာစကားမှ ထပ်မပြောတော့ဘဲ ဘီယာကို သောက်လိုက် ကြက်သားကြော်ကလေးကို ဝါးလိုက်နှင့်နေသည်။

ထိုအချိန် ကောင်းတို့၏ မလှမ်းမကမ်း စားပွဲလွတ်တစ်ခုဆီသို့ ရောကူးပြီးစီးသွားသော မေကြည်ငြိမ်းနှင့် သူငယ်ချင်းမ တစ်ဦးတို့ ရောက်လာကြသည်။ ပြီးတော့ စားပွဲတွင် ဝင်ထိုင်ကြသည်။ လိမ္မော်ရည်နှစ်လုံး မှာလိုက်သည်ကို တွေ့ရသည်။

"ဟော့ . . . ငြိမ်း . . . ခါတိုင်း စံချိန်ပဲလား"

အေးကြည်လေးမှာ သူထိုင်နေရာမှ လှမ်း၍ မေကြည်ငြိမ်းတို့အား နှုတ်ဆက်လိုက်၏။ မေကြည်ငြိမ်းသည် သူ့ကို လှမ်းနှုတ်ဆက်နေသော အေးကြည်လေးကို လှမ်းကြည့်ရင်းမှ ကောင်းကို ကြည့်နေသည်။ ကောင်းသည် မဟုတဟ ကလေး လှမ်းပြုံးပြလိုက်၏။

ကောင်း ပြုံးပြသည်ကို အေးကြည်လေး မြင်သွား၏။ ထို့ကြောင့် အသံသဲ့သဲ့ဖြင့်။

"မင်းက လှမ်းပြုံးပြလို့ပါလား . . . ဟော့ကောင် ငါ မိတ်ဆက်ပေးမယ်လေ ဘယ်နှယ့်လဲ"

ကောင်းက ခေါင်းကလေးကိုသာ မသိမသာ ညိတ်ပြလိုက်သည်။ အေးကြည်လေးသည် ကောင်းကိုကြည့်လျက် ခပ်ပြုံးပြုံးဖြစ်သွားသည်။ ပြီးမှ သူတို့ထိုင်နေရာမှ ထလိုက်သည်။ ကောင်းကိုပါ သူနှင့်အတူ လိုက်ခဲ့ရန် ခေါ်လိုက်၏။ ကောင်းသည် အေးကြည်လေး နောက်မှ ခပ်ခွာခွာ လိုက်လာခဲ့သည်။

"ငြိမ်းကို မိတ်ဆက်ပေးမလို့"

မေကြည်ငြိမ်းသည် အေးကြည်လေး၏ စကားကို ခပ်ပြုံးပြုံးနားထောင်ရင်း ကောင်းဆီသို့ မျက်လုံးလေးတချက် ဝင့်ကြည့်လိုက်သည်။

"ဒါ . . . ကိုယ့်သူငယ်ချင်း ကောင်းတဲ့။ ဟော့ကောင် ဒါ ကိုယ့်ရဲ့ ညီမတစ်ယောက်လို သိပ်ခင်တဲ့ နေကြည်ငြိမ်း ဒို့ကတော့ ငြိမ်းလို့ပဲ ခေါ်တယ်"

အေးကြည်လေးမှာ သူနှင့် ရင်းနှီးမှုအတိုင်းအတာအရရော ဘီယာရှိန်ကလေးကြောင့်ရော ရောထွေးလျက် နှုတ်အာသွက်သွက်နှင့် ကောင်းကို မိတ်ဆက်ပေးလိုက်၏။

ကောင်းသည် အေးကြည်လေး ပြောလိုက်သော စကားကို ကြားရသောအခါ မိမိများ နားကြားလွဲနေပြီလား။ ဒါမှမဟုတ် မိမိ စျေးတွင် ကြုံခဲ့တုန်းက နားကြားလွဲခဲ့လေသလားဟု သူ၏ နားထဲတွင် မေကြည်ငြိမ်းနှင့် နေကြည်ငြိမ်းဟူသော အခေါ်အဝေါ်နှစ်ခုမှာ ဝိရောဓိ ဖြစ်နေသည်။

"ငြိမ်းတို့ကလဲ ခင်တတ်ပါတယ် ကိုအေးကြည်လေးနဲ့ဆိုရင် တကယ့်မောင်နှမ အရင်းတွေလိုပါဘဲ သူက မမကို ကြိုက်နေတာလေ၊ ကဲ . . ကိုအေးကြည်လေး ငြိမ်းတို့ စားတာ သောက်တာတွေကို ကိုအေးကြည်လေး "အကောင့်" ထဲ မှတ်လိုက်မှာနော်"

ငြိမ်းဆိုသော မိန်းကလေးသည် မနေ့က တွေ့ခဲ့သော မိန်းကလေး မဟုတ်။ နှုတ်သွက်သည်။ အကြည့်... သည်။ ပြီးတော့ ကောင်းကို ရွှန်းရွှန်း... စားစားကြီး ကြည့်နေသေးတော့သည်။ ကောင်းသည် သူမ၏ အကြည့်စူးစူး... နမ့်ူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရပြီဆိုသော အခါတွင်မူ မနေတတ်အောင် ဖြစ်... ရပြန်သည်။

"အို . . . ထားခဲ့ ထားခဲ့။ ကိုယ်... ဒီနေ့ ဒကာတော်ရေမြေရှင်နဲ့ တိုး... တာ ထားခဲ့"



www.burmeseclassic.com

www.burmeseclassic.com

"အို…သူများပေးမှာလား။ ဒီလို ဆိုရင်တော့ မလုပ်ပါနဲ့ရှင် ငြိမ်းတို့က ကိုအေးကြည်လေးများ ဒကာလားလို့"

"ကိစ္စမရှိပါခင်ဗျာ။ မိတ်ဆွေဖြစ်ကြတဲ့ အထိမ်းအမှတ်နဲ့ ကျွန်တော်ဘဲ ပေးပါရစေ။ ကျွန်တော့်အဘို့ ခုလို ခင်မင်ရင်းနှီးခွင့် ရတာဘဲ ဝမ်းသာပါတယ်"

ကောင်းသည် အေးဆေးတည်ငြိမ်စွာဖြင့် ပြောလိုက်၏။

ကောင်း စကားကြောင့် သူမက ကောင်းအား ခပ်ပြုံးပြုံးနှင့် တုံ့ပြန်မှုကို ပြုလေသည်။ ကောင်းနှင့် အေးကြည်လေးတို့ မိမိတို့ စားပွဲဝိုင်းတွင် ပြန်ထိုင်ကြသည်။

ကောင်းတို့ နှစ်ယောက်စလုံး စားပွဲတွင် ထိုင်မိကြသောအခါ ကောင်းသည် မိမိရင်ထဲ၌ မရှင်းမလင်းဖြစ်နေသော ပြဿနာလေးကို အေးကြည်လေးအား တိုးတိုးတိတ်တိတ် ဖွင့်မေးမိလေသည်။

"နေကြည်ငြိမ်းလား၊ မေကြည်ငြိမ်းလား ဖိုးအေးကြည်"

"သူက နေကြည်ငြိမ်း ရေကူးချန်ပီယံ၊ ဘားမားစလိုက်တစ်။ သူ့အမက မေကြည်ငြိမ်း၊ ရှေ့နေတစ်ယောက်ပေါ့။ သူတို့က အမွှာညီအမလေ၊ ဘာလဲ ကောင်း မေကြည်ငြိမ်းကို တွေ့ဘူးလို့လား"

အေးကြည်လေး မေးခွန်းကို ကောင်းသည် စီးကရက်လေး တစ်ဖွာ နှစ်ဖွာ ဖွာလိုက်ပြီးမှ ဖြေးလေးစွာ ခေါင်းကို ညိတ်ပြမိသည်။

"ဟော့…ကောင်း၊ သူ့အမတော့ မထိပါနဲ့ ကိုယ့်လူရာ။ အစ်ကိုကြီးတို့ အတွက် ဒါလေးဘဲရှိပါတယ် ကိုယ့်လူရယ်"

ကောင်းသည် အေးကြည်လေး၏ စကားကြောင့် အတော့်ကို ရယ်ပစ်လိုက်သည်။

မနက်ခင်းက တွေ့ခဲ့သော အဖြစ်အပျက်ကိုသာ ပြောပြလိုက်မိလျှင် အေးကြည်လေးသည် မိမိ ကျွေးမွေးနေသော ဘီယာနှင့် စားစရာများကို ဆက်ပြီး စားချင်မှပင် စားတော့ ယောက်တော့မည် မထင်ချေ။ ကောင်း ဘာမှ မပြောဘဲ ငြိမ်သက်စွာပင် နေလိုက်မိသည်။

ကောင်းတို့နှစ်ယောက် ဘီယာမှာလိုက်၊ စားစရာများမှာလိုက်နှင့် အတော်ကလေးပင် အချိန်ကြာသွားကြတော့သည်။

"ကဲ…ပြန်ကြစို့ကွာ"

ကောင်းသည် မေကြည်ငြိမ်းတို့ ပြန်ကြတော့မည့် အရိပ်အခြေကို တွေ့ရသောကြောင့် ပြောလိုက်ခြင်းဖြစ်သည်။

ဒါကို အေးကြည်လေး ရိပ်မိပုံ မပေါ်။

"နောက်ထပ် ဘီယာတစ်လုံး လောက် မှာဦးမယ်ကွာ၊ အဲ့ဒီတစ်လုံး ကုန်ရင် တော်ပြီ"

ကောင်း ဘာမှမပြောတော့ချေ။ အေးကြည်လေး၏ ဆန္ဒကို လိုက်လျောပြီး ဘီယာတစ်လုံး ထပ်မှာပေးလိုက်သည်။ မကြာခင် နေကြည်ငြိမ်းတို့ နှုတ်ဆက်ပြီး ပြန်သွားကြသည်။

"ဟော့ ဖိုးနေအေးကြည်…နက်ဖြန်ခါ မောင်ရင့်ကားအားလား"

"ဟာ…ဒီကောင် ပေါက်နေဘီ၊ နက်ဖြန် ဆန်းဒေးကွ၊ ဈေးပိတ်တော့ အားတာပေါ့၊ ဘာလဲ မင်း ငြိမ်းတို့အိမ် လိုက်ပို့ပေးဖို့ ပြောမလို့လား။ မရဘူးကွာ မရဘူး"

"မဟုတ်ပါဘူးကွာ၊ ငါ မင်းကားကို အသုံးချစရာရှိလို့ပါ"

"ငါ နက်ဖြန် အနားယူမဲ့နေ့ကွ၊ မောင်ရင်က ဘယ်များသွားစရာရှိလို့လဲ"

"မင်း…အနားယူချင်ယူပါ၊ ငါ မနက် ရှစ်နာရီကနေ နေ့လယ် တစ်နာရီလောက်ပဲ ယူမှာပါ၊ မင်း မလိုက်ချင်နေပါ၊ ကားတော့ ငါ့ကို ခဏပေးပါ"

"အိုး…ရတယ်။ လုပ်။ ကြိုက်သလို လုပ်"

အေးကြည်လေးမှာ အတော်ကလေး ထွေနေပြီ။

ကောင်းသည် အေးကြည်လေး၏ အသွင်အပြင်ကို ကြည့်လျက် ပြုံးမိ၏။

ထို့ပြင် ကောင်း၏ စိတ်ကူးထဲတွင် နက်ဖြန်အတွက် အစီအစဉ်များကို တခုပြီးတခု ရေးဆွဲလျက် စီမံကိန်း ချနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

နက်ဖြန် မဝေဠုကို သွားတွေ့မည်။

ဦးသိုက်ထွန်းနှင့် မဝေဠုတို့၏ အခြေအနေများကို မေးမည်။

မဝေဠု၏လက်ချက် ပါမပါကို မဝေဠုအား အပြတ်မေးရမည်။

သို့မှသာလျှင် မဝေဠုထံမှ မိမိအတွက် ဝေစုကို မဖြစ် ဖြစ်သည့်နည်းနှင့် ယူရမည်။ မဝေဠု မိမိကို တပတ်လှည့်လျှင် မျိုးထွန်းနှင့် တွေ့လျက် မဝေဠု စီစဉ်သော စီစဉ်မှုများနှင့် အခြေအနေမှန်များကို မျိုးထွန်းအား ပြောပြမည်။

မိမိ ဤသို့ ပြောပြခြင်းအားဖြင့် မိမိအား အစိုးရသက်သေအဖြစ် ဖြစ်အောင် မျိုးထွန်းထံမှ အခွင့်အရေး တစ်ခု တောင်းဆိုမည်။

မိမိအတွက် ရေနေအဖြစ်မေကြည် ငြိမ်းကို ဇာထိရမ်းမည်။

ထိုကိစ္စများအားလုံး ပြီးစီးလျှင် မိမိ ဘဝအတွက် မှန်ကန်သော လမ်းကြောင်းကို ရွေးချယ်ပစ်မည်။

မဝေဠုအပေါ်တွင် စုဋ္ဌသုဘဒ္ဒါလို စိတ်မျိုး မွေးရတော့မည်။

မဝေဠုသည် ဆဒ္ဒန်ဆင်မင်း ဖြစ်ပေရော့။

ဤအထဲတွင် မည်သူသည် စုဋ္ဌသုဘဒ္ဒါဖြစ်၍ မည်သူသည် ဆဒ္ဒန်ဆင်မင်း ဖြစ်မည်မသိ။

မိမိ ခင်းထားသော လမ်းကြောင်းကို လိုက်လာမိလျှင်တော့ မဝေဠုအဖို့ သားကောင်တစ်ယောက်သာ ဖြစ်ရချေတော့မည်။

မိမိသည် တောလိုက်ကောင်းသော မုဆိုးတစ်ဦး ပီသအောင်တောဆင်ယင်၊ တောချောက်၊ ချိန်သားကိုက်လက်ဖြောင့် သမားဖြစ်ရန် အရေးကြီးသောပြင်ဆင်မှုများကို ကျကျနန ဆောင်ရွက်တတ်ရန် လိုအပ်ပေကြောင်း ကောင်း သည် အေးဆေးစွာတွေးလျက် ဘီယာကို တမြုံ့မြုံ့ သောက်နေလိုက်ပါတော့သည်။

* * * * *

(၇)

သမင်ထက် မလျင်လျှင် ကျားမမည်ပါ။

ယခုတော့ ကောင်းသည် မိမိကိုယ် မိမိ သမင်ဖြစ်မှန်းမသိ ဖြစ်ခဲ့ရပါလေပြီ။ မဝေဠုသည် ကျား။

တစ်ရက်ဆိုလျှင် ဆိုသလောက်ပင် မဝေဠုသည် ကောင်းကို အနိုင်ရသွားလေပြီ။

ခြံစောင့်အဖိုးကြီး၏ ပြောပြမှုကြောင့် သိခဲ့ရသည်။ မဝေဠု မနေ့က ညနေပင် မေမြို့သို့ ခရီးထွက်သွားကြောင်း ကြားသိလိုက်ရပေသည်။ ကောင်းသည် မိမိထက် ပါးနပ်လိမ်မာသော မဝေဠု၏ ကျကျနန အကွက်စေ့စေ့ ပြင်ဆင်တတ်ပုံကို ချီးကျူးနေမိပါတော့သည်။

ကောင်း သည် မိမိမျှော်လင့်ချက် တောင်ကြီးကို လုံးဝ ရှာမတွေ့သောအခါ တစ်ယောက်ထဲ ယောင်ချာချာဖြင့်ဘယ်ကိုသွားရမှန်း မသိအောင်ပင် ဖြစ်နေတော့သည်။ ကားကို လမ်းသင့်သလိုသာ ဖြေးဖြေးချင်း မောင်းလာခဲ့မိသည်။

အင်းလျားကန်စောင်း လမ်းမပေါ်တွင် စက်ပျက်နေသော ကားတစ်စီးကို တွေ့ရသည်။ ကား၏ စက်ဖုံးကိုဖွင့်လျက် ဟိုနှိုက် သည်နှိုက်ဖြင့် မိမိတတ်သရွေ့ မှတ်သရွေ့ ကြိုးစားပြင်နေသော မျိုးထွန်းကို တွေ့လိုက်ရ၏။

ကောင်း သည် စိုင်ကော်လို ခြံပေါ် ရောက်လာသော အခွင့်အရေးကို ကျနပိရိစွာ အသုံးချဖို့ လိုပေသည်။ ကားကို မျိုးထွန်း၏ ကားအနီးတွင် ကပ်လျက် ရပ်လိုက်၏။

"ဘာ အကူ အညီ ပေးရမလဲ သူငယ်ချင်း"

ကောင်း သည် စီးကရက်ကို ဟန်ပါပါ ခဲထားလျက် မျိုးထွန်းကို မေးလိုက်၏။

"မောင်းလာတုန်းဗျာ . . . ဆီပိတ်သလိုဖြစ်ပြီး ရပ်သွားတာပဲ ဆီကို ကြည့်တော့လဲ အလာသားဗျ။ ဘာဖြစ်သွားမှန်း မသိပါဘူးဗျာ . . ."

ကောင်း သည် ထိုစကားကြားရသောအခါ မိမိ၏ကားကို လမ်းဘေးသို့ ထိုးကပ်ပြီး ရပ်လိုက်၏။ ပြီးတော့ ကားပေါ်မှဆင်းလိုက်သော မျိုးထွန်း၏ကား



www.burmeseclassic.com

www.burmeseclassic.com

ဟိုဟိုသည်သည် ရှာဖွေကြည့်သည်။ ပလပ် ချောင်နေတာလည်း ကျပ်လိုက်ပြီးပြီ။ အေဆီပန့် ကာပရိုက်တာ၊ ဗက်ထရီခေါင်းကိုလည်း ကျပ်ပေးလိုက်၏။ အားလုံး ပြင်ဆင်ပြီးပြီ။ မျိုးထွန်းကို စက်နှိုးကြည့်ခိုင်း၏။ စက်သံမလာ။ ကောင်း ဝါယာတွေကိုလိုက်ကြည့်သည်။ ပြတ်တောက်နေသော ဝါယာများကို ဆက်တန် ဆက်လိုက်ပြန်သည်။ နှိုးခိုင်းကြည့်၏။ စက်လည်သည်။ နောက်တော့ ကားကောင်းသွား၏။

"ကျေးဇူးတင်ပါတယ်ဗျာ။ ကျွန်တော့်နာမည် မျိုးထွန်းပါ။ နေတော့ အောင်ပန်းမှာ နေပါတယ်။ ရောက်ရင် ဝင်လည်ပါ။ "သားချင်း" စိုက်ပျိုးရေးခြံလို့မေးရင် လူတိုင်း သိပါတယ်။ ဒါနဲ့ ဒီက..."

"အော် ...ကျွန်တော့်နာမည် ကောင်းပါ။ အဆိုတော်တစ်ယောက်ဖြစ်အောင် ကြိုးစားနေတုန်းပါ"

"ဟုတ်ကဲ့...သိရတာ ဝမ်းသာပါတယ်ဗျာ။ အနုပညာလုပ်ငန်းဆိုတာ သိပ်ပြီး ကြည်နူးစရာကောင်းတဲ့ အလုပ်တစ်ခုပါ၊ အောင်မြင်ပါစေဗျာ။ ကျွန်တော့်ကို ခွင့်ပြုပါအုံးနော်"

မျိုးထွန်းက ပြောပြောဆိုဆို နှုတ်ဆက်လျက် ကားပေါ်သို့ တက်ကာ အင်နှင့် ထွက်သွားလေသည်။ ကောင်းအဖို့ မမျှော်လင့်ဘဲ မျိုးထွန်းနှင့်တော့ ရင်းနှီး သိကျွမ်းခဲ့ရပေပြီ။ မဝေဠုအပေါ်တွင် မျိုးထွန်း၏ သဘောထား ဘယ်လိုရှိမည်ကို မိမိသိရှိရန် လိုပေသည်။

ထိုအတွက်တော့ ကောင်း တနည်းတဖုံ ကြိုးစား ကြံစည်ရပေဦးမည်။

ကောင်း...ကား ပြန်ပို့ရန်အတွက် အေးကြည်လေး နေထိုင်သော ရွှေတောင်တန်းဆီသို့ မောင်းနှင်လာခဲ့သည်။ အေးကြည်လေး အိမ်တွင်မရှိ။ ကောင်းအတွက် စာတိုကလေး တစ်စောင်သာလျှင် တွေ့ရသည်။

သူ ရုပ်ရှင်သွားကြည့်နေကြောင်းနှင့် လေးနာရီခွဲ ဂုဏ်ရုပ်ရှင်ရုံတွင် လာကြိုပေးရန် မှာကြားသွားခြင်းဖြစ်သည်။ ကောင်း သည် ကားကို ပြန်ချိုးကွေ့ကာ ကမ်းနားလမ်းအတိုင်း မောင်းနှင်လာကာ ပန်းဆိုးတန်း ဆိပ်ကမ်းဖက်ဆီသို့ ထွက်လာခဲ့သည်။

သူနှင့် မဝေဠုတို့ တွေ့ဆုံခဲ့ကြသော နေရာဟောင်းကလေးဆီသို့ အလည်တစ်ခေါက် ပြန်ရောက်ခြင်းဖြစ်သည်။

"ဟော့...ကောင်း။ ကားတွေ ဘာတွေနဲ့ သိပ်ဖြိုးနေပါလား"

သူ့အား ရင်းရင်းနှီးနှီး နှုတ်ဆက်နေသူကို ကောင်း သေသေချာချာ ကြည့်သည်။ ရုတ်တရက် ဘယ်သူဘယ်ဝါဟူ၍ ကောင်းမမှတ်မိ။

"ဟော့...လုံးကြီးတင် လေကွာ"

လုံးကြီးတင်...။ ကောင်း မှတ်မိသွားလေပြီ။ ထောင်ထဲမှ ထွက်ခါနီးတွင် ကောင်း အလုပ်အကိုင် အခြေအနေအဆင်ပြေရန်အတွက် ညွှန်ကြားလိုက်သူတစ်ယောက်ပင် ဖြစ်သည်။ ကောင်း ပြုံးပြလိုက်သည်။ သူ့၏ ညာဖက်လက်ကိုဆန့်တန်းပြီး လှမ်းပေးလိုက်၏။ လုံးကြီးတင်ကလည်း ကောင်း လှမ်းပေးလိုက်သော လက်ကို လှမ်းကိုင်လိုက်သည်။

"ကိုယ့်ကားပိုင် မဟုတ်ပါဘူးကွာ။ သူငယ်ချင်းတစ်ယောက်ရဲ့ ကားပါ။ သူ့ဆီက ခဏယူသုံးရင်း သူ့ကို ရုပ်ရှင်ရုံမှာလာကြိုဖို့မှာသွားတာနဲ့ လာကြိုတာ၊ အချိန်စောသေးလို့ ဒီနေရာကို ခဏလာခဲ့တာဘဲ"

"မသိပါဘူးကွာ...မင်း သိပ်ကြီးပွားနေသလားလို့"

"မကြီးပွားပါဘူးကွာ...မိုးရွာလျှင်စို၊ နေပူရင် ခြောက်တဲ့ ဘဝမျိုးပါဘဲ"

"ငါ ကော်ပေါက်တစ်ခု တွေ့ထားတယ်၊ အဲဒါ မင်းရော ပါမလား"

လုံးကြီးတင်သည် ကောင်း အား သူလုပ်မည့် လုပ်ငန်းတစ်ခုအတွက် ကောင်းကိုပါ မဲဆွယ် အဖော်ညှိ ပြန်လေသည်။ ကောင်းသည် သူ့ဘဝကို သူ ပြန်တွေးကြည့်လေလေ မချင့်မရဲ ဖြစ်လေလေပင်။


ရှေ့လဆက်ရန်

မောင်ရွှေစိန်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

# ကျိန်စာ ၏ သက်ရောက်မှုလော

ဟန်မြတ်ထွန်းသည် ရှေ့တူရူ မြင်ကွင်းဝန်းကျင်ကို ဝေ့ခနဲ တစ်ချက်မျှ ကြည့်လိုက်သည်။ မည်သို့မျှ ဘဝင်ကျစရာ မကောင်း။ သုံးယောက်နှင့် တစ်ယောက် ဖြစ်နေသည်။ ထိုတစ်ယောက်သည်လည်း အသက်အားဖြင့် လေးဆယ်ကျော်၊ ငါးဆယ်တွင်းမျှ ရှိလိမ့်မည်။ သုံးယောက်စလုံးက အသက်သုံးဆယ်ကျော်ပုံမရ။ မိုက်တိမိုက်ကန်း၊ နိုင်လိုမင်းထက်နှင့် အန္တရာယ်ကောင်များ ဖြစ်သည်။ သူတို့က တစ်ယောက်တည်းသော လူကြီးကို ကြိုးခွဲချ၍သတ်ရန် စီစဉ်နေကြသည်။

ဟန်မြတ်ထွန်းက ပစ်မှတ်ကို သူ၏ ပြောင်းရှည်သေနတ်၏ ရှေ့ချိန်သီး၊ နောက်ချိန်ခွက်နှင့် တစ်တန်းတည်းဖြစ်အောင် ချိန်လိုက်သည်။ အသက်ကို အပြည့်အဝ ရှူလိုက်ပြီးနောက် သေနတ်မောင်းခလုတ်ကို တည်ငြိမ်စွာ ညှစ်ဆွဲလိုက်သည်။ ကျည်ရိုက်တံသည် ကျည်ဆန်၏ နောက်ဘက် အလယ်ဗဟိုရှိ အဖုလေးကို ရိုက်လိုက်သည်။

ထိုအခါ ကော်ဒိုက်ယမ်းပေါက်ကွဲသံနှင့်အတူ တွန်းအားတစ်ခု ရရှိသွားသော ကျည်ထိပ်ဖူးသည် ပြောင်းရှည်သေနတ်၏ ပြောင်းရစ်အတွင်းမှ ချာချာလည်၍ ထွက်သွားသည်။ ကန့်လန့်ဖြတ်သစ်ကိုင်းမှ တန်းလန်းကျနေသော မနီလာကြိုးတစ်နေရာကို ကျည်ထိပ်ဖူးက တည့်တည့်မတ်မတ် ထိမှန်၍ ဖြတ်တောက်လိုက်သည်။

ဤသို့ဖြင့် လည်ပင်းတွင် ကြိုးလန်းတန်းစွပ်လျက်သား ဖြစ်နေသော လူကြီးသည် ကြိုးပြတ်သွားပြီး မြေပြင်ပေါ်သို့ သုံးပေအမြင့်မှ ပြုတ်ကျသွားသည်။ ထိုဖြစ်ရပ်သည် အန္တရာယ်ကောင်မိုက်သားသုံးယောက်တို့အတွက် မမျှော်လင့်သော ဖြစ်ရပ်တည်း။ သူတို့ပတ်ဝန်းကျင်ကို ကိုယ်ခန္ဓာနှင့် ဦးခေါင်း တစ်ပတ်လှည့်၍ သူတို့ရန်သူကို ရှာဖွေကြသည်။ အကာယ်၍သော တွေ့ခဲ့ပါမူ ရင်ဆိုင်ယှဉ်ပြိုင် ပစ်ခတ်ရန် ရည်ရွယ်ခဲ့သည်။

ဟန်မြတ်ထွန်း၏ သေနတ်ပြောင်းဝမှ နောက်ထပ် ကျည်ထိပ်ဖူးသုံးခုသည် အန္တရာယ်ကောင်သုံးယောက်စလုံးကို တစ်ချက်တစ်ယောက်နှုန်းဖြင့် တစ်ယောက်ပြီးတစ်ယောက် ဇီဝိန်ခြွေ၍ ငရဲသို့ ဖြတ်လမ်းမှ ပို့လိုက်လေတော့သည်။

ထို့နောက် ဟန်မြတ်ထွန်းသည် စိတ်ချလက်ချဖြင့် ပြောင်းရှည်သေနတ်ကို ပခုံးထမ်းလျက် အသက်ရှင်ခွင့်ရရှိသွားသော လူကြီးထံသို့ လျှောက်သွားသည်။

"ကျေးဇူးကြီးပါ့ မောင်မင်းကြီးသား သူတော်ကောင်းကြီး ကယ်ပေလို့ ကျုပ်မှာ အသက်ချမ်းသာရာ ရခဲ့တယ်"

လူကြီးက ရင်တွင်း၊ ဦးနှောက်တွင်းမှ လှိုက်လှဲစွာ ထွက်ပေါ်လာသော စကားလုံးများ လေးလေးနက်နက် တုန်ယင်စွာ ပြောသည်။ ထို့နောက် သူနှင့် အန္တရာယ်

ဆွေမြင့်

www.burmeseclassic.com

ကောင် ငမိုက်သားတို့ ဆုံတွေ့ရသော အကြောင်းရင်းကို ရှင်းပြသည်။

ဟန်မြတ်ထွန်းအား အသက်သခင် ကျေးဇူးရှင်အဖြစ် သူဝှက်ထားသော ရွှေတိုရွှေစလေးအချို့ကို လက်ဆောင် ပေးသည်။ သူတယ်လိုပြြင်းပြင်းမရ။ ဝွတ် အတင်းပေးသည်။ သူနေထိုင်ရာ ဒေသ အကြောင်းကိုပါ ပြည့်ပြည့်စုံစုံပြောပြခဲ့ သည်။ ထိုအကြောင်းအရာသည်ပင်လျှင် “ပျောက်ဆုံးနေသော ရေးဟောင်းနန်း မြို့တော်နှင့် ရေးမျိုးနွယ်စုသုံးစုတို့၏ အကြောင်းကို ဟန်မြတ်ထွန်း စတင်သိ ရှိလိုက်ရခြင်း ဖြစ်ပါတော့သည်။

••••• ••••• •••••

ထိုပုဂ္ဂိုလ်ကြီးအမည်မှာ ဦးအဂ္ဂ ဖြစ်သည်။ သူက ဦးအဂ္ဂ၏ နယ်မြေ ဒေသသို့ လိုက်လံပို့ဆောင်ရန် ကြိုးစား ခဲ့သော်လည်း လမ်းခရီးတွင် ရေးဟောင်း မျိုးနွယ်တစ်စုနှင့် တွေ့ရှိကာ လူချင်း လမ်းကွဲသွားကြသည်။ ဟန်မြတ်ထွန်းက တောင်တန်းပေါ်သို့ ရောက်သွားသည်။ ထို့ကြောင့် အဝေးမှ အထက်စီးမြင်ကွင်း ဖြင့် မြင်ခဲ့ရသော ပျောက်ဆုံးနေသည့် ရေးဟောင်းနန်းမြို့တော်ကို ကင်မရာဖြင့် မှတ်တမ်းတင် ဓာတ်ပုံများအဖြစ်နှင့်သာ ရိုက်ယူနိုင်ခဲ့သည်။

••••• ••••• •••••

နယ်စပ်မြို့လေးတွင် ညစာစား သောက်ပြီးနောက် ဟန်မြတ်ထွန်းတွင် ငွေကြေးလုံးဝမရှိသဖြင့် ဦးအဂ္ဂ ကျေးဇူး ဆပ်ခဲ့သော ရွှေတိုရွှေစလေးများထဲမှ ရွှေစလေးတစ်စကို စားသောက်ဆိုင် ပိုင်ရှင်ကြီးအား ပေးခဲ့သည်။ ထိုရွှေစ လေးကို ဤနယ်မြေဒေသသို့ ရောက်ရှိ နေသော သက်မောင်မောင်ကျော်က မြင်တွေ့သွားပြီး ဟန်မြတ်ထွန်းအား မိတ်ဖွဲ့ခဲ့သည်။

“ဒါဆို ခင်ဗျားကို ကျွန်တော့် ဘော့စ် ဦးထွင့်ခေါင်မိုးနဲ့ တွေ့ပေးမယ်။ ခင်ဗျားအတွက်ရော သူ့အတွက်ပါ အကျိုးရှိရစေမယ်၊ ဘယ့်နယ်လဲ”

သက်မောင်မောင်ကျော်၏ ကမ်း လှမ်းချက်ကို ဟန်မြတ်ထွန်းက “စဉ်းစား ပါဦးမည်”ဟု၍ မတင်မကျ ပြောလိုက် လေသည်။

••••• ••••• •••••

မြင်သာမြို့တွင် ရွှေနံ့သာစံအိမ်ကြီး သည် အကြီးကျယ်ဆုံး၊ အသားနားဆုံး ဖြစ်သည်။ စံအိမ်ကြီး၏ ပိုင်ရှင် ဦးထွင့် ခေါင်မိုးသည် သာမန်ချမ်းသာကြွယ်ဝသူ မဟုတ်ပါချေ။ အခြားချမ်းသာကြွယ်ဝသူ များသည် သူနှင့်ယှဉ်လိုက်လျှင် သာမန် အဆင့်သို့ ရောက်သွားလေ့ရှိကြသည်။

ရွှေနံ့သာစံအိမ်ကြီး၏ ခမ်းနားထည် ဝါစွာ တန်ဆာဆင်မှုသည် အဖိုးထိုက် အဖိုးတန်များသာ ဖြစ်သည်။ ခန်းဆီး များ၊ လိုက်ကာများသည် ဘယ်လ်ဂျီယံ နိုင်ငံမှ ဖြစ်ကြသည်။ ဧည့်ခန်းဆောင် တစ်ခုလုံး ခန်းလုံးပြည့်ခင်းထားသော ကော်ဇောများသည်ပင်လျှင် ပါးရှားနိုင်ငံ ၏ ကော်ဇောအစစ်များ ဖြစ်လေသည်။

ဧည့်ခန်းနံရံများတွင် ချိတ်ဆွဲထား သော ဆီဆေးပန်းချီကားကြီးများထဲမှ မဟာဆန်သော အမျိုးသား၊ အမျိုးသမီး ကြီးတို့၏ သက်ရှိလူအရွယ် လက်ရာ မြောက် ရေးခေတ်အနုပညာရှင်တို့၏ စွမ်းရည်ကို ဖော်ပြထားခြင်းဖြစ်ပြီး ရွှေရောင်ကနုတ်ဘောင်များနှင့် တင့်တယ် စွာ တည်ရှိနေလေသည်။ အိမ်ခန်း၏ ထည်ဝါမှုနှင့် အိမ်ရှင် ဦးထွင့်ခေါင်မိုး၏ ခံ့ညားမှုမှာ လိုက်ဖက်ညီလှပေသည်။

ဦးထွင့်ခေါင်မိုး၏ ဆံပင်နှင့် မုတ် ဆိတ်တို့သည် နက်မှောင်လျက်ရှိပြီး ရှည်မြသော ဆံပင်တို့ကို ခွဲကြောင်းမပြု ဘဲ နောက်သို့လှန်၍ ဖြီးထားသည်။ အသက်အားဖြင့် ငါးဆယ်ကျော်ဟု၍သာ ခန့်မှန်းနိုင်သည်။ မည်မျှကျော်ခြင်းကို မည်သူမျှ တိတိကျကျ မပြောနိုင်ကြပါ ချေ။ သူသည် စာအုပ်ထုတ်ဝေဖြန့်ချိ ရေးနှင့် ပတ်သက်၍ လေ့လာရန် နိုင်ငံ တကာသို့ ရောက်ခဲ့ဖူးသည်။ သူအနေ နှင့် သပ်ရပ်သားနားစွာ ဝတ်စားလေ့ရှိ ပြီး အမူအရာ တည်ကြည်စွာရှိသည်။ သူ့လက်အောက်အမှုထမ်းများကိုလည်း ပြုံးပြုံးရွှင်ရွှင် ဆက်ဆံတတ်သော်လည်း တစ်ခါတစ်ရံ အလိုမကျသည့်အခါမျိုး တွင် သူ၏မျက်လုံးအစုံထဲ၌ မီးတောက် မီးလျှံတစ်ခု လျှပ်တစ်ပြက် ဖြစ်ပေါ် သွားသည်။ ထိုတောက်လောင်သော အကြည့်ဖြင့် အကြည့်ခံလိုက်ရသူများ သည် အလိုလိုနေရင်း စိတ်ညှိုးနွမ်းကာ သိမ်ငယ်သွားလေ့ရှိကြသည်။

လောလောဆယ် အချိန်ကာလ တွင် သူ၏ဧည့်ခန်းဆောင်အတွင်း၌ အခြားအမျိုးသားတစ်ဦးနှင့် အမျိုးသမီး ရှိနေသေးသည်။ အမျိုးသားအသက်မှာ သုံးဆယ်ဝန်းကျင်ဖြစ်ပြီး မျက်နှာပေါ်တွင် ကျောက်ပေါက်မာသဲ့သဲ့ ရှိသည်။ ထိုသူ ၏အသွင်သဏ္ဌာန်မှာ ထက်မြက်ပြတ်



www.burmeseclassic.com

www.burmeseclassic.com

သားသည်။ စင်စစ်အားဖြင့် စိန်ဘညိုသည် ဦးထွဋ်ခေါင်မိုး၏ နိုင်ငံတကာစာနယ်ဇင်းဆိုင်ရာ အင်ပါယာကြီးကိုကြီးကြပ်ရသော အထွေထွေမန်နေဂျာဖြစ်လေသည်။

အမျိုးသမီး၏ အသားအရေမှာညိုစိမ့်ညက်စင်လျက်၊ ကိုယ်လုံးကိုယ်ထည်မှာ အချိုးကလုပသည်။ သူမ၏အကြည့်မှာ လူတစ်ဖက်သား၏ အရွတ္တသဏ္ဍာန်အထိ စူးဝင်ထွင်းဖောက်နိုင်သော အကြည့်မျိုးဖြစ်သည်။ သူမ၏အမည်မှာ မာလာရွှေစင် ဖြစ်သည်။ သူမသည် ဦးထွဋ်ခေါင်မိုး၏ သီးသန့်ကိုယ်ရေးအတွင်းရေးမှူးဖြစ်ပြီး၊ ရုံးအုပ်ချုပ်ရေး လုပ်ငန်းပိုင်းဆိုင်ရာတွင် ကျွမ်းကျင်သူလည်း ဖြစ်သည်။ အသက်သုံးဆယ်ကျော်နေပြီဖြစ်သော်လည်း နနယ်ပျိုမျစ်ဆဲပင်။

လောလောဆယ် အချိန်အခါတွင်သူတို့လုပ်ငန်းကြီး နိုင်ငံတကာဆက်သွယ်ရေးတာဝန်ခံ သက်မောင်မောင်ကျော်သည် ခရီးထွက်နေရာမှ ယနေ့နေ့လယ်ပိုင်းတွင် ဖုန်းဆက်အကြောင်းကြားရမည် ဖြစ်သည်။ သက်မောင်မောင်ကျော်ကို ဦးထွဋ်ခေါင်မိုးက ဟိမဝန္တာ၏နက်ရှိုင်းသော တောင်ခြေဒေသရှိပျောက်ဆုံးနေသော ရှေးဟောင်းနန်းမြို့တော်နှင့် ပတ်သက်၍ အရည်အချင်းရှိ၍ ကျွမ်းကျင်သော လမ်းပြတစ်ဦးကိုရှာဖွေခိုင်းထားသည်။ တစ်ချိန်က သမိုင်းသုတေသနပညာရှင် ဦးဟန်ငြိမ်းအောင်သည်း ရှေးဟောင်းနန်းမြို့တော်ဝန်းကျင်၌ နေထိုင်ခဲ့ကြသော ရှေးလူအချို့ကိုတွေ့ရှိခဲ့ပြီး ထိုပျောက်ဆုံးနေသော ရှေးဟောင်းသမိုင်းဝင် နန်းမြို့တော်ကို ရှာဖွေရန် သွားခဲ့ရာတွင် ရုတ်တရက် လုံးဝအဆက်အသွယ်ပြတ်သွားသည်မှာ နှစ်ပရိစ္ဆေဒ အတော်အတန်ကြာမြင့်ခဲ့ချေပြီ။ သူနှင့်အတူ ဗြိတိသျှသမိုင်းသုတေသီဒေါက်တာစမစ်လည်း လိုက်ပါသွားခဲ့သည်။ နှစ်ယောက်စလုံး အစပျောက်သွားသည်။

ဦးထွဋ်ခေါင်မိုးသည် သမိုင်းသုတေသနပညာရှင် ဦးဟန်ငြိမ်းအောင်၏ တွေ့ရှိချက်များနှင့် ပတ်သက်ဆက်နွယ်သောပျောက်ဆုံးနေသည့် နန်းမြို့တော်နှင့်ရှေးဟောင်းမျိုးနွယ်စုသုံးစု၏ အကြောင်းကို ထိုဒေသသို့ သူကိုယ်တိုင်သွားရောက်၍ အထောက်အထားအချက်အလက်ပြည့်စုံစွာ စုဆောင်းရန်နှင့် ဓာတ်ပုံသတင်းဝေဝေဆာဆာဖြင့် ရေးသားဖော်ပြရန်ထိုစာအုပ်ကို မြန်မာဘာသာနှင့်သာမကအင်္ဂလိပ်၊ ပြင်သစ် စသော ဘာသာပြန်ဆိုစေပြီး နိုင်ငံတကာသို့ပါ ဖြန့်ချိရန် ရည်ရွယ်ထားသည်ဟူ၍ နိုင်ငံတကာ မီဒီယာလောကတွင် သတင်းဖြစ်နေခဲ့သည်။

••••• ••••• •••••

မကြာမီ သူတို့စောင့်စားနေသောသက်မောင်မောင်ကျော်ထံမှ တယ်လီဖုန်းခေါ်သံ ထွက်ပေါ်လာသည်။ မာလာရွှေစင်က ဖုန်းကို ကောက်ယူနားထောင်လိုက်သည်။

"ခဏကိုင်ထားပါနော် ကိုသက်မောင်မောင်ကျော်"

မာလာရွှေစင်က မွန်ရည်ချိုသာစွာပြောဆိုလိုက်ပြီးနောက် စကားပြောခွက်ကို ဦးထွဋ်ခေါင်မိုးထံသို့ သိမ်မွေ့စွာ လှမ်းပေးလိုက်သည်။ ဦးထွဋ်ခေါင်မိုးက စိတ်ဝင်စားစွာ ထူးလိုက်သည်။

"သက်မောင်မောင်ကျော် . . . မင်းမှာ သတင်းကောင်းပြောစရာရှိတယ်ဟုတ်လား"

တစ်ဖက်မှ သက်မောင်မောင်ကျော်၏ ပြန်ပြောသံကို ခေတ္တမျှနားထောင်နေစဉ် ဦးထွဋ်ခေါင်မိုး၏ မျက်နှာကြီးကကြည်လင်ဝင်းပသွားသည်။

"ကောင်းပြီလေ။ လေဆိပ်ကိုကျုပ်ကားလွှတ်လိုက်မယ်။ မင်းအဆက်အသွယ်ရလာတဲ့လူနဲ့အတူတူ လိုက်လာခဲ့ကြပေါ့"

စကားဆုံးသည်နှင့် ဦးထွဋ်ခေါင်မိုးက ဖုန်းပြန်ချလိုက်သည်။

"သက်တန့်ရဲ့ အဆုံးမှာတော့ရွှေအိုးရှိနေတာပေါ့နော်"

စိန်ဘညိုက ပြုံးပြုံးရွှင်ရွှင်နှင့်ဦးထွဋ်ခေါင်မိုးအား မျက်နှာလို မျက်နှာရဖြင့် စကားပုံတစ်ခုကို အသုံးပြုကာကောက်ချက်ချလိုက်လေသည်။

"အဲဒီ ရွှေအိုးကို ဘယ်သူကအရေးထားနေလို့လဲ"

ဦးထွဋ်ခေါင်မိုး၏ ခွန်းတုံ့ပြန်ချက်ကြောင့် စိန်ဘညို၏ ပြုံးနေသော မျက်နှာကြီးက တင်းခနဲဖြစ်သွားသည်။ ဧည့်ခန်းဆောင်ထဲတွင် တဒင်္ဂမျှ တိတ်ဆိတ်သွားသည်။ ထို့ကြောင့် စိန်ဘညိုနှင့် မာလာရွှေစင်တို့ အနေကျပ်လာကြသည်။ ထိုအခိုက်အတန့်တွင် ဦးထွဋ်ခေါင်မိုးကစကားဆက်ပြောသည်။

"ဟန်မြတ်ထွန်း ဆိုတဲ့လူဟာဘယ်လိုကစွမျိုးကိုမှ မတော်တဆတွေ့မယ့်လူစား မဟုတ်ဘူး။ သူက မဆို။



www.burmeseclassic.com

www.burmeseclassic.com

တောကျွမ်းတယ်။ သားကောင်တွေကို ခြေရာခံတယ်၊ ချက်ကောင်းကို ရွှေးပစ်တတ်တယ်။ သဲလွန်စ တစ်ခုရရင် လမ်းမှန်ရောက်အောင် အဆုံးထိ လျှောက်တတ်တဲ့ လူစားတဲ့။ သက်မောင်မောင်ကျော်က သူတွေ့ရှိ ဆုံစည်းတဲ့ လမ်းပြကို အတော့်ကို အထင်ကြီးနေပုံရတယ်"

ဦးထွင့်ခေါင်မိုးက နှုတ်ခမ်းထောင့်တစ်ဖက် တွန့်၍ မှတ်ချက်ချနေသည်။ နောက်ထပ် ၄၅ မိနစ်အကြာတွင် လျှပ်စစ်ခေါင်းလောင်းသံသည် ညှော်ခန်းဆောင်၏ အပြင်ဘက်မှ ထွက်ပေါ်လာသည်။

စိန်ဘညိုက သေနတ်တစ်လက်ကို ပခုံးစလွယ်သိုင်းအိတ်ထဲမှ ဆွဲထုတ်၍ ကျောနောက်တွင် ဝှက်ကိုင်လိုက်ပြီးမှ တံခါးရှိရာသို့ လျှောက်သွားသည်။ တံခါးဖွင့်လိုက်သည်။

●●●●● ●●●●● ●●●●●

ဦးထွင့်ခေါင်မိုး၏ ညှော်ခန်းထဲတွင် မူလသုံးယောက်မှ ငါးယောက်ဖြစ်သွားသည်။ ဦးထွင့်ခေါင်မိုး၊ မာလာရွှေစင်၊ စိန်ဘညို၊ သက်မောင်မောင်ကျော်၊ ဟန်မြတ်ထွန်းတို့ ဖြစ်ကြသည်။ သက်မောင်မောင်ကျော်တို့ရောက်ပြီး မရှေးမနှောင်းမှာပင် သင့်မြတ်ရောက်လာပြန်သည်။ စုစုပေါင်း ခြောက်ယောက်ဖြစ်သွားသည်။

ဦးထွင့်ခေါင်မိုးက ဟန်မြတ်ထွန်းလှမ်းပေးလိုက်သော ဓာတ်ပုံများထည့်ထားသည့် အယ်လ်ဘမ်ကို တစ်မျက်နှာချင်း လှန်ကြည့်သည်။ အစပထမ သူ၏ အမူအရာမှာ ပေါ့ပေါ့ဆဆဖြစ်သော်လည်း တစ်စတစ်စနှင့် စိတ်ဝင်စားမှု အထွတ်အထိပ်သို့ ရောက်သွားသည်။ မျက်တောင်ခတ်ရန်ကိုပင် မေ့လျော့နေသည်။

ဓာတ်ပုံများထဲတွင် ပျက်စီးနေသော ရှေးဟောင်းနန်းမြို့တော်နေရာ ပါရှိသည်။ တောင်ကြားဒေသ ချိုင့်ဝှမ်းအထက်တွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ အလွန်တရာ မြင့်မားသော တောင်တန်းပေါ်တစ်နေရာမှ ရိုက်ယူခဲ့သော ပုံများဖြစ်သည်။ ထိုမြို့ပျက်ကြီး၏ အခြားတစ်ဖက်တွင် ဂယက်များထနေသော ရေစီးသန်သည့် မြစ်လက်တက်ကို တွေ့ရသည်။ သို့ရာတွင် သစ်တောအုပ်ဆိုင်းမှုကြောင့် ကွက်တိကွက်ကြား သစ်တောပြတ်နေရာတစ်ခုပမာ ဖြစ်နေသည်။ ညှို့မှိုင်းအုပ်ဆိုင်းနေသောကြောင့် လေကြောင်းခရီးတစ်လျှောက် ဖြတ်သန်းပျံသွားကြသော လေယာဉ်တို့မှာ မမြင်ရလောက်အောင် ဖုံးကွယ်နေလေသည်။

"ဟား···သူတကယ် ရှာတွေ့ခဲ့တာပဲ"

ဦးထွင့်ခေါင်မိုး၏ နှုတ်ဖျားမှ မသဲမကွဲ လေသံထွက်ပေါ်လာသည်။ ဦးထွင့်ခေါင်မိုးနှင့်အတူ ကြည့်နေသော မာလာရွှေစင်က ဟန်မြတ်ထွန်းအား မျက်နှာမူ၍ စူးစူးရဲရဲ မျက်လုံးချင်းဆိုင်လိုက်သည်။

"တကယ်လို့ ရှင်···ကျွန်မတို့ကို စိတ်ဝင်စားစေဖို့ ရည်ရွယ်ခဲ့တယ်ဆိုရင် ရှင်အောင်မြင်သွားပြီလို့ ယူဆနိုင်တယ်။ ဒါပေမယ့် အဲဒါတွေက ဘာတွေလဲ။ ဘယ်နေရာမှာ ရှိတာလဲ"

"ဟိမဝန္တာတစ်နေရာက တောင်ကြားဒေသ ချိုင့်ဝှမ်းအထက်မှာ ပျောက်
ဆုံးနေတဲ့ ရှေးဟောင်းနန်းမြို့ပျက်ကြီး
တာ အဲဒါပဲ"

"ကောင်းပြီလေ။ အဲဒီနေရာ
သွားဖို့အတွက် ခင်ဗျားကို လမ်းပြအဖြ
ကျုပ်လျာထားတယ်။ အဲဒီအချက်
အခြေခံပြီး ခင်ဗျားနဲ့ ကျုပ်တို့ နှစ်ဦးန
ဖက် သဘောတူတယ်ဆိုရင် ဒါ့ထက်
ပြီး ပမာနကျတဲ့အချက်တွေကို အသေ
စိတ် ဆွေးနွေးကြရအောင်"

ဦးထွင့်ခေါင်မိုးက စဉ်းစဉ်းစားစ
ဖြင့် တည်တည်ငြိမ်ငြိမ်ပြောသည်။ ထ
အခါ ဟန်မြတ်ထွန်းက ညှော်ခန်းတွင်
ကျန်လူလေးယောက်ကို လက်ညှိုးထိုး
ကာ -

"အဲဒီလူတွေက ဘယ်သူတွေလဲ"

ပြတ်သားမာကျောစွာ မေးခွန်း
ထုတ်သည်။

"ခင်ဗျား ဝဲခြားနေရာတွေမှ
ခပ်ကြမ်းကြမ်း ရိုင်းရိုင်းစိုင်းစိုင်း ပြောပြေ
ရှိတယ်ထင်တယ်။ ဒါပေမယ့် အခု
အလုပ်ကိစ္စအတွက် ဆွေးနွေးမယ့် ကျ
ရဲ့ စံအိမ်တော်မှာ ရိုင်းစိုင်းဖို့ မလိုပါဘူ

ဦးထွင့်ခေါင်မိုးက အေးတိအေ
စက် လေသံဖြင့် ပြောလိုက်သည်။ သ
အသုံးပြုနေကျ ထိုလေယူလေသိမ်း
စကားသံသည် သာမန်လူများအပေါ်တွ
အစဉ်သဖြင့် အထိရောက်ဆုံး ဖြစ်
ရှိသည်။

သို့ရာတွင် ဟန်မြတ်ထွန်း
အလေးအနက်မထားပါချေ။

"ကျုပ်ရိုင်းတာမဟုတ်ဘူး။ ခင်
လုပ်ငန်းမှာ ဒီလူတွေဟာ ကျုပ်နဲ့အ
တွဲပြီး ခရီးသွားရမယ်ဆိုရင် သ



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကို ကျုပ်သိသင့်သိထိုက်သလောက် သိထားဖို့ လိုလိမ့်မယ်"

"ဒီမှာ ကိုယ့်လူ၊ မောင်ရင့်စကားကို ကျုပ်…"

ဦးထွင့်ခေါင်မိုးက တင်စီးသောလေသံဖြင့် ပြောဆိုဟန် စကားစလိုက်ချိန်တွင် ဟန်မြတ်ထွန်းက ဖြတ်၍ လက်ဝါးကာလျက် တားသည်။

"ကျုပ်ပြောစရာတစ်ခု ကျန်သေးတယ်။ ကျုပ်ဟာ ဘယ်သူ့ရဲ့ မောင်ရင်မှလည်း မဟုတ်ဘူး။ ကိုယ့်လူလည်းမဟုတ်ဘူး။ ဒါကြောင့် ကျုပ်ကို ငယ်ပေါင်းရင်းချာလို ဝိသေသပြုတာ မနှစ်သက်ဘူး။ ရှင်းလား။ ကဲ…သူတို့က ဘယ်သူတွေလဲဆိုတာ ပြောချင်ရင် ပြောနိုင်ပြီ"

ဟန်မြတ်ထွန်းက ကျွတ်ဆတ်ဆတ် မာကျောကျော ပြောလိုက်သည်။

ဦးထွင့်ခေါင်မိုးသည် သူ့ကိုယ်သူ လူကြီးလူကောင်းတစ်ယောက်၏ အဆင့်ထက်မြင့်သူဟူ၍ ယူဆထားသူ ဖြစ်သည်။ သို့ရာတွင် ဤဟန်မြတ်ထွန်းဆိုသူကို စိတ်ရှိလက်ရှိ နှိပ်ကွပ်ရမည်ဆိုလျှင် ချက်ချင်း အမှုန့်ဖြစ်သွားစေချင်သည်။

မည်သို့ပင်ဖြစ်စေ ပစ္စက္ခအခြေအနေတွင် ဟန်မြတ်ထွန်းအား အမှုန့်ဖြစ်သွားစေခြင်းအားဖြင့် မိမိအတွက် အကျိုးသက်ရောက်မှု မဖြစ်နိုင်ပါချေ။ ထို့ပြင် ဤသူသည် မိမိ၏ စံအိမ်ကြီးထဲသို့ ရောက်ရှိနေခြင်းကို ထိုသူ၏ အဖော်အပေါင်းတို့အားလည်း အသိပေးထားခဲ့ပေလိမ့်မည်။

စင်စစ်အားဖြင့် ဟန်မြတ်ထွန်းသိမြင်ထားခဲ့သော ပျောက်ဆုံးနေသော ရှေးဟောင်းနန်းမြို့ပျက်ကြီးနှင့် ပတ်သက်၍ မိမိသည် ကမ္ဘာနှင့်အဝှမ်း မီဒီယာလောကတွင် ထိပ်ဆုံးတစ်နေရာသို့ အောင်မြင်ကျော်ကြားစွာ ရောက်ရှိနိုင်မည်။ ထိုမျှမကသေးဘဲ အခြားလျှို့ဝှက်ချက်တစ်ခုသည်လည်း မိမိအတွက် အဆင်ပြေနိုင်လိမ့်ဦးမည်။ ယင်းလျှို့ဝှက်ချက်သည် မိမိဘဝတစ်လျှောက်လုံး လိုလားတပ်မက်စွာ မျှိသိပ်ခဲ့ရသော ဖြစ်ရပ်တစ်ခုပင်။

ထို့ကြောင့် ဦးထွင့်ခေါင်မိုးက သူ၏ ဒေါသကို နိုင်နင်းစွာ ထိန်းသိမ်းပြီးနောက် ဧည့်ခန်းဆောင်အတွင်းရှိ သူ၏ဝန်ထမ်းများနှင့် ပတ်သက်၍ လက်ညှိုးညွှန်၍ ပြောပြသည်။

"ဟောဒီ သက်မောင်မောင်ကျော်ကိုတော့ ကျုပ်ရဲ့လုပ်ငန်းမှာ နိုင်ငံတကာဆက်သွယ်ရေးဆိုတာ ခင်ဗျားသိပြီးသားဖြစ်မှာပါ။ အဲဒီလူက ကျုပ်ရဲ့ မီဒီယာလောက အင်ပိုင်ယာကြီးမှာ အထွေထွေမန်နေဂျာ စိန်ဘညိုတဲ့။ နောက်ပြီး ဒီအမျိုးသမီးကတော့ ကျုပ်ရဲ့ Personal Asistant ကိုယ်ရေးအတွင်းရေးမှူးဖြစ်တဲ့ မာလာရွှေစင်ပါ"

"ကောင်းပြီ၊ ဒါလောက်သိရရင်ပြီးတာပဲ။ သူတို့ကို ကျုပ် ဒါထက်ပိုပြီး စိတ်ဝင်စားစရာ အကြောင်းမရှိဘူး။ ကျုပ်အတွက် ဆောင်ရွက်ခ ဘယ်လောက်လို့ သတ်မှတ်ထားသလဲ"

ဦးထွင့်ခေါင်မိုးက မျက်ခုံးတစ်ဖက်ပင့်၍ကြည့်သည်။

"သက်မောင်မောင်ကျော်က ငွေကြေးကိစ္စ ကြိုတင်ပြောမထားဘူးလား။ ဒါဆိုရင်လည်း ကျုပ်က သိန်းနှစ်ဆယ်လို့ သတ်မှတ်ထားပါတယ် မိတ်ဆွေ"

ဦးထွင့်ခေါင်မိုး၏ လေယူလေသိမ်းနှင့် စကားလုံးအသုံးအနှုန်းက လိုက်လျောညီထွေ ချိုသာနေသည်။ သူ ယင်းကဲ့သို့ လိုက်လျောမှု အစွမ်းကုန်ပြုလုပ်နေပြီဆိုလျှင် သူ့လက်အောက်ခံဝန်ထမ်းအားလုံး ဖိမ့်ဖိမ့်တုန်အောင် ခံစားကြရစမြဲ ဖြစ်သည်။ မုန်တိုင်းတိုက်ခါနီး လေပြေတိုက်ခတ်သည့်ပမာ။

"ကျုပ်က ခင်ဗျားရဲ့မိတ်ဆွေ မဟုတ်ဘူး။ ကျုပ်လိုချင်တာ သိန်းငါးဆယ်ပဲ။ ကျုပ်လက်ထဲကို စရန်ငွေထက်ဝက် ကြိုတင်ထည့်ပေးထားမှ လုပ်ငန်းစနိုင်မယ်။ အဲဒီ ပျောက်ဆုံးနေတဲ့ မြို့ပျက်နေရာကိုရောက်တာနဲ့ ကျန်ငွေအပြတ်ပေးရမယ်"

ဟန်မြတ်ထွန်းက ယတိပြတ်ပြောလိုက်သည်။

"အဲဒီလောက် ငွေပမာဏပေးရရင် လုပ်အားအပြည့်အဝနဲ့ ထိုက်တန်အောင် ဆောင်ရွက်မှုဖြစ်မယ်။ ဒီ့ထက်နည်းနည်းလောက် လျှော့ပါဦးလား မိတ်ဖြစ်ဆွေဖြစ်ပေါ့"

ဦးထွင့်ခေါင်မိုးက သွေးတိုးစမ်းလိုက်သည်။

"ကျုပ်ပြောထားတဲ့နှုန်းကို များတယ်ထင်ရင်လည်း အခုအချိန်က စပြီး အဲဒီအကြောင်းကို မေ့လိုက်ပေတော့။ ကဲ…ကျုပ်သွားမယ်"

ဟန်မြတ်ထွန်းက ယတိပြတ်ပြော၍ ထိုင်ရာမှ ထလိုက်သည်။ ထိုအခါ ဦးထွင့်ခေါင်မိုးက ပျာပျာသလဲဖြင့်…

"ကျုပ်က ကိုဟန်မြတ်ထွန်းပြောတဲ့ နှုန်းကို မပေးဘူးလို့ မငြင်းပါဘူး။ ဖြစ်နိုင်မလားလို့ အလျှော့အတင်း မေး



www.burmeseclassic.com

www.burmeseclassic.com

ကြည့်တာပါ။ မလျှော့နိုင်ရင်လည်း ခင်ဗျား ပြောတဲ့ နန်းအတိုင်း ဖြစ်ရပါစေ့မယ်"

ဟူ၍ ချိုသာစွာ ပြောလိုက်သည်။

ကျန်လူအားလုံးက အံ့ဩနေကြသည်။ သူတို့နှင့် ဦးထွင့်ခေါင်မိုး ဆက်ဆံခဲ့ဖူးသမျှ ကာလပတ်လုံး တစ်ကြိမ်တစ်ခါမျှ ဤမျှလောက် လိုက်လျော အလျှော့ပေးခြင်းမျိုး မတွေ့ဖူး။ အမြင်ဖူး မကြားဖူးခဲ့ကြပါချေ။

••••• ••••• •••••

ဦးထွင့်ခေါင်မိုးသည် စီးပွားရေး လုပ်ငန်းရှင် ပီသသည်။ သူ၏ဆန္ဒကို အကောင်အထည်ဖော်နိုင်ရန် စိတ်ထိန်း ချုပ်နိုင်မှုတွင် အဆင့်မြင့်သူ ဖြစ်သည်။ သူက ဟန်မြတ်ထွန်းကို ယမကာဖြင့် ဧည့်ခံသည်။ ဟန်မြတ်ထွန်းက သောက် ရင်းစားရင်း ထိုဒေသရှိ ရှေးဟောင်းမျိုး နွယ်စုသုံးစုအကြောင်းကို ပြောပြခဲ့သည်။

"အဲဒီ ရှေးဟောင်းမျိုးနွယ်စု သုံးစု က အတူတူ ပူးပေါင်းမနေကြဘူးလားဗျ"

ဦးထွင့်ခေါင်မိုးက ဖြတ်မေးသည်။ ဟန်မြတ်ထွန်းက တည်ငြိမ်စွာဖြေသည်။

"သူတို့အချင်းချင်း မျိုးနွယ်အုပ်စု အလိုက် ခွဲခွဲခြားခြား၊ တသီးတသန့်နေ ကြတာ။ ပါချက်ဆိုတဲ့အုပ်စုက သူတို့နဲ့ မျိုးနွယ်အုပ်စုချင်း မတူသူမှန်သမျှကို တွေ့တဲ့နေရာမှာ အဆိပ်ပြောင်းနဲ့ မှုတ် တယ်၊ ဒါမှမဟုတ် အဆိပ်မြားတစ်ခု၊ နှစ်ခုနဲ့ ပစ်ခတ်လိုက်တယ်။ သေချင်သေ ပစေဆိုပြီး ထ...းပစ်ခဲ့ရုံကလွဲလို့ ဘာမှ မလုပ်ဘူး။ တော်တော်...ယဉ်ကျေးတဲ့အုပ်စု လို့ ခေါ်နိုင်ပါတယ်"

"အဆိပ်ပြောင်း၊ အဆိပ်မြား...နဲ့ ပစ် သတ်တဲ့ မျိုးနွယ်အုပ်စုကို ယဉ်ကျေး တယ်လို့ ဘယ်သူကသတ်မှတ်ခဲ့တာလဲ"

"နိုင်းယှဉ်ချက်အရ ကျုပ်တို့လို လူယဉ်ကျေးတွေက သတ်မှတ်တာပေါ့ ဗျာ။ နာပဂိုရီ အုပ်စုကတော့ နည်းနည်း ကွဲပြားတယ်။ အဲဒီ နာပဂိုရီ ရှေးဟောင်း မျိုးနွယ်တွေကတော့ တခြားလူသားမျိုး နွယ်ကို သတိလစ်မေ့မြောသွားစေလောက် တဲ့ အဆိပ်မြားလောက်ပဲ သုံးတယ်။ အဲဒီသတိလစ်မေ့မြောနေတဲ့ လူကို သူတို့ ရွာထဲ ဆွဲခေါ်သွားပြီး သတိရတဲ့အချိန်မှာ တစ်ရက်၊ နှစ်ရက်လောက် ညှဉ်းဆဲသေး တယ်။ သေသွားတဲ့အခါကျတော့ တစ် ကိုယ်လုံးကျုံပြီး ခြောက်သွေ့သွားအောင် ရက်ပေါင်းများစွာ ဆေးရည်စိမ်တယ်။ တောထဲမှာရှိတဲ့ သစ်ခေါက်တစ်မျိုးရဲ့ အရည်နဲ့ စိမ်တာ။ နောက်ဆုံး တစ် တောင်သာသာလောက် ဖြစ်သွားတော့မှ ကျကျနန ဆေးရောင်စုံခြယ်တယ်။ သူတို့အိမ်ရှေ့မှာရှိတဲ့ ညောင်ပင်ကြီးရဲ့ အကိုင်းအခက်တွေမှာ ချိန်ဆွဲပြီး လှလှ ပပ တန်ဆာဆင်တယ်။ ဒါပေမယ့် အဲဒီ နာပဂိုရီ မျိုးနွယ်တွေက ဒီလောက် မရက် စက်ကြသေးဘူး"

"ဟာ…ဒါထက် ပိုဆိုးသွမ်းရက် စက်စရာ ရှိသေးလို့လား"

သက်မောင်ကျော်က မျက်နှာကြီး ရှုံ့မဲ့လျက် မေးသည်။

"နာပဂိုရီမျိုးနွယ်တွေ ရက်စက် တယ်ဆိုတာ ကာဆီမှုမျိုးနွယ်တွေရဲ့ ခြေ ဖျားတောင် မမီဘူး။ အဲဒီ ကာဆီမှုရှေး ဟောင်းမျိုးနွယ်တွေကို ဘယ်သူမှ သေ ချာ မတွေ့မမြင်ဖူးကြဘူး။ တွေ့ဖူးမြင်ဖူး တဲ့ လူဆိုရင်လည်း သူတို့လက်ထဲက အသက်ရှင်လျက်နဲ့ ပြန်လွတ်...

ထုံးစံမရှိဘူး"

"ဒါဆို ခင်ဗျား ဘယ်လိုလု... ကာဆီမှုမျိုးနွယ်စုတွေအကြောင်း သိ... သလဲ"

"နယ်ခြားမြို့လေးကို သဘော... လို့ အဲဒီမှာ အခြေချနေထိုင်တဲ့ ကာဆီ... မျိုးနွယ် တစ်ယောက်နဲ့ တွေ့ခဲ့ရက... ကိုယ်တွေ့ပြောပြတာ ကြားခဲ့ဖူးတယ်... သူငယ်စဉ်က ကာဆီမှုရွာမှာ နေခဲ့... တယ်။ အဲဒီအချိန်တုန်းက တခြားလူ... သားမျိုးနွယ်တွေကို မကြာခဏ ဖမ်း... ကြတာ တွေ့ခဲ့ဖူးသတဲ့။ သူတို့ရွာသား... တွေ လူသားစားကြတာ မဆန်းပါဘူး... ဒါပေမယ့် အရှင်လတ်လတ် ရေနွေး... ထည့်ပြုတ်စားရင် ပိုပြီးအရသာရှိတယ်... ကာဆီမှုသက်ကြီးရွယ်အိုတစ်ယောက်က... အကြံပေးတယ်။ အဲဒီအချိန်ကစပြီး... ကထာန်းတွေ၊ ပုစွန်တုပ်တွေကို အရှင်... လတ်လတ် ပြုတ်စားသလိုမျိုး ကာဆီ... တွေ လူကို အရှင်လတ်လတ်ပြုတ်စား... တာကို ခံတွင်းတွေ့သွားကြသတဲ့။ အဲ... တွေကိုမြင်တိုင်း စိတ်ချောက်ချားပြီး... အိပ်မက်ဆိုးတွေ မက်နေလို့ အပြီးထွက်... လာသတဲ့"

ဟန်မြတ်ထွန်း၏ စကားအဆုံးတွင်... ကျန်လူသားအားလုံး တစ်ယောက်မျက်... နှာ တစ်ယောက် ဖျတ်ခနဲကြည့်လိုက်... သည်။ တစ်စုံတစ်ယောက်က မေးခွန်း... တစ်ခုခု မေးတော့မည့်ဟန်ပြင်စဉ် ဟ... မြတ်ထွန်းက လက်ဝါးကာ၍တားလိုက်... သည်။

"နေစမ်းပါဦး။ ကျုပ်စကားမဆုံး... သေးဘူး။ အဲဒီလို လူသားစားတဲ့ ...



www.burmeseclassic.com

www.burmeseclassic.com

သရဲတွေ ပိုင်းရံနေတဲ့ ရှေးဟောင်းမြို့ပျက်ကို ခင်ဗျားတို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်အောင် ကျုပ်က သက်စွန့်ဆံဖျား ပို့ပေးရမှာဖြစ်တယ်။ ခင်ဗျားတို့အားလုံး ကျုပ်ပြောတဲ့အတိုင်း လိုက်နာမှသာ အဲဒီ နန်းမြို့တော်လို့ ခေါ်ဝေါ်သမုတ်ကြတဲ့ ပျောက်ဆုံးနေသော ရှေးဟောင်းမြို့အထိ ဘေးမသီရန်မခ ရောက်အောင်ပို့ပေးမယ်။ အဲဒီမြို့တော်ကိုရောက်ရင် ကျုပ်တာဝန် ကျေပြီ"

"ဒါဖြင့် အပြန်ခရီးအတွက်က ဘယ်လိုလဲ"

သက်မောင်မောင်ကျော်က ပြေပြေပြစ်ပြစ် မေးသည်။

"ခုနကပြောပြခဲ့တဲ့ လူရိုင်းမျိုးနွယ် အုပ်စုသုံးစုရဲ့လက် အသက်ရှင်လျက် လွတ်ပြီဆိုတော့မှ အပြန်ခရီးအတွက်ဆိုတဲ့စကားကို ထပ်ပြီးပြောကြရအောင်"

စကားအဆုံးတွင် ဟန်မြတ်ထွန်းက ထိုင်ရာမှ ထလိုက်သည်။ သူ့ကို ဦးထွန်ခေါင်မိုးက လှမ်းကြည့်နေသည်။

"ခင်ဗျားနဲ့ ကျုပ် ခရီးသွားမယ့် ကိစ္စအတွက် အစီအစဉ်ဆွဲဖို့ ကိစ္စအတွက် ဘယ်တော့ထပ်တွေ့မလဲ"

ဦးထွန်ခေါင်မိုးက မေးသည်။

"အစီအစဉ်တွေကို ခင်ဗျားဆွဲစရာ မလိုဘူး ဦးထွန်ခေါင်မိုး။ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီနေရာဒေသကို ခင်ဗျား လုံးဝမကျွမ်းဘူး။ တစ်ခါမှလည်း မရောက်ဖူးဘူး။ ကျုပ်အစီအစဉ်ဆွဲမယ်။ ကျုပ်ရဲ့ ဆက်သောက်နှစ်ယောက်နဲ့အတူ ညနေ မြန်လာခဲ့မယ်။ လိုအပ်တဲ့ပစ္စည်းစာရင်း လည်း ပေးမယ်။ မြစ်လက်တက်ရဲ့ အစပ်အထိ ပို့ပေးမယ့် ထရပ်ကားနဲ့ ရေပေါ် ရုပ်ပြေးယာဉ် Hover Craft တစ်စီးလို မယ်"

ပြောပြီးသည်နှင့် ဟန်မြတ်ထွန်းသည် မည်သူ့ကိုမှ အလေးအနက် နှုတ်မဆက်ဘဲ ဧည့်ခန်းထဲမှ ပြန်ထွက်သွားသည်။ မာလာရွှေစင်က ဒေါသဖြစ်နေပုံရသည်။

"ဒီလောက် ရိုင်းစိုင်းကြမ်းတမ်းတဲ့လူကို ရှင်ဘယ်လိုလုပ်ပြီး ရှာတွေ့ခဲ့တာလဲ ကိုသက်မောင်မောင်ကျော်"

သက်မောင်မောင်ကျော်က တစ်စုံတစ်ရာ ဖြေတော့မည်ဆဲဆဲတွင် ဦးထွန်ခေါင်မိုးက ဝင်၍ပြောလိုက်သည်။

"အဲဒီ ဟန်မြတ်ထွန်းက ရိုင်းစိုင်းကြမ်းတမ်းတာတော့ အမှန်ပဲ။ ဒါပေမယ့် သူသိထားတဲ့ နေရာဒေသကို ကျန်တဲ့ ဘယ်သူမှ မသိနိုင်ဘူး။ ဒါကြောင့် သူ့ကျွမ်းကျင်မှုကို တို့က အခကြေးငွေ ပေးပြီး ခေါင်ရှက်နိုင်းရတာ"

"ဒါပေမယ့် ကျွန်မထင်တာက သူကသာ ကျွန်မတို့အပေါ်မှာ အနိုင်ယူသွားလိမ့်မယ်ထင်တယ် ဦးထွန်ခေါင်မိုး"

သူမက ခံပြင်းစွာပြောလိုက်သည်။

သို့ရာတွင် ဦးထွန်ခေါင်မိုးသည် ဧည့်ခန်းဆောင်၏အပြင်ဘက်သို့ ပြတင်းခန်းဆီးကို ဘေးဆွဲဖယ်၍ ကြည့်လိုက်သည်။ အဆောက်အဦ၏ ဘေးဘက်တွင် ရပ်တန့်ထားသော ဖို့ဒ်ကားပေါ်၌ စတီယာရင်နောက်တွင် ထိုင်နေသော လူတစ်ယောက်သည် ဦးထွန်ခေါင်မိုးရှိရာသို့ လှမ်းကြည့်သည်။ ဦးထွန်ခေါင်မိုးက အမှတ်မထင်ဖြင့် ဦးခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ ထိုအခါ စတီယာရင်နောက်တွင် ထိုင်နေသူသည် ကားကို စက်နှိုး၍ မောင်းထွက်သွားသည်။ ထိုဖို့ဒ်ကားသည် မကြာသေးမီက ခြံထဲမှ မောင်းထွက်သွားသော ကာဒီလက်ကား၏ နောက်မှ အကွာအဝေးမှန်မှန်ဖြင့် လိုက်ပါသွားသည်။ ထိုကားထဲတွင် ဟန်မြတ်ထွန်းပါသွားသည်။

သို့ရာတွင် နောက်မှလိုက်လာသော ဖို့ဒ်ကားကို ကာဒီလက်ကားက ဆယ့်ငါးမိနစ်အတွင်း မျက်ခြည်ပြတ်နိုင်ခဲ့သည်။ ကာဒီလက်ကားပေါ်မှ ဟန်မြတ်ထွန်း၏ နှုတ်ခမ်းထောင့်တွင် အပြုံးရိပ် တစ်ခု ဖြစ်ပေါ်နေလေသည်။

••••• ••••• •••••

ညနေစောင်းတွင် ဦးထွန်ခေါင်မိုး၏ ဧည့်ခန်းဆောင်တွင် နံနက်ပိုင်းက တွေ့ဆုံခဲ့ကြသော လူဦးရေထက် နှစ်ယောက် တိုးနေသည်။ နံနက်ပိုင်း နောက်ဆုံးမှ ရောက်သူ ဓာတ်ပုံဆရာကို ဦးထွန်ခေါင်မိုးက မိတ်ဆက်မပေးဖြစ်ခဲ့ပါချေ…။ ဟန်မြတ်ထွန်းနှင့်ပါလာသူနှစ်ဦးမှာ ဟန်မြတ်ထွန်း၏ လုပ်ဖော်ကိုင်ဖက်ဖြစ်ကြသော မင်းထွန်းနှင့် ဝင်းထွန်း ဖြစ်ကြသည်။

ဓာတ်ပုံဆရာ သင့်မြတ်သည် သူ့နာမည်နှင့်မလိုက်အောင် မျက်နှာထားက ရှုပ်ပုပ်၊ ရှုတင်းတင်းဖြစ်နေသည်။ ဟန်မြတ်ထွန်းက စတင်၍ သူ့အဖော်နှစ်ဦးကို လက်ညှိုးညွှန်ကာမိတ်ဆက်ပေးသည်။

"ကျွန်တော့်အတွက် အရေးကြီးတဲ့ အခြေအနေ၊ အချိန်အခါရောက်တိုင်း အမြဲတမ်း ကူညီစွန့်စားတတ်တဲ့ အမြွာညီအစ်ကို မင်းထွန်းနဲ့ ဝင်းထွန်း ဖြစ်ပါတယ်"

www.burmeseclassic.com

ထိုအခါ ဦးထွန်းခေါင်မိုးက သူ့လူကို မေးငေါ့ပြလျက်···

"အဲဒါ ကျုပ်တို့စာပေတိုက်ရဲ့ ဓာတ်ပုံသတင်းထောက် ကိုသင့်မြတ်ဖြစ်ပါတယ်။ ကျုပ်တို့ခရီးစဉ်မှာ သူ့ကိုလည်း ခေါ်သွားဖို့ လျာထားတယ်"

"ဓာတ်ပုံသတင်းထောက်ထဲမှာ သူတစ်ပါးရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေကို နိုးကြောင်နိုးဝှက် ရှာဖွေဖော်ထုတ်ပြီး ငွေညှစ်တတ်တဲ့အမျိုးအစားဆိုရင်တော့ ကျုပ်လုံးဝမဆက်ဆံချင်ဘူး"

ဟန်မြတ်ထွန်း၏ စကားကြောင့် သင့်မြတ်၏ ရှုတင်းတင်း၊ စူပုပ်ပုပ် မျက်နှာကြီးတစ်ခုလုံး နီရဲသွားသည်။ သူသည် ကိုယ်ခန္ဓာ ကြီးမားတုတ်ခိုင်သူ ဖြစ်သည်။ ထိုင်ရာမှ လျင်မြန်စွာထလိုက်ပြီးနောက် ဟန်မြတ်ထွန်းရှိရာသို့ လျှောက်သွားသည်။ လက်တစ်ကမ်းစာအကွာတွင် ရပ်လိုက်သည်။ သူ၏ ကြီးမားသော ညာလက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်သည်။

"ဒီမှာကိုယ့်လူ···စကားပြော ဆင်ခြင်ရင်ကောင်းမယ်။ ဒါ ကျုပ်ကိုသိက္ခာချတာလား။ စိန်ခေါ်ချင်တဲ့သဘောလား။ ဒါမှမဟုတ် ကျုပ်ကို မလိုက်စေချင်တာလား"

လေသံမာမာဖြင့် ဟန်မြတ်ထွန်းနှင့် မျက်လုံးချင်းဆိုင်လျက် မေးသည်။ ဟန်မြတ်ထွန်းက ထိုင်ရာမှ ဖြည်းဖြည်းချင်းထလိုက်သည်။

"ကျုပ်···ဘယ်သူ့လူမှ မဟုတ်ဘူး။ ဒါကြောင့် ကိုယ့်လူဆိုတဲ့ အသုံးအနှုန်းကို ဆင်ခြင်ပါ။ ခင်ဗျားလုပ်ခဲ့ဖူးတဲ့ လုပ်ရပ်နဲ့ ပတ်သက်လို့ မကြာသေးမီက ရုပ်ရှင်မင်းသမီးတစ်ယောက်ရဲ့ အတင်းအဖျင်းကို မဟုတ်တမ်းတရား လီဆယ်ရေးလို့ အသရေဖျက်မှုနဲ့ ခင်ဗျားကို တရားစွဲထားတယ်။ ရဲတပ်ဖွဲ့ဝင်တွေနဲ့ မျက်နှာချင်းဆိုင် မပြေရှင်းရဲလို့ ခရီးထွက်တာ ဖန်းပြပြီး ရှောင်ပြေးဖို့ကြိုးစားတာဆိုရင် ခင်ဗျားရဲ့ဘော့စ် ဦးထွန်းခေါင်မိုး သဘောအတိုင်း···"

ဟန်မြတ်ထွန်း၏ စကားမဆုံးမီ သင့်မြတ်က ဟန်မြတ်ထွန်းမျက်နှာကို ဝိုက်လက်သီးတစ်ချက် ပေးလိုက်သည်။ ယင်းသို့ ပြုလုပ်တော့မည်ကို ကြိုတင်သိထားသော ဟန်မြတ်ထွန်းက လက်သီးနှင့် လွတ်ရုံမျှ အသာအယာ တိမ်းလိုက်သည်။ တစ်ချိန်တည်းမှာပင် အရှိန်လွန်လာသော သင့်မြတ်၏ ခန္ဓာကိုယ်မှ ဝမ်းဗိုက်သို့ ညာပင့်လက်သီးတစ်ချက် မြှုပ်နှံထိုးသွင်းလိုက်သည်။

"ဟပ်"ခနဲ သင့်မြတ်ပါးစပ်ထဲမှ လေတစ်ချက် အန်ထွက်သည်။ ခါးကုန်းသွားပြီး ဝမ်းဗိုက်ကို လက်ဖဝါးနှစ်ဖက်ဖြင့် ဖိနှိပ်လိုက်စဉ် ဟန်မြတ်ထွန်း၏ ဘယ်ဘက်လက်ဝါးစောင်းသည် သင့်မြတ်၏ နားထင်သို့ အဆစ်သဘောမျိုး ဖြည့်စွက်လိုက်သည်။ ထိုအခါ သင့်မြတ်သည် ခါးကုန်းလျက်သား အနေအထားမှ ဒူးညွှတ်ပျော့ခွေကျသွားကာ လုံးလုံးလျားလျား မှောက်သွားတော့သည်။ သူ့အနေနှင့် ယာယီအားဖြင့် သူ့ဝန်းကျင်လောကကြီးတစ်ခုလုံးကို အဆက်ပြတ်သွားခြင်း ဖြစ်သည်။ ယခုအချိန်တွင် သင့်မြတ်၏ အမြင်အာရုံထဲတွင် မှောင်အတိကျနေလေပြီ။ သူ၏အကြားအာရုံထဲတွင်လည်း ပကတိဆိတ်သုဉ်း၍ ခန္ဓာကိုယ်၏ ထိတွေ့ခံစားမှုဝေဒနာသည်လည်း အခိုက်အတန့်ကာလတွင် လုံး… ပျောက်ကွယ်နေသည်။

"မထော်မနန်းပြောတဲ့လူတွေ… နှိပ်ကွပ်တဲ့သူတွေထဲမှာ ခင်ဗျားက လက်… အသွက်ဆုံးပဲ ကိုဟန်မြတ်ထွန်း"

ဦးထွန်းခေါင်မိုးက လက်ခုပ်တစ်ချက် နှစ်ချက် တီး၍ ဩဘာပေးသည်။ စင်စစ်အားဖြင့် သူ့ဦးနှောက်ထဲတွင် ဟန်မြတ်ထွန်းကဲ့သို့သော လူအမျိုးအစားကို မည်သည့်အခါမှ လက်ရုံးရည်ချင်း မယှဉ်သင့်ကြောင်း တိတိပပ နားလည်သဘောပေါက်မှတ်သားထားလိုက်သည်။

"ကျုပ်က အကြောင်းမဲ့နှိပ်ကွပ်တာ မဟုတ်ပါဘူးဗျာ။ သူက အပိုင်တွက်ပြီး စဖွင့်လို့ သင်ခန်းစာပေးလိုက်ရတာပါ"

ဟန်မြတ်ထွန်းက ပေါ့ပေါ့ဆဆ ရှင်းပြသည်။

"ခင်ဗျား ကိုသင့်မြတ်အကြောင်းနဲ့ပတ်သက်လို့ တော်တော်သိနေတာပဲနော်။ ဒါဆိုရင် ကျုပ်အကြောင်းရော ဘယ်လောက်အထိ သိထားလဲ"

"သူ့အကြောင်းကို စာနယ်ဇင်းတွေဖတ်တဲ့လူတိုင်း သိနေတာပဲ။ ဦးထွန်းခေါင်မိုးအကြောင်းကတော့ သက်မောင်မောင်ကျော်နဲ့တွေ့မှ သူပြောပြလို့ သိရတာပါ။ ဒီ့အရင်က လုံးဝမကြားဖူးပါဘူး"

ဟန်မြတ်ထွန်းက တည်ငြိမ်စွာ ပြောသည်။

ဦးထွန်းခေါင်မိုးက ဧည့်ခန်းကြမ်းပြင်ပေါ်တွင် မှောက်လျက်သား ငြိမ်သက်နေသော သင့်မြတ်ကို တစ်ချက်မျှ ငုံ့ကြည့်သည်။ ထို့နောက် စားပွဲ…



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းလောင်းကို နှိပ်လိုက်သည်။ မကြာမီ အလုပ်သမားတစ်ယောက် ဝင်လာ၍ သတိလစ်မေ့မြောနေသော သင့်မြတ်ကို ထမ်း၍ထုတ်သွားလေသည်။ ထိုအလုပ်သမား၏ မျက်နှာပေါ်တွင် အံ့ဩရိပ် တစ်ခုမှ မတွေ့ရပါချေ။ ထို့ကြောင့် ယင်းကဲ့သို့သော ဖြစ်ရပ်မျိုးများသည် ဤနေရာတွင် ရိုးနေပုံရသည်။

"ဒါထက် ကိုဟန်မြတ်ထွန်းခေါ်လာတဲ့ အမြွှာညီအစ်ကိုရဲ့ပုံစံက တကယ် ထက်မြက်မယ့်ပုံပဲ"

ဦးထွင့်ခေါင်မိုးက မင်းထွန်းနှင့် ဝင်းထွန်းတို့ကို တစ်လှည့်စီအကဲခတ်၍ မှတ်ချက်ချသည်။

"သူတို့နှစ်ယောက်စလုံးဟာ အခုလို ညှို့ခန်းဆောင်ထဲမှာ နေရတာ စိတ်ကျဉ်းကျပ်တယ်။ ဒါပေမယ့် တောထဲတောင်ထဲမှာဆိုရင်တော့ အင်မတန် လွတ်လပ်ပျော်ရွှင်သူတွေပါ။ ရှဥ့်မုဆိုးတွေရဲ့ မျက်လုံးမျိုးရှိတယ်"

"အဲဒါ ဘာကိုဆိုလိုတာလဲ"

မာလာရွှေစင်က ဖြတ်မေးသည်။

"အမြင်အာရုံကို နှိုင်းယှဉ်တင်စားပြောတာဗျ။ သူတို့နှစ်ယောက်စလုံးက ကိုက်တစ်ရာအကွာအဝေးမှာ ထောင်ထားတဲ့ ဖဲချပ်ကို ပြောင်းရှည်သေနတ်နဲ့ ထိမှန်အောင် ပစ်နိုင်တယ်။ အများအားဖြင့် သေနတ်သမားတိုင်းဟာ အဲဒီလောက်အကွာအဝေးမှာရှိတဲ့ ဖဲချပ်ကို တောင် မမြင်နိုင်ကြတော့ဘူး"

"ရှင့်စကားက ခြိမ်းခြောက်တဲ့ သဘောမျိုးနဲ့ ပြောတာလား"

"မဟုတ်ဘူး။ ခင်ဗျားတို့အတွက် စိတ်ချရအောင် ပြောထားတာ။ တောဝက်တွေ၊ မိကျောင်းတွေ၊ လူသားစားတဲ့ လူရိုင်းမျိုးနွယ်စုတွေနဲ့ ရင်ဆိုင်တဲ့အခါကျရင် သူတို့နှစ်ယောက်ရဲ့ အရည်အချင်းက ခင်ဗျားတို့အတွက် ဘယ်လောက်အထိ လုံခြုံစိတ်ချရတယ်ဆိုတာ ကိုယ်တွေ့မျက်မြင် ဖြစ်ရပါစေမယ်။ ဒါပေမယ့် ကျုပ်အခုကတည်းက ကြိုပြောထားချင်တယ်။ အခု ကျုပ်တို့သွားမယ့် ခရီးစဉ်က ခင်ဗျားတို့မြို့ပြမှာ ပျော်ပွဲစားထွက်တာမျိုး မဟုတ်ဘူး။ ရှင်းတယ်နော်"

"ကောင်းပါပြီ။ ဒါထက် အဲဒီခရီးစဉ်အတွက် အစီအစဉ်ကိုတော့ ကိုဟန်မြတ်ထွန်းကို ကျွမ်းကျင်သူတစ်ယောက်အနေနဲ့ စိတ်တိုင်းကျ လုပ်ခွင့်ပေးထားတယ်။ ဒါပေမယ့် ဒီခရီးစဉ်တစ်လျှောက်မှာ ဘယ်သူကြီးကြပ်မယ်ဆိုတာ မဆုံးဖြတ်ရသေးဘူး မဟုတ်လား"

မာလာရွှေစင်က စကားဦးတည်ချက် ပြောင်းပေးသည်။ သူမအနေနှင့် ဦးထွင့်ခေါင်မိုး၏ ဆန္ဒအတိုင်း လမ်းကြောင်းလှည့်ပေးလိုက်ခြင်း ဖြစ်သည်။

"ကျုပ်ဆုံးဖြတ်ပြီးပြီ။ ကျုပ်ကိုယ်တိုင် ကြီးကြပ်အုပ်ချုပ်မယ်"

ဟန်မြတ်ထွန်းက ပြတ်သားခိုင်မာစွာ ပြောသည်။

ဦးထွင့်ခေါင်မိုးသည် သူ၏စိတ်ကို ထိန်းသိမ်းနိုင်မှုစွမ်းအား လျော့ပါးသွားသည်။ ရှင်းရှင်းဆိုရလျှင် သူစိတ်ကိုသူ ထိန်းချုပ်မထားဘဲ လွှတ်ခနဲပြောလိုက်သည်။

"ဒီမှာ ကိုဟန်မြတ်ထွန်း။ ဒီခရီးစဉ်တစ်ခုလုံးအတွက် ကျုပ်က အကုန်အကျခံရမယ့် ငွေရှင်"

ဦးထွင့်ခေါင်မိုးက ဒေါနှင့်မာန်နှင့် ပြောသည်။ သာမန်အားဖြင့်ဆိုလျှင် ဦးထွင့်ခေါင်မိုး၏ဒေါသကို သူ့အုပ်ချုပ်မှုလက်အောက်ရှိ ဝန်ထမ်းအားလုံး လူကြီးလူငယ်မရွေး သူ့အရှိန်အဝါ၊ ဩဇာအာဏာကို ကြောက်ရွံ့ကြသည်။ ထို့ကြောင့် ဦးထွင့်ခေါင်မိုးအား အလျှော့ပေးလေ့ရှိကြသည်။ သို့ရာတွင် ဟန်မြတ်ထွန်းသည် နယ်နယ်ရရတစ်ယောက် မဟုတ်ရုံမျှမက ဦးထွင့်ခေါင်မိုး၏ ဒေါသကိုလည်း အလေးအနက် ပမာမထားပါချေ။ သူက ဖြတ်ပြောသည်။

"သဘော်ပိုင်ရှင်ဟာ သူခန့်ထားတဲ့ သဘော်မာလိန်မှူးကို လစာအပြည့်အဝပေးရတယ်။ ဒါပေမယ့် ပင်လယ်ထဲရောက်တဲ့အခါကျရင် ဘယ်သူက တာဝန်ရှိလဲ၊ ဘယ်သူဦးဆောင်တာကို လိုက်နာရသလဲ။ အခုလည်း ဒီအတိုင်းပဲ။ တောနက်ကြီးထဲမှာ ကျုပ်က တာဝန်ယူရမှာ။ တကယ်လို့သာ . . . ကျုပ်ဦးမဆောင်ခဲ့ရင် ခင်ဗျားတို့အားလုံးရဲ့ အသက်ဟာ အဲဒီတောထဲမှာ တစ်ရက်တောင် မရှင်နိုင်ဘူး။ ရှင်းလား"

ညှို့ခန်းဆောင်ထဲတွင် ရုတ်တရက် တိတ်ဆိတ်သွားလေသည်။ ဦးထွင့်ခေါင်မိုးနှင့် ဟန်မြတ်ထွန်းကြားတွင် အခြေအနေ အလွန်တရာ တင်းမာနေပုံမှာ ထင်ရှားသိသာနိုင်သည်။

ထိုအခိုက်အတန့်တွင် သက်မောင်မောင်ကျော်သည် ကုလားထိုင်လက်တန်းနှစ်ဖက်ကို သူ၏ လက်ဝါးနှစ်ဖက်ဖြင့် ဆုပ်ကိုင်အားပြုလျက် ထိုင်ရာမှ ညင်သာစွာ ထလိုက်သည်။ ထို့နောက် ဦးထွင့်ခေါင်မိုးရှိရာသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားသည်။ သူ၏မျက်လုံးအစုံ



www.burmeseclassic.com

www.burmeseclassic.com

သည် ပကာတိနီရဲနေသည်။

"ဆရာ…ကျွန်တော့်ကို စကား တစ်ခွန်းလောက် ပြောခွင့်ပြုပါ"

သက်မောင်မောင်ကျော်က တောင်းပန်သည့် အမူအရာဖြင့် ဦးထွင့်ခေါင်မိုးအား စိုက်ကြည့်လိုက်သည်။ ဦးထွင့်ခေါင်မိုးက "ပြောပါ"ဟူသော အမူအရာဖြင့် ခေါင်းတစ်ချက် ဆတ်ပြသည်။

"ကိုဟန်မြတ်ထွန်း မပါဘဲနဲ့တော့ အဲဒီပျောက်ဆုံးနေသော ရှေးဟောင်းမြို့တော်ခရီးစဉ်ကို မသွားပါနဲ့တော့။ တကယ်လို့ သွားမှဖြစ်မယ်ဆိုရင်လည်း ကိုဟန်မြတ်ထွန်းကလွဲလို့ တခြား ဘယ်သူမှ အဲဒီခရီးစဉ်ကို ချောချောမောမောရောက်တဲ့အထိ ဦးဆောင်ခေါ်သွားနိုင်မှာ မဟုတ်ပါဘူးဆရာ"

သက်မောင်မောင်ကျော်က လေးလေးနက်နက် သတိပေးပြောပြလိုက်သည်။

••••• ••••• •••••

လှူနှင့်ပစ္စည်းများ ပို့ဆောင်ရန် ငှားရမ်းခဲ့သော ထရပ်ကားနှင့် လိုက်ပို့သော ဒရိုင်ဘာသည် မြစ်လက်တက်ဝန်းကျင်တွင် ကြာရှည်မနေရဲပါချေ။ ထို့ကြောင့် ပစ္စည်းနှင့် လူများချခဲ့ပြီးနောက် ချက်ချင်းပင် ပြန်လည်ထွက်ခွာသွားလေသည်။

မည်သို့ပင်ဖြစ်စေ ဟန်မြတ်ထွန်းတို့သည် တသွင်သွင်စီးဆင်းနေသော မြစ်လက်တက်၏ နံဘေးသို့ ရောက်ရှိနေကြလေပြီ။ စောစောက ရဟတ်ယာဉ်ထဲမှ ချထားခဲ့သော ပစ္စည်းများကို ဟန်မြတ်ထွန်းက သူ့ထံတွင်ပါလာသော ပစ္စည်းစာရင်း မိတ္တူနှင့် စစ်ဆေးတိုက်ကြည့်နေလေသည်။

"ဒါထက်…ဟောဒီသေနတ်သေတ္တာထဲက ပြောင်းရှည်တစ်လက်နဲ့ ပြောင်းတိုက ဘယ်သူ့အတွက်လဲ။ ကျုပ်ပေးထားတဲ့ စာရင်းထဲမှာ အဲဒါမပါဘူး ဦးထွင့်ခေါင်မိုး"

"ကျုပ်တို့အတွက် လိုရမည်ရ"

ဦးထွင့်ခေါင်မိုး၏ စကားမဆုံးမီ ဟန်မြတ်ထွန်းက လက်ဝါးကာ၍ တားလိုက်သည်။

"ခင်ဗျားတို့အတွက် ဘာသေနတ်မှ မလိုဘူး ဦးထွင့်ခေါင်မိုး။ ကျုပ်ရယ်၊ မင်းထွန်းရယ်၊ ဝင်းထွန်းရယ် သုံးယောက်ပဲ သေနတ်ကိုင်မယ်။ ကျုပ်တို့သုံးယောက်စလုံးက ခင်ဗျားတို့အားလုံးရဲ့ အသက်အန္တရာယ်လုံခြုံမှုကို တာဝန်ယူထားမယ်။ ကျုပ်တို့ပြောတဲ့အတိုင်းသာ လိုက်နာကြပါ။ ခင်ဗျားနဲ့ ခင်ဗျားလူတွေကို သေနတ်ကိုင်ခွင့်ပြုထားလိုက်ရင် တောထဲတောင်ထဲမှာ စည်းမဲ့ကမ်းမဲ့ ပေါက်ပေါက်ဖောက်သလို တွေ့ကရာ မြင်ကရာ လျှောက်ပစ်နေလို့ အန္တရာယ်ဖြစ်တာမျိုးကို ကျုပ်လက်မခံဘူး။ အဓိကပျောက်ဆုံးနေတဲ့ ရှေးဟောင်းမြို့တော်နေရာကို ပြသပြီးတဲ့အချိန်မှာ ကျုပ်ရဲ့နောက်ကျောကို ခင်ဗျားတို့ကျည်ဆန် ဖောက်ဝင်မှာကိုလည်း စိုးရိမ်ရသေးတယ်။ ဒါကြောင့် ကျုပ်တို့သုံးယောက်ကပဲ ထိန်းသိမ်းထားလိုက်မယ်။ တကယ်တမ်း ခင်ဗျားတို့အတွက် လက်နက်လိုအပ်ပြီဆိုရင် ကျုပ်ချက်ချင်းပြန်ပေးဖို့ အသင့်ပဲ၊ ကျေနပ်လား"

ဦးထွင့်ခေါင်မိုး၊ မာလာရွှေစင်၊ သက်မောင်မောင်ကျော်၊ စိန်ဘညို့တို့သည် သူတို့အချင်းချင်း တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်လိုက်ကြသည်။ ပစ္စက္ခကာလတွင် သူတို့၏ အသက်ကို ဟန်မြတ်ထွန်းတို့လက်သို့ လုံးလုံးလျားလျား အပ်နှံကာလွှဲ၍ အခြားရွေးချယ်စရာ မရှိပါတော့ချေ။

••••• ••••• •••••

မကြာမီ သူတို့လိုက်ပါလာသော ရေပေါ်ရုပ်ပြေးယာဉ်သည် တသွင်သွင်စီးဆင်းနေသော မြစ်ကို အဟုန်ပြင်းစွာ ဆန်တက်နေလေသည်။ သူတို့အားလုံးနေသားတကျ လိုက်ပါလာကြသည်။ စင်စစ်အားဖြင့် တောင်တန်းပေါ်တွင် ဖုံးလွှမ်းနေသော ရေခဲများ အရည်ပျော်ကာ စီးဆင်းနေကြခြင်း ဖြစ်သည်။

"တော်တော် ကြည်နူးစရာကောင်းတဲ့ မြင်ကွင်းပဲ"

မြို့ပြသူ မာလာရွှေစင်က မြစ်လက်တက်၏ ဘေးတစ်ဖက်တစ်ချက်ရှိ စိမ်းလန်းစိုပြည်သော တောသဘာဝရှုခင်းကို စိတ်ဝင်စားစွာ ကြည့်လျက် မှတ်ချက်ချလိုက်ခြင်းဖြစ်သည်။ မြို့ပြတွင် အစဉ်သဖြင့် နေလာကြသူများသည် တိုက်တာအိမ်ခြေများ၊ လူနှင့်ယာဉ် ပြွတ်သိပ်နေသော လူနေမှုဝန်းကျင်စသည်တို့၏ ဘောင်တွင်း၌ အသက်ကိုပင် ဝဝလင်လင် မရှူခဲ့ရပေ။ မိုးကောင်းကင်ကိုပင် အပြည့်အဝ မမြင်ရသော အနေအထားမှ ပကာတိ ကျယ်ပြန့်သော မြင်ကွင်းထဲတွင် လတ်ဆတ်လန်းဆန်းသော လေက တသုန်သုန်တိုက်ခတ်နေသေးသည်။

"ဒါ ခရီးအစပဲ ရှိသေးတယ်၊

www.burmeseclassic.com

အလွန်တာရာ ဆိုးဝါးနက်ရှိုင်းတဲ့ တောထဲကို သွားကြမှာ။ အဲဒီအချိန်ကျမှ စာဆိုတော် လက်ဝဲသုန္ဒရရဲ့ မဲဇာတောင်ခြေရတုပိုဒ်ထဲကထက် ပိုဆိုးတဲ့နေရာမျိုး ရောက်သွားပြီး အသက်ဝိညာဉ် ဘယ်လိုထွက်သွားမှန်းတောင် သိလိုက်ရမှာမဟုတ်ဘူး"

"ရှင်တို့လို တောကျွမ်းတဲ့ ပုဂ္ဂိုလ်သုံးယောက်စလုံးတောင် အကာအကွယ်ရှိနေကြတာ ကျွန်မတော့ မစိုးရိမ်ပါဘူးရှင်"

မာလာရွှေစင်က ခပ်ထေ့ထေ့ချေပလိုက်ခြင်း ဖြစ်သည်။

"အဲဟို သောင်စပ်ကို ကြည့်လိုက်မေ့ပါဦး"

ဟန်မြတ်ထွန်းညွှန်ပြသော ရှေ့ဘက် ညာယွန်းယွန်း နှစ်ဖာလုံသာသာအကွာအဝေးတွင် မိကျောင်းပေါင်းဆောင်သောင်းမက လဲလျောင်းအိပ်စက်နေကြသည်ကို မြင်ရသည်။

"အမယ်လေး...အဲဒီအကောင်တွေထဲ ရောက်သွားလို့ကတော့ အရှင်လတ်လတ် လွတ်စရာအကြောင်းမရှိဘူး။ လူတစ်ကိုယ်လုံး အစပျောက်သွားမှာ သေချာတယ်"

မာလာရွှေစင်သည် ပခုံးလေးတွန့်၍ ကြက်သီးထပြသည်။

"ဒါပေမယ့် အဲဒီမိကျောင်းတွေရှိနေရာက တော်သေးတယ်"

ဟန်မြတ်ထွန်းက ဦးခေါင်းတစ်ချက် ညိတ်၍ ပြောလိုက်သည်။

ဦးထွင့်ခေါင်မိုးက "အဲဒါ ဘာဖြစ်လို့ တော်တယ်လဲ"ဟု မေးသည်။

"ဒါ ကာဆီမူမျိုးနွယ်တွေရဲ့ နယ်မြေလေ။ လူကို အရှင်လတ်လတ် ဖြတ်စားရတဲ့ အရသာကို သူတို့ ခံတွင်းတွေ့နေကြတယ်"

ဦးထွင့်ခေါင်မိုးသည် ဟန်မြတ်ထွန်း၏ စကားကို ယုံရမလို၊ မယုံရမလိုဖြစ်နေသည်။ သို့ရာတွင် မြစ်၏ ဘယ်ဘက်ရှေ့ တစ်မိုင်ခန့်အကွာရှိ တောအုပ်အစပ်တွင် ဒူးလေးနှင့် လှံတံများ ကိုင်ဆောင်ထားကြသော ကာဆီမူအချို့ကို တွေ့ရသည်။ ထိုကာဆီမူများနောက်တွင် သစ်ကိုင်းသစ်ခက်တို့နှင့် ဆောက်ထားသော သစ်ရွက်မိုးတဲများရှိသည်။ သူတို့က ဟန်မြတ်ထွန်းတို့ စီးနင်းလိုက်ပါလာသော ရုပ်ပြေးယာဉ်ကို အံ့ဩစွာ လှမ်းကြည့်နေကြသည်။ မကြာမီ အချိန်တွင် ရုပ်ပြေးယာဉ်သည် ကာဆီမူအုပ်စုနှင့် တစ်တန်းလည်း ဖြစ်တော့မည်။ အကွာအဝေးကျဉ်းသွားသည်နှင့်အမျှ အသက်အန္တရာယ်က စိုးရိမ်ဖွယ် ဖြစ်နေလေပြီ။

မထင်မှတ်သော ဖြစ်ရပ်မှာ ရှေ့ကိုက် လေးရာအကွာ ကမ်းစပ်ကျောက်တုံးကြီးတစ်တုံးပေါ်တွင် ခေါင်းဆောင်ဖြစ်ဟန်တူသော ကာဆီမူနှစ်ယောက်သည် လှံတံကိုယ်စီကိုင်လျက် စောင့်ကြိုနေကြသည်။ တဲရှေ့မှအုပ်စုသည် သူတို့ခေါင်းဆောင်နှစ်ယောက်၏ အမိန့်ကို နားစွင့်လျက် ရှေ့သို့ ဖြည်းဖြည်းချင်း ရွေ့လျားလာကြသည်။

"ဒီတစ်ခါတော့...ဝင်းထွန်းနဲ့ မင်းထွန်းတို့ ပွဲဦးထွက် လက်စွမ်းကို သေသေသပ်သပ် ပြလိုက်စမ်းကွာ"

ဟန်မြတ်ထွန်းက ချိုသာစွာ ပြောလိုက်သည်။

"စိတ်မကောင်းစရာတော့ ဖြစ်နေပါပြီ ဆရာ"

မင်းထွန်းက စိတ်ရင်းအတိုင်း ညည်းတွားလိုက်သည်။ ဝင်းထွန်းကလည်း ထောက်ခံသည့်အနေဖြင့် -

"တကယ်တော့ ဒီကောင်တွေက သူတို့ဘာသာဘာဝ တောနက်ကြီးတွေထဲမှာပဲ မွေးကတည်းက သေတဲ့အထိ သူ့ဝမ်းသာ သူရှာစားနေကြတာပါ။ သူတို့နယ်မြေထဲကို ကျူးကျော်ဝင်ရောက်လာတဲ့ လူတွေက သူတို့အပေါ်မှာ နိုင်လိုမင်းထက် ပြုသနာရှာခဲ့ကြလို့ အခုလို အခြေအနေမျိုး ပြောင်းလဲသွားကြတာ ဖြစ်ပါလိမ့်မယ်"

ဟု၍ ရှင်းပြသည်။

"ဟား...အခုမှ တကယ့်ကို မဟာကရုဏာရှင်ကြီးနှစ်ဦး ဖြစ်နေပါလား။ ဟိုမှာ မင်းဘိုးအေတွေက သူတို့လက်ထဲက လှံတွေနဲ့ ကြိုဆိုဖို့ အဆင်သင့်ဖြစ်နေပြီကွ"

"စိတ်ချပါဆရာ။ သနားစရာကောင်းတဲ့ ကာဆီမူတွေကို ဝင့်ချွတ်ပေးလိုက်ပါ့မယ်"

ပြောပြောဆိုဆိုဖြင့် ဝင်းထွန်းနှင့် မင်းထွန်းတို့သည် ကာဆီမူနှစ်ယောက်ကို တစ်ယောက်ချင်း သေနတ်ပြောင်းကိုယ်စီ ထိုးချိန်၍ မောင်းခလုတ်ကို လက်ညှိုးဖြင့် ဆွဲညှစ်လိုက်သည်။ စုစုပေါင်း သုံးစက္ကန့်မျှသော အချိန်ပိုင်းအတွင်း ကာဆီမူနှစ်ယောက်စလုံး ဇီဝိန်ကြွေသွားကြသည်။

(ရှေ့လဆက်ရန်)

ဆွေမြင့်

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အသံကြောင့်

# ဖားသေ

ရန်ကုန်မြင့်ဆွေ

ဒီဇင်ဘာလ ဆောင်းဥတုအချိန်ကာလ နံနက် ၅ နာရီအချိန်။ ဗိုလ်တထောင်ဆိပ်ကမ်း၌ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်နေသူများ၊ ဘောလုံးကန်နေကြသူများ၊ လမ်းလျှောက်သူများနှင့် လေကောင်းလေသန့် ရှူနေကြသူများဖြင့် စည်ကားနေ၏။

ဦးဆွေနှင့် ဒေါ်ခင်ခင်တို့ ဇနီးမောင်နှံသည် သာကေတရှိ နေအိမ်မှ နံနက် ၄ နာရီခွဲတွင် တိုယိုတာ ကာရီနာစလွန်း အဖြူရောင်ကားလေးဖြင့် နေအိမ်မှ ထွက်လာကြသည်။

ဗိုလ်တထောင်ဆိပ်ကမ်း ရောက်လျှင် ကားကို ပက်ကင်ထိုးထားခဲ့ပြီး ဆိပ်ကမ်းလမ်းတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ကြ၏။

၅ နာရီခွဲ အချိန်ခန့်တွင် ဆိပ်ခံဘောတံတားပေါ်တက်၍ ရန်ကုန်မြစ်၏ ရှုခင်းအလှကို ခံစားကြည့်ရှုလျက် အခမဲ့ရရှိသော လေကောင်းလေသန့်အား တဝကြီး ရှူရှိုက်ကြသည်။ ကိုယ်လက်လှုပ်ရှားကြသည်။

ထိုကဲ့သို့ ပြုလုပ်ခြင်းမှာ သူတို့ဇနီးမောင်နှံ၏ နေ့စဉ်နေ့တိုင်း ပြုလုပ်နေကျ လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်၏။

ဦးဆွေနှင့် ဒေါ်ခင်ခင်တို့ ဇနီးမောင်နှံတွင် သားသုံးယောက်ရှိ၏။ သားများမှာ မလေးရှားနိုင်ငံ၌ အလုပ်သွားလုပ်နေကြသည်။

ထို့ကြောင့် ဦးဆွေတို့ ဇနီးမောင်နှံ နှစ်ဦးတည်းသာ နေအိမ်၌ရှိနေ၏။ လင်မယားနှစ်ယောက်တည်းသာ နေထိုင်သော အိမ်ဖြစ်သဖြင့် နံနက်လမ်းလျှောက်ထွက်သည့်အချိန်၊ ကုမ္ပဏီသွားသည့်အချိန်၊ အပြင်သွားသည့်အချိန်များတွင် နေအိမ်ကို လုံခြုံစိတ်ချရအောင် သော့အထပ်ထပ် ခတ်ထားခဲ့ရသည်။

ရွှေလဝင်း အကျိုးဆောင်ကုမ္ပဏီလုပ်ငန်းကို ဦးဆွေနှင့် ဒေါ်ခင်ခင်တို့က ဝန်ထမ်းများဖြင့် တက်ညီလက်ညီ ဆောင်ရွက်ကြသဖြင့် ရွှေလဝင်း အကျိုးဆောင်လုပ်ငန်းမှာလည်း အောင်မြင်လျက်ရှိ၏။

ဦးဆွေတို့မိသားစုသည် စီးပွားရေးကို ကြိုးစားလုပ်ဆောင်ကြသလို ကျန်းမာရေးကိုလည်းဂရုစိုက်ကြသည်။

*** ***

ဦးဆွေနှင့် ဒေါ်ခင်ခင်တို့သည် နေ့စဉ်ဆောင်ရွက်နေကျ ကျန်းမာရေးလေ့ကျင့်ခန်းပြီး၍ ပြန်လာကြသည်။

နေအိမ်ရောက်လျှင် ခြံတံခါးဝကို ဒေါ်ခင်ခင်က ကားပေါ်မှ ဆင်း၍ ဖွင့်သည်။ ဦးဆွေက ခြံဝင်းထဲသို့ ကားလေးကို မောင်းဝင်လိုက်သည်။

ဒေါ်ခင်ခင်သည် အိမ်ရှေ့မျက်နှာစာရှိ တံခါးပေါက်သော့ခလောက်များကိုဖွင့်ပြီး အိမ်ထဲသို့ ဝင်လိုက်သည်။ အိမ်အတွင်းရောက်လျှင် အိပ်ခန်းရှိရာသို့ သွား၏။ အိပ်ခန်းတံခါးကို ခတ်ထားသော သော့အားဖွင့်၍ အိပ်ခန်းအတွင်းသို့ ဝင်လိုက်သည်။

အိပ်ခန်းထဲသို့ ရောက်လျှင် ရောက်ချင်း ဒေါ်ခင်ခင်မြင်လိုက်ရသည့်အရာမှာ မယုံကြည်နိုင်စရာ ဖြစ်နေ၏။

ဒေါ်ခင်ခင် ကိုင်နေကျ လက်ကိုင်အိတ်မှာ နှစ်ယောက်အိပ် ခုတင်ဘေး၌ကျနေသည်ကို အံ့သြစွာ တွေ့လိုက်ရခြင်းဖြစ်၏။

ဒေါ်ခင်ခင်သည် သူ၏လက်ကိုင်အိတ်ကို နံရံ၌ကပ်ထားသော အကျီချိတ်တွင် ချိတ်ထားခဲ့ပါလျက် ယခု ကြမ်းပြင်ပေါ်ကျနေသည်ကို တွေ့လိုက်ရသည်။

ကြမ်းပေါ်ကျနေသော လက်ကိုင်အိတ်အား ဒေါ်ခင်ခင်က စိုးရိမ်ကြီးစွာဖြင့် ကောက်ယူ၍ ဖွင့်ကြည့်လိုက်ရာ လက်ကိုင်အိတ်အတွင်း၌ မည်သည့်ပစ္စည်းမျှ မတွေ့ရတော့ပေ။

ဒေါ်ခင်ခင် တုန်လှုပ်ချောက်ခြားသွား၏။ လက်ကိုင်အိတ် (စလင်းဘတ်)ကိုယူ၍ ဦးဆွေအား အော်ပြော

www.burmeseclassic.com

လိုက်သည်။

"အစ်ကိုရေ ... ခင်ခင့်အိတ်ထဲ ကပစ္စည်းတွေ မရှိတော့ဘူး"

"မင်း ဘာတွေပြောနေတာလဲ" ဟု ဦးဆွေက ပြန်မေးလိုက်၏။

"ဩော် ... အစ်ကိုကလည်း ဒီအိတ်ထဲမှာ ထည့်ထားခဲ့တဲ့ ရွှေထည် လက်ဝတ်လက်စားတွေနဲ့ ငွေငါး သောင်းကို ပြောနေတာပေါ့။ အိတ်ထဲ မှာ ဘာမှမရှိတော့ဘူး"

"သေသေချာချာကြည့်ပါဦး .. ခင်ခင်ရယ်။ မင်း ဒီအိတ်ထဲမှာ ထည့် ထားတာရော ဟုတ်လို့လား"

"ဩော် ... ဟုတ်ပါတယ် အစ်ကိုရယ်။ မနက်အိပ်ရာထတုန်းက တောင် အဲဒီအိတ်က ချိတ်မှာချိတ် ထားလျက်ပါ။ လမ်းလျှောက်ထွက် တော့မယ်ဆိုတော့ လမ်းမှာသုံးဖို့ အဲဒီ အိတ်ထဲကနေ ငွေတစ်သောင်းတောင် ထုတ်ယူပြီး ချိတ်မှာ ခင်ခင်ကိုယ်တိုင် မှတ်မှတ်ရရ ပြန်ချိတ်ထားခဲ့တာပါ။ အခုဒီအိတ်က အောက်ကိုကျနေတယ်။ အထဲမှာလည်း ဘာမှမရှိတော့ဘူး"

ဒေါ်ခင်ခင်က ငိုသံပါဖြင့် ပြော လိုက်၏။

"ချိတ်မှာချိတ်ထားတဲ့ အိတ်က ဘာဖြစ်လို့ အောက်ကိုကျနေရတာ လဲ"

ဟု ဦးဆွေက မေးလိုက်သည်။

"ဘယ်သိပါ့မလဲ အစ်ကိုရယ်။ ဒီအိတ်ထဲက ပစ္စည်းတွေလည်း မရှိ ဘူးဆိုတော့ သူခိုးခိုးခံရပြီနဲ့တူတယ်"

"သူခိုးခိုးတယ် ပြောရအောင် ကလည်း အိမ်တံခါးတွေအားလုံး သော့ ခတ်ထားလျက်ပဲ မဟုတ်လား"

"ဟုတ်တယ်လေ။ အခုပြန်လာ တော့မှ ခင်ခင်ကိုယ်တိုင်ပဲ တံခါးသော့ တွေကို ဖွင့်ဝင်ခဲ့တာပါ။ သော့တွေ လည်း ခြေရာလက်ရာ မပျက်ပါဘူး"

"ဒါဆို ဒီသူခိုးက သော့တူနဲ့များ ဖွင့်ဝင်သွားလား မသိဘူး"

ဦးဆွေက သူ၏အထင်ဖြင့် ပြောလိုက်၏။

"ဒါဆို ... ဘယ်လိုလုပ်ကြမလဲ အစ်ကို"

"ဘယ်လိုလုပ်ရမလဲကွ။ ရဲ စခန်းတိုင်ရမှာပေါ့။ ကဲ ... ပြောနေ ကြာတယ်။ ကိုယ်အခုပဲ ရဲစခန်းသွား လိုက်မယ်"

ဦးဆွေသည် ပြောပြောဆိုဆိုနှင့် သာကေတအမှတ်(၁) ရဲစခန်းသို့ ထွက်သွားလေသည်။

*** ***

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမှတ်(၁) ရဲစခန်း သာကေတမြို့၌ တာဝန်ထမ်း ဆောင်နေသော ဒုရဲအုပ်ဇော်ဝင်းနိုင် ခေါင်းဆောင်လျက် ရဲတပ်ကြပ်ကြီး အောင်ကျော်၊ ဒုတပ်ကြပ် ကျော်ကြီး တို့သည် ဦးဆွေ၏ နေအိမ်အတွင်း အပြင်များကို စစ်ဆေးကြည့်ရှုပြီး ဦးဆွေနှင့် ဒေါ်ခင်ခင်တို့ကို ခေါ်ယူစစ် ဆေးနေသည်။

ရွှေထည်ပစ္စည်းများ ပျောက်ဆုံး သွားသည့် အဖြစ်အပျက်အားလုံးကို ဒေါ်ခင်ခင်က ပြောပြ၏။

ရဲတပ်ကြပ်ကြီး အောင်ကျော်က ဒေါ်ခင်ခင်ပြောပြသော အကြောင်းအ ရာများကို မှတ်တမ်းလိုက်ရေးသည်။

"ပျောက်ဆုံးသွားတဲ့ ပစ္စည်းတွေ က ဘာတွေလဲဆိုတာ ပြောပြပါဦး"

ဟု ဒုတပ်ကြပ်ကျော်ကြီးက မေးလိုက်သည်။

"ရွှေဆွဲကြိုး တစ်ကျပ်သား ... ကုံး၊ ရွှေလက်ကောက် ရှစ်ကွင်း၊ ... ကွင်းကို ငါးမူးသား၊ နောက်ပြီး ... လက်စွပ်က သုံးကွင်း၊ တစ်ကွင်း... ငါးမူးသား၊ တစ်မတ်သားလောက်... ရွှေဆွဲပြားတစ်ခု၊ ငွေသားကတော့ ... ရာတန် အရွက် ၁၀၀ ပါတဲ့ ငွေ... သောင်းအုပ် တစ်အုပ်ပါ"

ဟု ဒေါ်ခင်ခင်က ပစ္စည်း... စာရင်းကို တိတိကျကျပြောပြလိုက်...

"ရွှေက ရှစ်ကျပ်နဲ့ သုံးမတ်သား... ပေါ့။ ငွေသား ငါးသောင်းနော်"

ဟု ရဲတပ်ကြပ်ကြီး အောင်... ကျော်က ပြောလျက် မှတ်တမ်း... ရေးမှတ်လိုက်သည်။

"အစ်မကြီးတို့က ဘာဖြစ်... ရွှေထည်ပစ္စည်းတွေကို စလင်းဘက်... လက်ကိုင်အိတ်ထဲမှာထည့်ထားရတာ...

ဟု ဒုရဲအုပ်ဇော်ဝင်းနိုင်က မေး... ပြန်၏။

"ကျွန်မတို့က လင်မယားနှ... ယောက်တည်းနေတာဆိုတော့ မီးဘေး... ထင်းရေးကြောင့် အပြင်သွားတိုင်... ကိုယ်ပေါ်မှာဝတ်ထားတဲ့ ပစ္စည်းတွေ... အပြင် ပိုလျှံတဲ့ ရွှေထည်ပစ္စည်းတွေ... စလင်းဘက်အိတ်ထဲထည့်ပြီး လူ... တစ်ပါတည်း ယူသွားနေကျပါ။

ရွှေထည်ပစ္စည်းတွေကို အိ... မှာမထားခဲ့ပါဘူး။ အိမ်ပြန်လာ... ကျွန်မတို့ရဲ့ အိပ်ခန်းထဲမှာရှိတဲ့ အ... ချိတ်မှာ အမြဲ ဒီအိတ်ကို ချိတ်ထား... ကျပါ။

အခုလိုဖြစ်ရတာက မနက်... စော လမ်းလျှောက်ထွက်တာမို့ စလင်း... ဘက်အိတ်ကို ယူမသွားဘဲ အိ...



www.burmeseclassic.com

www.burmeseclassic.com

ထားခဲ့တာပါ။

ကျွန်မတို့က ငွေတွေကို ဘဏ်မှာပဲ ထားပါတယ်။ သုံးဖို့လောက်ပဲ အိမ်မှာထားပါတယ်''

ဒေါ်ခင်ခင်က ရွှေများ စလင်းဘက်အိတ်၌ ချိတ်ထားခဲ့ရသည့် အကြောင်းကို ရှင်းပြ၏။

ဒုရဲအုပ် ဇော်ဝင်းနိုင်သည် အိမ်ခေါင်းရင်းဘက်သို့ သွားရောက်ကြည့်ရှုရာ ဦးဆွေ၏ အိမ်ခြံဝင်းနှင့် ကပ်လျက်အိမ်မှ ခြံစည်းရိုးသံဇကာဘေးတွင် ပုံထားသော အုတ်ပုံမှာ ဖရိုဖရဲ ပြိုကျနေသည်ကို သေချာစွာ ကြည့်လျက် ...

''ဒီအုတ်ပုံ ပြိုကျနေတာက အရင်ထဲကလား။ အခုမှ ပြိုတာလား''

ဟု ဒုရဲအုပ် ဇော်ဝင်းနိုင်က ဦးဆွေကို မေးလိုက်၏။

''ကျွန်တော်လည်း သတိမထားမိလိုက်ဘူး။ အမှတ်မဲ့ပါပဲ''

ဟု ဦးဆွေက ပြန်ဖြေ၏။

''ဦးဆွေတို့ရဲ့ အိပ်ခန်းအပြင်ဘက် နံရံမှာ လက်ရာတွေကို တွေ့နေရတယ်။ ကျွန်တော်တော့ အိမ်ခေါင်းရင်းဘက်ကအိမ်ကို သိပ်မသင်္ကာဘူး။ အဲဒီအိမ်ကလူတွေ အခြေအနေကို ပြောပြနိုင်မလား''

ဟု ဒုရဲအုပ် ဇော်ဝင်းနိုင်က မေးလိုက်သည်။

''ကျွန်တော်တို့ အိမ်ခေါင်းရင်းဘက်မှာနေတဲ့ မိသားစုကတော့ ကုလားလူမျိုးတွေပဲ။ အိမ်ငှားတွေပါ။ ပွားရေးတော့ အဆင်မပြေကြပါဘူး။ ဆင်းရဲကြပါတယ်။ ဒါပေမယ့် သူတို့လင်မယားက ရိုးသားကြပါတယ်။ လမ်းထိပ်မှာ ကွမ်းယာရောင်းပါတယ်''

''ယောက်ျားလုပ်သူက ယူနွတ်ဘိုင်လို့ ခေါ်ပါတယ်။ မိန်းမနာမည်က ဘေတီမာလို့ ခေါ်ပါတယ်။ သူတို့လင်မယားမှာ ငါးနှစ်အရွယ် သမီးတစ်ယောက်နဲ့ နှစ်နှစ်သားအရွယ် သားလေးတစ်ယောက် ရှိပါတယ်။ အဆင်မပြေတဲ့အခါ ကျွန်တော်တို့ဆီက ငွေလေးငါးထောင်လောက် မကြာမကြာ ချေးယူဖူးပါတယ်။ သူတို့အဆင်ပြေတဲ့အခါတော့ ပြန်ဆပ်ပါတယ်။

တစ်ခါတလေများ ကလေးနှစ်ယောက်ကို မုန့်တောင်ဝယ်မကျွေးနိုင်ဘူး။ ကျွန်တော်တို့ကပဲ မုန့်တွေဝယ်ပေး။ သူတို့မိသားစုကို ကျွန်တော်တို့လင်မယားက သနားလွန်းလို့ မကြာခဏ သောက်ရေကအစ ထမင်းဟင်းတွေပါ ပေးခဲ့ရပါတယ်။

တရားခံပေါ်ပေါက်ရေးအတွက်

တရားလိုရဲ့ထွက်ဆိုချက်တွေ၊

ပူးပေါင်းဆောင်ရွက်

ချက်တွေဟာ

အလွန်အရေးကြီးပါတယ်။

လိုလည်းလိုအပ်ပါတယ်။

ဒါကြောင့် တရားလိုက

မှန်ကန်တိကျစွာ

ထွက်ဆိုနိုင်ဖို့နဲ့

အပိုအလိုမရှိအစစ်အဆေးခံဖို့

လိုအပ်ပါတယ် ...

နောက်ပြီး ... အလှူခံလာတဲ့ဆောင်တွေကို ယူနွတ်ဘိုင်တို့မိသားစု သွားမယ်ဆိုရင် ကျွန်တော့်မိန်းမ ခင်ခင်က ဘေတီမာကို မိတ်ကပ်တွေလိမ်း၊ အလှပြင်ပေးပြီး ရွှေလက်ကောက်တစ်ရန်နဲ့ စလင်းဘက်ကအစ ငှားလိုက်ရပါတယ်။

ယူနွတ်ဘိုင်နဲ့ သူ့မိန်းမက သူတို့မိသားစုဟာ တစ်ခါဖူးမှ ဓာတ်ပုံမရိုက်ဖူးဘူးပြောလို့ ကျွန်တော်ကိုယ်တိုင်ပဲ ယူနွတ်ဘိုင်တို့မိသားစုကို ဓာတ်ပုံတွေ အမျိုးမျိုး ရိုက်ပေးခဲ့ပါတယ်။

ကျွန်တော်တို့က သူတို့မိသားစုအပေါ်မှာ ဒီလောက်တောင် ကောင်းခဲ့တာပဲ။ ကျွန်တော်တို့ရဲ့ ပစ္စည်းတွေကိုတော့ သူတို့ခိုးလိမ့်မယ်လို့ မထင်ပါဘူး။ ကျွန်တော်တို့အိမ်ကိုလည်း သူတို့မိသားစု ဝင်ထွက်နေတာပဲ။ ဘာမှ မပျောက်ခဲ့ဖူးဘူး''

ဟု ဦးဆွေက အိမ်ခေါင်းရင်း၌ ငှားနေသော မိသားစုအကြောင်းကို ရှင်းလင်းပြောပြလိုက်၏။

''ခြေရင်းအိမ်က အခြေအနေကရော''

''အဲဒီအိမ်ကတော့ ကျွန်တော်တို့နဲ့က သာကေတမြို့ စတည်ကတည်းက ခြေရင်းခေါင်းရင်း အတူတူနေလာခဲ့ကြတာဆိုတော့ ဘာမှပြဿနာမရှိပါဘူး။ အေးအေးဆေးဆေး လူကောင်းတွေပါ။ နာမည်ပျက်လည်း လုံးဝမရှိပါဘူး''

''ဦးဆွေတို့အိမ်ကို ညအိပ်ညဉ့်နေ ဘယ်သူတွေများ လာဖူးသေးလဲ''

ဦးဆွေသည် ခေတ္တခဏစဉ်းစားပြီး ...

''ဪ ... အိမ်မှာတောက်တို



www.burmeseclassic.com

www.burmeseclassic.com

မည်ရခေါ်နိုင်းနေတဲ့ ကောင်လေးတစ်ယောက်တော့ ရှိတယ်။ သူ့နာမည်က အောင်အောင်ပါ။ အသက်က ၁၇ နှစ်၊ ၁၈ နှစ် လောက်ရှိမယ်''

ဟု ပြောပြ၏။

''အခု အောင်အောင်က ဘယ်မှာလဲ''

''သူ့အမေအိမ် ပြန်မယ်ဆိုပြီး အောင်အောင်ပြန်သွားတာ တစ်ပတ်လောက်တော့ရှိပြီ''

''အောင်အောင်ရဲ့ အမေအိမ်က ဘယ်မှာလဲ''

''လှိုင်သာယာမှာလို့ ပြောတာပဲ။ ကျွန်တော်တို့လည်း အတိအကျတော့ မသိပါဘူး။ ဒေါပုံ ဗိုလ်ထွန်းဖုံရပ်ကွက်မှာတော့ အောင်အောင်ရဲ့ အစ်မအိမ်ရှိတယ်။ အဲဒီအိမ်မှာလည်း အောင်အောင်က နေတယ်လေ''

ဦးဆွေတို့ကို ဒုရဲအုပ်မှ စစ်ဆေးမေးမြန်းနေစဉ် စခန်းမှူးသည် မော်တော်ဆိုင်ကယ်ဖြင့် ရောက်လာ၏။

စခန်းမှူးက ဒုရဲအုပ်ကို အမှုသွား အမှုလာများ စစ်ဆေးတွေ့ရှိချက်များအား မေးမြန်းပြီး ဦးဆွေ၏ နေအိမ်တံခါးနှင့် ခြံတံခါးများ သော့ခတ်ထားပုံကို သူ၏လက်ကိုင်ဖုန်းဖြင့် ဓာတ်ပုံရိုက်ယူသည်။

''အမှုမှန်ပေါ်အောင်တော့ ကျွန်တော်တို့ အမြန်ဆုံး ကြိုးစားပေးပါ့မယ်။ ခင်ဗျားတို့ဘက်ကလည်း ထူးခြားတာ မသင်္ကာတာရှိရင် ကျွန်တော်တို့အဖွဲ့ကို အကြောင်းကြားပါ။ ဒီကိစ္စကို ရဲစခန်းမှာ အမှုဖွင့်ထားပြီဆိုတော့ ရဲအဖွဲ့မှာ လုံးဝတာဝန်ရှိပါတယ်။ တရားခံပေါ်ပေါက်ရေးအတွက် တရားလိုရဲ့ ထွက်ဆိုချက်တွေ၊ ပူးပေါင်းဆောင်ရွက်ချက်တွေဟာ အလွန်အရေးကြီးပါတယ်။ လိုလည်းလိုအပ်ပါတယ်။ ဒါကြောင့် တရားလိုက မှန်ကန်တိကျစွာ ထွက်ဆိုနိုင်ဖို့နဲ့ အပိုအလိုမရှိ အစစ်အဆေးခံဖို့ လိုအပ်ပါတယ်''

စခန်းမှူးသည် တရားခံပေါ်ပေါက်နိုင်ရေးကို အလေးထား၍ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး စခန်းမှူးနှင့်အတူ ရဲအဖွဲ့သည် ဦးဆွေတို့နေအိမ်မှ ထွက်ခွာသွားကြလေသည်။

*** ***

ဦးဆွေတို့အိမ်၌ တောက်တိုမည်ရခိုင်းခဲ့သည်ဆိုသော အောင်အောင်ကို အမှုနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းလိုသဖြင့် အောင်အောင်နှင့် တွေ့လိုကြောင်း ဒုရဲအုပ်ဖော်ဝင်းနိုင် ပြောသဖြင့် ဦးဆွေနှင့် ဒေါ်ခင်ခင်တို့သည် ဒေါပုံ၊ ဗိုလ်ထွန်းဖုံရပ်ကွက်တွင် နေထိုင်သော အောင်အောင်၏အစ်မ နေအိမ်သို့ ရဲအဖွဲ့နှင့်အတူ သွားကြ၏။

''ဒီကအစ်မကြီးက အောင်အောင်ရဲ့ အစ်မဆိုတာလား။ နာမည် ဘယ်လိုခေါ်ပါသလဲ''

ဟု ရဲတပ်ကြပ်ကြီးအောင်ကျော်က မေးလိုက်သည်။

''ကျွန်မက အောင်အောင်အစ်မပါ။ ကျွန်မနာမည် မအေးစိန်ပါ''

''ကျွန်တော်တို့က အောင်အောင်နဲ့တွေ့ချင်လို့ပါ''

''အောင်အောင်က ကော့သောင်းမှာ အလုပ်သွားလုပ်ဦးမယ်လို့ ကျွန်မကိုပြောပြီး ထွက်သွားတာပဲ''

''ဘယ်တုန်းက သွားတာလဲ''

''ဒီနေ့ပဲ။ အိမ်ကို မနက်အစောကြီး ရောက်လာတယ်။ ကျွန်မ[...] ပြောပြီး ချက်ချင်းပဲ ပြန်ထွက်[...] တယ်။ အောင်အောင်ဘာဖြစ်လို့[...] တာ ကျွန်မကို ပြောပြပါဦး''

မအေးစိန်က စိုးရိမ်စွာ [...] လိုက်သဖြင့် ရဲတပ်ကြပ်ကြီး အော[...] ကျော်က ဦးဆွေတို့နေအိမ်မှ ရွှေ[...] ပစ္စည်းများ ပျောက်ဆုံးသွားသ[...] အကြောင်း၊ အောင်အောင်ကို [...] ဆေးမေးမြန်းရန်ဖြစ်ကြောင်း ရှ[...] လိုက်သည်။

''လှိုင်သာယာမှာရှိတဲ့ အော[...] အောင့်အမေအိမ်ကို အစ်မကြီးသိ[...] ပေါ့နော်''

''သိပါတယ်ရှင်။ ကျွန်မအ[...] အိမ်ပဲ''

''ဒါဆိုရင် ကျွန်တော်တို့[...] အစ်မကြီးရဲ့အမေ့အိမ် လိပ်စာ ပြော[...] ပါလား''

ရဲတပ်ကြပ်ကြီး အောင်ကျော်[...] မအေးစိန်ပြောပြသော လှိုင်သာယာ[...] အောင်အောင့်အမေလိပ်စာကို [...] မှတ်လိုက်လေသည်။

*** ***

ရဲကြပ်ကြီး အောင်ကျော်၊ [...] ကြပ်ကျော်ကြီးနှင့် ဦးဆွေတို့သ[...] လှိုင်သာယာမီးခွက်ဈေးအနီးရှိ အော[...] အောင့်အမေအိမ်သို့ ရောက်လာ[...] သည်။

အောင်အောင်အမေအိမ်မှာ [...] မိုး၊ ဝါးထရံကာအိမ်လေး ဖြစ်သည်[...] ဝါးအိမ်လေးရှေ့၌ ရဲကြပ်ကြီးအော[...] ကျော်နှင့် ဦးဆွေ ဒုရဲကြပ်ကြီးတို့သ[...] အိမ်အခြေအနေကို အကဲခတ်လေ့[...] နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com

"အောင်အောင် ရှိပါသလား"

ဟု ဒုရဲကြပ်ကျော်ကြီးက မေးလိုက်သည်။

အသက် ၆၀ ကျော် အဘွားကြီးတစ်ယောက် အိမ်ထဲမှထွက်လာပြီး

"အောင်အောင် အပြင်ထွက်သွားတယ်ကွဲ့။ ခဏနေရင် ပြန်လာမှာပါ။ လာကြလေ ထိုင်ကြပါကွယ်။ အဘွားက အောင်အောင်အမေပါ"

ဟု သူ့ကိုယ်သူ မိတ်ဆက်ပြောလိုက်၏။

"အောင်အောင်က ဘယ်ကိုသွားတာလဲ"

ရဲကြပ်ကြီး အောင်ကျော်မေးလိုက်၏။

"ပြောရမှာတောင် ရှက်ပါတယ်ကွယ်။ အိမ်မှာ ဆန်မရှိလို့ ဆန်ဝယ်ရအောင် အဘွားထဘီနှစ်ထည် သွားပေါင်နိုင်းလိုက်တာပါ။ ပြန်လာတော့မှာပါ"

ဟု အောင်အောင်အမေက ပြန်ဖြေသည်။ ရဲကြပ်ကြီး အောင်ကျော်၊ ဒုတပ်ကြပ်ကျော်ကြီးနှင့် ဦးဆွေတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။ အောင်အောင်တော့ ဒီအမှုမှာ မပတ်သက်နိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်နှင့် မျက်လုံးချင်း အချက်ပြလိုက်ကြခြင်း ဖြစ်သည်။

အောင်အောင်အမေနှင့် ဦးဆွေတို့အဖွဲ့ စကားပြောနေစဉ် အောင်အောင်ရောက်လာသည်။ လက်ထဲတွင် တစ်ထောင်တန်ငွေစက္ကူ နှစ်ရွက်နှင့်အတူ စာရွက်တစ်ရွက်ပါ ကိုင်ထားသည်။

အောင်အောင်သည် ဦးဆွေကို မြင်လျှင်မြင်ချင်း ဝမ်းပန်းတသာဖြင့်

"ဟာ ... ဦးလေးပါလား။ ဒီကို ဘာလာလုပ်ကြတာလဲ။ အလုပ်လုပ်ဖို့ ကျွန်တော့်ကို လာခေါ်တာလား"

"အခု မင်းက ဘယ်ကပြန်လာတာလဲ"

ဟု ဦးဆွေက မေး၏။

"အပေါင်ဆိုင်ကလေ။ အမေက သူ့ထဘီနှစ်ထည် ပေါင်ခိုင်းလိုက်လို့ သွားပေါင်တာပါ"

အောင်အောင်ပြောသံ အဆုံးတွင် ဒုရဲကြပ်ကျော်ကြီးက အောင်အောင်လက်ထဲမှ စာရွက်ကိုယူ၍ ကြည့်လိုက်သည်။ စာရွက်မှာ ထဘီနှစ်ထည်ကို နှစ်ထောင်ကျပ်ဖြင့် ပေါင်ထားသော အပေါင်လက်မှတ် ဖြစ်နေသည်။

ထိုအဖြစ်ကို မြင်တွေ့လိုက်ရသော ဦးဆွေမှာ ရင်ထဲ၌ ဆို့နစ်သွားသဖြင့် အောင်အောင့်ကို တစ်ထောင်တန်ငါးရွက် ထုတ်ပေးပြီး ပြန်လာခဲ့ကြလေသည်။

*** ***

ဦးဆွေနှင့် ဒေါ်ခင်ခင်တို့ နေအိမ်တွင် ပစ္စည်းများကို ခိုးခံရသောကိစ္စနှင့် ပတ်သက်၍ သတင်းလာမေးကြသော ဒေါ်ခင်ခင်၏အမေနှင့် အစ်မများ အပြင် အိမ်နီးပတ်ဝန်းကျင်မှ အသိမိတ်ဆွေများ ရောက်ရှိနေကြသည်။

သတင်းလာမေးသူများမှာ တစ်ယောက်တစ်မျိုး အမျိုးမျိုး ဝေဖန်ပြောဆို အကြံဉာဏ်များ ပေးကြသည်။

ထိုအကြံဉာဏ်များထဲ၌ ပစ္စည်းပျောက်ဟောသော နာမည်ကြီးဗေဒင်ဆရာများထံ သွားမေးသင့်ကြောင်း၊ နတ်ကတော်ပင့်၍ မေးသင့်ကြောင်း ကာလီမန်မယ်တော်မှာ အုန်းသီးသွားခွဲသင့်ကြောင်း၊ အိမ်တွင်းအဖေကြီးအား လက်ဖက်များဆက်၍ ယစ်သွင်းသင့်ကြောင်း စသည့်ပြောဆိုမှုများနှင့်သာ အကြံပေးကြသည်။

ထိုအကြံပေးစကားများကို ဒေါ်ခင်ခင်က ငြင်းပယ်၍ ပြန်ပြောလိုက်သော စကားကြောင့် အကြံပေးသူများမှာ တိတ်ဆိတ်ငြိမ်သက်သွားကြလေသည်။

"ကျွန်မတို့လင်မယားက ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနဲ့ အနန္တော အနန္တငါးပါးကိုပဲ ယုံကြည်ကိုးကွယ်အားထားတယ်။ တခြား ဘာမှမကိုးကွယ်ဘူး။ မပူဇော်ဘူး။ အိမ်မှာ နတ်အုန်းသီးတောင် မရှိပါဘူး။ ဘာစင်မှလည်း မထားဘူး။ ဘုရားခန်းမှာ ဘုရားကျောင်းဆောင်ပဲ ရှိပါတယ်။

အခုလို ပစ္စည်းတွေ ခိုးခံရတာလဲ အတိတ်ကံက မကောင်းခဲ့လို့ပါ။ ဟိုဘဝက သူများပစ္စည်းတွေကို ခိုးခဲ့လို့ ဒီဘဝမှာ ကိုယ့်ပစ္စည်း ခိုးခံရတယ်လို့ပဲ မှတ်ယူထားပါတယ်။ အကြောင်းမကောင်းခဲ့လို့ အကျိုးမကောင်းတာပါ။ အခုလို သိရတဲ့ အသိတရားတွေကလည်း မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေကြောင့်ပါ။

ဗုဒ္ဓမြတ်စွာ တရားတော်တွေကို ရတနာသုံးပါးမှာ တစ်ပါးပါဝင်တဲ့ သံဃာတော် အရှင်မြတ်များက ပြန်လည်ဟောကြား ဆိုဆုံးမတဲ့ တရားတော်တွေ နာကြားခဲ့ရလို့ ဗုဒ္ဓဘာသာဝင် သူတော်စင်အားလုံး ဘုရားရဲ့ အဆုံးအမများကို လိုက်နာကျင့်သုံးခွင့် ရနေကြတာ မဟုတ်လား။

အထူးသဖြင့် ကျွန်မတို့ရဲ့ ကျေးရွာရှင် ဆရာရင်းဖြစ်တဲ့ ဆရာတော်



www.burmeseclassic.com

www.burmeseclassic.om

ဉူးသုမင်္ဂလ(ဒယ်အိုးဆရာတော်)ဟော ကြားတော်မူသော မြတ်ဗုဒ္ဓတရားစမ္ဘ များနှင့် ဆိုဆုံးမသွန်သင်မှု တရားတော်များကို နာယူရခြင်းကြောင့် ကျွန်မတို့မှာ အခုဆိုရင် မိရိုးဖလာ ဗုဒ္ဓဘာသာကနေ ကိုယ်တိုင်သိ၊ တကယ့်ဗုဒ္ဓဘာသာဝင်အစစ် ဖြစ်နေပါပြီ။

သရဏဂုံ မပျက်အောင် အမြဲတမ်း ဆောက်တည်ထားပါတယ်။ ငါးပါးသီလကိုလည်း နေ့စဉ်အမြဲ စောင့်ထိန်းထားပါတယ်။ ငါးပါးသီလကို လည်း နေ့စဉ်အမြဲ စောင့်ထိန်းပါတယ်။ ကံ–ကံ၏အကျိုးကိုလည်း ယုံကြည်ပါတယ်။

ဒါကြောင့် သရဏဂုံ အပျက်ခံပြီး ဘယ်နတ်၊ ဘယ်မယ်တော်၊ ဘယ်ဘိုးတော်၊ ဘယ်ပုဂ္ဂိုလ်ကိုမှ ကိုးကွယ်ဆည်းကပ် ရှိခိုးပူဇော်မှာ မဟုတ်ပါဘူး။ မိစ္ဆာနတ်တွေကို ကိုးကွယ်ပူဇော်ရှိခိုးမှ ပျောက်သွားတဲ့ပစ္စည်းတွေ ပြန်ရမယ်ဆိုရင်တောင် ကျွန်မတို့လင်မယားက ရှိခိုးပူဇော်ကိုးကွယ်မှာ မဟုတ်ပါဘူး။

ပစ္စည်းတွေ ပြန်မရချင် နေပါစေ။ သရဏဂုံတော့ ဘယ်တော့မှ အပျက်မခံပါဘူး''

ဟု ဒေါ်ခင်ခင်က သူတို့ဇနီးမောင်နှံ၏ ယုံကြည်ကိုးကွယ် ဆည်းကပ်မှုကို ရှင်းပြလိုက်ခြင်းကြောင့် ဖြစ်သည်။

ဒေါ်ခင်ခင်၏ အစ်မများသည် ၎င်းတို့၏ နေအိမ်များ၌ နတ်မျိုးစုံ အပြင်၊ ကုလားမယ်တော်၊ တရုတ်ဘိုးတော်၊ ဗမာဘိုးတော်၊ ကုလားဘိုးတော် ပုဂ္ဂိုလ်မျိုးစုံတို့အား ဘုရားကျောင်းဆောင်နှင့်ယှဉ်တွဲ၍ စင်အမျိုးမျိုးဖြင့် ပုံစံအမျိုးမျိုးပြုလုပ်ကာ ပူဇော်ကိုးကွယ်ထားသူများ ဖြစ်ကြသည်။

နေမကောင်း ထိုင်မကောင်း၊ စီးပွားရေးအဆင်မပြေလျှင် ဗေဒင်မေး၊ ယတြာချေသူများ ဖြစ်ကြသည်။

ထို့ကြောင့်လည်း ဒေါ်ခင်ခင်ကို မဲ့ကာရွဲ့ကာဖြင့် ...

''နင်တို့ လင်မယားကတော့ လိုက်လည်းလိုက်ပါတယ်။ ဘယ်လိုမှ ပြောလို့ရမှာ မဟုတ်ပါဘူး။ နင်တို့လုပ်ချင်တာသာလုပ်တော့။ ငါတို့လည်း ဘာမှမပြောတော့ဘူး''

ဟု အစ်မလုပ်သူများက ပြော၍ ပြန်သွားကြလေသည်။

*** ***

**“ဘဘရေ ... ထူးတော့ထူးပြီ။ မင်းမင်း အရက်တွေ မူးလာတယ်။ ဘဲဥမနှင့် မင်းမင်း ပြောနေကြတဲ့ စကားတွေကမသင်္ကာစရာပဲ။ ဒါကြောင့် ဘဘတို့ကို လာပြောတာ”**

ဦးဆွေတို့နေအိမ်နှင့် မျက်နှာချင်းဆိုင် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးမှာ ဒေါ်ကျင်ထွေးတို့မိသားစု ပိုင်ဆိုင်သော အိမ်ကြီးဖြစ်သည်။

ဒေါ်ကျင်ထွေးသည် နှစ်ထပ် အိမ်ကြီးကို အခန်းများဖွဲ့၍ အိမ်ခန်း ငှားစားနေသူ ဖြစ်၏။

ဒေါ်ကျင်ထွေး အခန်းငှားထား သော မိသားစုများမှာ လမ်းဘေးဈေး သည်များနှင့် ကျပန်းအလုပ်လုပ်ကိုင် စားသောက်နေသူများ ဖြစ်သည်။

တစ်ခန်းနှင့်တစ်ခန်း ရန်ဖြစ်ကြ မကြားဝံ့မနာသာ ဆဲဆိုကြနှင့် ‌နေ့ သရွေ့ ပြဿနာပေါင်းစုံ ဖြစ်နေသော အိမ်ကြီးဖြစ်သည်။

ယောကျ်ားများကလည်း အရက် သောက်၊ ဖဲရိုက်၊ လောင်းကစားလုပ် နေသူများသာ ဖြစ်ကြသည်။

ဦးဆွေသည် ၎င်း၏ပစ္စည်းများ ခိုးယူခံရသည့်ကိစ္စ၌ ဒေါ်ကျင်ထွေး၏ အိမ်ခန်းငှားနေသူ ကိုမျိုးနှင့် မင်းမင်း ဆိုသူနှစ်ဦးအား သင်္ကာမကင်းဖြစ်နေ၏။

ဒေါ်ထွေးကျင်တွင် သမီးနှစ် ယောက်ရှိသည်။ ၎င်းတို့မှာ ဥမ္မာနှင့် မမော်ကြည်တို့ ဖြစ်၏။

မဥမ္မာနှင့် မမော်ကြည်တို့ ညီ အစ်မမှာ ဦးဆွေတို့၏ ဆိုဆုံးမမှု အောက်တွင် ကြီးပြင်းလာသူများဖြစ်၍ ဦးဆွေတို့ ဇနီးမောင်နှံအား ချစ် ကြောက်ရိုသေပြီး ဆွေမျိုးအရင်းအချာ များလို ခင်မင်ကြသည့် ညီအစ်မများ ဖြစ်သည်။

ထို့ကြောင့်လည်း ဦးဆွေတို့ ပစ္စည်းများ ခိုးခံရသည့်ကိစ္စတွင် သူတို့ ညီအစ်မမှာ စိတ်မကောင်းဖြစ်ရသည်။ ခိုးယူသွားသည့် တရားခံကို အမြန်ဆေ



www.burmeseclassic.com

www.burmeseclassic.com

ပေါက်စေလိုသည်။

ထိုအကြောင်းများကို သိထားသော ဦးဆွေသည် မဥမ္မာနှင့် မမော်ကြည်တို့ ညီအစ်မကိုခေါ်၍ ပစ္စည်းများခိုးသည့် တရားခံပေါ်အောင် ပိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် ပြောကြားလေသည်။

အိမ်ငှား ကိုမျိုးတို့ မိသားစုနှင့် မင်းမင်းတို့မိသားစု တစ်စုစုသည် ပစ္စည်းများ ခိုးခံရသောကိစ္စမှာ ပါဝင်ပတ်သက်နေလိမ့်မည်ဟု ထင်မြင်ယူဆမိသည်။

ဘယ်သူဘယ်ဝါရယ်လို့ အတိအကျ မပြောနိုင်သောကြောင့် ထိုမိသားစုနှစ်စု၏ ပြောဆိုလှုပ်ရှား သွားလာမှုများကို မဥမ္မာနှင့် မမော်ကြည်တို့က မသိမသာ စောင့်ကြည့် အကဲခတ်ပေးရန်နှင့် ပြောသံဆိုသံများကို နားစွင့်ထားရန်၊ ထူးခြားမှုရှိပါက ဦးဆွေတို့ကို တိုးတိုးတိတ်တိတ် ပြန်ပြောပြရန်၊ ထိုအကြောင်းကိုလည်း မည်သူ့ကိုမျှ အသိမပေးရန် ဦးဆွေက မှာကြား [illegible]

မဥမ္မာ [illegible] လည်း စိတ်ပါလက်ပါဖြင့် အကူအညီပေးပါမည်။ စုံစမ်းထောက်လှမ်းပါမည်ဟု ဦးဆွေကို ကတိပေးလိုက်သည်။

*** ***

ဒေါ်ကျင်ထွေး၏ အိမ်ငှား၊ သစ်သီးစုံရောင်းသော ကိုမျိုးတို့မိသားစုနှင့် တွေ့ရာအလုပ်လုပ်သည့် မင်းမင်းတို့မိသားစုကို ဦးဆွေသည် တစေ့တစောင်းအကဲခတ်လေ့လာလျက်ရှိသည်။

ကိုမျိုးတို့အိမ်ခန်းသို့ အဝင်အထွက်ရှိသော ဆံရှည်နှင့် လက်နှစ်ဖက်လုံး၌ တက်တူးများ အပြည့်ထိုးထားသည့် အရပ်ရှည်ရှည်၊ အသားညိုညို၊ မျက်နှာပေါက်ဆိုးဆိုးလူကို ဦးဆွေက မသင်္ကာသဖြင့် မဥမ္မာအား ခေါ်မေးကြည့်သည်။

ထိုလူ၏ အမည်မှာ တိုးဇော်ဖြစ်ပြီး ကိုမျိုးမိန်းမ မချို၏မောင်တော်ကြောင်း မဥမ္မာက ပြောပြ၏။

တိုးဇော်သည် အရက်သောက်၊ ဖဲရိုက်၊ လောင်းကစားလုပ်သူ ဖြစ်သဖြင့် အမြဲတမ်း ငွေလိုအပ်နေသူဖြစ်၏။

ထို့ကြောင့် တိုးဇော်သည် အစ်မဖြစ်သူ မချိုထံသို့ မကြာခဏလာ၍ ပိုက်ဆံတောင်းလေ့ရှိသည်ဟု မဥမ္မာက ပြောပြသဖြင့် သိရ၏။

မင်းမင်းတို့ မိသားစုမှာ အားလုံးပေါင်း သုံးယောက်ရှိသည်။ မင်းမင်း၏ မိန်းမ ဘဲဥမနှင့် သုံးနှစ်အရွယ် သားလေးတစ်ယောက်ဖြစ်၏။

မင်းမင်းကလည်း အရက်မကြာမကြာ မူးလာပြီး ဘဲဥမနှင့် ရန်ဖြစ်လေ့ရှိသည်။ မင်းမင်းသည် အလုပ်မရွေး [illegible] ရာအလုပ်ကို လုပ်ကိုင်၏။

ဘဲဥမသည် လမ်းထိပ်၌ ငါးပိရည်နှင့် တို့စရာအစုံ ရောင်းသည်။

ဦးဆွေတို့လင်မယား နံနက် ၄ နာရီခွဲကားဖြင့် ဗိုလ်တထောင်ဆိပ်ကမ်းသို့ ထွက်သွားလျှင် လမ်းထဲ၌ ဘဲဥမ ထင်းများလိုက်ကောက်နေသည်ကို တွေ့ရသည်။

ထို့ကြောင့်လည်း မင်းမင်းတို့ လင်မယားအား ဦးဆွေ၏ သံသယ တရားခံများ စာရင်း၌ ထည့်သွင်းလိုက်ရခြင်း ဖြစ်သည်။

*** ***

မဥမ္မာနှင့် မမော်ကြည်တို့ ညီအစ်မနှစ်ယောက်သည် ဦးဆွေတို့အိမ်ကို ည ၈ နာရီခန့်တွင် ရေနွေးကြမ်းသုတ်ပျာဖြင့် ရောက်လာကြသည်။

"ဘဘရေ . . . ထူးတော့ထူးပြီ။ မင်းမင်းအရက်တွေမူးလာတယ်။ ဘဲဥမနှင့် မင်းမင်း ပြောနေကြတဲ့ စကားတွေက မသင်္ကာစရာပဲ။ ဒါကြောင့် ဘဘတို့ကို လာပြောတာ"

ဟု မဥမ္မာက ဝမ်းသာအားရ ပြောလိုက်သည်။

"ဟုတ်လား။ ဘာတွေများ ပြောနေကြလို့လဲ"

ဦးဆွေက ပြန်မေးလိုက်၏။

"မြန်မြန်ပြောစမ်းပါဟယ်။ ငါသိချင်လှပြီ"

ဟု ဒေါ်ခင်ခင်က သွက်လက်စွာ ဝင်ပြောလိုက်သည်။

"ပြောပါ့မယ် အန်တီရယ်။ မင်းမင်းနဲ့ ဘဲဥမတို့ စကားပြောသံ ကြားရလို့ သမီးတို့က သမီးတို့ အခန်းဘက်က ထရံဘေးမှာကပ်ပြီး နားထောင်နေတာပေါ့"

"မင်းမင်းကပြောတယ်။ မိန်းမ မင်းတို့သားအမိကို ငါကောင်းကောင်းထားမှာပါ။ အခုငါ ကားပွဲစားလုပ်တာ သိန်းနှစ်ဆယ်ကျော်လောက် ရမယ်ကွ။ ငါ့ကိုသေသေချာချာ ကြည့်စမ်း။ ဒီမှာ ပလေကပ်ပုဆိုး တစ်သောင်းတန်တယ်ကွ။ အင်္ကျီကိုလည်း ကြည့်လိုက်ဦး။ မင်းယောက်ျား အရင်နဲ့တူသေးလား။ ငါ့သားလေးကိုလည်း စက်ဘီးလေးတစ်စီးဝယ်ပေးရဦးမယ်လို့ မင်းမင်းကိုယ်တိုင်ပြောနေတဲ့ စကားသံတွေကို သမီးနားနဲ့ ဆတ်ဆတ်ကြားခဲ့ရတာ ဘဘရဲ့"



www.burmeseclassic.com

www.burmeseclassic.com

ဟု မဥမ္မာက ပြန်ပြောပြ၏။

“ဟုတ်ရဲ့လားဟယ်”

ဒေါ်ခင်ခင်က သေချာအောင် ထပ်မေးလိုက်သည်။

“ဩော် ... အန်တီရယ် သမီးတို့က မဟုတ်တဲ ပြောပါ့မလား။ သမီးတို့ညီအစ်မနှစ်ယောက်လုံး သေသေချာချာ ကြားခဲ့ရတာပါ”

မမော်ကြည်က သူတို့ကိုယ်တိုင် ကြားခဲ့ရကြောင်း ပြောပြ၏။

“ဟုတ်တယ် ဘဘရဲ့။ သမီးတို့တော့ မင်းမင်းလို့ပဲ ထင်တယ်။ ဒီကောင် ကားပွဲစားလုပ်လို့ သိန်းနှစ်ဆယ်ကျော်ရမယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ကားအမျိုးအစား နာမည်တွေတောင် မခေါ်မပြောတတ်တဲ့ ကောင်ကများ ကားပွဲစားလုပ်သတဲ့။ မယုံပေါင်”

မဥမ္မာက မဲ့ကာရွဲ့ကာ ပြောလိုက်သည်။

“သိန်းနှစ်ဆယ်ဆိုတာလည်း ဘဘတို့ပစ္စည်းတွေ ခိုးရောင်းလို့ ရတာပဲ ဖြစ်ရမယ်”

ဟု မမော်ကြည်က ထင်ကြေးပေးလိုက်၏။

“အေး ... ဖြစ်နိုင်တယ်။ ထန်းရည်မူး ကျွဲခိုးပေါ်ဆိုတာ ဒါမျိုးပေါ့။ ဒီကောင် အရက်မူးလာလို့ ဒီစကားတွေထွက်လာတာ။ ကဲ .. ဒီအကြောင်းကို ဘယ်သူ့မှ မပြောကြနဲ့ဦး။ မင်းမင်းတို့လင်မယား ဘာတွေ ထပ်ပြောကြဦးမလဲဆိုတာကို သမီးတို့ သတိထားပြီး နားထောင်လိုက်ကြပါဦး။ ကြားတာတွေကို ဘဘတို့ကို လာပြောဦးနော်။ ဘဘတို့ကို ကူညီပါကွယ်”

ဦးဆွေက ပြောလိုက်၏။

“စိတ်ချပါ ဘဘရယ်။ သမီးတို့ညီအစ်မကလည်း ဘဘတို့ပစ္စည်းတွေ ပျောက်တာကို ကိုယ့်ပစ္စည်းတွေပျောက်သလို ခံစားရပါတယ်။ ဘဘတို့က ကျေးဇူးရှိပါတယ်။ ဘဘတို့အတွက်ဆိုရင် သမီးတို့ကကူညီချင်နေတာပါ”

ဟု မဥမ္မာက ပြောပြ၏။

မဥမ္မာတို့ ညီအစ်မနှစ်ယောက်သည် ဦးဆွေတို့ကို သတင်းပို့ပြီး ပြန်သွားကြလေသည်။

*** ***

“ဘဘရေ ... မင်းမင်းခိုးတာ သေချာနေပြီ”

ဟု မမော်ကြည်က ပြောပြောဆိုဆို ဦးဆွေတို့အိမ်ပေါ်သို့ တက်လာသည်။ မဥမ္မာလည်း ပါလာသည်။

“ဟဲ့ ... တိုးတိုးပြောပါ။ လာကြ လာကြ ... ဧည့်ခန်းကိုလာ”

ဦးဆွေက သတိပေးပြောလျက် ဧည့်ခန်းသို့ ညီအစ်မနှစ်ယောက်ကို ခေါ်သွားသည်။

“ခင်ခင်ရေ [illegible] ဒီမှာ [illegible] တွေ လာနေတယ်ဟေ့”

ဦးဆွေပြောလိုက်သော အသံကြောင့် ဒေါ်ခင်ခင်သည် အိပ်ခန်းအတွင်းမှ ထွက်လာသည်။

“ဘာတွေထူးလို့လဲ ပြောကြပါဦး။ ငါ့တူမတွေက အားကိုးရပါတယ်”

လို့ ဒေါ်ခင်ခင်က ပြောလိုက်၏။

“ပြောမယ် အန်တီရေ။ ညတုန်းက ဘဘတို့အိမ်က သမီးတို့ပြန်သွားပြီး သိပ်မကြာဘူး။ မင်းမင်းအိမ်ရှေ့ကို ထွက်လာတယ်။ မင်းမင်းက သားသားနားနား ဖြစ်နေတယ်။ ပလေကပ်လုံချည် အပြာစင်းလေးနဲ့ အင်္ကျီက အပျံစားနဲ့။ သမီးက သူ့ကို တွေ့တွေ့ချင်းပဲ ဟယ် .. ငါ့မောင်လေးက လန်းနေပါလားလို့ ပြောလိုက်တယ်။ အဲဒီတော့ ဒီကောင်မြောက်သွားပြီး ဩော် ... အစ်မကြီးကလည်း အစ်မောင်က နောက်ဆိုရင် ဒါထက်တောင် ပိုသားနားဦးမှာ။ ကျွန်တော် ကားပွဲစားလုပ်လိုက်တာ သိန်းနှစ်ဆယ်လောက်တောင်ရှိဦးမှာလို့ မင်းမင်းက သမီးကို ပြောပြတယ်”

ဟု မဥမ္မာက ပြော၏။ မဥမ္မာကပင် ဆက်ပြောပြန်သည်။

“ဒီကောင့်အကြောင်း သေသေချာချာသိရအောင် သမီးက ထပ်ပြီးပင့်လိုက်တာပေါ့”

“ဘယ်လိုများ ပင့်လိုက်တာလဲ”

ဟု ဒေါ်ခင်ခင်က မေးလိုက်၏။

“ဒီလိုလေ အန်တီရဲ့။ နောက်ထပ် ဘာစကားတွေများ ထွက်လာဦးမှာလဲ သိရအောင်လို့ မြှောက်ပေးလိုက်တာပါ။ ငါ့မောင်ကတော့ အပျံစားပဲ ဝတ်လို့စားလို့။ မင်းမိန်းမနဲ့ ဒေါ်ထွေးကြိုင်တို့ပါဦး။ ဘဲဥမတို့သားအမိက သနားပါတယ်။ မင်းရဲ့သားလေး မုန့်စားချင်လို့ ညနေက သူ့အမေကို ပူဆာနေတယ်။ သူ့အမေက ပိုက်ဆံမရှိလို့ဆိုပြီး ဝယ်မကျွေးဘူးလို့ သမီးက မင်းမင်းမခံချင်အောင် ပြောလိုက်တာပေါ့”

“အဲဒီတော့ မင်းမင်းက ဘာပြောတယ်ထင်သလဲ”

မဥမ္မက ဦးဆွေတို့ ဇနီးမောင်နှံကို ကြည့်၍ မေးလိုက်သည်။

“ဘာများပြောလိုက်လို့လဲ”ဟု ဦးဆွေက ပြန်မေး၏။

“မောင်လေးက ကိုယ့်မိန်းမနဲ့



www.burmeseclassic.com

www.burmeseclassic.com

**အရက်မူး၍**
**သော်လည်းကောင်း၊**
**ကြွားဝါချင်သော စိတ်**
**ကြောင့်လည်းကောင်း**
**မဟုတ်မမှန်သော**
**စကားများကို**
**ပြောခဲ့မိသဖြင့်**
**ကိုယ့်လည်ပင်းကိုယ်**
**ကြိုးကွင်းစွပ်သလိုမျိုး**
**ဖြစ်ခဲ့ရသည်။**

ကိုယ့်သားကို ပစ်ထားပါ့မလား အစ်မကြီးရယ်။ မနေ့ကပဲ ကျွန်တော့်မိန်းမကို ငွေငါးသောင်း ပေးလိုက်တယ်။ ငါးရာတန်အုပ်လိုက်ကို ပေးထားတာ။ အစ်မကြီးညီမက ဘာတွေသုံးနေလဲမှ မသိတာဆိုပြီး မင်းမင်းကပြောပြတယ်''

ဟု မဥမ္မာက ပြန်ပြောပြ၏။

မဥမ္မာပြောပြသော စကားကို ကြားရလျှင် ဦးဆွေနှင့် ဒေါ်ခင်ခင်တို့၏ မျက်နှာများမှာ ဝင်းလဲ့တောက်ပသွားသည်။ ပစ္စည်းခိုးသည့် တရားခံကို ခြေရာခံ သဲလွန်စရ၍ ဝမ်းသာရိပ်များ ဖုံးလွှမ်းနေ၏။

''ဒါဆိုရင် ရှင်းနေပြီ။ ငါတို့ ပျောက်သွားတဲ့ ပစ္စည်းတွေထဲမှာ ငွေသားငါးသောင်းပါတယ်။ အဲဒီငွေက ငါတို့ဘဏ်ကထုတ်ထားတဲ့ ငါးရာတန်အုပ်ပဲ။ မင်းမင်းက ဘဲဥမတို့ ပေးလိုက်တာဆိုတဲ့ ငွေငါးသောင်းကလည်း ငါးရာတန်အုပ်ဆိုတော့ သေချာနေပြီပေါ့။ မင်းမင်းခိုးတာပဲ ဖြစ်ရမယ်''

ဟု ဦးဆွေက သေချာပေါက် သတ်မှတ်လိုက်လေသည်။

*** ***

ဦးဆွေသည် ရဲစခန်းသို့သွား၍ အမှုလိုက် ဒုရဲအုပ် ဇော်ဝင်းနိုင်ကို မင်းမင်းတို့၏ အကြောင်းများအား မဥမ္မာတို့ ညီအစ်မပြောပြသည့်အတိုင်း တစ်ဆင့်ပြန်လည် ပြောပြလိုက်သည်။

ဒုရဲအုပ်ဇော်ဝင်းနိုင်သည် မဥမ္မာတို့ညီအစ်မကို အမှုနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းလိုသဖြင့် မဥမ္မာတို့ ညီအစ်မအား ရဲစခန်းသို့ လာရောက်အစစ်ဆေးခံရန် ဦးဆွေကို မှာကြားလိုက်လေသည်။

*** ***

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမှတ်(၁) ရဲစခန်း သာကေတရှိ အမှုစစ်ဌာနရုံးခန်း၌ ဒုရဲအုပ်ဇော်ဝင်းနိုင်နှင့် ရဲတပ်ကြပ်ကြီး အောင်ကျော်တို့သည် မဥမ္မာနှင့် မမော်ကြည်တို့ နှစ်ဦး၏ ထွက်ဆိုချက်များကို စစ်ဆေး၍ မှတ်တမ်းတင်ရေးမှတ်နေ၏။

မဥမ္မာတို့ ညီအစ်မကလည်း သူတို့ကြားခဲ့ရသည့် မင်းမင်းပြောလိုက်သော စကားများကို တစ်လုံးမကျန် မှန်ကန်စွာ ထွက်ဆိုအစစ်အဆေးခံ၏။

ဒုရဲအုပ် ဇော်ဝင်းနိုင် ခေါင်းဆောင်သော ရဲအဖွဲ့သည် မင်းမင်းကို ခြေရာခံ လိုက်နေကြသည်။

ည ၁၁ နာရီကျော်ခန့်တွင် ဒုရဲအုပ် ဇော်ဝင်းနိုင်နှင့် ရဲအဖွဲ့သည် ဒေါ်ကျင်ထွေး၏ နှစ်ထပ်အိမ်ကြီးအား ရှေ့နောက်ဝဲယာ ပတ်ပတ်လည် ဝိုင်းရံထားလိုက်ကြသည်။

ထိုကဲ့သို့ ဝိုင်းရံထားရခြင်းမှာ ရဲတပ်ဖွဲ့၏ လုပ်ထုံးလုပ်နည်းပင် ဖြစ်၏။ တရားခံ အနည်းအများကို အဓိကမထားဘဲ တရားခံမလွတ်အောင် ဖမ်းဆီးနိုင်ရေးက အဓိကဖြစ်သည်။ ထို့ကြောင့် သတိဝီရိယကြီးစွာဖြင့် ကြိုတင်ပြင်ဆင်ထားရခြင်းဖြစ်၏။

တရားခံ ဖမ်းဆီးရာ၌ ရဲအဖွဲ့ဝင်အားလုံးသည် အထူးသတိထားဆောင်ရွက်ရ၏။ တရားခံတစ်ဦးပင် ဖြစ်သော်လည်း တရားခံကို လျှော့တွက်ထား၍ မရ။ တရားခံဆိုသူသည် ခုခံနိုင်က ခုခံမည်။ ပြေးပေါက်ရှိက ပြေးမည်သာ ဖြစ်၏။ ထို့ကြောင့် တရားခံပြေးနိုင်သည့် ထွက်ပေါက်များကို ပိတ်ဆို့ထားရခြင်း ဖြစ်သည်။

ဒုရဲအုပ် ဇော်ဝင်းနိုင်နှင့် ရဲကြပ်ကြီး အောင်ကျော်တို့နှစ်ဦးသည် မင်းမင်းအိပ်ခန်းထဲသို့ ဝင်၍ အိပ်ပျော်နေသော မင်းမင်းအား လက်ထိပ်ခတ် ဖမ်းဆီးလိုက်လေသည်။

*** ***

ခုနစ်ရက်ကြာသောအခါ ...

အမှတ်(၁)ရဲစခန်း သာကေတရှိ အချုပ်ခန်းအတွင်း၌ မင်းမင်းသည် နောင်တကြီးစွာရနေ၏။ ရွှေများ ခိုးယူမှုဖြင့် စွပ်စွဲခံရပြီး ဖမ်းဆီးခံခဲ့ရသည်မှာ ရက်သတ္တတစ်ပတ်ပင် ပြည့်လေပြီ။ အရက်မူး၍သော်လည်းကောင်း၊ ကြွား



www.burmeseclassic.com

www.burmeseclassic.com

ဝါချင်သောစိတ်ကြောင့်လည်းကောင်း မဟုတ်မမှန်သော စကားများကို ပြောခဲ့မိသဖြင့် ကိုယ့်လည်ပင်းကိုယ်ကြိုးကွင်းစွပ်သလိုမျိုး ဖြစ်ခဲ့ရသည်။

စကားပြောရာ၌ အနှောင့်အသွားမလွတ်သော စကားများကို ပြောဆိုမိသောကြောင့် ယခုကဲ့သို့ သူခိုးဟု စွပ်စွဲ ခံရသည်။ ဖမ်းဆီးချုပ်နှောင်ခြင်းကိုလည်း ခံခဲ့ရသည်။

ကိုယ်မကျူးလွန်သော ခိုးမှု၌ ကိုယ်မဆင်မခြင် ပြောမိသော စကားကြောင့် တရားခံမဟုတ်ဘဲ တရားခံဖြစ်ရတော့မည့်အရေးကို တွေးမိလေနောင်တရလေ ဖြစ်နေ၏။

ဒုရဲအုပ်ဇော်ဝင်းနိုင်သည် ဦးဆွေနှင့် ဒေါ်ခင်ခင်တို့အား ရဲစခန်းသို့ ခေါ်၍ ခိုးမှုဖြင့် ဖမ်းဆီးထားသော မင်းမင်းသည် တရားခံအစစ်အမှန် မဟုတ်ကြောင်း စစ်ဆေးတွေ့ရှိရသောကြောင့် ရဲအချုပ်မှ ပြန်လွှတ်ပေးရမည်ဖြစ်ကြောင်းကို တရားလိုများလည်း သိရှိ၍ ကျေနပ်မှုရှိစေရန် ရှင်းလင်းပြောပြနေ၏။

"ကျွန်တော်တို့ ရဲအဖွဲ့က မင်းမင်းကို သေသေချာချာ စစ်ဆေးပြီးပါပြီ။ ဦးဆွေတို့ရဲ့ ရွှေထည်ပစ္စည်းတွေကို ခိုးယူတဲ့တရားခံဟာ မင်းမင်းတော့ မဖြစ်နိုင်ဘူး။ မင်းမင်း တစ်သောင်းတန် ပလေကပ်လုံချည် ဝတ်တယ်ဆိုတာ မင်းမင်းက ဝယ်ဝတ်တာ မဟုတ်ဘူး။ သူ့သူငယ်ချင်းဆီက ငှားဝတ်တာလို့ သိရပါတယ်။ ဒီကိစ္စကိုလည်း ကျွန်တော်တို့ရဲအဖွဲ့က အမှန်တကယ်ဟုတ်မဟုတ်ကို လုံချည်ငှားလိုက်တဲ့ မင်းမင်းရဲ့သူငယ်ချင်း သိန်းထွန်းကို စုံစမ်းမေးမြန်းကြည့်ပါတယ်။

ပလေကပ်လုံချည်နဲ့ အင်္ကျီငှားလိုက်ကြောင်း အထောက်အထား ခိုင်လုံစွာနဲ့ သိန်းထွန်းက ထွက်ဆိုသွားပါတယ်။ နောက်ပြီး မင်းမင်းက သူ့မိန်းမကို ငွေငါးသောင်း ပေးတယ်ဆိုတာလည်း အရက်မူးမူးနဲ့ ပြောလိုက်တာပါ။ မင်းမင်း ဘုံစုစုထားတဲ့ ငွေငါးသောင်းကလည်း တစ်ရက်နှစ်ရက်ကြာလျှင် ရတော့မှာမို့ အဲဒီငွေငါးသောင်းကို မိန်းမဖြစ်သူ ဘဲဥမကို ပေးရမယ်လို့ ပြောချင်တာပါတဲ့။ ဒါပေမယ့် အရက်ကလည်း မူးနေ၊ မဥမ္မာတို့ကိုလည်း မခံချင်တာနဲ့ ဘဲဥမကို ငွေငါးသောင်းပေးပြီးပြီလို့ ညာပြောလိုက်တာဖြစ်ကြောင်း မင်းမင်းက ထွက်ဆိုသွားပါတယ်။

မင်းမင်းမိန်းမကို စစ်ဆေးကြည့်တော့လည်း ဘဲဥမက မင်းမင်းဆီက ငွေငါးသောင်းမပြောနဲ့ ငွေငါးရာတောင် မရလို့ အိပ်နေတဲ့ ခြင်ထောင်ကို ငွေတစ်ထောင့်ငါးရာနဲ့ သွားပေါင်ထားရတယ်လို့ ထွက်ဆိုသွားပါတယ်။

ဒီငွေငါးသောင်း ကိစ္စကိုလည်း ကျွန်တော်တို့ရဲအဖွဲ့က သေချာအောင် ထပ်မံစုံစမ်းခဲ့ပါတယ်။

မင်းမင်း အမှန်တကယ် ဘုံစုစုထားခြင်း ဟုတ်/မဟုတ်ကို စုံစမ်းစစ်ဆေးကြည့်တဲ့အခါမှာ မင်းမင်းက အမှန်တကယ်ပဲ ဘုံစု စုထားကြောင်း တွေ့ရှိရပါတယ်။

ငွေသိန်းနှစ်ဆယ် ရမယ်ဆိုတာကတော့ မင်းမင်းက သူ့အစ်မဆီက အမွေရမှာကို သိရလို့ ပတ်ဝန်းကျင်ကို အာချောင်လိုက်တာ၊ ကြွားဝါလိုက်တာပါလို့ အမှန်အတိုင်း ထွက်ဆိုသွားပါတယ်။

မင်းမင်းရဲ့ အစ်မကိုလည်း ကျွန်တော်တို့ စုံစမ်းမေးမြန်းကြည့်ပါတယ်။ အမွေရဖို့ကိစ္စကလည်း အမှန်တကယ်ပဲဆိုတာ သိရပါတယ်။

နောက်ပြီး မင်းမင်းကို ဖမ်း... ကလည်း ကျွန်တော်တို့ရဲ့ အဖွဲ့နဲ့အ... ရပ်ကွက်လူကြီးတွေ အပါအဝင် မင်း... မင်းအိမ်ခန်းကို ရှာဖွေခဲ့ပါတယ်။

မင်းမင်းတို့ အိမ်ခန်းမှာ အ... တန်ပစ္စည်း ဘာမှမတွေ့ခဲ့ရတဲ့အပြင် ထဘီသုံးထည် ပေါင်ထားတဲ့ အပေါင်လက်မှတ်နဲ့ ခြင်ထောင်တစ်လုံး ပေါင်ထားတဲ့ အပေါင်လက်မှတ်နှစ်စောင်... တွေ့ခဲ့ရပါတယ်။

အဲဒီအပေါင်လက်မှတ် ရက်... တွေကို ကြည့်လိုက်တဲ့အခါမှာ ဦးဆွေ... တို့ ရွှေတွေပျောက်ပြီး နောက်ရက်မှာ ပဲဆိုတာ သိရပါတယ်။

ဒီအထောက်အထား စစ်ဆေး... ချက်၊ ထွက်ဆိုချက်တွေ အပေါ်မှာ လေ့လာသုံးသပ်ကြည့်ပြီး မင်းမင်းကို တရားခံစာရင်းက ပယ်ထုတ်လိုက်... ခြင်း ဖြစ်ပါတယ်။

ဒါကြောင့် မင်းမင်းကို ရဲအချုပ်ကနေ ပြန်လွှတ်လိုက်တာပါလို့ တရား... လိုဖြစ်တဲ့ ဦးဆွေတို့ နားလည်သဘော... ပေါက်အောင် ကျွန်တော်တို့က ခေါ်ယူ... ရှင်းပြရခြင်း ဖြစ်ပါတယ်"

ဟု ဒုရဲအုပ်ဇော်ဝင်းနိုင်က အသေးစိတ် ရှင်းလင်းပြောပြလိုက်လေသည်။

(ဆက်လက်ဖော်ပြပါမည်။)

**ရန်ကုန်မြင်...**

www.burmeseclassic.com

(ဂမ္ဘီရဆန်ဆန် ကမ္ဘာ့အံ့ဖွယ်သတင်း)

# အစ္စရေးဝန်ကြီးချုပ်ဟောင်း

# (၈)နှစ်ကြာခန့် သတိလစ်မေ့မြောခဲ့ရာမှ အသက်(၈၅)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

သိပ္ပံပညာ တစ်နေ့တခြား ထွန်းကားတိုးတက်လျက် ရှိနေသလို ကမ္ဘာ့ထူးဆန်းအံ့ဖွယ် သတင်းများ နေ့စဉ်နှင့်အမျှ ကြားသိတွေ့မြင်နေရ၏။

ယခုတစ်ဖန် အစ္စရေးနိုင်ငံ၊ ဂျေရုဆလင်မြို့မှလာသော ၁၃.၁.၂၀၁၄ ရက်စွဲပါ သတင်းတစ်ရပ် ဖော်ပြချက်တွင် အစ္စရေးနိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာ အာရီယယ်ရှာရွန်သည် ရှစ်နှစ်ကြာခန့် သတိလစ်မေ့မြောခဲ့ရာမှ ၁၃.၁.၂၀၁၄ ရက်နေ့ အသက် ၈၅ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ရှာပြီဟု သတင်းတစ်ရပ် ထွက်ပေါ်လျက်ရှိသည်။

ယင်းသတင်းကြောင့် စာရေးသူသည် လွန်ခဲ့သော အနှစ်(၂၀)ခန့်က စာရေးသူ၏ မိခင်ဘက်မှ တော်စပ်သော ကြီးတော်ကြီးတစ်ဦး ဒေါ်---သည် အသက် ၁၀၃



ဝန်ကြီးချုပ်ဟောင်း ရှာရွန်အတွက် နိုင်ငံတော်ဂုဏ်ပြုဆုတောင်းပွဲ ကျင်းပစဉ်

www.burmeseclassic.com

**စာရေးသူ၏ကြီးတော်ကြီးက ၎င်းသတိလစ်မေ့မြောခဲ့ရာမှ ပြန်လည်ဖောက်သည်ချပြောကြား စားမြုံ့ပြန်ခဲ့သဖြင့် စာရေးသူအနေဖြင့် ဂမ္ဘီရဆန်ဆန်၊ စိတ်နယ်လွန်၊ စိတ်ဆန်းကြယ်မှုသတင်းထူး သတင်းဆန်းတို့ကို ကြားဖူး၊ သိဖူး၊ ကြုံဖူးတွေ့ဖူးရပါသည်။**

နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သော ကြီးတော်ကြီးအကြောင်းကို ပြန်ပြောင်းသတိရမိသဖြင့် ဤသည်သတင်းဆောင်းပါးကို ရေးဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုကြီးတော်ကြီး ဒေါ်---က ၎င်းအသက် ၆၅ နှစ်ကျော်ခန့်တွင်လည်း အလားတူ သတိလစ်မေ့မြောခဲ့ရာ တစ်လခန့်ကျော်မှ ပြန်လည်သတိရလာခဲ့ပြီး အသက် ၁၀၃ နှစ်အထိ သက်ရှည်ကျန်းမာစွာ နေထိုင်သွားခဲ့၏။ ထိုစဉ်က ထိုသတင်းမှာ အတော်ထူးဆန်းလှသည်ဟု ထင်ခဲ့မိပါသည်။ ပိုမိုထူးဆန်းလှသည်ကား ...

ထိုကြီးတော်ကြီးက တစ်လကျော်ခန့် သတိလစ်မေ့မြောခဲ့ရာမှ ပြန်လည်ပြောခဲ့သည်မှာ ...

(ထိုအချိန်တွင်မူကား ကျန်ရစ်ခဲ့သူမိသားစုများတို့က ကြီးဒေါ်ကြီး ကွယ်လွန်တော့မည်ထင်မိ၍ အသုဘအတွက် အကုန်အသင့်ပြင်ဆင်ထားပြီး ဖြစ်ပါသည်။) ကြီးတော်ကြီး ပြန်လည်သတိရ နိုးကြားလာခဲ့သဖြင့် အတော်အံ့အားသင့်သွား။ ဝမ်းသာခြင်းဖြစ်မိပြန်ပါတော့သည်မှာ အမှန်ပင်ဖြစ်ပါသည်။ အံ့ဩခြင်းမက အံ့ဩထိတ်လန့်တုန်လှုပ်မိကြ၏။ ယခုတစ်ဖန် အစွရေးဝန်ကြီးချုပ်သည် အချိန် ၈ နှစ်ခန့်ကြာ သတိလစ်မေ့မြောခဲ့ရာမှ အသက် ၈၅ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ကြောင်း ကြားသိရပြန်သဖြင့် ပိုမိုအံ့ဩတုန်လှုပ်မိပါသည်။ အစွရေးဝန်ကြီးချုပ်က အချိန် ၈ နှစ်ကြာခန့် သတိလစ်မေ့မြောသွားပြီးသည့်နောက် တစ်ခါတည်း ကွယ်လွန်သွားသဖြင့် ၎င်းမေ့မြောစဉ်က ၎င်း၏ ထူးခြားသောအတွေ့အကြုံများကို လုံးဝမကြားရ၊ မသိလိုက်ရပေ။

သို့ရာတွင် စာရေးသူ၏ကြီးတော်ကြီးက ၎င်းသတိလစ်မေ့မြောခဲ့ရာမှ ပြန်လည်ဖောက်သည်ချပြောကြား စားမြုံ့ပြန်ခဲ့သဖြင့် စာရေးသူအနေဖြင့် ဂမ္ဘီရဆန်ဆန်၊ စိတ်နယ်လွန်၊ စိတ်ဆန်းကြယ်မှုသတင်းထူး သတင်းဆန်းတို့ကို ကြားဖူး၊ သိဖူး၊ ကြုံဖူး၊ တွေ့ဖူးရပါသည်။ ကောင်းလှပေစွ။

ကွယ်လွန်သူ ကြီးတော်ကြီးက သူသတိလစ်မေ့မြောစဉ်ကာလအတွင်း၌ နတ်ပြည်ကော၊ ငရဲပြည်ပါ အကုန်အလည်အပတ်ရောက်ခဲ့သည် ဆိုပါသည်။ နတ်ပြည်ကလည်း လက်မခံ၊ ငရဲပြည်ကလည်း လက်မခံ၊ ငရဲမင်းကြီးက ကြီးတော်ကြီးအား ဘာပြန်ပြောလိုက်သည် ဆိုလျှင် အချိန်မရောက်သေး၍ (သက်တမ်းမစေ့သေး၍) ဆိုကာ လူ့ပြည်သို့ ပြန်လွှတ်လိုက်သည်ဟု ပြောပြသည်။ ဖြစ်မှုဖြစ်ရလေခြင်း။ အံ့ဖွယ်သတင်းထူးပင်တည်း။ စာရေးသူ၏ ကြီးတော်ကြီး(ကြီးဒေါ်ကြီး)သည် ထိုအချိန်မှစ၍ သားသမီး၊ မြေးမြစ်များနှင့် အတူတကွ ပျော်ရွှင်ငြိမ်းချမ်း၊ အေးဆေးသက်ရှည်ကျန်းမာစွာ လူ့လောကတွင် နေထိုင်သွားခဲ့ရာ သက် ၁၀၃ နှစ်ခန့်တွင် ကွယ်လွန်သွားပေသည်။ ဤသည်မှာ တကယ့်လက်တွေ့ ဖြစ်ရပ်မှန်ပင် ပါသည်။

ဂမ္ဘီရပညာသည်သော်လည်းကောင်း၊ စိတ်သည်သော်လည်းကောင်း၊ စိတ်နယ်လွန်အကြောင်းသည်သော်လည်းကောင်း တကယ်မယုံကြည်နိုင်စရာပင်တည်း။ စာဖြင့်မရေးဖွဲ့နိုင်အောင် ဆန်းကြယ်လှပေတကား။

ယင်းနှင့်ပတ်သက်ပြီး ယခုအခါ ကမ္ဘာပေါ်တွင် စိတ္တဗေဒပညာရှင်၊ သိပ္ပံပညာရှင်များတို့သည် စိတ်ဆန်းကြယ်မှုအကြောင်း၊ စိတ်နယ်လွန်မှုအကြောင်း စသည်တို့ကို ဆက်လက်သုတေသနပြုလျက်ရှိရာ တိကျသော အဖြေရလဒ် မထွက်ပေါ်သေးပေ။ အဖြေမှန်ရပါစေသော ဆုတောင်းမျှော်လင့်ပါလျက် ...။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

Ref:-

(၁) ကိုယ်တွေ့ဖြစ်ရပ်မှန်။

(၂) ကြေးမုံ (၁၄. ၁. ၂၀၁၄)၊ (စာ-၁၄)



www.burmeseclassic.com

www.burmeseclassic.com

# ကုန်ပစ္စည်းတံဆိပ် အတုအပ ဆင်တူယိုးမှား ပြုလုပ်သုံးစွဲခြင်းနှင့် ပတ်သက်၍ ဖြစ်မှုရာဇဝတ်ကြောင်းအရ အရေးယူမှု(ဖြစ်မှု)

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

ကုန်ပစ္စည်းအမှတ်တံဆိပ်နှင့် အခြား အမှတ်တံဆိပ်နှင့်ပတ်သက်၍ မိမိမူပိုင်ဖြစ်စေရန်အလို့ငှာ သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တံဆိပ်ခေါင်း အခွန်ပေးဆောင်ပြီး မှတ်ပုံတင်ထားရပါသည်။

ယင်းသို့ မှတ်ပုံတင်ပြုလုပ်ထားလျှင် အခြားမည်သူမဆို တုပပြုလုပ်သုံးစွဲခွင့်မရှိတော့ပေ။ အကယ်၍ တုပသုံးစွဲပါက ပြစ်မှုရာဇဝတ်ကြောင်းဖြင့် တရားစွဲဆိုခံရမည်သာ ဖြစ်သည်ကို သတိပြုစေလိုပါသည်။

သို့ရာတွင် လုပ်ငန်းမရှိဘဲ ယင်းကုန်အမှတ်တံဆိပ်မှာ မတည်ရှိနိုင်ပါ။ ဆိုလိုသည်ကား လုပ်ငန်းနှင့် အမှတ်တံဆိပ် အစဉ်ဒွန်တွဲ၍ နေရပေမည်။ ထပ်မံရှင်းလင်းပေအံ့။

ကုန်ပစ္စည်းအမှတ်တံဆိပ်ကို မှတ်ပုံတင်ရုံကာမျှဖြင့် မပိုင်ဆိုင်ပါ။ လုပ်ငန်းလုပ်နေမှ ပိုင်ပါသည်။ ၎င်းကုန်ပစ္စည်းအမှတ်တံဆိပ်ကို မသုံးမပြုဘဲ စွန့်ပစ်ထားလျှင်ကား မပိုင်တော့ပေ။ ထိုသို့ တံဆိပ်တစ်ခု၏ မူလပိုင်ရှင်က အသုံးမပြုဘဲ စွန့်လွှတ်၊ စွန့်ပစ်ထားလျှင် အခြားသူတစ်ဦးက ကောက်ယူသုံးစွဲပိုင်ခွင့် ရှိလေသည်။ | ဥပဒေကိုးကားချက် - 1951 B.L.R (S.C) P-98 နှင့် 1962 (CC) တရားရုံးချုပ် P-187 |

၁၃ · ၁၁ · ၂၀၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၁ တွင် မြန်မာနိုင်ငံ အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သော သတိပေးကြေညာချက်တစ်ခု၌ -

"၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com

တော်အစိုးရက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော် (27th SEA GAMES MYANMAR 2013) ၏ အမှတ်တံဆိပ်ကို ရွေးချယ်သတ်မှတ်ရာတွင် ဒီဇိုင်နာ(Designer) ပါဝင်ယှဉ်ပြိုင်စေပြီး ရွေးချယ်သတ်မှတ်ကာ ဆုကြေးချီးမြှင့်ပေးအပ်ခဲ့သည့်ဖြစ်၍ ယင်းအားကစားပွဲတော် အမှတ်တံဆိပ်ဖြစ်သော (Logo)နှင့် အထိမ်းအမှတ် လာဘ်ကောင်ဇီးကွက်ရုပ်စုံတွဲ (Mascot) မှာ မြန်မာနိုင်ငံတော်အစိုးရက မူပိုင်ဖြစ်နေ၏။ အခြားမည်သူမဆို အတုအပပြုလုပ်ပြီး သုံးစွဲပိုင်ခွင့်မရှိ။ တုပသုံးစွဲကြောင်း စိစစ်တွေ့ရှိလျှင် တည်ဆဲဥပဒေအရ အရေးယူခံရမည် ဖြစ်ကြောင်း သတိပေးကြေညာချက်တစ်ရပ်ကို တွေ့ရှိရပါသည်။ (၎င်းသတိပေးကြေညာချက်ကို ပူးတွဲတင်ပြထားပါသည်။)

## ကုန်တံဆိပ်၊ ပစ္စည်းတံဆိပ်နှင့် အခြားတံဆိပ်များ လိမ်လည်သုံးစွဲ၊ အလွဲသုံးစားပြုမှုအတွက် အပြစ်ဒဏ်များ

ကုန်ပစ္စည်း(ကုန်စည်ပစ္စည်း)၊ သေတ္တာ၊ အထုပ်အပိုး၊ အခြားထည့်စရာတစ်ခုခု၌ ကုန်စည်ပစ္စည်းများ ထည့်သွင်း၍

သတိပေးကြေညာခြင်း

၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စားပြု သတ်မှတ်အသုံးပြုမည့် အထိမ်းအမှတ်တံဆိပ် (Logo)နှင့် အထိမ်းအမှတ်လာဘ်ကောင် (Mascot)များအဖြစ်အသုံးပြုရန်အတွက် ဒီဇိုင်းရေးဆွဲပြိုင်ပွဲအား ၂၀၁၁ ခုနှစ် ဇူလိုင် (၄)ရက်မှ ဩဂုတ်လ (၄)ရက်အတွင်း ကျင်းပပြုလုပ်ခဲ့ပြီး ရွေးချယ်ခြင်းခံရသည့် အောက်ဖော်ပြပါ အထိမ်းအမှတ်တံဆိပ်(Logo)နှင့် အထိမ်းအမှတ်လာဘ်ကောင် (Mascot)ပုံအားရေးဆွဲသူ (Designer) များကိုလည်း သတ်မှတ်ဆုကြေးများကို အားကစားဝန်ကြီးဌာနမှ ချီးမြှင့်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။




အထက်ဖော်ပြပါ အမှတ်တံဆိပ်များဖြစ်သည့် (Logo)နှင့် (Mascot)များကို အားကစားဝန်ကြီးဌာန၊ Sports Marketing Committee ၏ ခွင့်ပြုချက်တစ်စုံတစ်ရာရရှိခြင်းမရှိဘဲ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ သုံးစွဲခွင့်၊ ရုပ်သံလွှင့်ခွင့်၊ ဈေးကွက်အရောင်းမြှင့်တင်ခြင်း (Marketing & Promotion)များတွင် ထည့်သွင်းသုံးစွဲခွင့်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ကြော်ငြာ Bill Board များတွင် ထည့်သွင်းလျက် မိမိတို့၏လုပ်ငန်း(သို့မဟုတ်)ကုန်ပစ္စည်းများကို ကြော်ငြာခွင့်များ ပြုလုပ်ခွင့်မရှိကြောင်း ကြေညာထားရှိပြီးဖြစ်ပါသည်။

အားကစားဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးသော ကုမ္ပဏီများအနေဖြင့်လည်း SEA Games လှုံ့ဆော်ရေးပိုစတာ(Bill Board)များအပြင် ... Logo၊ Mascot ပုံများပါဝင်သည့် အားကစားလှုံ့ဆော်ရေးဒီဇိုင်းပုံများကိုသာ ထည့်သွင်းဖော်ပြခြင်းဖြင့် ... ပုံ(၁)ပုံကိုသာ ကုမ္ပဏီ၏အမှတ်တံဆိပ်များအား ထည့်သွင်းဖော်ပြရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

အားကစားဝန်ကြီးဌာန

လိမ်လည်ရောင်းချခြင်းကို ဆိုလိုပါသည်။ သို့မဟုတ် ... တံဆိပ်လိမ်ကို သုံးစွဲခြင်းကို ဆိုလိုပါသည်။ (ဥပဒေကိုး... ချက် - ပြစ်မှုပုဒ်မ ၄၈၀/၄၈၁)

ကုန်တံဆိပ်လိမ်ကိုဖြစ်စေ၊ ပစ္စည်းတံဆိပ်လိမ်ကို... စေ သုံးစွဲသည့်အတွက် အပြစ်ဒဏ်မှာ ထောင်ဒဏ်(၁)... ငွေဒဏ်၊ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်စလုံး။ (ပြစ်မှုပုဒ်မ ၄...)

အခြားသူသုံးစွဲသော် ကုန်တံဆိပ်ကိုသော်လည်း... ကောင်း၊ ပစ္စည်းတံဆိပ်ကိုသော်လည်းကောင်း အတုပြု... ခြင်းအတွက် အပြစ်ဒဏ်မှာ ထောင်ဒဏ်(၂)နှစ်အထိ... သို့မဟုတ် ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချ... ကြရမည် ဖြစ်၏။ (ပြစ်မှုပုဒ်မ ၄၈၃) ဖြစ်သည်။

ကုန်တံဆိပ်ကိုဖြစ်စေ၊ ပစ္စည်းတံဆိပ်ကိုဖြစ်စေ အတု... ပြုလုပ်ရန် ကိရိယာတစ်ခုခုကို ပြုလုပ်ခြင်း၊ သို့တည်းမဟုတ် လက်ရှိထားခြင်းအတွက် ပြစ်ဒဏ်ကတော့ ထောင်ဒဏ်(၃)... အထိနှင့် ငွေဒဏ်ဖြစ်ပါသည်။ (ပြစ်မှုပုဒ်မ ၄၈၅)

ကုန်တံဆိပ်လိမ်နှင့်ဖြစ်စေ၊ ပစ္စည်းတံဆိပ်လိမ်နှင့်ဖြစ်... စေ ကုန်ပစ္စည်းများတို့ကို ရောင်းချလျှင် ထောင်ဒဏ်(၁)... အထိနှင့် ငွေဒဏ်ကျခံကြရမည်။ (ပြစ်မှုပုဒ်မ ၄၈၆)

**ကောဇာအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

***Ref:***


(၁) အသုံးချဥပဒေပေါင်းချုပ် (ဦးမြစိန်)

(၂) ပြစ်မှုဆိုင်ရာဥပဒေ (၁၉၆၈ ခုနှစ်ထုတ်ဝေ)




www.burmeseclassic.com

www.burmeseclassic.com

# နှစ်သက်တမ်း ၃၀၀ ရှိ တယော စားပွဲလက်မှ ပြန်ရ

၆.၂.၁၄ နေ့တွင် နှစ်ပေါင်း ၃၀၀ ကြာပြီဖြစ်သော တယောပညာရှင် စတာဒီဘာရစ် ကိုယ်တိုင် တီတွင်ပြုလုပ် တီးခတ်ခဲ့သော တယောအစစ်သည် လက်နက်ကိုင်ဓားပြများက လုယက်ယူဆောင်သွားရာမှ ပြန်လည်သိမ်းဆည်းရမိကြောင်း သတင်းစာတွင် ဖော်ပြထားသည်။

သက်တမ်း ၃၀၀ ရှိပြီဖြစ်သော အဆိုပါ တယောသည် နှင်းဆီသစ်၊ သစ်ကနက်သားတို့ဖြင့် ပြုလုပ်ထားပြီး တယောကျောဘက်တွင် သစ်သားမှ အမြောင်းအမြောင်း သစ်ကွက်ဆန်းများပါရှိပြီး သေသပ်လှပသော တယောဖြစ်ပြီး ကြိုးတပ်တူရိယာများအနက် ဒေါ်လာသန်းပေါင်းများစွာ တန်သည်ဟု ဆိုသည်။

လွန်ခဲ့သည့်အပတ်က မီလူယူကီမြို့တွင် ဂီတပွဲတစ်ခု၌ ထိုတယောကို ဂုဏ်ယူတီးခတ်နေစဉ် သေနတ်ကိုင်လူ သုံးဦး (မျက်နှာဖုံးစွပ်)က ဓားပြတိုက်လုယူသွားခြင်း ဖြစ်သည်။ ထိုသို့ဓားပြတိုက်ရာတွင် ဓားပြတစ်ဦးက စတန်းဂန်း(လူမသေသော်လည်း မေ့မျောသွားစေသည့် ဗို့ ၅၀၀ အားရှိသော သေနတ်)နှင့် တယောကိုင် ဘော်ကယ်လစ်ကို ပစ်ခတ်ပြီး မေ့မျောစေကာ တယောကို ယူသွားကြခြင်းဖြစ်သည်။

၅.၂.၁၄ နေ့တွင် မြို့တော်ရပ်ကွက်တစ်ခုတွင် မသက်ာဖွယ် အိမ်တစ်လုံး စီးနင်းရှာဖွေရာမှ တယောကို ပြန်ရခြင်းဖြစ်ပြီး တရားခံသုံးဦးကို အရေးယူထားသည်။ ပိုင်ရှင်ကို ပြန်မအပ်မီ မြို့တော်ရဲတပ်ဖွဲ့တွင် အများပြည်သူများ လေ့လာနိုင်ရန် ပြသထားသည်။

ညီမြင်းလွှင်(မော်ကျွန်း)

*Ref: Internet News, 2.2.2014*

---

# ဘော်စတွန် မာရသွန်ပြေးပွဲတွင် ဗုံးခွဲမှုမဖြစ်စေရန် ကျောပိုးအိတ်၊ လက်ဆွဲအိတ် ယူလာခြင်းကိုတားမြစ်

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်တွင် နှစ်စဉ်ကျင်းပသော နိုင်ငံတကာ မာရသွန်အပြေးပြိုင်ပွဲတွင် ဘာသာရေးအစွန်းရောက် လူငယ်နှစ်ဦးက ကလေးကစားစရာ မော်တော်ကားမှ အဝေးထိန်းကိရိယာနှင့် ပရက်ရှာကွက်ကာ ပေါင်းအိုး/ပေါက်ကွဲပစ္စည်း/အိမ်ရိုက်သံ/သံတိုသံစတို့ ပေါင်းစပ်ထားသော လက်လုပ်ဗုံးကို ပြိုင်ပွဲစသည့် (၁၄.၄.၁၃)နေ့တွင် ပန်းဝင်ပို့င့်နေရာ ဘောစတွန်တွင် ဗုံးဖောက်ခွဲခဲ့ရာ လူသုံးဦးသေဆုံးပြီး ကလေး-လူကြီး၊ ကျား-မ ၁၇၀ တို့သည် ခြေကျိုးလက်ကျိုးဒုက္ခိတ ဖြစ်ခဲ့ကြရသည်။

ဗုံးဖောက်ခွဲသူတို့သည် ချိုချင်ယာလူမျိုး၊ အမေရိကန်တွင် ပြောင်းရွှေ့နေထိုင်ကြသော တီဆာမစ် ၂၆ နှစ်နှင့် ဒက်စ်ပဟိုခါ ၁၉ နှစ် ညီအစ်ကိုဖြစ်ကြသည်။ အခင်းဖြစ်ပြီးနောက် လူအင်အားနှင့် စီးနင်းရှာဖွေခဲ့ရာ အစ်ကိုဖြစ်သူ ရဲတို့နှင့် ပစ်ခတ်မှုဖြစ်ပွားပြီး အသေရမိခဲ့သည်။ နောက်ရက်တွင် ညီဖြစ်သူကို အရှင်ဖမ်းမိခဲ့သည်။ ၎င်းတို့ထွက်ဆိုချက်အရ ဤသို့ဗုံးခွဲရခြင်းသည် USA က ယီမင်တွင် မောင်းသူမဲ့လေယာဉ်ဖြင့် ပစ်ခတ်ရာတွင် ၎င်းတို့၏ ဘာသာရေးဆရာ သေဆုံးခဲ့ခြင်းအတွက် ကလဲ့စားချေခြင်းဖြစ်သည်ဟု ဆိုသည်။ ညီဖြစ်သူကို တရားရုံးက သေဒဏ်ပေးခဲ့သည်။

အလားတူ အကြမ်းဖက်မှုမဖြစ်စေရန် လုံခြုံရေးစီမံချက်အရ ၂၀၁၄ မာရသွန်ပွဲတွင် တာထွက်ဖစ်ကင်တန်မှ ပန်းဝင် ဘော်စတွန်အတွင်း ပြေးလမ်း (၂၆-၂)မိုင်တစ်လျှောက် ပြိုင်ပွဲဝင်နှင့် ပရိသတ်အားလုံးသည် ကျောပိုးအိတ်/လက်ဆွဲအိတ် ယူဆောင်လာခြင်းကို ပိတ်ပင်လိုက်ကြောင်း ဘော်စတွန်အားကစားကော်မတီက ၂၇.၂.၁၄ တွင် ကြေငြာလိုက်သည်။

ညီမြင်းလွှင်(မော်ကျွန်း)

*Ref: Internet News, 28.2.2014*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# မိသားစု မေတ္တာရှင်

## တာတေကြီး

ကျွန်မနာမည် စနိုး၊ ပညာအရည်အချင်းက အဝေးသင် ဒုတိယနှစ်(ပထဝီ) ကျောင်းသူ။ မိဘတွေမှာ အဖေ မရှိတော့ဘူး။ အမေက အသက်(၆၀)နီးပါး ရှိနေပြီ။ ကျွန်မအောက်မှာ မောင်လေးတစ်ယောက်နှင့် ညီမလေးတစ်ယောက်လည်း ရှိသေးသည်။

အဖေရှိစဉ်က ရှာဖွေစုဆောင်းခဲ့သည့် ရွှေတိုငွေစလေးများ ထုခွဲရောင်းချလိုက် အမေက ရပ်ကွက်ထဲ အတိုးလေး ဘာလေး နည်းနည်းပါးပါး ချေးငှားလိုက် လုပ်လာခဲ့သော်လည်း ယခုနှစ်ပိုင်းတွင်တော့ ရောင်းစရာလည်း ကုန်ပြီ။ မောင်လေးက (၈)တန်း၊ ညီမလေးက (၆)တန်း။



www.burmeseclassic.com

www.burmeseclassic.com

မိခင်အိုကြီးတစ်ယောက်နှင့် ကျောင်းတက်နေသော သားသမီး သုံးယောက် ဝင်ငွေနှင့် ထွက်ငွေ မမျှတလာသည့်အခါ ကျွန်မလည်း အမေ့ကို ကြည့်ရင်းက သနားလာသည်။ အမေ့အပူက ကျွန်မကို ကူးစက်လာသည်။ ကျွန်မ အလုပ်လုပ်မှကို ဖြစ်တော့မည်။

အလုပ်ရနိုင်သည့် ကုမ္ပဏီပေါင်းစုံ လျှောက်လွှာခေါ်တိုင်း လျှောက်ပါသော်လည်း အဆင်မပြေ။ ကြာတော့လည်း စိတ်တောင်ညစ်လာသည်။ ကျွန်မလည်း ကျောက်မြောင်းရှိ သူငယ်ချင်း ဇူလိုင်ထံ သွားမည်ဆိုပြီး ကျွန်မနေထိုင်သည့် မေတ္တာညွန့်မှ ထွက်ခဲ့သည်။ ဇူလိုင်တို့နေသည့် ဩဘာလမ်းသို့ရောက်တော့ သူတို့ ငှားနေသည့် တိုက်ခန်းတွင် အဆင်သင့်တွေ့ရသည်။

ဇူလိုင်နှင့် ကျွန်မက လေးတန်းမှ ဆယ်တန်းထိ အတူတွဲခဲ့သည့် သူငယ်ချင်းဖြစ်သည်။ ကျွန်မ အလုပ်ရှာနေသည်၊ အဆင်မပြေ ဖြစ်နေသည်ကိုလည်း ဇူလိုင် သိသည်။ သူ့အခန်းဖော် ပပနှင့် ကျွန်မကို မိတ်ဆက်ပေးသည်။ ဇူလိုင်ရော ပပပါ မိန်းမလှများ ဖြစ်ကြသည်။

"နင့်သူငယ်ချင်း ဒီလောက် အခက်အခဲ ဖြစ်နေတာ ကိုတိုးနဲ့ မိတ်ဆက်ပေးလိုက်ပါလားဟာ နင့်သူငယ်ချင်းကလည်း ပြင်ဆင်လိုက်ရင် ဗီဒီယို မင်းသမီးတွေလောက်တော့ အသာလေးပဲ"

ပပက စနိုးကို ကြည့်ပြီး ဇူလိုင်ကို ပြောလိုက်ခြင်းဖြစ်သည်။

"ငါ့သူငယ်ချင်းက လူအေး၊ ရည်းစားတောင် ထားဖူးတာ မဟုတ်ဘူး၊ ဒါကြောင့်လည်း ငါ သူ့ကို ဒီအကြောင်း တစ်ခါမှ မပြောဖြစ်ဘူး"

သူတို့နှစ်ဦး ပြောနေသည်ကို နားထောင်ပြီး ကျွန်မ ပို၍စိတ်ဝင်စားလာသည်။ သူတို့စကားတွေက ဆန်းကြယ်သည်။

"ဇူလိုင် ငါ့မှာ မိသားစု အခက်အခဲ အရမ်းဖြစ်နေတယ်၊ ဝင်ငွေမရှိလို့ မဖြစ်တဲ့ အခြေအနေရောက်နေပြီ ငါ အလုပ်လုပ်ချင်တယ်၊ တကယ်ဆို နင်တို့အလုပ်ကို ငါ ရိပ်စားမိပါတယ် သူငယ်ချင်း ငါလုပ်မှ ဖြစ်တော့မယ်"

"ဒါဆိုရင်တော့ လုပ်လေ သူငယ်ချင်း အလုပ်လုပ်မှာကို သဘောတောင် ကျသေးတယ်၊ တို့အလုပ်က ၁၅ မိနစ် ကြာချင် ကြာမယ်၊ တစ်နာရီထိ ကြာချင်ကြာမယ်။ အနည်းဆုံး နှစ်သောင်းခွဲ သုံးသောင်းရမယ်။ တစ်နေ့တည်း နှစ်နေရာ သုံးနေရာ ဖြစ်ချင်ဖြစ်တယ်။ လုံးလုံးမဖြစ်တဲ့အခါ မဖြစ်ဘူး အဲဒီကိစ္စတွေကို ကိုတိုးက စီစဉ်တာ သူက ဟန်းဖုန်းရှိတော့ ဟန်းဖုန်းနဲ့ လှမ်းချိတ်ကြတာဟဲ့"

"ဟော ဟိုမှာ ကိုတိုး လာနေတယ် အတော်ပဲ"

သည်လိုနှင့် ကိုတိုးကို ကျွန်မနှင့် မိတ်ဆက်ပေးလိုက်ကြသည်။ ကျွန်မသည် ရိုးအေးသော အပျိုစင် အမှန်အကန်လေး ဖြစ်သဖြင့် ပွဲဦးထွက်ကိစ္စကို စီစဉ်ဖို့ ကိုတိုးကို ပြောသည်။ ပွဲဦးထွက်ကိစ္စက မက်ဖို့တော့ ကောင်းသည်။ စနိုးအတွက် အနည်းဆုံး တစ်သိန်းခွဲရမည်။

**"ကားလည်းထွက်ရော ကားပေါ်မှာ အမွေးနဲ့ တွေကို ကြိုင်နေတာပဲ။ မြေနီကုန်း မဟာမြိုင်ရောက်တော့ ကားကို အရှိန်လျှော့ပြီး ကား ဘယ်နား ရပ်ပေးရမလဲ မေးမလို့ နောက်ခန်းကို လှည့်ကြည့်လိုက်တော့ အဲဒီလူ မရှိတော့ဘူး"**

သည်လိုနှင့် အမေ့ကို ကုမ္ပဏီတွင် အလုပ်ရပြီဟုပြောပြီး ကျွန်မလည်း ဇူလိုင်တို့ကဲ့သို့ လှုပ်ရှားသည်။ ပွဲဦးထွက် အထူးအစီအစဉ်ပြီး နောက်သုံးလေးရက်ဆက်တိုက်ဖြစ်သည်။ စစချင်းတော့ ရှက်နေမိသည်။ နောက်တော့လည်း မထူးတော့သည့်ဘဝ ရေစုန်မျောလိုက်ဖို့ပဲရှိ၏။

ဇူလိုင်နှင့် ပပက ကျွန်မကို သင်ကြားပြသပေးသည့် ဆရာများဟု ဆိုရပေမည်။ အပေါင်းအသင်း မကောင်း၍ အလုပ်လုပ်ဖြစ်သည်ဟု မဆိုနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မက လုပ်ချင်လွန်းသဖြင့် အပေါင်းအသင်းကို အကူအညီ တောင်းခဲ့ခြင်းဖြစ်သည်။

"တို့အလုပ်က အချိန်မရှိ အချိန်ရှိ သွားပြန်နေရတာ တစ်ခါတလေတော့ ကြောက်စရာကောင်းတယ်ဟ၊ တစ်ခါ အင်းစိန်ဘက်က ခြံကြီးတစ်ခြံကို ငါ လိုက်သွားတယ်၊ ပြန်တော့ ည ၁၂ နာရီလောက်ရှိပြီ ကားငှားပြန်လာတာ ကားသမားက လမ်းမှာ လူကြုံရင် တင်မယ်လို့ ပြောတယ်၊ ငါကလည်း အားနာလို့ တင်ဖို့ သဘောတူခဲ့တယ်"

"အေး ပြောပါဦး"

"သမိုင်း အောင်သိဒ္ဓိနားကျတော့ လူတစ်ယောက်က ကားကို တားတယ်၊ ကားသမားနဲ့ စကားပြောတယ်၊ ဈေးညှိလို့ အဆင်ပြေသွားတော့ ကားသမားက ငါ့ကို ရှေ့ခန်းမှာ လာထိုင်ခိုင်းတယ်၊ ငါလည်း ရှေ့ခန်းရောက်သွားတာပေါ့၊ ဟိုလူက နောက်ခန်းမှာ တက်တယ်"

"အဲဒီလူက ဘာလဲ"

"ဆက်ပြောမယ်လေဟာ ကားလည်းထွက်ရော ကားပေါ်မှာ အမွှေးနံ့တွေကို ကြိုင်နေတာပဲ။ မြေနီကုန်း မဟာမြိုင်ရောက်တော့ ကားကို အရှိန်လျှော့ပြီး ကားဘယ်နား ရပ်ပေးရမလဲ မေးမလို့ နောက်ခန်းကို လှည့်ကြည့်လိုက်တော့ အဲဒီလူ မရှိတော့ဘူး"

"ဟာ ဒါဆို..."

"အေးပေါ့ အချိန်မတော်သွားလာတဲ့အခါ အဲဒီလို ထူးခြားတဲ့ ဖြစ်ရပ်တွေတလည်း ကြုံတတ်တယ် စန်းရဲ့"

ထိုအဖြစ်အပျက်မှာ ကျွန်မအား ပပဂာ ပြောပြခြင်းဖြစ်သည်။ တစ်ခါက ဇူလိုင် ပြောပြသည်မှာလည်း ကျောချမ်းဖို့ ပိုကောင်းသည်။

◆

ဇူလိုင်သည် ကိုတိုး လွှတ်လိုက်သည့်အတိုင်း ငါးထပ်ကြီးဘုရားလမ်းထဲရှိ ခြံကြီးတစ်ခြံရှေ့တွင် ကားပေါ်မှ ဆင်းလိုက်သည်။ အချိန်ကား ည(၈) နာရီခန့် ဖြစ်သည်။ ခြံတံခါးမှာ စေ့ရုံသာ စေ့ထားသောကြောင့် အသာတွန်းဖွင့်ပြီး ဝင်လိုက်၏။

အိမ်ပေါက်ဝသို့ရောက်သော် အတွင်းမှ အသက်ငါးဆယ်ကျော်ခန့်ရှိသည့် ခပ်ဝဝ ထောင်ထောင်မောင်းမောင်း လူကြီးက လှမ်းခေါ်သည်။

**"ဦးမိုးညိုက တောင်ငူမှာ ညနေ လေးနာရီက ဆုံးသွားပြီတဲ့၊ အဲဒါ ဖောက်သည်ဖြစ်တဲ့ ကိုတိုးဆီကို ငါးနာရီထိုးမှာ ဘယ်လိုလုပ် ဖုန်းဆက်လည်း မသိဘူး"**

"လာ သမီး ဝင်ခဲ့၊ ဦးက သမီးကို စောင့်နေတာ"

"ဟုတ်ကဲ့"

"သမီး အပူသောက်မလား အအေး သောက်မလား"

"မသောက်တော့ဘူး ဦး"

"ဒါဆိုရင်လည်း လာ"

ဇူလိုင်ကို ထိုဦးမိုးညို ဆိုသည့် လူကြီးက အခန်းတစ်ခုထဲသို့ ခေါ်သွားသည်။ သူတို့နှစ်ယောက် အခန်းထဲသို့ ရောက်သောအခါ ဦးမိုးညိုက အခန်းဂျက်ကို ထိုးလိုက်၏။

အခန်းထဲတွင် ညှီစို့စို့အနံ့ကိုရသည်။ သို့သော် သူ့လို အလုပ်ကိစ္စ လာသူအဖို့ ထိုအကြောင်းကို စာဖွဲ့နေ၍ မဖြစ်ပြီ။ ဦးမိုးညိုနှင့် ဇူလိုင် နီးနီးကပ်ကပ် နေစဉ်တွင် ပုပ်အက်အက်အနံ့ကြီးက ရှုံ့စရာကောင်းသည်။

မိုတ်ကြိုတ်သည်းခံ၍ တာဝန်ပြီးဆုံးသည့်အခါ ဦးမိုးညိုက ငွေငါးသောင်းကို ပေးလိုက်သည်။ ဇူလိုင်လည်း ဦးမိုးညိုကို နှုတ်ဆက်ပြီး အခန်းထဲမှ ထွက်လာရာ နောက်ဆုံး ခြံပြင်သို့ အရောက် ကိုတိုး ကားထိုးဆိုက်လာသည်ကို မမျှော်လင့်ဘဲ တွေ့ရသည်။

"ဟင် ဇူလိုင် ငါက ညည်း မရောက်လောက်သေးဘူးထင်တာ၊ အဲဒါ အချိန်မီတားရအောင်ဆိုပြီး လိုက်လာတာဟ"

"ဘာဖြစ်လို့လဲ ကိုတိုး"

"ဦးမိုးညိုက တောင်ငူမှာ ညနေ လေးနာရီက ဆုံးသွားပြီတဲ့၊ အဲဒါဖောက်သည်ဖြစ်တဲ့ ကိုတိုးဆီကို ငါးနာရီထိုးမှာ



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုလုပ် ဖုန်းဆက်လည်း မသိဘူး”

“ဟင်”

“ဦးမိုးညို မရှိလို့ ပြန်ထွက်လာတာ မို့လား”

“မဟုတ်ဘူး မဟုတ်ဘူး”

ဇူလိုင်သည် ပြောရင်းက ငိုချင်လာသည်။ ကြောချမ်းလာသည်။ ကိုတိုး လက်ကို အားကိုးတကြီး ဆုပ်ကိုင်လိုက်သည်။

“ဦးမိုးညိုနဲ့ တွေ့ခဲ့ပြီးသွားပြီ”

“ဟင်”

“ပိုက်ဆံငါးသောင်း ပေးလိုက်တယ်”

ဇူလိုင်သည် အိတ်ထဲမှ ပိုက်ဆံငါးသောင်းကို ကိုတိုးလက်သို့ ပေးလိုက်ရာ ပိုက်ဆံများသည် အမှန်အကန်သာ ဖြစ်နေသည်။

“ကိုတိုးတို့ ဒီနားက မြန်မြန်ပြန်မှပဲ”

ကိုတိုးသည် ဇူလိုင်ကို ကားပေါ်တက်စေကာ သူလည်း ရှေ့ခန်းဝင်ထိုင်လိုက်ပြီး ကားသမားကို ထိုနေရာမှ မောင်းထွက်စေသည်။

◆

အပျော်ကိုမက်သော အစဉ်ထာဝရ ပျော်နေတတ်သော ဦးမိုးညိုသည် သေပြီးနောက် တခဏတွင်ပင် ပျော်ဖို့ အာရုံရှိနေခြင်းမှာ ထူးဆန်းအံ့သြဖွယ် ပင်ဖြစ်သည်။ ထိုအကြောင်းကို စနီး ကြားတော့ ရင်တုန်ပမ်းတုန် ဖြစ်သည်။ ပြော၍ပင် ယုံစရာမရှိ ကြုံဖူးသူ ကိုယ်တိုင် ပြောပြ၍သာ ယုံရပေသည်။

စနီးသည် မိသားစုကို ကောင်းစွာ ထောက်ပံ့နိုင်သည်။ မောင်နှင့် ညီမလေးကို တက်ချင်သည့် ကျူရှင်တွင် ထားပေးနိုင်သည်။ အသစ်ပေါ်သော အဝတ်များကို အဆင်သင့် ဝတ်ရအောင် ဝယ်ပေးနိုင်သည်။ မိခင်ကြီးကို လည်း လိုလေသေးမရှိ ပေးကမ်းနိုင်သည်။

“သမီးလေး အလုပ်က ဝင်ငွေကောင်းသားပဲ ကြိုးစားလုပ်နော် သမီး၊ ဒီအလုပ်က အမေတို့ မိသားစုကို ကောင်းကောင်းကယ်လိုက်တာကွဲ့”

စနီးမိခင်ကြီးသည် သူ့သမီးလေး ကျွန်မကို ကုမ္ပဏီက ငွေကိုင်စာရေး ဆိုခြင်းကို ယုံကြည်၏။ ကျွန်မကလည်း ရသမျှကို အမေ့အား မအပ်ပေ။ စေတနာ မရှိ၍ မဟုတ်။ ငွေအဝင်များသဖြင့် အယုံအကြည် ကင်းမဲ့လာမှာကို စိုးသောကြောင့်သာ ဖြစ်သည်။

တစ်ဖက်က ဝင်ငွေကောင်းသဖြင့် လုပ်နေသော်လည်း တစ်ဖက်က အေအိုင်ဒီအက်စ် ရောဂါဆိုး၏ အန္တရာယ်က လည်း ရှိနေသေးသည်။ ထို့ကြောင့် သည်အလုပ်ကို အတိုင်းအတာတစ်ခု ကာလတစ်ခုသာ လုပ်မည်ဟု စိတ်ပိုင်း ဖြတ်ထားသည်။

စနီးအတွက် လောကအသစ်တွင် လှုပ်ရှားသည်မှာ မကြာသေးသကဲ့သို့ တစ်ကြိမ်တစ်ခါမှ ညအိပ်အလုပ် လက်မခံခဲ့။ မကြုံခဲ့ဖူးပေ။ ယခုတော့ မမျှော်လင့်ဘဲ ကိုတိုးက ညအိပ်အလုပ်တစ်ခု လက်ခံထားကြောင်း ထိုညေ့သည်မှာ ပပ နှင့် ဇူလိုင်ကို တွေ့ဖူးပြီး ဖြစ်သဖြင့် စနီး လုပ်ရန်ဖြစ်ကြောင်း ပြောလာ သည်။ စနီး ငြင်း၍ မဖြစ်နိုင်တော့

ထို့ကြောင့် အိမ်မှ အမေတို့ ညာပြောရပြန်သည်။ ကုမ္ပဏီမှ အ အိုဘာတိုင်ဆင်းရမည်။ နံနက်လေး ငါးနာရီခန့်မှ ပြန်လာမည်ဟု သည်။ အမေသည် စနီးကို စိတ် ကျွန်မနှင့် အမေသည် ခွဲမအိပ်ခဲ့ဖူး ထို့ကြောင့် ကျွန်မကို စိတ်မချ။

**အလုပ်ပြီးသွားသဖြင့် စနီးသည် အဝတ်အစားများ ဝတ်ဆင်ကာ သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်သည်။ ထိုစဉ် ကရမ္မက်သနပ်ခါးနံ့က နှာခေါင်းဝ,ဝယ် သင်းပျံ့နေသည်။ မည်သည့်အရပ်က သနပ်ခါးနံ့ပါနည်း။ ကျွန်မ အမေသည် ကရမ္မက်သနပ်ခါးကို မှန်မှန်လူးလေ့ရှိသဖြင့် အမေ့ကို သတိရမိသည်။**



www.burmeseclassic.com

www.burmeseclassic.com

"သမီးကို့ရှုံးက ဖယ်ရီ မရှိတော့ ဘယ်လိုလုပ်မှာလဲ"

"ဇူလိုင်နဲ့အတူ ကားငှားပြီး ပြန်လာမယ် အမေ၊ မနက်ငါးနာရီထက်တော့ နောက်မကျပါဘူး၊ ဇူလိုင်အိမ်ကမှ အိမ်ကို ဆိုက်ကားနဲ့ ပြန်လာမယ်"

"ငအေး အေး ရတနာသုံးပါး ဂုဏ်ကျေးဇူးကိုတော့ မမေ့နဲ့နော် သမီး"

မိခင်ကြီးကို ပြောပြီးသောအခါ မောင်ညီမလေးများကို မှာရသေးသည်။ မိခင်ကြီးကို လိုလေသေးမရှိ ဂရုစိုက်ဖို့ ပြောရသည်။ နှလုံးအားတိုးဆေးတိုက်ဖို့ မမေ့ရန်လည်း သတိပေးရသေးသည်။

အားလုံး မှာကြားပြီးပြီဆိုမှ အိုဗာတိုင်ဆင်းဖို့ အိမ်မှထွက်သည်။ စနိုးသည် ဇူလိုင်တို့အိမ်တွင် ကိုတိုးနှင့် ညိုသည်။ ကိုးနာရီထိုးမှ ချိန်းဆိုထားသည့် ဟိုတယ်(---)သို့ သွားသည်။

ဟိုရောက်တော့ စောင့်နေကြသည်။ စနိုးသည် သူတို့အတွက်တော့ အိပ်မက်နတ်သမီးလေးပင် ဖြစ်၏။ ညသည်က နှစ်ယောက် ပထမတစ်ယောက်က ၁၂ နာရီထိုးတော့ ပြန်သွားသည်။ ဒုတိယ တစ်ယောက်နှင့်နေသည်။ စကားလေးပြောလိုက် ထိုလူက အရက်သောက်လိုက် စနိုးက အအေးသောက်လိုက်နှင့် ပျော်ရွှင်းပါးရင်း ၃ နာရီခွဲသွားသည်။ ၄ နာရီ ပြန်မည်ဟု ပြောသောအခါ ထိုသူသည် စနိုးကို သိမ်းဖက်လိုက်သည်။

စနိုးလည်း ပင်ကပင်ပန်း အိမ်ကပြန်ချင်နေပြီဖြစ်သည်။ ထိုစဉ်လေးမှာပင် မျက်စိထဲ အမေ့ကို တွေ့လိုက်သလိုဖြစ်သည်။ စနိုး ကြောင်သွားသည်။ သေသေချာချာ ကြည့်တော့လည်း မတွေ့။ တကယ်လည်း ဖြစ်နိုင်စရာမရှိ။ သည်ဟိုတယ်တွင် စနိုး ရှိမှန်း အမေ မသိနိုင်ပါ။ ပြီးတော့ သည်ဟိုတယ်ထဲသို့ လူစိမ်းတစ်ယောက် ဝင်ခွင့်ရဖို့ မလွယ်ကူပါ။

သို့နှင့် အလုပ်ပြီးသွားသဖြင့် စနိုးသည် အဝတ်အစားများ ဝတ်ဆင်ကာ သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်သည်။ ထိုစဉ် ကရမ္ဘက်သနပ်ခါးနံ့က နှာခေါင်းဝဝယ် သင်းပျံ့နေသည်။ မည်သည့်အရပ်က သနပ်ခါးနံ့ပါနည်း။ ကျွန်မ အမေသည် ကရမ္ဘက်သနပ်ခါးကို မှန်မှန်လူးလေ့ရှိသဖြင့် အမေ့ကို သတိရမိသည်။

ဟိုတယ်မှ ကားတစ်စီးငှားကာ ဇူလိုင်တို့ ဩဘာလမ်းသို့ ပြန်သည်။ ဩဘာလမ်းအခန်းသို့ အရောက်တွင် ဇူလိုင်က မျက်နှာမကောင်းဘဲ ဆီးကြိုသည်။

"ဟေ့ မှိုင်လို့ပါလား၊ ဘာလဲ အိပ်မပျော်ဘူးလား"

ကျွန်မအမေးကို ဇူလိုင်သည် ခေါင်းခါရမ်းရင်း တုံ့ပြန်သည်။ ပြီးတော့ ကျွန်မကို ပြောသည်။

"စနိုး စိတ်ခိုင်ခိုင်ထား၊ နင့်ကို ပြောစရာရှိတယ်"

ကျွန်မ စိတ်ပူသွားသည်။ ဘာဖြစ်လို့လဲ၊ ကိုတိုးကိုများ ရဲဖမ်းသလား ပပရော ပါသွားလား။

"ပြောလေ ဇူလိုင်"

"နင့်အမေ ဆုံးသွားပြီ ကားတိုက်ခံရလို့တဲ့၊ နင် ဆေးရုံကြီးကို လိုက်သွား"

"ဟင်"

ကမ္ဘာကြီး ချာချာလည်သွားပြီး အရာရာသည် ဇောက်ထိုးမိုးမျှော် ဖြစ်ကုန်ပြီ။ ကျွန်မကို အိမ်အပြန် စိတ်မချသဖြင့် အမေသည် မနက်သုံးနာရီခွဲ အိမ်မှထပြီး ဩဘာလမ်းသို့ ဆိုက်ကားငှားပြီး လာကြိုရန်ထွက်သည့်လမ်းတွင် အရက်မူးပြီး မောင်းလာသည့် ကကကားနှင့်တိုက်ကာ အမေ ပွဲချင်းပြီးဆုံးကာ ဆိုက်ကားဆရာ ဆေးရုံပို့ထားကြောင်း ကြားရသည်ဟု ဇူလိုင်က ပြောပြနေသည်ကို ကျွန်မသည် ငေးကြောင်ကြောင်ဖြင့် နားထောင်နေသည်။

"နင်တစ်ယောက်တည်း မဖြစ်ပါဘူးဟယ်၊ ငါပါ လိုက်ခဲ့မယ်"

ဇူလိုင်သည် အဝတ်အစားလဲကာ အခန်းတံခါးပိတ်ပြီး ကျွန်မနှင့်အတူ အိမ်အောက်သို့ဆင်းသည်။ လမ်းမပေါ်ရောက်တော့ ကားငှားသည်။ ကားသည် ဆေးရုံကြီးသို့ မောင်းနေသည်။ ကားပေါ်တွင် ကျွန်မ မျက်ရည်ကျလျက် ထိုင်ကာပါလာရင်း အမေ့အကြောင်းကို တွေးနေသည်။

ကုမ္ပဏီတွင် အလုပ်လုပ်ခြင်း မဟုတ်ကြောင်း အမေ့ဝိညာဉ်သည် သိသွားခဲ့ပြီ ဖြစ်သည်။ အမေ မည်မျှ စိတ်လက်မချမ်းမသာ ဖြစ်သွားမည်နည်း။ ဘယ်လောက်ထိ နောက်ဆံငင်သွားပေမည်နည်း။ အမေ့အတွက် ဖြေမဆည်ရသည့်အထဲ အမေ့ကို မျက်နှာလည်းပူလာသည်။

အမေ့ဝိညာဉ်သည် ကျွန်မကို ယိုသူမရှက် မြင်သူရှက်သွားပါလိမ့်မည်။ ဘဝကံရယ် ဆိုးလိုက်ပါဘိတော့။

**တာတေကြီး**



www.burmeseclassic.com

www.burmeseclassic.om



www.burmeseclassic.om

www.burmeseclassic.com

# အသေးအမွှားလေးများ

## တိုးထက်

မစွစ်ကလဲရဲဘာန်စတိန်းကား အသက်ငါးဆယ်ကျော်နေခဲ့သည်။ အိမ်ပြင်ပတွင် အပူချိန်က ကိုးဆယ် ဒီဂရီကျော်နေခဲ့သည်။ လေအေးစက်ကလည်း လည်ပတ်နေခဲ့သောကြောင့် အပူဒဏ်ကို ဖြေဖျောက်ပေးသော်လည်း အပူဟူသောအသိကို မဖျောက်ဖျက်နိုင်ခဲ့ချေ။

သူမ၏ ၄ စီအခန်းမှနေ၍ ၂၁ ထပ်သို့ အလည်အပတ်ရောက်နေခဲ့သော မစွစ်ဟက်စတာကိုးလ်က ပြောလိုက်သည်။

''ကျွန်မ အထပ်မှာ ပိုသက်သောင့်သက်သာရှိတယ်''

သူမသည်လည်း အသက်ငါးဆယ်ကျော်အရွယ် ရှိနေခဲ့ပြီး သူမအသက်ကို တစ်နှစ်လေးမျှပင် မနုပျိုစေသော အဝါရောင်ဆံပင်များ ရှိနေခဲ့သည်။

''အသေးအမွှား ကိစ္စလေးတွေပါရှင်။ ကျွန်မ အပူဒဏ်ကို ခံနိုင်ပါတယ်။ မခံနိုင်တာက ရေတစ်စက်တစ်စက်ကျသံ။ ရှင် မကြားဘူးလား''

ကလဲရာက ဆိုလိုက်သည်။

''မကြားဘူး။ ဒါပေမယ့် ရှင်ဆိုလိုတာကို ကျွန်မ သဘောပေါက်ပါတယ်။ ကျွန်မသား ဂျိုးကိုကြည့်။ သူ့အပေါ်ဝတ်အင်္ကျီက ကြယ်သီးတစ်လုံးပြုတ်နေတယ်။ ခုနစ်ဆယ်ဒေါ်လာပေးရတဲ့အင်္ကျီ။ ကြယ်သီးမရှိတော့ အလကားပဲ။ အင်္ကျီလက်မှာတပ်တဲ့ ကြေးကြယ်သီးလှလှလေး အဲဒါ ပြန်တပ်စရာ မရှိဘူး''

''အဲဒီတော့ ... ဘာဖြစ်လဲ။ နောက် အင်္ကျီလက်က ကြယ်သီးကိုပါ ဖြုတ်လိုက်ပေါ့''

''ဘယ်ကောင်းမလဲ။ အင်္ကျီက ကြည့်လို့လှမှာ မဟုတ်တော့ဘူး။ ကြယ်သီးတစ်လုံး ပြုတ်လုပြုတ်ခင်ဖြစ်နေရင် အချိန်မဖြုန်းနဲ့ တစ်ခါတည်းပြန်သီလိုက်။ အသက် နှစ်ဆယ့်ခုနစ်နှစ် ရှိနေပြီ။ ဒါကို နားမလည်ဘူး။ သွားချင်ရာသွား၊ လာချင်ရာလာ။ ဘယ်သွားမယ်၊ ဘယ်အချိန်ပြန်ရောက်မယ် မအေကိုဘယ်တော့မှမပြောဘူး''

''နားထောင်စမ်း။ ရေတစက်စက်ကျသံကို ရှင် ဘယ့်နှယ်ကြောင့် မကြားရတာလဲ။ ရေချိုးခန်းကို ကျွန်မနဲ့ လိုက်ခဲ့။ ရေကျသံလို့ ကျွန်မပြောရင် ရေကျသံအမှန်ပဲ''

ကလဲရာက စိတ်မရှည်စွာ ပြောလိုက်သည်။

ဟက်စတာက သူမ နောက်မှလိုက်ပြီး နားစိုက်ထောင်ဟန် ပြုလိုက်သည်။ တိတ်ဆိတ်မှုထဲတွင် ထိုတစ်စက်တစ်စက် ကျသံကို ကြားရသည်။

''ရေစက်ချ ညည်းပန်းနှိပ်စက်မှုပြသနာလိုပါ။ ညလုံးပေါက် ကြားရတယ်။ သုံးညရှိပြီ ကြားနေတာ''

ဟက်စတာသည် ပို၍သဲသဲကွဲကွဲကြားစေရန် ကြိုးစားသည့်ပုံစံမျိုးဖြင့် သူမ၏အရောင်ဖျော့ဖျော့ မျက်မှန်ကြီးကို အနေအထားပြုပြင်လိုက်ပြီး ခေါင်းတစ်ဖက်ကို ခပ်စောင်းစောင်း တိမ်းလိုက်သည်။

''အပေါ်ထပ်အခန်း နှစ်ဆယ့်နှစ်-ဂျီက ရေချိုးခန်းရေပန်းတိုင်က ရေစက်ကျနေတာဖြစ်မယ်။ အဲဒါ မစွစ်မက်ကာရန်ရဲ့ အခန်းပဲ။ ကျွန်မ သူ့ကို သိတယ်။ သူက စိတ်နှလုံးကောင်းရှိတဲ့လူပါ။ သူ့ တံခါးကိုခေါက်ပြီး သူ့ကိုပြောလိုက်။ ရှင့်ကို သူရန်မတွေ့ပါဘူး''

သူမ ပြောလိုက်သည်။

''ကျွန်မ သူ့ကို မကြောက်ပါဘူး။ ကျွန်မ သူ့တံခါးကို လေးငါးခါခေါက်ပြီးပြီ။ အထဲက ဘယ်သူမှ ပြန်မထူးဘူး။ တယ်လီဖုန်းလည်း ဆက်ပြီးပြီ။ ဖုန်းကို ဘယ်သူမှ မကိုင်ဘူး''

ကလဲရာက ပြောလိုက်သည်။

''အဲဒီတော့ သူခရီးထွက်နေတာ ဖြစ်မယ်။ နွေရာသီကာလလေ၊ လူတွေခရီးထွက်တဲ့ ကာလပဲ''

ဟက်စတာက ဆိုလိုက်သည်။

''တစ်နွေလုံး သူသွားနေရင် အဲဒီရေ တစ်စက်တစ်စက်ကျသံကို ကျွန်မ တစ်နွေလုံး နာခံနေရမှာလား''

''တိုက်စောင့်ကိုပြောလေ''

''အဲဒီငတုံးကို ဟုတ်လား။ သူ့မှာ သူ့အခန်း အထူးသော့အတွက် သော့မရှိဘူး။ နောက်ပြီး ရေတစ်စက်



www.burmeseclassic.com

www.burmeseclassic.com

တစ်စက်ကျရုံအတွက်နဲ့တော့ တံခါးဖျက်မဝင်ဘူး။ ပြီးတော့ သူခရီးသွားနေတာလည်း မဟုတ်လောက်ဘူး။ သူ့ကားကို ကျွန်မသိတယ်။ အောက်က ဂိုဒေါင်ထဲမှာ ရပ်ထားတာကို ကျွန်မတွေ့တယ်''

''တခြား တစ်ယောက်ယောက်ရဲ့ ကားနဲ့လိုက်သွားရင် သွားမှာပေါ့''

ဟက်စတာက ချင့်ချင့်ချိန်ချိန် ပြောလိုက်သည်။

ကလဲရာက နှာခေါင်းရှုံ့လိုက်သည်။

''အင်း ... အဲဒါကတော့ မစ္စစ်မတ်ကလာရင်းရဲ့ စရိုက်ပဲ။ ခေါ်တဲ့သူနဲ့ လိုက်တယ်''

ဟက်စတာက မျက်မှောင်ကုတ်လိုက်သည်။

''သူက အိမ်ထောင်ကွဲနဲ့ပဲလေ။ တစ်ခုလပ်ပဲ။ ဒါက ဆိုးဆိုးဝါးဝါးကိစ္စမဟုတ်ဘဲ။ နောက်ပြီး အသက်ကရှိလှ သုံးဆယ်၊ သုံးဆယ့်ငါးနှစ်ပဲ။ သားသားနားနား ဝတ်စားတတ်တယ်။ ဒါလည်း မဆိုးလှပါဘူး''

''ကျွန်မသဘောထားကို ပြောရရင်တော့ ဟက်စတာ။ အဲဒီအပေါ်ထပ် အဲဒီအခန်းမှာ သူဘာလုပ်နေတယ်ဆိုတာ ကျွန်မ မပြောချင်ဘူး။ ဒါပေမယ့် စကားမျိုးစုံ ကြားပါတယ်''

ကလဲရာက ဆိုလိုက်သည်။

''ရှင် ဘာတွေကြားလဲ''

''ခြေသံတွေ၊ အသံတွေ။ ဒီမှာ သူက အပေါ်ထပ်တည့်တည့်မှာ သူ့အိပ်ခန်း ဘယ်နားမှာလဲဆိုတာ ကျွန်မသိတယ်''

''ဒီလောက်လည်း ခေတ်မတုံးစမ်းပါနဲ့ရှင်။ သူလုပ်တဲ့ကိစ္စက သူ့ကိစ္စပဲ''

ဟက်စတာက ခပ်ဆတ်ဆတ် ပြောလိုက်သည်။

''ဟုတ်ပြီလေ။ ဒါပေမယ့် သူက ရေချိုးခန်းကို တော်တော်သုံးတယ်။ အဲဒီတော့ ဘာလို့ ရေတစ်စက်ကျနေအောင် ပစ်ထားရတာလဲ။ တံခါးခေါက်တာကို သူ ပြန်ထူးရင်ကောင်းမယ်။ သူ့တိုက်ခန်းထဲမှာတော့ ဟိုပြင်သစ်တွေလိုလို၊ ဟိုကစ္စ ဒီကိစ္စပုံတွေနဲ့ ဆင်ပြင်ထားမယ် မှတ်တယ်''

''အဲဒါဆို ရှင်အတွေးမှားပြီ။ ရှင်းရှင်းကြီးကိုမှားပြီ။ သူ့အခန်းမှာ ပုံမှန်ပရိဘောဂတွေပဲရှိတယ်။ အဆင်ပြင်တွေလည်း သမာရိုးကျပဲ။ အိမ်ထဲမှာ ပန်းအိုးတွေတော့ တော်တော်ရှိတယ်''

''ရှင်ဘယ်လိုလုပ်သိလဲ''

သူမ၏ အမေးကြောင့် ဟက်စတာ၏အသွင် မအီမသာ ဖြစ်သွားသည်။

''သူ့အိမ်မှာမရှိရင် သူ့ပန်းပင်တွေကို ကျွန်မရေလောင်းပေးတယ်။ သူက တစ်ကိုယ်တည်း သမားလေ။ သူခရီးထွက်နေတဲ့အခါမှာ ကျွန်မ ကူညီရတာပေါ့''

''ဟုတ်လား။ ဒါဆို ... သူခရီးထွက်နေရင် ရှင်သိမှာပေါ့။ သူခရီးထွက်မယ်လို့ ရှင့်ကို ပြောခဲ့သလား''

''မပြောခဲ့ဘူး''

ကလဲရာက ကုလားထိုင်ကို နောက်ပြန်မှီ၍ လက်ပိုက်လိုက်သည်။

''နောက်ပြီး သူ့အခန်းသော့ ရှင့်ဆီမှာ ရှိတယ်ပေါ့''

''ရှိတယ် ဒါပေမယ့် ကျွန်မ အခန်းထဲ ဝင်လို့မရဘူး''

ဟက်စတာက ဖြေလိုက်သည်။

''ဘာလို့ မဝင်နိုင်ရမှာလဲ။ သူ ခရီးသွားနေတာ ဖြစ်နိုင်တယ်။ သူ့ပန်းပင်တွေကို ရှင်ရေလောင်းရမယ်''

''သူက ရေမလောင်းခိုင်းထားဘူး''

''သူ ခရီးမသွားဘဲ အိပ်ရာထဲ လဲရင်လဲနေမှာပေါ့။ နေမကောင်းဖြစ်ရင် ဖြစ်နေမှာပေါ့။ အိပ်ရာကတောင် မထနိုင်လို့ တံခါးခေါက်တာကို ပြန်မထူးနိုင်တာ တံခါးဖွင့်မပေးနိုင်တာ ဖြစ်မှာပေါ့''

ကလဲရာက ပြောလိုက်သည်။

''တယ်လီဖုန်းက ခုတင်ဘေးနားတင်ရှိလျက်နှင့် တယ်လီဖုန်းတောင် ကောက်မကိုင်နိုင်ဘူးဆိုရင် အတော်ကြီး ဖျားနာနေတာပဲဖြစ်မယ်''

''နှလုံးလေဖြတ်သွားတာ ဖြစ်ရင် ဖြစ်မယ်။ ဟုတ်ပြီ ... အသက်ပျောက်ရင်တောင် ပျောက်နေနိုင်တယ်။ ဒါကြောင့် ရေတစ်စက်တစ်စက်ကျနေတဲ့ ဘုံဘိုင်ခေါင်းကို သေချာသွားမပိတ်နိုင်တာ ဖြစ်မယ်''

''သူက အသက်ငယ်ငယ်လေး ရှိသေးတာ နှလုံးလေမဖြတ်နိုင်ကောင်းပါဘူး''

''အဲဒီလို တပ်အပ်မပြောနိုင်ဘူးလေ။ သူ့နေပုံထိုင်ပုံနဲ့ဆိုရင် သူ့ရည်းစား တစ်ယောက်ယောက်က သူ့ကို သတ်တာလည်း ဖြစ်နိုင်တယ်။ ကျွန်မတို့ အထဲဝင်ကြည့်မှဖြစ်မယ်''

''အဲဒါ ... သူတစ်ပါးအိမ်ကို ဖောက်ထွင်းဝင်ရောက်ခြင်းပဲ''

ဟက်စတာက ဆိုလိုက်သည်။

''သော့နဲ့ဝင်တာ ဘာလို့ အဲဒီလို ဖြစ်ရမှာလဲ။ သူခရီးထွက်နေရင် ပန်းပင်တွေကို ရေမလောင်းဘဲ ရှင်ပစ်



www.burmeseclassic.com

www.burmeseclassic.com

ထားလို့ မရဘူးမဟုတ်လား။ ရှင်က ပန်းပင်ရေလောင်း၊ ကျွန်မက ရေဘုံဘိုင်ခေါင်းကို သေချာပိတ်လိုက်မယ်။ ဘာပြဿနာရှိမလဲ။ တကယ်လို့ သူ သေနေရင်လည်း ပဝေသဏီကာလအထိ အဲဒီအတိုင်းပဲ ထားတော့မှာလား''

''သူ မသေပါဘူး''

ဟက်စတာက ဆိုလိုက်သည်။ သို့သော် သူမသည် မစ္စစ်မက်ကလာရန်း၏ အခန်းသော့ကိုယူရန် စတုတ္ထထပ်သို့ ဆင်းသွားသည်။

*****

''ညှော်ခန်းထဲမှာ ဘယ်သူမှ မရှိဘူး။ ဘယ်သူမဆို အချိန်မရွေး။ နေရာမရွေး ဖောက်ထွင်းဝင်ရောက်နိုင်တာပဲ''

ကလဲရာက လေသံဖြင့် ပြောလိုက်သည်။

''ရှူး ... သူအထဲမှာရှိနေပြီး 'ဘယ်သူလဲ'လို့မေးရင် ဘယ့်နှယ်လုပ်မလဲ''

ဟက်စတာက လေသံဖြင့် တုန့်ပြန်လိုက်သည်။

''အဲဒီတော့ ရှင် ပန်းပင်တွေကို ရေလာလောင်းတာလို့ပြောပေါ့။ ကျွန်မက ရေဘုံဘိုင်ခေါင်း ပိတ်ခိုင်းမှာပေါ့''

သို့ဖြင့် သော့တစ်ချောင်း ထိုးသွင်းလိုက်သောအခါ သော့ခလောက်တစ်ခုက ပွင့်သွားပြီးနောက် သော့တံတစ်ချောင်း ထိုးသွင်းလိုက်သောအခါနောက် သော့ခလောက်တစ်ခုလည်း ညင်ညင်သာသာပွင့်သွားသည်။ ဟက်စတာသည် ပင့်သက်ကြီးရှိုက်လိုက်ပြီး တံခါးရွက်ကို ခပ်ဟဟ တွန်းဖွင့်လိုက်သည်။ တံခါးရွက်ကို လက်နှင့်ခေါက်လိုက်သည်။

''ဘာသံမှ ပြန်မထူးဘူး''

ကလဲရာက စိတ်မရှည်စွာလေသံဖြင့် ပြောလိုက်သည်။ သူမသည် တံခါးပေါက်ကို ကျယ်ကျယ်တွန်းဖွင့်လိုက်သည်။

''လေအေးစက်တောင် ဖွင့်မထားဘူး။ ငါတို့ဝင်တာ တရားဝင်ပါ။ ရှင်ပန်းပင်တွေကို ရေလောင်းချင်လို့ ဝင်တာပဲ ဟုတ်ပြီလား''

သူပိုသည်။ တံခါးပေါက်ကို ပြန်ပိတ်လိုက်သည်။

''အထဲမှာ အတော်မွန်းကျပ်နေတာပဲ။ စိုထိုင်းနေတဲ့ မီးဖိုလိုပဲ''

ကလဲရာက ဆိုလိုက်သည်။

သူတို့သည် စင်္ကြံလမ်းအတိုင်း ဖြည်းဖြည်းလျှောက်သွားသည်။ ညာဘက်တွင် တိုလီမုတ်စထည့်သည့် အခန်းလွတ်၊ ရေချိုးခန်းလွတ်။

ကလဲရာက ရေချိုးခန်းထဲသို့ ကြည့်လိုက်သည်။

''ဘာရေမှမကျဘူး။ အိပ်ခန်းကြီးနဲ့တွဲနေတဲ့ ရေချိုးခန်းကပဲဖြစ်မယ်''

စင်္ကြံလမ်း အဆုံးတွင်မူ ဘယ်ဘက်တွင် ညှော်ခန်းတစ်ခုတွေ့ရပြီး ထိုညှော်ခန်းထဲတွင် ပန်းအိုးလေးများနှင့် တည်ထားသော ပန်းပင်လေးများတွေ့ရသည်။

''ပန်းပင်တွေကို ရေလောင်းဖို့လိုနေတယ်။ ကျွန်မအိပ်ခန်းကြီးနဲ့ ရေချိုးခန်းထဲ ဝင်ကြည့်လိုက်မယ်''

ကလဲရာက ပြောပြောဆိုဆိုပင် အိပ်ခန်းတံခါးဖွင့်ပြီး တန့်သွားသည်။ ကြက်သေသေ ရပ်သွားသည်။ အသံစိုးစေ့မှမထွက်။ ပါးစပ်ဟောင်းလောင်း မျက်လုံးပြူးပြူးဖြင့် ...

သူမအေးသို့ ဟက်စတာရောက်သွားသည်။ အနံ့အသက်က အသက်ရှူမှားလောက်သည်။

''ဟာ ...''

''အို ... ဘုရားရေ''

ကလဲရာသည် အထိတ်တလန့် အော်ဟစ်ရန်ပင် အင်အားမရှိသောလေသံဖြင့် ရေရွတ်လိုက်မိသည်။

အိပ်ယာခင်းများက ဖရိုဖရဲ ဖြစ်နေခဲ့သည်။ မစ္စစ်မက်ကလာရန်၏ ဦးခေါင်းက အိပ်ယာပေါ်မှ တွဲလောင်းကျနေခဲ့သည်။ သူမ၏ အညိုရောင်ဆံပင်များက ကြမ်းပြင်ကိုထိတိုက်နေခဲ့သည်။ လက်တစ်ဖက်က ကြမ်းပြင်ပေါ် တွဲလောင်းကျနေခဲ့သည်။ လက်ဝါးပွင့်လျက်သား အနေအထား။

''ရဲ ... ကျွန်မတို့ ... ရဲကို အကြောင်းကြားရမယ်''

ကလဲရာက ချောက်ချောက်ချားချား ပြောလိုက်သည်။

ဟက်စတာသည် ပင့်သက်တစ်ချက်ရှိုက်ပြီး ရှေ့သို့တိုးသွားသည်။

''ဘာမှမထိနဲ့လေ ဘာမှမထိရဘူး''

ကလဲရာက သတိပေးလိုက်သည်။ ပွင့်နေသောလက်ဝါးတွင်းမှ တောက်ပနေသော ကြေးဝါရောင် ဟက်စတာသည် သူမသား၏ ပျောက်ဆုံးနေသော ကြယ်သီးကို ရှာတွေ့မိလေပြီ။

**တိုးထက်**

**The Little Thing, by Isaac Asimov ကို ပြန်ဆိုသည်။**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်ကား 'ပြုံးချို'။ သို့သော် သူ့အကြောင်းသိရှိသူတိုင်းကတော့ 'မဲ့ချဉ်'ဟု ဆိုကြသည်။ သူ့ဖခင်ကလည်း မြန်မာပြည်အရပ်ရပ် မီးရထားလမ်းကြောရှိရာမှာ တာဝန်ထမ်းရသူ။ နေစရာတောင် မီးရထားဌာနမှပေးသည့် တန်းလျား။ လိုင်းခန်းမှာ နေခွင့်ရသဖြင့် လမ်းဘေးမရောက်ခြင်းပင်။ ပြုံးချို၏အမေကလည်း သားသမီး တစ်ပြုံကြီးသာ မွေးနေတော့သည်။ အဖေရသည့်လခနှင့် တကယ့်မဝရေစာ။ ဘူတာနှင့် ဈေးနီးသောနေရာမှာ တာဝန်ကျလျှင် ဈေးရောင်းစားရင်း မီသားစုဝမ်းရေးကိစ္စ ဖြေရှင်းနိုင်သည်။

အဖေကလည်း သေစာရှင်စာမျှသာ ရေးဖတ်တတ်သူမို့ အောက်ခြေအလုပ်ကြမ်းသမား။ အမေက စာဆိုလျှင် နကန်းတစ်လုံးမျှ မသိ။ သည့်လိုအခြေမခိုင်သော မိဘထံမှာ လူလာဖြစ်ရသော ပြုံးချိုတို့မောင်နှမ ဆယ်ယောက်၏ အနာဂတ်ဘဝကား မှောင်မိုက်ခြင်းနှင့် ခရီးနှင်ရသည်မှာ မဆန်းပေ။

ပြုံးချို လေးတန်းအထိတော့ ကျောင်းထောက်မစွာ ပညာသင်ခွင့်ရခဲ့သည်။ ကျောင်းနှင့်နီးသော ဘူတာမှာ အဖေအလုပ်တာဝန်ကျ၍ ဖြစ်သည်။ နောက်တော့ ဟိုပြောင်း၊ ဒီပြောင်းနှင့် မြို့ရွာ၊ အလှမ်းဝေးသော နေရာများမှာ ကျောင်းဘယ်လို တက်ခွင့်ရမည်နည်း။ တစ်နှစ်ပြီးတစ်နှစ် အချိန်က အကုန်မြန်လိုက်တာမှ ပြုံးချိုမှာ လူကောင်ကကြီးလာပြီး ကျောင်းမတက်ချင်တော့။ အဖေ့လို မီးရထားလမ်းပြင်အလုပ်လည်း ပင်ပန်းလွန်းလို့ မလုပ်ချင်။

ပြုံးချို တစ်ခါက မြို့သွားသည့် ရထားတွဲစောင့်ကြီး ဦးမှတ်ကြီးခေါ်၍ ရထားနှင့် လိုက်သွားဖူးသည်။ အားပါးပါး လက်ဖက်ရည်ဆိုင်မှာပြသည့်



www.burmeseclassic.com

www.burmeseclassic.com

စလောင်းဆိုလား၊ အပြင်မှာ တကယ့်အလန်းစားတွေ။ သူလိုရွယ်တူတွေ။ စတိုင်ကျကျ ကျောပိုးအိတ်နဲ့ ဦးထုပ်နဲ့၊ အိုင်ဖုန်းဆိုလား ဘောင်းဘီအိတ်ကြားထဲမှာ ထည့်လို့။ လက်တွေမှာ ဂေါ်ကြိုးတွေ စွပ်လို့။ တချို့ဆို ဆေးမင်ကြောင်တွေ လက်ဖျံ၊ လက်မောင်း၊ လက်ခုံမှာ၊ တချို့က လည်ပင်းမှာ အမိုက်စားပဲ။ နောက်ပြီး ယောကျ်ားလေးတွေနားမှာ နားကပ်တွေ ဝတ်ဆင်ထားသည်။ အိုး ... ကောင်းလိုက်တဲ့ အဆောက်အဦကြီးတွေ။ ကားကြီးတွေကလည်း မော်တော်ကားလမ်းပေါ်မှာ ကောင်းမှကောင်း။ လမ်းဘေးတစ်လျှောက် ကြော်ငြာဆိုင်းဘုတ်ကြီးပေါ်ရှိ ရုပ်ပုံတွေက အသွင်အပြင်များက ပြုံးချို၏။ မျက်လုံးအမြင်အာရုံထဲဝယ် စွဲထင်ရစ်နေမှုက ဖျောက်ဖျက်မရ။

မြို့လယ်ကလူတွေလို နေချင်၊ စားချင်လာသည်။ ခက်တာက ဘယ်ကစလို့ ဘယ်လိုလုပ်ရမည်ကို စဉ်းစား၍မရ။ သည်တော့ ... သူတို့ မီးရထားလိုင်းနဲ့ မနီးမဝေးရှိ ကုန်စုံဆိုင်မှာ၊ ပစ္စည်းလာပို့သည့် ကိုဆာမိနှင့်တွေ့ကြုံစဉ် ပြုံးချို၏ ရင်ထဲမှာ ဖြစ်ချင်တာများ ပြောပြမိသည်။ ထိုအခါ ကိုဆာမိက သူ့အား သနားသော အကြည့်နှင့် ကြည့်ရင်း ...

"ဟဲ့ ... ကောင်လေးရဲ့။ လောကမှာ ကိုယ်ဖြစ်ချင်တာဖြစ်ဖို့က ငွေရှိမှ ဖြစ်တာကွ။ အရင်ဆုံး မင်းငွေရှာတတ်အောင် လုပ်ကြည့်ဦး"

ပြုံးချို၏ အတွေးထဲမှာ ကိုဆာမိပြောသည့် အရင်ဆုံး ငွေရှာတတ်အောင် လုပ်ကြည့်ဦး ဆိုသောစကားက အချိန်ပြည့် သူ့ဦးနှောက်၊ အာရုံမှာ လူခေါ်ခေါင်းလောင်း တပ်ထားပြီး ခလုတ်နှိပ်ခံရသလို ရိုက်ခတ်မြည်ဟီးလို့နေသည်။

ဤတွင် မိဘများနှင့် နေလျှင်ကတော့ သူဝတ်ချင်၊ စားချင်၊ သွားချင်သည့် အနေအထားမျိုး ရောက်ရှိနိုင်ဖွယ် မမြင်။ ထို့ကြောင့် သူ့စိတ်ကူးနှင့်သူ ဆုံးဖြတ်ကာ မြို့သွားသည့် ရထားဖြင့် လိုက်ပါခဲ့တော့သည်။ ရထားဝန်ထမ်းတွေက သူ့ကို သိရှိနေကြတာမို့ အမေရဲ့ဆွေမျိုးတွေဆီ နိုင်းလို့သွားသည့်နှယ် လိမ်ညာပြောခဲ့ရသည်။

မြို့ဘူတာသို့ ရောက်ပါပြီ၊ ဘယ်သွားပြီး၊ ဘယ်လာရမည် မသိ။ ဒါပေသိ ခပ်တည်တည်နှင့် ဟိုဒီကြည့်သွားရင်း လူတွေအများကြီး တိုးကာဝှေ့ကာ သွားလာသည့် လမ်းအတိုင်း လိုက်ပါလျှောက်လှမ်းရင်း လမ်းအကူးမှာ ရုပ်ရှင်တွေထဲကလို သူ့နံဘေးက လမ်းဖြတ်ကူးနေသည့် အစ်ကိုအရွယ်တစ်ယောက် သားသားနားနားပဲ၊ ဘောင်းဘီ ဖင်ကျပ် အနောက်ဘက် အိတ်ကပ်ထဲမှာ ထိုးထိုးထောင်ထောင်ထွက်နေသည့် ပိုက်ဆံ အိတ်အသာနှိုက်ယူထားလိုက်သည်။ ကာယကံရှင်ကတော့ ကားလမ်းကူးရင်း တယ်လီဖုန်းပြောပြီး ကားအန္တရာယ်လည်း ကြည့်ကြရတော့ နောက်မှာ စတိုင်ထုတ်ထည့်လာသည့် ပိုက်ဆံအိတ် အလစ်သုတ်ခံရတာ ဘယ်သိလိမ့်မတုံး။

ဤတွင် ပြုံးချိုတစ်ယောက် လူသူရှင်းသည့် တစ်နေရာ၌ ပိုက်ဆံအိတ် ဖွင့်ကြည့်ရန် ပြင်နေစဉ် ရုပ်ရှင်ထဲက ကြေးစားလူမိုက်ပုံစံ လူကြီးရောက်လာပြီး ...

"ဟော့ကောင်လေး ... မင်းကင့်အပိုင်နယ်မှာ လူပါးဝတာလား။ ပေးစမ်း"

ဆိုပြီး နားရင်းပါးရင်း တီးတော့သည်။ ပြုံးချိုလည်း ငိုမဲ့မဲ့နှင့် သူခုမှ မြို့ကိုရောက်ဖူးကြောင်း ပြောပြလိုက်သည်။ ထိုလူက သူ့ကိုပခုံးဖက်ခေါ်သွားပြီး စားချင်တာ ဝယ်ကျွေးသည်။ ပြီးတော့ ... သူ့လို ရွယ်တူလေးတွေနှင့် သူငယ်ချင်းဖြစ်စေသည်။

နေစရာကတော့ ကြုံသလို ကျသလို နေရသည်။ ၁၅ ရက်တစ်ခါ သုံးစွဲစရိတ် ပေးသည်ဟု သိရသည်။ ခုတော့ ပြုံးချိုကို သူတို့က အလစ်သုတ် နိုးဝှက်ပညာရပ်များ သင်ကြားပေးတော့သည်။ ပြီးတော့ မိုက်ကြေးခွဲယူသည်။ အထူးသဖြင့် လူစည်ကားရာ အပူသောက၊ ရောဂါဘယနှင့် ရောက်ရှိလာသည့် ဆေးရုံကြီးလို နေရာများသည် ပြုံးချိုတို့၏ စားကျက်ပင် ဖြစ်တော့သည်။ လူနာစောင့်ယောင်ဆောင်ပြီး ရောရောထွေးထွေး သွားလာပြုရသည်။ တောရွာကနေ ဆေးလာကုသမားတွေက ဘာပဲဖြစ်ဖြစ် ငွေထုပ်ပါလာကြတာများသည်။ ဆေးရုံမှာပဲ တည်းခိုနေထိုင်ပြီး လူမမာစောင့်ရသည်ကိုး။

မနေ့က အော်ကာဟစ်ကာ ရောက်လာသော လူနာသည် မလွဲမသွေ ခွဲစိတ်ရတော့မည်။ သူတို့ချင်း ပြောဆိုနေတာ ကြားသည်။ အပြင်ဆေးရုံမှာဆို သိန်းတစ်ရာလောက် ကုန်နိုင်သည်။ ဆေးရုံကြီးတွင် စက်ပစ္စည်းများ ရောက်လာသည့်မို့ အကုန်အကျ နည်းနိုင်သည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံကြီးကိုပဲ အားကိုးလာခဲ့ခြင်းဖြစ်ကြောင်း ...

"တော်သေးတာပေါ့ ... ဆေးရုံကြီးက လက်ခံလို့။ ပါလာတဲ့ငွေနဲ့ လောက်မယ်ထင်တာပဲ ..."

"အေးနော် ... အစိတ်၊ သုံးဆယ် ကုန်မယ်ပြောတယ်ဆို"

"ဟုတ်တယ် ..."

"ဟဲ့ ... ပိုက်ဆံထုပ်ရော"

"လူနာခုတင်အောက်က ခြင်းတောင်းထဲမယ် ..."

အမှန်က လူနာရှင်မိသားစုချင်း စိတ်လွတ်လက်လွတ် ပြောဆိုရင်း ဝရန်တာမှာ ခဏနားရင်း ထမင်းထိုင်စားနေကြသည်။ ကြားရသူ ပြုံးချို အတွက် အကွက်ဆိုက်သွားရသည်။ အလျှင်အမြန်ပင် စောစောက လူနာခုတင်ရှိရာသို့ သွားလိုက်သည်။ ဆေးရုံတက်လာသည်မှာ မကြာသေးသဖြင့် ခုတင်အနီးအနားရှိသူတွေကလည်း လူနာရှင်ဟု သူ့ကိုထင်မည်။

ခုတင်ထက်က လူနာကလည်း ဆေးထိုးဆေးသွင်း အရှိန်နှင့် အိပ်မောကျနေသည်။ ပြုံးချို အသာပင် ဟန်မပျက် ခုတင်အောက်မှ ငွေထုပ်ရှိသည့် ဆွဲခြင်းတောင်းကိုယူ၍ အဝတ်အစားထုပ်အောက်၌ ဖိထားသော ငွေထုပ်အား အသာမယူ ထွက်ခဲ့တော့သည်။

ပြုံးချို တစ်ချိုးတည်းလစ်တော့သည်။ သူ့အား ချုပ်ကိုင်ထားသော အုပ်စုသို့လည်း မပြန်တော့။ ဘူတာရုံမှာ ပုန်းနေလိုက်သည်။ သူတို့နေသော မြို့ငယ်လေးသို့ သွားမည့် ရထားစီးရန် ပုန်းကွယ်စောင့်နေလိုက်တော့သည်။

ကာလအတန်ကြာ ပျောက်ကွယ်နေသော သူ့ကိုပြန်တွေ့၍ တွဲစောင့်ကြီးက ဝမ်းသာအားရပင် ...

"ဟေ့ကောင် ပြုံးချို၊ မင်းကွာ လူကြီးတွေကို ညာပြီး ထွက်သွားတာ မင်းအဖေနဲ့အမေ စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ကွာ။ အခုရော မင်းပြန်မှာလား ..."

"ဟုတ်ကဲ့ ..."

"မင်း ဘယ်တွေသွားပြီး ဘာလုပ်တာတုံး"

"လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုးပါ ..."

"ဘာလဲ ... အခု ပင်ပန်းလို့ မလုပ်နိုင်ဘူး ဆိုပါတော့"

"ဟုတ်ကဲ့ ..."

အမှန်တော့ ပြုံးချို စကားများများ မပြောချင်ပါ။ အလိုက်အထိုက် ဖြေရင်း လွယ်အိတ်ခေါင်းခုကာ နံရံဘက် မျက်နှာဝှက်၍ လှဲအိပ်နေလိုက်တော့သည်။

* * *

ပြုံးချို ပြန်ရောက်လာပြီမို့ အဖေတို့၊ အမေတို့ ပျော်ကြသည်။ သူတို့ ဘူတာကနေ စက်ဘီးနှင့် မြို့ငယ်လေး၏ အချက်အချာနေရာသို့ ညီငယ်ကို ခေါ်ကာ သွားခဲ့သည်။ ပြီးတော့ သူတို့ အိမ်မှာ တစ်ခါမျှ မရှိဖူးသော အပေါ်စက်အောက်စက် ဝယ်သည်။ မီးအားသွင်း ဘက်ထရီအိုးဝယ်သည်။ နောက် သူဝတ်ချင်သော အင်္ကျီဘောင်းဘီ၊ ကျောပိုးအိတ် ဝယ်ဝတ်သည်။ သူ့ညီငယ်ကိုလည်း ဝယ်ပေးသည်။

"အစ်ကို .. ထောလှချေလား"

"အေး ... ငါမြို့မှာ အလုပ်လုပ်ပြီး စုဆောင်းလာတာ"

တိုတိုတုတ်တုတ်ပဲ ပြောသည်။ စားချင်တာတွေ ဝယ်စားသည်။ ဘီယာဆိုတာ မသောက်ဖူးသဖြင့် ဝယ်သောက်ခဲ့ကြသည်။

ထော်လာဂျီငှားကာ ပစ္စည်းတွေတင်ပြီး ပြန်ခဲ့ကြသည်။ ပြုံးချိုဝယ်လာသော ပစ္စည်းများကြည့်ပြီး မိသားစုတွေ တအံ့တသြ ဖြစ်နေကြသည်။ အမေနှင့် မောင်နှမများကတော့ ဆူညံစွာ ခုန်ပေါက်အော်ဟစ် ပျော်ရွှင်နေကြသည်။ လက်ဖက်ရည်ဆိုင်ပြေးပြီး ကြည့်စရာမလိုတော့။ ရန်ကုန်မှ ပြန်ရောက်ကတည်းက ပြုံးချိုပုံစံက ယခင်နှင့် လုံးဝမတူ။ သားနားနေသည်။ သုံးစွဲပုံကလည်း သူဌေးသားနှယ်။ အဖေနှင့် အမေကတော့ ရှည်ရှည်ဝေးဝေး မတွေးကြ။ သူတို့သား မြို့မှာ အလုပ်လုပ်ပြီး စုဆောင်းရှာဖွေလာသည်ဟုသာ ...။

သို့သော် နှစ်လခန့်အကြာမှာ ပြုံးချို မြို့ငယ်သို့ ဘီယာသွားသောက်စဉ် မသင်္ကာမှုဖြင့် အဖမ်းခံရတော့သည်။ ချူတစ်ပြားမှ မရှိသူက အသုံးအစွဲ ကြမ်းလာ၍ သတိထားစရာ ဖြစ်လာတော့သည်။


ခုတော့ ... ပြုံးချိုတစ်ယောက် ငြင်း၍ မရတော့ပါ။ သူများ၏ အပူပိုက်ဆံကို အချောင်ရယူ သုံးစွဲချင်သော မတော်လောဘစိတ်ဆောင်ရာ ကျူးလွန်မိသဖြင့် ထောင်နန်းစံရပေတော့မည်။

ဟနိုသီဇင်



www.burmeseclassic.com

www.burmeseclassic.om



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်အကြောင်း ပေါင်းသည်မရှိ (၁၂)

အ ခ န်း ဆ က် ဝ တ္ထု ရှ ည်

(ယခင်လမှအဆက်)

မင်းဟိန်းထိုက်

"ရော ...ဟော ...ဟော ... ဘယ်လိုဖြစ်နေတုံး။ ခုတင်ပေါ်မှာ မအိပ်ဘူးလား"

မောင်လှရွှေအော်လိုက်မှ မောင်အေးချမ်း လန့်နိုးသွား၏။ မိုးစင်စင်လင်းနေပြီ။ အိမ်အောက် မုန့်တီဆိုင်ကလည်း ငရုတ်ကောင်းနံ့ အခိုးရိုက်နေပြီ။

"ခုတင်ပေါ်မှာ ကြမ်းပိုးကိုက်တယ်ကွ။ ဒါကြောင့် ဒီဆင်းအိပ်နေတာ"

"ဩော် ...ဟုတ်လား။ ငါလည်း အိပ်မကြည့်မိတော့ မသိဘူး။ ဗွီဒီယိုကြော်ငြာဘုတ် လာရေးတဲ့ကောင်လေးတွေ တစ်ခါတလေ တက်အိပ်ကြတယ်။ အဲဒီကောင်တွေဆီကပါတာဖြစ်မယ်။ ကဲ ...သွားမယ်။ အဆာပြေ မုန့်တီစားမလား၊ ထမင်းကြော်စားမလား"

"အဆင်ပြေတာ တစ်ခုခု လုပ်ပေါ့ကွာ"

"နှစ်ခုလုံး အဆင်ပြေပါတယ်။ မနက်ပိုင်း အိမ်မှာ အဲဒါတွေရောင်းတယ်ဆိုတော့ အခက်အခဲမရှိပါဘူး"

"ကဲ ...ဒါဆိုရင် မင်းသွားစီစဉ်ကွာ။ ငါအိမ်သာတက်ပြီး လာခဲ့မယ်"

သည်ပျဉ်ခင်းပျဉ်ထောင် လေးပင်တိုင် အိမ်ကြီးတွင် မိသားစုထဲက တစ်ယောက်မျှမနေ။ အိမ်ငှားလည်း မတင်၍ မောင်လှရွှေက ဗွီဒီယို ပြနေဟန်ရှိသည်။ မိဘနှစ်ယောက်ကိုလည်း ဥယျာဉ်ခြံကို ကျယ်ကျယ်လုပ်ပြီး အေးရာအေးကြောင်း အေးအိမ်လေး ဆောက် လုပ်ကာ ဥယျာဉ်ခြံထဲတွင် နေကြသဖြင့် ဗွီဒီယိုဆရာ မောင်လှရွှေ တွက်ခြေကိုက်နေလေသည်။

မောင်လှရွှေ၏အိမ်ကို ရောက်သွားရာ အပေါ်ထပ်တွင် ခရီးသည်များ ရှင်းနေ၍ ခုံခင်းပြီး ထမင်းကြော်ရော မုန့်တီပါ နှစ်မျိုးလုံး ပြင်ဆင်ထားသည်ကို တွေ့ရသည်။ အောက်ထပ်တွင် စားသောက် နေကြသော လူများရှုပ်ယှက်ခတ်နေ၍ အပေါ်ထပ်တွင် ပြင်ဆင်ထားဟန်ရှိသည်။ မောင်လှရွှေ အပေါ်ထပ်ကို တက်လာပြီး ...

"ကဲ ...နှစ်မျိုးလုံး ပြင်ဆင်ထား တယ်။ အမုန်းဆွဲ။ နေ့လယ်စာကော ဘာလုပ်ပေးလိုက်ရမလဲ။ ထမင်းထုပ်လား၊ ထမင်းချိုင့်လား"

"ဘာမှလုပ်မနေနဲ့ကွာ ...။ သဘော်ပေါ်မှာပဲ ဖြစ်သလို စားလိုက်တော့မယ်"

"ဒါဆိုလည်း ပြီးရော ...။ ငါအောက်မှာ လူကျတုန်း ပြေးလိုက်ဦးမယ်။ လုံးလုံးတစ်ယောက်တည်း ဘယ်လိုမှ မနိုင်ဘူး။ သဘော်ပူတော့ လိုက်ပို့ပေးမယ်လေ"

မောင်လှရွှေ စားသောက်ဆိုင်က အချိန်ဆိုင်ဟု ပြောရမည် ထင်သည်။ သဘော်၊ မော်တော်၊ ကား အဝင်အထွက်ရှိမှ စားသောက်သူများ စည်ကားပြီး အခြားအချိန်များတွင် ခြောက်ကပ်နေဟန် ရှိသည်။ မနေ့က မောင်အေးချမ်းရောက်စတွင် စားသောက်သူ တစ်ယောက်မျှမတွေ့ရပေ။

တစ်အောင့်အကြာတွင် သဘော်ပူလာသည်။ မောင်လှရွှေ အပေါ်ထပ်သို့ အူယားဖားယား ပြေးတက်လာသည်။ အခန်းထဲက မောင်အေးချမ်း၏ အိတ်ကြီးကို သွားဆွဲသည်။

"ကဲ ...သွားမယ်"

www.burmeseclassic.com

"မင်း သင်္ဘောပေါ်မှာ ကုန်တင်ကုန်ချ မလုပ်ရဘူးလား"

"လုပ်တယ်လေ။ အခု စားသောက်ဆိုင်မှာ လူကျနေလို့ ကိုယ်တိုင်မသွားနိုင်ဘဲ လက်ထောက်တစ်ယောက်ကို ခိုင်းထားရတယ်"

စကားတပြောပြောဖြင့် အိမ်ပေါ်မှ ဆင်းလာကြသည်။ လမ်းမတွင် လူကြိတ်ကြိတ်တိုးနေသည်။ ကားဂိတ်၊ သင်္ဘော၊ မော်တော်ဆိပ်၊ ဈေးအဆုံဖြစ်နေ၍ ပိုပြီး လူစည်ကားသည်။ တိုးဝှေ့သွားရင်း သင်္ဘောပေါ် ရောက်လာကြသည်။ မောင်လှရွှေ ဘောင်းဘီအိတ်ထဲမှ လက်မှတ်ကို ယူကြည့်သည်။ ထို့နောက် ရှေ့သို့ သုံးလေးလှမ်းတိုးသွားပြီး ....

"ဒီမှာ ကုလားထိုင်"ဟုဆိုကာ အိတ်ကြီးကို ကုလားထိုင်နောက်ဘက်တွင် ချထားလိုက်သည်။

"ကဲ ... ဘာလိုသေးလဲ။ ဒီမှာ ရေဘူး။ အဆင်ပြေပြီ မဟုတ်လား"

"ပြေပါပြီ။ ကျေးဇူးတင်တယ်ကွာ။ မင်းလည်း ငါရှိတဲ့ လမ်းဘက်ဆိုင်ရာကိစ္စတွေရှိရင် လာခဲ့။ ဘာမဆို ငါကူညီနိုင်တယ်"

"အေး ... လာမယ်။ မင်းဘူးကို အကြွေးသွားတောင်းစရာရှိတယ်။ ဒါပေမယ့် သကြံန်လွန်လောက်မှ လာဖြစ်မယ်ထင်တယ်။ လာဖြစ်တော့မှ တွေ့ကြတာပေါ့"

ဟုပြောပြီး မောင်လှရွှေ သင်္ဘောပေါ်မှ ဆင်းသွား၏။ သင်္ဘောကြီးလည်း ခဏခဏ ဥသြဆွဲလာပြီးနောက် ကမ်းမှ ခွာလေသည်။

မောင်အေးချမ်းသည် ညနေကျောက်ဖြူကို ရောက်မည်မှာ သေချာနေပြီ။ ယုမေကို ဘော်ဒါအပ်နှံရေးကိစ္စကိုလည်း ကျောက်ဖြူကိုရောက်သည်နှင့် မနားတမ်း လိုက်လုပ်ရပေလိမ့်မည်။ ဤအချိန်ရာသီကား မောင်အေးချမ်းအဖို့ အလုပ်အများဆုံးနှင့် အရေးအကြီးဆုံးသောကာလဖြစ်သည်။

သင်္ဘောကြီးသည် ကမ်းများကို တစ်ဆိပ်ဝင် တစ်ဆိပ်ထွက်ပြီး ခရီးနှင်လာခဲ့ရာ နေမွန်းတည့်ချိန်တွင် ပင်လယ်ဝကိုရောက်၏။ စောသည်ဟု ဆိုနိုင်သည်။ တစ်ခါတလေ ညနေစောင်းမှ ပင်လယ်ဝကို ရောက်သည်။ မောင်အေးချမ်း ထမင်းစားခန်းကို လျှောက်သွားသည်။ သူများတွေ စားသောက်နေကြသည်ကို ကြည့်သည်။ တချို့က အရက်သောက်နေကြသည်။

"ဘာဟင်းတွေ ရပါသလဲ"

ကောင်တာကို လှမ်းမေးလိုက်သည်။ ကောင်တာထိုင်နေသော လူကြီးက ကြော်ငြာဘုတ်ကို တစ်ချက်လှမ်းကြည့်ပြီး ...

"ရတယ် သားလေး။ ပင်လယ်အစားအစာတွေကို အစုံရတဲ့အပြင် အသားဟင်းတွေလည်း အားလုံး ရပါပြီ။ နောက် ကြိုက်တတ်ရင် ဘီယာ၊ ဘီအီး၊ ရမ်၊ ဝီစကီ"

မောင်အေးချမ်းက လက်ကာတားလိုက်ပြီး ...

"ရေမျှောက်၊ ရေကြက်၊ ခရု၊ ငါးကြီးကလီစာနဲ့ ဖီဇီ တစ်ပွဲစီပေးပါ"

(ရေမျှောက်=ရေဘဝဲ၊ ရေကြက်= ပြည်ကြီးငါး၊ ကင်းမုန်၊ ခရု=ကနုကမာ၊ ဖီဇီကို တီကုတ်၊ အီကုတ်ဟုလည်း ခေါ်ကြ၏။ ရှမ်းအခေါ်ဟု သိရသည်။ ဗမာဘာသာတွင် သီးသန့်အခေါ်မရှိဟု ဆိုသည်)

မောင်အေးချမ်းက ဆိုင်ကို တိုင်း ဟင်းဦးများများ စားလေ့ရှိသည် ခဏခဏ စားလေ့မရှိ။ သရေ လည်း မကြိုက်ပေ။ တောသား ဖြစ်သည့်အလျောက် ထမင်းနှင့်ဟင်း ကိုသာ အဓိကထားသည်။

ညနေ ၂ နာရီတွင် သင်္ဘောကြီး နောင်တော် ပင်လယ်ဝကို ဖြတ်သည် အနောက်ဘက်ကို လှမ်းမျှော်ကြည့် လျှင် ကမ်းဟူ၍ မရှိတော့ဘဲ ပင်လယ် ပြင်သာ မိုးကုတ်နေသည်။ ပင်လယ် လေးများ သင်္ဘောကြီးကို ဝိုင်းကာ ပတ်ကာ ပျံဝဲပြီး လိုက်နေကြသည် သင်္ဘောထဲမှ ခရီးသည်များ လေပေါ် မြှောက်ပြီး အစာကျွေးလျှင် အလု အယက် ဖမ်းစားကြသည်။

သင်္ဘောကြီး စန်ပန်းခိုင် ဆိပ် ကမ်းကို ဝင်သည်။ စန်ပန်းခိုင် ဆိပ် ကမ်းမှ ခွာထွက်လျှင် မိနစ်အနည်း ငယ်အတွင်း ကျောက်ဖြူဆိပ်ကမ်းကို ရောက်ပေတော့မည်။ စန်ပန်းခိုင်နှင့် ကျောက်ဖြူကား လှေကလေးဖြင့် ဈေး သွားနေကြသော ခရီးတိုလေးမျှသာ ဖြစ်သည်။ မကြာမီ ကျောက်ဖြူမြို့ကြီး ကို လှမ်းမြင်လာရသည်။

အမ်းသင်္ဘော၊ မော်တော်များ ဆိုက်ကပ်လေ့ရှိသော သမ္ဘန်ချောင်း ငလပွေ့ဟု ဆိပ်ကမ်းနှစ်ခု ရှိရာတွင် ယခုသင်္ဘောကြီးသည် ငလပွေ့ဆိပ် ကမ်းဘက်ကိုသာ ဦးတည်ပြီး မောင်း နှင်နေ၏။ ငလပွေ့က မြို့စွန်မှာဖြစ်ပြီး သမ္ဘန်ချောင်းက မြို့လယ်တွင် ဖြစ် သည်။ ဆိပ်ကမ်းတွင် လူများ ဖွေးဖွေး လှုပ်နေလေသည်။ ဆိုက်ကားသမား တို့၏အသံများလည်း ဆူညံနေသည် ကလေးသူငယ်များ အော်ဟစ်လျှော



www.burmeseclassic.com

www.burmeseclassic.com

ပြေးနေကြ၍ ရဲသုံးလေးယောက်တို့ပင် ဝါးလုံးကွဲဖြင့် လိုက်ခေါက်နေရသည်။ မိဘဆွေမျိုးတို့အား ခရီးကြိုရန် လာကြသော ကလေးများ ဖြစ်ပေမည်။

သင်္ဘောကြီး ဆိုက်ကပ်သည်နှင့် ဆိုက်ကားသမားများ ပြေးတက်လာကြသည်။ သွားမည့်နေရာကို မေးကြသည်။ လက်ကာတားပြီး မောင်အေးချမ်း ဖောင်တော်ခေါ်သော ဘောတံတားကြီးပေါ်ကို လျှောက်တက်လာခဲ့သည်။ လာရင်းကိစ္စ မြန်မြန်ဆန်ဆန်ပြီးလျှင် နောက်နေ့တွင် ကြို့ရာနှင့် တပ်တောင်ကိုပြန်လိုက်ရန် မော်တော်ရှာကြည့်သည်။ သင်္ဘောကား တစ်ပတ်တစ်စီးသာ ရှိသည်။

"မောင်အေးချမ်းပါလားကွ ..။ ဘယ်သူ့ကို ဖွေရှာကြည့်နေသတုံး"

စခန်းမော်ရှာက မော်တော်ပိုင်ရှင် ဖြစ်၏။ နာမည်ကို မသိပေ။ စခန်းမော်က အမ်းမြို့နှင့်နီးသည်။

"မနက်ဖြန် အမ်းကိုထွက်မယ့် မော်တော်များ ရှိမလားလို့လေ ဦးလေး"

"ဟ ... ငါ့မော်တော် ထွက်မှာပေါ့ကွ။ မနက်ဖြန် ၉ နာရီလေ။ မောင်းတောင်ခတ်ပြီးသွားပြီ"

"ဟန်ကျတယ် ဦးလေး။ ကျွန်တော် လာရင်းကိစ္စပြီးရင် ဦးလေး မော်တော်နဲ့လိုက်မယ်"

"မင်း ဘယ်မှာတည်းမှာလဲ"

"မြစ်နားတန်းက ရှေ့ဆောင်တော်မှူ ဦးဘစောအိမ်မှာ တည်းမှာပါ"

"အေး ... ကိုဘစောက မင်းတို့ရွာသားဆိုတော့ အဆင်ပြေတာပေါ့။ ငါလည်း အားရင် ညနေဘက်လျှောက်ခဲ့ဦးမယ်။ မခင်သိန်း ရွာကို ဘာမှာမလဲ"

ဦးဘစော၏မိန်းမ ဒေါ်ခင်သိန်းမှာ စခန်းမော်ရွာသူ ဖြစ်၏။

"ဒါဆိုရင် သွားဦးမယ် ဦးလေး"

"အေး ... အေး ... မခင်သိန်းကို ရွာဘာမှာမလဲ စဉ်းစားထားလို့ ပြောလိုက်ကွာ"

မောင်အေးချမ်း ဆိုက္ကားတစ်စီးဖြင့် ထွက်လာခဲ့၏။ ငလပွေ့က ဆိုခဲ့သည့်အတိုင်း မြို့စွန်မှာဖြစ်၍ ဆိုက်ကားတစ်ပျင်း စီးရ၏။ ဦးဘစောအိမ်က မြို့လယ်ကျသောကြောင့် သာ၍ပင် ကြာသည်ဟု ထင်သည်။ သို့သော် ကံကောင်းချင်တော့ ဦးဘစောအိမ်မှာပင် မောင်အေးချမ်း ဦးတည်ပြီး လာရင်းဖြစ်သော ဘော်ဒါပိုင်ရှင် (ကျူရှင်ဆရာ)ကို တန်းတွေ့ရသည်။

ဦးဘစောမှာ ဝပ်ရှော့လုပ်ငန်းကို အိမ်အောက်၊ အိမ်ရှေ့နှင့် အိမ်အပြင် အဆင်ပြေသလို ခင်း၍ လုပ်သည်။ ဦးဘစောက အိမ်ရှေ့တွင် ကုလားထိုင်ဖြင့် ထိုင်နေသည်။ ဦးဘစော၏ ဘေးနားက ကုလားထိုင်တွင် ဘော်ဒါပိုင်ရှင်ဖြစ်သော ကျူရှင်ဆရာကိုပါ ထိုင်၍ တွေ့ရသည်။

"ဟ ... မောင်အေးချမ်းပါလားကွ။ အိတ်ကြီးနဲ့ ဘယ်တုံး"

ဦးဘစောက မေးသည်။

"ကျွန်တော် ဒီက ဘော်ဒါကျူရှင်ဆရာကြီးဆီကို လာခဲ့တာပါ။ အသိကောင်မလေးတစ်ယောက်ကို ဘော်ဒါထားချင်လို့ပါ"

ဦးဘစောက ကျူရှင်ဆရာကို ကြည့်၏။ ကျူရှင်ဆရာက မောင်အေးချမ်းအား စိုက်ကြည့်နေပြီး မေးသည်။

"ဘယ်ကလဲ။ ကိုယ့်ရွာကလား"

"မဟုတ်ပါဘူး။ အမ်းမြို့ကပဲ ဆိုပါတော့။ အသက်က ဆယ့်လေးနှစ်ရှိပြီ။ အကြောင်းအမျိုးမျိုးကြောင့် အခုမှပဲ ခြောက်တန်းက တက်ရမှာ။ ရပါ့မလား"

"ရပါတယ်။ ဘော်ဒါစည်းကမ်းအတိုင်းနေရင် ပြီးတာပါပဲ"

"ကျွန်တော် ဘော်ဒါကို လိုက်ကြည့်လို့ ရမလား"

"အခုလား"

"ရရင် အခုပဲ လိုက်ကြည့်ချင်တယ်"

"ဟ ... နားပါဦးကွ။ မင်းဥစ္စာက ခုဆိုခု။ ဘယ်လိုဖြစ်တာလဲ"ဟု ဦးဘစောက ပြော၏။

"ရတယ် ဦးလေး။ ကျွန်တော်က သိပ်ကို မြန်ချင်နေတာ။ ကျွန်တော့်မှာ လမ်းလုပ်ငန်းတွေကို တန်းလန်းကြီး ထားခဲ့ရတယ်။ ဒါကြောင့် ဘော်ဒါဆရာနဲ့ အဆင်ပြေသွားရင် မနက်ဖြန်ထွက်မယ့် အမ်းမော်တော်နဲ့ ပြန်လိုက်မလို့ပဲ"

မောင်အေးချမ်းသည် အိတ်ကိုပင် မသိမ်းခဲ့ဘဲ ဦးဘစော၏အနားတွင် ထားခဲ့ကာ ကျူရှင်ဆရာ၏ ဆိုင်ကယ်ကယ်ရီ နောက်ခုံက တက်စီးပြီး လိုက်လာခဲ့သည်။ ဘော်ဒါဆောင်သည်ကား ကျောက်ဖြူမြို့၏ ထိုဘက်အစွန် ကုမ္ပဏီဈေးဘက်အထွက်မှာဖြစ်သည်။ ရပ်ကွက်အစွန်ကျသောကြောင့် ရှင်းသည်။

ဘော်ဒါသည် ခြံကျယ်ကြီးထဲတွင်ဖြစ်ပြီး ယောက်ျားလေးအဆောင်၊ မိန်းကလေးအဆောင် အလယ်တွင် ဘော်ဒါဝန်ထမ်းများ နေထိုင်ရန် အဆောင်ကို သီးသန့်ဆောက်လုပ်

www.burmeseclassic.com

အတွက်သာ သတ်မှတ်လိုက်၏။ မိမိအတွက် အလုပ်ကိုသာ အဓိကထား၏။ ထို့ကြောင့် စိတ်ခံစားရမှု နည်းပါး၍ ကုသိုလ်သည်သာ ပွား၏။

သို့သော်လည်း အမြဲတမ်း ခရုသင်းပွတ်ကဲ့သို့ ဖြူစင်၍ နေသလားဟု မေးဖွယ် ရှိသည်။ ထိုသို့လည်း မဟုတ်ပေ။ ရှုပ်ထွေးလှသော လောကီလေ့ကြီးကို လျှောက်စီးနေရသောကြောင့် အမျိုးမျိုးသော လှိုင်းတံပိုးတို့ တိုးဝင်တိုက်ခတ်ခြင်းကို ခံလာရသောအခါ ရှောင်သင့်သည်ကို ရှောင်၏။ ဖယ်သင့်သည်ကို ဖယ်၏။ ကျော်သင့်သည်ကို ကျော်ပြီး လွှားသင့်သည်ကိုလည်း လွှား၏။

တစ်စုံတစ်ခုသော ရှောင်ဖယ်ကျော်လွှားခြင်းကို မတတ်ကောင်းသည့်အဆုံး တည့်တည့်ကြီးနင်းရသော အခါမျိုးလည်း ရှိ၏။ ထိုအခါ ထိသော်လည်း မနာအောင်၊ နာလျှင်လည်း သက်သာအောင်တော့ လုပ်ရ၏။ ထိုကဲ့သို့ နင်းရသော အခါမျိုးသည်လည်း မိမိအတွက်ထက် သူတစ်ပါးတို့အား ငဲ့ကွက်သောကြောင့်ဖြစ်၏။

ထို့ကြောင့် မောင်အေးချမ်း၏ဘဝတွင် အဆင်မပြေမှုများ ရှိသင့်သလောက် ရှိခဲ့ဖူးသော်လည်း အပါယ်ကျလောက်သည့်အထိ ဆိုးကျိုးများနည်းသည်။ ဆိုးကျိုးနည်းပါးအောင်လည်း နေသည်။ ယခု ယုမေကိစ္စတွင်လည်း ကရုဏာနှင့်သာယှဉ်သည်ဟု ဆိုရမည်။ တဏှာလောဘနှင့် ယှဉ်သော မေတ္တာမျိုးမဟုတ်ဟု ဆိုနိုင်သည်။

ဘဝအကျိုးပေး ဆိုးသူလေးဖြစ်နေသောကြောင့် ဥပေက္ခာမပြုရက်ပေ။ သို့သော်လည်း လှပနုထွေးသည့် ယုမေလေးက မိမိအားချစ်သည်ဟု ညွတ်နူးသော ကိုယ်အမူအရာ၊ နှုတ်အမူအရာဖြင့် ကြိမ်ဖန်များစွာ ပြောဆိုလာသောအခါ ယိမ်းယိုင်မိသည်မှာ မှန်၏။ စိတ်လည်း ကစား၏။ သို့သော်လည်း ထိန်း၏။ ထိုထက်မပိုစေရ။

သူ့ဘဝလေး အစဉ်လှပမည့်အရေးကိုသာ ရှေးရှုထားသည်။ တတ်နိုင်သမျှ ကိုယ်ဖိရင်ဖိ တွန်းအားပေးသွားမည်ဟု ဆုံးဖြတ်ထားသည်။ သူ့ဘဝကို သူ့ဘာသာ ခြေလှမ်းမြဲစွာဖြင့် လျှောက်လှမ်းတတ်လျှင် မောင်အေးချမ်းကျေနပ်ပြီ။ ယခုပင်လျှင် ရောင်နီဦးသည် အရှေ့ဘက် ဂေါယာမှ ပေါ်ထွန်းစ ပြုလာနေပြီ မဟုတ်လား။

ဤ၌ မခင်တင့်ကိုလည်း မေ့ထား၍မရပေ။ မခင်တင့်သည် မောင်အေးချမ်းအား အစဉ်ချစ်နေသူ ဖြစ်၏။ ဘဝနှင့်လည်း ယှဉ်၏။ လောကအတွက်လည်း တန်ဖိုးထား၏။ အားကိုးခြင်းလည်း ရှိ၏။ ခက်သည်က သူ့တူများကို မနိုင်ခြင်းပင် ဖြစ်သည်။ ဤသည်မှာလည်း အပျိုကြီးတစ်ယောက်အနေဖြင့် မှားသည်ဟု မဆိုသာ။

များသောအားဖြင့် အပျိုကြီးတို့သည် တူ၊ တူမတို့ကိုသာ အားကိုးအားထား ပြုကြရ၏။ ကျန်းမာနေစဉ်တွင် မိမိဘာသာ လုပ်ကိုင်စားသောက်နေ၍ ရသော်လည်း ယိုယွင်းလာသော အိုမင်းဇရာတွင် တူ၊ တူမတို့သည်သာ အဓိကကျ၏။ သူစိမ်းတစ်ရံဆံတို့ထက် များစွာသာ၏။ “အကြင်သူတစ်ပါးတို့ကို ချစ်ခင်ခြင်းသည် ဆွေမျိုးတို့ မုန်းသည်လောက်ပင် အရာမရောက်” ဟူသော ဝေါဟာရသည်လည်း ရှိလေ၏။

ထို့ကြောင့် မခင်တင့်သည် ရှေ့ပျောက်စဉ်က မောင်အေးချမ်းနှင့် ယုမေ တစ်ဖက်၊ သူ့တူနှစ်ယောက်က တစ်ဖက် ယှဉ်လာရသောအခါ တူနှစ်ယောက်တို့အား တစ်စုံတစ်ရာ ဆိုရဲခြင်း မရှိဖြစ်နေရသည်မှာ လောကအားဖြင့် နည်းလမ်းကျသည်ဟု အပျိုကြီးမခင်တင့်ဘက်က ကြည့်ပြီး ဆိုရပေတော့မည်။

မခင်တင့်က သူစကားမပြောတတ်။ ပြောချင်နေသော စကားလုံးများ ရှိသော်လည်း ဆီလျော်အောင် နည်းလမ်းတကျ မပြောတတ်ဟု ဆိုခြင်းမှာ ဤသည်ကြောင့်သာ ဖြစ်နိုင်ဖွယ် ရှိသည်။

တခြားအားဖြင့် နည်းလမ်းရှာကြည့်လျှင် ယုမေက မောင်အေးချမ်းအား ကပ်နေသည်ကို လုံးဝမနှစ်သက်။ ယုမေကို သနားစိတ်ရှိနေ၍ အပြစ်ရှာပြီး မောင်းထုတ်သည်အထိ မလုပ်ရက်သော်လည်း မုန့်ကိုသာ ဝေစားမည်။ အူနုကို ကျွဲခတ်မခံနိုင်ဟူသော ဖြစ်နိုင်ဖွယ် စကားတစ်ခုကိုလည်း တွေ့သည်။

အစကပင် မောင်အေးချမ်းက သူ့အား အေးစက်စက်နေလေရာ မောင်အေးချမ်း အရေးပေးနေသော ယုမေကိုသာ အပြစ်ရှာပြီး အိမ်မှ မောင်းထုတ်လိုက်လျှင် မောင်အေးချမ်းသည် သူ့အား အစဉ်မုန်းပြီး လုံးလုံးကြီး မေ့ပစ်မည်ကိုလည်း မခံရဲ။ နှလုံးသားရော စီးပွားရေးပါ နှစ်မျိုးလုံးသည်ပင် အရှုံးကြီး ရှုံးသွားနိုင်သည်။

ထိုအရှုပ်အထွေးများ တစ်ဆို့နေ၍ပင် မခင်တင့်အား အာစေ့ပေးသလို ဖြစ်နေပေလိမ့်မည်။ ထို့ကြောင့် ဤနေ



www.burmeseclassic.com

www.burmeseclassic.com

ရာ၌ မခင်တင့်သည် နှလုံးသားရေးရာနှင့် လူမှုရေး အစိတ်အပိုင်းတို့၏ ထိုးနှက်ခြင်းကို အခံရဆုံးဟု ဆိုရမည်။ အရှုံးဘက်တွင်လည်း မခင်တင့်သည်သာ သားကောင် ဖြစ်ရ၏။

ဤသည်ကို မောင်အေးချမ်းက နားမလည်၍ မဟုတ်ပေ။ စာနာခြင်း နှလုံးသားလည်း ရှိသည်။ ရှေ့နောက်လည်း ဆင်ခြင်သည်။ အရာရာကို မျက်စိနား ဖွင့်ထားသည်။ အမှားကင်းအောင်နေသည်။ အကြောင်းပေါ်က အများလက်ခံနိုင်အောင် ဖြေရှင်းသည်။

ထို့ကြောင့်လည်း မခင်တင့်၏ ရွှေပျောက်သည့်ကိစ္စတွင် ကြားခံပြီး အ လယ်ကနေ၍ ဖြေရှင်းပေးခဲ့သည်။ ရဲနိုင် နှင့်ရဲနိုင်တို့ ဝိုင်းရိုက်ကြသည်ကိုလည်း အမှုဖွင့်ခြင်း၊ အမျက်သိုခြင်း မလုပ်ခဲ့ပေ။ မောင်အေးချမ်းသာ ဒေါသကိုရှေ့ထားပြီး တုံ့ပြန်ထိုးကြိတ်လျှင်လည်း သူတို့အုပ်စု သက်သာကြမည် မဟုတ်ပေ။ ကြိုတင်ကြံစည်မှု၊ ချောင်းမြောင်းဝိုင်းရိုက်မှု စသည်ဖြင့် အမှုဖွင့်တိုင်ကြားလျှင်လည်း သူတို့သည်သာ အထိနာသွားနိုင်သည်။

ဤသည်အားလုံးကို သည်းခံ ပြေငြိမ်းခဲ့သည်မှာလည်း အများအားဖြင့် မခင်တင့်ကို ထောက်၍သာဖြစ်၏။ မောင်အေးချမ်းသည်သာ သည်းမခံခဲ့လျှင် မခင်တင့် စိတ်ချမ်းသာရလိမ့်မည် မဟုတ်ပေ။ လူပင်ပန်း၊ စိတ်ပင်ပန်းနှင့် ငွေကုန်ကျေးကျလည်း များပေလိမ့်မည်။ မခင်တင့်သည် သူတို့မိသားစု အားလုံး၏ အဓိက မိန်းဖြစ်သည်။

မောင်အေးချမ်းသည် မနက်ဖြန် တစ်နေ့လုံး မော်တော်စီးပြီး ပြန်ရဦးမည်ဖြစ်၍ စောစောအိပ်ပျော်လိုသဖြင့် ကြိုးစားပြီး အိပ်ကြည့်သော်လည်း မပျော်သောကြောင့် ဝရန်တာသို့ထွက်လာခဲ့သည်။ အတော်အတန် ညနက်ပြီဖြစ်၍ လမ်းမတွင် လူသွားလူလာ စဲနေသည်။ စက်ဘီး၊ ဆိုင်ကယ်တို့ တစ်စီးတလေ ဖြတ်မောင်းသွားသည်။ နောင်တော်ပင်လယ်ပြင်မှ တိုက်ခတ်လာသော လေသည် တိုက်ကြိုတိုက်ကြားများကို တိုးဝှေ့သွား၏။ လမ်းဘေးက မိုးမျှော်သစ်ပင်တန်းများ လရောင်အောက်တွင် လှုပ်ခတ်နေသည်။

ဦးဘစောနှင့် မော်တော်ဆရာတို့က တီဗွီရှေ့တွင်ရှိနေကြတုန်း။ ကျူရှင်ဆရာကို မတွေ့ရတော့ပေ။

××× ×××

"မောင်အေးချမ်း ဘုတ်မောင်းတတ်သလား"ဟု မော်တော်ဆရာက မေးသည်။

"နည်းနည်းပါးပါး တတ်တယ် ဦးလေး"

"တတ်ရင်မောင်းကွာ။ ငါညက ကိုဘစောနဲ့ တီဗွီဆုံးပြီးနောက် ခွေထိုင်ကြည့်တာ သန်းခေါင်ကျော်တယ်"

"လမ်းမှာ ဘယ်ဆိုင်တွေ ကပ်ပေးရမလဲ ဦးလေး"

"တပ်တောင်၊ စခန်းမော်၊ အောက်ရွာ ဒီသုံးဆိပ်ပဲ။ ဟိုရှေ့က ပင်လယ်ဘက်ကို ငိုက်ကျနေတဲ့ တောင်တန်းရဲ့ရှေ့ ပင်လယ်ထဲကို မိုင်ဝက်လောက်ထိ ဖြားစိုက်ရင် (ဒီရေကျချိန်မှာ) သန္တာကျောက်တန်းတွေ ပေါ်တတ်တယ်။ ဒါပေမယ့် ခုချိန်အခါမှာ ကျောက်တန်းတွေ မပေါ်ပါဘူး။ ပင်လယ်ကမ်းခြေဆုံးလို့ အမ်းမြစ်ပေါက်ကို ဝင်တဲ့အခါ မြစ်လယ်က ဖွင့်မောင်း"

မော်တော်ဆရာသည် တက်မလှည့်သောလက်ကိုင်တုတ်ကို မောင်အေးချမ်းအားအပ်ကာ ထိုနေရာမှာပင် လှဲ၍ အိပ်လေသည်။ တက်မကို လက်ကိုင်ကွင်းဖြင့် လှည့်ခြင်းမဟုတ်ပေ။ တက်မရိုး သံကွင်းထဲသို့ လုံးပတ် နှစ်ညှိုလေးပေခန့် ပျဉ်ကတိုးသစ်သားချောင်းကြီးထည့်ပြီး လိုသလိုလှည့်၍ မောင်းနှင်ခြင်းသာ ဖြစ်သည်။

မောင်အေးချမ်းသည် မော်တော်ကြီးကို ပင်လယ်ပြင်ဘက်သို့ တစ်မိုင်ခန့်အထိခွာ၍ မောင်းသည်။ မနက်ပိုင်းဖြစ်၍ အိလှိုင်းလေးသာရှိသည်။ လေသည်လည်း ခပ်သွေ့သွေ့မျှသာ။ မောင်းနေဆဲ ရေကြောင်း၏ လက်ယာဘက် ကမ်းခြေတစ်လျှောက်တွင် တောင်ပူစာလေးများ ရွာကလေးများ၊ ဥယျာဉ်လေးများ ရှိသည်။ လက်ဝဲဘက်တွင်ကား ကမ်းဟူ၍ မရှိတော့ဘဲ ပင်လယ်ပြင်ကြီးသာ မိုးကုတ်နေလေသည်။

ပင်လယ်ပြင်ဖြစ်၍ထင်၏။ တံငါလှေများကို သိပ်ပြီး မတွေ့ရဘဲ တံငါမော်တော်များသာ ရှိ၏။ ဒီလှိုင်းစီးပြီး ငါးဖမ်းနေကြသည်။ ပင်လယ်ခိုလေးများလည်း မောင်အေးချမ်းတို့ မော်တော်ဆီသို့ သဘော်မဟုတ်၍ ထင်၏။ သိပ်ပြီးများများမလာကြပေ။ တစ်ကောင်စ နှစ်ကောင်စသာ ရောက်လာပြီး မော်တော်ကြီးကို လှည့်ပတ်ကာ ပြန်သွားကြသည်။

အမ်းမြစ်ပေါက်ကို ဝင်သောအခါ မော်တော်ဆရာမှာထားသည့်အတိုင်း မြစ်လယ်မှဖွင့်၍ မောင်း



www.burmeseclassic.com

www.burmeseclassic.com

သည်။ အမ်းမြစ်တစ်လျှောက်၌ မြစ်လယ်တွင် မည်သည့် ကျောက်ဆောင်မျှ ရှိမနေပေ။ အလွန်မှ အန္တရာယ်ကင်းသည်။ စက်ကုန်ဖွင့်၍လည်း မောင်းနိုင်သည်။

အမ်းမြစ်ကို ဝင်ပြီးနောက် မော်တော်သမားလေးတစ်ယောက် မောင်အေးချမ်းအား ထမင်းဟင်း၊ လက်ဆေးခွက်များ လာချပေးသည်။ သူတို့ မော်တော်မှာ လက်ခွဲတက်မကိုင် ရှိဟန်မတူပေ။ မော်တော်ပိုင်ရှင်ကပင် တစ်ယောက်တည်း မောင်းဟန်ရှိသည်။ ထို့ကြောင့်လည်း ထမင်းစားခါနီးတွင် မောင်အေးချမ်းအား လူလဲပေးခြင်းမရှိဘဲ ထမင်းပွဲကိုသာ လာချပေးခြင်း ဖြစ်ပေမည်။ မောင်အေးချမ်းမှာလည်း မော်တော်မောင်းရင်းနှင့်ပင် ထမင်းစားရလေ၏။ မောင်အေးချမ်း ထမင်းစားပြီးစအချိန်မှာပင် မော်တော်ဆရာ နိုးလာ၏။

''ဟ ... မင်း မော်တော်မောင်းရင်းနဲ့ပဲ ထမင်းစားရသလား။ အားနာစရာကြီးတော့ ဖြစ်ရပါပြီကွာ''

''ရပါတယ် ဦးလေး။ မြစ်လယ်က ဖွင့်ပြီး မောင်းနေတော့ သိပ်ပြီး အခက်အခဲမရှိပါဘူး။ ထမင်းစားရင်းနဲ့ မောင်းလို့လည်း ရပါတယ်။ ဦးလေး အိပ်ချင်ရင် ဆက်အိပ်ပါ''

''တော်ပြီကွာ။ ငါအိပ်တာ နည်းလား။ သုံးနာရီတောင် ကျော်တယ်''

မော်တော်ဆရာ ထသွားပြီး မျက်နှာသစ်၏။ ထို့နောက် ထမင်းစားသည်။ ထမင်းစားပြီးနောက် ခရီးသည်များနှင့် ပေါ်ကာဒေါင်းနေပြန်လေသည်။ မောင်အေးချမ်းလည်း မော်တော်ဆက်မောင်းရသည်ကို ငြီးငွေ့ခြင်းမရှိပေ။ ရခိုင်ရိုးမကြီးမှာသာ နေရပြီး မြစ်ပင်လယ်များနှင့် ဝေးနေသောကြောင့် ယခုမော်တော် မောင်းနေရသောအခါ မြစ်ပင်လယ်တို့၏ ရသကို ခံစားခွင့်ရနေ၍ ကျေနပ်၏။

မော်တော်ကို စက်ကုန်ဖွင့်နိုင်းပြီး မောင်းသည်။ မော်တော်ဆရာ တစ်ချက်သာ လှည့်ကြည့်သည်။ ဘာမျှ မပြောပေ။ မောင်အေးချမ်းက မိုးမချုပ်မီ အမ်းမြို့ကို ရောက်ချင်နေသည်။ သူ့မော်တော်က သစ်ပြီး စက်ကောင်းသောကြောင့် ရောက်နိုင်သည့် အနေအထားမှာ ရှိသည်။

မောင်အေးချမ်း တပ်တောင်ဆိပ်ကမ်းကို လှမ်းမြင်ရသည်နှင့် နာရီကို ကြည့်သည်။ ညနေ ၂ နာရီ။ တပ်တောင်အပါအဝင် ဆိပ်ကမ်းသုံးခုသာ ဆိုက်ကပ်ရမည်ဖြစ်၍ အမ်းမြို့ကို မိုးမချုပ်မီ ရောက်နိုင်သည်။ တပ်တောင်ဆိပ်တွင် ဘောတံတားဟုခေါ်သော ဖောင်တော်၌ အကြိုလူ သိပ်ပြီး မများပေ။ ထို့ကြောင့် လူမရှုပ်၍ ပစ္စည်းအတင်အချ မြန်မြန်ပြီးနိုင်သည်။ မော်တော်ပေါ်သို့ တင်မည့်ပစ္စည်းလည်း သိပ်ပြီးများသည်ကို မတွေ့ရ။

ဟွန်းဆွဲလိုက်သည်နှင့် မောင်လှရွှေ၏ အလုပ်သမားများ ဖောင်တော်ပေါ်သို့ ပြေးဆင်းလာကြသည်။ မောင်အေးချမ်း စက်ရှိန်ကိုလျှော့ပြီး ညင်သာစွာဖြင့်ပင် ဆိုက်ကပ်ပေးလိုက်၏။ နားခွင့်ရသည်နှင့် မောင်အေးချမ်း အိမ်သာသွား၏။ အိမ်သာမှ ပြန်လာရာ အလယ်ထိုင်ခုံဘေးတွင် မခင်တင့် ရောက်နေသည်ကို တွေ့လိုက်ရသည်။

''မောင်လေးက သိပ်တော်တာပဲ။ မော်တော်ကိုလည်း ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်တယ်နော်။ မမ ဟိုဖာဒံပင်အောက်က ထိုင်ကြည့်နေတာ မမြင်ဘူးလား''

ဟု မခင်တင့်က ပြော၏။

''ကျွန်တော်က မော်တော်ဆိုက်ကပ်နေချိန်ဆိုတော့ ဖောင်တော်ကိုပဲ အာရုံစိုက်ပြီး ကြည့်နေလို့ မမြင်ဘူး။ မခင်တင့်တပ်တောင်ကို ကိစ္စရှိလို့ လာတာလား''

''ကိစ္စတော့ အဲလောက် အရေးမကြီးပါဘူး။ မောင်လေး ဒီနေ့နဲ့ နက်ဖြန် တပ်တောင်ကို ရောက်လာနိုင်တာ သိလို့ အိမ်နဲ့ပွဲရုံကို အစ်မကြီးနဲ့ ယုမေ အပ်ပြီး လာခဲ့တာ။ ဒါပေမယ့် မနက်ဖြန်မှ ရောက်လာလိမ့်မယ်လို့ ပိုထင်တယ်။ ဒါကြောင့်လည်း ငါးခြောက်ငါးခြမ်းတွေကိုတောင် ဒီနေ့မော်တော်နဲ့ပဲ အမ်းတင်ပေးလိုက်မယ်ဆိုပြီး ဖောင်တော်ပေါ် ချထားတယ်။ မနက်ဖြန် မောင်လေးရောက်လာရင် တပ်တောင်ကနေ အမ်းအထိ စကားလေးပြောရင်း ခြေကျင်လျှောက်ကြမလို့လေ''

တပ်တောင်နှင့်အမ်းသည် ၂၇ မိုင်ကျော် ဝေး၏။ ဤသည်ကို ခြေကျင် လျှောက်ရန် မခင်တင့် အားခဲလာခဲ့သည်တဲ့။ ယုမေလည်း ကြက်ရေစမ်းမှ ရိုးမလမ်း ခရီးမိုင် ၃၀ ဝန်းကျင်ရှိသော အမ်းမြို့ကို ညကြီး ခြေကျင်လျှောက်ရန် စိတ်ကူးခဲ့ဖူးသည်။ ထို့ကြောင့် မိန်းကလေးတို့၏ အချစ်ကို နားမလည်နိုင်လောက်အောင်ပင် ဖြစ်မိသည်။ အံ့ဩလေးစား၍လည်း မဆုံးဖြစ်မိသည်။

''အခု ဖောင်တော်ပေါ်မှာ ပုံထားတာ မခင်တင့်ရဲ့အထုပ်တွေလား''

''ဟုတ်တယ်လေ။ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com

မောင်လေးပစ္စည်းတွေကို မော်တော်နဲ့ တင်ပေးလိုက်ပြီး မောင်လေး ဆင်းကျန်ခဲ့လို့ မရဘူးလား။ မမနဲ့ အမ်းကို ညလုံးပေါက် ခြေကျင်လျှောက်ရအောင်လေ။ အမှတ်တရလေးပေါ့"

"ကျွန်တော်က အောက်ရွာဆိပ်ထိ မောင်းပေးပါ့မယ်လို့ တာဝန်ယူလာတာ။ အကြောင်းတစ်စုံတစ်ရာ မပြဘဲ မမောင်းတော့ဘူးဆိုပြီး ဆင်းကျန်ခဲ့လို့ တော်ပါ့မလား"

ဟု မောင်အေးချမ်းက လိမ်ပြောလိုက်၏။ မမောင်းချင်တော့ဘူး။ တပတောင်မှာ ဆင်းကျန်ခဲ့မည်ဟု မော်တော် ဆရာကို ပြောလိုက်လျှင်လည်း အခက်မရှိပေ။ မခင်တင့်ကို လိမ်သလို တာဝန်ယူထားခြင်း မရှိသောကြောင့် ရနိုင်သည်သာ ဖြစ်၏။

သို့သော်လည်း မခင်တင့်နှင့် ယခင်ကလို နီးနီးကပ်ကပ် မနေလိုတော့ပေ။ ရွှေပျောက်သည့်ကိစ္စနှင့် ပတ်သက်ပြီး အခြေအတင် ပြောဆိုကြစဉ်ကပင် အဖုအထစ်ကလေးများ ရှိခဲ့ကြ၍ နီးနီးကပ်ကပ်နေခြင်းမှ ကင်း၍ရနိုင်သော အနေအထားမှာ ရှိသည်။ ထို့နောက် တစ်ဆင့်တိုး၍ ယုဒမကို ကျောက်ဖြူကို ပို့လိုက်ပြီးနောက် အပြီးတိုင် အဆက်အသွယ် ဖြတ်တောက်၍လည်း ရနိုင်သည်။

ထို့ကြောင့် မခင်တင့်အား လိမ်ပြောထားသည်ကို မောင်အေးချမ်း ပြန်မပြင်လိုတော့ပေ။ မခင်တင့်ကို မုန်း၍၊ နာကြည်း၍ မဟုတ်ဘဲ သနား၍သာ ဖြစ်၏။ အသည်းနုသော မခင်တင့်ကို သနား၏။ မိမိအား သာမန်အားဖြင့် ချစ်သည်၊ စိတ်ဝင်စားသည်ဟု ဆိုသူမျိုးကိုပင် အချစ်ပါသော မျက်လုံးဖြင့် လှည့်ကြည့်မိခြင်း၊ စူးစမ်းခြင်း၊ ထိုက်သင့်သော တုံ့ပြန်စိတ်ကလေးများ ဖြစ်ပေါ်တတ်ခြင်း ရှိတတ်လေရာ မိမိအား နှစ်နှစ်ကာကာ စွဲစွဲလမ်းလမ်းချစ်နေသော မခင်တင့်၏ အပေါ်တွင် အဘယ်မျှလျှင် ပြန်မချစ်မိဘဲ ရှိချေမည်နည်း။

သို့သော်လည်း မောင်အေးချမ်းက တဏှာစိတ်နှင့်တကွ ပြန်ချစ်နေမိသည့်အကြောင်းကို မခင်တင့်အား အသိမပေးလိုတော့ပေ။ မူလ ဗီဇကပင် မည်သည့်မိန်းမကိုမျှ လက်ထပ်ပေါင်းသင်းရန် စိတ်ကူးမရှိခဲ့သည့်အတိုင်း ဖြောင့်ဖြောင့်ဆက်လျှောက်သည်က အကောင်းဆုံးသာ ဖြစ်၏။

မခင်တင့်သည် မောင်အေးချမ်း၏ အနားတွင် ကလေးငယ်တစ်ယောက်လို လိမ်ခွေခွေလေးထိုင်ပြီး ငြိမ်နေ၏။ ထို့နောက် အနီးအနားများကို မျက်လုံးကစားလိုက်ပြီး "ဆလင်ခန်းကို ပိတ်ထားရင်ရသလား"ဟု မေးသည်။ တက်မကိုင်နေသော ဆလင်ခန်းသည် သီးသန့်ဖြစ်၏။ တံခါးကို အလုံပိတ်ထားပြီး အရှေ့ဘက်မှန်ပြတင်းမှ ကြည့်မောင်း၍ ရသည်။

ဤသည်ကို မခင်တင့် တွေ့သွား၏။ ထို့နောက် ဆတ်ခနဲ ထသွားပြီး သူ့အထုပ်များကို ခပ်မြန်မြန် စစ်ဆေး၍ ပြန်လာကာ ဆလင်ခန်းကို ပိတ်လိုက်လေသည်။ ထို့နောက် ... မောင်အေးချမ်းအား ကျစ်ကျစ်ဖက်ထားပြီး "မောင်လေး မော်တော်ကိုတော့ သတိထားပြီး ဖြောင့်အောင် မောင်းပါ။ မမကိုလည်း ဒီအတိုင်း နေခွင့်ပြု"ဟု ဆို၏။

မောင်အေးချမ်းက မော်တော်ဆရာရောက်လာပြီး တံခါးဆွဲဖွင့်မည်ကို အလွန်အမင်း တွေးပူနေလေ၏။ မခင်တင့်က မောင်အေးချမ်းအား သိုင်းဖက်နေတုန်းသာ တွေ့သွားပါက မော်တော်ဆရာလည်း ကြိုက်မည် မဟုတ်ပေ။ မော်တော်သမားတိုင်းပင် ဆလင်ခန်းကို အတတ်နိုင်ဆုံး သန့်အောင် ထားလေ့ရှိကြသည်။

အရက်မူးသမားများကိုပင် ဝင်အိပ်ခွင့် မပြုကြ။ သို့သော်လည်း မော်တော်ရပ်နားထားစဉ်တွင် မော်တော်ဆရာ လာမည်တော့ မဟုတ်သေးပေ။ အထုပ် ပစ္စည်းများတင်၍ ပြီးစီးသွားကြပြီးနောက် မော်တော်ထွက်ခါနီးတွင် မော်တော်ဆရာ လာကြည့်မည်စိုး၍ မောင်အေးချမ်းက -

"ခဏနေဦး။ မော်တော်အထွက်မှာ မော်တော်ဆရာရောက်ချင် ရောက်လာမှာပဲ"

မခင်တင့် မောင်အေးချမ်းအနားမှ ခွာသွား၏။ ထို့နောက် တံခါးကို ဆွဲဖွင့်သည်။ မောင်အေးချမ်း မော်တော်ခွာရန် အချက်ပေးဘဲလ်ကို နှိပ်လိုက်သည်။ ထို့ကြောင့် ဖောင်တော်တိုင်ကကြိုးကို ဖြုတ်ချလိုက်ပြီး တစ်ဆက်တည်းပင် စက်ကိုလည်း အရှိန်မြှင့်ရန် အချက်ပေးလိုက်သည်။ မော်တော်ဆရာ ဖဲဆွဲနေရာမှ တစ်ချက်နှစ်ချက် လှည့်ကြည့်သည်။ လာ၍တော့ မကြည့်ပေ။

***(ဆက်လက်ဖော်ပြပါမည်။)***

**မင်းဟိန်းထိုက်**



www.burmeseclassic.com

www.burmeseclassic.com

# လေ့လာမှတ်သားဖွယ်ရာ
# နိုင်ငံတော်ပုန်ကန်မှုနှင့် ပြစ်ဒဏ်

**ကေတီအောင်သိန်း**(ရန်ကုန်တက္ကသိုလ်)

စာရေးသူက နိုင်ငံတော်ပုန်ကန်မှုဥပဒေ ဆောင်းပါးကို လွန်ခဲ့သော ၄၈ နှစ်၊ ယခုကွယ်လွန်ခဲ့ပြီဖြစ်သော ဆရာနီလေးမောင် ကိုင်ခဲ့သည့် ပြစ်မှုမဂ္ဂဇင်းတွင် ရေးသားခဲ့ဖူးပါသည်။ အချိန်ကြာညောင်းခဲ့သည်ကတစ်ကြောင်း၊ စာဖတ်ပရိသတ် ဥပဒေဗဟုသုတရစေသောငှာ ရည်ရွယ်ချက်ရှိသည်ကတစ်ကြောင်း၊ ၁၃. ၁၂. ၂၀၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၄)၌ မစ္စတာ '**ချန်ဆောင်ဘတ်**'ကို လွန်ခဲ့သော ၁၂. ၁၂. ၂၀၁၃ ရက်၊ ကြာသပတေးနေ့တွင် မြောက်ကိုရီးယားစစ်ခုံရုံးက နိုင်ငံတော်ပုန်ကန်မှုအရ သေဒဏ်စီရင်ချက်ချမှတ်ခဲ့သည်ဟု သိရှိရ၍သော်လည်းကောင်း ဤဥပဒေဆောင်းပါးကို ရေးဖြစ်ခဲ့ခြင်းဖြစ်သည်။

'မစ္စတာချန်သည် မြောက်ကိုရီးယားအစိုးရအား ဖြုတ်ချရန် ကြိုးစားခဲ့သည်ဟု ဝန်ခံခဲ့ကြောင်း စစ်ဆေးတွေ့ရှိရ၏။

၎င်းသည် ယခင် ကိုရီးယားထိပ်တန်းခေါင်းဆောင်ဟောင်း ကွယ်လွန်သူ ကင်ဂျုံအီလ်၏အစ်မယောက်ျား။ ယခု မြောက်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းခေါင်းဆောင် ကင်ဂျုံဟန်၏ဦးကြီးတော်စပ်သူတစ်ဦးဖြစ်ပြီး လွန်ခဲ့သော ၂၀၁၁ ခုနှစ်တွင် ကင်ဂျုံအီလ်က သားဖြစ်သူကင်ဂျုံအန်ကို အာဏာလွှဲပြောင်းပေးစဉ်ကာလတွင် မစ္စတာချန်ကတူဖြစ်သူ ကင်ဂျုံအန်အား နိုင်ငံတော်ကို ဖြုတ်ချရန် အကြံဉာဏ်များ ပေးခဲ့ဖူးသည် ဆိုပါသည်။

မည်သူမဆို နိုင်ငံတော်ပုန်ကန်လျှင် နိုင်ငံတော်အား သစ္စာဖောက်မှုဖြင့် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားခဲ့လျှင် သေဒဏ်ချမှတ်ခံရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် ဥပဒေတီအလင်းပြဋ္ဌာန်း၍ လက်တွေ့ကျင့်သုံးလျက်ရှိပေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## မြန်မာနိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်ခြင်း ဥပဒေပြဋ္ဌာန်း

**အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်**

နိုင်ငံတော်ပုန်ကန်မှု (သို့မဟုတ်) နိုင်ငံတော်သစ္စာဖောက်မှုဆိုသည်မှာ -

(က) ပြည်ထောင်စုနိုင်ငံကိုဖြစ်စေ၊ ပြည်ထောင်စု အဖွဲ့ဝင်တစ်ခုခုကိုဖြစ်စေ စစ်မက်ပြိုင်ဆိုင်လျှင်၊

(ခ) ပြည်ထောင်စုအတွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ပြည်ထောင်စုနိုင်ငံတော်အစိုးရအား သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်အားသော်လည်းကောင်း စစ်မက်ပြိုင်ဆိုင်ရန် ကူညီအားပေးလျှင်၊

(ဂ) ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ နိုင်ငံတော်ပုန်ကန်ရန် လှုံ့ဆော်လျှင် ပူးပေါင်းကြံစည်လျှင်၊

(ဃ) နိုင်ငံတော်အစိုးရအား တော်လှန်ပုန်ကန်ရန် လက်နက်စွဲကိုင်ပြီး ဖောက်ဖျက်ကျူးလွန်လျှင်၊ အားထုတ်လျှင်၊ လှုံ့ဆော်လျှင်၊ ပူးပေါင်းကြံစည်လျှင်

နိုင်ငံတော်အစိုးရအား သစ္စာဖောက်ဖျက်မှု၊ နိုင်ငံတော်အား ပုန်ကန်မှု ကျူးလွန်သည် မည်ပေသည်။ (ပြစ်မှုဥပဒေပုဒ်မ-၁၂၁)

## နိုင်ငံတော်သစ္စာဖောက်မှု၊ နိုင်ငံတော်ပုန်ကန်မှု အပြစ်ဒဏ်

(က) နိုင်ငံတော်အား သစ္စာဖောက်ဖျက် ပုန်ကန်လျှင် သေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်တစ်သက် (ယခင် တစ်သက်တစ်ကျွန်းဒဏ်) ချမှတ်ခြင်းခံကြရပါမည်။ (ပြစ်မှုဥပဒေပုဒ်မ-၁၂၂)

(ခ) နိုင်ငံတော်အား သစ္စာဖောက်ဖျက် ပုန်ကန်ရန် အတွက် အားပေးကူညီလျှင် ထောင်ဒဏ်တစ်သက်၊ သို့မဟုတ် ထောင်ဒဏ် (၁၀)နှစ် ချမှတ်ခံရမည်။ (ပုဒ်မ-၁၂၃)

(ဂ) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှု ကျူးလွန်ခြင်းနှင့် စပ်လျဉ်းပြီး သတင်းထိမ်ချန်၊ လျှို့ဝှက်ထားခဲ့လျှင် ထောင်ဒဏ် (၇)နှစ်နှင့် ငွေဒဏ် ချမှတ်ခံရမည်။ (ပုဒ်မ-၁၂၄)

(ဃ) နိုင်ငံတော်၊ နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်အောင် အားထုတ်လျှင်၊ လှုံ့ဆော်လျှင် ထောင်ဒဏ်တစ်သက်နှင့် ငွေဒဏ်အသီးသီး ချမှတ်ခံကြရပါမည်။ [ပုဒ်မ-၁၂၄(က)]

(င) နိုင်ငံတော်၊ နိုင်ငံတော်အစိုးရအား ဖြိုဖျက်ရန် ကျူးလွန်ရန် နှိုးဆော်၊ နှိုးဆွပေးလျှင်၊ အကြံပေးလျှင်၊ လမ်းညွှန်ပေးလျှင်၊ လူစုလူဝေးပြုလုပ် ဆက်သွယ်လျှင် ထောင်ဒဏ်(၁၀)နှစ်နှင့် ငွေဒဏ် ချမှတ်ခံကြရပါမည်။ [ပုဒ်မ-၁၂၄(ခ)]

(စ) ပြည်ထောင်စုနိုင်ငံတော်အစိုးရနှင့် မဟာမိတ်နိုင်ငံ (အာရှတိုက်) တစ်ခုခုကို စစ်မက်ပြိုင်ဆိုင်ခဲ့လျှင် လက်နက်ပစ္စည်းများ အသိမ်းခံကြရမည်။ ထို့ပြင် ထောင်ဒဏ်(၇)နှစ်နှင့် ငွေဒဏ်ချမှတ်ခံကြရပါမည်။ [ပုဒ်မ-၁၂၅]

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

***Ref:-***

ရာဇသတ်ကြီးကိုဓဥပဒေ (၁၉၆၈ ခုနှစ်) (ပြစ်မှုဆိုင်ရာဥပဒေ)





www.burmeseclassic.com

www.burmeseclassic.com

# ငြိမ်းချမ်းရေးရောင်ခြည်သန်းလာသည့် ကိုရီးယားကျွန်းဆွယ်

လွန်ခဲ့သော ဆယ်စုနှစ် ခြောက်ခုကျော်က တစ်ပေါင်းတစ်စည်းတည်းရှိသော ကိုရီးယားနိုင်ငံသည် ပြည်တွင်းစစ်ဖြစ်ကာ တရုတ်က မြောက်ပိုင်းမှလည်းကောင်း ဝင်ရောက်ကူညီ တိုက်ခိုက်ရာမှ တောင်ကိုရီးယား၊ မြောက်ကိုရီးယား နှစ်ပိုင်းကွဲပြီး တောင်က ဒီမိုကရေစီဝါဒ၊ မြောက်က ကွန်မြူနစ်ဝါဒဖြင့် ကွဲပြားသွားသည်။ သို့ရာတွင် ယခင်က နိုင်ငံနယ်မြေအတွင်း နေခဲ့ကြသော မိသားစုများသည် တစ်ခြမ်းစီဖြစ်သော ဒေသတွင်ရှိသဖြင့် တွေ့ဆုံခွင့်မရခဲ့ကြတော့ပေ။

ယခုအခါတွင် နှစ်နိုင်ငံငြိမ်းချမ်းရေး၊ ပေါင်းစည်းရေး ရည်မှန်းချက်ဖြင့် နှစ်နိုင်ငံခေါင်းဆောင်များ သဘောတူညီချက်အရ အကန့်အသတ်ဖြင့် မိသားစုများ ပေါင်းစည်းရေး ခွင့်ပြုခဲ့ရာ တောင်ကိုရီးယားမှ မိသားစု ၅၈ စုမှ အသက် ၈၂ နှစ်ကျော် အဘိုးအို၊ အဘွားအိုများအပါအဝင် မိသားစုဦးရေ ၁၇၈ ဦးသည် မြောက်ကိုရီးယားရှိ ၎င်းတို့၏ ဆွေမျိုးများနှင့် ဆုံတွေ့ခွင့်ရတော့မည်ဖြစ်ရာ တောင်ကိုရီးယားဆေးရုံမှ အဘိုးအိုတစ်ဦးကို မြောက်ကိုရီးယားမှ အမျိုးများနှင့် တွေ့ရန် ဆေးရုံမှ စတက်ချာလှည်းဖြင့် သယ်လာပုံကို မှတ်တမ်းတင်ခဲ့သည်။ ဤသို့ တွေ့ဆုံပေါင်းစည်းခွင့်ပေးခြင်းသည် နှစ်ပေါင်း ၆၀ ကျော်ကြာမှ ပထမဆုံးအကြိမ်ရခဲ့ခြင်းဖြစ်သည်။

**ညီမြင့်လွင်(မော်ကျွန်း)**

*Ref: Internet News, 20.2.2014*

# ဦးနှောက်သေသွားသော်လည်း သားကလေးမွေးခဲ့သည့် မိခင်တစ်ဦး

ဗြိတိန်နိုင်ငံမှ မိခင်လောင်းတစ်ဦးသည် ကိုယ်ဝန်ဆောင်ထားနေရာမှ ဦးနှောက်အလုပ် မလုပ်တော့ဘဲ သတိလစ်မေ့မြောနေသော်လည်း သန္ဓေသားလောင်းမှာ ဆက်လက်ရှင်သန်နေသဖြင့် သဘာဝအတိုင်း သန္ဓေတည်ရက် ပြည့်ဝအောင် စောင့်ဆိုင်းပြီး မွေးဖွားရန် ရက်ပြည့်မှ မွေးဖွားပေးရန် စီစဉ်လျက်ရှိကြောင်း ၆.၂.၁၄ သတင်း၌ ဖော်ပြလိုက်သည်။

ကနေဒီယံသူ မစ္စရိဘိုင်နာဆင် ၃၂ နှစ်သည် ဒိုင်လင်ဘင်ဆင်နှင့် လက်ထပ်ပြီးနောက် ကိုယ်ဝန်ဆောင်ခဲ့ရသည်။ ထိုစဉ် မိခင်ဝမ်းအတွင်းမှကလေးကို အာထရာဆောင်းရိုက်ကြည့်သောအခါ သားယောက်ျားကလေးဖြစ်ပြီး မမွေးခင်ကပင် အိုင်ဗာကိုဟင်ဘင်ဆင်ဟု အမည်ပေးခဲ့ကြသည်။ ကိုယ်ဝန်ဆောင်ကာလ ၂၂ ပတ်အတွင်း မစ္စရိဘိုင်နာသည် ခေါင်းကိုက်ဝေဒနာကြောင့် သူမ၏အိပ်ခန်းတွင် လဲပြိုကျကာ ဦးနှောက်အတွင်း သွေးစီးဝင်သဖြင့် သတိလစ်မေ့မြောသွားတော့သည်။ သူမကို ဆေးရုံပို့ခဲ့ရာတွင် သူမသည် ဦးနှောက်သေသွားပြီဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ သို့ရာတွင် သားအိမ်အတွင်းမှ သန္ဓေသားလောင်းသည် ဆက်လက်ရှင်သန်နေသေးကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ ဗစ်တိုးရီးယားကိုလံဘီယာဆေးရုံမှ တာဝန်ရှိသူများက ရိဘိုင်နာ အသက်ရှင်နေရေးအတွက် ကုသမှုများပေးခဲ့ရာ သတိမေ့မြောပြီးနောက် ၄ပတ်ကြာအထိ သူမ အသက်ဆက်လက်ရှင်သန်လျက်ရှိပြီး ဝမ်းတွင်းသန္ဓေသားလောင်းမှာလည်း ဆက်လက်ဖွံ့ဖြိုးကြီးထွားလျက်ရှိသည်။ ကိုယ်ဝန်ဆောင်ကာလ ၃၄ ပတ်ပြည့်သောအခါ သူမ၏ ဝမ်းဗိုက်ကိုခွဲပြီး ကလေးကို မွေးထုတ်ပေးခဲ့သည်။ ကလေးသည် ကျန်းမာစွာဖြင့် ရှိနေပြီး မိခင်ခမျာလည်း သတိမေ့သော်လည်း ဝွတ်ဘိုင်မဖြစ်သေးဟု ဆိုသည်။ ထိုဖြစ်ရပ်ဆန်းအတွက် UK မှ ခံစားနားလည်သော အလှူရှင်များက ထောက်ပံ့ကူညီပေးကြသည်။

**ညီမြင့်လွင်(မော်ကျွန်း)**

*Ref: Internet News, 10.2.2014*



www.burmeseclassic.com

www.burmeseclassic.com

# သိဏ်ဟားသန်းအောင် (မြင်းခြံ)

အသိုးအများအသွင် ကို အကျိုးတရားဖြင့် မြင်သော်




www.burmeseclassic.com

www.burmeseclassic.com

# အဆိုးအမှားအသွင် ကို အကျိုးတရားဖြင့်မြင်သော

သိန်းတင်မောင်က နာရီကို ငုံ့ကြည့်လိုက်၏။ ကလေးကျောင်းအကြို ဟုပြောကာ စက်ဘီးကိုယူ၍ အစ်ကို လုခင်မောင် ထွက်သွားသည်မှာ အချိန်တွေ အတော်ပင်ကြာသွားခဲ့ချေပြီပဲလေ။ စင်စစ် အစ်ကိုအရင်းမို့သာ စက်ဘီးကို ပေးလိုက်ရသည်၊ စိတ်ကတော့ တစ်ထင့်ထင့်နှင့်ပင်။ စိတ်ထဲ အနှောင့်အယှက်ဖြစ်ရသည်ကလည်း မပြောနှင့်။ လုခင်မောင်က ဂျင်သမား၊ ဖဲသမား၊ လောင်းကစားဆိုလျှင် မြန်မာပြည်တွင် တီဗီစလောင်းတွေ မပေါ်ခင်ကတည်းက မမြင်ရသည့် ကမ္ဘာ့ဖလားဘောလုံးပွဲများကို ပင်ကိုစိတ်ကျူးဖြင့် အလောင်းအစားလုပ်တတ်သည့် လူစားမျိုးရယ်။

ခဏလောက်အကြာတွင် ကျောင်းတက်သွားသည့် တူမလေး သူဇာအိမ့်မှာ လွယ်အိတ်ကလေးတယမ်းယမ်းဖြင့် အိမ်သို့ပြန်ရောက်လာတော့သည်။ သူ့အဖေ အစ်ကိုလုခင်မောင်တော့ ပါမလာပါချေ။ သိန်းတင်မောင်က တူမလေး သူဇာအိမ့်အား အလုပ်လုပ်နေရာမှ လှမ်းမေးလိုက်ပါလေ၏။

"ဟဲ့ . . . သူဇာ၊ ညည်းဖေဖေနဲ့ မတွေ့ခဲ့ဘူးလား။ သမီးကို ကျောင်းကြို ဆိုပြီး သွားတယ်လေ"

တူမလေး သူဇာအိမ့်က မျက်နှာ ငိုမဲ့မဲ့နှင့် ပြန်ဖြေလိုက်သည်။ ကြည့်ရသည်မှာ တစ်ဦးတည်း ခြေလျင်ပြန်လာခဲ့ပုံပေါ်သည်။ မျက်နှာတွင်လည်း ချွေးကလေးများပင် စို့ထွက်နေသည်ပဲ။

"ဟင့်အင်း . . . ဖေဖေကြီး လာမကြိုလို့ သမီးတစ်ယောက်တည်း ကျောင်းကပြန်လာခဲ့တာ လေးလေးရဲ့၊ ဖေဖေကြီးကောဟင် လေးလေး"

"အေး . . . လေးလေးကလည်း ဒါကိုပဲ သိချင်လို့ မေးနေတာ။ သမီးအဖေကတော့ လုပ်လိုက်ပြန်ပြီ ထင်ပါရဲ့ကွာ"

သိန်းတင်မောင်က အလုပ်လုပ်နေရာမှထ၍ သူတို့အဖေစီးသည့် စက်ဘီးကိုယူစီးရန် ဟန်ပြင်နေလိုက်စဉ် . . .

"ငါ့စက်ဘီးယူပြီး ဘယ်သွားဦးမလို့လဲ၊ ငါသွားစရာရှိတယ်"

ဟု ဖခင် ဦးချစ်က ကွမ်းဝါးနေရင်း လှမ်းမေးလိုက်၏။

"အဖေ့သား ကိုလုခင်မောင်လေ ကလေးကျောင်းကြိုမလို့ဆို စက်ဘီးယူသွားပြီး ထွက်သွားတာ ခုထိ ပြန်မရောက်သေးလို့၊ ကလေးကဖြင့် ပြန်တောင်ရောက်လာပြီ၊ ခု သူ့ကိုသွားရှာရတော့မှာပေါ့"

"အာ . . . မိုက်လည်းမိုက်ပ၊ သိန်းတင်မောင်ရာ။ မင်းအစ်ကိုအကြောင်းကို သိရက်သားနဲ့။ တော်ကြာ စက်ဘီးပေါင်ပြီး ဂျင်ဝိုင်း၊ ဖဲဝိုင်းရောက်နေရင် မခက်လား။ မင်းသွားရှာလည်း အပိုပဲနေမှာပေါ့။ အဖေကတော့ တွေ့လိမ့်မယ် မထင်ပါဘူးကွာ။ ဒီကိစ္စက သူမမှားဘူးကွ။ မင်းမှားတာ၊ မင်းမှာတာ"

ဖခင်လုပ်သူ ဦးချစ်က ဗေဒင် မတတ်ဘဲ အတပ်ဟောပြောလိုက်၏။ သို့သော်လည်း တင်မောင်မှာ မတတ်နိုင်တော့ပြီ။ အဖေ့စက်ဘီးကို တက်စီးကာ အင်တာနက်ကဖေးဆိုင်သို့ ထွက်လာခဲ့တော့သည်။ ကလေးကျောင်းကြိုသွားမည်ဆိုတော့လည်း သူ့စက်ဘီးကို မငှား၍မဖြစ်၊ ညီအစ်ကိုအရင်းတွေ မဟုတ်လား။

**သိဏ်းသန်းအောင်(မြင်းခြံ)**



www.burmeseclassic.com

www.burmeseclassic.com

သိန်းတင်မောင်စိတ်တထင့်ထင့်ဖြင့် စက်ဘီးနင်းလာရင်း အင်တာနက်ကဖေးသို့ ရောက်လာခဲ့သည်တွင် အစ်ကိုလှခင်မောင်ကို လှမ်းမြင်လိုက်ရသည်။ ဝမ်းသာလိုက်တာဖြစ်ခြင်းရယ် လေး။ တော်ပါသေးရဲ့ လှခင်မောင် ဖဲဝိုင်း မရောက်သေး။ သိန်းတင်မောင်က စက်ဘီးကို လမ်းဘေးတွင် ရပ်ထားခဲ့၏။ လှခင်မောင်ထံ ဝင်ရောက်သွားတော့၏။

"အစ်ကိုကလည်းဗျာ…ကလေးကျောင်းကြို့ဆိုပြီး ထွက်သွားလိုက်တာ ပြန်မလာတော့ဘူး။ အိမ်မှာ သူဇာက ရောက်နေပြီဗျ"

သိန်းတင်မောင်က လေပူတစ်ချက်ကိုမှုတ်ထုတ်လိုက်ရင်း ပြောလိုက်ပါလေ၏။ လှခင်မောင်ကတော့ ခပ်အေးအေး ပင်။

"ပြောလည်းမပြောချင်ပါဘူးကွာ။ ငါလည်း ကျောင်းကြို့ဖို့ စောသေးတယ်ဆိုပြီး လက်ဖက်ရည်ဝင်သောက်နေလိုက်တာ ထွန်းအောင်ပေါ့။ ကွမ်းယာဝယ်သွားချင်လို့ စက်ဘီးကို ခဏဆိုပြီး ယူသွားလိုက်တာ ခုထိပြန်မလာသေးဘူး။ သူ့ကိုစောင့်ရင်း ဒီဆိုင်မှာ ထိုင်နေလိုက်တာ ညီလေးရ"

"ဒီလိုဆို ဘယ့်နယ်လုပ်မလဲ။ ကွမ်းယာဝယ်သွားတာ ဒီလောက်ကြာရသလားဗျာ။ ခင်ဗျားလိုက်မသွားဘူးလား"

"အေး…ဒါဆို ငါ့ပိုက်သွားလိုက်မယ်။ မင်း ဒီဆိုင်ကစောင့်နေ။ သူစားတတ်တဲ့ ကွမ်းယာဆိုင်ကိုသိတယ်။ ပေးစမ်း…မင်းစက်ဘီးသော့"

ပြောပြောဆိုဆို လှခင်မောင်က စက်ဘီးသော့ကို ဖျတ်ခနဲ သိန်းတင်မောင်လက်ထဲမှ ဆွဲယူ၍ စက်ဘီးကိုစီးကာ ထွက်သွားပြန်သည်။ ရုတ်တရက်ဆိုတော့လည်း သိန်းတင်မောင်တစ်ယောက် စက်ဘီးသော့အား ပေးလိုက်မိသည်။ ခဏကြာမှ စဉ်းသားမိတော့ သူမှားသွားပြန်ပြီလားဟု အတွေးရောက်သွားရတော့သည်။ သည်တစ်ခါတော့ သိန်းတင်မောင် သိပ်ပြီးမစောင့်လိုက်ရပါ။ ကြည့်လိုက်တော့ လက်ဖက်ရည်ဆိုင်ထဲဝယ် သူတစ်ယောက်မှလွဲ၍ လူမရှိပါလေတော့။ နာရီကိုပြန်ကြည့်လိုက်တော့ နာရီဝက်သီသီပင် စွန်းနေချေပြီပဲလေ။ ထိုင်စောင့်နေရင်းက သိန်းတင်မောင်စိတ်ထဲ၌ တွေးပူလာသည်။ သူ့အစ်ကိုလုပ်ပုံကို သံသယဝင်လာသည်မှာ မမှားပါလေ။ ထိုနေ့က လှခင်မောင်တစ်ယောက် လုံးဝပြန်ပေါ်မလာတော့ပါ။ ဒေါသကိုထိန်းရင်း သိန်းတင်မောင်အိမ်သို့ ခြေလျင်ပြန်လာခဲ့ရလေတော့သည်။

(၂)

ဦးချစ်က လက်ကိုနောက်ပြန်ပိုက်လျက် အိမ်ထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ သူ့မျက်နှာဝယ် ဒေါသဖြစ်ခြင်း၊ သောကဖြင့် ဝမ်းနည်းကြေကွဲခြင်း စသည်တို့ဖြင့် ရောပြွမ်းနေသည်။

သူ့ရှေ့၌ မျက်နှာမသာမယာ ညှိုးငယ်စွာဖြင့် လှခင်မောင်တစ်ယောက် ငြိမ်သက်စွာ ငုတ်တုတ်ထိုင်နေသည်။ အပြစ်ရှိနေသည့် ကျောင်းသားတစ်ယောက် ဆရာ့ရှေ့မှောက်သို့ ရောက်နေဘိသို့ မျက်နှာကို ငုံ့ထားသည်။ သူတို့နှစ်ယောက်အနီးတွင်မူ စကားတစ်ခွန်းမျှ မပြောဘဲ ထိုင်နေကြသူတွေမှာ မိခင်ဒေါ်တိုးတိုး၊ ညီဖြစ်သူ သိန်းတင်မောင်နှင့် ညီမ ဝင်းဝင်းတင်တို့ ဖြစ်ပါလေ၏။

"မင်းဟာ ဒီလောင်းကစားကို မစွန့်နိုင်သမျှ ကာလပတ်လုံး မိသားစုရဲ့ စားဝတ်နေရေးကို ဘယ်လိုလုပ်ပြီး အဆင်ပြေအောင် စွမ်းဆောင်နိုင်မှာတဲ့လဲ။ အေး…ခုချိန်တော့ အိမ်ကပစ္စည်းကို ခိုးတယ်၊ ပေါင်တယ်၊ မိဘမောင်နှမတွေကိုလည်း လိမ်တယ်၊ ညာတယ်။ နောက်ပိုင်းကျတော့ လက်ရဲဇက်ရဲဖြစ်လာပြီး အနီးပတ်ဝန်းကျင်ကို လိမ်မယ်၊ ညာမယ်၊ ခိုးမယ်၊ ဝှက်မယ်၊ မကောင်းတဲ့ အကျင့်စရိုက်ဆိုးတွေ ကြီးထွားလာမှာ သေချာတယ်"

သားသမီးများကို ဆုံးမရာ၌ ဦးချစ်က ဒေါသကို မျိုသိပ်ရင်း အတွင်းကျိတ်ဆုံးမတတ်သည်။ အမှန်အတိုင်းဆိုလျှင် ဦးချစ်စိတ်ထဲတွင်မူ ပူပင်သောကစိတ်ကတော့ ဖက်နေခဲ့သည်သာ။ မိမိရင်သွေးတစ်ဦး လူဆိုးသူခိုး ဖြစ်သွားမည်ကို စိုးရိမ်ကြောင့်ကြတတ်သည်က မိဘတိုင်းရင်ဝယ် ကိန်းဝပ်တတ်စမြဲမှာ မမှတာပင်။

"ခု…ကြည့်စမ်း။ သိန်းတင်မောင်ရဲ့ စက်ဘီးကို ကျောင်းကြို့သွားဖို့ဆိုပြီး ယူပေါင်တယ်။ ပေါင်လို့ရတဲ့ငွေတွေကို ဖဲရိုက်ပစ်တယ်။ ဖဲရှုံးတော့ အိမ်ပြန်မလာတော့ဘဲ လက်ဖက်ရည်ဆိုင်ထိုင်ပြီး အကြံထုတ်တယ်။ အဲ…သိန်းတင်မောင်က လိုက်ရှာတာနဲ့လည်း တွေ့လိုက်ရော နောက်အကြံတစ်မျိုးနဲ့ မယ်မ တစ်ပတ် စက်ဘီးကိုယူပေါင်ပြန်တယ်။ ရှုံးတဲ့ငွေ ပြန်ရမလားလို့ ဂျင်ဝိုင်းသွားထိုး



www.burmeseclassic.com

www.burmeseclassic.com

ပြန်တယ်။ ပါသမျှငွေတွေ ကုန်တော့ အိမ်ကို ညဥ့်နက်မှ ဝင်လာပြီး အိပ်တယ်။ မိသားစုအပေါ်လည်း မကောင်းဘူး၊ ဆွေမျိုးသားချင်းတွေအပေါ်လည်း မညှာဘူး။ မင်း ဒီအတိုင်းဆက်နေသွားမယ်ဆိုရင်တော့ မလွယ်ဘူး ငါ့သား။ လုခင်မောင်...မင်းစဉ်းစားကြည့်လေ၊ အဖေကတော့ ဒီလောက်ပဲ ပြောချင်တယ်"

လုခင်မောင်က တစ်ခွန်းမျှ ပြန်မပြောပါ။ ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းပဲ မဟုတ်လား။ သူလုပ်ခဲ့သည်က သည်တစ်ကြိမ်သာ မဟုတ်ပါ၊ အကြိမ်ကြိမ်အခါခါပင် ရှိနေချေပြီပဲလေ။ အိမ်သားတွေက ဆူပြောသည်ကို ငြိမ်နေလိုက်လျှင် သူ့ကိစ္စပြီးဆုံးသွားသည်ဟု များ သဘောထားနေသည်လား မဆိုတတ်။ မိဘဆွေမျိုးများက ဆူလိုက်၊ ငေါက်လိုက်ပြန်တော့လည်း မခုတ်တတ်သည့်ကြောင်တစ်ကောင်အလား။ သို့သော်ငြား ပြောဆိုဆုံးမစကားများကိုတော့ သည်ဘက်နားမှဝင်၍ ဟိုဘက်နားက ဖောက်ထုတ်လိုက်ဘိသို့သာ ရှိနေတတ်သည်လေ။ ပြန်မပြော နားမထောင်ဆိုသည့် လူစားမျိုးရယ်လေ။

"ကဲ...မှန်မှန်ပြောစမ်း။ စက်ဘီးနှစ်စီးကို ဘယ်လောက်နဲ့ ပေါင်ထားခဲ့ပြီး ဖဲရှုံးခဲ့သလဲဆိုတာ"

မိဘကိုယ်တိုင်က စစ်မေးနေသည်ဆိုတော့လည်း မပြော၍မဖြစ်။ မိမိလုပ်ခဲ့သည်ကို ပြောပြရပေတော့မည်။ ဝန်ခံဖြောင့်ချက်ပေးရပေတော့မည်။ လုခင်မောင်က ခေါင်းကိုငုံ့ထားရင်း အဖြေပေးလိုက်ရတော့၏။

"တစ်စီးကို သုံးထောင်နဲ့ နှစ်စီးကို ခြောက်ထောင်နဲ့ အပေါင်ထားခဲ့ပါတယ် အဖေ"

"အဲဒီငွေခြောက်ထောင်ကို မင်းလက်ကြောတင်းအောင် မရှာနိုင်ဘူး မဟုတ်လား။ အေး...ထားတော့၊ အဖေ့အနေနဲ့ မင်းဆီကို ငွေခြောက်ထောင်ရစရာရှိတယ်လို့ အကြွေးမှတ်ထားမယ်။ ကြားလား"

"ကဲပါ ကိုချစ်ရယ်၊ ပြီးခဲ့တာတွေကို ပြောမနေပါနဲ့တော့ရှင်။ လူကြားလို့လည်း မကောင်းပါဘူး။ ကိုယ့်မိဘရဲ့ ပစ္စည်းတွေပဲဟာ။ အတိုးမတက်ခင် ပြန်ရွေးယူလိုက်ကြတာ ကောင်းပါတယ်ရှင်။ အင်း...မင်းကလည်း နောက် ဒါမျိုး မလုပ်နဲ့ ကြားလား"

မွေးမိခင်ဆိုတော့လည်း မနေသာ။ သားသမီးအပေါ် အပြစ်မမြင်တတ်ကြသည်က ဖခင်ထက် မိခင်က ပိုပေလိမ့်မည်။ မိခင်ဆိုတာက ကိုးလလွယ်၊ ဆယ်လဖွား ကရုဏာတရားပွားများတတ်သည်ပဲ မဟုတ်ပါလား။ သားမိုက်အပေါ် အပြစ်မမြင်မိ၊ တွေ့မိပြန်တော့လည်း ရင်မှအသိဖြင့် ခွင့်လွှတ်တတ်စမြဲသာ။

"အေးလေ...မင်းက အဲဒီလိုလျှော့ပေးပေးနေ။ ကြာရင် မင်းသား လူဆိုးသူခိုးဖြစ်သွားမယ်ဆိုတာ နားလည်ရဲ့လား"

ဦးချစ်က ဇနီးဒေါ်တိုးတိုးကို အပြစ်တင်လိုက်သည်။ တကယ်တော့ ဖခင်တစ်ဦးအနေနှင့် ဒေါသဖြစ်ရုံတင်မက တွေးခေါ်မြော်မြင်တတ်သည့် သောကကိုပါ ထည့်တွက်ထားပြီးဖြစ်သည်။

"သားက [illegible] ထောင်နေဘော်။ နောက် ဒီလိုကိစ္စမျိုး မဖြစ်စေရပါဘူး"

လုခင်မောင်က သံဝေဂရသည့်လေသံမျိုးဖြင့် မိခင်ကို အဖြေပေးလိုက်ပါလေ၏။ ဦးချစ်ကမူ သားဖြစ်သူကို ကြည့်ရင်း မျက်နှာကို မဲ့ပြလိုက်မိသည်။ သိန်းတင်မောင်နှင့် ဝင်းဝင်းတင်တို့က မိဘနှစ်ပါး၏ သားသမီးအပေါ်ထားသည့် မေတ္တာတရားအပေါ် လေးစားမိသဖြင့် ရင်ထဲမှ ခံစားလိုက်ရခြင်းနှင့်အတူ ကျိတ်၍ပင် ပြုံးမိလိုက်ကြလေတော့သည်။

"စက်ဘီးရွေးဖို့ငွေကို အမေတိုးတိုးက ထုတ်ပေးလိုက်လေ၊ သိန်းတင်မောင်နဲ့ ဝင်းကျော်တို့နှစ်ယောက်က လိုက်ပြီး ရွေးခဲ့ကြ"

သိန်းတင်မောင်က ဦးညွှတ်ခေါင်းညိတ်ပြလိုက်သည်။ ဒေါ်တိုးတိုးက စက်ဘီးရွေးဖို့ငွေအတွက် အိမ်ခန်းအတွင်းသို့ ဝင်သွားသည်။ ထိုစဉ် ဝင်းဝင်းတင် သွားခေါ်သဖြင့် မောင်ဝမ်းကွဲ ဝင်းကျော် ရောက်လာသည်။ ဒေါ်တိုးတိုးကလည်း ငွေယူ၍ ပြန်ထွက်လာသည်။ ငွေကိုပေးရင်း လုခင်မောင်အား ဒေါ်တိုးတိုးက ဆိပန်းမန်းသလို တတွတ်တွတ်နှင့် ဆုံးမနေရှာသည်။ တောင်စုတ်ပလုံးစုတ်သာ စွန့်ပစ်ရိုး ထုံးစံရှိသည်၊ သားဆိုးသမီးဆိုးကိုတော့ စွန့်ပစ်ရိုးမရှိပါ။ ရင်မှဖြစ်သော ရင်သွေးဆိုသည်ကား မိဘများ၏ နှလုံးသားများသာ မဟုတ်တုံလော။

(၃)

"မင်းတို့နှစ်ယောက် ဒီဆိုင်က စောင့်နေရစ်ကြ။ အပေါင်ခံတဲ့အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com

စက်ဘီးသွားရွေးလိုက်ဦးမယ်။ သူတို့က ပစ္စည်းအပေါင်ခံတာကို လူသိခံချင်ကြတာ မဟုတ်ဘူး"

စက်ဘီးရွေးယူရမည့်ငွေက သူတို့လက်ထဲမှာဆိုတော့ သိန်းတင်မောင်နှင့် ဝင်းကျော်တို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ထုတ်ပေးလိုက်ရတော့သည်။ လှခင်မောင်က သူတို့နှစ်ယောက်ကို အင်တာနက် လက်ဖက်ရည်ဆိုင်တွင် ထားခဲ့၍ အနောက်ဘက်ရပ်ကွက်ထဲသို့ ထွက်သွားသည်။ မကြာမီ လှခင်မောင်နှင့် လူတစ်ယောက် စက်ဘီးကိုယ်စီစီးလျက် ရောက်လာကြသည်။ စက်ဘီးများရောက်လာသည်နှင့် အတိုးနှင့် အရင်းများကို တွက်ချက်၍ ငွေကိုပေးချေပေးလိုက်ကြသည်။

"ကဲ...စက်ဘီးတွေကို မင်းတို့ ပြန်ယူသွားကြတော့။ ငါတော့ အဖေက ငါ့ကိုမြင်ရင် ဆူနေမှာစိုးလို့ အိမ်ပြန်မလိုက်သေးဘူး"

လှခင်မောင်ပြောစကားကြောင့် သိန်းတင်မောင်နှင့် ဝင်းကျော်တို့နှစ်ဦး တစ်ယောက်ကိုတစ်ယောက် ကြည့်မိလိုက်ကြသည်။ သို့သော်လည်း လှခင်မောင်အား ဘာမှုပြန်မပြောကြ။ စက်ဘီးကိုယ်စီစီးရင်း ထွက်လာခဲ့ကြတော့သည်။ သူတို့နှစ်ယောက် ပြန်ထွက်သွားကြသည်နှင့် လှခင်မောင်က သူနှင့်အတူ စက်ဘီးယူလာသည့်သူအား ပြောလိုက်လေသည်။

"အချိန်သိပ်မရှိဘူး ကိုယ့်လူ။ ငါပြောထားတဲ့ ငွေနှစ်ထောင်ကိုပေးတော့။ ခုလောက်ဆိုရင် ဗိုင်းကစနေလောက်ပြီ"

"အေးပါကွာ...ပေးမှာပါ လှခင်မောင်ရာ။ မင်းသာ ကြိုတင်ပြီး ငါ့ကို လာမပြောရင် မင်းပေါင်ထားတဲ့အတိုင်း တောင်းယူလိုက်မိမှာ။ ကဲ...ရော့ မင်းအတွက် ကျန်တဲ့ငွေ။ ဒီနေ့ဗိုင်းမှာ အဆင်ပြေပါစေလို့ ဆုတောင်းလိုက်ပါတယ်...ဟဲ..ဟဲ..ဟဲ..."

ပြောရင်း ပါလာသူက လှခင်မောင် သူ့အိမ်မှ ပိုတောင်းထားသော ငွေကို ပြန်ပေးလိုက်ပါလေ၏။ သူတို့နှင့် မလှမ်းမကမ်းရှိ ကွမ်းယာဆိုင်မှ သိန်းတင်မောင်နှင့် ဝင်းကျော်တို့နှစ်ယောက်ကလည်း ကွမ်းယာဝါးရင်း လှမ်းကြည့်နေကြသည်ကိုမူ လှခင်မောင်တစ်ယောက် မြင်တွေ့လိုက်ခြင်း မရှိပါချေတကား။ ထိုနှစ်ယောက်က လှခင်မောင်၏ အကြံအဖန်လုပ်ထားသည်ကို သိလိုက်ရသဖြင့် နှစ်ဦးသား ပြုံးလိုက်မိကြလေတော့သည်။

"လှခင်မောင်က သူ့အကျင့်ကို သေမှဖျောက်မယ့်ကောင်ပါကွာ။ အဖေက ဒါကိုသိထားလို့ ငွေထုတ်ပေးပြီး တို့နှစ်ယောက်ကို သူ့နောက်ကနေ ရှိုးလိုက်ခိုင်းလိုက်တာပေါ့"

"ဒါဆို တို့ သူ့နောက်က အသာကပ်လိုက်သွားကြတာပေါ့"

ထောင်ချောက်မိသောကျား ပိုက်ကွန်ကြားတွင် မိနေသည်ဆိုခြင်းအား နေရာတိုင်း ပန်ကာထိပ်မှ ဝက်အူဆိုသည့် လှခင်မောင်တစ်ယောက် မသိပါချေတကား။

(၄)

"မင်းသားကို ဒီအတိုင်းလွှတ်ထားနေလို့တော့ မဖြစ်တော့ဘူး မတိုး။ ပြီးခဲ့တဲ့ကိစ္စမှာလည်း မင်းစိတ်ဆင်းရဲမှာ နိုးလို့သာ ခွင့်ပြုလိုက်ရပေမယ့် ဒီကောင့်ကို ငါက သိပ်မယုံမကြည်ဖြစ်နေတာကလား။ ခုတော့ ငါတွေးတဲ့အတိုင်း မိဘတွေကို တစ်ပတ်ရိုက်ပြီး ငွေတွေပိုတောင်းသွားတယ်။ နောက်ပြီး ဗိုင်းကို အဲဒီငွေတွေနဲ့ ဝင်ကစားနေတာပဲ မဟုတ်လား"

ခင်ပွန်းဖြစ်သူစကားတွေက သွေးထွက်အောင် မှန်နေတာပါလား။ ဒေါ်တိုးတိုးအနေဖြင့် ဦးချစ်ကို အတွန့်တက်မပြောနိုင်ပါလေတော့။ သည်သားမိုက်အတွက် တစ်ရက်မှ စိတ်မအေးရ။ သားမို့ ချစ်သည့်စိတ်ကြောင့်သာ ဖုံးရဖိရနှင့် ညှာတာခဲ့သော်လည်း လှခင်မောင်ကမူ သူ့ဝတီအတိုင်း ဆက်လက်မိုက်မဲဆဲပါပဲလား။

"နောက်တစ်ခါ ဒီလိုမဟုတ်မဟုတ်လုပ်တာတွေ့ရင်တော့ မင်း အမေ့ကို အဆိုးမဆိုနဲ့။ ငါလည်း အဖေတစ်ယောက်ပဲကွာ။ ကိုယ့်သားအပေါ်မှာ မေတ္တာမပျက်ပါဘူး။ ဒါပေမယ့် ဒီအတိုင်း ပြဿနာကို အိမ်က လိုက်ဖြေရှင်းပေးနေရင် မင့်သားက ရောင့်တက်နေမှာ။ ဒီတော့ ကျောင်းမှန်းကန်မှန်းသိအောင် ပြတ်ပြတ်သားသားလုပ်မှ ရတော့မယ်။ နောက်တစ်ခါဖြစ်ရင် မင်းဝင်မပါနဲ့။ ဒီကောင့်ကိစ္စကို ငါကိုယ်တိုင် ကိုင်တွယ်မယ်။ ဒါပဲ..."

မိဘတစ်ဦးအနေဖြင့် မေတ္တာပျက်၍ အမုန်းဖက်ရှိုးထုံးစံ မရှိကြပါ။ မိမိသားသမီးအပေါ်ဝယ် ဆင်စီး၍ မြင်းရံစေချင်ကြသည်သာ။ သို့သော်ငြားလည်း သူ့ဘဝရေရှည်ခရီးလမ်း ဖြောင့်ဖြူးစေရန်



www.burmeseclassic.com

www.burmeseclassic.com

အတွက် သက်သက်ညှာညှာ ဆိုဆုံးမနေ၍ မရပါ။ ဒေါသကိုရှေ့ထား သဘောတရားမပါဘဲ အပြစ်ချည်းပြောနေ၍လည်း မဖြစ်နိုင်။ စိုးရိမ်ကြောင့်ကြသောကစိတ်ဖြင့် ပြုပြင်ပေးခြင်းဖြင့်သာ ပြောင်းလဲပေးခြင်းဖြင့်သာ ပြောင်းလဲနိုင်မည်ကို ဦးချစ် သဘောပေါက်ထားပြီးလည်း ဖြစ်သည်။ လူဆိုတာကလည်း အခက်သားလား။ အမြင့်ရောက်စေလို၍ ဆွဲတင်ပါမှ မြင့်သည်ဆိုကာ ခုန်ချတတ်သော လူစားမျိုး။ လုခင်မောင်က သည်လိုလူစားမျိုး။ သူ၏ အလေ့စရိုက်ကို မပြောင်း။ လူတစ်ယောက်၏ အကျင့်စရိုက်မှာ ဗီဇနှင့် ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုကလည်း လူတစ်ယောက်အတွက် ဘဝတစ်ခုကို ပြောင်းလဲစေတတ်သည် မဟုတ်ပါလား။

သည်တော့ လောင်းကစားနှင့် သောက်စားသူတို့၏ ပတ်ဝန်းကျင်နှင့် ပျော်မွေ့သူတို့အတွက် စရိုက်ဆိုးကို ပြုပြင်ပြောင်းလဲ၍ အလွယ်တကူ မရနိုင်စကောင်း။ ခုပဲကြည့်လေ စက်ဘီးကိစ္စ ပြီးဆုံးပြီးနောက် လုခင်မောင်တစ်ယောက် နည်းနည်းတော့ ဂနာငြိမ်သွားသလို ရှိသည်။ သိသာသိစေ မမြင်စေနဲ့ဆိုဘိသို့ မိဘကွယ်ရာတွင် ဖဲမကစားကတော့ အရက်ကလေးတမြမြနှင့် ဖြစ်နေတော့သည်။ သို့ပေမင့် ဆူဆူပူပူတော့မလုပ်။ အိမ်မှာ အေးအေးဆေးဆေးနေသည်။ လုခင်မောင်မိသားစုတို့အား ဒေါ်တိုးတိုး၏ညီမဖြစ်သူ နေခဲ့ဖူးသော အိမ်ခန်းလွတ်တစ်ခန်းတွင် နေထိုင်ကြရန် ဒေါ်တိုးတိုးကပင် စီစဉ်ပေးထားခဲ့ခြင်း ဖြစ်သည်။ ဒေါ်တိုးတိုးညီမက လုပ်ငန်းတစ်ခုဖြင့် တခြားတွင် နေသောကြောင့် အိမ်စောင့်အဖြစ်လည်း ထားခဲ့ခြင်း ဖြစ်ပေသည်။

မကြာပါချေ။ လုခင်မောင်တစ်ယောက် ဖောက်ပြန်လာသည်။ ငြိမ်သက်နေခြင်းသည် အရာရာတွင် စိတ်ချ၍ မရစကောင်း။ တစ်ချိန်ချိန်ဝယ် လူပ်ရှားဖောက်ပြန်လာတတ်ကြသည်ပင် မဟုတ်ပါလား။ တစ်နေ့တွင် အဒေါ်လုပ်သူလင်မယား စီးပွားရေးလုပ်ငန်းတစ်ခုဖြင့် ခရီးထွက်နေခိုက်အချိန်မှာပင် ဖြစ်၏။ ယခင်လုပ်ငန်းလုပ်စဉ်က အသုံးပြုခဲ့၍ ယခုအခါ အသုံးမပြုဘဲ သိမ်းထားသည့် အဲယားကွန်ပရက်ဆာကို လုခင်မောင်က ခိုးယူရောင်းချခဲ့လေသည်။ အဒေါ်ဖြစ်သူ ပြန်လာသောအခါ လုခင်မောင်လုပ်ရပ်မှာ ဖုံးမရဖိမရ ဖြစ်လာသောကြောင့် ပြဿနာပေါ်လာတော့သည်။

နွားသူခိုး နွားကောင်းမှန်းမသိ ဆိုသလိုပင် တန်ကြေးရှိလှသော ကွန်ပရက်ဆာကို ဈေးပေါပေါဖြင့် ရောင်းချပစ်လိုက်သတဲ့လေ။ သည်တော့လည်း ဝယ်ယူကလည် ဝယ်ပေလိမ့်မည်။ ဝယ်သူကို စုံစမ်းကြည့်လိုက်တော့ ဦးချစ်၏ အသိတစ်ယောက် ဖြစ်နေသည်။ ဦးချစ်က ထိုကိစ္စနှင့် ပတ်သက်၍ မည်သူ၏ အကြံဉာဏ်ကိုလည်း မတောင်း။ ညှိနှိုင်းတိုင်ပင်ခြင်းလည်း မပြုပါ။ သူ၏ဆုံးဖြတ်ချက်အတိုင်း ရဲစခန်းသို့ သွားရောက်ကာ အမှုဖွင့်လိုက်လေတော့သည်။ သူတစ်ပါးပစ္စည်း ခိုးယူရောင်းချမှုဖြင့် သားဖြစ်သူ လုခင်မောင်အား ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူပေးပါရန် အမှုဖွင့်တိုင်ကြားခဲ့လေတော့သည်။

## (၅)

စီးပွားရေးသမားမို့ ဦးချစ်က အပေါင်းအသင်းဆံ့သည်။ သို့အတွက် သားဖြစ်သူ လုခင်မောင်ကိစ္စအား ကိုင်တွယ်ရာ၌ နောင်ကြည့်စေရန်တစ်ခုတည်းကိုသာ ဦးစားပေးလုပ်ဆောင်ခဲ့ခြင်းမျိုး မဟုတ်ဘဲ ပါဝင်ပတ်သက်နေသူများ မထိခိုက်မနစ်နာစေရန် စီစဉ်ခဲ့ခြင်းသာ ဖြစ်ပေသည်။ ကွန်ပရက်ဆာဝယ်မိသည့် လူကိုလည်း မနစ်နာစေရန် ငွေကိုပြန်ပေးခဲ့၍ ခယ်မအား ပစ္စည်းပြန်ပေးကာ နှစ်သိမ့်စေပါသည်။ သို့ရာတွင် မကျေမနပ်ဖြစ်နေသူက ဇနီးဒေါ်တိုးတိုး။

"ကိုချစ်ရယ်…ရှင်စဉ်းစားကြည့်ပါဦး။ တော်လုပ်လိုက်တဲ့ လုပ်ရပ်က ကိုယ့်သားကိုယ် ထောင်ချလိုက်တာနဲ့ မတူဘူးလား"

လုခင်မောင်အား သူတစ်ပါးပစ္စည်း ခိုးယူရောင်းချမှုဖြင့် ရဲစခန်းမှ လာရောက်ဖမ်းဆီးလာသောအချိန်၌ ဇနီးဖြစ်သူ ဒေါ်တိုးတိုးက မကျေမချမ်း မျက်ရည်စမ်းစမ်းဖြင့် ပြောလိုက်ခြင်း ဖြစ်ပါလေ၏။

"ဟဲ…ထောင်ချတာနဲ့တူတာ မဟုတ်ဘူး။ မင့်သား ထောင်ကျအောင်ကို လုပ်လိုက်တာလေ။ ဒါမှ မင့်သားဟာ မကောင်းမှုလုပ်ရင် တရားဥပဒေက ဘယ်လိုဒဏ်ခတ်တယ်ဆိုတာ သိသွားအောင် လုပ်လိုက်တာလေ"

"ကိုယ့်သားကိုပဲ အေးအေးဆေးဆေးနဲ့ ဖြည်းဖြည်းချင်း ဆိုဆုံးမရင် ဖြစ်တာပဲ မဟုတ်လား ကိုချစ်ရယ်။ ရှင်ခုလိုလုပ်လိုက်တာက သားလေးအပေါ် ရက်စက်လွန်းရာ မကျဘူးလားရှင်"

ဇနီးသည်၏ မျက်ရည်စမ်းစမ်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

စိတ်မချမ်းမြေ့သော မျက်နှာကို ဦးချစ်က စူးစိုက်ကြည့်နေလိုက်သည်။ သူ့နှုတ်ကမူ တိတ်ဆိတ်စွာ နှုတ်ပိတ်နေသည်။ ခဏကြာတော့ မျက်ရည်စများကြောင့် ဦးချစ်မျက်လုံးအစုံမှာ တောက်ပရွှန်းလဲ့နေတော့သည်။

"ဩော်···မင်းသားအပေါ်ကို ငါက ရက်စက်တယ်လို့ ပြောချင်တာလား။ မင်းစဉ်းစားကြည့်စမ်း။ လှခင်မောင်ဆိုတာက မင်းနဲ့ငါနဲ့က ပေါက်ဖွားလာခဲ့တဲ့ ရင်သွေးစစ်စစ်ပါကွာ။ သူဟာ တို့ရဲ့ သားပါ။ ခုလိုလုပ်လိုက်တာက သူ့ကို မုန်းလို့မဟုတ်ဘူး။ ချစ်လို့လုပ်လိုက်တာကွ။ ချစ်တဲ့သားလေးကို လိမ္မာရေးခြားရှိစေချင်တယ်။ စိတ်ကောင်းတွေ မွေးစေချင်တယ်။ ဒါပေမယ့် မင်းသားက ဘယ်လိုမှ ပြုပြင်ထိန်းမတ်လို့မရလို့။ ဘာကြောင့်လဲဆိုတာကို လေ့လာစဉ်းစားကြည့်လိုက်တော့ သူ့အပေါ်ကို တို့ရဲ့ မေတ္တာတရားတွေက ယိုစိမ့်နေလို့ပဲ မတိုး။ သူဘာတွေကိုပဲ လုပ်လာ လုပ်လာ မိဘတွေဖြစ်တဲ့ တို့က ဖြေရှင်းပေးခဲ့တာပဲ မဟုတ်လား"

ဦးချစ်က စကားပြောရင်း သူ့မျက်နှာပေါ်သို့ ယိုစိမ့်ထွက်ကျလာသော မျက်ရည်စများကို လက်ဖမိုးဖြင့် သုတ်နေလိုက်၏။ ခင်ပွန်းဖြစ်သူ၏ ခံစားမှုကို ဒေါ်တိုးတိုး မျှဝေခံစားလိုက်ရပုံရပါလေ၏။ စကားတစ်လုံးမှ ပြန်မပြောတော့ဘဲ အသာငြိမ်၍ နားတောင်နေလိုက်သည်။ သည်တော့မှ ပြီးဆုံးသွားဟန်မရှိသေးသော သူ့စကားကို ဦးချစ်က ဆက်ပြောပြန်သည်။

"အကျဉ်းထောင်ဆိုတာမျိုးက မိဘတွေက ဘယ်သောက်ပဲ ကိုယ့်သားသမီးကို ပြုစုစောင့်ရှောက်ချင်ပေမယ့် ဝင်ရောက်ပေးစွမ်းနိုင်အား မရှိဘူးလေ။ ဒါတွေကို မင့်သား လက်တွေ့ခံစားတတ်လာမှ သူ့အပေါ်မှာထားခဲ့တဲ့ မေတ္တာတရားကို သူနားလည်သဘောပေါက်လာမယ်လေ။ မိဘဆိုတာ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ် ဆိုတဲ့ ဝတ္တရားနဲ့အညီ သူ့အပေါ် မေတ္တာစေတနာ ထားခဲ့တယ်ဆိုတာ မင့်သားသိလာလိမ့်မယ်။ အေး···အဲဒီလို မင့်သား အသိစိတ်ဓာတ်တွေ ပြုပြင်ပြောင်းလဲလာမယ်ဆိုရင် သူ့ကို ထောင်ထဲပို့လိုက်ရတဲ့အဖြစ်က အကျိုးအမြတ်ထွက်လာပြီဆိုတာ ပြောလို့ရတာပေါ့ မတိုးရယ်"

အံကို တင်းတင်းကြိတ်ထားသော ဦးချစ်၏ မျက်နှာဝယ် လှခင်မောင်အပေါ် ထားရှိခဲ့သော အနာဂတ်အတွက် မျှော်လင့်ချက်များအား မြင်ယောင်နေပုံပေါ်နေသည်ပဲလေ။ အမှန်ဆိုရလျှင် ဖခင်တစ်ဦးအနေဖြင့် မိမိရင်သွေးအား ကျဉ်းမြောင်းကျပ်တည်းသော အကျဉ်းထောင်အတွင်းသို့ မပို့လိုပါချေ။

"သူ့ထောင်ကထွက်လာရင် လိမ္မာရေးခြားရှိလာလိမ့်မယ်လို့ ရှင်မျှော်လင့်သလားဟင်"

တစ်ချိန်လုံး နှုတ်ဆိတ်နေသော ဒေါ်တိုးတိုးက မေးခွန်းတစ်ခုကို ထုတ်ဖော်မေးမြန်းလာတော့သည်။ သူမ၏ မျက်နှာတွင်မူ မိန်းမသားတို့၏ စွမ်းပကားလက်နက် မျက်ရည်စက်တွေက အထင်းသား။

"အေး···ထောင်ဆိုတာ မကောင်းတဲ့ လူတွေကို ပြုပြင်ပြောင်းလဲအောင် ထိန်းသိမ်းစောင့်ရှောက်ပေးတဲ့ ဘဝတက္ကသိုလ်ကြီးလို့ ပြောရင်လည်း ရတာပေါ့ မတိုးရယ်။ ဒါကြောင့် လှခင်မောင် ထောင်ကထွက်လာရင် လူကောင်းတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ငါထင်ထားတယ်ကွ။ ပြောရရင် တို့မျက်စိနှစ်လုံးမှိတ်ခင် မင့်သား လူကောင်းတစ်ယောက် ဖြစ်လာမယ်လို့ မျှော်လင့်ခဲ့တာတော့ အမှန်ပဲ။ သားလေးကို လူဆိုးတစ်ယောက် မဖြစ်စေလိုတဲ့ သောကလှိုင်းတံပိုးတွေ ငါ့ရင်ထဲမှာ ထန်နေတယ်ကွာ။ ဒီသောကစိတ်တွေကြောင့် ငါကိုယ်တိုင် သားလေးကို ထောင်ထဲထည့်လိုက်တာပဲ မတိုး"

ဦးချစ်က သူ့ရင်တွင်း ခံစားနေရသည့် သားအတွက် သောကများကို ရင်ဖွင့်ပြလာသောအခါ ဒေါ်တိုးတိုးမှာ စိတ်မကောင်းခြင်းများစွာဖြင့် ဝမ်းနည်းဝမ်းသာဖြစ်နေမိတော့သည်။ မိဘတစ်ဦး၏ မိမိရင်သွေးအပေါ် ထားရှိခဲ့သည့် မေတ္တာတရားကြောင့် ဒေါသ၊ ဆန္ဒမ... သောကဗျာပါဒဖြင့် လုပ်ဆောင်လိုက်ခြင်းအပေါ် အပြစ်မမြင်နိုင်တော့ဘဲ သိရှိနားလည်လိုက်ရသဖြင့် ရင်တွင်းအေးချမ်း ကြည်နူးသွားမိလေတော့သည်။ စိတ်ထဲကလည်း ဆုတောင်းလိုက်သည်။

"ငါ့သားလေး ထောင်ကထွက်လာရင် မိဘရဲ့ မေတ္တာစေတနာကို နားလည်သဘောပေါက်ပြီး လူကောင်းတစ်ယောက် ဖြစ်လာပါစေတော်···"

မေတ္တာရည်လျှက် ···

သိဏ်းသန့်အောင်(မြင်း...)



www.burmeseclassic.com

www.burmeseclassic.com

# ကိန်းဂဏန်းများဖြင့် အကဲဖြတ်သော် ရုရှားနှင့်စစ်မက်ဖြစ်ပွားလျှင် ယူကရိန်းရှုံးမည်

ဦးတိုး(တက္ကသိုလ)



ပကတိ စစ်ပွဲခင်းကျင်းလျှင် ယူကရိန်းစစ်တပ်သည် မြောက်ပိုင်းမှ အိမ်နီးချင်းနှင့် ယှဉ်လိုက်သော် စစ်အင်အား သေးကွေးနေပေလိမ့်မည်။ ၂၀၁၂ ခုနှစ်တွင် Europa World ၏ Online အခြေပြုနိုင်သည့် ရည်ညွှန်းချက်များအရ ယူကရိန်း၏ တပ်ဖွဲ့အင်အားသည် ၁၃၀,၀၀၀ ရှိနေပြီး ရုရှားလက်နက်ကိုင်တပ်ဖွဲ့အင်အားသည် ၈၄၅,၀၀၀ ရှိနေမည်ဖြစ်သည်။ ၂၀၁၂ ခုနှစ် ရုရှား၏ စစ်ကာကွယ်အသုံးစရိတ်မှာ ဒေါ်လာ ၇၈ ဘီလီယံ သတ်မှတ်ပေးထားစဉ် ယူကရိန်းတို့၏ စစ်အသုံးစရိတ်သည် ဒေါ်လာ ၁.၆ ဘီလီယံသာ ခွင့်ပြုပေးထားကြောင်း Defence Weekly ဂျာနယ်မှ ဆောင်းပါးရှင် ဂျိန်း(Jane) မှ ရေးသားထားသည်။ ယူကရိန်းစင်တာ (၁စ်တပ်)မှ ညွှန်ကြားရေးမှူး ဗယ်လင်တင်းဘက်ရက် (Valentin Badrak) က ဆယ်စုနှစ်အတွင်း စစ်အင်အားတိုးမြှင့်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု မရှိသေးလျှင် တိုးတက်လာနိုင်မည်မဟုတ်ကြောင်း သုံးသပ်ထားသည်ကို Nezavisimaya Gazeta နေ့စဉ်သတင်းစာမှ ကိုးကားပြီး ယူကရိန်းလက်နက်ကိုင်တပ်ဖွဲ့များသည် "သုညအဆင့်"သာ ရှိနေမည်ဟု ရေးသားထားသည်။ ၂၀၁၀ ခုနှစ် လေ့လာသုံးသပ်ချက်အရ ပြင်ပမှ ခြိမ်းခြောက်လာမှု မရှိနိုင်၍ အင်အားကြီးစစ်တပ်အဖြစ် တိုးချဲ့ရန် မလိုသေးကြောင်းနှင့် ပြည်တွင်းနိုင်ငံရေး မတည်ငြိမ်မှုကြောင့် ယူကရိန်းအတွက် ကနဦး ခြိမ်းခြောက်မှုများ ရှိလာနိုင်သည်ဟု ညွှန်းပြထားသည်။ CIA ၏ Factbook အရ ယူကရိန်းနိုင်ငံတွင် အသက် ၁၆-၄၉ အကြား စစ်မှုထမ်းနိုင်သူ အမျိုးသား၊ အမျိုးသမီး ၁၅.၇ သန်းရှိနေ၍ ရုရှား၌ ယင်းအသက်အရွယ် ၄၅.၆ သန်းရှိနေသည်ဟု သိရှိရသည်။ ယူကရိန်းနိုင်ငံ၏ ယာယီကာကွယ်ရေးဝန်ကြီး လာဟိုးတင်ယူ (Lhor Tenyuh) ၏ ခေါင်းထဲတွင် ယင်းကိန်းဂဏန်းများ ရှိနေပေသည်။ ပါလီမန်နစ်ရပ်စလုံးသို့ ရုရှားအားခုခံနိုင်သည့် အင်အားမရှိကြောင်း တနင်္ဂနွေစည်းဝေးပွဲ၌ ၎င်းက သုံးသပ်တင်ပြခဲ့သည်။ ရုရှားနှင့် အခြေအနေ တင်းမာမှုရှိနေသည်ကို အဖြေရှာရန် ပရိယာယ်ကြွယ်စွာ သံတမန်ဆက်ဆံရေးနည်းလမ်းဖြင့် ဆောင်ရွက်သင့်ကြောင်း တင်ပြခဲ့သည်ဟု သူတို့က ပြောဆိုနေကြသည်။

ဦးတိုး(တက္ကသိုလ)

**Reference:**

**If judged by the numbers, Ukraine's military loses war with Russia.**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ပိုင်မောက်ဦး

## ရွှက်သားကောင်

ကျွန်တော်တို့ရွာမှာ လယ်သမား အများစု နေထိုင်သောရွာဖြစ်သည်။ ရွာအနီးပတ်ဝန်းကျင်မှာ လယ်ပိုင်များ ရှိကြသလို ရွာနှင့် တစ်နေ့ခရီးလောက် ဝေးသော ပင်လယ်အနီးမှာလည်း လယ်များ သွားရောက်လုပ်ကြသည်။ ထိုနေရာမှာ နုန်းတင်မြေနုများဖြစ်၍ ရွာနှင့်ဝေးသော်လည်း သွားရောက် လုပ်ကိုင်ကြသည်။ စပါးများလည်း အထွက်တိုးသည်။ ကျွန်တော်တို့ရွာ နည်းတူ တခြားရွာများမှ လယ်သမား များလည်း လာရောက်လုပ်ကိုင်ကြ သည်။ ပင်လယ်မှာ ဆယ့်လေးငါးနှစ်မှ တစ်ကြိမ်လောက် ကမ်းပြိုတတ်ပါသည်။ ကမ်းပြိုပါက လေးငါးရက်အတွင်း စိုက်ပျိုးထားသော စပါးပင်များ ပင်လယ် ထဲပါသွားသည်။ ကမ်းတစ်ကြိမ်ပြိုပြီး နောက် သုံးလေးနှစ်ကြာမှ တစ်ဖန် စပါးစိုက်ပျိုး၍ ရပါသည်။ ထိုလယ် မြေများမှာ ဦးရာလူစနစ်နှင့် စိုက်ပျိုး ကြရသည်။ သို့သော် နုန်းတင်မြေနု သောင်ပြင်ကြီးမှာ ကျယ်ပြန့်လှ၍ လယ်သမားတစ်ဦးလျှင် ၁၀ ဧကမှ ဧက ၂၀ အထိ ယာယီပိုင်ဆိုင်ထား ကြသည်။ လယ်ရှင်များမှာ ကျွဲပိုင်၊ နွားပိုင်နှင့် လူ့ာများရှိမှလည်း ထိုနေ ရာမှာ လုပ်နိုင်သည်။ လယ်ရှင်မှာ မိုး ဦးမကျခင်မှာ မိမိလယ်ထဲမှာ တဲထိုးရ သည်။ ကျွဲနွားများနှင့် အလုပ်သမား ရိက္ခာများ ကြိုတင်စုဆောင်းပြီး ပို့ထား ရသည်။ ထိုသို့ ပို့ထားရသည်မှာ မလွယ်ပါ။ လမ်းတစ်ဝက်မှာရှိသော သဲဖြူချောင်းကို ကူးရသည်။ သဲဖြူ ချောင်းမှာ နွေအခါ ရေနည်း၍ လူ များ၊ လှည်းနွားများ ကူးနိုင်သော် လည်း မိုးအခါမှာ ရေများ၍ မကူးနိုင် ပါ။ စားနပ်ရိက္ခာများကိုပင် လှေနှင့် သယ်ရသည်။ သို့ [illegible] နေရာဝေး သော်လည်း စပါ [illegible] [illegible]ာင်း၍



www.burmeseclassic.com

www.burmeseclassic.com

သွားလုပ်ကြခြင်းဖြစ်သည်။

ထိုနယ်ရှိ လူများက ပင်လယ်ကမ်းခြေရှိ လယ်များကို "အောက်ကွင်းလယ်များ"ဟု ခေါ်ကြသည်။ အောက်ကွင်းလယ်များတွင် ဦးဘမင်းဆိုသော လယ်ရှင်မှာ ငွေကြေးအပြည့်စုံဆုံးဖြစ်၍ လယ်များ အများဆုံးပိုင်သူဖြစ်သည်။ ဦးဘမင်းနေသော ရွာကလည်း ချောင်းဘေးနားမှာဖြစ်ပြီး ရွာမှာ အိမ်ကြီးနှင့်နေထိုင်ပြီး ဥယျာဉ်ခြံကြီးများလည်း ပိုင်ထားသည်။ သားသမီးလည်း များများမရှိဘဲ သမီးနှစ်ယောက်သာ ရှိသည်။ ဦးဘမင်းမှာ အလွန်ကပ်စေးနဲပြီး မိန်းမကိုလည်း နိုင်သည်။ အထူးသဖြင့် အလုပ်သမားများကို စည်းကမ်းများနှင့် သတ်မှတ်၍ အုပ်ချုပ်သည်။ သူ့လယ်မှာ လုပ်သူများမှာ စပါးပေါ်ချိန်အထိ လုပ်မှသာ လုပ်ခပေးသည်။ မလုပ်နိုင်၍ ထွက်သွားပါက လုပ်ခမပေးပါ။ သူ့လယ်မှ အလုပ်သမားများကို ထမင်းကျွေးရာမှာလည်း ငါးပိခါးနှင့် ငရုတ်သီးဖလံဖြူ အညံ့စားများကိုသာ ကျွေးသည်။ လယ်ထဲမှာ ဆည်လုပ်ထား၍ ဆည်မှရသောငါးများကို အလုပ်သမားများမစားရဘဲ အိမ်ကိုပို့ပေးရသည်။ ရသမျှငါးများကို ငါးပိသိပ်၊ ငါးခြောက်ခွဲပြီးရောင်းသည်။ နောက် ... ဦးဘမင်းယုတ်မာနည်းတစ်ခုမှာ မိမိလယ်နားမှာရှိသော တခြားလယ်မှာ မိမိလယ်ထက်စပါးပင်များ ပို၍သန်နေသည်ကို မြင်လျှင် မနာလိုစိတ်နှင့် တပည့်တစ်ယောက်နှင့်ဖျက်ဆီးခိုင်းသည်။ တပည့်လုပ်သူက ညအချိန်မှာ နွားများလွှတ်၍ စားခိုင်းနင်းခိုင်းသည်။ လယ်ပျက်သွားသောလယ်ရှင်က စိတ်ဓာတ်ကျပြီး လယ်ရောင်းလျှင် ဦးဘမင်းက ဈေးနှိမ်ဝယ်သည်။ ဦးဘမင်း လယ်များ ပိုင်ဆိုင်လာသည်မှာ ထိုနည်းနှင့်ပိုင်လာခြင်းဖြစ်သည်။ ဦးဘမင်းသမီးအကြီးမအေးတင်မှာ ရွာထဲမှ မြမောင်အမည်ရှိ ကာလသားလေးနှင့် မေတ္တာမျှနေကြသည်မှာ ကြာပြီဖြစ်သည်။ ဦးဘမင်းမိန်းမက သဘောတူ၍ ဦးဘမင်းကို သဘောတူ/မတူ မေးသည်။

"မြမောင် အလုပ်ကြိုးစားလုပ်တာ ငါသိတယ်။ ဒါပေမယ့် လယ် ၁၀ ကေ တင်တောင်းမှ ငါ သဘောတူမယ်လို့ ပြောလိုက်။ ငါ့သမီးက ဟင်းရွက်ကန်စွန်းမဟုတ်ဘူး"

"ရှင် မတရားဘူး ကိုဘမင်း။ မြမောင်တို့ မိသားစုမှာ လယ် ၁၀ ကေပဲရှိတာ။ သည်လယ်ကို တင်တောင်းလိုက်ရင် သူတို့ ဘာလုပ်စားကြရတော့မှာလဲ"

"အဲဒါတွေ ငါမလိုချင်ဘူး။ မတင်တောင်းနိုင်ရင် မပေးစားဘူး .. ဒါပဲ"

"မိသားဖသားပီပီ လာတောင်းလို့ ရှင်လက်မခံရင် ကိုယ့်သမီးလိုက်သွားမှ အရှက်ကွဲနေမယ်"

"အဲဒါ မင်းတာဝန်ပဲ။ သည်နေ့ကစပြီး ငါ့သမီးကို ထိန်းပါ။ လိုက်သွားရင် မင်းကိုသတ်မယ်"

"ကျွန်မကတော့ သမီးလေးကို လင်ကောင်းရစေလို့ပါ။ နောက်ပြီး သမီးက အငယ်မလို မဟုတ်ဘူး။ ရိုးတယ်"

"မင်း မပူပါနဲ့။ မြမောင်ထက်သာတဲ့ယောကျ်ား ငါရှာပေးမယ်။ လောကမှာ ငွေရှိသည့်လူတွေ အများကြီးပါ"

မြမောင်မှာ မိသားစုများ၍ ရှိသည့်လယ်ကလေး ၁၀ ကေကို မိသား[illegible]စု လုပ်ကိုင်စားသောက်နေ၍ ငွေပိုမ[illegible]ပါ။ သို့သော် သည်နေ့စပါး သိမ်းပြီး[illegible]လျှင် ရှိသမျှငွေကလေးနှင့် အေးတင်ကို တောင်းရန်ကြံထားသော်လည်း ဦးဘမင်းက လယ်နှင့်တင်တောင်းမှသဘောတူမည်ဆို၍ မြမောင်စိတ်ပျက်သွားသည်။ အေးတင်မှာ ဖခင်ကသဘောမတူမှန်းသိ၍ မြမောင်ကိုတစ်နေရာကို ပြေးကြရန် အကြံပေးသည်။ မြမောင်ကလည်း သဘောတူ၍ နေ့ရာသီစပါးသိမ်းပြီးလျှင် အနောက်ဘက်ကမ်းကို ပြေးကြရန် တိုင်ပင်ထားကြသည်။ အနောက်ဘက်ကမ်းမှာ စစ်တောင်းတံတား အနောက်ဘက်ခြမ်းရှိ လယ်များကိုခေါ်ခြင်းဖြစ်သည်။

"အနောက်ဘက်ခြမ်းမှာ လယ်တွေပေါပါတယ်။ ဒါပေမယ့် နင်ပင်ပန်းမှာ ငါမမြင်ချင်ဘူး အေးတင်ရယ်"

"လူပင်ပန်းပေမယ့် စိတ်ချမ်းသာမှာပါ။ အိမ်မှာနေရတာ စိတ်မချမ်းသာဘူး။ အဖေက အမြဲတမ်းဆူနေတာ။ သူ့စိတ်ထဲမှာ ငွေပဲရှိတယ်"

"ဟုတ်တယ်။ ငါလည်း ဦးလေးကိုကြောက်တယ်။ သည်မှာနေရင် ငါတို့ ပေါင်းကြရမှာ မဟုတ်ဘူး"

"ငါလည်း နင်နဲ့အတူ နေရရင် ပြီးရောဆိုပြီး ဆုံးဖြတ်လိုက်တာ။ ဘာအလုပ်ဖြစ်ဖြစ် ငါ လုပ်နိုင်တယ်"

"ဟိုဘက်ကမ်းမှာ အလုပ်မရှားပါဘူး။ ငါလုပ်ကျွေးပါ့မယ် အေးတင်ရယ်။ မပူပါနဲ့"

ဦးဘမင်းမိန်းမမှာ မီးယပ်ရောဂါဖြစ်နေ၍ နေမကောင်းပါ။ ထိုအချိန်မှာ သမီးကြီးအေးတင်က လင်နှင့်

www.burmeseclassic.com

လိုက်သွားပြီး သမီးငယ် အေးရင်က ရွာနှင့်တစ်မိုင်ခန့်ဝေးသော မြို့ကလေးရှိ အဒေါ်အိမ်မှာ သွားနေသည်။ အေးရင်မှာ ပွဲလမ်းသဘင်နှင့် ရုပ်ရှင်များကို ကြိုက်သူဖြစ်၍ အဒေါ်အိမ်မှာ စက်ချုပ်သင်ရင်း သွားနေသည်။ ထိုအချိန်မှာ လယ်သမားများ စပါးသိမ်းချိန်ဖြစ်၍ ဦးဘမင်းကလည်း လယ်ထဲမှ မပြန်ပါ။ ဦးဘမင်းမိန်းမ နေမကောင်းဖြစ်နေချိန်မှာ မနီးမဝေးမှာနေသော မောင်ဖြစ်သူ လင်မယားက ပြုစုပေးနေကြသည်။ ထိုအချိန်မှာ ဦးဘမင်းက သမီးလင်နောက်လိုက်သွားသည်ကိုကြားရ၍ စိတ်ဆိုးပြီး အိမ်ပြန်လာသည်။

"ဟိုမသာမ ဘယ်သွားလဲ"

"အစ်မနေမကောင်းလို့ အိပ်နေတယ်"

"ဘာခုမှ နေမကောင်းဟန်ဆောင်နေတာလဲ။ ငါ့သမီးကို နင့်လင်နဲ့ တည်တာမဟုတ်"

"ကျွန်မ လုံးဝမသိပါဘူးရှင်။ သူများတွေပြောမှ သိရတာ"

"ကဲဟာ .. ကဲဟာ .. မသိနဲ့ဦး။ ဖြန်း ... ဖြန်း ... ဝုန်း ... ဗုန်း"

"အမယ်လေး သေပါပြီ"

"ဒုန်း ... ဒုန်း ... ဒုန်း ... ကိုဘမင်း။ ခင်ဗျား ဘာလုပ်လိုက်တာလဲ။ အစ်မ နေမကောင်းဘူးဗျ။ ကျွန်တော်တို့လာစောင့်နေတာ နှစ်ရက်ရှိပြီ"

"ဆင်းသွားကွာ။ မင်းနဲ့မဆိုင်ဘူး။ ငါ့မိန်းမ ငါဆုံးမတာ။ သွား ... မင်းတို့သွားကြ။ သည့်မသာမကို သတ်ရမှ ငါကျေနပ်မယ်"

"မသွားနိုင်ဘူး။ ခင်ဗျား နောက်ထိရဲထိကြည့်။ ကျုပ်မခံဘူး"

"ဖြောင်း ... ကဲကွာ မခံနိုင်ဦး"

"ဖြောင်း ... ဖြောင်း ... ဖြောင်း ဝုန်း ... ဒုန်း ဒုန်း ဒုန်း"

"ဝိုး ဝိုး ဝိုး ... ဖြောင်း ဒုတ်"

"အမယ်လေးဗျ တုတ်နှင့်ရိုက်တယ်။ အား ... အား"

"ဒုန်း ဒုန်း ဒုန်း ... ဟော့ ... ဘယ်လိုဖြစ်ကြတာလဲ။ တော်ပြီ ... ရပ်ကြတော့"

"သမီးယောက်ဖချင်း ဖြစ်ရတယ်လို့။ ကိုဘမင်းခေါင်းမှာ သွေးတွေနဲ့ သုတ်ပေးလိုက်ပါ"

"အစ်မနေမကောင်း ဖြစ်နေတာ။ ပါးရိုက်ပြီး ခုတင်ပေါ်က ဆွဲချတယ်ဗျာ"

"ဟော့ ... ဘာမှမပြောနဲ့။ မင်းကို ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲမယ်။ ငါ့အိမ်ပေါ်တက်ပြီး စော်ကားတယ်"

"ညီအစ်ကိုချင်းတွေပဲ ကိုဘမင်းရယ်။ စိတ်လျှော့ပါ"

"သည်းမခံနိုင်ဘူး ရဲစခန်းသွားမယ်"

"သွားဗျာ ... ကျုပ် လိုက်အဖမ်းခံမယ်။ နောက်တစ်ခါ အစ်မကို စော်ကားရင်တော့ ခင်ဗျားအသေပဲ"

ဦးဘမင်းမိန်းမမှာ ခုတင်ပေါ်မှ လိမ့်ကျသည့် ဒဏ်၊ ဝုန်းဝုန်း ဒိုင်းဒိုင်း ကြားရသော အသံများကြောင့် ရောဂါတိုးပြီး ပက်လက်ကလေး ဖြစ်နေသည်။ ဦးဘမင်းကလည်း ခေါင်းကွဲသော ဒဏ်ရာကြောင့် အိပ်ရာထဲလဲနေသည်။ ထိုအခါ မြို့လေးမှာ သွားနေသော သမီးငယ်အေးရင်က ပြန်လာပြီး ပြုစုနေသည်။ အနောက်ဘက်ကမ်းကို ထွက်ပြေးသွားသော သမီးကြီးအေးတင်မှာ အိမ်မှာဖြစ်ပျက်နေသည်များကို ဘာမှမသိဘဲ မြမောင်နှင့် ပျော်နေသည်။ ထိုအချိန်မှာ ဦးဘမင်း

"မင်းက ငါ့မိန်းမပဲ။ သူနဲ့ပေါင်းရင် သူမယားခိုးဖြစ်သွားမှာပေါ့။ ပြန်မလိုက်ရင် ငါတရားစွဲမယ်"

"အီး .. အီး .. အီး ... တရားမစွဲပါနဲ့ရှင်။ အစ်ကိုကြီးအရှက်ကွဲတာ မကြည့်ရက်ပါဘူး။ ကျွန်မပဲ အရိုက်ခံပြီး ရှင့်ကို ပေါင်းပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

မိန်းမမှာ ရောဂါသည်းနေ၍ သမီးကြီး အေးတင်ကို ခေါ်ခိုင်းနေသော်လည်း ဦးဘမင်းက ခေါ်မပေးပါ။ သည်လိုနှင့် တစ်ပတ်ကျော်ကျော် ကြာသောအခါ ဦးဘမင်းမိန်းမ ကွယ်လွန်သွားသည်။ ဦးဘမင်းယောက်ဖမှာ ဦးဘမင်း ကြောင့် သူ့အစ်မသေရသည်၊ ဦးဘမင်းကို သတ်မည်ဆို၍ ဝိုင်းဆွဲထားရသည်။ ဦးဘမင်းကလည်း အပြစ်ရှိ၍ ကြောက်နေသည်၊ သည်လိုနှင့် အသုဘကိစ္စများ ပြီးသောအခါ ဦးဘမင်းက သမီးငယ်အေးရင်ကို အိမ်သော့အပ်ထားပြီး ယောက်ဖကိုရှောင်ရင်း လယ်ထဲမှာ သွားနေချင်သည်။ သမီးငယ် အေးရင်ကလည်း ရွာမှာမပျော်ပါ။ မြို့ကလေးမှာ ချစ်သူရှိနေ၍ မြို့ကလေးမှာသာ နေချင်သည်။ အိမ်မှာ နေရချိန်မှာ တစ်နေ့တစ်ခေါက် သွားတွေ့သည်။ အေးရင်ချစ်သူမှာ မြို့လေးမှာ ခဏလာနေသော ရန်ကုန်သားဖြစ်သည်။ ယခု သူ့ချစ်သူပြန်မည်ဆိုသောအခါ အေးရင်က သူပါလိုက်မည်ဆိုပြီး အိမ်မှ အဖိုးတန်ပစ္စည်းများယူ၍ ရန်ကုန်လိုက်သွားသည်။ ဦးဘမင်း ပြန်လာသောအခါ အေးရင်ထွက်ပြေးသွားမှန်းသိ၍ စိတ်ဆိုးပြီး မိမိပါ အိမ်မှထွက်သွားသည်။ အိမ်နီးချင်းများက အေးရင်ပစ္စည်းများ ယူသွား၍ လိုက်ခေါ်သည်ဟု ထင်ကြသည်။ အမှန်မှာ ဦးဘမင်းက နောက်ဘက်ကမ်းရောက်နေသော သမီးကြီး အေးတင်နှင့် မြမောင်တို့ကို လိုက်ခေါ်ခြင်းဖြစ်သည်။ ဦးဘမင်းက အေးတင်ကိုခေါ်ပြီး အိမ်ကိုအပ်သည်။

''အဖေ ဘီးလင်းမြို့က အစ်မအိမ်မှာ စိတ်ပြေလက်ပျောက် သွားနေပြီး မော်လမြိုင်ကိုလည်း ဘုရားဖူးသွားမယ်။ သမီးတို့ အိမ်ကိုကြည့်ထားကြ။ မိုးဦးကျလောက်မှ ပြန်လာမယ်''

''အဖေ စိတ်ချသွားပါ။ ဥယျာဉ်ခြံတွေကိုလည်း ကိုမြမောင်ကို ကြည့်ခိုင်းထားပါ့မယ်''

''ခြံထဲမှာ သရက်နဲ့ မရမ်းတွေ တော့ အဖေရောင်းလိုက်ပြီ။ တညင်းတွေနဲ့ ပိန္နဲတွေတော့ ရှိသေးတယ်။ အဲဒါတွေ သမီးတို့ ခူးရောင်းပါ''

''စိတ်ချပါ။ ရောင်းရဈာတွေ သမီးစုပေးထားမယ်''

''အဖေ့မှာ ငွေတွေရှိပါတယ်။ သမီးတို့သုံးပါ။ မြမောင်ကိုလည်း ခြံစည်းရိုးတွေ ပြင်ခိုင်းပါ''

လယ်တွေလည်း နားချိန်ဖြစ်၍ ဦးဘမင်း စိတ်ပြေလက်ပျောက် ဘီးလင်းရှိ နှမအိမ်ကို သွားလည်နေပြီး ဘုရားများ လိုက်ဖူးနေပါသည်။ ထိုသို့ လိုက်သွားနေရာမှ မြမြဆိုသော အမျိုးသမီးတစ်ယောက်နှင့် တွေ့သည်။ မြမြမှာ လုံးကြီးပေါက်လှ ညိုချော။ အသက် ၃၀ လောက်ရှိပြီး ပြုံးလိုက်သည့်အခါ ပါးချိုင့်ကလေးနှင့် ချစ်စရာကောင်းသည်။ မြမြမှာ အပျိုကြီးဖြစ်၍ ဘီးလင်းမြို့ရှိ အဒေါ်အိမ်မှာ ခဏလာလည်နေသူဖြစ်သည်။

''မြမြကိုကြည့်ရတာ အပူအပင်ကင်းပုံရတယ်။ အမြဲတမ်း မျက်နှာကလေးက ပြုံးနေတာပဲ''

''အပူမရှာချင်လို့ အပျိုကြီးလုပ်နေတာပဲ အစ်ကိုကြီးရဲ့။ ကျွန်မက တစ်ယောက်တည်းနေပြီး စက်ချုပ်စားတယ်''

''ဒါနဲ့ မိဘတွေရော မရှိကြဘူးလား''

''ကျွန်မငယ်စဉ်က ကွယ်လွန်သွားကြလို့ အဒေါ်အပျိုကြီးနဲ့နေတာ''

မြမြအဖြေကို ကြားရသောအခါ ဦးဘမင်း သဘောကျသွားသည်။ မြမြကို ရအောင်ယူပြီး တစ်အိုးတစ်အိမ် ထူထောင်မည်ဟု လုံးဝ ဆုံးဖြတ်ချက်ချလိုက်သည်။ မိမိဆုံးဖြတ်ချက်အတိုင်း အစ်မကိုတိုင်ပင်ရာ အစ်မက မင်းမှာ အရွယ်ရှိသေးသည်။ အိမ်ထောင်ထပ်ပြုချင်လျှင် သမီးနှစ်ယောက်ကို ထိုက်သင့်သလောက် အမွေခွဲဝေပေးပြီးမှ ပြုရန် အကြံပေးသည်။ အစ်မကြီးက မိမိကိုယ်တိုင် မြမြအဒေါ်အိမ်သွား၍ ပြောဆိုနားဖောက်ပေးသည်။ မြမြကလည်း ငွေရှိသော မုဆိုးဖိုဖြစ်၍ ဦးဘမင်းကို လက်ခံလိုက်သည်။ ဦးဘမင်းက နောက်မှ သမီးတွေကို အမွေခွဲပေးမည်ဆိုပြီး ဘီးလင်းမြို့မှာ အိမ်တစ်လုံးဝယ်၍ မြမြနှင့်နေလိုက်သည်။ ထိုသတင်းကို ဦးဘမင်းသမီး အေးတင်ကြားသော်လည်း ဘာမှမပြောပါ။ မြမြမှာ ဦးဘမင်းနှင့် ခုနစ်ရက်ခန့် ပေါင်းပြီးသောအခါ ပဲခူးမြို့မှ အဒေါ်ဆီ ခဏပြန်သွားသည်။ ထိုအချိန်မှာ ဦးဘမင်း မနေနိုင် မထိုင်နိုင် လိုက်ခေါ်မည်လုပ်နေရာ မြမြအဒေါ်က ကြေးနန်းရိုက် ခေါ်ပေးရသည်။

''ကိုကြီးတစ်ယောက်တည်း မထားခဲ့ပါနဲ့ မြမြရယ်။ ကိုကြီး မနေတတ်ဘူး''

''စိတ်ချပါ . . . ပစ်မသွားပါဘူး ကိုကြီးကို ရိုးမြေကျပေါင်းမှာပါ''

''ဒါနဲ့ မိုးကျရင် ကိုကြီး လယ်တွေထဲ သွားရဦးမယ်။ မြမြပါလိုက်ခဲ့နော်။ ငွေစပါးပေါ်ရင် မြမြကို ငွေ



www.burmeseclassic.com

ဆင်စာ ဝယ်ပေးမယ်''

"ဒါကြောင့် ကိုကြီးကိုချစ်ရတာ။ ချစ်တယ် ... ချစ်တယ် ... ကိုကြီးကို သိပ်ချစ်တယ်''

သည်လိုနှင့် မိုးဦးကျ ဦးဘမင်း အလုပ်များနေချိန်မှာ အိမ်ကို ဧည့်သည်တစ်ယောက် ရောက်လာသည်။ သည်မှာ မြမြကို ရင်းရင်းနှီးနှီး ဆက်ဆံပြီး ဦးဘမင်းကိုလည်း အရေးကြီးသော စကားပြောစရာရှိ၍ လာသည်ဟု ပြောရာ ဦးဘမင်းက ပြောစရာရှိလျှင် ပြောပါဟု ခွင့်ပေးသည်။

"ကျွန်တော်ပြောမယ့် စကားက သည်မြမြဟာ ကျွန်တော့်ဇနီးပါ။ သူ စိတ်ဆိုးပြီး ထွက်လာလို့ လိုက်ခေါ်တာပါ။ ဦး မယုံရင် မြမြကို မေးကြည့်ပါ''

"သူပြောတာ ... အမှန်ပဲလား မြမြ''

"ဟုတ် .. ဟုတ်ပါတယ် ကိုကြီး။ ဒါပေမယ့် သူနဲ့ပြန်မလိုက်ချင်ဘူး။ ကိုကြီးနှင့်ပဲ နေချင်တယ်''

"မင်းက ငါ့မိန်းမပဲ။ သူနဲ့ပေါင်းရင် သူ မယားခိုးဖြစ်သွားမှာပေါ့။ ပြန်မလိုက်ရင် ငါတရားစွဲမယ်''

"အီး .. အီး .. အီး တရားမစွဲပါနဲ့ရှင်။ အစ်ကိုကြီးအရှက်ကွဲတာ မကြည့်ရက်ပါဘူး။ ကျွန်မပဲ အရိုက်ခံပြီး ရှင့်ကို ပေါင်းပါ့မယ်''

"မြမြအတွက် နည်းလမ်းကလေးများရှိရင် ပြောပါမောင်ရင်။ ပြောသမျှ ဦးလိုက်လျောပါ့မယ်''

"မြမြက ကျွန်တော့်ကို မလိုလားဘူးဆိုတော့ ကျွန်တော်လျှော့ပေးပါ့မယ်။ ဒါပေမယ့် ဦးလေး နစ်နာကြေးတော့ ပေးရမယ်''

"ပြောပါမောင်ရင်။ မြမြစိတ်ချမ်းသာအောင် ဦးပေးပါ့မယ်။ လူသူမသိသည့် အလုပ်က ပိုကောင်းပါတယ်''

"ဒါဖြင့်ဦး ကျွန်တော့်ကို ငွေတစ်သောင်းပေးပါ။ ကျွန်တော် အနှောင့်အယှက်မပေးဘဲ ပြန်သွားပါ့မယ်''

"ပေးပါ့မယ် မောင်ရင်ရယ်။ မြမြစိတ်ချမ်းသာတာပဲ ဦးကျေနပ်ပါတယ်''

"ဦး စိတ်ချပါ။ နောင် ကျွန်တော် ထပ်မတောင်းပါဘူး။ မြမြ မင်းလည်း သည်အချိန်ကစပြီး စိတ်ချမ်းချမ်းသာသာ နေပါတော့။ ငါ မနှောင့်ယှက်တော့ပါဘူး''

ပြောပြောဆိုဆို ထိုလူထွက်သွားသည်။ မြမြက ပြေးပြီး ဦးဘမင်းကို ဖက်ထားသည်။ ဦးဘမင်းက ပြုံးပြုံးကြီး ကျေနပ်နေသည်။ မိမိကိုယ်မိမိ အောင်နိုင်သူအဖြစ် ကျေနပ်နေသည်။

သည်လိုနှင့် မြမြနှင့် ဦးဘမင်းတို့ ရက်တွေ၊ လတွေ ကုန်လွန်ခဲ့သည်။ ဦးဘမင်းမှာ သမီးတွေကိုပင် သတိမရနိုင်ဘဲ မြမြရင်ခွင်ထဲမှာ ပျော်နေသည်။ မြမြကလည်း ပျော်နေသည်။ သည်လိုနှင့် မိုးဦးကျလာသောအခါ ဦးဘမင်း လယ်ထဲဆင်း၍ အလုပ်သမားများနှင့် လယ်များစိုက်ရန် စီစဉ်သည်။ ဦးဘမင်းမှာ တစ်ခါတစ်ရံ ဘီးလင်းကို မပြန်နိုင်ဘဲ လယ်ထဲမှာ ညအိပ်ရသည်။ သည်လိုနှင့် နောက်နေ့ အိမ်ပြန်ရောက်သောအခါ အိမ်တံခါးပိတ်ထားသည်ကို တွေ့ရသည်။ တံခါးဖွင့်ကြည့်သောအခါ မြမြကို မတွေ့ရဘဲ အိမ်ထဲမှ ပစ္စည်းများ ဘာမှမတွေ့ရပါ။ ဘေးအိမ်မှလူများကို မေးကြည့် [illegible] အခါ မြမြအစ်ကိုဆိုသူ [illegible] ယောက်နှင့် မြမြလိုက်သွား [illegible] ကြားရသည်။ ထိုသတင်းကြားရသောအခါ ဦးဘမင်း ထိုင်ငိုသည်။ မိမိကိုယ်တိုင်လည်း ရှက်လွန်း၍ အိမ်ထဲမှာပင်နေသည်။ လယ်ထဲလည်းမသွားပါ။ သည်လိုအိမ်ထဲအောင်းနေပြီး သုံးရက်အကြာမှာ ဦးဘမင်း မကြားချင်သော စကားကို ကြားရသည်။ ထိုစကားမှာ ပင်လယ်ပြို၍ လယ်များပါသွားသော သတင်းဖြစ်သည်။

"အမယ်လေး ... ကုန်ပါပြီ။ ငါ့လယ်တွေ ကုန်ပြီ။ ငါ့မှာရှိတဲ့ ရွှေငွေပစ္စည်းတွေလည်း မိန်းမလည်း [illegible] မယား ယူသွားလို့ ကုန်ပြီ''

ဟူ၍ စိတ်ဓာတ်ကျပြီး နေမကောင်းဖြစ်လာသည်။ နောက်ပိုင်းမှာ ထိုစိတ်ကြောင့် ရူးသွားပြီး သေသွားသည်။ သမီးကြီးအေးတင်မှာ ဦးဘမင်း အသုဘကိစ္စကို လုပ်ကိုင်ပေးပြီးနောက် ဦးဘမင်းကျန်ခဲ့သော ဥယျာဉ်များကို ထိန်းသိမ်းစောင့်ရှောက်နေသည်။ ဦးဘမင်းမှာ မတော်လောဘနှင့်သေသောကြောင့် သူ့အိမ်ရှေ့ရှိ မရမ်းပင်ကြီးပေါ်မှာ 'ဒီးတုတ်' ငှက်ဘဝနှင့် နေရသည်ဟု ဆိုပါသည်။ ထိုဒီးတုတ်ငှက်ကြီးမှာ နံနက်စောစော သံဃာတော်တွေ ဆွမ်းခံကြချိန်မှာ "ဒူး ဒူး ဒူ ဒူ ... မြမြ--မ" ဟု အမြဲအော်တတ်သည်ဟု ဆိုကြသည်။ ဦးဘမင်းသမီး အေးတင်က ဒီးဒုတ်ကြီးကို စောင့်ရှောက်ထားသည်ဟု ဆိုပါသည်။

---

[illegible]

www.burmeseclassic.com

# ဂျဉ်းဝေ

## သတ်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



(၁)

ကျွန်မဇာတိကတော့ မအူပင်မြို့နယ်ထဲက ရွာကလေးတစ်ရွာပါပဲ။ မိဘတွေက လယ်လုပ်ငန်း လုပ်ကြသည်၊ ကျွန်မအရွယ်ရောက်လာတော့မှ မိဘတွေခမျာ လယ်သူရင်းငှားဘဝ ရောက်ကြရတော့တယ်။ စီမံကိန်းအတွက်ဆိုလား၊ ငါးမွေးကန်လုပ်ဖို့ဆိုလား အသိမ်းခံရတဲ့လယ်တွေထဲမှာ သမီးတို့ဘိုးဘွားပိုင်လယ်ကလေးတွေ ပါသွားတယ်လို့ အမေက ပြောပြတာပါ။ ဒါ ်းကိုတော့ ရေရေရာရာ မသိကြတော့ပါဘူး၊ သိရတာတစ်ခုကတော့ လယ်သူရင်းငှားရဲ့သမီးဟာ လယ်သူရင်းငှားပဲ လုပ်ကြရမယ်ပေါ့၊ အတန်းပညာ လေးတန်းအောင်ပြီးတော့မှ ကျောင်းဆက်မနေနိုင်ကြတာ ကံတရားရဲ့ ပြဋ္ဌာန်းချက်မဟုတ်လားလေ၊ ဒါပေမယ့် တူးမာ လယ်သမားမလုပ်ချင်ပါဘူး၊

ဒါပေမယ့် တစ်ခု ကံကောင်းတယ် ပြောရမလားပဲ၊ အဲဒီအချိန်မှာပဲ၊ ဟုတ်တယ်၊ မအူပင်က အဒေါ်တစ်ယောက်စီ လာလည်တဲ့ ရန်ကုန်မြို့က အစ်မတစ်ယောက်နဲ့ တွေ့ရတယ်။ "သီချင်းဆိုဝါသနာပါသလား" တဲ့၊ တူးမာကို မေးတယ်၊ တူးမာကလည်း ရွာထဲက လော်စပီကာ အသံကြားရင် တစ်ခေါက်နှစ်ခေါက် နား



www.burmeseclassic.com

www.burmeseclassic.com

ထောင်လိုက်ရတာနဲ့ အဲဒီသီချင်းစာသားကို အလွတ်ရသွားပြီ။ အဲဒီလောက် မှတ်ဉာဏ်ကောင်းတယ်ဆိုမလား၊ သီချင်းဆိုဖို့ ပါရမီရှိတယ်ခေါ်မလား၊ တစ်ခုခုပါပဲ။ အဲဒီလိုနဲ့စပြီး တွေ့ဆုံမိတ်ဆက် သိကျွမ်းရာက "ရန်ကုန်ကိုလိုက်ပြီး သီချင်းဆိုမလား"မေးတော့ မတန်မရာတော့မဟုတ်ပါဘူးနော်။ အတိုင်းထက်အလွန် တံခွန်နဲ့ ကုက္ကားလို့ ပုံနှိုင်းရလေမလား။ "တိုင်းရက်တဲ့ ကမ္ဗလာ မိုးရွာသည်နှင့် အဆင်သင့်"လို့ပဲ ပြောကြပါစို့ရဲ့။ တူးမာ ဆံအုပ်ဖားဖားအရွယ်မှာ ရန်ကုန်မြို့က "ကောင်းကင်ပြာ" ကာရာအိုကေဆိုင်ကို ရောက်လာတော့တာပါပဲ။ ဆိုင်ကို ရောက်တယ်ဆိုမှတော့ အလုပ်စုံလို့ပဲ ခေါ်ခေါ်၊ ဝန်ဆောင်မှုဌာနလို့ ပြောပြော ထိတွေ့ဆုံကြုံကြရတာ ကပ်စတမ်မာပေါ့။

ရန်ကုန်မြို့ကို ရောက်လာစကတူးမာဆံရစ်ဝိုင်းကလေးကို အရင်ဖြုတ်လိုက်ရပါတယ်။ ဗျူတီပါလာလို့ခေါ်တဲ့ အလှပြင်ဆိုင်တစ်ခုမှာ ရွှေဝါရောင် ဆိုးဆေးနဲ့ အရောင်ပြောင်းပေးလိုက်တယ်။ နီကြောင်ကြောင်ဆံပင်မွေးကို အဖြူရောင်လေးတွေ၊ အနက်ရောင်လေးတွေ ကွက်ကြားခြယ်သထားတဲ့ ဆံတိုမလေး ဖြစ်သွားတယ်လေ။ ထူးဆန်းလိုက်တာနှယ်။

ရှင်မီးအင်္ကျီလေးကိုလည်း ဝတ်စရာ မလိုတော့ပါဘူး။ အင်္ကျီလက်ပြတ်ကလေး သုံးလေးထည် ကိုရီးယားဇာတ်ကားထဲက မင်းသမီးလေးဝတ်တာမျိုးပေါ့။ အသစ် ဝယ်ဆင်ပေးတယ်။ ခေါ်လာတဲ့ မမကြီးကတူးမာရဲ့ပုံစံတွေကို အစအဆုံး ပြုပြင်ပေးပြီး 'ကောင်းကင်ပြာ'ဆိုင်မန်နေဂျာနဲ့ တိုင်ပင်ညှိနှိုင်း လုပ်ဆောင်ပေးတယ်လို့ ပြောသံကြားရတာပါပဲ။ တူးမာဆီကတော့ ဘာမှမစိုက်ရပါဘူး။ သီချင်းဆို ဝါသနာပါရုံနဲ့ သီချင်းကူဆိုပေးရမယ်ဆိုတော့ အလုပ်ကို လက်ခံလိုက်ရုံပါပဲ။ ပါလာတဲ့ ထဘီတွေလည်း ကျွတ်ကျွတ်အိတ်ကလေးထဲ ခေါက်သိမ်းထားရုံပဲလေ။ တူးမာဆီမှာ စကတ်တို သုံးလေးထည် ရှိနေပြီပဲ။ စကတ်ကွဲက နှစ်ထည်နဲ့ဆိုတော့ ပေါင်း ငါးထည်တောင်ရှိတဲ့ဟာ။ ဝတ်ပါလိမ့်။

'ကောင်းကင်ပြာ' မန်နေဂျာကြီး တူးမာတို့ခေါ်တဲ့ 'ဂျာကြီး'က အလုပ်စည်းကမ်းချက်နဲ့ အကျိုးခံစားခွင့်တွေ ပြောပြတယ်။ သူကတော့ အင်္ဂလိပ်လို ပြောတာပဲ။ ကပ်စတမ်မာ (customer)တဲ့။ ဗမာလိုလည်း ပြန်ဖြစ်သေးတယ်။ 'စားသုံးသူ' ဆိုတယ်ထင်ပါရဲ့။ စည်းကမ်းချက်ထဲမှာ တစ်ချက်။ ဆိုင်ကအလုပ်သမားတွေနဲ့ သမီးရည်းစားမဖြစ်ရ၊ မချစ်ရဘူးဆိုတဲ့။ ဒါကအဓိက စည်းကမ်းချက် တစ်ခုပါ။ 'ဒေလီယာ'တို့ကလည်း ဆိုင်ကဝိတ်တာတွေတော့ မချစ်ချင်ပေါင်။ သူတို့ကိုချစ်တော့ ဘာထူးမှာလိုက်လို့။ သူလည်း အလုပ်သမား၊ ကိုယ်လည်း အလုပ်သမားပဲဟာ။ ဒါပေ မယ့် အီစီကလီတော့ ရှိမှာပေါ့နော်။ ဩော် . . . ဒေလီယာဆိုလို့ မျက်စိ လည်သွားပြီလား။ ရွာတုန်းက တူးမာ၊ ရန်ကုန်မြို့က ကောင်းကင် ပြာမှာတော့ 'ဒေလီယာ'လို့ အမည် ပြောင်းလိုက်ပြီလေ။ ဆံပင်တွေ နှုတ်ခမ်းတွေ၊ မျက်တောင်တွေ ဝတ် ဆင်ပုံတွေ ပြောင်းပြီးတော့မှ နာမည် လည်း ပြောင်းလိုက်တော့တာပါ။ လှ တယ်မဟုတ်လား၊ နာမည်လေးက၊ ဒေလီယာတဲ့။ တူးမာလို ပုံတုံးတုံး အမည်တုံးတုံး မဟုတ်တော့ဘူးလေ။

အလုပ်ကလား။ အလုပ်က တော့ သီချင်းဆိုချင်တဲ့ ကတ်စတမ် မာကြီးတွေအလိုကျ သီချင်းတွေ ရွေးချယ်ပေးရတာပေါ့။ တီဗွီထဲမှာ သူတို့ဆိုချင်တဲ့ သီချင်းစာသားတွေ အသံထွက်လာဖို့ရာ စီဒီခွေတွေရှာ ရိမုတ်ကလေးနဲ့ ဟိုနှိပ်သည်နှိပ် ရှေ့ တိုးကြည့်၊ နောက်ဆုတ်ကြည့်။ ခလုတ် ကလေးတွေ ရှိတယ်မဟုတ်လား ပြီးတော့ စားသုံးသူကြီးက ရိဝေဝေ ရောက်လာတာ။ အရှိန်တင်ဖို့ ဆို ကလား။ စည်တစ်ခွက်၊ ဝီနှစ် တဲ့။ နောက်တစ်ယောက်က ဝီအ ပြားသာ မှာလိုက်ပါ။ အာလူး တစ်ပွဲ။ ခေါက်ဆွဲ တစ်ပန်း ကိုက်လန်ပွဲကြီးတဲ့။ အဲဒီလို စရာတွေမှာတော့ ဒေလီယာတို့ ဝိတ်တာလေးတွေ ခေါ်ပြီး မှာ ရတာလေ။ အဲဒီလို စားစရာတွေ



www.burmeseclassic.com

www.burmeseclassic.com

ရင်း သမီးရဲ့သူငယ်ချင်း ခင်သီတာလည်း ခေါ်လိုက်ဦးတဲ့၊ သမီးစားချင်တာလည်း မှာလိုက်ပါတဲ့၊ ဘယ်နေမှာလဲ၊ စပိုင်ဝိုင် နှစ်လုံးနဲ့ ရှုပ်တစ်ဘူးပါ တဲ့ပြီး မှာလိုက်တာပေါ့၊ ဒါက သမီးတို့ 'ကိုတာ'လေ၊ မစားလည်း ဆိုင်ပြန်သိမ်းပေါ့၊ ဧည့်သည်ကြီးတွေရဲ့ စာရင်းထဲမှာ သမီးတို့ စားသုံးဖို့အတွက် 'ကိုတာ'ဘယ်မှာချန်လို့ ဖြစ်ပါ့မလဲ၊

ဧည့်သည်ကြီးဆိုဖို့ ရှာခိုင်းတဲ့ သီချင်းကလည်း ကြည့်အုံးလေ၊ "တူနှစ်ကိုယ်ချစ်သမျှ" ဆိုကြရအောင်တဲ့၊ "သမီးလေး အဲဒီသီချင်း ရမလား"ဆိုပဲ၊ စကတည်းက ယဉ်သကို ဆိုပါတော့၊ ဦးတို့ ဆိုချင်တဲ့ သီချင်းတွေသာ ရွေးလိုက်ပါ၊ သမီးတို့ကတော့ "အဆင်သင့်ပဲဟေ့"ဆိုတဲ့ သီချင်းတွေ ခဏခဏ ဆိုနေကြရတာပါ၊ အဲဒီလို မီးရောင်မှိန်မှိန်နဲ့ ရီတီတီ ကပ်စတမ်မာကြီးတွေကြား အလုပ်များရတော့တာပါပဲ၊

သီချင်းကူဆိုဖို့ ငှားထားတဲ့ အလုပ်ပဲလေ၊ လုပ်ကြရမှာပေါ့၊ ကပ်စတမ်မာတွေအကြိုက်၊ ဆိုင်ပိုင်ရှင်ကြီးအကြိုက်၊ ဂျာကြီး အကြိုက်ပေါ့နော်၊

xxx xxx xxx

(၂)

ကျွန်တော်က အဖွဲ့အစည်း တစ်ခုမှာ ဥက္ကဋ္ဌလုပ်ရသဗျ၊ အဖွဲ့အစည်းတွေကလည်း အများသားလား၊ ဒီမိုကရေစီခေတ်ဆိုတော့ ဖွဲ့ကြလေသပေါ့၊ ဒီအဖွဲ့မှာ ဥက္ကဋ္ဌ မဖြစ်ရရင် နောက်တစ်ဖွဲ့မှာ ဥက္ကဋ္ဌ ဖြစ်ရမယ်ဆိုတဲ့ စိတ်ကူးနဲ့ ဖွဲ့ကြတာမျိုးတွေလည်း ရှိမှာပါပဲ၊ ပြီးတော့ မြန်မာလူမျိုးတွေက စည်းလုံးညီညွတ်ကြတဲ့နေရာမှာ ကမ္ဘာ့ရှားပုဂ္ဂိုလ်တွေပဲလေ၊ သုံးယောက်ရှိရင် နှစ်ဖွဲ့ကွဲတော့တာပါပဲ၊ အကြောင်းအရာ တစ်ခုချပြပြီး ညှိနှိုင်းလိုက်ကြတာနဲ့ တစ်ယောက်က ထောက်ခံတယ်၊ တစ်ယောက်က ကန့်ကွက်တယ်၊ တစ်ယောက်က သာတဲ့ဘက်ကူးဖို့ ကြားနေတယ်၊ အဲဒီလိုမျိုးဗျ၊ ခုခေတ်မှ မဟုတ်ဘူး၊ ဗြိတိသျှခေတ်ကတည်းကလို့ သမိုင်းနဲ့ချီပြီး ပြောရပါတယ်၊

အိန္ဒိယနဲ့ တွဲပြီးနေမလား၊ ခွဲနေကြလားဆိုပြီး ဗြိတိသျှဘုရင်ခံ တစ်ယောက်က သပ်လျှိုသွေးခွဲလိုက်တာနဲ့ တွဲရေး၊ ခွဲရေးဆိုပြီး ငြင်းကြခုန်ကြ၊ ဟောကြပြောကြ၊ အဲဒီမှာ လင်မယားတွေ ငြင်းကြခုန်ကြရင်း ကွဲသွားကြတာမျိုးတောင် ရှိကြလေသတဲ့၊ ကြားဖူးတာ ပြောပါတယ်၊ မိသားစုတွေလည်း အဲဒီလိုမျိုး ဖြစ်ကြတယ်ဆိုပါပဲ၊ နောက်တော့မှ ဗြိတိသျှက သူအုပ်ချုပ်ချင်သလို အုပ်ချုပ်လိုက်တာပါ၊ အဲဒီကျမှ မှတ်ကရောဗျာ၊ အဲဒီနောက်ပိုင်းလည်း ကွဲကြတာတွေ အများကြီးပါပဲဗျာ၊ 'ဖ. ဆ. ပ. လ'ဆိုလည်း ကွဲလိုက်တာပဲ၊ မတည်မြဲနဲ့ သန့်ရှင်းဆိုတာလေ၊ 'ပ. မ. ည. တ'နဲ့လည်း တွဲတာပဲ၊ 'ဗ. က. ပ' ရဲဘော်ဖြူ၊ ရဲဘော်ဝါဆိုတာမျိုးလည်း ရှိကြတယ်၊ အယူအဆမတူကြတာက နစ်ဖြူနဲ့ နစ်နီဆိုပြီး ကွဲကြသတဲ့၊ အကြောင်းပြုပြီး ငြင်းကြခုန်ကြ၊ အင်အားပြကြ၊ လူစုကြ၊ အပြောကောင်းတဲ့လူက ပြောခွင့်ရှိတဲ့အခါ ပြောလိုက်ကြတာပေါ့၊ နိုင်တဲ့သူတွေက ပြောကြတဲ့အခါ (ကိုယ်ကောင်းကြောင်းတွေပါပဲ)ထားပါစို့လေ . . ၊ သူများတွေအကြောင်း ပြောရတာ မကောင်းပါဘူးလေ၊ ကိုယ့်အကြောင်းပဲပြောပါတော့မယ်၊ ကောင်းကြောင်းပဲပေါ့ဗျာ၊

ကျွန်တော်က အဖွဲ့အစည်း တစ်ခုမှာ ဥက္ကဋ္ဌဆိုတော့ မိတ်ဆွေ တစ်ယောက်ကပြောတယ်၊ ကျွန်တော့်ကို လှောင်တာပေါ့၊ ဒီခေတ်က ဥက္ကဋ္ဌတွေ အတော်ဖောင်းပွတယ်ဗျာ၊ ငါးလုပ်ငန်း တစ်ခုတည်းမှာတောင် ငါးရှဉ့်ဥက္ကဋ္ဌ၊ ငါးခြောက်ဥက္ကဋ္ဌ၊ ငါးရံ့ဥက္ကဋ္ဌ၊ ငါးခူဥက္ကဋ္ဌဆိုတာမျိုးတွေ ရှိကြလေတော့ ငါတောင် အသင်းဝင် အင်အားများမယ့် အဖွဲ့အစည်းတစ်ခု တည်ထောင်ချင်ပါပြီတဲ့၊ ဘာအဖွဲ့လဲဆိုတော့ "အရက်သောက်သုံးသူများ သမဂ္ဂတဲ့" သူပြောမှပဲ တွေးကြည့်မိတော့ ဟုတ်တုတ်တုတ်ပဲဗျ၊ စားသုံးသူ ကာကွယ်ရေးအသင်းရှိတယ်ဗျာ၊ သောက်သုံးသူအသင်း၊ သောက်သုံးသူကာကွယ်ရေးအသင်း ဆိုတာမျိုးတွေလည်း ရှိ



www.burmeseclassic.com

www.burmeseclassic.com

ရမယ်ပေါ့။ ရပ်ကွက်တစ်ခုမှ အရက်ဆိုင် ငါးဆိုင်၊ တစ်ဆိုင်မှာ ၁၀ ဝိုင်း၊ ၅ ဝိုင်း ၅ ယောက်နှုန်းနဲ့ဆိုတော့ တစ်ရပ်ကွက် ၂၅၀ ဦးလောက် ထွက်လိမ့်မယ်။ တစ်မြို့မှာ ရပ်ကွက်ငါးခု ဆိုပါတော့။ ရန်ကုန်လို မြို့ကြီးမှာတော့ တစ်မြို့နယ်တည်းမှာတောင် ရပ်ကွက် ၂၀ လောက် ရှိတဲ့ဟာ၊ ဘယ်မှာ အင်အားနည်းပါ့မလဲ။ မြို့နယ်ပေါင်း ၃၀ ကျော် ၄၀ နီးပါး မဟုတ်လား။ တစ်နိုင်ငံလုံးမှာ မြို့နယ်ပေါင်း ၃၇၀ လောက် ရှိသတဲ့၊ ဥက္ကဋ္ဌတို့ မြို့နယ်မှာသာ အရက်ဆိုင်တွေ များတာပါဗျာ။ ရွာတွေမှာတော့ တစ်ရွာသုံးဆိုင်လောက်ပဲ ရှိပါတယ်လို့ ငြင်းချင်ရင်လည်း ငြင်းနိုင်ပါတယ်၊ ဒီအတွက်တော့ အငြင်းအခုန် မလုပ်ချင်တော့ပါဘူး။ (အင်အားတွေ လျော့ပါးမှာ စိုးပါတယ်)။

မငြင်းဘဲနဲ့တောင် ကွဲပြားမယ့်အကြောင်းတွေက အရက်သမားသမဂ္ဂမဖွဲ့ခင်ကတည်းက တွေ့နေရတယ်။ အပျော်သမား ဘီယာ၊ အပြင်းသမား အပြင်းသမားမှာမှ ဝီစကီ၊ ရမ်၊ ချက်အရက်၊ ဘီအီး၊ မီးဖြတ်ဆိုတာမျိုးတွေက ရှိနေပြန်ပါသေးတယ်၊ ဝီစကီမှာတင် အတော်စုံနေပါပြီ၊ မော့ဝီစကီ၊ ဂျော်နီဝါးကားမှာတောင် (ဘရက်လေဘယ်၊ ရက်လေဘယ်)ဆိုတာတွေ ရှိသလို ဗက်စစ်စတီဝိုင်ဆိုတာအပြင် ဂရင်းရှိုင်ရယ်၊ မက်ဂျစ်စတီ၊ ရှိုင်ရယ်ကလပ် စတာတွေ များလိုက်တာ၊ ဘယ်အရက်ပဲဖြစ်ဖြစ် မူးတဲ့နေရာမှာတော့ အတူတူပါပဲ။ နည်းနည်းသောက်တော့ နည်းနည်းမူးပြီး၊ များများသောက်တော့ များများမူးလေတာပေါ့။ ကျွန်တော်ပြောတာက ကွဲပြားနိုင်တဲ့ အကြောင်းရင်းတွေပဲ ဖြစ်ပါတယ်။ အရက်ကြော်ငြာလို့ မထင်စေချင်ပါဘူး။ မကြော်ငြာဘဲနဲ့တောင် သုံးစွဲသူတွေ အတော်များနေပါပြီ။ အရက်အဆင့်အတန်းခွဲခြားပြီး သောက်သုံးသူ အဆင့်တွေ ကွဲပြားနိုင်တာကိုဗျ။

ကျွန်တော် ပြောပြချင်တဲ့အကြောင်းက အရက်အကြောင်း မဟုတ်ပါဘူး။ တစ်ရက်မှာ မိတ်ဆွေတစ်ယောက်က သူ့ကိစ္စ ကျွန်တော် ကူညီပေးတဲ့အတွက် စားသောက်ဆိုင်တစ်ခုမှာ ဧည့်ခံပါတယ်။ မိတ်ဖြစ်ဆွေဖြစ်ဆိုတဲ့သဘော၊ 'ချိမက်စ်' နဲ့ ဆိုဒါ၊ မြည်းစရာကလည်း အစုံပါပဲ။ မှတ်မိသလောက် ကြက်ဆီဘူးကင်၊ ငါးရှဉ့်ခြောက်စပ်၊ ဝက်သားလုံးကြော်၊ ငါးပေါင်းဟင်းချိုနဲ့ ကြက်ချိုချဉ်၊ တခြားတိုစီတိုထွာတောင် ပါသေးတယ်။ အဲဒီမှာ ဥက္ကဋ္ဌဖြစ်တဲ့ ကျွန်တော်ကလည်း မသောက်ဖူးတဲ့အရက် သူများတွေ ဧည့်ခံတုန်း သောက်ရတာဆိုတော့ တစ်ပတ်၊ နှစ်ပတ်၊ သုံးလေးပတ် ဖြစ်သွားပါတယ်။ အရက်ပဲဗျာ၊ ရှာလပတ်ရည်မှ မဟုတ်တဲ့ဟာ၊ မူးတော့တာပေါ့။ သတိလက်လွတ်တော့ မဖြစ်ပါဘူး။ ချွေးတလုံးလုံးနဲ့ ကြိုးစားပမ်းစား သောက်နေရတုန်း ဖြုန်းဆို မီးကပျက်သွားပါတယ်။ ပူလောင်အိုက်စပ် စားသောက်ဆိုင်ထဲမှာ မီးပျက်သွားတဲ့အခါ အတော်နေထိုင်ရ ခက်လာတယ်။ ဒီလိုနဲ့ သည်းခံပြီး ဆက်သောက်နေကြတုန်း ရှိရှိတိတိ ညအစမှာ ကျွန်တော် သီချင်းဆိုဝါသနာပါတဲ့အကြောင်း စပ်မိစပ်ရာ ရောက်သွားပါတယ်။ ဒီတော့ အေးတဲ့နေရာဘယ်မှာလဲ။ ကာရာအိုကေဆိုင်သွားပြီး သီချင်းဆိုကြမယ်ပေါ့။ ဘယ်သူကတင်သွင်းပြီး၊ ဘယ်သူကထောက်ခံလိုက်တယ် မသိပါဘူး။ ဆိုကြ အော်ကြမယ် အစီအစဉ်အတွက် 'ကောင်းကင်ပြာ'ကို ရောက်သွားကြပါတယ်၊ အသက် ၅၀ ကျော် ၆၀ နီးပါး သုံးယောက်သွားရောက်ကြတာ မူလရည်ရွယ်ချက်က သီချင်းဆိုဖို့သာဖြစ်ပါတယ်။ ဆိုင်ရောက်တော့ အခန်းလေးကလည်း အေးပါတယ်၊ ဝိတ်တာကလေးကလည်း လိုအပ်တာတွေ မေးပါတယ်။ အရင်ကလည်း ရောက်ဖူးဟန်တူတဲ့ မိတ်ဆွေက 'ဒေလီယာ' နဲ့ 'ခင်သီတာ'ကို ခေါ်ဖို့ ပြောလိုက်တယ်။

xxx xxx xxx

(၃)

ရောက်လာကြပါပြီ။ ဒေလီယာနဲ့ ခင်သီတာ၊ သင်းပျံ့တဲ့ မွှေးရနံ့နှင့်အတူ ပေါင်ဖြူဖြူ အလယ်ထိ ရောက်နေတဲ့ စကတ်တိုနဲ့ ကောင်မလေးနှစ်ယောက်။ မှိန်ပျပျ မီးရောင်အောက်မှာ ဖြူးဖြူးဖြက်ဖြက်အရောင်



www.burmeseclassic.com

www.burmeseclassic.com

လက်တဲ့ မီးတွေက မြူးကြွကြွ ဝေး
သွားကို အားပေးနေသယောင်ယောင်
ပါပဲ။ ဥက္ကဋ္ဌကြီးနဲ့ တစ်ယောက်သွား
ထိုင်တဲ့၊ မိတ်ဆွေက နေရာချပေးပါ
တယ်။ အနားကို ရဲတင်းသွက်လက်
စွာ ဝင်ထိုင်လာရင်း "ဘာဆိုမလဲ
ဦး" တဲ့။ ကောင်မလေးကမေးတော့
စွဲလမ်းခဲ့ဖူးတဲ့ ရုပ်ရှင်ဇာတ်ကားထဲ
က 'တူနှစ်ကိုယ်ချစ်သမျှ"သီချင်းက
ခေါင်းထဲရောက်လာပါတော့တယ်။
ဒီတော့လည်း အဲ့ဒီသီချင်းပဲ ဖွင့်တာ
ပေါ့။ သီချင်းဆိုကတည်းက အလုပ်
တွေလည်း မေ့။ အိမ်ကိုလည်း မေ့။
အိမ်က အဘွားကြီးကိုလည်း မေ့။
ဥက္ကဋ္ဌဆိုတာလည်း မေ့ပြီပေါ့။ မူး
တာလည်းပါ၊ မေ့တာလည်းရှိ၊ သတိ၊
'ထိ၊ သိ၊ သတိ'လို့တော့ ကြားဖူးတယ်။

အဲဒီလိုညမှာပဲ ကျွန်တော်ဟာ
မုဆိုးတစ်ယောက်လို ကိုယ့်ကိုယ်ကို
ထင်မိလာပါတော့တယ်။ သီချင်းဆို
ဖို့ကူညီတဲ့ ကာရာအိုကေမယ်လေး
ဟာ 'သားကောင်'ဖြစ်လေမလား
စဉ်းစားမိရဲ့။ မူးယစ်ရီဝေညရဲ့ ရောင်
စုံမီးလုံးတွေအောက်မှာ မုဆိုးဟာ
သားကောင်ကို သိမ်းသွင်းတော့တာ
ပေါ့။ ဖမ်းဖို့ကြိုးစားချိန်မှာ "မင်း
ကလေးကိုကွယ် အရင်ရည်းစား
ထက်၊ အရင်မိန်းမထက် ပိုပြီးချစ်ပါ
တယ်"ဆိုတဲ့ ဗညားဟန်ရဲ့ သီချင်းကို
စာသားပြောင်းပြီး နှစ်ကြော့ပြန် ဆို
နေပြီပေါ့ဗျာ။

xxx xxx xxx

(၄)

အမှန်တော့ ဦးလေးကြီးရောက်
လာချိန်မှာ အတော်မူးလာပြီ ဖြစ်ပါ
တယ်။ 'ဒေလီယာ'တို့ကတော့ တာ
ဝန်ချိန်ဖြစ်တဲ့အတွက် စကတ်အတို
ပဲ ဝတ်ရမယ်ဆိုတဲ့ စည်းကမ်းအတိုင်း
အလုပ်ခွင်ဝင်ကြရတယ်။ ဦးလေး
ကြီးဟာ ရွာက သမီးဘကြီးအရွယ်
တော့ ရှိပါပြီ။ မွန်မွန်ရည်ရည် ဥပမိ
ရုပ်နဲ့ ဝတ်ပုံစားပုံကလည်း သပ်သပ်
ရပ်ရပ်ဆိုတော့ လူကြီးလူကောင်း
ထင်ရပါတယ်။ ဒါပေမယ့် အရက်မူး
နေတော့ မျက်နှာကြီးက အဆီပြန်
နေတယ်။ ပြီးတော့ သီချင်းဆိုတုန်း
လက်က အငြိမ်မနေဘူးရှင့်၊ ပခုံး
လေးကိုင်၊ ရင်ခွင်ထဲထည့်၊ ပါးချင်း
အပ်၊ ရင်ချင်းကပ်တော့တာပဲ၊ တော်
ပါသေးရဲ့ လက်တစ်ဖက်က မိုက်
ကရိုဖုန်း ကိုင်ထားလို့သာ၊ အလိုက်
သင့်နေဖို့ကတော့ မုဆိုး စိုင်သင်ဆို
သလိုပဲ သမီးတို့အလုပ်က လေ့ကျင့်
ထားပြီးဖြစ်လို့ ကျွမ်းကျင်နေပါပြီ။

ဦးလေးကြီး ပိုက်ဆံအိတ်က
သမီးတို့ရှေ့ ဆက်တီခုံပေါ်က ဝီစကီ
ပုလင်းပြားလေးနားမှာ ထားတာဆို
တော့ အိတ်ကပိတ်ထားတယ်။ သမီး
က အလစ်မှာ ဇစ်ကိုဖွင့်ကြည့်တော့
ငါးထောင်တန်တွေ အများကြီး တွေ့
ရတယ်။ အတော်ပဲ၊ ရွာက အမေတို့
ဆီ ငွေပြန်ပို့ဖို့ အချိန်က နီးနေပြီ။
အလုပ်မှာ လိုအပ်တဲ့ အရင်းအနှီး၊
အမွှေးနံ့သာ၊ မိတ်ကပ်နဲ့ ရေမွှေးက
အစ ဝယ်လိုက်ရတော့ ငွေက နည်း
နေတဲ့အချိန်၊ အမဲတစ်ကောင် တွေ့
လိုက်ရတယ်။ သီချင်းတီးလုံးပိုဒ်
ရောက်တော့ ဦးလေးကြီးက သမီးဆီ
အာရုံရောက်လာတယ်၊ ဒီတော့
အနံကယ်ကြီးပါးနားကပ်၊ ပစ်မှတ်ကို
ချိန်ထည့်ပြီး သမီးကို မုန့်ဖိုးပေးနော်
ဆိုတော့ ဟဲ . . ဟဲ . . . ဟဲ ပေးရ
မှာပေါ့ကွယ်၊ ပေးရမှာပေါ့ဆိုတဲ့
ငါးထောင်တန်တစ်ချပ် ဆတ်ခနဲ ဆွဲ
ထုတ်ပြီး ပေးပါတယ်။ မပေးလို့ ဖြစ်
ပါ့မလား။ မွှေးရနံ့တွေ သင်းပျံ့နေတဲ့
ကောင်မလေးက သူ့ရင်ခွင်ထဲမှာ
လေ၊ ဒီလိုနဲ့ အဲဒီညက ဆက်ရှင်
တစ်နာရီအတွင်းမှာ ငါးထောင်တန်
ငါးရွက် သမီးလက်ထဲ ရောက်ခဲ့တာ
ပေါ့။ တစ်ခါနမ်း၊ တစ်ခါမုန့်ဖိုး
တောင်းလိုက်တာလေ။ သမီးကို
မုဆိုးလို့ ဆိုမလား။ သားကောင်များ
ဖမ်းတတ်သူမို့လေ။

xxx xxx xxx

(၅)

ဒီလိုနဲ့ ကာရာအိုကေ သီချင်း
ခန်းမကို တချို့လူတွေက 'သတ်
ကွင်း'လို့ ဆိုကြတာထင်ပါရဲ့။ ညဲ့တဲ့
သူတွေ ခံရတာကို။

ဘုန်းဝေ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတင်တယ် ကြည်စိန်ရယ်...

မုံရွာအောင်စကြာ

(၁)

တစ်နေ့သ၌ ကျွန်ုပ်သည် မိတ်ဆွေဖြစ်သူ ကိုသန်းတင်နှင့်အတူ ကုလားငယ်ဟူသော ဒေသတစ်ခုသို့ ရောက်ရှိခဲ့ပေတော့သည်။ ထိုကုလားငယ်ဒေသသည် ကျွန်ုပ်တို့ ကုန်းသာရွာအရှေ့ဘက် အတန်ငယ်ကွာဝေးပေသည်။ တစ်ခေတ်တစ်ခါက ကုလားရွာလေး ရှိခဲ့ဖူးပေ၏။

ကျွန်ုပ်တို့ ရောက်ရှိသွားသော အချိန်ဝယ် ကွင်းပြင်များ၊ ယာခင်းများသာ ရှိပေတော့သည်။ ကျွန်ုပ်တို့ ကုန်းသာရွာလေးသည် လွန်စွာရေရှားလှပေရာ တောင်ကျရေအား တပ်တုတ်၍ မိုးရေကို လှောင်ထားရပေ၏။ ထိုကုလားငယ်ဒေသတွင် ရှေးလူတို့ အသုံးပြုခဲ့သော ရေတွင်းအား ပြုပြင်ကာ အသုံးပြုရလေ၏။

ထိုရေတွင်းမှ ရေအား စက်ဖြင့် မောင်းတင်ကာ ရွာအရောက် ပိုက်အလုံး ၃၇၀ ဖြင့် သွယ်တန်းကြမည် ဖြစ်၍ တစ်ရွာလုံး လုပ်အားပေးထွက်ကြလေ၏။ ရေပိုက်များချခြင်း၊ မြောင်းများတူးဖော်ခြင်းကို တပျော်တပါး လုပ်ဆောင်ကြလေ၏။ ကျွန်ုပ်နှင့် ကိုသန်းတင်သည် ရေတွင်းအနီး အရိပ်အာဝါသကောင်းသော ထနောင်းပင်ရိပ်ဝယ် လုပ်အားပေးအဖွဲ့များ နားနေရန် နေရာရှင်းလင်းရလေ၏။

ရွာမှ ယူဆောင်လာသော စားသောက်ဖွယ်ရာများ၊ ဓာတ်ဘူး၊ ရေဘူးများကိုလည်း ထနောင်းပင်ရိပ်တွင် ချထားလိုက်လေ၏။ ထိုအချိန် လမ်းမပေါ်မှ ဆိုင်ကယ်နှင့် လူတစ်ယောက်က ကိုသန်းတင် ဘာတွေလုပ်နေတာလဲဟု မေးလေ၏။ ကိုသန်းတင်က ရွာရေရှိရေးအတွက် ပိုက်လိုင်းသွယ်ကြောင်း ပြော၍ ထိုလူအား ဖိတ်ခေါ်လေ၏။

ဆိုင်ကယ်ကို ထနောင်းပင်ရိပ်တွင် ရပ်ရင်း ပဲစဉ်းငုံတွေ ကောင်းရဲ့လားဟု မေးလေ၏။ ကိုသန်းတင်မှ



www.burmeseclassic.com

www.burmeseclassic.com

ရေနွေးကြမ်းတစ်ခွက် လှမ်းပေးရင်း နောက်မိုးမလိုက်၍ တင်သလောက် မရကြောင်း ပြောဆို၍ ကျွန်ုပ်နှင့် မိတ်ဆက်ပေးလေသည်။ ထိုသူ၏အမည်မှာ ကိုတင်သန်းဟု ခေါ်လေ၏။

ကိုတင်သန်းသည် ကျွန်ုပ်အား မိတ်ဆွေက စာရေးဆရာဆိုတော့ ဘာစာတွေရေးတာလဲဟု မေးလေ၏။ ကျွန်ုပ်သည် ရသစာပေများကို ရေးသားကြောင်း၊ အကြောင်းအရာ ခိုင်ခိုင်မာမာနှင့် ဖြစ်ရပ်မှန်များကိုသာ ရေးသားကြောင်း၊ ဝက်က ဆင်မွေးခြင်း၊ လူက ခွေးမွေးခြင်း စသော အကြောင်းအရာများအား မရေးသားတတ်။

ရသလိုင်းတစ်လိုင်းတည်းကိုသာ ရေးသားခြင်းဖြစ်ကြောင်း ရှင်းပြလိုက်သောအခါ ကိုတင်သန်းသည် တစ်ချက်စဉ်းစားလိုက်ပြီး –

“ကြာတော့ ကြာခဲ့ပြီဗျ။ အခုတော့ မရှိတော့ပါဘူး။ သန်းတင်လည်း သိတယ်။ စကားမစပ်မိလို့ မပြောဖြစ်တာနေမှာပါ။ ကျုပ်ကိုယ်တိုင် ကြုံခဲ့ရတဲ့ဇာတ်လမ်းက ဒီလိုဗျ”

ဟု အစချီကာ အောက်ပါဇာတ်လမ်းအား ကျွန်ုပ်ကို ပြောပြခဲ့ပေတော့သည်တကား။

*(စာရေးသူ)*

* * * * *

(၂)

အစကတည်းက ထင်တော့ ထင်ပြီးသား။ အိပ်မက်တွေလည်း မကောင်းဘူး။ ငှက်ပုပ်တွေက တအားမြူးတယ်။ အခုတော့ သေချာသွားပြီ။ ကျုပ်ရဲ့ညီ ကြည်စိန်တစ်ယောက် ဖားကန့်မှာ ကျောက်သွားတူးတာ ရှော်တယ်(အမြန်ယာဉ်)မှောက်လေပြီတဲ့။

ကိုင်း ... ဘာတတ်နိုင်သေးလဲ။ မသွားနဲ့ အတန်တန်တားမြစ်တဲ့ကြားကနေ မရရအောင် သွားတာ၊ အခုတော့ ဇာတ်လမ်းက ပြတ်ပြီ။ အလုပ်တွေ မနိုင်လို့ မသွားပါနဲ့ဆိုတာ မရဘူး။ ဆိုင်ကယ်စီးချင်လို့တဲ့။ ဆိုင်ကယ်စီးချင် ဝယ်ပေးမယ်၊ လောလောဆယ် အလုပ်တွေက မနိုင်ဘူး။ သီးနှံတွေသိမ်းပြီးမှ သွားဆိုတာကို မရဘူး။ သေပန်းက ပွင့်နေတာ။ လူဆိုတာ ဘယ်နေ့သေမယ်ဆိုတာ ကြိုမှမသိတာ။ ကျုပ်လည်း ညီအရင်းဆိုတော့ ခံစားရတာပေါ့။

ကျုပ်စကား နားမထောင်လို့ ဖြစ်သွားရတယ်ဆိုပြီး စိတ်ထဲ တအုံနွေးနွေးနဲ့။ ကျုပ်စကားနားထောင်ရင်ကော မသေတော့ဘူးလား။ ဒီလိုတော့လည်း မဟုတ်ပါဘူး။ ကျုပ်က အကြီးဆိုတော့ မဖြစ်သင့်တာ မဖြစ်ရအောင် တားရတာပါ။ ဖြစ်သင့်လို့ ဖြစ်သွားတော့ ကျုပ်လည်း ဘာမှမတတ်နိုင်ပါဘူး။

အမြန်ယာဉ်ကပေးတဲ့ ငွေနဲ့ ကျုပ်ငွေနဲ့ ပေါင်းပြီး သူ့အတွက် ကုသိုလ်ကောင်းမှု လုပ်ပေးရတာပေါ့။ ရွာကလည်း ဝိုင်းကူကြပါတယ်။ သီးနှံတွေကလည်း သိမ်းနေကြတော့ တစ်ရွာလုံး မအားကြဘူး။ ရက်လည်ပြီး နောက်တစ်နေ့မှ ထူးထူးခြားခြား အိပ်မက်ပေးတယ်။ သူမကျွတ်ဘူးတဲ့။ ဘာမှ စိတ်မကောင်းမဖြစ်နဲ့တဲ့။ ငါရှာကျွေးမယ်ဆိုပဲ။ မင်းဘာမှမလုပ်နဲ့တဲ့။

“မလုပ်လို့ရမလား။ သူ့ရာသီနဲ့သူတော့ စိုက်ရမှာပေါ့။ ရတာ၊ မရတာ က ကိုယ့်ရဲ့ကံပဲ”

“ဘာမှလုပ်စရာမလိုဘူး အိမ် မှာထိုင်နေရင်း ငွေရအောင်လုပ်ပေး မယ်”

“အဲဒါမျိုးက ဗေဒင်ဆရာမှ တာကွ”

“ဗေဒင်တတ်စရာမလိုဘူး ပြောရုံရင်ရတယ်”

“လေပဲတိုက်ရတာ ဘာလို့မပြော ရဲရမှာလဲ။ မင်းကသာ မှန်အောင်ပြော ငါပြောရဲတယ်”

“ပြောရရင် ဥက္ကဌကြီးကို သွား ပြော။ အုပ်စုပတ်လည်ကန်တဲ့ ဘော လုံးပွဲ သွားမကန်နဲ့။ သွားကန်ရင် သုံး ဂိုးပြတ်ရှုံးပြီး ရန်ဖြစ်ကြမှာ။ ပြောဖြစ် အောင်ပြော”

ဆိုပြီး ကျုပ်လည်း အိပ်ရာက နိုးသွားတယ်။ ကျုပ်ဘယ်လိုပြော မလဲ။ မပြောရဲဘူး။

တစ်ရွာလုံးက ဘောလုံးကို ချစ် တယ်။ ဘောလုံးသမားကို မြတ်နိုး တယ်။ ယောက်ျားရော၊ မိန်းမပါ အား ပေးကြတယ်။ ရွာဦးကျောင်းဆရာ တော်ကအစ အားပေးတယ်။ ကျုပ် တို့ရွာက ဘောလုံးအသင်းဟာ ဗိုလ် ကြီးမရနိုင်ပေမယ့် အုပ်စုတက်အောင် တော့ ကန်ကြမှာပဲ။ သူတို့ပြောနေတာ ကတော့ နိုင်ရင် အုပ်စုတက်ပြီတဲ့။ ရှုံး ရင်တော့ ထွက်ရမှာပေါ့ဗျာ ...။

နိုင်မယ်ဆိုတဲ့ ယုံကြည်ချက် တစ်ရွာလုံးက တက်ကြွနေတဲ့အချိန် စောစောစီးစီး ကျုပ်က သွားပြီး မကန် နဲ့၊ ရှုံးမှာလို့ မပြောရဲဘူး။ သူတို့က တက်ကြွတဲ့ လူငယ်တွေ။ မတော် ရိုက်လွှတ်ရင် မခက်ဘူးလား။

ကြည်စိန်ကတော့ ဂိုးအရေ အတွက်တောင် ပြောထားတယ်

www.burmeseclassic.com

အဟုတ်သားလား မသိဘူး။ ဟုတ်ချင်လည်း ဟုတ်မှာပါ။ ရွာက ဘောလုံးအသင်းကတော့ ကားကြီးနဲ့ ထွက်သွားကြပြီး ကျုပ်လည်း တောထဲထွက်လာခဲ့တာပေါ့။

တောသူတောင်သား ဆိုတာက နားရက်မှ မရှိတာ။ သီးနှံတစ်ခုနဲ့တစ်ခုက ဆက်နေတာ။ အခုခေတ်က အင်တာနက်ခေတ်ဆိုတော့ ဆက်သွယ်ရေးစနစ်က အရမ်းတိုးတက်နေတာ။ ရွာထဲမှာ တယ်လီဖုန်းဆိုတာ နည်းတာမဟုတ်ဘူး။ ပွဲရုံကို သီးနှံပေါက်ဈေး ဖုန်းဆက်ပြီးမေး၊ ကြိုက်ရင် ကားနဲ့တင်ပေးလိုက်၊ ကားပြန်လာတော့ ငွေယူ၊ လွယ်လွယ်လေး။

ဖုန်းတွေ တအားပေါနေတော့ စီးပွားရေး၊ ကျန်းမာရေးကစ အဆင်ပြေတာပေါ့။ တောထဲကပြန်လာလို့ ရွာရောက်တော့ ဘောလုံးပွဲအခြေအနေ မေးကြည့်လိုက်တော့ သုံးဂိုးရှုံးတဲ့အပြင် ရန်ထဖြစ်လို့ ကျုပ်တို့ရွာက အသင်း အုပ်စုကထွက်ခဲ့ရသတဲ့။ ကြည်စိန်ပြောတာ အဟုတ်သားကို မှန်နေပါလား။

* * * * *

(၃)

အဟုတ်သားကို မှန်နေပါလား။ ကျုပ်က မပြောရဲလို့။ သွားပြောရင်လည်း ကျုပ်အရိုက်ခံရမှာ သေချာတယ်။ ကျုပ်တို့ရွာက ကာလသားလေးတစ်ယောက် မိန်းမသွားတောင်းကြလေရဲ့။ ကြည်စိန်ကပြောတယ်၊ မသွားနဲ့၊ ပြဿနာဖြစ်မှာတဲ့။ သူများအကာ မင်္ဂလာယူနေကြတာ။

ကျုပ်က သွားတားရင် ရိုက်လွှတ်မှာပေါ့။ ဟော ... အခုတော့ ဖြစ်ပြီ။ ပြဿနာက ဘာမှမဟုတ်ဘူး။ မင်္ဂလာကိစ္စ ဆွေးနွေးကြတယ်။ ဘာကျွေးမယ်၊ ညာကျွေးမယ်၊ ငွေက ဘယ်လောက်ကုန်မယ်၊ အားလုံးအဆင်ပြေသတဲ့။ မင်္ဂလာဆောင်ပြီးရင် ဘယ်အိမ်မှာအိပ်ကျမလဲ ငြင်းရာကနေ ပွဲပါပျက်ရောတဲ့။

ဒါတွေကို ကြည်စိန်က ကြိုပြီးသိနေတယ်။ သူက ပရလောကသားဆိုတော့ ပြောလို့မရဘူး။ တန်ခိုးနည်းနည်းရှိလို့နေမှာ။ လက်တွေ့ကြုံလိုက်ရတဲ့ အဖြစ်အပျက်တွေက လက်ဖျားခါလောက်တယ်။ ကျုပ်တို့တောမှာ ဒီလောက်မှန်ရင် လုပ်စားလို့ရပြီ။

သူပြောတာ မပြောလို့ သူကတောင် ငေါက်နေသေးတယ်။ မင်းနာမည်တောင် ကြီးသွားဦးမယ်တဲ့။ တခြားနည်းနဲ့ လုပ်ပါကွာလို့ ပြောရတာပေါ့။ တစ်နေ့တော့ တခြားရွာကသားအမိနှစ်ယောက် ကျုပ်အိမ်ရောက်လာတယ်။ ဆိုင်ကယ်ပျောက်လို့တဲ့။ ဆိုင်ကယ်ပျောက်သွားတာ ကျုပ်က ဘာလုပ်တတ်မှာလဲ။

သမီးလုပ်တဲ့သူက ဖြစ်စဉ်လေးကို ပြောပြနေတယ်။ သူပြောနေတာ ကျုပ်ဘာမှမသိဘူး။ ကြည်စိန်ကပြောတယ်။ ဆိုင်ကယ်ဆိုတာ အင်္ဂါနံနဲ့ တနင်္လာနံတဲ့ ...။ ကန်စွန်းဆိုတာ တနင်္လာနံ၊ အင်္ဂါနံ၊ ကက်ကင်းဆိုတာ မိသတဲ့။ ဆိုင်ကယ်ထားတဲ့ နေရာမှာ ကန်စွန်းရွက်တစ်စည်းနဲ့ ဖောက်ထိုးချည်ထားလိုက်တဲ့။

မြောက်အရပ်က မိန်းကလေးတစ်ယောက်လာပြောလို့ သုံးရက်အတွင်း ပြန်ရမယ်တဲ့။ ဟုတ်လေလားမသိပါဘူးဗျာ။ ကျုပ်ကြားဖူးတဲ့ ဆိုင်ကယ်ပျောက်တဲ့သူတွေ တစ်ယောက်မှ ပြန်မရဘူး။ လက်စတုံးပဲ။ ဆိုင်ကယ်တစ်စီး လေးငါးသိန်းပေးရတာ။ သူပြောသလိုသာ ကန်စွန်းရွက် ၁၀၀/- ဖိုးလောက် ကြိုးနဲ့ချည်ဆွဲရုံနဲ့ ဆိုင်ကယ်ပြန်ရမယ်ဆိုရင် လူတိုင်း ကန်စွန်းရွက်တွေဝယ်ပြီး လုပ်နေမှာပေါ့။ ကန်စွန်းရွက်သည်တွေ ဆိုင်ကယ်ပျောက်စရာ အကြောင်းမရှိဘူး။ ရမယ်လို့ မထင်ပါဘူးဗျာ။

ငွေလေးငါးထောင် ကန်တော့သွားလို့ ကျုပ်ဖြင့် အားနာလိုက်တာဗျာ။ သူတို့ဆိုင်ကယ်ခိုးတဲ့သူက ရောင်းစားပြီးလို့ ဘီယာတောင် သောက်နေလောက်ပြီ။ သူတို့ကန်တော့သွားတဲ့ငွေ စားရမှာတောင် မျိုမကျဘူး။

* * * * *

(၄)

စားရမှာတောင် မျိုမကျဘူး။ ငွေငါးသောင်းနဲ့ ပုဆိုး၊ မုန့်တွေနဲ့ လာကန်တော့တာ။ ဆိုင်ကယ်ပြန်ရသတဲ့။ ဘယ်လိုလုပ် ဖြစ်ရသလဲလို့ ကျုပ်မေးကြည့်တော့ ဆိုင်ကယ်သူခိုးက ဆိုင်ကယ်စီးပြေးတာ ရေ့ဘီးပေါက်သွားသတဲ့။ ဒါနဲ့ ဆိုင်ကယ်ကို ချုံထဲထိုးပစ်ခဲ့တာပေါ့။

အဲဒီဆိုင်ကယ်ကို နွားကျောင်းနေတဲ့ ကောင်မလေးက တွေ့ပြီး ရွာက ဥက္ကဋ္ဌကြီးကို သတင်းပို့ ဥက္ကဋ္ဌကြီးက သူတို့သားအမိ လာခေါ်ပြီး ဆိုင်ကယ်သွားယူ၊ လွယ်လွယ်ကလေးပါလား။ သူတို့သားအမိ ခေါ်လာလို့ နောက်ကပါလာတဲ့သူတွေ မနည်းဘူး။

ဆရာကြီးဦးတင်သန်းဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com

နာမည်ကြီးသွားခဲ့တာပေါ့။ ကျုပ်က ဘာမှတတ်တာမဟုတ်ဘူး။ နောက်က နေ ကြည်စိန်က ဆရာလုပ်နေတာ။

အဲဒီလောက်ထိ မှန်လိမ့်မယ်လို့ ကျုပ်က မထင်မိဘူး။ ရတဲ့ငွေထဲက သတ်သတ်ခွဲပြီး ကြည်စိန်အတွက် လှူပေးခဲ့တာပေါ့။ အသက်ကလေးရလာပြီဆိုတော့ အိမ်ထောင်ရှိမှဖြစ်မှာ။ ဒါလည်း ကြည်စိန်လက်ချက်ပဲ။

ဆိုင်ကယ်ပျောက်လို့ လာမေးတဲ့ ကောင်မလေးက မိသင်းတဲ့၊ သူတို့က သားအမိနှစ်ယောက်တည်း နေကြတာ။ မိသင်းအားရင် ကျုပ်ဆီကိုလာတယ်။ ညှိသည်တွေအတွက် ရေနွေးကြမ်း၊ လက်ဖက်သုပ်၊ ထမင်းဟင်းချက်၊ အဝတ်အစားလျှော်၊ တစ်နေကုန်ဆိုပါတော့။

ညဥ့်ရှာပြန်တော့ သရဲကြောက်လို့ ကျုပ်ကလိုက်ပို့၊ လမ်းရောက်တော့ ကြည်စိန်က ဆီးခြောက်။ ကြောက်ကြောက်နဲ့ သူက ကျုပ်ကိုဖက်၊ ကျုပ်က ဘာသားမို့လဲ။ လူသားဆိုတော့ ကိုင်း ... ညားရောဗျို့။ ဒီလိုနဲ့ ကျုပ်သားနှစ်ယောက်ရတဲ့အထိ ကြည်စိန်ကပဲ လုပ်ကျွေးခဲ့တာပေါ့။

မိသင်းကတော့ ပြောရှာသား။ ငွေပေါက်ရင် သားတွေကို ရှင်ပြုပေးချင်တာတဲ့။ ရှင်ပြုတယ်ဆိုတာ ငွေကတအားကုန်မှာ။ ဒီလောက်များတဲ့ငွေ ဘယ်ကရမှာလဲ။ တစ်ချီတည်းရဖို့ကတော့ ထီပေါက်မှပဲ ရနိုင်တာဆိုတော့ ထင်သလောက်တော့ မလွယ်လှဘူး။

ဘုရားကန်တော့ပြီးတိုင်း မိသင်းက –

''မောင်ကြီးကြည်စိန်တစ်ယောက် အမျှရပါစေ။ သားလေးတွေ ရှင်ပြုပေးနိုင်အောင်လည်း မစပါ၊ ဘာညာသာရကာနဲ့ သူပဲ ပလီပလာလုပ်တတ်တာ။ ကျုပ်က မပလီတတ်ဘူး။

ကြည်စိန်ကလည်း ကျုပ်တို့မိသားစုကို စောင့်ရှောက်ပါတယ်။ ကလေးတွေက အစပေါ့။ သန်းတင်နဲ့တွေ့လို့ ပြောပြတော့ မကောင်းဘူးတဲ့။ သူ့ဘဝ ကောင်းရာမွန်ရာရောက်အောင် လုပ်ပေးသင့်တာတဲ့။ ကျုပ်လည်း အသေအချာ စဉ်းစားပါတယ်။

ကြည်စိန်ကိုလည်း ပြောရတာပေါ့။ သူလည်း ကောင်းရာမွန်ရာကို သွားရတော့မှာပဲ။ သူမသွားခင် ထိုက်ထိုက်တန်တန် မခဲ့မယ်ဆိုပဲ။ မိသင်းကလည်း နားပူနားဆာ လုပ်နေတာတဲ့။ အခုလက်ရှိ ရွာမှာ ကြက်သွန်ဘယ်ဈေးရှိလဲလို့ ကျုပ်ကိုမေးတယ်။

ဘာရှိမှာလဲ။ တစ်ပိဿာမှ ကျပ် ၂၀၀၊ အကောင်းစား ၃၀၀ လောက် ရှိတယ်လို့ ကျုပ်ကပြောတော့ ငွေရှိသလောက် တစ်ပိဿာ ၅၀၀ နဲ့ ဝယ်ထားလို့ ပြောတယ်။ တစ်ပိဿာမှ ကျပ် ၃၀၀ ပေါက်တာကို ၅၀၀ ကျပ်ပေးဝယ်ရင် ငါမွဲသွားမှာပေါ့လို့ပြောတော့ မင်းက ငါ့ကိုမယုံဘူးလားပြောတာနဲ့ ကျုပ်လည်း ကြက်သွန်တွေ ရှိတဲ့ငွေနဲ့ အကုန်ဝယ်ထားလိုက်တယ်။

တစ်နယ်လုံး လှည်းနေလှေအောင်း မြင်းဖောင်းမကျန် လာပြီး ရောင်းလိုက်ကြတာ။ ငွေပြတ်သွားလို့ ခိုင်းနွားတစ်ရှဉ်း၊ ဆိုင်ကယ်နှစ်စီးပါ ရောင်းပြီး ကြက်သွန်တွေ ဝယ်ထားလိုက်တာ။ တစ်နယ်လုံးက ကျုပ်ကို အရူးတဲ့။ မိသင်းကတော့ ကျုပ်ကို ဘာမှမပြောရှာဘူး။

မိသင်းအမေကတော့ သူ့ [illegible] တွေ ကျောင်းသွားလို့ သူများဆိုင် ကယ်နဲ့ လိုက်တာမြင်ရင် ကျုပ်ကို [illegible] တောက်ဗျစ်တောက်နဲ့ပေါ့ဗျာ။ ကြည် စိန်ကတော့ မင်းဘဝပြောင်းပြီးသ မှတ်တော့တဲ့။ ဘဝကတော့ ပြောင် နေတာပဲ။ လောလောဆယ် နွာ လည်း မရှိတော့ဘူး၊ ဆိုင်ကယ်လည်း မရှိတော့ဘူးလို့ ကျုပ်က ပြောတာပေ

မဲမတင်းစမ်းပါနဲ့တဲ့၊ မင်းမှာ ငွေ တွေအများကြီးရှိရင် ဘာလုပ်မှာလဲလို့ ကျုပ်ကိုမေးတော့ ငါ့သားတွေ ရှင်ပြု မယ်၊ တစ်နယ်လုံး ထမင်းရည်ချောင် စီးအောင် အလှူကြီးပေးကွာလို့ ပြော လိုက်တာပေါ့။

မင်းချမ်းသာပြီလို့သာ မှတ် လိုက်တော့လို့ ကြည်စိန်ကပြောတယ် ဘယ်လိုမှကို မဖြစ်နိုင်တဲ့ အခြေအနေ ပေါ့။ သိပ်မကြာလိုက်ဘူး။ ရေဒီယိုက နေ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ် ဆို့ထားတဲ့ အရေးယူမှုတွေကို လျှော့ ချလိုက်တဲ့အကြောင်း ကြားရတော့ တာပဲ။

ကြက်သွန်တစ်ပိဿာ ၃၀၀ ကျော်သွားလို့ ကြက်သား လူတိုင်း စားနိုင်ပေမယ့် ကြက်သွန် လူတိုင်း မစားနိုင်ဘူး။ ရောင်းလိုက်ရတာ လ တောင်မလည်လို့ နေ့စားတောင် ငှား ယူရတယ်။ အလှူပေးပြီးတော့ ကြည် စိန်လည်း ကျွတ်သွားတာပေါ့။ စကား ပြောလို့ကောင်းပါရဲ့။ သားတော်မောင် နိုင်ငံခြားက ငွေပို့လိုက်တာ သွားထုတ် ရမှာမို့ ကျုပ်တော့သွားပြီဗျို့။

---

မုံရွာအောင်စကြာ

---

www.burmeseclassic.com

# မူးယစ်ဆေးဝါးဘုရင် ဂျိုအာကွင်(EL Chapo) ဂွင်မန်းအား ဖမ်းမိလိုက်ခြင်း

မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေသည့် အဓိကပုဂ္ဂိုလ်၊ သူတို့၏ အခေါ်အဝေါ် မူးယစ်ဆေးဝါးဘုရင် ဂျာအိုကွင် "အီယ်လ်ချပ်ပို" ဂွင်မန်း (Joaquin EL Chapo" Guzman) အား ဖမ်းဆီးရမိလိုက်သည်။ ကမ္ဘာတစ်ဝန်းလုံး၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူရမည့်ကာလ ဖြစ်သည်။ သူသည် မက္ကဆီကန်ပင်လယ်ကမ်းရိုးတန်း မက်ဇတ်တလန် (Mexican Riviera townn of Mazatlan) မြို့ရှိ ဆိပ်ကမ်းသောင်ပြင် ဟိုတယ်တစ်ခုထဲတွင် သာမန်ရိုးရိုးမြင်ကွင်း၌ ပုန်းအောင်းနေခဲ့သည်။ သူ၏ဘဝနောက်ကွယ်တွင် နိုင်ငံတကာ Sinaloa မူးယစ်ဆေးဝါး စုပေါင်းကုန်သွယ်ရေး၏ လက်ဝါးကြီးအုပ်အဖွဲ့ကို သူက ကွပ်ကဲအုပ်ချုပ်ထားသည်။ ထို့ကြောင့်လည်း ဂွင်မန်အား လိုက်လံရှာဖွေဖမ်းဆီးရန် စိတ်ဝင်စားဖွယ်ရာ အလှည့်အပြောင်းများ ရှိလာခဲ့သည်။ သူ့ကိုဖမ်းဆီးရခြင်းအကြောင်းရင်း သုံးရပ်ရှိနေပေသည်။ ယခုအခါတွင် မက္ကဆီကန်အာဏာပိုင်များမှ သူ့ကို ဖမ်းဆီးရမိထားပြီဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့သည့် အမေရိကန်နိုင်ငံသို့ လွှဲပြောင်းပေးမှုအတွက် ရှာကြံနေကြသည်။ သူနှင့်ပတ်သက်၍ ကိစ္စအများအပြားရှိနေသည်။ ရှေးယခင် ပြည်သူ့ရန်သူ နံပါတ်(၁) အယ်လ်ကာပုန်း (AL Capone) ပျောက်ကွယ်သွားပြီ ဖြစ်သကဲ့သို့ ချီကာဂိုမှ သူအသုံးပြုခဲ့သည့် မူးယစ်ဆေးဝါးလုပ်ဆောင်ရာဒေသမှ သူသည်လည်း ပျောက်ကွယ်သွားတော့မည်ဟု ကြေညာချက်ထုတ်ပြန်လိုက်သည်။ အသက် ၅၆ နှစ်ရှိနေပြီဖြစ်သူ ဂွင်မန်းအား "EL Chapo" ဟု နာမဝိသေသန တပ်ဆင်ပေးထားသည့် အဓိပ္ပာယ်မှာ စပိန်ဘာသာဖြင့် "ဂျပု"ဟူ၍ ဖြစ်သည်။ သူ့ကို အမေရိကန် ရပ်(ပ်)(Rap) သီချင်းများနှင့် မက္ကဆီကန် ဘဲလေးအကများ၌ "Narco Corridors" "မူးယစ်ဆေးဝါးစကြံများ"ဟု သီချင်းစပ်ဆိုထားကြရာ "All I wana be is EL Chapo, Three billion dollars in pesos" "သူလိုဖြစ်ချင်တယ်။ ပီဆို (ဖိလစ်ပိုင်ငွေ) သုံးဘီလီယံ ချမ်းသာချင်ပါတယ်" ဟု ဆိုလိုပေသည်။ ၂၀၀၁ ခုနှစ်က EL Chapo အီယ်လ်ချက်ပိုကို ပြန်လည်ဖမ်းဆီးခဲ့ပြီး လုံခြုံရေးတင်းကျပ်သည့် မက္ကဆီကန်အကျဉ်းထောင်မှ လွတ်မြောက်သွားခဲ့သည်။ သူသည် အဝတ်အစားပေါင်း လျှော်ဖွပ်ရန် ထည့်ထားသည့် ခြင်းတောင်းအတွင်း ပုန်းအောင်းနေကာ လွတ်မြောက်သွားခဲ့ခြင်း ဖြစ်သည်။ ၂၀၀၁ ခုနှစ်ကတည်းက သူသည် သက်ဆိုင်ရာ အာဏာပိုင်များကို ရှောင်တိမ်းနေခဲ့ရာ ထာဝရ ပြန်လည်မဖမ်းမိနိုင်တော့ဟု ထင်မြင်ခဲ့ရသည်။ Sinaloa Federation မှ ထုတ်လုပ်သည့် ဆေးခြောက်၊ ကိုကင်း(ထုံဆေး) နှင့် မက်သမ်ဖက်တာမင် မူးယစ်ဆေးဝါးများသည် အမေရိကန်ဈေးကွက်တွင် ရောင်းအားကောင်းနေပေသည်။

ဂွင်မန်းသည် အရှောင်အတိမ်းကောင်းသည်။ စေ့စပ်သေချာသောသူဖြစ်၍ ဖမ်းမိရန် ခက်ခဲလိမ့်မည်ဟု "The Last Narco" စာအုပ်ရေးသားသော စာရေးဆရာ Malcom Berth မှပြောကြားသည်။ ဂွင်မန်းသည် အရည်အချင်းအမြင့်ဆုံးရှိသော လူဆိုးဟု DEA မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမှ EL Paso ထောက်လှမ်းရေးစင်တာ အကြီးအကဲ ဖီးလ်ဂျော်ဒန်(Phil Jordan) မှ ဝေဖန်သည်။ အမေရိကတိုက်နှင့် မက္ကဆီကိုတွင် ဩဇာအာဏာအရှိဆုံး မည်သူဖြစ်နိုင်သနည်းဟု မေးမြန်းလျှင် မက္ကဆီကန်သမ္မတ ပင်နာနီးတို (Pena Nieto)ထက် သာမည်ဟု ဖြေကြားကြပေလိမ့်မည်။ Forbes မဂ္ဂဇင်းကပင်လျှင် ၂၀၀၉ ခုနှစ်ကတည်းက ၎င်းအား ကမ္ဘာ့ဩဇာအာဏာအရှိဆုံးစာရင်းတွင် ထည့်သွင်းပေးထားသည်။ အမေရိကန်နိုင်ငံတွင် သူ့အား စွဲချက်အများဆုံးတင်ထားသဖြင့် လွှဲပြောင်းပေးရတော့မည့် သဘောရှိသည်။ သူသည် ငွေကို ရေလိုသုံးနိုင်သူဖြစ်၍ ထပ်မံလွတ်မြောက်သွားနိုင်သည်။ Forbes မဂ္ဂဇင်းမှ ဂွင်မန်းသည် ဒေါ်လာ ၁ ဘီလီယံချမ်းသာသူဖြစ်ကြောင်း ရေးသားထားသည်။

**ဦးတိုး(တက္ကသိုလ)**

**Reference:**
**3 reason why "EL Chapo" arrests matters.**



www.burmeseclassic.com

www.burmeseclassic.com




လှသ[illegible]ကောင်းလျှား



www.burmeseclassic.com

www.burmeseclassic.com



# ကရွတ်ကင်းလျှောက် သံသရာ

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)

စခန်းမှူး ရဲအုပ်သက်မောင်၏ ရုံးခန်းထဲသို့ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နေဦးဝင်လာပြီး အရိုအသေပေး၊ အလေးပြုကာ သတင်းပို့သည်။

"မပြစိန် အသတ်ခံရတဲ့ ဆေးစာရပြီ ဗိုလ်ကြီး"

"ထိုင်ပါဦး။ ငါထင်မြင်ယူဆထားတဲ့အတိုင်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဗိုလ်ကြီးယူဆထားတဲ့အတိုင်းပဲ။ အဆွကျင့်ပြီးမှ လည်ပင်းညှစ်သတ်ထားတာလို့ ဆရာဝန်ကြီးက မှတ်ချက်ချထားပါတယ်"

"တော်တော် ရက်စက်ယုတ်မာတဲ့ လူသတ်ကောင်ပဲ။ အဲဒီကောင်ကို ဖမ်းမိအောင် အစွမ်းကုန်ကြိုးစားကြဖို့လိုတယ်"

"ကျွန်တော် နယ်ထိန်းအဖွဲ့ကို အသွင်ယူ စုံစမ်းခိုင်းထားပါတယ်"

"အေး ... သွေးအေးမနေကြနဲ့။ တချို့က တို့ရဲတပ်ဖွဲ့ကို အမြင်မကြည်ကြတော့ ဘယ်လိုပဲ စေတနာထားထား အကောင်းမမြင်ကြဘူး။ မင်းလည်းအသိပဲ မဟုတ်ဘူးလား။

"ဟုတ်ကဲ့။ ကျွန်တော်ကိုယ်တိုင်လည်း စုံစမ်းနေပါတယ်။ အင်ဖော်မာလည်း မွေးထားပါတယ်။ မသင်္ကာသူတွေကိုလည်း နောက်ယောင်ခံလိုက်နေပါတယ်"

"မသင်္ကာသူတွေထဲမှာ မစိန်ပြရဲ့ ခဲအို ခင်မောင်ကျော်က ထိပ်ဆုံးကပဲ မဟုတ်လား"

"ဟုတ်ပါတယ်။ ခင်မောင်ကျော်ရယ်၊ ခင်မောင်ကျော်ရဲ့တပည့် ညိုကြီးရယ်ပါ။ သူတို့နှစ်ယောက်ကို အဓိကသားကောင် ပစ်မှတ်တွေအဖြစ် သတ်မှတ်ပြီး စောင့်ကြည့်နေပါတယ်"

"ခုတ်ရာတခြား ရှရာတခြား ဖြစ်နေပါဦးမယ်။ သတိထားဖို့လိုတယ်။ ပစ်ကွင်းကို ကျဉ်းကျုံးနိုင်မှ ပစ်မှတ်ကို ထိနိုင်တယ်။ အဲဒါ ရဲအတတ်ပညာပဲ။ ရှင်းရဲ့လား"

"ရှင်းပါတယ် ဗိုလ်ကြီး"

"ကောင်းပြီ။ ဆက်လုပ်"

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နေဦးက စခန်းမှူးရဲအုပ်သက်မောင်ကို အလေးပြု၍ ရုံးခန်းထဲမှ ထွက်ခွာခဲ့သည်။

ရဲအုပ်သက်မောင်က မစိန်ပြ မှ မလှ အသတ်ခံရသည့် အမှုတွဲစစ်ဆေးချက်များကို ပြန်လည်ဖတ်ရှုပြီး ဖြစ်နိုင်ခြေရှိသည့် အမှုကွင်းဆက်များကို ဆွေးနွေးနေလေတော့သည်။

* * * * * *

မြို့နယ်ရဲစခန်း အရှေ့ဘက် (၈)မိုင်ခန့်အကွာတွင်ရှိသော ညောင်ပင်ဇု စံပြကျေးရွာကြီးတွင် လယ်(၁၂)ဧက ပိုင်ဆိုင်သော စံပြအမြွှာညီအစ်မနှစ်ယောက် ရှိကြသည်။

အစ်မကြီး မစိန်လှ၊ အငယ်က မစိန်ပြ။ အကြီးနှင့်အငယ် ရှိနှစ်ခိုင်းသာခြားပြီး မွေးဖွားခဲ့သည်။ အမြွှာညီအစ်မနှစ်ယောက်ကို မွေးဖွားပြီးကာလည်းကာ မိဘတွေမှာ စီးပွားတက်ခဲ့ကြသည်။

ညီမနှစ်ယောက် ပျိုဖော်ဝင်စတွင် သူတို့အိမ် ဓားပြတိုက်ခံခဲ့ရသည်။ မျက်နှာသိပါလာသဖြင့် မိဘနှစ်ဦးစလုံးကို အသေသတ်ခဲ့ကြသည်။

ဓားပြတွေက မိဘတွေကိုသတ်နေကြတော့ အမြွှာညီအစ်မက နာကြည်းစိတ်ပြင်းထန်စွာဖြင့် တစ်လုံးတိုးလုံ ကိုယ်စီကိုင်ကာ ဓားပြတွေကို ရင်ဆိုင်ခဲ့ကြသည်။

သရဲဘီလူးစီးသည့်ပမာ တိုက်ပွဲဝင်



www.burmeseclassic.com

www.burmeseclassic.com

လာကြသော အမြွာညီမ၏ လှုပ်ရှားမှုကို ကြည့်ပြီး ဓားပြတွေ အံ့သြတုန်လှုပ်သွားကြသည်။ မှင်တက်မိသွားကြသည်။ ဤအမှားကြောင့်ပင် ဓားပြနှစ်ဦး လုံတန်းလန်းဖြင့် သေဆုံးသွားခဲ့ကြသည်။ ဒဏ်ရာရထွက်ပြေးသွားကြသော ဓားပြများကိုလည်း ဖမ်းမိခဲ့ကြသည်။

အမြွာညီအစ်မနှစ်ဦး၏ ရဲစွမ်းသတ္တိက တစ်နယ်လုံးမှာ ဟိုးလေးတကျော်ကျော် လွင့်ပျံမွှေးပြန့်သွားသည်။ စံပြကျေးရွာမှ စံပြညီအစ်မဟူ၍ အမွှမ်းတင် ဂုဏ်ပြုခံခဲ့ကြရသည်။

မိဘနှစ်ဦး အသတ်ခံရသည့် ဘဝနာကြည်းချက်ကြောင့် သူတို့ကိုသူတို့ ယောကျ်ားလေးများလို သဘောထားကာ ကြိုးစားရုန်းကုန်နေခဲ့ကြသည်။

အကြီးမစိန်လှက အိမ်တွင်းရေးကို တာဝန်ယူပြီး အငယ်မစိန်မြက လယ်ယာလုပ်ငန်းကို တာဝန်ယူထားသည်။ ရိုးသားကြိုးစားမှုရှိသည့် လူငယ်စိန်သန်းကို နွေရောမိုးပါ သူရင်းငှားအဖြစ် ငှားထားသည်။ စပါးချိန်စပါး၊ ပဲချိန်ပဲ၊ ရာသီအလိုက် စိုက်ပျိုးရောင်းချ စားသောက်နေထိုင်လာခဲ့ကြရာ စီးပွားဥစ္စာ တိုးပွားလာခဲ့သည်။

အမြွာညီအစ်မနှစ်ယောက် စိတ်တူကိုယ်တူ၊ နှစ်ကိုယ်တစ်စိတ် အေးတူပူအမျှ၊ ပူပင်ကြောင်းကြမှု ကင်းစင်စွာနေထိုင်လာခဲ့ကြရာ အပျိုကြီးစာရင်းသို့ပင် ဝင်ရောက်လာခဲ့ကြသည်။ အသက် ၂၅ နှစ်ကျော်၍ အသက် ၃၀ အတွင်းသို့ ရောက်ရှိလာကြလေပြီ။

သည်အရွယ်ရောက်မှ ကြီးမှဝက်သက်ပေါက်လာသူက အကြီးမ မစိန်လှ၊ စပါး၊ ပဲအရောင်းအဝယ်လုပ်ငန်းဖြင့် အိမ်သို့အဝင်အထွက်များနေသော ပွဲစားယောင်ယောင် ယောင်ခြောက်ဆယ်သမား ခင်မောင်ကျော်နှင့် ဆိုင်းမဆင့်ဗုံမဆင့် သင့်မြတ်လက်ထပ်လိုက်ကြသည်။

ခင်မောင်ကျော်က စားနေကျကြောင်ဖား၊ သိုက်သမား၊ မြို့သားလူလည်ဆိုတော့ တောသူမ မယောင်မလည် အပျိုကြီးကို မြှူဆွယ်ခဲ့ရာ မစိန်လှခမျာ အတွေ့ထူးမှာ ယစ်မူးပြီး ခင်မောင်ကျော်၏ မြှူးအတွင်း ကျဆင်းသွားခဲ့ရသည်။

ခင်မောင်ကျော်က မြွာပွေ့ရာ၌ ကျွမ်းကျင်သလို၊ ရိုက်စားခွင်ဖန်တီးရာတွင်လည်း ပြောင်မြောက်ထူးချွန်သူဖြစ်သည်။ မစိန်လှတို့၏ ကြွယ်ဝချမ်းသာမှုကို မောင်ပိုင်စီးဖို့ ကြံရွယ်သလို ငါးရံ့နှစ်ကောင်စလုံးကိုလည်း ဖမ်းဖို့ကြံရွယ်ထားသူဖြစ်သည်။

ဤသည်ကိုရိပ်စားမိသော အငယ်မစိန်မြက အစ်မအတွက် ခံစားနေခဲ့ရာမှ အရွဲ့တိုက်ချင်စိတ်တွေ ပြင်းပြလာခဲ့သည်။ အစ်မလင်မယားနှင့် မျက်နှာချင်းဆိုင်လို စိတ်မရှိတာကြောင့် လယ်ယာထဲနှင့် စပါးတလင်းထဲမှာသာ အနေများလာသည်။ သူရင်းငှားစိန်သန်းကလည်း "မမစိန်"၊ "မမစိန်"ဟု တဖွဖွခေါ်ရင်း မစိန်မြအလိုကျ လိုက်နာဆောင်ရွက်ပေးနေရာ မစိန်မြ သာယာလာသည်။ ကြည်နူးလာသည်။ မစိန်မြနှင့် သူရင်းငှားစိန်သန်း အနေနီးစပ်ပါများလွန်းလာတော့ အိုးချင်းထိ၊ ကြိုးခြင်းငြိပမာ၊ ကြင်နာမှုတွေ တိုးပွားလာကြပြီး ချစ်သူများ ဖြစ်သွားကြလေတော့သည်။

မစိန်မြနှင့် စိန်သန်းတို့ ချစ်စခန်းဖွင့်နေကြသည့် မြင်ကွင်းကို စတင်မြင်တွေ့သွားသူက ခဲအိုခင်မောင်ကျော်။ ခင်မောင်ကျော်က သူ့ဇနီးမစိန်လှကို တို့မီးရှို့မီးလုပ်လေတော့သည်။ မီးကို မလောင်ခင်ကတားဖို့ သတိပေးခိုင်းသည်။ အရွယ်ချင်းမမျှ၊ သိက္ခာကျနိုင်သည်ဟု ပြောခိုင်းသည်။

ခင်ပွန်းသည်၏အလိုကျ မစိန်လှကလည်း ညီမ မစိန်မြကို နားချဖျောင်းဖျဆုံးမသယောင်ဖြင့် ဆူပူသည်။ ရှုတ်ချပြစ်တင်စကားဆိုသည်။

"ညီမလေး စဉ်းစားသင့်တယ်။ တို့အမျိုးထဲကို ဂုဏ်ငယ်တဲ့သူရင်းငှား ဝင်ရောက်လာတာ မသင့်တော်ဘူး။ အရွယ်ချင်းကလည်း မမျှဘူး။ ကလေးကိုမုန့်ပေးကြိုက်သလို ဖြစ်နေတယ်။ အဆင့်အတန်းမရှိတဲ့သူနဲ့ ညီမလေးလက်ထပ်ရင် မိသားစုလည်း သိက္ခာကျမယ်။ အရှက်တကွဲ ကိုယ်ကျိုးလည်းနည်းရမယ်။ ညီမလေးကို လက်ထပ်ချင်ကြတဲ့သူတွေထဲက ခေါင်းခေါက်ရွေးလို့ရတယ်။ အချိန်မီပါသေးတယ် ညီမလေးရယ်။ စဉ်းစဉ်းစားစားလုပ်ပါ"

မစိန်မြကလည်း ခေါင်းငုံ့မခံနေဘဲ ချက်ကျလက်ကျ ပြန်လည်တုံ့ပြန်သည်။

"မမလင် ခင်မောင်ကျော်ကကော ဘာဂုဏ်တွေ၊ ဘာသိက္ခာတွေ ရှိနေလို့လဲ။ ယောင်ခြောက်ဆယ်နဲ့ မမကို မြှူဆွယ်ပြီးလက်ထပ်၊ အိမ်မှာအခန့်သားထိုင်စားနေတာပဲ မဟုတ်လား။ ကျွန်မတို့ ညီအစ်မနှစ်ယောက်ရဲ့ စုပြည့်နေတဲ့ဘဝထဲကို ဂယက်ထ နှောင့်ယှက်ဖို့ ဝင်လာတဲ့ အမှောင့်ပယောဂ မိစ္ဆာဆိုးတစ်ယောက်ပဲ။ ကိုစိန်သန်းက နွမ်းပါးတဲ့ သူရင်းငှားတစ်ယောက်ပဲဖြစ်ပေမဲ့ ရိုးသားဖြူစင်တယ်။ ကြိုးစားတယ်။ လယ်ယာလုပ်ငန်း ကျွမ်းကျင်တယ်။ အသက်ရှင်နေသမျှ ရုန်းကန်နိုင်တဲ့စွမ်းအားရှိလို့ တစ်သက်လုံး ထမင်းမငတ်နိုင်ဘူး။ နောင်ရေးအတွက် စိတ်အေးရတယ်။ ဒါကြောင့် ကျွန်မ သူ့ကိုပဲ မလွဲမသွေလက်ထပ်မယ်။ မမလည်း မမစိတ်ကြိုက်ရွေးချယ်ပြီး လက်ထပ်ခဲ့တာပဲလေ။ ကျွန်မဘာမှဝင်မပြောဘူး။ ပြောခွင့်တောင်မရခဲ့ပါဘူး။ အခု ကျွန်မကိစ္စမှာလည်း မမဘာမှဝင်မပါပါနဲ့"

"ဟဲ့ . . . ငါကအစ်မကြီး အမိအရာမို့ မပြောမဖြစ်လို့ ပြောနေရတာ[illegible] နင်တစ်ခုခုဖြစ်သွားရင် ပတ်ဝန်းကျင်[illegible] ငါ့ကိုပဲ အပြစ်ပြောကြမှာ။ ငါ့မှာ[illegible]

www.burmeseclassic.com

တာဝန်ရှိတယ်။ လောကကြီးမှာ နင်မသိတာတွေ အများကြီးရှိတယ်။ ငါ့လင်ကိုကျော်က လူရည်လည်တယ်။အပေါင်းအသင်း ဝင်ဆံ့တယ်။ အခြေအနေကြည့်ပြီး စီးပွားရေးလုပ်ဖို့ စောင့်နေရတာ။တစ်နေ့ကြီးပွားချမ်းသာလာမှာ သေချာတယ်။ နင့်အကောင်က ဖင်ထဲရှံ့တစ်ခွဲသားဝင်အောင် နေထွက်နေဝင်ကနေ ကုန်းရုန်းလုပ်ကိုင်နေရတာ၊ မွဲပြာကျနေတာ နင့်အမြင်ပဲလေ။ နင်ဆင်းရဲတွင်းထဲ ဖွတ်အတင်းဆင်းတော့မှာလား''

''တော်စမ်းပါ မမရယ်။ ညီမလေးက ဆင်းရဲတွင်းထဲ ဆင်းတယ်ပဲထားပါ။ မမသာ သားရဲတွင်းထဲဆင်းမိလို့ ဒုက္ခရောက်တော့မှာ ကျွန်မမြင်ယောင်နေတယ်။ မမရေးရေးကိုသာ သတိထားနေပါ မမ။ ညီမလေးအနေနဲ့ မမကို အားခံတာလည်းမဟုတ်ဘူး။ ကိုယ့်ဘဝရှေ့ရေးကိုယ်တိုင်ပဲ ရွေးချယ်တာ မှန်ကန်တယ်လို့ ယူဆထားတယ်''

မစိန်မြက အကျိုးသင့် အကြောင်းသင့် ချင့်ချိန်စကားဖြင့် ပြန်ပြောတော့လည်း မစိန်လှခမျာ အာစေးမိသွားသလို ဘာမျှပြန်မပြောနိုင်တော့ဘဲ ငိုင်ကျသွားလေတော့သည်။

''မမကို ကျွန်မအနေနဲ့ ထပ်ပြီး သတိပေးချင်တယ်။ ကျွန်မတို့ညီအစ်မနှစ်ယောက်ဟာ အသက်နဲ့ရင်းပြီး ဘဝနာခဲ့ကြသူတွေပါ။ ဘဝနာသူ ညီအစ်မနှစ်ယောက်ကြားကို ကြားလူသူစိမ်းဝင်လာလာတာဟာ ပြဿနာမီးပွား စခဲ့တာပဲ။ ဝင်လာတဲ့ ကြားလူဟာ အတွင်းသိ၊ အစဉ်းသိ၊ ဓာတ်သိထဲကဆို တော်သေးတယ်။ ဖွတ်ထွက်မှ တောင်ပို့မှန်းသိရရင်တော့ မီးလွန်မှ ထွန်ချ၊ နောင်တရတဲ့ကိန်း ဆိုက်မှာပဲ။ အဲဒီလို မဖြစ်ပါနဲ့လို့ ညီမလေးဆုတောင်းနေပါတယ် မမရယ်''

မစိန်လှက မျက်ရည်အသွယ်သွယ်စီးကျရင်းက မစိန်မြရှေ့မှ ပြေးထွက်ခဲ့သည်။ မစိန်မြကလည်း ရင်နင့်ကျန်ခဲ့လေသည်။

ညီအစ်မနှစ်ယောက် ကတောက်ကဆဖြစ်ပွား အချင်းများကြသည်ကို ခင်မောင်ကျော်ရော စိန်သန်းပါ ကြားသိသွားသောအခါ နှစ်ဦးစလုံး ခံပြင်းသွားကြသည်။

ပို၍ခံပြင်းလွန်းသူက ခင်မောင်ကျော်။ သို့သော် သူက လူလည်ပီပီ ဟန်ဆောင်ကောင်းလှသည်။ ကြောင်လက်သည်းဝှက် ကျင့်သုံးသည်။ အကြမ်းနည်းသုံးမရပါက အနုနည်းကို ပြောင်းကာ လိုက်လျောညီတွေ အဆင်ပြေသည့် နေထိုင်ဆက်ဆံမှုကိုပြုသည်။ အချိုသတ်စည်းရုံးသိမ်းသွင်းသည်။

''တိုလည်း တို့ချင်းရည်ငံပြီး သစ္စာနဲ့ လက်ထပ်ခဲ့ကြတာပဲ။ သူတို့လည်း သူတို့ချင်းရည်ငံနေကြလေတော့ သူချစ်ကိုယ်ချစ်ချင်း လက်ထပ်ကြတာဟာ မင်္ဂလာလည်းရှိတယ်။ အိမ်ထောင်ရေးလည်း သာယာနိုင်မြဲစေတယ်။ ဒါကြောင့် စပါးသိမ်းပြီးတာနဲ့ လက်ထပ်မင်္ဂလာပွဲကို ခမ်းခမ်းနားနားကျင်းပပေးမယ်''

မစိန်မြရော စိန်သန်းပါ မယုံကြည်နိုင်လောက်အောင် ပြောင်းလဲသွားသောသဘောထားကို ကြားသိသွားသောအခါ စိုးရိမ်နေသည့်ကြားမှ အားတက်ဝမ်းသာသွားကြသည်။

ခင်မောင်ကျော်က စိန်သန်းကို လိုက်လိုက်လျောလျော ခေါ်ပြောဆက်ဆံလာသလို၊ သူနှင့် သူ့တပည့် ညိုကြီးထန်းတဲသို့သွားပါကလည်း မစိန်မြ၏ ခွင့်ပြုချက်ကိုရယူပြီး စိန်သန်းကို ခေါ်သွားလေ့ရှိသည်။ ကြာတော့ ခင်မောင်ကျော်နှင့် စိန်သန်းတို့ တွဲသွားတွဲလာများလာကြသည်။

မစိန်လှနှင့် မစိန်မြတို့ ညီအစ်မနှစ်ယောက်လည်း ဝမ်းမြောက်ဝမ်းသာ ပီတိဖြာနေကြရလေပြီ။ သို့သော် ထိုသို့ကြည်နူးပီတိဖြစ်မှုမှာ လပိုင်းမျှသာ ကြာသည်။

လက်ထပ်မင်္ဂလာပွဲ ကျင်းပခါနီးတွင် မစိန်မြ လယ်ထဲမှအပြန် မျက်နှာကိုပဝါစည်းထားကြသူနှစ်ဦးက မေ့ဆေးအုပ်အတင်းဆွဲခေါ်သွားကြသည်။

မှောင်ရီပျိုးပြီအချိန်မို့ မည်သူမျှ မရိပ်မိကြ။ ခင်မောင်ကျော်က မြို့ပေါ်တက်သွားသည့်နေ့မို့ အိမ်မှာ လူမရှိ။ စိန်သန်းကလည်း လယ်ထဲမှာ ကောက်လှိုင်းစောင့် ကျန်ခဲ့မိန်ဖြစ်ရာ ကူကယ်ရာမဲ့ ဖြစ်သွားသည်။

မစိန်မြ အချိန်တန်၍ အိမ်သို့ပြန်မရောက်လာတော့မှ မစိန်လှက ညီမကို လိုက်ရှာသည်။ အရပ်ကူပါ လူပိုင်းပါနှင့် ရှာလိုက်ကြတာ အလောင်းကိုပဲ တွေ့ခဲ့ရလေသည်။

အသတ်ခံရသည့်အလောင်း၊ မှိုရိုးအသတ်ခံရခြင်းမဟုတ်။ အဓိမ္မပြုကျင့်ပြီး မဟားတရားကျင့်၊ လည်ပင်းညှစ်အသတ်ခံလိုက်ရသည့် ရက်စက်ယုတ်မာမှု၊ ရင်ထုမနာ ကြေကွဲခံစားနေရသူက မစိန်လှ။ ဘယ်လိုနည်းနဲ့မှ ဖြေသည်လို့မရ။

ခင်မောင်ကျော်က မြို့မှ ပြန်သည် ရောက်ရှိလာပြီး လူသတ်တရားခံကို သူနည်းသူ့ဟန်ဖြင့် ဖော်ထုတ်ပေးမည်ဟု ကြုံးဝါးနေသည်။

စိန်သန်းက တောက်တခေါက်ခေါက်ဖြင့် ယူကျုံးမရ အပူလုံးကြနေသည်။ သူ့ကိုကြည့်ရသည်မှာ စိတ်ဝေဒနာသည်ပမာ ခံစားနေရပုံ ပေါ်သည်။

မစိန်မြအသတ်ခံရသည်မှာ တစ်လခန့်ကြာခဲ့လေပြီ။ ယခုအထိ တရားခံကို ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်း မရှိသေး။

ရဲအုပ်သက်မောင်၏ အတွေးထဲတွင် လူသတ်တရားခံမှာ စိန်မြနှင့်ရင်းနှီးသူများထဲမှဖြစ်၍ အငြိုးထား နုတ်ပိတ်ခြင်းသာ ဖြစ်သည်ဟု ယူဆထားသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့ယူသချုက်မှန်ကန်ပါက လူသတ်တရားခံသည် ခင်မောင်ကျော်ကလွဲ၍ မည်သူမှမရှိ။ နှစ်ယောက်ဆိုတော့ သူ့တပည့်ညို ကြီးလည်းပါမှာ သေချာတယ်။

သို့သော် အထောက်အထား၊ သက်သေ၊ သဲလွန်စဘာမှမရသေးသောကြောင့် ခင်မောင်ကျော်ကို ကြိုးရှည်ရှည်နှင့် လှန်ထားရသည်။ ပြစ်မှုကျူးလွန်သူနှစ်ယောက်ဖြစ်နိုင်သည့် စကားကို သံသယသတင်းပေးသူထံက ကြားသိထားရသည်။ ညမှောင်မှောင်တွင် သချိုင်းကုန်းထဲမှ လူနှစ်ယောက်ထွက်သွားသည်ကို ကြွက်ထောင်သူက မြင်တွေ့ခဲ့ရသည်။ မှောင်ကလည်းမှောင်၊ လှမ်းကလည်းလှမ်းနေသဖြင့် ဘယ်သူတွေမှန်း မသိ။ သည်လောက်သတင်းလေးရသည်ကိုပင် ကျေးဇူးတင်နေရသည်။

× × × × × ×

"ဗိုလ်ကြီး၊ မစိန်မြအသတ်ခံရတဲ့ညက ခင်မောင်ကျော် မြို့ပေါ်မှာ အိပ်ခဲ့တယ်လို့ပဲ အလီဘိုင်တွေက ပြနေကြတယ်။ ညိုကြီးကလည်း ထန်းတဲမှာ ထန်းရည်မူး အိပ်ပျော်နေတယ်လို့ ထန်းတဲက ကိုငွေက သက်သေခံနေတယ်။ သူတို့နှစ်ယောက်မဟုတ်ရင် ဘယ်သူတွေကတရားခံလဲ။ စိန်သန်းကတော့ သူနဲ့လက်ထပ်မယ့်သူကို ဒီလိုလုပ်မယ်မထင်ဘူး"

"မစိန်မြရဲ့ အသိထဲကဖြစ်လို့သာ နှုတ်ပိတ်ခဲ့တာပေါ့ဗျာ။ ခက်နေတာက သဲလွန်စပဲဗျ။ ဒါပေမဲ့ 'ကြာပါဘူးဗျာ။အမှုမှန်ပေါ်တော့မှာပါ"

စခန်းမှူးရဲအုပ်သက်မောင်နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နေဦးတို့နှစ်ယောက် ခေါင်းချင်းဆိုင်ပြီးတိုင်ပင်နေကြစဉ်မှာပင် ညောင်ပင်လှရွာ ဥက္ကဋ္ဌကြီး ဦးလူလုနှင့် အဖွဲ့ဝင်နှစ်ဦး ရေကြီးသုတ်ပျာဖြင့် ရောက်လာကြသည်။

ရောက်လျှင်ရောက်ချင်း ရွာဥက္ကဋ္ဌ ဦးလူလုက သတင်းပေးသည်။

"ရွာမှာ နောက်တစ်ယောက် အသတ်ခံရပြန်ပြီဗျာ"

"ဗျာ ‥‥ နောက်တစ်ယောက် အသတ်ခံရပြန်ပြီ ဟုတ်လား"

"ဘယ်သူ အသတ်ခံရတာလဲ ဥက္ကဋ္ဌ"

ရဲအုပ်သက်မောင်ရော၊ ဒုရဲအုပ်နေဦး ပါပြိုင်တူလိုလို အံ့အားသင့်သွားကြရလေသည်။ တစ်ဆက်တည်းမှာပင် မယုံကြည်ဟန်ဖြင့် သံပြိုင်မေးလိုက်ကြသည်။ ရွာဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင်တစ်ဦးက ဖြေကြားသည်။

"ခင်မောင်ကျော် အသတ်ခံရတာပါ"

"ဘယ်မှာ အသတ်ခံရတာလဲ"

"သူတို့အိမ်နောက်ဖေး ခြံထောင့်မှာရှိတဲ့ အိမ်သာလေ့ကားရင်းမှာ အသတ်ခံထားရတာပါ"

"အသတ်ခံထားရတယ်လို့ပဲ ထင်ပါတယ်။ မှောက်ခုံကြီး သေဆုံးနေတာပါ။ သွေးတွေအိုင်ထွန်းနေပါတယ်။ အလောင်းကိုဘယ်သူမှ မထိကြနဲ့။ ခြေရာလက်ရာ မပျက်ကြစေနဲ့လို့ မှာထားခဲ့ပါတယ်"

"အင်း ‥‥ တစ်မှုက မပေါ်သေးဘူး။ နောက်တစ်မှုကထပ်ဖြစ်ပြန်ပြီ။ မြွေပူရာကင်းမှောက်သလို ဖြစ်နေပြီ ဥက္ကဋ္ဌကြီးရေ ‥‥"

ဒုရဲအုပ်နေဦးက ညည်းတွားလိုက်လေရာ ရဲအုပ်သက်မောင်က ဝင်ထိန်းလိုက်သည်။

"လူရှိရင် ပြဿနာရှိမယ်။ ပြဿနာရှိရင် မှုခင်းတွေဖြစ်ပေါ်နေမှာပဲဗျ။လူ့လောကမှာတာအရ ဖြစ်ပျက်သမျှတွေကို လူမှုရေးအရဖြစ်စေ၊ တာဝန်ဝတ္တရားအရဖြစ်စေ၊ ဖြေရှင်းနေကြရမှာပဲ။ ဒါကတာဝန်လေ။ ကဲ‥ ပြောနေတာ ကြာတယ်။ ဥက္ကဋ္ဌကြီးတို့အဖွဲ့နဲ့ တစ်ခါတည်းသွားကြမယ်။ ကိုနေဦး စီစဉ်စရာရှိတာတွေ ပြည့်စုံအောင်စီစဉ်ပေတော့။ မြန်မြန်လုပ်၊ အချိန်မရှိဘူး"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး"

ရဲအုပ်သက်မောင်တို့အဖွဲ့ ဆိုင်ကယ်ကိုယ်စီဖြင့် ညောင်ပင်လှရွာသို့ အသော့နှင်ခဲ့ကြသည်။ မစိန်လှ၏ အိမ်သို့ပင် တန်းဝင်ခဲ့ကြသည်။ တစ်ရွာလုံးနီးပါးက မစိန်လှ၏ အိမ်ခြံဝန်းထဲတွင် ရုံးတိုးဝေ့နေကြသည်။ တီးတိုးတိုးတိုးသမ်းပိုး လုပ်နေကြသည်။

ကျေးရွာဥက္ကဋ္ဌကြီး ဦးလူလုနှင့် ရဲတပ်ဖွဲ့ဝင်များကို မြင်တွေ့လိုက်ကြတော့မှ ငြိမ်ကြသွားကြကာ လမ်းရှင်းပေးကြလေသည်။

ဝိုင်းကြည့်နေကြသူများ ရှဲပေးတော့မှ ရဲအုပ်သက်မောင်က ခင်မောင်ကျော်၏အလောင်းကို အနှံ့အပြားလည်း အသေး စိတ်ကြည့်ရှုစစ်ဆေးသည် ‥။ အလောင်းမှာ မှောက်ခုံအနေအထားက သေသပ်လှသည်။ ရှုံးကန်လှုပ်ရှားထားသည့် အခြေအနေလုံးဝ မရှိ။ မှောက်ခုံကြီးရှိ သွေးအိုင်ထွန်းနေတာကလွဲ၍ ဘာခြေရာမျှ မတွေ့ရ။

ထို့ကြောင့် အလောင်းကို ပက်လက်လှန်ပြီး စစ်ဆေးသည်။ ပက်လက်လှန်လိုက်သည်နှင့် တစ်ပြိုင်နက် ကြက်သီးဖြန်းဖြန်း ထသွားစေလောက်သည်။ ခင်မောင်ကျော်၏ မျက်လုံးနှစ်လုံးက ပြူးထွက်နေသည်မှာ ဘီလူးသဘက်ပမာ အလွန်ချောက်ချားဖွယ်ကောင်းလှသည်။ တော်ရုံတန်ရုံလူဆိုလျှင် သွေးပျက်သွားနိုင်သည်။

ရဲအုပ်သက်မောင်အတွက် စဉ်းစားစရာတွေ တန်းစီနေသည်။ စိတ်ထဲမှာပဲ တွေးမှတ်ထားလိုက်သည်။ အလောင်း၏ရင်ဘတ်မှာက ထိုးသွင်းဒဏ်ရာတွေ ဗလူ သွေးအလူးလူး။ ဘယ်ညာနှစ်ဖက်တွင်



www.burmeseclassic.com

www.burmeseclassic.com

ထိုးသွင်းရှုပ်ထိဒဏ်ရာများကိုမူ မှတ်စုစာအုပ်ထဲတွင် မှတ်သားထားလိုက်သည်။

စိတ်ကျေနပ်အောင် ကြည့်ရှုမှတ်သားပြီးမှ အိမ်သာဝန်းကျင်ကို လျှပ်တစ်ပြက် ကြည့်လိုက်ကာ အိမ်သာပေါ်သို့ တက်ကြည့်ရာ အတော်နက်သည့် မိလ္လာတွင်းပဲဟု ယူဆမှတ်သားလိုက်သည်။

ဒုရဲအုပ်နေဦးနှင့် နယ်ထိန်းအဖွဲ့ကတော့ ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်ကာ မှတ်တမ်းယူနေကြသည်။ တချို့ကလည်း သဲလွန်စရှာနေကြသည်။ မည်သည့် သဲလွန်စမျှ မရကြ။

ရဲလုပ်ငန်းဆိုင်ရာ လုပ်ငန်းစဉ်များကို ကျေနပ်အားရစွာ ဆောင်ရွက်ပြီးမှ ကျေးရွာဥက္ကဋ္ဌကို အကူအညီတောင်းကာ အလောင်းကို ဆေးရုံသို့ပို့လိုက်ကြသည်။

ရဲအုပ်သက်မောင်က လုပ်ငန်းစဉ်များ ပြီးပြတ်သွားတော့မှ ခင်မောင်ကျော်၏ဇနီး မစိန်လှနှင့် တွေ့ဆုံစစ်မေးသည်။

မစိန်လှက ငိုကြီးချက်မ ဖြစ်နေလေရာ အမျိုးသမီးငယ်တစ်သိုက်က ဝိုင်းဝန်းဂရုစိုက်ကာ ဖျောင်းဖျနှစ်သိမ့် အားပေးနေကြလေသည်။

အခြေအနေကို စောင့်ကြည့်နေပြီး အခါအခွင့်သင့်သည်နှင့် တစ်ပြိုင်နက် ရဲအုပ်သက်မောင်က မစိန်လှအနားသို့ ချဉ်းကပ်ကာ သိလိုသမျှကို မေးမြန်းစုံစမ်းသည်။

''မစိန်လှရေ ... ညီမလေးက သေဆုံးတာမကြာသေးဘူး။ အခု ခင်ပွန်းသည်ကလည်း အသတ်ခံလိုက်ရတာကို စာနာခံစားနေမိပါတယ်။ ဒါပေမဲ့ ကျွန်တော်ကလည်း လုပ်ငန်းသဘောသဘာဝတာဝန်အရ သိချင်တာလေးတွေရှိနေလို့ မေးခွင့်ပြုပါလို့ အနူးအညွတ် မေတ္တာရပ်ခံပါတယ်။ မစိန်လှသိထားသမျှ စိတ်အေးအေးထားပြီး ဖြေကြားပေးပါနော်''

''ကျွန်မ ဘာမှမသိပါဘူးရှင်''

''ကျွန်တော်ကလည်း ဘာမှမမေးရသေးပါဘူးဗျာ။ ကျွန်တော်မေးတာကိုပဲ ဖြေပေးပါ''

ရဲအုပ်သက်မောင်က ဘာမျှမမေးရသေးဘဲနှင့် ဘာမှမသိဘူးဟု ဘူးခံငြင်းဆန်နေသော မစိန်လှကို စိတ်ရှည်ရှည်ထားကာ စတင်၍မေးသည်။

''ကိုခင်မောင်ကျော်သေဆုံးနေတာကို ဘယ်သူက စတင်ပြီးတွေ့တာလဲ။ လိုရင်းပြောရရင် ဘယ်သူက အရင်ဆုံးတွေ့တာလဲ''

''ကျွန်မ အရင်ဆုံးတွေ့တာပါ''

''ဘယ်လို တွေ့ရတာလဲ။ တွေ့ပုံတွေ့နည်းလေး ရှင်းပြပါဦး''

''သူ ညက မူးပြန်လာတယ်။ ထမင်းတောင်မစားနိုင်ဘူး။ အိပ်ပျော်သွားတယ်။ ကျွန်မလည်း စိတ်သောကတွေများ၊ စားမဝင်အိပ်မပျော်ဖြစ်နေလို့ အိပ်ဆေးသောက်အိပ်ပျော်သွားခဲ့တာ မိုးလင်းခါနီးမှ အိပ်ရာကနိုးပါတယ်။ အိပ်ရာနိုးတော့ သူ ကျွန်မဘေးမှာ မရှိပါဘူး။ ကျွန်မလည်း သူအိမ်သာများတက်နေမလားလို့အထင်နဲ့ အိမ်သာဘက်ထွက်လာခဲ့တာပါ။ အဲဒီတော့မှ သူသေဆုံးနေတာကို တွေ့လိုက်ရပါတယ်။

''ကိုခင်မောင်ကျော် သေဆုံးနေတာပါလို့ မစိန်လှက တန်းပြီးသိတာပဲလား''

''သွေးအိုင်ထဲမှာ လဲကျနေပြီး ခေါ်မရ လှုပ်မရတာကြောင့် သေဆုံးနေပြီလို့ ပြောရတာပါ။ ဘေးအိမ်တွေကြားအောင် အော်ဟစ်အကူညီတောင်းခံတော့မှ သူတို့ ရောက်လာပြီး သေနေပြီလို့ ပြောကြပါတယ်''

''မစိန်လှ စတွေ့တဲ့အလောင်းအနေအထားက ဘယ်လိုရှိနေလဲ''

''မှောက်ခုံကြီးပါ''

''ဒါဆိုရင် သူဘယ်လို သေဆုံးရသလဲဆိုတာ သိရဲ့လား''

''အဲဒါတော့မသိပါဘူး။ သွေးအိုင်ထဲမှာ သေဆုံးနေတာကြောင့် အသတ်ခံရတာပဲလို့ ထင်ပါတယ်''

''ကိုခင်မောင်ကျော်နဲ့ မစိန်လှတို့ လင်မယားနှစ်ယောက် ဒီကြားထဲမှာ အဆင်ပြေကြရဲ့လား''

''ပြေပါတယ်။ ဘာပြဿနာမှ မရှိပါဘူး''

''ဩော် ... စောစောက မစိန်လှ ပြောခဲ့တဲ့စကားထဲမှာ ကိုခင်မောင်ကျော် မူးပြီးပြန်လာတယ်။ မစိန်လှကလည်း စားမဝင် အိပ်မပျော် သောကတွေကများနေတာဆိုလို့ပါ''

''သိပ်မှန်တာပေါ့ရှင်။ ညီမလေးက မရှုမလှ အသတ်ခံရတာကို ကျိတ်မှိတ်ခံစားနေတာကို စာနာကြည့်ကြပေါ့။ ဒီကြားထဲ ညီမလေးကို ဘယ်သူသတ်တာလဲဆိုတာ အခုထိ မသိရသေးတော့ ကျွန်မဘယ်လိုခံစားနေရမယ်ဆိုတာ တွေးသာကြည့်ပါရှင်''

''တွေးမိပါတယ် မစိန်လှရယ်။ မစိန်လှရဲ့ညီမ မစိန်မြကို ဘယ်သူ ရက်ရက်စက်စက် ယုတ်ယုတ်မာမာ သတ်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ရဲတပ်ဖွဲ့က သိနေကြပါတယ်။ ဒါပေမဲ့ ... သက်သေအထောက်အထား မခိုင်အလုံသေးလို့ မဖမ်းသေးတာပါ။ မစိန်လှလည်း ကိုယ့်ညီမကို သတ်သူဟာ ဘယ်သူဆိုတာ ရိပ်စားမိနေလိမ့်မယ်လို့ ထင်ပါတယ်''

မစိန်လှက ဘာမှပြန်မပြောတော့ဘဲ ရဲအုပ်သက်မောင်ကို ကြောင်၍ စိုက်ကြည့်နေလေသည်။ သည်တော့ ရဲအုပ်သက်မောင်က ဆက်မမေးတော့ဘဲ စကားလမ်းကြောင်း ပြောင်းလိုက်သည်။

''အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ အိမ်ပေါ်၊အိမ်အောက် ရှာချင်ပါတယ်။ ရှာခွင့်ပြုပါ မစိန်လှ''

''လင်လည်းသေ၊ ညီမလည်းသေ ကျွန်မလူ့ပြည်မှာ မနေချင်တော့ပါဘူးရှင်။ ကြိုက်သလိုသာ လုပ်ကြပါတော့ရှင်''



www.burmeseclassic.com

www.burmeseclassic.com

ရဲအုပ်သက်မောင် ကိုယ်တိုင်ပင် မစိန်လှတို့လင်မယားအိပ်သည့် အိပ်ခန်း၊ အိပ်ရာ၊ မွေ့ရာ၊ ခြင်ထောင်၊ ခေါင်းအုံး၊ ခုတင်အခင်း၊ အိမ်ကြမ်းပြင် အစုံအလင်ကို စေ့စပ်သေချာစွာ ဆန်းစစ်လေ့လာသည်။ မသင်္ကာစရာတွေက အားလုံး အသစ်စက်စက်တွေချည်းသာ။ ကြမ်းပြင်မှာက သွေးညှီနံ့တွေ ပျံ့နေသည်။

ဒုရဲအုပ်နေဦးနှင့် အဖွဲ့ကလည်း တစ်အိမ်လုံးအပြင် နွားတင်းကုပ်ပါမကျန် မြေလှန်ရှာခဲ့ကြသည်။ ဘာထူးခြားမှုကိုမျှ မတွေ့ခဲ့ရ။

ရဲတပ်ဖွဲ့ဝင်တွေက ဆောင်ရွက်စရာလုပ်ငန်းအားလုံး ပြည့်စုံတော့မှ မြို့နယ်ရဲစခန်းသို့ ပြန်ခဲ့ကြသည်။

× × × × × ×

ခင်မောင်ကျော်၏ အသုဘရက်လည်ပြီး နောက်တစ်နေ့တွင် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နေဦးနှင့်အဖွဲ့ကို ရဲအုပ်သက်မောင်က လူသတ်တရားခံကို ဖမ်းဆီးရန် တာဝန်ပေးသည်။

''အားလုံး သေသေချာချာနားထောင်ကြ။ ငါ့မှာလူသတ်တရားခံကို ဖမ်းဆီးဖို့ အထောက်အထားတွေ ရထားပြီးပြီ။ ကြံရာပါတစ်ယောက်ကိုလည်း သက်ဆိုင်ရာရဲစခန်းက လာပို့လာလိမ့်မယ်။

မင်းတို့ အခုသွားရမှာက မစိန်လှတို့အိမ်ကိုပဲ။ ကျေးရွာဥက္ကဋ္ဌနဲ့ အဖွဲ့ကိုပါ သက်သေအဖြစ်ခေါ်သွားကြ။ ကိုနေဦးကို ပါခေါ်သွားပါ။ ငါအားလုံးစီစဉ်ထားတယ်။ သူတို့က မိလ္လာကန် အိမ်သာတွင်းထဲဆင်းပြီး ငါရှာခိုင်းတာတွေကို ရှာပေးလိမ့်မယ်''

''ကျွန်တော်သိပ်မရှင်းဘူး ဗိုလ်ကြီး။ အိမ်သာတွင်းထဲ ဆင်းရှာဖို့က ရွာကလူတွေ ခိုင်းရင်လည်း ရပါတယ်''

ဒုရဲအုပ်နေဦးက ပြန်လည်မေးခွန်းထုတ်လာရာ ဒုရဲအုပ်သက်မောင်က ပြန်ရှင်းပြသည်။

''စံပြကျေးရွာရဲ့ အိမ်သာကျင်းဖြစ်သလို စံပြညီအစ်မရဲ့ စနစ်တကျလုပ်ထားတဲ့ အိမ်သာကျင်းဟာ ပေ(၅၀)ထက် မလျော့အောင် တွင်းနက်နက်တူးထားတာသေချာတယ်။ ငါရေလောင်းချတုန်းက ခန့်မှန်းထားတယ်။ အဲဒီအိမ်သာကျင်းဟာ ဘယ်လောက်ကြာနေပြီလဲဆိုတာတို့ကမသိတော့ အိမ်သာကျင်းထဲဆင်းသူဟာ အသက်အန္တရာယ်ရှိနိုင်တယ်။ ဒါကြောင့် ငါက စည်ပင်သာယာက ကျွမ်းကျင်တဲ့ဝန်ထမ်းတွေကို ကြိုတင်အကူအညီတောင်းထားတာ။ ပြီးတော့ ရွာခံတွေကို အကူအညီတောင်းလို့ တစ်ခုခုဖြစ်ရင် ရဲတပ်ဖွဲ့ကို အမှုတွေပတ်လာနိုင်တယ်။ ရွာခံလူတွေက အိမ်သာကျင်းထဲဆင်းပြီး ငါလိုချင်တာကို မတွေ့ပါဘူးလို့ လိမ်ညာနေရင် ဘာမှမတတ်နိုင်ဘူး။ ရှင်းရဲ့လား''

''ဟုတ်ကဲ့ ရှင်းပါပြီဗိုလ်ကြီး''

''အိမ်သာကျင်းထဲက လူသတ်ပစ္စည်း မွေ့ရာ၊ စောင်၊ ခြင်ထောင်တွေကို တွေ့တာနဲ့ မစိန်လှကို ဘာမှမမေးတော့နဲ့၊ ရဲစခန်းကို အပါခေါ်လာကြ။ ဩော် ... ကျန်သေးတယ်။ နယ်ထိန်းအဖွဲ့ဝင်တွေအထဲက ခွဲဝေတာဝန်ပေးပြီး ခင်မောင်ကျော်ရဲ့တပည့် ညိုကြီးကိုလည်း တစ်ပါတည်း ဖမ်းခဲ့ကြ။ မရှင်းရင်မေးကြ''

''ရှင်းပါပြီ ဗိုလ်ကြီး''

''ရှင်းရင် ဆက်လုပ်ကြ။ တိကျပိပြင်ပါစေ။ ဘယ်သူမှမလွတ်စေနဲ့''

''စိတ်ချပါ ဗိုလ်ကြီး''

ဒုရဲအုပ်နေဦးနှင့် နယ်ထိန်းအဖွဲ့က ရဲအုပ်သက်မောင် မှာကြားသည့်အတိုင်း စနစ်တကျပြင်ဆင်ပြီး ညောင်ပင်လှကျေးရွာသို့ လာခဲ့ကြသည်။

ကျေးရွာဥက္ကဋ္ဌ ဦးလူလှနှင့် တွေ့ဆုံညှိနှိုင်းကြပြီး မစိန်လှအိမ်သို့လာခဲ့ကြသည်။ မစိန်လှကလည်း ခရီးဆောင်အိတ်ကိုဆွဲကာ နေအိမ်မှအထွက်တွင် ရဲတပ်ဖွဲ့ဝင်များနှင့် ပက်ပင်းတိုးမိကြသည်။ မစိန်လှ အံ့အားသင့်သွားသည်။

''ဟင် ... ဗိုလ်လေးတို့ပါလား ဘာကိစ္စရှိလို့လဲ။ ကျွန်မလည်း စိတ်ပြေလက်ပျောက် ကျွန်မအဒေါ်ရှိတဲ့မြို့မှာ တရားစခန်းဝင်ချင်လို့ အခုပဲသွားတော့မလို့ပါ''

''အားတော့နာတယ်ဗျာ။ ခဏလေးစောင့်ပေးပါ။ ကျွန်တော်တို့ ရှာစရာလေးရှိနေလို့ ရှာပြီးရင် သွားရပါစေ့မယ်''

မစိန်လှက အလိုအကျဖြန်ဖြင့် မျက်နှာအမူအရာ ပျက်သွားသော်လည်း ဒုရဲအုပ်နေဦးက သူ့လူတွေကို မျက်စပစ်ပြလိုက်ရာ သူ့လူတွေကလည်း တက်ညီလက်ညီလှုပ်ရှားလိုက်ကြသည်။ မစိန်လှကို ဒုရဲအုပ်နေဦးက စောင့်ကြည့်နေသည်။

နာရီဝက်ခန့်ပင်မကြာ၊ အိမ်သာကျင်းထဲမှ ရှာတွေ့ခဲ့ကြသော လုံ့တိုတစ်ချောင်း၊ မွေ့ရာ၊ စောင်၊ ခြင်ထောင်နှင့် ခေါင်းအုံးတစ်လုံးတို့ကို ရဲတပ်ဖွဲ့ဝင်တွေက လာရောက်ပြသကြသည်။

မစိန်လှ ခေါင်းငိုက်စိုက်ကျသွားလေပြီ။

ထိုအချိန်တွင် ညိုကြီးကိုလည်း လက်ထိတ်တန်းလန်းနှင့် ခေါ်လာကြသည်။

''ကဲ ... မစိန်လှ၊ ဒီလောက်ဆိုရင်တော့ နားလည်လောက်ပါပြီ။ ရဲစခန်းရောက်မှ ရှင်းကြတာပေါ့''

''ကျွန်မထွက်မပြေးပါဘူး။ ဝန်ခံပါမယ်။ တာဝန်အရလုပ်ကြပါ''

''ဥက္ကဋ္ဌနဲ့အဖွဲ့လည်း လိုက်ခဲ့ကြပါဦး။ ကူညီလက်စနဲ့ ကူညီကြပါဗျာ''

ဒုရဲအုပ်နေဦးက ကျေနပ်အားရွှင်ဖြင့် မေတ္တာရပ်ခံကာ မြို့နယ်ရဲစခန်းသို့ ခေါ်ဆောင်ရမည့်သူ အားလုံးကို တစ်ပါတည်း ခေါ်ဆောင်လာခဲ့လေတော့သည်။

အပြန်လမ်းတွင် စခန်းမှူးရဲအုပ်သက်မောင်၏ စွမ်းဆောင်ရည်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

စိတ်ထဲမှကျိတ်၍ အားကျချီးကျူးနေခဲ့သည်။

"တော်လှချည်လား ဗိုလ်ကြီးရယ်။ အကွက်ကို ချေနေတာပဲ။ တရားခံအားလုံးကို တစ်နေ့တည်း တစ်ချိန်တည်းမှာ ဖော်ထုတ်ဖမ်းဆီးနိုင်တာဟာ လှစ္စမ်းကောင်းပဲ။ ဗိုလ်ကြီးကတော့ ရဲဆိုတော့ ရဲစွမ်းကောင်းပေါ့"

× × × × × ×

စခန်းမှူး ရဲအုပ်သက်မောင်ရော၊ မြို့နယ်ရဲတပ်ဖွဲ့မှူးပါ အဆင်သင့် စောင့်ကြိုနေကြလေရာ နယ်ထိန်းအဖွဲ့ဝင်များ အံ့အားသင့် ဝမ်းသာသွားကြသည်။

ရုံးခန်းထဲတွင် နေရာယူပြီးကြသော အခါ ရဲတပ်ဖွဲ့ဝင်လေးဦးက အချုပ်ခန်းထဲမှ အချုပ်သားတစ်ယောက်ကို လက်ထိတ်တန်းလန်းဖြင့် လာပို့လေရာ မစိန်လှမှလွဲ၍ ကျန်လူများ အံ့အားသင့်သွားကြရသည်။

မစိန်လှကစပြီး စကားစလာသည်။

"မောင်လေးစိန်သန်းနဲ့ ဘာမှမဆိုင်ပါဘူးရှင်။ လူယုတ်မာကိုသတ်တာက ကျွန်မပါ"

"မစိန်လှ ခဏလေးသည်းခံပါဦး။ ဇာတ်ရည်လည်တော့မှာပါ"

ရဲအုပ်သက်မောင်က မစိန်လှကို ဟန့်တားလိုက်ပြီး ညီုကြီးကိုမေးလိုက်သည်။

"ညီုကြီး ... မင်းဘာမှငြင်းဖို့ မကြိုးစားနဲ့။ မင်းနဲ့ ခင်မောင်ကျော်ဟာ မစိန်မြကို ရုပ်ဖျက်ပြီး ဖမ်းဆီးခေါ်ဆောင်သွားခဲ့တယ်။ ရွာသချိုင်းကုန်းထဲမှာ ခင်မောင်ကျော်က မစိန်မြကို အတင်းအဓမ္မကျင့်ရင်းက သူ့မျက်နှာမှာစည်းထားတဲ့ ပဝါစက ပြေကျသွားတယ်။ မစိန်မြက လူကြီးတိုင်မယ်၊ ရဲတိုင်မယ်လည်းပြောရော ခင်မောင်ကျော်က မစိန်လှလည်ပင်းကို ညှစ်သတ်ခဲ့တယ်။ မင်းကတော့ အရက်သောက်ရင်း လူစောင့်ပေးနေခဲ့တယ်။ မင်းအရက်မူးနေတော့ မင်းတို့လုပ်ရပ်ကို ချောင်းကြည့်နေသူရှိတာကို ဘယ်သိပါ့မလဲကွာ။ မင်းနဲ့ ခင်မောင်ကျော်က အလီဘိုင်ပြနိုင်ကြပေမဲ့ အဲဒီအလီဘိုင်တွေက မခိုင်မာဘူးကွ။ ရှေ့ကဖုံး နောက်ကပေါ်နေတယ်။ ကဲ .. မင်းငြင်းရဲလား"

"ကျွန်တော်ဝန်ခံပါတယ် ဗိုလ်ကြီး။ မစိန်မြကို ကျွန်တော်မသတ်ပါဘူး"

"အေး .. ငါသိပါတယ်။ ဒါပေမဲ့ မင်းလည်း မကြာခင်မှာ နှုတ်ပိတ်ခံရမှာကို တွေးကြောက်နေတယ်မဟုတ်လား"

"ဟုတ်ပါတယ်။ ကိုခင်မောင်ကျော်က မစိန်လှကိုသတ်မယ်၊ ရှိသမျှပစ္စည်းတွေကို ထုခွဲရောင်းချပြီး ရတဲ့ငွေနဲ့ ခြေရာဖျောက်သွားမယ်။ သူခြေရာဖျောက်တဲ့နောက် ကျွန်တော်လည်း လိုက်ခဲ့ရမယ်တဲ့။ မလိုက်ရင်လည်း ကျွန်တော်ကိုလည်း သတ်ပစ်မယ်လို့ ကြိမ်းဝါးနေခဲ့လို့ ကျွန်တော်ကြောက်နေတာပဲ"

"ဒါတင်ပဲလား။ ဆက်ပြောပါဦး"

"ကိုခင်မောင်ကျော်ဟာ သွေးအေးအေးနဲ့ ရက်စက်ယုတ်မာမှန်း သိလာတော့ သူ့ကို ကျွန်တော်ရွံကြောက်ကြီးဖြစ်လာခဲ့ပါတယ်။ ဘာမှအပြစ်မရှိတဲ့ မစိန်မြကို သတ်ခဲ့သလို မစိန်လှကိုလည်း ထပ်ပြီးသတ်ဖို့ ကြံရွယ်နေတာကြောင့် ကျွန်တော်က မစိန်လှကို သတိပေးခဲ့ပါတယ်။ မစိန်လှအနေနဲ့ ရဲတပ်ဖွဲ့နဲ့တိုင်ပင်ပြီး ဖြေရှင်းနိုင်မယ်ထင်လို့ပါ"

"ကျန်သေးတယ်လေကွာ။ဆက်ပြောပါဦး"

"နောက်ဆုံးမှာ အသတ်တော့ လုံးဝမခံဘူး။ ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေအရ ထောင်ကျပဲခံတော့မယ်လို့ဆုံးဖြတ်ပြီး ဗိုလ်ကြီးဆီ ဆက်သွယ် အကူညီတောင်းခံခဲ့တာပါ"

သည်တော့မှ ဒုရဲအုပ်နေဦးနှင့် ကျန်လူများ နားလည်သဘောပေါက်သွားကြသည်။ ရဲအုပ်သက်မောင်က မစိန်မြဘက်သို့လှည့်ကာ မေးလိုက်သည်။

"ကဲ ... မစိန်လှအလှည့်ပဲ။ အမှန်အတိုင်းပဲ သိချင်တယ်ဗျာ"

"ညီုကြီးပြောတာ မှန်ပါတယ်။ သူပြောပြောချင်း ကျွန်မသွေးဆူပြီး လူသတ်ချင်စိတ် ပြင်းပြနေတာပါ။ ရဲလက်အပ်ဖို့ထက် ညီမလေးအတွက် ကလဲ့စားချေချင်နေတာပါ။ ဒါပေမဲ့ ပိုင်မှသတ်မယ်ဆိုပြီး သူ့ကို အပျော့ဆွဲလေးနဲ့ အချိုသတ်နေခဲ့တာပါ။ ခင်မောင်ကျော်ကလည်း ကျွန်မကို အကွက်ချောင်းနေတာကို ရိပ်စားမိပါတယ်။ ကျွန်မအနားမှာ ကောင်းတိုင်ပင်၊ ဆိုးတိုင်ပင် စိန်သန်းက ရှိနေတော့ စိန်သန်းကို ဖွင့်တိုင်ပင်ခဲ့ပါတယ်။ စိန်သန်းကလည်း သူချစ်သူ ကျွန်မညီမ အသတ်ခံထားရပေမဲ့ ခင်မောင်ကျော်ကို ပြန်သတ်ဖို့ကျတော့ သူ့မှာသတ္တိမရှိဘူး။ ဒီတော့မှ ကျွန်မက ငါကိုယ်တိုင်ပဲသတ်မယ်၊ လိုအပ်တာတွေကို နင်ကူညီရမယ်ပြောတော့ သူသဘောတူခဲ့ပါတယ်။

"ခင်မောင်ကျော် အသတ်ခံရမယ့်ညက ခင်မောင်ကျော်ဟာ တော်တော်ပဲမူးလာပြီး အိပ်ပျော်နေခဲ့ပါတယ်။ သူအိပ်မောကျနေတုန်းမှာ ကျွန်မကိုင်နေကျ တစ်လုံးထိုးလှံတိုနဲ့ သူ့ရင်ဝကို တအားထိုးချလိုက်ပါတယ်။ သူလန့်အော်ပြီး ကျွန်မကို မျက်လုံးကြီးပြူးထွက်မတတ် စိုက်ကြည့်နေတုန်းမှာပဲ လှံကိုဆွဲနုတ်ပြီး နာကြည်းချက်နဲ့ ဆက်တိုက်ထိုးခဲ့တာ၊ ငြိမ်ကျသွားမှ ကျွန်မ အထိုးရပ်ခဲ့ပါတယ်။ သူ့အလောင်းကို စိန်သန်းက အိမ်သာရှေ့အထိ ရွှေ့ပြောင်း။ မှောက်ခုံအနေအထားလုပ်ခိုင်း၊ သွေးစွန်းနေတာမှန်သမျှ အိမ်သာကျင်းထဲပြစ်ချ၊ လှံတိုကိုလည်း အိမ်သာကျင်းထဲပစ်ချခိုင်းတာကျွန်မပါပဲ။ အိပ်ရာခုတင်အောက်အပါအဝင် ကြမ်းပြင်တွေကိုပါ ရေဆေး။ ခြောက်သွေ့အောင် အပူပေးပြီးမှ အကုန်



www.burmeseclassic.com

www.burmeseclassic.com

အသစ်လဲထားခဲ့တာပါ။ အဲဒါကို ဗိုလ်ကြီး မသင်္ကာဖြစ်သွားတာ ကျွန်မရိပ်စားမိပါတယ်။ ဒါပေမဲ့ ထူးခြားနေတာက စိန်သန်းပျောက်နေတာကို ဗိုလ်ကြီးလုံးဝ မမေးတာပါပဲ။ ကျွန်မညီမအတွက် လက်စားချေလိုက်ရလို့ ကျွန်မကျေနပ်ပါတယ်။ ထိုက်သင့်တဲ့ပြစ်ဒဏ်ကို ကျခံဖို့အသင့်ပါပဲရှင်''

မစိန်လှက ဝန်ခံထွက်ဆိုပြီး၊ စိန်သန်းကို စိုက်ကြည့်နေသည်။ ရဲအုပ်သက်မောင်က စိန်သန်းဘက်လှည့်ကာ မေးလိုက်ပြန်သည်။

''ကဲ ... စိန်သန်း၊ မင်းအလှည့်ပဲ ပြောပြပါဦး။ ဝန်ခံစကားပေါ့ကွာ''

''မမလှပြောတာတွေဟာ အမှန်တွေပါ။ မမလှက ကျွန်တော့်ကို ခြေရာဖျောက်ခိုင်းတာကြောင့် မိုးမလင်းခင် ရွာကနေ ထွက်ပြေးခဲ့ပါတယ်။ မြို့အနောက်ဘက်အရောက်မှာ ... ရဲလှည့်ကင်းက မသင်္ကာလို့ ဖမ်းဆီးစစ်ဆေးတာခံခဲ့ရပါတယ်။ ရွာအချုပ်ခန်းထဲမှာပဲ နေခဲ့ရင်းက ဖြစ်ရပ်မှန်တွေကို ကျွန်တော်ထွက်ဆိုချက်ပေးခဲ့ပါတယ်။ တခြားပြောစရာ ဘာမှမရှိပါဘူး''

ရဲအုပ်သက်မောင်က အားလုံးကို ဝေ့ဝဲကြည့်ကာ အားရကျေနပ်သည့် လေသံဖြင့် ရှင်းပြသည်။

''ဒီမှာရှိတဲ့ တရားခံအားလုံးနဲ့ ကျေးရွာလူကြီးတွေအားလုံး မသိသေးတာရှိပါသေးတယ်။ အဲဒါကတော့ ... ခင်မောင်ကျော်ဟာ မစိန်လှတို့ညီအစ်မ လုံ့တိုက်ကိုယ်စိန်နဲ့ ခုခံရင်းသတ်ဖြတ်ခဲ့ကြတဲ့ ဓားပြစံမြရဲ့ ညီအငယ်ဆုံးဆိုတာပါပဲ''

မစိန်လှရော၊ ရွာလူကြီးတွေပါ အာမေဋိတ်သံ ပြိုင်တူထွက်သွားကြသည်။

ရဲအုပ်သက်မောင်က ဆက်ပြောသည်။

''ခင်မောင်ကျော်ဟာ သူ့အစ်ကို စံမြအတွက် မစိန်လှတို့ ညီအစ်မကို ကလဲ့စားချေဖို့ နည်းမျိုးစုံနဲ့ ကြိုးစားနေရင်းက ပွဲစားယောင်ဆောင်ပြီး မစိန်လှကို ရအောင်ယူခဲ့တာပါပဲ။ ဒီလောက်ဆိုရင် နားလည်သဘောပေါက်လောက်ပါပြီ။ ခုတော့ သူလည်း သူ့အစ်ကိုလိုပဲ လုံ့တိုဒဏ်ရာရပြီး သေသွားခဲ့ရပါပြီ။ ကလဲ့စားချေကြတာဟာ ကစွတ်ကင်းလျှောက်သံသရာလည်စေတဲ့ အမှားပါ။ ဥပဒေအရ ပြေရှင်းတာကသာ အန္တရာယ်ဘေးက ကင်းဝေးစေပါတယ်။ ညိုကြီး အချိန်မီသင်ခန်းစာရ နောင်တရတာဟာ သိပ်တန်ဖိုးရှိပါတယ်။

''ခင်မောင်ကျော်ကို မသင်္ကာတာက မစိန်မြအသတ်ခံရစဉ်ကတည်းကပါ။ အထောက်အထားခိုင်လုံအောင် စုံစမ်းလေ့လာရင်းက ခင်မောင်ကျော်ရဲ့ ကိုယ်ရေးဖြစ်စဉ်တွေကို သိခဲ့ရတာပါ။ အမာခံသတင်းပေးကလည်း ခင်မောင်ကျော်သေဆုံးသွားမှ ဖွင့်ပြောရဲတာပါ။ ခင်မောင်ကျော်ကို မစိန်လှနဲ့ကြိုရာပါက သတ်ခဲ့တာကို ခင်မောင်ကျော့ရဲ့ အလောင်းအနေအထားအရ သိနေခဲ့သလို၊ မစိန်လှတို့လင်မယား အိပ်စက်ကြတဲ့ အိပ်ရာအနေအထားတွေအရ ရိပ်စားမိနေပါတယ်။ ဒါပေမဲ့ ပိုပြီးခိုင်လုံတဲ့ အထောက်အထားတွေကတော့ အိမ်သာကျင်းထဲက ရတဲ့ပစ္စည်းတွေပေါ့ဗျာ။

''အရပ်လှည့်တော့ အသိပိုတယ်။ အပတ်ပြည့်တော့ ကဝိချိုတယ် ဆိုတဲ့ စကားလိုပဲ ခုတော့ ရင်မောစရာကောင်းလွန်းလှတဲ့ လူသတ်မှု ဇာတ်မျောကြီးဟာ အဆုံးသတ်၊ ဇာတ်ရည်လည်သွားပါပြီ။ တရားဥပဒေအရပဲ ဆက်ပြီး ရင်ဆိုင်ကြပေတော့ဗျာ''

ရဲအုပ်သက်မောင်က စကားပြောပြီးသည်နှင့် အသံဖမ်းစက်ကို ပိတ်လိုက်လေသည်။

× × × × × ×

''ဂုဏ်ပြုပါတယ်ကိုသက်မောင်''

''မြို့နယ်မှူးကြီးရဲ့ ပံ့ပိုးကူညီမှုလည်း ပါပါတယ်။ ကျွန်တော်တစ်ယောက်တည်း ကြိုးစားလို့မဟုတ်ပါဘူး။ နယ်ထိန်းအဖွဲ့ကလည်း တာဝန်ကျေပါတယ်''

မြို့နယ်ရဲတပ်ဖွဲ့မှူးက စခန်းမှူးရဲအုပ်သက်မောင်ကို ချီးကျူးစကားပြောကြားနေလေရာ ရဲအုပ်သက်မောင်က အလိုက်သင့်စကား ပြန်လည်ပြောကြားခဲ့သည်။

ထိုအချိန်တွင် ဒုရဲအုပ်နေဦးက ရောက်လာပြီး သူ့ရင်ထဲမှာ ပဟေဠိဖြစ်နေသည်ကိုမေးသည်။

''ဗိုလ်ကြီးရဲ့ မြုပ်ကွက်တွေကို ကျွန်တော်တောင် လိုက်မမီတော့ဘူးဗျာ။ တော်လှချည်လား ဗိုလ်ကြီးရာ''

''ရဲတပ်ဖွဲ့ဝင်တိုင်းဟာ စိတ်ရှည်သည်းခံနိုင်စွမ်း ရှိရမယ်။ စေ့စပ်သေချာမှုရှိရမယ်။ သုံးသပ်ဆင်ခြင်နိုင်စွမ်း ရှိရမယ်။ အပေါင်းအသင်းဝင်ဆံ့မှု၊ အမာခံသတင်းပေးမွေးနိုင်မှု၊ စုံစမ်းစစ်ဆေးရေး ကျွမ်းကျင်မှုတွေလည်း ရှိရမယ်။ အဲဒါတွေဟာ ရဲတပ်ဖွဲ့ဝင်တွေရဲ့ ကိုယ်ခံပညာတွေပဲ။ အဲဒီ ကိုယ်ခံပညာတွေကလည်း အတွေ့အကြုံကပဲ ရရှိစေတယ်။ အတွေ့အကြုံဆိုတာ အလေ့အကျင့်ပဲ၊ အကျဉ်းအကျပ်ကိုတွေ့မှ အလေ့အကျင့်ကိုသတိရ ဆိုတဲ့စကားလည်း ရှိတယ်။ ကျွန်တော့်ရဲ့ ရဲအုပ်သက်က ကျွန်တော့်ကို ရဲအတတ်ပညာတွေ သင်ကြားပေးခဲ့လို့ အခုလို အခြေအနေကို ရောက်လာတာပါဗျာ''

မြို့နယ်ရဲတပ်ဖွဲ့မှူးကရော၊ ဒုရဲအုပ်နေဦးကပါ ရဲအုပ်သက်မောင်၏စကားကို လိုလားနှစ်သက် လက်ခံသွားကြသည်။

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)



www.burmeseclassic.com

www.burmeseclassic.com

# ရွှေဒင်္ဂါးအတုနှင့် ရွှေဆင်းတုတော်အတု လိမ်လည်ရောင်းချ



တရုတ်ပြည်မှ အသက် ၂၀ နှစ်ကျော် လူငယ်တစ်ဦးဖြစ်သူ လီချန်းသည် အမေရိကန်နိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး ချီကာဂိုမြို့ရှိ ကုန်သည်လေး တရုတ်ကပြားလူမျိုး မစ္စတာလျူယန်နှင့် ဇနီးတို့ထံ ရွှေဒင်္ဂါး အတု ၁၈၀ ခုနှင့် ရွှေဆင်းတုတော် အတု ခြောက်ဆူတို့ကို အမေရိကန် ဒေါ်လာ တန်ဖိုး ၁၅၀,၀၀၀ (ဒေါ်လာ တစ်သိန်းနှင့် ငါးသောင်း)ဖြင့် ရောင်းချခဲ့ရာ မစ္စတာလျူလင်မယားနှစ်ဦးတို့သည် ဝယ်ယူပြီးခါမှ ရွှေဆိုင်သို့သွားရောက်စစ်ဆေးကြည့်ခဲ့သည်တွင် ၎င်းပစ္စည်းများသည်ကား ကြေးပေါင်းနှင့် သံပေါင်းများတို့ကို ရွှေရည်စိမ်၊ ရွှေရည်သုတ်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။ ၎င်းရွှေဒင်္ဂါးရောင်းသူအား ဖုန်းဆက်ခဲ့သော်လည်း ဖုန်းဆက်မရဘဲ ရှိနေသဖြင့် ချီကာဂိုရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့၏။

ယခုလောလောဆယ်တွင် ၎င်း တရားခံမှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ချီကာဂိုရဲစခန်းမှ အများပြည်သူအား သတိကြီးစွာထား၍ ရွှေဝယ်ကြပါရန်၊ ရွှေဒင်္ဂါးတု၊ ရွှေဆင်းတုတော်အတု ရောင်းချသူ လီချန်းအား တွေ့ရှိပါက ရဲဌာန အရေးပေါ်ဖုန်းနံပါတ်(911)သို့ ဆက်သွယ်အကြောင်းကြား တိုင်ကြားကြပါရန် သတိပေးနှိုးဆော်ထားသည် ဆိုသည်။

**ကေတီအောင်သိန်း**
**(ရန်ကုန်တက္ကသိုလ်)**

***Ref:***
***World Journal (New York) (23.1.2014), Page(A-6)***

---

# ကျောင်းသူတစ်ဦး သေကြောင်းကြံစည်မှု ထမြောက်အောင်မြင်



အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ အသက် ၁၉ နှစ်အရွယ်ရှိ အမျိုးသမီး(ကျောင်းသူ)တစ်ဦးဖြစ်သူ မစ္စ(စ) Madison Holleran သည် စိတ်ညစ်သည်ဆိုကာ ကျောင်းဝင်းတစ်ခုရှိ ၁၀ ထပ် တိုက်ပေါ်မှ ၁၇-၁-၂၀၁၄ ရက်နေ့ ည ၇ နာရီအချိန်တွင် ခုန်ချသေ ကြောင်းကြံစည်ခဲ့ရာ ထမြောက်အောင်မြင်ခဲ့၏။ အမှုကို ပင်ဆယ်ဗေးနီး ယား ရဲဌာနမှ သေမှုသေခင်းဖွင့်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ သူမသည် ယင်းတက္ကသိုလ်မှ ပြေးခုန်ပစ်ချန်ပီယံ တစ်ဦးဖြစ်ပြီး အလွန် ပျော်စွာနေတတ်သော အမျိုးသမီး(ကျောင်းသူ)တစ်ဦးဖြစ်ရကား ယခုကဲ့သို့ ရုတ်တရက် ကိုယ့်ကိုယ်ကို သတ်သေမှုဖြစ်ပွားခဲ့သည်ကို လူအများက အံ့သြနေကြရသည်ဆိုသည်။ အချို့က သူမ ယခုလို သေကြောင်းကြံစည် ခဲ့ရခြင်းမှာ ကျောင်းစာဖိစီးမှုကြောင့်ဖြစ်သည်ဟု ဆိုသည်။

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

***Ref:***
***World Journal (New York), (22.1.2014)***



www.burmeseclassic.com

www.burmeseclassic.com

ညိုပြာညက်။

ကွမ်းတောင်ကိုင်မလေး ညိုပြာညက် . . . တဲ့။

အမည်လေးမှာ ဆန်းသလိုထင်ရသော်လည်း ကျေးလက်ဟန်ပန်မပျက် ရိုးရိုးယဉ်ယဉ်လေး ပေးထားသည့် အမည်လေးပါ။ တစ်မိပေါက် တစ်ယောက်ထွန်း ဆိုဘိသို့ ညိုပြာညက်လေး အလှသည် ဆံဖျားမှ ခြေဖျားအဆုံး ပြစ်မျိုးမှည့်မထင် နတ်ပင်ယိုးမှား ထင်မှတ်လောက်စရာပါ။

ဆိုရသော် . . . ။

*နသားတော် ဝါဝါညက်ကယ်နှင့် ရွှစားတော် ခါခါမက်စေဘို့၊ ကလျာသက် လှမျက်မှန်း။*

*ယဉ်တစ်နဲ့ ဆင်ကွဲ ဘိုကရိုနှင့်၊ နကိုယ်ကို အလွန်ချောတာမို့၊ တောနှင့်မတန်။*

*သတင်းမော် ကျော်သလောက် ဟာမို့၊ မင်းကတော် ခေါ်လောက်ပါတဲ့ တောက်ခေါ်မိ တိုက်ငယ်၊ ပန်ဆိုမိဆုထူး။*


*ငွေယုံလွှာ ရွှေပုဏ္ဏာ စံပြည်ဖြိုး ဆီသို့၊ ကံပို့လျှင် တော်ပါလေငဲ့၊ မာလာငွေ သန္ဓေမွေ့သူမို့။*

*တစ်ရပ်နေ တစ်ဒင်တွေ့တို့မှာ၊ ပြောမေ့နိုင်ဘူး။*

ကာတွန်း

# ကြည်ဝင်း

ကံ၏စေရာ



www.burmeseclassic.com

www.burmeseclassic.com



ရေးစာဆိုကျော် 'ဦးကြော့'ရေးဖွဲ့ခဲ့သည်။ လေးဆစ်သဖြန် အလှဘွဲ့သည်ပင် ကွမ်းတောင်ကိုင်မလေး ညိုပြာညှက်အလှကို တင်စားစပ်ဆိုထားသယောင်ယောင်ပါ။ သည့်နှယ် ပြည့်စုံသည့် ဂုဏ်အင်္ဂါတွေကြောင့်ပင် ရွာကျက်သရေ ကွမ်းတောင်ကိုင်အဖြစ် ညိုပြာညက်အပျိုဖော်ဝင်စကတည်းက ပြိုင်ဘက်မရှိ ရပ်တည်ပိုင်ဆိုင်ထားသူလေးသာ ဖြစ်ပါသည်။

ကွမ်းတောင်ကိုင်ဆိုသည်မှာ လှနေရုံဖြင့်လည်း မပြီးပါ။ မိန်းမကောင်း မိန်းမမြတ်တို့ ဂုဏ်အင်္ဂါနှင့် ပြည့်စုံပြီး ဖြူစင်ရိုးသား စာရိတ္တခိုင်မာဖို့လည်း လိုအပ်ပေသည်။

သို့ဆိုရသော်လည်း ...

ညိုပြာညက်လေး၏ ဘဝသည် ကွမ်းတောင်ကိုင်ဆိုသည့် ဂုဏ်ပုဒ်လေးရှိရုံသာပါ။ ရုပ်လှသော်လည်း ဘဝက မလှပေ။ အနေဆင်းရဲ၊ အစားဆင်းရဲ ကြမ်းတမ်းလွန်းလှပါသည်။ အဖေဖြစ်သူက ထန်းတက်သမား ကိုညိုမောင်။ အမေက ထန်းလျက်ကျိုရသူ မပန်းညို။ ညိုပြာညက်သည် မြူအိုးချ၊ မြူအိုးကောက်။ နို့စွရွှဝ အလုပ်နှင့်လက်မပြတ် လုပ်နေနိုင်မှသာ ပါးစပ်လှုပ်နိုင်သူများပါ။

တစ်ခါ ထန်းဖြုတ်ချိန်၊ ထန်းတုံးချိန်များတွင်လည်း ယာပိုင်များထံ ပေါင်းနုတ်၊ နှမ်းခါ၊ ပဲကောက် စသည့် ကူလီအလုပ်ကို နေပူစပ်ခါးမရှောင် လုပ်ရပါသေးသည်။

သို့တိုင်အောင် ဝမ်းဝဝ ခါးလှလှကား မရှိခဲ့ပါချေ။

ညိုပြာညက်အမေ မပန်းညိုသည် သည်အဖြစ်တွေကို ပြန်တွေးမိတိုင်း ထန်းသမား ကိုညိုမောင်နှင့် အကြောင်းပါခဲ့သည်ကိုပင် သူ့ဘဝ အဖြစ်ဆိုးလွန်းသည်ဟု သူ့ကိုယ်သူ မကျေနပ်ချင်။ အမှန် မပန်းညို အပျိုဘဝကလည်း သူ့သမီး ညိုပြာညက်လို ကွမ်းတောင်ကိုင် မဖြစ်ခဲ့သည့်တိုင် ရွာမှာ အချောအလှ စာရင်းဝင်ခဲ့သူပါ။

မပန်းညို အပျိုဖော်ဝင်စမှုပင် ယာပိုင်ထန်းပိုင် သူဌေးသား မြဦးနှင့် ရည်ငံခဲ့ကြရာ သည်အကြောင်း မြဦးမိဘတွေသိတော့ ပန်းညိုသည် ရုပ်ချောသော်လည်း ဆင်းရဲနွမ်းပါးသူမို့ သဘောမတူခဲ့။ ပန်းညို၏ မိဘနှစ်ပါးနှင့် ပန်းညို၏မောင် ပန်းမောင်နှင့် ပန်းအောင်တို့ ညီအစ်ကိုကလည်း မြဦးမှာ ငွေကြေးချမ်းသာသော်လည်း လူမဆန်သည့် လုပ်ရပ်များ လုပ်တတ်သူ၊ မိန်းမကိစ္စရှုပ်သူ၊ အသောက်



www.burmeseclassic.com

www.burmeseclassic.com

အစား လောင်းကစားမက်သူဟု ဆိုကာ ပန်းညိုနှင့် သဘောမတူ။ နှစ်ဖက် ဆန့်ကျင်ဘက်မာနများဖြင့် လူငယ်တို့၏ ချစ်ခြင်းကိုခွဲကာ ငွေကြေးမပြည့်စုံသော်လည်း ရိုးဂုဏ်ရှိသော ထန်းတက်သမားညိုမောင်နှင့် ပန်းညိုကို ပေးစားလိုက်ပါတော့၏။

သို့ဖြင့်ပင် ထန်းတက်သမား ညိုမောင်နှင့် ပန်းညိုတို့မှာ ညိုပြာညက်ကို မွေးခဲ့ကြပါ၏။ ညိုပြာညက်ကလေး ဆယ်နှစ်ကျော်မှာ ထန်းတက်သမား ညိုမောင်သည် ကံဆိုးစွာပင် ထန်းပင်ပေါ်မှကျကာ ဆုံးခဲ့ရှာ၏။ ညိုပြာညက်ကလေးခမျာမှာ မိခင်နှင့်အတူ ကြုံရာကျပန်း လုပ်ကိုင်ပြီး ဘဝကို ရင်ဆိုင်ရုန်းကန်ရင်း ဦးလေးဖြစ်သူ ပန်းမောင်နှင့် ပန်းအောင်တို့၏ စောင့်ရှောက်မှုအောက်တွင် ကြီးပြင်းခဲ့ရပါသည်။

ညိုပြာညက်လေး တစ်ဆယ့်ခြောက်နှစ်အရွယ်မှာ ရွာ၏ထုံးတမ်းစဉ်လာနှင့်အညီ ကွမ်းတောင်ကိုင်အဖြစ် ရွေးချယ်ခံခဲ့ရပါသည်။ ကွမ်းတောင်ကိုင်ဆိုသည်မှာ ရွာ၏ကျက်သရေဆောင် ရတောင့်ရခဲ အခွင့်အရေးမို့ ညိုပြာညက် ဝမ်းသာမဆုံးခဲ့။ ထို့ကြောင့် ညိုပြာညက်သည် မိန်းမကောင်း မိန်းမမြတ်တို့တွင် ရှိသင့်သည့် ဂုဏ်အင်္ဂါနှင့်လည်း ပြီးပြည့်စုံအောင် ထိန်းသိမ်းနေထိုင်ခဲ့ပါ၏။ အစ်ကိုကာလသားတို့ စခြင်း၊ နောက်ခြင်း၊ ရိသဲ့သဲ့ပြော၍ ညိုပြာညက်အချစ်ကိုရဖို့ ချဉ်းကပ်ကြသူများကိုလည်း လိမ္မာပါးနပ်စွာပင် ရှောင်ရှားနေထိုင်ခဲ့ပါ၏။

သို့စဉ်လျက် ...

ညိုပြာညက်အတွက် ကြီးမားသော အနှောင့်အယှက်တစ်ခုနှင့် ရင်ဆိုင်နေရသည့် အဖြစ်ကြောင့် စိတ်အစဉ် မရွှင်ပျနိုင်ခဲ့ပါ။

အကြောင်းရင်းမှာ ငွေကြေးပြည့်စုံသည့် အရှိန်အဝါဖြင့် မူးယစ်သောက်စား ဖဲဝိုင်းကြက်ဝိုင်းများမှာသာ အချိန်ဖြုန်းတတ်သူ ကျော်ကြီးဆိုသူက ညိုပြာညက်လို ကွမ်းတောင်ကိုင်ကို မရလျှင် မလျှော့ပါဟု ကြိမ်းဝါးလာပြီး ညတိုင်းညတိုင်း လသာသည်ဖြစ်စေ၊ လမှောင်သည်ဖြစ်စေ ညိုပြာညက်၏ အိမ်ရှေ့လမ်းမမှာ အပေါင်းအသင်းများနှင့် အခေါက်ခေါက်အခါခါ ဖြတ်လျှောက်ပြီး သီချင်းဆို နှောင့်ယှက်နေခြင်းပင်။

ကျော်ကြီး ဆိုနေကျသီချင်းမှာလည်း "နမ်းမဝတဲ့ အာရုံ ... စန်းလသို့ ငွေယုန် ... ညိုပြာညက်ကလေး မောင့်အသည်းမှာ လှနေပုံ" ဆိုသည့် ရာဇဝင်းတင့်၏ ညိုပြာညက် သီချင်းထဲက ၎င်းစာသားကိုပင် ထပ်ကာထပ်ကာ ဆိုနေတတ်ပါသည်။

ထိုအဖြစ်များကြောင့်လည်း ညိုပြာညက်၏ဦးလေး ပန်းမောင်နှင့် ပန်းအောင် ညီအစ်ကိုနှစ်ယောက်နှင့် မကြာခဏဆိုသလို တုတ်တစ်ပြက် ဓားတစ်ပြက် ဖြစ်ခဲ့ကြသည့် အကြိမ်ပေါင်းကလည်း မနည်းတော့။ သည်ကြားထဲ လစ်ရင် လစ်သလို စကားလိုက်ပြောတတ်သေး၏။ ထိုသည့်အခါ ညိုပြာညက်သည် မိန်းမကောင်းပီသစွာ ယဉ်ကျေးသည့် စကားတို့ဖြင့်သာ တုန့်ပြန်ပြောဆို ရှောင်ရှားလာတတ်စမြဲ။ ကျော်ကြီးလိုက်နှောင့်ယှက်သမျှသာ သူ့ဦးလေးနှစ်ယောက်ကို ပြန်ပြောရလျှင် ခိုက်ရန်ဖြစ်ကြမည့် အရေးကြောင့် ပြောမပြခဲ့။ သူပြသနာ သူ့ဘာသာပင် ဖြေရှင်းခဲ့သည်ချည်းသာ

× × ×

သည်နှစ် အညာဒေသ မိုးဦးမှန် မိုးလည်ကောင်း၍ မြေပဲ၊ နှမ်းနှင့် ပဲစင်းငုံများ ရကြသည်။ သည်လို အသီးအနှံ ရကြပြီဆိုတော့ သာရှင်ပြု သမီးနားသည်အလှူ များကြသည်။ ညိုပြာညက်တို့ရွာလေးမှာပင် အလှူကြီး ငါးလှူရှိပါသည်။ သည်အလှူတွေမှာ ညိုပြာညက်တစ်ယောက် ကွမ်းတောင် ပန်းတောင် ကိုင်ရပေဦးမည်။

သည်အလှူတွေမှာ ညိုပြာညက် အလှပဆုံး၊ အကြော့ရှင်းဆုံး ဖြစ်စေရန် အလှူတစ်ပွဲ ဝတ်စုံတစ်မျိုး ဝတ်ဆင်နိုင်ရန် သူ့အမေနှင့် သူ့ဦးလေးနှစ်ယောက်တို့မှ ဝတ်စုံတစ်စုံစီ ချုပ်ပေးကြမည်ဟု ကတိပေးထားကြသဖြင့် ညိုပြာညက် အထူးပင် ပျော်ပိုက်နေပါ၏။

အညာကျေးလက် ရှင်ပြု၊ ရှင်လောင်းတောင်း၊ အုပ်ရှက်တန်းလှည့်ရာတွင် အပြစ်ကင်းစင်ပြီး နာမည်ပျက်မရှိသော ကုမာရီ အပျိုစင်စစ်စစ် မိန်းကလေးများသာ အုပ်ရှက်တန်းတွင် လိုက်ပါခွင့်ရှိကြပါသည်။ ၎င်းကိစ္စအဝဝကို အပျိုထိန်း အမျိုးသမီးခေါင်းဆောင်များက စီစဉ်စီစစ်ပေးရပါသည်။ အကယ်၍ အုပ်ရှက်တန်းတွင် မကောင်းသတင်းထွက်နေသည့် အပျိုရည်ပျက် အမျိုးသမီးတစ်ဦးဦး ပါလာပါက ရွာခံကာလသားများအနေဖြင့် မကျေနပ်လျှင် အုပ်ရှက်တန်းအတွင်းမှ ဆွဲထုတ်ခွင့်လည်း ရှိပါသည်။

ထိုအဖြစ်မှာ အရှက်ရစရာ အဖြစ်မို့ မလုပ်သင့်မလုပ်ထိုက် ထင်ရသော်



www.burmeseclassic.com

www.burmeseclassic.com

လည်း ကျေးလက်ရှိ အမျိုးသမီးများ အတွက် ထိန်းသိမ်းစောင့်စည်းအပ်သော ကိုယ်ကျင့်တရား စည်းတစ်ခုကို မကျော်မိစေရန်နှင့် အမှားတစ်စုံတစ်ရာ မလုပ်မိစေရန် သ တိချပ်စေမည့် ရှေးမူမပျက် ဥပဒေသတစ်ခုပင် ဖြစ်ပေ၏။

သို့စဉ်လျက် ...

ညိုပြာညက်လေးသည် ရတောင့်ရခဲ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်ဆိုသည့် သူ့ဘဝလေး အဆုံးရှုံးမခံရစေဖို့ သူ့ရဲ့ကိုယ်ကျင့်တရားကို အထိပါး အပွန်းပဲ့မခံ။ လိမ္မာပါးနပ်စွာပင် ရှောင်တိမ်းနိုင်ခဲ့သည်သာ။ ပြီး ထိုဂုဏ်ဒြပ်လေးကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် အပြစ်ကင်းစင်သည့် အပျိုစင်ဘဝလေးနှင့် နေသွားဦးမည်ဆိုသည့် ဆုံးဖြတ်ချက်ကိုလည်း သူ့ရင်ထဲ သို့ဝှက်စွာ ချထားသည်။

သို့တစ်စေ ...

ကံတရား၏ စေစားမှုတွေသည် ဆန်းပြားလွန်းလှပါ၏။ ညိုပြာညက်သည် ကွမ်းတောင်ကိုင်ဆိုသည့် သူ့ဘဝလေးကို ကျေနပ်နေသူ၊ ပျော်ပိုက်နေသူလေးပါ။ ထိုသို့ ပျော်ပိုက်နေသည်တို့ကို ပျက်စီးသွားစေမည့် သတင်းဆိုးတစ်ခုသည် ရွာထဲတွင် တီးတိုးတီးတိုး တစ်ယောက်တစ်မျိုး ပြောဆိုနေကြသည့်အဖြစ်နှင့် ကြုံလာရပါသည်။

သည်အဖြစ်၊ သည်အကြောင်းတွေကို ညိုပြာညက် သိခဲ့၊ ကြားခဲ့ရသောအခါ ...။

× × ×

မည်သို့ပင်ဆိုစေ ...

ထိုသတင်းများသည် ရွာထဲမှာ အတော်ပျံ့နှံ့နေပေပြီ။ နည်းနည်းကို များများလုပ်၊ လူတစ်ဖက်သား နစ်နာအောင် အမနာပ ပြောတတ်ကြသည့် လူတို့၏ သဘောစရိုက်မှာ ကြောက်စရာပါ။

ကြည့် ... ကျော်ကြီးတို့အုပ်စု ထန်းရည်ဝိုင်းမှာ တောပြော တောင်ပြော မသေမချာ၊ မရေရာသည့်သတင်းကို သေချာသည်အထင်ရှိကာ အပျက်သဘောဆောင်သည့်စကားများ ပြောဆိုနေကြပါသည်။

"ကိုကျော်ကြီး ဒီသတင်းက အမှန်ပဲလား"

"အေး ... အမှန်ပဲကွ။ ငါကိုယ်တိုင်မြင်ခဲ့ရတာ။ တောက် ... ရင်ခံတယ်ကွာ"

"ဘာရယ် ကိုကျော်ကြီး ကိုယ်တိုင်မြင်ခဲ့တာ။ ဟုတ်ရဲ့လားဗျာ"

တစ်ယောက်က မယုံကြည်နိုင်စွာ မေးသည်။

"ဟေ့ကောင် ဟုတ်သမှ သိပ်ဟုတ်။ အဲဒီညက ငါတစ်ယောက်တည်း ညိုပြာညက်တို့ အိမ်ရှေ့လမ်းမှာ ရပ်နေတုန်း ညိုပြာညက်တို့ အိမ်ထဲက လူတစ်ယောက်ထွက်သွားတာ ဒီမျက်စိနဲ့ မြင်လိုက်ရတာ"

"ဒါဆို ကိုကျော်ကြီး ဘယ်လိုလုပ်မလဲ"

"ဟင်း .. ဟင်း ... ဟင်း ... ငါကတော့ ငါချစ်တဲ့သူ ကွမ်းတောင်ကိုင်ဆိုတဲ့ ဂုဏ်ပုဒ်လေးနဲ့ တင့်တင့်တယ်တယ် နေပါစေဦးဆိုပြီး စိတ်ရှည်ရှည်နဲ့စောင့်လို့ သူ့အချစ်ကို တောင်းနေခဲ့တာ။ ခုတော့ သူက ..."

ကျော်ကြီးသည် ထန်းရည်တစ်ခွက် မော့သောက်ပြီး အမြည်းတစ်ဖတ်ကောက်ဝါးရင်း မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပါ၏။ အဖော်တစ်ယောက်သည် ထန်းရည်တစ်ခွက် လှမ်းထည့်ပေးသည်။

"အေး .. ငါနောက်ကျလို့မဖြစ်တော့ဘူး။ လေချိုသွေး လေပြေထိုးနေလို့လည်း မရနိုင်တော့ဘူး။ အခွင့်ကြုံတာနဲ့ ညိုပြာညက်ကို လက်ဆွဲမယ်"

"ဟာ ... ဟေ့ ... ကျော်ကြီး မင်း ... မင်း ဒီလိုတော့ မလုပ်နဲ့လေ။ လက်ဆွဲမှုက တို့ရွာရဲ့ထုံးစံ အပြစ်ကြီးတယ်ကွ"

ဟုတ်ပါသည်။ အညာကျေးလက် တောရွာတချို့မှာ မိန်းမပျိုတစ်ယောက်ကို လက်ဆွဲခြင်းသည် အပျိုစင်ဘဝကို အဓမ္မဖျက်ဆီးရန် ကြံစည်မှု၊ နာမည်ပျက်အောင် တမင်လုပ်ဆောင်မှုအဖြစ် သတ်မှတ်ပြီး ရပ်ရွာလူကြီးမှ ပြင်းထန်စွာ အပြစ်ပေးတတ်သလို ထိုပြစ်မှုကျူးလွန်သူကို လူမှုကျင့်ဝတ် ဖောက်ဖျက်သူအဖြစ် တစ်ရွာလုံးမှ ဝိုင်းပယ်ထားတတ်ကြပါသည်။ ဥပဒေအ ကြောင်းအရ အရေးယူ၍ရသကဲ့သို့ ကျေးရွာထုံးတမ်းစဉ်လာအရ လျော်ကြေးငွေလည်း တနင့်တပိုး ပေးဆောင်ရတတ်ပါသည်။

ထို့ကြောင့် ကျော်ကြီးအား သူ့ရဲ့ သောက်ဖော်သောက်ဖက်များက တားနေခြင်းပါ။

"ဒါဆို ငါက ဘာလုပ်ရမှာလဲ။ ဒီအတိုင်း ထိုင်ကြည့်နေရမှာလား။ တောက် ..."

"ဒီလိုလုပ်ကွာ။ ရွာမှာ အမျိုးသမီးခေါင်းဆောင် မကြီးထားတို့၊ မကြီးညိမ်းတို့အဖွဲ့ ရှိတာပဲ။ ဒီသတင်း



www.burmeseclassic.com

www.burmeseclassic.com

သူတို့ဆီပို့လိုက်။ သူတို့ဘာသာ ဖြေရှင်းလိမ့်မယ်''

တစ်ယောက်က အကြံပေးသည်။ ကျော်ကြီး မျက်မှောင်ကုတ်သွားသည်။

''အေး . . . ထားပါတော့။ အဲဒီကိစ္စ သူတို့ရှင်းပြီးတော့ ညိုပြာညက်ကို ငါရရောတဲ့လား''

''မဟုတ်ဘူးလေ။ အမျိုးသမီးထိန်းတွေက ဒီကိစ္စ ဖော်ထုတ်လိုက်ရင် ညိုပြာညက်လည်း ညအချိန်မတော် ယောကျ်ားလေးလက်ခံမှုနဲ့ ကွမ်းတောင်ကိုင်ဘဝက ပြုတ်၊ မာနတွေလည်း အရေခွံကွာ။ အဲဒီအခါကျမှ . . .''

''အင်း . . . အင်း . . . မဆိုးဘူး။ သူ့ကိုယ်သူ ကွမ်းတောင်ကိုင်ဆိုပြီး ငါ့ကို မတူမတန် မာန်တွေတက် ဆက်ဆံခဲ့တာ . . . ဟင်း . . . ဟင်း . . . ညိုပြာညက် . . . ညိုပြာညက် . . ငါချစ်သလို နင်က ပြန်မချစ်တော့လည်း မစားရတဲ့အမည်း သဲနဲ့ပက်လိုက်ပဲပေါ့ ဟား . . . ဟား . . . ဟား''

× × ×

''ဟဲ့ . . . ကျော်ကြီး။ နင်တို့ပြောတာ ဟုတ်ပါ့မလားဟယ်။ ညိုပြာညက်ကလေးက ကွမ်းတောင်ကိုင်ဆိုတဲ့ သူ့ဘဝလေးကို အရမ်းတန်ဖိုးထားတာ။ သူ . . . ဒီဘဝလေး အဆုံးရှုံးခံရအောင် မိုက်မဲမှာမဟုတ်ဘူးနော်''

မြောက်ပိုင်း အမျိုးသမီးခေါင်းဆောင် မကြီးထားမှ မယုံကြည်စွာ ပြောသည်။

''ဟုတ်တယ် ကျော်ကြီး။ ဒီကိစ္စ အရမ်းတော့ မစွပ်စွဲပါနဲ့ဦး။ ကျုပ်တောင်ပိုင်းက ကြားရတာကတော့ ညိုပြာညက်မဟုတ်ဘူး။ သူ့အမေ မပန်းညိုတဲ့။ သူ့ငယ်ရည်းစား ကိုမြဦးနဲ့ ညညအိမ်မှာလက်ခံပြီး ချိန်းတွေ့နေတာလို့ ပြောနေကြတယ်''

တောင်ပိုင်း အမျိုးသမီးခေါင်းဆောင် မကြီးအေးမှ သူကြားထားသည့် သတင်းကို ပြောပြသည်။

''ဟာ . . . မပန်းညိုနဲ့ ကိုမြဦး ဟုတ်လား။ ဒီလူကြီးက သူ့မှာလည်း သားကြီးမယားကြီးနဲ့''

''အေး . . . သတင်းက နှစ်ခုဖြစ်နေတယ်။ ဘယ်သတင်းအမှန်လဲဆိုတာ ကျုပ်တို့ အဖြေရှာရမယ်။ ကျော်ကြီး ဒီကိစ္စ နင်တို့ဝင်မပါနဲ့နော်။ အေးအေးဆေးဆေး နေကြ၊ ကြားလား''

ရှာလယ်ပိုင်း အမျိုးသမီးခေါင်းဆောင် မကြီးညိမ်းမှ ကျော်ကြီးကို လက်ညှိုးထိုးပြောသည်။ ကျော်ကြီး ခေါင်းလေး ပုသွားသည်။

''အေးပါဗျာ။ မကြီးညိမ်းတို့သာ ဒီကိစ္စ အမှန်တရားကို ဖော်ထုတ်ပါ။ အပျို လူပျို ရည်ငံကြတာ မဆန်းပေမယ့် အခုလို အမျိုးသမီးတစ်ယောက် အိမ်ပေါ် အချိန်မတော်တက်တယ်၊ လက်ခံတယ်ဆိုတာ ကျုပ်တို့ရွာထုံးစံ ဘယ်လောက် အပြစ်ကြီးတယ်ဆိုတာ မကြီးတို့ သိတယ်နော်''

''အေးပါဟယ်။ နင်ကတစ်မျိုး။ ကဲ . . . သွားကြတော့။ လျှောက်လည်း ဖွမနေကြနဲ့''

ကျော်ကြီးတို့အုပ်စု ထွက်သွားကြ သည်။

မကြီးထား၊ မကြီးအေးနှင့် မကြီးညိမ်းတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ပြိုင်တူ သက်ပြင်းချမိရသည်။

''အင်း . . ကျုပ်တို့တွေတော့ ခေါင်းကြီးပြီ''

''စိတ်အေးအေး ထားပါဟယ်။ ဒီသတင်းနှစ်ခုထဲက တစ်ခုကတော့ အဖြေရှာရမှာပဲ။ မပန်းညိုနဲ့ ကိုမြဦး ကိစ္စဆိုရင်တော့ ကိုမြဦးက လက်ရှိအိမ်ထောင်သည်လေ။ ဒါအိမ်ထောင်ရေး ဖောက်ဖျက်မှုပဲ။ ဒီပြဿနာက လူကြီးတွေဖြေရှင်းလိမ့်မယ်။ အဲ . . . ညိုပြာညက်နဲ့ တစ်ယောက်ယောက်ဆိုရင်တော့ ကျုပ်တို့ ခေါင်းရှုပ်ရတော့မှာပဲ''

''ဟုတ်တယ်။ အလှူရက်တွေကလည်း နီးနေပြီ။ ဒီကိစ္စ ညိုပြာညက်ဖြစ်နေရင်တော့ ကွမ်းတောင်ကိုင်အသစ် ရွေးရမှာ။ အချိန်မီမရွေးနိုင်ရင် တို့အပြစ်ဖြစ်မှာ''

မကြီးထား စိတ်ပျက်စွာပြောသည်။

မကြီးညိမ်းလည်း ခေါင်းကုတ်ရပြီ။

''ဟုတ်ပါ့အေ။ ကျုပ်တော့ ညိုပြာညက်လေး မဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းတယ်''

× × ×

သို့စဉ်လျက် . . . ။

ရွာထဲမှာတော့ ညိုပြာညက်သတင်း၊ ညိုပြာညက်အမေ မပန်းညို သတင်းများ တစ်ဆင့်စကား တစ်ဆင့်နား ပျံ့နှံ့နေချေပြီ။ ညိုပြာညက်ခမျာလည်း သည်သတင်းဆိုးကြီးကို ကြားသိနေနိုင်ပြီမို့ ကျိတ်ငိုခဲ့ရသည့်ညပေါင်းလည်း မနည်းတော့။ ရင်ထဲမှာ လှိုက်ဆူပြီး ဘာလုပ်၍ ဘာကိုင်ရမှန်း မသိတော့။ ဆောက်တည်ရာမဲ့ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ပြီ။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မကောင်းသတင်းထွက်လျှင် ကွမ်းတောင်ကိုင်ဆိုသည့် ဘဝလေးသူစွန့်လွှတ်ရမှာ အသေအချာပင် ဖြစ်ပါ၏။

ခုဆို . . . သည်နှစ်အလှူတွေမှာ ဝတ်ဖို့ ဝတ်စုံသုံးစုံလည်း ချုပ်ထားပြီးပြီ။

ညိုပြာညက် ဘာလုပ်ရမည်လဲ မသိတော့။

အမှန် . . . ရွာထဲမှာ ပြောနေကြသည့် သတင်းသည် အမှန်ပင်ဖြစ်ကြောင်း ညိုပြာညက်သိခဲ့သည်မှာ ကြာခဲ့ပါပြီ။ အဲဒါ သူ့အမေကိုစွ။ ဒါပေမယ့် အမေ့ကိုစွကို သေချာရေရာစွာ မသိကြတော့ ညိုပြာညက်အပေါ် သံသယဝင်ပြီး မကောင်းသတင်းထွက်လာခြင်း ဖြစ်ပါ၏။ အဖြစ်မှန်ကို ညိုပြာညက်သိသော်လည်း ငုံ၍ပြုသနာ သူမဖြေရှင်းတတ်။ မဖြေရှင်းဝံ့။ သူ့အနေဖြင့် မသိကျိုးကျွန်ပြုနေရုံသာ။

အကြောင်းမူ အပြစ်ကျူးလွန်သူ တရားခံသည် သူ့အမေ။ လွတ်လပ်သည့် မုဆိုးမအမေကို သူ ဘာများပြောဆိုနိုင်ခွင့်ရှိမှာလဲ။ ပြောဆိုတားပိုင်ခွင့်ဆိုတာ ရှိခဲ့လျှင် ပြောလို့ သင့်တော်ပါမည်လား။

ခုတော့ . . . ညိုပြာညက် ဘာလုပ်ရမည်နည်း။ စဉ်းစားလေ ရင်မှာနာရလေလေပါ။

"အမေရယ် . . ."

ညိုပြာညက် ထန်းပင်ကိုကျောမှီ မျက်စိကို စုံမှိတ်ပြီး ရင်ဘတ်ကို လက်နှင့် ဖိထားလိုက်ပါသည်။ ကြေကွဲဝမ်းနည်းမှုကြောင့် ဖိတ်စင်လာသည့် မျက်ရည်များသည် ပါးပြင်မှတစ်ဆင့် ရင်အစုံသို့တိုင်။

ညိုပြာညက်သည် မျက်လုံးကို အသာဖွင့် ထန်းလက်ကျိုကြားကြားမှ ကောင်းကင်ပြင်ကို ရီဝေစွာ မော့ကြည့်လိုက်မိပါ၏။

ထိုရောအခါ . . .

ထန်းပင်ပေါ်၌ ထန်းလှီးနေသည့် သူ့အဖေပုံရိပ်၊ သူ့အဖေ ထန်းလှီးရင်း သီချင်းဆိုနေသည့် အသံကို ကြားယောင်နေမိသလိုလို သူ့စိတ်အစဉ် ခံစားလိုက်ရသည့်နှယ် မျက်ရည်တို့ စီးကျလာပြန်၏။ နှုတ်ခမ်းနှစ်လွှာသည် ဆတ်ဆတ်တုန်လာ၏။ ခဏမှာပင် သူ့အဖေပုံရိပ်၊ သူ့အဖေ သီချင်းဆိုသံသည် ပျောက်ပြယ်လွင့်ပါးသွား၏။ ညိုပြာညက်သည် ညှိုးလျပြေလျော့စွာ ထန်းပင်ကို ကျောမှီလိုက်ပြန်၏။

ပြီးတော့ သူ့အဖေ လှီးခဲ့သည့် ထန်းပင်များကို တစ်ပင်ချင်း လိုက်ကြည့်မိပြန်၏။ အမြင်သည် မရှင်းတော့။ ရီဝေမှိုင်းပျနေ၏။ စိတ်အစဉ်သည်လည်း လွင့်ပျံ့နေ၏။

"အဖေရယ် . . . ဘာဖြစ်လို့များ သမီးတို့နဲ့ အစောကြီး ခွဲသွားခဲ့တာလဲ။ ခုအချိန် အဖေသာရှိရင် သမီးတို့သားအမိ ဒီလိုအဖြစ်တွေနဲ့ ကြုံရမှာမဟုတ်ဘူး။ သမီးတို့အဖြစ်တွေ မြင်လှည့်ပါဦး အဖေရယ်"

ညိုပြာညက်သည် သူ့အဖေကို တမ်းတရင်း ရင်ထဲလှိုက်တက်လာကာ မျှောင်လင့်ချက်မဲ့စကားကို ဆိုသည်။ နောက် မျက်နှာကို လက်နှစ်ဖက်နှင့် အုပ်ပြီး ထန်းပင်ခြေရင်း စိတ်ပျက်စွာ ထိုင်ချလိုက်မိပါတော့သည်။

× × ×

ပထမဆုံး အလှူ။ အလှူရက် ရောက်ဖို့ တစ်ပတ်ခန့်သာ လိုတော့သည်။

အမျိုးသမီးခေါင်းဆောင်များ ခေါင်းချင်းဆိုင်ရပြီ။

ကွမ်းတောင်ကိုင် ညိုပြာညက် အပေါ် တစ်ရွာလုံးက သံသယရှိနေသည့်ကိစ္စ။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ရှင်လောင်းတောင်း အုပ်ရွက်တန်းလှည့်ရာတွင် ကာလသားများ မကျေနပ်၍ ကွမ်းတောင်ကိုင်ကို ဆွဲထုတ်ခဲ့ပါလျှင် အရှက်တကွဲ ဖြစ်ရမည့်အဖြစ်။

ပြီးလျှင် ရွာနာမည်။ တာဝန်အရှိဆုံးသူများမှာလည်း သူတို့ပင် ဖြစ်၏။ သူတို့ကိုယ်တိုင် ညိုပြာညက်အပေါ် သံသယစိတ်ဝင်မိသော်လည်း မသေချာသေးသဖြင့် ဖြေရှင်းဖို့ အခက်ကြုံနေရခြင်းသာ။

ရွာထဲမှာလည်း လူတိုင်းက ပြောနေကြပြီ။

"ဟဲ့ . . . ခင်ထား။ ညည်းတို့ ညိုပြာညက်နဲ့ သူ့အမေကိစ္စ ရွာထဲမှာ ဟိုး လေးတကျော်ကျော် ဖြစ်နေပြီနော်။ ညည်းတို့ ဘယ်လိုလုပ်ကြမှာတုံး"

သည်သို့ တစ်မျိုး . . .။

"အရီးမြမွှေးရယ်။ ဒီကိစ္စက မရေမရာပါ။ ဟုတ်ရင်တော့ ဘာအကြောင်းလဲ"

"အိုအေ . . . တစ်ရွာလုံးက ပြောနေမှတော့ ဟုတ်လို့ပေါ့။ ညည်းတို့ ဒီကိစ္စ မပေါ့နဲ့နော်"

သည်နှယ်တစ်ဖုံ သတိပေးသူကပေး။

"မကြီးညိမ်း . . သတင်းတွေက



www.burmeseclassic.com

www.burmeseclassic.com

မွှေးနေပြီနော်။ အမေလား။ သမီးလား။ အမေဆိုရင် သူ့ပြဿနာသူရှင်း။ သမီးဆိုရင်တော့ ကွမ်းတောင်ကိုင်နော်။ ကျုပ်တို့ကတော့ လက်ခံမှာ မဟုတ်ဘူး။ ရွာနာတယ်ဟေ့ . . . ရွာနာတယ်''

''ဟုတ်တယ် မကြီးညိမ်းရေ။ ရွာတော့ အနာမခံနိုင်ဘူး။ အလှူကလည်း နီးလာပြီ''

မလိုသူတွေက တစ်ယောက်တစ်မျိုး မေးလာပြောလာကြပေပြီ။ ပို၍ဆိုးသည်မှာ တစ်ရွာလုံးမှာ ကြည်ညိုလေးစားရသည့် ရွာဘုံတောင်ပစ္စည်းထိန်း ဘထွေးလေး ဦးမြတ်သာကပင် . . .

''ဟဲ့ မိန်းကလေး ခင်ထား။ ရွာထဲမှာဖြစ်နေတဲ့ အကြောင်းတွေက အမှန်ပဲလား။ အဲဒီကိစ္စအမှန်ဆို မပေါ့ကြနဲ့နော်။ တစ်သက်လုံးထိန်းလာတဲ့ အစဉ်အလာ ထိပါးပွန်းပဲ့ မသွားစေနဲ့ ကြားလား''

သည်သို့ သတိပေးလာပြီ။

''ဟုတ်ကဲ့ပါ . . . ဘထွေးလေး။ ကျုပ်တို့ အမှန်အတိုင်းဖြစ်ဖို့ ကြိုးစားနေပါတယ်''

ခက်တော့ ခက်ချေပြီ။ ဘယ်လို အဖြေရှာရမည်လဲ မသိနိုင်တော့။

× × ×

မထူးတော့ပြီမို့ အမျိုးသမီးခေါင်းဆောင် သုံးယောက်သည် ကာလသားခေါင်း အောင်ဝင်းစိုးကိုခေါ်၍ ညတစ်ည ညိုပြာညက်အိမ်အနီး ချုံကပ် စနည်းနာသည်။ ပထမည၌ သံသယဖြစ်စရာ တစ်စုံတစ်ရာ မတွေ့ခဲ့ရ။

ဒုတိယညမှာတော့ ညိုပြာညက်တို့အိမ်ရှေ့ အရပ်စင်ဘေး ပန်းရုံအနီးတွင် လူရိပ်သဏ္ဌာန်တစ်ခု ရပ်နေသည်ကို တွေ့လိုက်ရသည်။ သစ်ရွက်ကြိုကြား ကြားမှ စိပ်ဖြာကျလာသည့် လရောင်ဖြင့် သေချာစွာကြည့်လျှင် မြင်နိုင်သော်လည်း လူရိပ်မှာ ကျောပေးထားသဖြင့် အမေလား၊ သမီးလားဆိုတာ ခွဲခြားရန် ခက်ခဲနေ၏။

ကျေးလက်ဒေသများသည် ခြံဝင်းကျယ်ကျယ်နေကြသူများမို့ ခြံစည်းရိုးနှင့် အိမ်သည် အလှမ်းဝေးလှပါသည်။ လေးယောက်သား မှောင်ရိပ်ခိုပြီး အိမ်နှင့်အနီးဆုံးနေရာသို့ ပြောင်းရွှေ့ချဉ်းကပ်ကြပြန်၏။ လူရိပ်သဏ္ဌာန်သည် သူတို့အား ကျောပေးထားဆဲ။ အမေလား၊ သမီးလား ခွဲခြားဖို့ ခက်နေပါ၏။ ကံကောင်းချင်တော့ လူရိပ်သည် ဟိုသည်လှည့်အကြည့် လေအဝှေ့မှာလှုပ်ခတ်သွားသည့် သစ်ကိုင်းယိမ်းအသွား ဖြာကျလာသည့် လရောင်အောက်မှာ မြင်လိုက်ရသည့် ညိုပြာညက် အမှန်ပင်။ ညိုပြာညက် ဖြစ်နေပါ၏။

သူတို့လေးယောက် တစ်ယောက်လက်တစ်ယောက် ကုတ်ဖြစ်ကြ၏။

ခဏအကြာမှာ လူတစ်ယောက်သည် နောက်ဖေးခြံစည်းရိုးအပေါက်မှ ဝင်လာသည်ကို ရင်ခုန်စွာ မြင်တွေ့လိုက်ရပါသည်။

သူတို့ ဒုတိယအကြိမ် လက်ကုတ် ဖြစ်ကြပြန်၏။

စိတ်ဝင်စားစွာ ကြည့်နေခိုက်မှာပင် နှစ်ယောက် မျက်နှာချင်းဆိုင် ဖြစ်သွား၏။ နောက် ရောက်လာသူကို အိမ်ဘေး ခြံထောင့်တစ်နေရာသို့ ညိုပြာညက်မှ ဆွဲခေါ်သွားသည်။ သူတို့လေးယောက် ရောက်လာသူ မည်သူမည်ဝါဖြစ်ကြောင်း သဲကွဲစွာ မမြင်ရတော့ စူးစူးစိုက်စိုက် ကြည့်ကြသော်လည်း မှုန်ဝါးဝါးသာ။ အတန်ကြာတော့ ဝင်လာသူသည် ခြံပြင် ပြန်ထွက်သွားပါတော့သည်။

ညိုပြာညက်သည်လည်း အရပ်စင်အောက်မှဖြတ်ကာ အိမ်ထဲပြန်ဝင်သွားသည်ကို သူတို့ မြင်လိုက်ရပါသည်။

သို့ပါ၍ သူတို့လေးယောက် ခြံစည်းရိုးဘေးမှ ထွက်လိုက်ကြပြီး လရောင်အောက်မှာ တစ်ယောက်မျက်နှာတစ်ယောက် အံ့သြစွာ ကြည့်ဖြစ်ကြသည်။ မယုံကြည်ချင်သော်လည်း

အမေရှုပ်တာလား၊ သမီးရှုပ်တာလား ဆိုသည့်
သတင်းဆိုး နှစ်ခုစလုံးကို "တစ်ခုမှ မဟုတ်ပါဘူး"
ဟု လုံးဝငြင်းပယ်၍ မဖြစ်နိုင်တော့။ နှစ်ခုထဲက
တစ်ခုကိုတော့ . . .
ညိုပြာညက် ဝန်ခံရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

မျက် မြင်တွေ့လိုက်ရပြီမို့ အဖြေသည် ရှင်းသွားခဲ့ပါပြီ။

ညီပြုံးပြာညက်သည် ရွာတောင်ဘက် ကန်ပေါင်ရိုး မန်ကျည်းပင်အောက်မှာထိုင်ရင်း ငြိမ်သက်နေသည့် ကန်ရေပြင်ကို ငေးကြည့်နေမိသည်။ ညီပြုံးပြာညက်၏ စိတ်အစဉ်သည် မတည်မငြိမ် လွင့်ပျံနေ၏။ ထို့ကြောင့် ကျောက်စရစ်ခဲတစ်ခဲကို ကောက်ကာ ကန်ရေပြင်ကို ပစ်လိုက်ပါသည်။ ငြိမ်သက်နေသည့် ကန်ရေပြင်သည် လှုပ်ခတ်သွားပါ၏။ ဤသို့ လှုပ်ခတ်သွားစေရန် ပြုလုပ်သူရှိ၍သာ လှုပ်ခတ်သွားခြင်း ဖြစ်ပေ၏။

သူတို့သားအမိ ဘဝသည်လည်း သည်နှယ်လှုပ်ခတ်သွားအောင် လုပ်သူရှိ၍ မငြိမ်မသက် ဖြစ်ရသည်ဟု ညီပြုံးပြာညက်စိတ်ထဲ တွေးချင့်မိလိုက်ပါ၏။

သည်ကနေ့ အမျိုးသမီး ခေါင်းဆောင်များက ပြောစရာရှိသည်၊ မေးစရာရှိသည်ဆို၍ ရွာတောင်ဘက်ရှိ ကန်ပေါင်ရိုးမှာ ချိန်းထားပါသဖြင့် ညီပြုံးပြာ ညက်သည် စောစီးစွာ ရောက်နှင့်နေခြင်း ဖြစ်ပါသည်။ သူတို့ပြောစရာ၊ မေးစရာဆိုသည့် အကြောင်းကိုလည်း ညီပြုံးပြာညက် ကြိုတင်သိနှင့်ပြီးသား။ သူ့ဘက်မှအဖြေ ဘယ်သို့ပေးရမည်ဆိုသာ ကိုယ့်ဘာသာ စဉ်းစားဆုံးဖြတ်ရန်သာ ရှိပါတော့သည်။

မည်သို့ပင် ဖြစ်စေ ...

အမေ ရှုပ်တာလား၊ သမီးရှုပ်တာလား ဆိုသည့် သတင်းဆိုး နှစ်ခုစလုံးကို "တစ်ခုမှ မဟုတ်ပါဘူး"ဟု လုံးဝငြင်းပယ်၍ မဖြစ်နိုင်တော့။ နှစ်ခုထဲက တစ်ခုကိုတော့ ... ညီပြုံးပြာညက် ဝန်ခံရပေတော့မည်။

ကွမ်းတောင်ကိုင်ဆိုသည့် ဘဝလေးကို တွယ်တာမက်မောနေမိသော တစ်ခုတည်းနှင့် အရှုပ်သူလုပ်တာ မဟုတ် "အမေလုပ်တာပါ"လို့ တစ်ကိုယ်ကောင်းဆန်ဆန် ဖြေလိုက်ရမှာလား။ ညီပြုံးပြာညက်သည် သည်လောက်အထိ မိဘမေတ္တာကို မစော်ကားရဲပါ။ မစော်ကားဝံ့ပါ။ အမေ့ဂုဏ်သိက္ခာ ရစရာမရှိဖြစ်သွားအောင် သူမပြုရက်ပါ။

မိဘကျေးဇူး ဆပ်ခွင့်ကြုံခိုက် ညီပြုံးပြာညက်သည် ဆပ်ချင်ပါသည်။ ကွမ်းတောင်ကိုင်ဆိုသည့် ဘဝလေးကိုလည်း သူပိုင်ဆိုင်ခွင့်ရှိသလောက် ပိုင်ဆိုင်ခွင့် ရရှိခဲ့ပြီးပြီ။ ဘယ်အရာမှ မမြဲသည့် တရားသဘောကိုလည်း နုနယ်သောအရွယ်ပင် ဖြစ်လင့်ကစား ညီပြုံးပြာညက် တွေးချင့် ဆင်ခြင်နိုင်ခဲ့ပါပြီ။

သို့စဉ်လျက် ...

မနှောင်းကပင် ကြီးမားသော စွန့်စားမှု တစ်ခုကို ညီပြုံးပြာညက် အရဲစွန့် လုပ်ခဲ့ပြီးပြီ။ ကျေနပ်လောက်သည့် အဖြေတစ်ခုလည်း ရခဲ့ပြီးပြီ။

ညီပြုံးပြာညက် အတွေးစိတ်တို့ လွင့်ပျံနေခိုက်မှာပင် အမျိုးသမီးခေါင်းဆောင် မကြီးထားတို့အုပ်စု ရောက်လာကြပါသည်။

"ညီမလေး ညီပြုံးပြာညက် ... ရောက်နေတာ ကြာပြီလား"

"မကြာသေးပါဘူး မကြီးထား။ လာ ... မကြီးထားတို့ ထိုင်ကြ"

သုံးယောက်သား ညီပြုံးပြာညက် ဘေးတွင် ဝင်ထိုင်လိုက်ကြသည်။

ပြီးတော့ ... ညီပြုံးပြာညက်ကို အားနာဟန်ဖြင့် ကြည့်ကြသည်။ ညီပြုံးပြာညက်သည်လည်း အပြုံးဖြင့် တုံ့ပြန်ပါ၏။ သို့ငြားလည်း ရှေ့တိရှေ့ရဲ့ အမြဲဆိုတာ သူ့ကိုယ်သူ သိနေပါ၏။

"အေးကွယ် ... မကြီးထားတို့လည်း ညီမလေးကို အားနာပါတယ်။ ခက်တာက ..."

"ညီမလေးကို အားမနာပါနဲ့။ မကြီးတို့ ဘာမေးချင်တာလဲ၊ ဘာသိချင်တာလဲ ပြောပါ"

ညီပြုံးပြာညက်သည် အပြုံးယဲ့ယဲ့နှင့် စကားလမ်းကြောင်းခင်းပေးသည်။

မကြီးထားသည် ညီပြုံးပြာညက် ပခုံးကိုဖက်၍ ညီပြုံးပြာညက်မျက်နှာကို အတန်ကြာကြည့်သည်။ မကြီးထား အကြည့်သည် သံသယအမြင် ရှိသော်ငြားလည်း သံယောဇဉ်အငွေ့အသက်များ ပါနေကြောင်း ညီပြုံးပြာညက်သိသည်။

"ဒီလိုပါကွယ်။ ခုရွာထဲမှာပြောနေကြတဲ့ သတင်းတွေ အမှန်ပဲလား ဆိုတာ ..."

အခိုက်အတန့်တော့ ညီပြုံးပြာညက်သည် ရင်ထဲ ဆို့နင့်လိုက်မောသွားသည်။ ဆုံးဖြတ်ပြီးသား ဖြစ်သော်ငြားလည်း သူ့နှုတ်က ဝန်ခံစကားပြောဖို့ ရုတ်တရက်ပြောမထွက်။ ရင်ထဲမှာလည်းမကောင်း။

"ဟုတ်ပါတယ် ညီမလေးရယ်။ မကြီးညိမ်းတို့လေ ... မလုပ်သင့်ဖူးလို့ ထင်ပေမယ့် မနေ့ညက အဖြစ်ကို မျက်မြင်သိခဲ့ပြီးသားပါ။ မကြီးညိမ်းတို့ လိုချင်တာက ညီမလေးရဲ့အဖြေ။ ညီမလေးရဲ့ ဝန်ခံစကား"

"ရှင် ... မကြီးညိမ်း ... မနေ့ညကအဖြစ် ... ဟုတ်လား"

ညီပြုံးပြာညက် အံ့သြစွာမေးမိ၏။

အခိုက်အတန့်မှာပင် ညီပြုံး



www.burmeseclassic.com

www.burmeseclassic.com

ညက်သည် သဘောပေါက်သွားပါ၏။

နာကျင်သော ဝေဒနာသည်လည်း ရင်မှာတွယ်ကပ်လာပါ၍ အသက်ရှူပင် မဝချင်။

မကြီးညိမ်းပြောသည့် မနေ့ညက အဖြစ်ဆိုသည်ကို ညိုပြာညက် ပြန်စဉ်းစားမိသွားပါသည်။ သူ ... သူ့ အမေကို မမေးဝံ့၊ မမေးရက်၊ မပြောရက်ခဲ့ပါ၍ အမေနှင့် ပတ်သက်နေသော ကိုမြဦး ညဘက် သူ့အမေဆီ အလာ ညိုပြာညက်သည် သူ့အမေနှင့် ကိုမြဦး မတွေ့မီ ကိုမြဦးကို စောင့်တွေ့ပြီး အမေနှင့် ကိုမြဦးကိစ္စ ရပ်တန့်ဖို့၊ သားသမီးချင်းစာနာဖို့ တိုးလျှိုးတောင်းပန်ခဲ့ပါ၏။ တောင်းပန်၍ မရလျှင် ကိုမြဦး မိန်းမနှင့် သားသမီးတွေကို ဖွင့်ပြောမည်ဟုလည်း သူခြိမ်းခြောက်ခဲ့သည်။ ကိုမြဦး သဘောပေါက်ပြီး သူ့ကို နောက်နောင် မပတ်သက်တော့ပါဟု ကတိပေးသွားခဲ့ပါသည်။

သည်အဖြစ်တွေကို မကြီးထားတို့အဖွဲ့ မြင်တွေ့ခဲ့၍ ညိုပြာညက် တစ်ယောက်ယောက်နှင့် ချိန်းတွေ့သည် အထင်ရှိသွားကြဟန် တူပါ၏။

ရှိစေတော့ပါ။ လက်ရှိအခြေအနေအရ သည်အတိုင်း ထားလိုက်ခြင်းသည်သာ အကောင်းဆုံး ဖြစ်မှာပါ။ ဒါမှလည်း ညိုပြာညက် သူမဟုတ်တာကို သူပါလို့ ဝန်ခံစကား ရဲရဲပြောဖို့ သူ့ရင်ထဲ ရှင်းသွားခဲ့ပြီပေါ့။

မည်သို့ပင် ဖြစ်စေ ...

သည်အရှုပ် အမေမဟုတ်ဘူးဆိုတာ သူတို့သုံးယောက်နှင့် တစ်ရွာလုံးက လက်ခံလျှင် ပြီးရော ...။

သို့ပါ၍ ...

"ဟုတ်ပါတယ် မကြီးထားရယ်။ အဲဒီကိစ္စက အမေ မဟုတ်ပါဘူး။ ညိုပြာညက် ... ညိုပြာညက်ပါ"

အားယူဖြေလိုက်ရငြားလည်း ရင်ထဲမှာ လှိုက်တက်နေ၏။ ယိုဖိတ်လာတော့မည့် မျက်ရည်စကိုလည်း အားတင်း၍ ဖယ်ထုတ်ပစ်လိုက်ပါ၏။

"ဖြစ်ရလေ ညီမလေးရယ် ... ဖြစ်ရလေကွယ်"

မကြီးညိမ်းသည် ညိုပြာညက် လက်အစုံ ဆုပ်ကိုင်ပြောသည်။ မကြီးသုံးယောက်စလုံး၏ အကြည့်များသည် ညီမရင်းချာတစ်ယောက်နှယ် သံယောဇဉ်လွှမ်းခြုံသော မေတ္တာစိတ်၊ ကရုဏာစိတ်၊ နမြောတသစိတ်တို့ဖြင့် အတိပြီးနေပါ၏။

"ညိုပြာညက် မိုက်မိပါတယ်။ ညိုပြာညက်ကို ခွင့်လွှတ်ပေးကြပါ"

မကြီးသုံးယောက်ကို ညိုပြာညက် လက်အုပ်ချီ တောင်းပန်သည်။

"ညိုပြာညက် ညီမလေး ..."

မကြီးထား ညိုပြာညက်ကို ဆွဲယူပွေ့ဖက် အကြင်နာလက်ဖြင့် ကျောပြင်ကို အသာအယာပုတ် ဖြေသိမ့်သည်။

ထိုသည့်အခါ ...

ညိုပြာညက်၏ရင်အစုံမှာ လှိုက်တက်လာပြီး ထိန်းထားသည့် မျက်ရည်တို့ တားဆီးနိုင်စွမ်း မရှိတော့။ အားပါးတရပင် ငိုချလိုက်မိပါတော့၏။

တိတ်တော့ ညီမလေး တိတ်တော့နော်။ ဒီလိုပါပဲကွယ်။ လူရယ်လို့ ဖြစ်လာရင် အကောင်းနဲ့အဆိုးဆိုတာ ကြုံတတ်စမြဲပဲ။ အရေးကြီးတာက ညီမလေးချစ်သူနဲ့ အပျော်မဟုတ်တဲ့ ချစ်ခြင်းအစစ်ဖြစ်ဖို့ မိသားဖသားပီပီ ဖြစ်ဖို့သာ အဓိကပါ"

"ဟုတ်ပါတယ်ကွယ်။ အခုလို အမှန်ကို အမှန်အတိုင်း ရဲရဲဝံ့ဝံ့ ဝန်ခံရဲတဲ့ ညီမလေးရဲ့ ရိုးသားဖြူစင်တဲ့စိတ်ကို မကြီးတို့ လေးစားပါတယ်။ ကျေးဇူးလည်းတင်တယ်။ အဲ ... ဟို ... ကွမ်းတောင်ကိုင် အပြောင်းအလဲကိစ္စကိုတော့ မကြီးတို့ ရွာထုံးစံအတိုင်း လုပ် ... လုပ်ရမှာမို့ မကြီးတို့ကို ခွင့်လွှတ်ပါ"

သည်စကားသည် ညိုပြာညက် မကြားချင်ဆုံး၊ နားမထောင်ချင်ဆုံး စကားပင် ဖြစ်၏။

ဆိုရစေမူ ... အခြေအနေတွေက သည်အတိုင်းဖြစ်ဖို့ဖန်လာခဲ့ပြီလေ။

သူမဟုတ်သည်ကို သူပါလို့ ညိုပြာညက် ဝန်ခံခဲ့ပြီးပြီ။

သည့်အတွက် ...

သူ့အမေကိုလည်း အပြစ်မတင်ရက်တော့။ အမေ့ဂုဏ်သိက္ခာ၊ အမေ့အရှက်ကို သူ ... အရှက်ကွဲခံ ကာကွယ်ပေးလိုက်သည်ကိုပင် သူ ကျေနပ်စွာ ဖြေသိမ့်ရပါတော့မည်။

အဆုံးတော့ ...

သူအမြတ်တနိုးတန်ဖိုးထားခဲ့ရသော ကွမ်းတောင်ကိုင်ဆိုသည့် ဘဝလေး လက်လွှတ်အဆုံးရှုံးခံလိုက်ရသည့် အဖြစ်သည် ကံ၏စေရာဟူ၍သာ ...။

*အညာကျေးလက်သို့ အမှတ်တရ ...*

**ကာတွန်းကြည်ဝင်း**



www.burmeseclassic.com

www.burmeseclassic.com

## အမေရိကန်လေဆိပ်တွင် တွေ့ရှိရှာဖွေဖမ်းဆီး သိမ်းဆည်းရမိခဲ့သော လက်နက်မျိုးစုံ



မည်သည့်လေဆိပ်သို့မဆို ခရီးသည်များသည် ကျည်ဆန်ထည့် (ကျည်ဆန်ပါ) လက်နက်သေနတ်ကို ဖြစ်စေ၊ ကျည်ဆန်မပါ သေနတ်လက်နက်ကို ဖြစ်စေ ခရီးသည်နှင့် တစ်ပါတည်း ယူဆောင်လာခွင့် မရှိပါ။ ယူဆောင်လာလျှင် လက်နက်ဥပဒေနှင့်ငြိစွန်း၍ အရေးယူခံရပေသည်။ အမေရိကန်နိုင်ငံတကာ လေဆိပ်တွင် လွန်ခဲ့သော ၂၀၁၃ ခုနှစ်က လေယာဉ်ခရီးသည်ပေါင်း ၁၄၇၇ ဦးထံမှ လက်နက်မျိုးစုံ တွေ့ရှိဖမ်းဆီး သိမ်းဆည်းရခဲ့၏။ ၎င်းလက်နက်ခဲယမ်း မီးကျောက်များကို တုတ်ကောက်(တောင်ဝှေး)ထဲ၌ ထည့်သွင်းခိုးဝှက် ယူဆောင်လာခဲ့ကြ၏။ အချို့တို့ကလည်း ယင်းလက်နက်ခဲယမ်းမီးကျောက်များတို့အား ဂျူ(ပုဆိန်)ပုံသဏ္ဌာန် ခေါင်းပေါက်ပြုလုပ်ပြီး ခိုးဝှက်ထည့်သွင်း သယ်ဆောင်လာခဲ့၏။ သေနတ်အတို၊ အရှည်၊ လက်ပစ်ဗုံး အသေး၊ အကြီး မျိုးစုံပါဝင်လေသည်။

(ဓာတ်ပုံ ။ အမေရိကန်နိုင်ငံတကာ လေဆိပ် (၂၀၅)နေရာမှ တွေ့ရှိဖမ်းဆီး သိမ်းဆည်းခဲ့ရသော လက်နက်မျိုးစုံ၊ လက်ပစ်ဗုံးအသေး၊အကြီးမျိုးစုံ။

**ကေတီအောင်သိန်း**
**(ရန်ကုန်တက္ကသိုလ်)**

***Ref:***
***World Journal (New York) (25.1.2014), Page(A-6)***

## ဘန်ကောက်မြို့ လက်နက်ခဲယမ်းမီးကျောက် အစုအပြုံလိုက် ဖမ်းဆီးသိမ်းဆည်းရမိခြင်း



ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် အစိုးရအား ဆန့်ကျင်ကန့်ကွက်၊ ဆန္ဒပြသော အတိုက်အခံပါတီ ခေါင်းဆောင် (Mr Wirachat, (NSPRT) ပါတီ)၏ အသိုင်းအဝိုင်းလက်ထဲမှ (1) AK 47 rifle, (2) RPG rocket launcher, (3) 61 hand grenade နှင့် 22 metal spikes ၂၂ မီတာအရှည်ရှိ သံချွန်များ အစရှိသည့် လက်နက်မျိုးစုံ သိမ်းဆည်းရရှိ၏။ ရင်လတ်ရှင်နဝပ်အစိုးရအား ထောက်ခံသည့် စစ်ဘက်ဆိုင်ရာအရာရှိ အငြိမ်းစားတစ်ဦးဖြစ်သော (Mr Supphakan Yubanyong) ကလည်း မကြာမီက အပစ်သတ်ခံခဲ့ရ၏။ ရွေးကောက်ပွဲအခြေအနေမှာ အတော်ရှုပ်ရှုပ်ထွေးထွေး၊ ဆိုးဆိုးဝါးဝါးရှိခဲ့ရ၏။ (ဓာတ်ပုံ ။ ဘန်ကောက်မြို့ သတင်းစာရှင်းလင်းပွဲတွင် ၂၅-၁-၂၀၁၄ ရက်နေ့က မြင်တွေ့ရရှိ သိမ်းဆည်းရမိသော လက်နက်မျိုးစုံ ဖြစ်ပါသည်။)

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

***Ref:***
***Bangkok Post, SUNDAY, (26.1.2014), Page (3)***



www.burmeseclassic.com

www.burmeseclassic.com

# ရှားပါးကြံ့နက် အမဲလိုက်ခွင့် ဒေါ်လာ ၃၅၀,၀၀၀ ဖြင့်လေလံဆွဲသူ ငှင်းမျိုးစိတ်များထိန်းသိမ်းရေးတွင် ကူညီပေးမည်

ဦးတိုး(တက္ကသိုလ)



ကိုရေးနိုလ်တန် (Corey Knowlton) ဆိုသူသည် လာ့စ်ဗေးဂက်စ်ဟိုတယ် (Las Vegas Hotel) ၏ အခန်းထဲတွင် ချောင်တစ်နေရာတွင် ထိုင်နေစဉ် အလွှတ်စုံထောက်များက လုံခြုံရေးပေး၍ စောင့်ကြပ်ပေးနေကြရသည်။ အာဖရိကတိုက်တောင်ပိုင်းရှိ နမ်မီဘီးယား (Namibia) နိုင်ငံ၌ ကြံ့နက်အမဲလိုက်ခွင့်လက်မှတ် ရရှိရန် ဒေါ်လာ ၃၅၀,၀၀၀ သုံးစွဲလိုက်ရကြောင်း ၎င်းက အသေးစိတ်ရှင်းပြခဲ့သည်။ လွန်ခဲ့သည့် သီတင်းပတ်တွင် နမ်မီဘီးယား အစိုးရထံမှ ကြံ့နက်အမဲလိုက်ခွင့် လက်မှတ်တစ်စောင်ကို Dallas Safari Club ၏ လေလံပွဲတွင် သူသည် လေလံဆွဲ၍



www.burmeseclassic.com

www.burmeseclassic.com

ရရှိသွားခဲ့သည်။ သို့သော်လည်း ယခု သူသည် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်လိုသူများနှင့် ရှားပါးတိရစ္ဆာန်မြတ်နိုးနေကြသူများ၏ ခြိမ်းခြောက်ခြင်းကို ခံနေရသည်။ သူသည် လုံခြုံရေးရရှိရန် အက်ဖ်ဘီအိုင်နှင့် အလွတ်စုံထောက်အေဂျင့်အား ငှားရမ်းပြီး သူ၏ကလေးများအား အရေခွံနွှာ၍လည်းကောင်း၊ သေနတ်ပစ်ခံရ၍လည်းကောင်း မသေစေရန် စီစဥ်ထားရပြီ ဖြစ်သည်။ သူ့အား ရက်စက်ကြမ်းကြုတ်သူ၊ အမဲလိုက်ပြီး အပြစ်ကင်းဟန်ဆောင်နေသူဟု အမျိုးသမီးတစ်ဦးက Knowlton's ၏ Facebook စာမျက်နှာတွင် တင်ပေးလိုက်သည်။ ထိုမျှမကသေးပေ။ တချို့က နိမိတ်မကောင်းမှုများကိုပင် ပြောကြားလာခဲ့ကြသည်။ "ခင်ဗျားကို ရှာပြီးသတ်မယ်"ဟု တစ်ဦး ခြိမ်းခြောက်လာခဲ့သည်။ နောက်ထပ်တစ်ယောက်က "မုဆိုးတစ်ဦးက ကိုယ်တိုင်အမဲလိုက်ခံရမှာ ကြောက်သွားပြီလား"ဟု ဆိုသည်။

ဤကိစ္စနှင့်ပတ်သက်၍ နိုလ်တန်က တုံ့ပြန်၍ ဖြေရှင်းသည်။ သူ၏ငွေကို ပုံအော၍ သူမြတ်နိုးသော ကြံ့နက်မျိုးများကို ကူညီကယ်ဆယ်ပေးမည်ဟု ပြောသည်။ နိုလ်တန်သည် ယခုအသက် ၃၅ နှစ် ရှိနေပြီဖြစ်ပြီး ဒဲလ်လားစ်မြို့အခြေစိုက် နိုင်ငံတကာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဝန်ဆောင်မှု The Hunting Consotium တွင် အမဲလိုက်အကြံပေးတစ်ဦး ဖြစ်သည်။ နိုလ်တန်သည် ကောင်လေးဘဝကတည်းက အမဲလိုက်မှုကို စတင်ခဲ့သူဖြစ်သည်။ သို့သော်လည်း သူသည် ရေနံထွက်ပစ္စည်းများ ထုတ်လုပ်၍ ကောင်းစွာအသက်မွေးဝမ်းကျောင်းနေသူဖြစ်သည်။ သူကိုယ်သူ သဘာဝပတ်ဝန်းကျင် မြတ်နိုးသူတစ်ဦးဟု ဖော်ပြောကာ ကြံ့နက်တစ်ကောင်ကို အမဲလိုက်၍ ကမ္ဘာတစ်ဝှမ်းလုံးရှိ မျိုးသုဉ်းပျောက်ကွယ်တော့မည့် မျိုးစိတ်များကို ကူညီကယ်ဆယ်ပေးမည်ဟု ပြောကြားသည်။ Dallas Safari Club Auction မှ နိုလ်တန်ကြံ့ခုဖလား ပြန်လည်ထူထောင်လာနိုင်ရန် အစီအစဥ်များဆွဲရန် ဆောင်ရွက်ပေးမည်ဟု ပြောကြားသည်။ Endangered Speciss Act ဥပဒေအရ ကြံ့ကို တင်သွင်းလာလျှင် U.S Fish and Wildlife Service ၏ ခွင့်ပြုချက်ကို လိုပေလိမ့်မည်။ သူကဲ့သို့ ကြံ့တစ်ကောင်သတ်ပြီး မျိုးသုဉ်းတော့မည့် မျိုးစိတ်များကို ကယ်ဆယ်ပေးမည်ဟူသော ဆင်ခြေကို စိုးရိမ်ကြောင်း The Humane Society ၏ အမှုဆောင်အရာရှိချုပ် ဝိန်းပက်စယ်လီ (Wayne Pacelle) မှ Online ပေါ်တွင် ရေးသားတင်ပြလိုက်သည်။ သန်းချီ၍ အသုံးနိုင်သူတို့ကလည်း အော်ရန်အုတန်း လူဝံ၊ ဆင်နှင့် ကျားများကို အမဲလိုက်ခွင့် တောင်းကြလိမ့်မည်ဟု စောဒကတက်သည်။ ကမ္ဘာပေါ်တွင် ခန့်မှန်းခြေ ကြံ့နက် ၅၀၀၀ လောက်သာ ကျန်ရှိတော့ရာ နမ်မီဘီးယား၌ ကောင်ရေ ၁၇၀၀ လောက် ရှိနေသည်။ ခြင်္သေ့နှင့် ခွေးအများသည် ကြံ့နက်တစ်ကောင်ကို ဆွဲယူသတ်ဖြတ်၍ သေသွားလေ့ရှိသဖြင့် နိုလ်တန်အနေဖြင့် ကြံ့နက်တစ်ကောင် အမဲလိုက်သည်ကို မဆိုသာဟု ရှင်းပြသည်။ ထိန်းသိမ်းစောင့်ရှောက်ရေး နည်းဗျူဟာသည် စမတ်သိပ္ပံအယူအဆကို အခြေခံထားသည်။ ထို့ကြောင့် နိုင်ငံတကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး (The International Union for Conservation of Natures) မှ Dallas Safari Club Auction ၏ အမဲလိုက်ခွင့် ပါမစ် လေလံတင်ခဲ့သည်ကို ထောက်ခံပေးခဲ့သည်။ နိုလ်တန်သည် ကြံ့နက်တစ်ကောင်ကို အမဲလိုက်မည်၊ ၎င်း၏သားရေကို ကျက်၍ ထိန်းသိမ်းထားမည်။ ကြံ့သားများကို နမ်မီဘီးယားမှ တော်မှတ်နေသူများကို ကျွေးမွေးမည်။ သူ၏ ဒေသနများကို လူတိုင်းလိုက်မိနိုင်မည်မဟုတ်ခြားသော်လည်း သူသည် လောလောဆယ်တွင် အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရသူ ဖြစ်ပေသည်။

ဦးတိုး(တက္ကသိုလ)

**Reference:**

Winner of black rhino hunting auction: my $ 350,000 will help save the species.

www.burmeseclassic.com

သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း ၏ နည်းစနစ်အတိုင်း ဟောသည်

## ဒေါက်တာစောယုနွယ်



တကယ်ဆိုတော့···

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘဝ~~ မိမိအသိဆုံးပါ။ ဖါပေမယ့် ပွဲမစခင် ပြ[ည့်]ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွေ့တာပါပဲ။ ပြည့်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါ တစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါ တစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေသည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည့်ဖုံးကားကို သုစ်ခနဲသာ ဖွင့်လှစ်ပြလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝ အပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့်···

အမှတ်(၂၀၅/က)၊
ပိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် အိုးအိမ်နေရာထိုင်ခင်း ပြုပြင်မွမ်းမံရခြင်း၊ အဆောက်အဦအသစ် ဆောက်လုပ်ပြင်ဆင်ရခြင်း ကြုံရတတ်သည်။ လုပ်ငန်း(၂)ခု၊ နေရာဌာန(၂)ခု ပူးတွဲလုပ်ကိုင်ရတတ်သည်။ စက်ပစ္စည်းဟောင်း ဝင်တတ်တယ်။ စာအုပ်တစ်အုပ် လက်ဆောင်ရတတ်တယ်။ ငွေအဝင်အထွက် ကြမ်းတတ်တယ်။ ဝင်လာသလောက် ပြန်ကုန်သွားတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စ၊ ငွေကြေးကိစ္စတို့နှင့် ပတ်သက်၍ စကားပြောရတတ်တယ်။ ခရီးကိစ္စ စီစဉ်ထားပါက အောင်မြင်စွာ သွားလာရတတ်တယ်။ အကျိုးရှိမယ့် ခရီးစဉ် ဖြစ်ပါတယ်။ သားသမီးရှိရင် သားသမီးအတွက် စိတ်ပူရတတ်တယ်။ ရွှေ လက်ဝတ်ရတနာ ပျောက်ဆုံးတတ်တယ်။ လူမျိုးခြား၊ အောက်လက်ငယ်သားတို့ကြောင့် ပူပင်သောက ကြုံရတတ်တယ်။ နိုင်ငံရပ်ခြားနဲ့ ဆက်သွယ်ရတဲ့လုပ်ငန်းတွေ အဆင်မပြေ ဖြစ်တတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စနှင့် ပတ်သက်ပြီး စကားများရတတ်ပါတယ်။ အိမ်မှာရှိနေတဲ့၊ အိမ်မှာသုံးနေတဲ့ ရေပိုက်တွေ၊ ရေကန်တွေ ပြုပြင်ရတတ်တယ်။ လျှပ်စစ်ကြိုးတွေနှင့် ပတ်သက်တာတွေကိုလည်း ဂရုစိုက်ပါ။ အိမ်ထောင်ရှိသူတွေအဖို့ အိမ်ထောင်ဖက်နှင့် စိတ်တိုင်းမကျခြင်း၊ စိတ်ဝမ်းကွဲခြင်း၊ ကိုယ့်ကို အထင်လွဲခြင်းမျိုး ကြုံရတတ်တယ်။ ငွေနှင့်ပတ်သက်ပြီး ပူပန်ရမယ့်ကာလဖြစ်တယ်။ ရပ်ဝေးမြေခြားက အမျိုးသမီးတစ်ယောက်နှင့် ငွေကြေးကိစ္စ၊ ငွေလိမ်တာမျိုး ကြုံရတတ်တယ်။ ဘာပဲလုပ်လုပ် အပင်ပန်းခံသလောက် အကျိုးမရှိတဲ့ကာလဖြစ်တယ်။ စိတ်တွေက ဘာလုပ်ရမှန်းမသိ ယောင်ချာချာ ဖြစ်နေတတ်တယ်။ အလုပ်တွေလည်း တစ်ပိုင်းတစ်စ ဖြစ်နေတတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်မှ လိမ့်ကျတတ်တယ်။ ခေါင်းမကြာခဏ ကိုက်တတ်တယ်။ ပျောက်နေပြီဖြစ်တဲ့ ရောဂါဝေဒနာဟောင်း ပြန်ပေါ်တတ်တယ်။ ခွဲစိတ်ကုသတာမျိုး ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီ တွင် ဘန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေ(၆)ညွန့်၊ တံခွန်အဖြူ(၉)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၃၊ ၁၇၊ ၃၁၊ ၃၂

### အထူးသတိပြုရန်

အမျိုးသမီးများ ဝမ်းဗိုက်ခွဲစိတ်ခံရတတ်သည်။ အမွေနှင့် ပတ်သက်ပြီး အမှုအခင်း ဖြစ်တတ်သည်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းပူပူပေါ်၌ ဆီဆမ်း၊ ဆားဖြူး၊ အုန်းသီးတစ်စိတ်ထည့်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် အဖက်ဖက်မှာ စိတ်ချမ်းသာစရာများ ကြုံတွေ့လာရလိမ့်မယ်။ အိမ်ထောင်ပြုလျှင် တည်မြဲသော အိမ်ထောင် မဖြစ်နိုင်ပါ။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများဟာလည်း လွန်စွာအကျိုးပေးအောင်မြင်မယ်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ပေးရခြင်းများပြုလုပ်ရတတ်တယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ရွှေဝင်မယ်။ ရတနာပစ္စည်းဝင်မယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ သင့်အတွက် အလွန်ကောင်းသောနိမိတ် ဖြစ်ပါတယ်။ ဤကာလအတွင်း စီးပွားရေး အလွန်ကောင်းသကဲ့သို့ ကိုယ်ကျင့်တရား အထူးအရေးကြီးသော အချိန်ဖြစ်ပါတယ်။ ကိုယ်ကျင့်တရားပျက်သော် ဒုက္ခရောက်တတ်တယ်။ အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။ ပတ္တမြား၊ မြ၊ မြေ ထွက်တတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်နှင့်အဆင်မပြေ ကြီးစွာဖြစ်တတ်တယ်။ သွပ်၊ သံ၊ သစ် တစ်ပတ်ရစ်ပစ္စည်း လက်မခံပါနှင့်။ အောက်လက်ငယ်သား ဒုက္ခပေးတတ်တယ်။ အထူးသဖြင့် အင်္ဂါသားသမီး၊ သောကြာသားသမီးတွေက ကိုယ့်ကို အနှောင့်အယှက်ပေးတတ်တယ်။ အစိုးရဝန်ထမ်းများအဖို့ အထက်လူကြီး၏ အထင်မြင်လွဲမှားမှု ခံရတတ်တယ်။ ယခုကာလတွင် ကောင်းကျိုးချမ်းသာတွေ ရရှိတတ်သော်လည်း မိသားစု အိမ်ထောင်ရေးနှင့် ပတ်သက်ပြီး စိတ်တိုင်းမကျခြင်း၊ အမျိုးသားများအဖို့ အိမ်ထောင်ရေး စွပ်စွဲခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ယပ်အဖြူ(၁၂)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၄၊ ၂၆၊ ၄၁၊ ၄၂

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်အနီးအနား၌ ကလေးမီးဖွားသောနိမိတ်၊ ဘုရားတစ်ဆူ လက်ဆောင်ရပါက ထီထိုးဖြစ်အောင် ထိုးလိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

အိမ်အနီးအနားတွင်ရှိသော ကလေးငယ်များကို ရုပ်ရှင်ပြခြင်း၊ မုန့်ဖိုးပေးခြင်း၊ ကော်ရည်ခေါက်ဆွဲ ဝယ်ကျွေးခြင်းများ ပြုလုပ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် အလွန်ကံကောင်းနေပါတယ်။ မိသားစုအတွင်းမှာလည်း မင်္ဂလာကိစ္စတွေ ပေါ်လာတတ်တယ်။ ငယ်ရွယ်သူများအဖို့ အိမ်ထောင်ကျတတ်တယ်။ မမျှော်လင့်ဘဲနဲ့ အတတ်ပညာတစ်ခု သင်ကြားရတတ်တယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ ပညာရခြင်းများ ကြုံမယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများ တွေ့မယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းအသစ်များ စတင်ပြုလုပ်နိုင်သောကာလ၊ လုပ်ငန်းဟောင်းများ ပြန်ပေါ်တတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများ အဆင်ပြေမယ်။ အဖိုးတန်စက်ပစ္စည်းများ ဝင်လိမ့်မယ်။ ရပ်ဝေးမှ စာများ၊ အဆက်အသွယ်များ ရလာတတ်တယ်။ ဘုရားဖူးခရီးများ၊ စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်းပြည်ပခရီးများ သွားရတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက် ကြမ်းခြင်းများ ကြုံလိမ့်မယ်။ ကျန်းမာရေး အနည်းငယ် ညံ့တတ်ပါတယ်။ လူငယ်တွေအဖို့ အနောက်တောင်အရပ်ကို မသွားပါနှင့်။ ရေဘေးအန္တရာယ် ကြုံရတတ်တယ်။ သက်ကြီးရွယ်အိုတွေအဖို့ လေဖြန်းခြင်း၊ ရတ်တရက် သွေးတိုးခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ တံခွန်ဖြူ(၂)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၃၁၊ ၃၅၊ ၅၃

### အထူးသတိပြုရန်

ယခုကာလတွင် နာရေးမသွားပါနှင့်။ ထောင်ဝင်စာ မတွေ့ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် အင်္ဂါနေ့တိုင်း ဆီထမင်း (၁)ပန်းကန်၊ စံပယ်ပန်း(၈)ကုံး လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် မပြည့်စုံတာတွေ ပြည့်စုံလာရတတ်တယ်။ ဖြစ်ချင်တာတွေ မုချဖြစ်လာပါလိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ပြုလုပ်ရတတ်တယ်။ လုပ်ငန်းနှင့် ပတ်သက်ပြီး နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သောကာလဖြစ်တယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာပွဲဖြစ်မယ်။ ခရီးအကျိုးပေးသောကာလဖြစ်တယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ပြည်ပခရီးဝေးသွားလိုလျှင် ယခုကာလတွင် ဗီဇာဝင်ခြင်း၊ ကျောင်းလျှောက်ခြင်း ပြုလုပ်ပါက ကံကောင်းတတ်တယ်။ အိမ်ဆောက်လျှင်လည်း ယခုကာလတွင်ဆောက်ပါက အိမ်ကြီးအိမ်ကောင်းရ၍ အကျိုးပေးသောအိမ်မျိုး ဖြစ်မယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများလည်း ဝင်တတ်တယ်။ ယခုကာလတွင် ဝယ်သောရွှေထည်ပစ္စည်းသည် ရာသက်ပန် အကျိုးပေးမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရခြင်း၊ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်မယ်။ မြေကိုအကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ မြေအဝင် မခံပါနှင့်။ မဖြစ်မနေ မြေဝယ်ရမယ်ဆိုလျှင် ဖျာချောချောလေးတစ်ချပ် ရဟန်းတစ်ပါးကို လှူလိုက်ပါ။ လူမျိုးခြား၊ ဘာသာခြား မ,စတတ်ပါတယ်။ အလုပ်တွင် အတိုက်အခံကြီးစွာ ကြုံမယ်။ အတိုက်အခံမှန်သမျှ အနိုင်ရမယ်။ အကြီးအကဲက အကူအညီ ပေးလိမ့်မယ်။ ဖခင် ကျန်းမာရေး ညံ့တတ်တယ်။ ရပ်ဝေးမှ ဆရာတော်တစ်ပါး ကြွလာတတ်တယ်။ ငွေအထုပ်အထည်နှင့် ရတတ်တယ်။ ရကာနီးတွင် ငွေကြေးထစ်ငေါ့ ဖြစ်ပြီးမှ ရတတ် တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်မှ လိမ့်ကျတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ငြိုဟ်ရုပ်စုံ(၆)တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၄၂၊ ၄၆၊ ၆၂၊ ၆၄

### အထူးသတိပြုရန်

အိုးပိုင်၊ အိမ်ပိုင် ရနိုင်သော ကာလဖြစ်သောကြောင့် သူတစ်ပါး၏ မင်္ဂလာကိစ္စကို တာဝန်ယူဆောင်ရွက်ခြင်း၊ သူများ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို လက်ခံခြင်း မပြုရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း အသုပ်စုံ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် စိတ်သောကဖြစ်စရာလေးတွေ အနည်းငယ် ကြုံရတတ်ပါတယ်။ ကိုယ်စိတ်ကူးထားတာကတခြား၊ ဖြစ်လာတာကတခြား ဖြစ်တတ်တယ်။ ရှိသော ပစ္စည်းများကို ထုခွဲရောင်းချရသည်အထိ ငွေကုန်ကြေးကျ များရတတ်တယ်။ ပြဿနာဟောင်းများ၊ ရောဂါဟောင်းများ ပြန်ပေါ်လာတတ်တယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးကြုံရတတ်တယ်။ အိမ်တွင် ကိုယ်ဝန်ဆောင်သည်ရှိက ဆေးရုံတွင် မွေးပါ။ သင်တန် ်ခတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ တက်ရောက်ရခြင်းမျိုး ကြုံရတတ်ယ ချိန်မရလောက်အောင် အလုပ်ရှုပ်နေမယ်။ လွန်စွာပင်ပန်းလိမ့်မယ်။ အိ ထေ ရေး အဆင်မပြေမှုများ ဖြစ်တတ်တယ်။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတ ာယ် လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက် ်ခြင်းများလုပ် ဆွေပြတ်မျိုးပြတ် ဖြစ်ကုန်တတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်းတို့ ဖြစ်တတ်တယ မကောင်းသော အတတ်များနှင့် နှောင့်ယှက်ခြင်းမျိုး ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ ံနက် (၉:၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ယပ်အဝါ( ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

## ကံကောင်းသောရက်

ကြာသပတေး၊ စနေ

## ညံ့သောရက်

တနင်္လာ၊ သောကြာ

## ကံကောင်းသောနံပါတ်

၅၇၊ ၅၂၊ ၇၇၊ ၇၅

## အထူးသတိပြုရန်

ယခုကာလတွင် မိမိနှင့် မျ ာချင်းဆိုင်အိမ်၊ ခေါင်းရင်းအိမ်၊ အိမ်ရှေ့ သစ်ပင်တို့တွင် ပျားစွဲ ာနမိတ်တွေ့လျှင်(သို့မဟုတ်)ဘုံ တ်ပုံ လက်ဆောင်ရခဲ့လျှင် အစစအရာရာ အဆင်ပြေလိမ့်မယ်။

## ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် ကြာသပတေးနေ့၌ ထမင်းပူပူပေါ်တွင် ထောပတ်ဆမ်းပြီး လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် စပ်တူလုပ်ငန်းတစ်ခု လုပ်ရတတ်တယ်။ ဆိုင်သစ်ဖွင့်မယ်ဆိုလျှင် ယခုအချိန်ဟာ အကောင်းဆုံးပါပဲ။ လက်ရှိလုပ်ငန်းအပြင် နောက်ထပ်လုပ်ငန်းတစ်ခုကို ပြောင်းချင်စိတ် ဖြစ်နေမယ်။ ငွေအရင်းအနှီးများစွာနှင့် မသေချာတဲ့ အလုပ်ကို မလုပ်ပါနှင့်ဦး။ မိသားစုထဲမှာ ကိုယ်ဝန်ဆောင်သည် ရှိလျှင် ဆေးရုံ၌ မွေးဖွားပါ။ စိတ်ထင်ရာ တဇွတ်ထိုးလုပ်ရင် ရှိတာတွေကုန်ပြီး ဆုံးရှုံးမှုတွေ ဖြစ်ပေါ်တတ်တယ်။ အပျို လူပျိုတွေအဖို့ ချစ်သူရည်းစား ရတတ်တဲ့ကာလဖြစ်ပါတယ်။ ယခုကာလတွင် သင်သည် တပေါင်းလ၊ ကဆုန်လများ ပါနေရင်တော့ ငွေရတတ်ပါတယ်။ စက်ပစ္စည်းတစ်ခု ဝင်တတ်တယ်။ သေသေချာချာ ဂရုစိုက်ပြီးဝယ်ပါ။ အိမ်ကို ပြုပြင်ရခြင်း၊ အိမ်အဖီဆွဲခြင်းမျိုး ပြုလုပ်ရတတ်တယ်။ စာချုပ်စာတမ်း လက်မှတ်ထိုးဖို့ ကိစ္စရှိလျှင် နောက်ဆုတ်လိုက်ပါ။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နှင့် ပတ်သက်သော ဝေဒနာ၊ ဆီးချုပ်၊ လေချုပ် ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၃၊ ၁၆၊ ၆၁

### အထူးသတိပြုရန်

ကားမောင်းကြမ်းခြင်း ဆင်ခြင်ပါ။ ငွေပေး ငွေယူ လုပ်ရာတွင် စိစစ်ပြီးမှ ပြုလုပ်ပါ။ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများကို မိမိမှ တာဝန်ယူလုပ်ဆောင်ပေးခြင်းကို ရှောင်ရှားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်(သို့မဟုတ်)ရုံးခန်းတွင် သဲထည့်ထားသောအိုးအတွင်း အုန်းလက်(၆)လက်ထည့်ပြီး တင်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါတယ်။ ကိုယ့်ကို မလေးစားတဲ့လူတွေကတောင် ကြည်ညိုလေးစားလာမယ်။ မမျှော်လင့်တဲ့ဆီက ငွေတွေလည်း ဝင်လာမယ်။ ဆုံးပြီလို့ထင်ထားတဲ့ဆီက ငွေပြန်ရတတ်တယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ မိမိအလုပ်မှလည်းကောင်း၊ ထီပေါက်၍လည်းကောင်း ဝင်လာတတ်တယ်။ အလှူအတန်းကိစ္စများ မုချလုပ်ရမယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေးအောင်မြင်မယ်။ ခရီးများ မကြာခဏ ထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေးအောင်မြင်လိမ့်မယ်။ မိမိအား ပြဿနာလုပ်နေသူများရှိလျှင် အဆင်ပြေသွားမယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်သွားမယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေမြင့်တက်ခြင်းများ ကြုံရလိမ့်မယ်။ အထက်လူကြီး မိသားစု အကြီးအကဲများကြောင့် စိတ်ညစ်ရမယ်။ အတူနေမိသားစုထဲမှ အကြီးအကဲ၊ အဘိုးအဘွားများ နာမကျန်းဖြစ်တတ်တယ်။ တခြားပို့ထားပါ။ စာရွက်စာတမ်း၊ စာချုပ်ကိစ္စများအတွက် စိတ်ညစ်ရခြင်း၊ ပစ်စာတိုင်စာရောက်ခြင်းများ ကြုံရတတ်တယ်။ ယခုကာလကွင် မိမိလုပ်ငန်းများကို အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ဖြတ်လမ်းမလိုက်ပါနှင့်။ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်တယ်။ သားသမီးနှင့်ပတ်သက်ပြီး အနည်းငယ် ပူပန်ရတတ်တယ်။ သွေးထည်ပစ္စည်း ထွက်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆီးရောဂါ၊ မျက်စိရောဂါ၊ အစားမှားခြင်း၊ ဆေးမှားခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကနက္ကဒါန်ထီးဖြူ(၁၅)လက်တို့ကို လှူပေးပါ။ အညစ်များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၅၊ ၂၇၊ ၇၂၊ ၇၇

### အထူးသတိပြုရန်

ယခုကာလတွင် အရက်ပုလင်း(သို့မဟုတ်)လွယ်အိတ်တစ်လုံး လက်ဆောင်ရပါက လက်မခံပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္လာနေ့နှင့် စနေနေ့တိုင်း နန်းကြီးသုပ် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါတယ်။ လုပ်သမျှ လုပ်ငန်းတွေလည်း အဆင်မပြေမှုလေးတွေ ကြုံရတတ်တယ်။ အလုပ်အပြောင်းအလဲ မလုပ်ပါနှင့်ဦး။ အထက်လူကြီး၏ ငြိုငြင်မှုကို ခံရတတ်တယ်။ မနာလိုသူများ၏ ပြစ်တင်ပြောဆိုခြင်း ခံရတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် တပို့တွဲလ၊ ပြာသိုလများ ပါလျှင် ပိုပြီးဂရုစိုက်ပါ။ အလုပ်အကိုင်တွင် ငွေကြေးဝင်တာ ညံ့ပေမယ့် စုတ်ကောင်းလာဘ်ကောင်းဝင်ခြင်း၊ အချစ်ရေးကောင်းခြင်း၊ ယောကျ်ားလေးဖြစ်လျှင် ဇနီးကောင်းရခြင်းမျိုး ကြုံရတတ်တယ်။ သားသမီးရတနာများ ထွန်းကားတတ်တယ်။ ပြည်ပနဲ့ အဆက်အသွယ်ကောင်းရရှိပြီး အောင်မြင်မှုများ ရရှိတင်ပါတယ်။ မြေတစ်ကွက်လည်း ဝင်တတ်ပါတယ်။ မြေကောင်း မြေသန့် ဖြစ်ပါတယ်။ မြေကွက်နဲ့ ပတ်သက်ပြီး ငွေဝင်ကိန်းရှိပါတယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နဲ့ပတ်သက်တဲ့ ဝေဒနာ ခံစားရတတ်တယ်၊ ခြေထောက်တွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ မကြာခဏ ကြွက်တက်ခြင်း၊ ခြေသည်း၊ လက်သည်းပုပ်ခြင်း ဖြစ်တတ်တယ်၊ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွှန့်(၁)ညွှန့်၊ ကံ့ကော်ညွှန့်(၁၅)ညွှန့်၊ ယပ်အဝါရောင်(၁၇)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၁၂၊ ၁၃၊ ၃၄၊ ၃၁

### အထူးသတိပြုရန်

ယခုကာလတွင် ရွှေပေါင်နှံခြင်း၊ ချေးငှားခြင်း၊ အာမခံခြင်းများ လုံးဝမပြုလုပ်ပါနှင့်။
အိမ်အနီးအနားတွင် ခွေးတစ်ကောင်၊ ကြောင်တစ်ကောင် သေသောနိမိတ်တွေ့ပါက ကျန်းမာရေး ညံ့တတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိအိမ်၏ဧည့်ခန်းတွင် ပစ်တိုင်းထောင်အရုပ်(၂)ရုပ် ချိတ်ထားပါ

www.burmeseclassic.com